www.burmeseclassic.com

မြားသိုက်
စာပေ

# လကောင်ကျူးရင်

## လွန်လေပြီးသော မနက်ဖြန်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်ဝါဝါထွေး (၀၂၁၇၄)
ပတ္တမြားသိုက်စာပေ
အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (၈) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်
မျက်နှာဖုံးပုံနှိပ်သူ
ဦးကျင်ရင် (၀၀၃၂၇)
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း
၂၀၁၇ခုနှစ်၊ အောက်တိုဘာလ။

အုပ်ရေ
၅၀၀အုပ်

တန်ဖိုး
၁၀၀ကျပ်

ဖြန့်ချိရေး
မိုးသောက်စာပေ
အမှတ်(၂၂၃)၊ (၃)လွှာ၊ (၃၁)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ဆောက်လက်စအဆောက်အဦးက စက်ဘာပူဒီဇိုင်းမျိုးဖြစ်ကာ ထိပ်နှစ်ဖက်ကကြည့်လျှင်သာ x ပုံစံမြင်ရမှာဖြစ်သည်။ တခြားနှစ်ဖက်ကကြည့်တော့ ဆောင့်မှန်စတုဂံပုံ ခပ်နိမ့်နိမ့်သိပ်မကြီးသော အဆောက်အဦးဖြစ်သည်။

ဒါပေမယ့် အဆောက်အဦးက မပြီးသေးပေ။ အောက်ထပ်တစ်ထပ်လုံးမှာလည်း အဆောက်အဦ မပြီးသေးဘဲဖွင့်ဖို့ ပြင်ဆင်နေကြသည့် City Mart နဲ့ရှိုးရွမ်းတွေက ပြီးစီးနေကြပြီဖြစ်သည်။

သူဒီတိုင်းပဲ အပေါ်ထပ်ကို တက်လာခဲ့ပြီး ထိပ်လှေကားကနေ ရုံးခန်းထဲကို ဝင်လိုက်လျှင်.. ၊

"ကိုဆောင်း.."

မန်နေဂျာက ဝန်ထမ်းများစားသောက်ဆိုင်ခန်းတွေဘက်က ခပ်သုတ်သုတ် တက်လာကာ.. ၊

"ရှေ့မှာကိုဆောင်း သူငယ်ချင်းရောက်နေတယ်.."

"သက်ကိုလား.. အိုခေ.. "

သူအထဲဝင်ပြီးမှ လွှတ်လိုက်ဖို့ပြောလိုက်ကာ.. ၊

"မင်းကအပြင်မှာ ဘာလုပ်နေတာလဲ.."

"ဩော် ..မင်းမှမရောက်သေးတာကိုး၊ နောက်ပြီး အဆောက်အဦကလည်း အသစ်ပြန်လုပ်နေတော့ ငါက မင်းရှိသေးရဲ့လားတောင် ထင်နေတာ.."

သူပြုံးလိုက်ကာ စီးကရက်မီးညှိသည်။ ပြီးတော့ သက်ကိုဆီကိုမီးခြစ်နဲ့ စီးကရက်ဘူးတွန်းပို့လိုက်ကာ.. ၊

"ဘာစားမလဲ.."

မေးပြီး နာရီကြည့်ကာ.. ၊

"ဘရေ့ဖက်စ် အချိန်တော့မဟုတ်တော့ဘူး..ဒါပေမယ့် ငါလည်း ဘာမှ မစားခဲ့ရသေးဘူး.."

"ဒါဆိုပြန်ထွက်မယ်ကွာ..ငါလည်း အရမ်းပင်ပန်းလာတာ၊ အေးဆေး



www.burmeseclassic.com

နားရင်း စကားပြောလို့ရမယ့် တစ်နေရာရာပေါ့.."

"အင်း.."

အတွင်းရေးမှူးကိုခေါ်လိုက်ပြီး လိုအပ်တာမှာခဲ့လိုက်သည်။ ပြီးမှပြန် ထွက်လာခဲ့တော့ ရှေ့ကပဲဖြစ်ကာ ဟိုအရင်ကထက်ပို၍ ပြောင်းလဲသွားသည့် ကုမ္ပဏီတစ်ခုလုံးကို သေချာသတိထားကြည့်ခဲ့၏။

စွယ်တော် စားတော်ဆက်ကိုရောက်ပြီး နောက်ဘက်ကန်စပ်နဲ့ နီး သည့် စားပွဲမှာ နေရာယူလိုက်ကြပြီး.. ၊

"မင်းနဲ့မိုးဆက်လေ ဘယ်လိုလမ်းခွဲသွားကြတာလဲ.."

မေးလိုက်တော့ သူ့မျက်နှာကွက်ခနဲ ပျက်သွားသည်။ ရုပ်လက်ရှည် အဖြူသည် စတစ်ကော်လံနှင့်ဖြစ်ကာ မိုးပြာရောင်ဖြူဖျော့ဖျော့ဘောင်းဘီရှည် နှင့် ရှင်းသန့်ဝင်းမွန်နေသောမျက်နှာကို သက်ကိုကလည်း ခြေဆုံးခေါင်းဆုံး ကြည့်ပြီး စေ့စပ်စွာ အကဲခတ်လေသည်။

စိတ်ရှုပ်သွားပုံပေါ်သည့်မျက်နှာက ဒီအကြောင်းမပြောချင်သလို ဟိုဒီ လွှဲတော့မလို ဖြစ်သွားသေးသည်။ ပြီးမှ ပြန်ကြည့်၍ ...

"မင်း အဲ့ဒါသိချင်လို့ လာတာလား.."

"မဟုတ်ပါဘူး..မင်းရုံးခန်းမှာ မင်းတို့နှစ်ယောက်ပုံကို မြင်ခဲ့လို့ သတိ ရသွားတာ၊ ဘာလဲ..အဆင်မပြေခြင်းနဲ့ လမ်းခွဲကြတာလား.."

"ဆိုပါတော့ ... "

မီနူးဆွဲယူပြီး စားစရာမှာနေတဲ့အထိ မျက်နှာမကြည်တာကို သက်ကို အကဲခတ်မိကာ.. ၊

"ဆောရီးကွာ..မပြောချင်လည်း မမေးတော့ဘူး.."

"ဟုတ်တယ်..မပြောချင်ဘူး.."

"မပြောချင်ဘူးဆိုပေမယ့် မင်းမျက်နှာမှာ အစပြန်ပေါ်လာသလို နေဘ်.."

ပြောမနာဆိုမနာ သူငယ်ချင်းတွေမို့ မျက်စောင်းထိုးသလို အကြည့် က.. ၊

"ဟုတ်မှာပေါ့..မင်းမျက်နှာကြီးကို ဆွဲထိုးလိုက်ရင် ကောင်းမလား စဉ်းစားနေတာတွေ.."

သက်ကို ရယ်ကျဲကျဲဖြစ်သွားသည်။ ပြီးမှ တစ်ဖက်ကခေါ်သံ အ ရှိနေသည့် မျက်နှာကိုကြည့်ကာ အတည်အတံ့နေလိုက်ပြီး.. ၊



www.burmeseclassic.com

www.burmeseclassic.com



"ငါကြားလိုက်တယ်..မင်းရဲ့စေ့စပ်ပွဲပျက်သွားတယ်ဆိုတာ၊ ပြီးတော့ ခဲ့ဒါကလည်း မိုးဆက်လေနဲ့ပဲ.."

"ငါမပြောပြောအောင် တူးဆွနေတာလား သက်ကို.."

"ငါက မလေးရောက်နေတာ နှစ်နဲ့ချီနေပြီကွ..မင်းတို့သတင်းတွေ ဆိုတစ်စဒီတစ်စကြားနေရပေမယ့် ခုထိသေချာမသိရဘူးလေ..မင်းကိုလည်း ငါပြောပါတယ်၊ ဒီကောင်မင်းကို သဝန်တိုနေပါတယ်လို့ .."

"ဘာ.."

ဒေါသသံက လိုတာထက်ပို၍ ကျယ်လောင်နေသဖြင့် သက်ကို အံ့သြ သလို ပြန်ကြည့်၏။

နာမည်က ဆောင်းမျက်နှာ.. ၊

ဒီမျက်နှာ ပြုံးရယ်အေးချမ်းနေတာ သိပ်တော့မရှိခဲ့ဘူးထင်သည်။ နေတာထက် စိတ်တိုးမကျတာနှင့် သိသာသွားတတ်သော မျက်ခုံးတန်း ကြောင့် ဆောင်းမျက်နှာသည် တည်တည်တံ့တံ့ နေတတ်သော ယော ျားတစ်ယောက် ဖြစ်နေခဲ့၏။

သူ့မှာ တက္ကသိုလ်မှာတည်းက တွဲလာခဲ့သော သူငယ်ချင်းတစ် ယောက် ရှိသည်။ သူက မိုးဆက်လေဖြစ်၏။ တခြားသူငယ်ချင်းတွေ ရှိသော် လည်း မိုးဆက်လေလောက် မရင်းနှီးကြသလို မိုးဆက်လေနဲ့သာ အတွဲ ... ၊

သိပ်မရင်းနှီးသူတွေထဲမှာ အစက သက်ကိုပါခဲ့သည်။ ဒါပေမယ့် ထိလုပ်ငန်းရှင်တွေ ဖြစ်လာကြမှ သူကအသေးစား လုပ်ငန်းရှင်အဖြစ် ဆောင်းမျက်နှာတို့နဲ့ ပြန်ရင်းနှီးခဲ့တာဖြစ်သည်။ ခုတော့လည်း သူလည်း ဘဝင်တွေနဲ့ ချိတ်ဆက်မိဖို့ ကြိုးစားနိုင်ခဲ့ပြီဖြစ်ကာ လုပ်ငန်းတိုးချဲ့မည့် ရွေးလောင်း.. ၊

"အဟမ်း.."

ဆောင်းမျက်နှာရဲ့ ဘာသံကြောင့်ပွားများသွားရသည့် အတွေးတွေကို တောက်၍.. ၊

"ဘာ..လိုက်တဲ့အသံကလည်း လန့်တောင်လန့်တယ်..သဝန်တိုတယ် ဆိုတာ ဘာမှားသွားလို့လဲ၊ ဒေါက်တာငြိမ်းနဲ့ မင်းရင်းနှီးကြတယ်ဆိုတာ လည်း သဘောတူတယ်၊ အဲဒီတွန်းကလည်း သူပဲ.."

သက်ကို ဘယ်လို အဓိပ္ပါယ်တွေနဲ့ပြောနေနေ မေးသည်းမမေးဘဲ



www.burmeseclassic.com

www.burmeseclassic.com


သူပြောနေသည့် စကားတိုင်းအပေါ်မှာ ဆောင်းမျက်နှာအာရုံစိုက်ထားပုံက ကိုယ်ပြောသည့် စကားဆုံးသည်နှင့် သေမိန့်ချတော့မယ့်အတိုင်း.. ။

"ဟုတ်တယ်လေ..ဒေါက်တာငြိမ်းက သူတို့နဲ့အိမ်နီးချင်းဆိုတာ နောက်တော့ပေါ်လာတာပဲ၊ ငါပြောချင်တာက သူငယ်ချင်းချင်း စည်းစောင့်သင့်တာကို ဒီကောင် မစောင့်ထိန်းတာပဲ.."

ဒီစကားကျမှ ဆောင်းမျက်နှာရဲ့တွန့်ကုတ်နေသည့် မျက်ခုံးတန်းတွေ ခပ်ပြေပြေပြန်ဖြစ်သွားလျက် ...

"မင်းမသိတာတွေရှိသေးတယ်..ဘာမှ ဝေဖန်မနေနဲ့.."

"မင်းကတော့ ခုချိန်ထိ သူ့ဘက်က ကာကွယ်နေတုန်းပဲ..အေးလေ တွဲခဲ့ကြတဲ့ နှစ်တွေလည်း နည်းတာမှ မဟုတ်ဘဲ.."

မိုးဆက်လေကိုယ်တိုင် ဆောင်းမျက်နှာကို ဘယ်လောက်ခင်ခဲ့သလဲ ဆိုလျှင် မိဘတွေနိုင်ငံခြားရောက်ကုန်တာတောင် သူတစ်ယောက်တည်း မြန်မာပြည်မှာ ကျန်ရစ်ခဲ့ပြီး ဆောင်းမျက်နှာနဲ့မခွဲမခွာ အလုပ်အတူ လုပ်နေခဲ့တာ ဖြစ်သည်။

အစတုန်းက မိုးဆက်လေရယ် သူ့ဦးလေးရယ် ဆောင်းမျက်နှာရယ် ကုမ္ပဏီကို သုံးဦးတည်းနဲ့ စတင်ခဲ့တာဖြစ်ကာ ငွေကြေးတောင့်တင်းသော ဝါသနာနှင့်ဖွဲ့လုံ့လကြောင့် သိပ်မကြာခင်မှာ အရှိန်ရလာခဲ့သည်။

နောက်ထပ်ပါဝင်လာသည့် ဝါရင့်စီးပွားရေးသမားတွေရဲ့ ရှယ်ယာ ပေါင်းလိုက်တော့ အရှိန်ပိုမြင့်လာခဲ့၏။ ဒါက မိုးဆက်လေရှိခဲ့တဲ့ အပိုင်းပဲ ဖြစ်သည်။

"မင်းဆီမှာ မိုးဆက် မရှိတော့ဘူးဆိုတော့ သူ့ဦးလေးရော.."

"ထွက်သွားပြီ.."

"ကျန်တဲ့ရှယ်ယာရှင်တွေတော့ ရှိသေးတယ်ပေါ့.."

"ငါးဦးပဲ.."

"မင်းအများဆုံးမို့လား.."

"သိပ်တော့မကွာပါဘူး.."

ခပ်လျှိုလျှို ပြောနေတာမှန်းသိသည်။ ဒါပေမယ့် ဒီကိစ္စကိုသူ ကလည်း ထပ်မမေးတော့ပါ ...

"တစ်ခုတော့ဖြေကွာ..မိုးဆက် မင်းရဲ့တစ်ယောက်ယောက်နဲ့ငြိ တယ်မို့လား၊ မင်းဟက်တက်ထိနေတဲ့ပုံက ဒေါက်တာငြိမ်းပဲလို့ငါထင် တယ်


www.burmeseclassic.com

www.burmeseclassic.com

ဆောင်းမျက်နှာခေါင်းခါလိုက်တော့ သက်ကိုအံ့ဩသွားသည်။ နောက်ထပ် စေ့စပ်တဲ့တစ်ယောက်ကို သူမသိပေမယ့် လူကြီးချင်းသဘော တူတာသက်သက်နဲ့ စေ့စပ်ဖို့ လက်ခံခဲ့တာကိုတော့သိထားခဲ့၏။

"ဒါဆို.."

"အဲ့ဒီကိစ္စတွေကြောင့်ဆိုပေမယ့် မင်းထင်သလိုမဟုတ်ဘူး.. သက်ကို..မိုးဆက်နဲ့ငါ ဘာပြဿနာဖြစ်ခဲ့တယ်ဆိုတာ သူနဲ့ငါသိထားကြ တာနဲ့တင် လုံလောက်တယ်..အဲ့ဒါက အချစ်ကြောင့်ဖြစ်ဖြစ် အမုန်း ကြောင့်ဖြစ်ဖြစ် ပြန်လည်းမတွေးချင်ဘူး၊ ပြန်ပြောချင်စရာလည်း မရှိဘူး.. ငါ့ခေါင်းထဲမှာ သူ့အကြောင်း ပေါ်လာတိုင်း အဲ့ဒါတခြားတစ်ယောက်ကို ရင်ဖွင့်ချင်လို့မဟုတ်ဘူးဆိုတာ သေချာတယ်.."

"အေးပါ..မင်းတို့ဒီလောက်ဖြစ်ခဲ့တာဆိုရင်လည်း ငါမမေးတော့ ပါဘူး၊ ဒါပေမယ့် မင်းနဲ့စေ့စပ်မယ့် မိန်းကလေးတွေကို သူကကြိုက်.."

"သက်ကို ... မင်းကိုဒီအကြောင်းတွေ ထပ်မမေးဖို့ ငါထပ်ပြောစရာ လိုတော့ဘူး ထင်နေတာ.."

သက်ကိုစကား တို့လို့တန်းလန်းနှင့် ရှေ့မဆက်နိုင်ဖြစ်သွားသည်။ ထိုင်ခုံ စားစရာတွေ ရောက်လာသဖြင့် စကားပြောခြင်းကနေ စားသောက်ဖို့ ပြောင်းသွားခဲ့လျက် ...

"မင်းအဆင်ပြေနေပြီလား.."

သက်ကိုက ပခုံးတွန့်လိုက်ပြီး.. ၊

"မင်းနဲ့တော့ ဘယ်တူမလဲကွ.."

"မေးရင်မေးတာကို ဖြေစမ်းပါကွာ..မင်းကိုမေးတာ ငါ့ကိုကြည့်ခိုင်း နေတာ မဟုတ်ဘူး.."

သက်ကိုက ဝတ်ထားသည့်မီးခိုးရောင်ကုတ်အင်္ကျီကို ချွတ်၍ ပေါင် ပေါ်မှာ ပြန်တင်ထားလိုက်ကာ.. ၊

"ဒီဆိုင်က အဲရ်ကွန်းလည်းမကောင်းပါလား.."

"မင်းမှာ ဖောငါးတန်တစ်တန်မှ မပြတ်လို့ဖြစ်မှာပေါ့.."

"ဟုတ်တယ်..ငါ မင်းတို့ကုမ္ပဏီမှာပဲ.."

"မရဘူး.."

"ဟမ်.."

"ရှိတဲ့ရှယ်ယာတွေ တစ်ယောက်ချင်းပြန်အမ်းဖို့ကြိုးစားနေတာ..


www.burmeseclassic.com

www.burmeseclassic.com


ထပ်လက်မခံဘူး..."

"ပြောတောင် မပြောရသေးဘူး.."

"မင်းဒါပဲ ပြောမှာမို့လား.."

"အေးလေ..ဒါပေမယ့် မင်းတို့ကုမ္ပဏီဒီလောက်အကြီးကြီးကို လုပ်ငန်းကြီးလာရင် တစ်ဦးတည်းပိုင်ဖြစ်နေလို့ မတိုးတက်ဘူးကွ..အကောင်းဆုံးနည်းလမ်းတစ်ခုရဖို့ ဒါရိုက်တာတွေ ပေါင်းဆုံဆွေးနွေးရတယ်.."

"အဲဒီတစ်ခုကို အတည်ပြုဖို့ ဘယ်နှစ်ယောက်ထပ်လိုသလဲ.."

သက်ကိုပါးစပ်ပိတ်သွားတော့ ဆောင်းမျက်နှာက ပြုံးသည်။

ပြီးတော့.. ၊

"မိတ်ဆွေရင်းရော မရင်းတာရော အကြံပေးတွေတိုင်ပင်ခံတွေ ငါမ[illegible]ချင်တော့ဘူး..လုပ်ငန်းကြီးကျယ်တိုးတက်လာတာလည်း အရှိအတိုင်းပဲ၊ ငါ[illegible]ဘက်ကတော့ တစ်ယောက်တည်းနဲ့နိုင်သလောက်လုပ်မယ်..တင်ကျန်ခဲ့တာ[illegible]ငါ့ဟာပေါ့.."

"လုပ်လာပြီ ခံစားချက်တွေနဲ့.."

သက်ကို ဆောင်းမျက်နှာကို နားမလည်သလို ကြည့်လိုက်မိ[illegible]နားလည်သွားခဲ့သည်။ မိုးဆက်လေဆိုတဲ့ကောင် ဘာတွေဒီလောက်တော[illegible]မွေသွားခဲ့သည်မသိ.. ၊

ဘာပဲဖြစ်ဖြစ် ရည်စားလုကြသည့် ပြဿနာပဲလို့တွက်ထားလို[illegible]သည်။ ထိုစဉ် သူတို့စားပွဲနားကိုရောက်လာသည့် လူရိပ်သည်.. ၊

"ကိုဆောင်း.."

နှစ်ယောက်စလုံး လှည့်ကြည့်လိုက်မိကြသည်။

"ငြိမ်း.."

ဒေါက်တာငြိမ်းပါလားလို့ သိလိုက်ကာ သက်ကိုမျက်လုံးတွေက သူ[illegible]ကို တိတ်ဆိတ်စွာ အကဲခတ်လေသည်။ အနီရောင်မြန်မာဝတ်စုံလေး[illegible]နဖူးကနေ ဆံပင်တွေကို ပွပွလေးသိမ်းလှန်ပြီး နောက်မှာဆံထုံးလေး [illegible]ထားလေသည်။ ဘေးမှာကြိမ်ဆံထိုးလေးထိုးစိုက်ထားသဖြင့် သူ့မျက်[illegible]နုနုလေးမှာ ရင့်ကျက်မှုတွေ ထပ်ဆင့်သွန်းလောင်းထားသည့်နှယ် ...

သူမက ကိုယ့်ကိုစိုက်ကြည့်လိုက်သဖြင့် သက်ကိုရယ်ပြရခက် ဒီ[illegible]မသိသလိုနေရခက်နှင့် ...

"ဆောင်း...ငါပြန်နှင့်မယ်လေ.."


www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်မှ..။

"ဪ..ရပါတယ်၊ ငြိမ်းက ခဏပဲ..နေပါ.."

"ထိုင်လေ.."

ဆောင်းမျက်နှာက ဖော်ရွေပျူငှာခြင်းကင်းသော မတည်မပြုံးမျက်နှာ ထိုင်ဖို့မေးဆတ်ပြကာ..။

"တွေ့လို့ဝင်လာတာလား.."

"ဟုတ်တယ်..ကိုဆောင်းအဆင်ပြေနေသလားလို့ပါ.."

"ဟင်.."

ငြိမ်းက ခဏပဲထိုင်မှာကို သရုပ်ပေါ်စေတာထင်သည်။ ဆလင်း ခိုကို ပခုံးကမဖြုတ်ဘဲ ရှေ့နည်းနည်းဆွဲပိုက်ကာ ခါးတောင့်တောင့်လေး ထိုင်၏။

"ကိုဆောင်းဖုန်းတွေ ဆက်နေတုန်းက ငြိမ်းမကိုင်ခဲ့တာက.."

"ကိုယ်နားလည်ပါတယ်.."

"ဘာကိုနားလည်တာလဲ ကိုဆောင်း..ငြိမ်းပြောချင်တာက ပြဿနာ ကြီးမားသွားတာ ကိုဆောင်းရဲ့သူငယ်ချင်း ဝင်နှောက်လိုက်တာမှန်း ငြိမ်း သိခဲ့ရတယ်..သိတဲ့အချိန်မှာ ကိုဆောင်းကဖုန်းတောင်မဆက်တော့ "

ဆောင်းမျက်နှာ စိတ်ရှုပ်သွားခြင်းကို ပေါ်လွင်စေသည့် မျက်ခုံးတန်း တွန့်ကုတ်နေခဲ့လျက်..။

"ဖုန်းဆက်တုန်းကတော့ မင်းပဲ နှောက်မဆက်ပါနဲ့လို့ ပြောတာပဲ "

"ဒါပေမယ့် ... "

"မင်းတို့ဘက်က ဆန့်ကျင်ဘက်ဖော်ထုတ်စေချင်တဲ့ ဆန္ဒတွေကို မသိဘူး..ကိုယ်သိတာက ဒီလိုကိစ္စမျိုးကို လိုက်ဖြေရှင်းရအောင် ကိုယ် ချစ်သူတွေလည်း မဟုတ်တော့.."

"ဒါပေမယ့် စေ့စပ်ဖို့ထိ သေချာခဲ့ကြတာပဲ..ရှင့်ဘက်က စေ့စပ်ပါရ ကမ်းလှမ်းလာတုန်းက ကျွန်မတို့ချင်းချစ်သူတွေ မဟုတ်ကြသေး ငြိမ်းဘက်ကငြင်းခဲ့ရင် ရတယ်လေ..ဒါပေမယ့် လက်ခံခဲ့တယ်ပြီ ကိုဖြေရှင်းရမယ်ဆိုမှ ကိုဆောင်းအဲ့လိုပတ်သက်မှုတွေ ငြင်းတာ ငြိမ်းနားမလည်တော့ဘူး.."



www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ဘူးငြိမ်း..ကိုယ်ကိုယ်တိုင်မင်းကို စေ့စပ်ပေးပါလို့ လူကြီးတွေကို ပြောခဲ့တာပါ၊ ဒါပေမယ့်.."

"ပြောပါ..ငြိမ်းကို ကိုဆောင်းအထင် မလွဲနဲ့နော်၊ ကိုဆောင်းနဲ့ တစ်ကနေ ပြန်စချင်လို့ ငြိမ်းအခုရောက်လာတာ မဟုတ်ဘူး..ကိုယ်နဲ့ စေ့စပ်ထားတဲ့သူက အဲ့လိုလုပ်သွားတယ်ဆိုတာ ငြိမ်းဘက်က အရမ်းထိခိုက်တယ်..ကိုဆောင်းရဲ့ ဂုဏ်သိက္ခာလည်း.."

"ကိုယ်ကထားခဲ့နိုင်တယ်.."

"ဘာကြောင့်လဲ.."

ဆောင်းမျက်နှာက နားလည်ရခက်သည့်အကြည့်တို့နှင့် ငြိမ်းကိုစိုက်ကြည့်ရင်း အံကြိတ်သည်။ ဒါပေမယ့် သူအံကြိတ်မိလောက်အောင် မျိုသိပ်ခံစားနေရသည့် အစိုင်အခဲကငြိမ်းကိုမဟုတ်၊ ငြိမ်းနဲ့လည်း မသက်ဆိုင်..

ဒါပေမယ့် ငြိမ်းကြောင့်ပဲဖြစ်လေသည်။ သူမနဲ့စေ့စပ်ပွဲပျက်စေချင်သော ရည်ရွယ်သူ၏တာဝတ်သည်.. ၊

"မင်းနဲ့လည်း သိနေခဲ့တယ်မို့လား ... "

"မိုးဆက်လေကိုလား..သူနဲ့ငြိမ်းသိနေတယ်လို့ ဘာလို့ပြောနေတာလဲ ကိုဆောင်း..တစ်လမ်းတည်းနေခဲ့ဖူးတာနဲ့ တစ်လမ်းထဲမှာရှိနေတဲ့လူအားလုံးသိနေရမှာလား..သူတို့မိသားစုတွေကို ဘယ်သူတွေမှန်းတောင် သေချာမမြင်ဖူးခဲ့ဘူး၊ ကုန်ကုန်ပြောရရင် မိုးဆက်လေဆိုတဲ့လူကိုတောင် မြင်လိုက်တာနဲ့ မှတ်မိနေရုံပဲ.."

ငြိမ်းဘာကို ဒီလောက်တောင် ဒေါသထွက်နေသည်မသိ။ သက်ကိုအတော့ မဆိုင်သူတစ်ယောက်အဖြစ် ထိုင်နေရတာအတော်ကြီး မျက်နှာပူနေပြီ ဖြစ်သည်။

"ကိုဆောင်းပြောချင်တာက သူ့ကြောင့်ဆိုတာ ငြိမ်း အစတည်းက သိနေသင့်တယ် ဆိုတာမျိုးလား.."

"မဟုတ်ဘူး..သူ့အကြောင်းကိုယ်ကိုယ်တိုင်မှ မသိခဲ့တာ မင်းကိုအား လို့ အပြစ်တင်ရမှာလဲ၊ ဒါပေမယ့်.."

ဆိုပြီး ဆက်မပြောတော့ငြိမ်းက စိတ်လောကြီးနေသည့် မျက်နှာနှင့် နားစွံနေ၏။ သက်ကိုလည်း ဆောင်းမျက်နှာကိုပဲ ကြည့်နေသည်။ ဒါပေမယ့် နောက်ဆက်တွဲစကားက ဒီအကြောင်းအရာမဟုတ်.. ၊

"သူလုပ်သွားသမျှ သူ့ဘက်က အဓိပ္ပါယ်တွေနဲ့ရှိသည်းပဲ.."


www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်.."

"ကိုယ်လည်းဘာမှ မသိလိုက်ဘဲ ကျန်ခဲ့ရတာငြိမ်း ... ဒါကြောင့် ကိုယ်မကျူးလွန်ခဲ့တဲ့ အမှားအတွက်ဖြေရှင်းဖို့မလိုဘူးလို့ပဲ ကိုယ်ထင်တယ်.."

"မိန်းကလေးတစ်ယောက်ကို ခြေတော်တင်ပြီး ဖျက်ဆီးစွန့်ပစ်ဖို့ ဝန်မလေးတဲ့ ယောကျ်ားဖြစ်သွားတဲ့အတွက် ဘာမှမထိခိုက်ဘူးပေါ့..အဲ့ဒီလို ယုတ်မာပြီး ဒေါက်တာငြိမ်းဆိုတဲ့ မိန်းမကိုလည်း စေ့စပ်ဖို့ ကြိုးစားနေသေးတယ်လေ၊ အဲ့ဒီအဖြစ်ရောက်သွားတာလည်း ရှင်ကဖြေရှင်းဖို့ မလိုဘူးပဲလား.."

"အခု အမှန်ကို မင်းသိသွားပြီပဲ.."

"ငြိမ်းတို့မှာ အသိုင်းအဝိုင်းတွေ ရှိသေးတယ်လေ.."

"ငြိမ်း.."

မျက်နှာသည်ဒေါသကြောင့် တင်းနေခဲ့လျက် တစ်ခုခုပြောမလို့ စပြီးမှ စကားရာတွေ ထပ်ရောက်လာတော့ သူ့ခဏငြိမ်နေလိုက်သည်။ ပြီးမှ.. ၊

"ကိုယ်မဖြေရှင်းဘဲနေတာ ဘယ်သူနစ်နာသွားမလဲ ကိုယ်မသိဘူး ကိုယ့်ကိုယ်ကိုလည်း ဂရုမစိုက်ဘူး၊ ဘယ်သူ့ကို နစ်နာပါစေဆိုတဲ့ စိတ်နဲ့လည်း မဟုတ်ဘူး...ဒါပေမယ့် မင်းနစ်နာပါတယ်လို့ အခုလာပြောတဲ့အချက် ဆောရီးပဲ.."

"ဘယ်လို.."

"ကိုယ်ထင်တယ်..ကိုယ်က ဖောက်ပြန်ယုတ်မာတဲ့လူ ဖြစ်သွားပေမယ့် အဲ့ဒီလိုလူမျိုးကို မင်းလက်တွဲဖြုတ်လိုက်တဲ့အတွက် မင်းမှာ မထိခိုက်ဘူး.."

မဟုတ်ဘူး ... လက်တွဲဖြုတ်လိုက်ဖို့ထိ ငြိမ်းကတဆုံး မထားနိုင်ဘူး ၊

ရှင်ထဲက စကားတွေကို မိန်းမသားတစ်ယောက်အနေနဲ့ ဘယ်လိုပြောရမှန်း မသိပေ။ ကိုယ့်ကိုခေါက်ထားစာရင်းထဲ ထည့်လိုက်ပြီဆိုသည့် ယောကျ်ားကို သူမဘက်က ဒီခံစားချက်တွေ ထပ်ပြောနေဖို့ရော လိုသလား..၊ ပြောနေရင်ရော ထူးမှာမို့လို့လား ...

ဒေါသရိပ်နဲ့ ခက်ထန်နေသည့် ဆောင်းမျက်နှာရဲ့မြတ်သားမှုက ငြိမ်းရဲ့မာန်မာနတွေကို စိန်ခေါ်နေသည်သို့ရှိကာ တစ်ထိုင်တည်း ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com


လိုက်မိသည်။

"မင်းအခု ကိုယ်နဲ့အသစ်ပြန်စဖို့ စိတ်ကူးရှိနေတာလား ... "

"မရှိဘူး ... "

"ဒါဆို ပြီးနေပြီပဲ ... ကိုယ်မကောင်းဘူးဆိုရင် မှင်နီသားထားတဲ့ မျက်နှာက ကိုယ့်ဘက်ခြမ်းမှာပါနေမှာ မင်းနဲ့ဘာမှမဆိုင်တော့ဘူး.."

"ဒါဆို မေးဖို့လိုလာပြီ ..ငြိမ်းသိချင်လို့ပါ၊ အခု ငြိမ်းတို့ရှေ့ဆက်ကြ မယ်ဆိုရင်ရော..ဒါတွေကို ငြိမ်းသိပြီးသားပဲဆိုပြီး ရှင်မဖြေရှင်းဘဲ နေလိုက်မှာ လား.."

ဆောင်းမျက်နှာက မှုန်ကုတ်ကုတ်အကြည့်တစ်ချက်နှင့် တစ်ဖက် လှည့်ပစ်၏။

"ငြိမ်းဘက်က ထိခိုက်ဖို့ရှိနေပါတယ်ဆိုရင်တောင်မှပေါ့.."

"ဆောရီးပါ..ကိုယ်အားလုံးထားခဲ့ပြီးပြီ.."

"ကျေးဇူးပါပဲ.."

ငြိမ်းကလည်း နေရာမှ ချက်ချင်းထရပ်သည်။ သူမ ဒီထိရောက် လာပြီး ဖြေရှင်းချက်တောင်းနေရတည်းက ကိုယ့်ဘက်က လိုလားမှုရှိ တာ သိသာနေပါပြီ။ ဒါပေမယ့် ရှိပါစေတော့.. ၊

လှမ်းခဲ့မိသည့် ခြေလှမ်းကို နောက်ပြန်ဆုတ်လို့ရချင်ရမည်။ အသွား မတော်တော့ တစ်လှမ်း။ ငြိမ်း ချက်ချင်းလှည့်ထွက်သွားလျှင် သက် တံတွေး မျိုမိရင်း.. ၊

"ဆောင်းမျက်နှာ.."

"မေးမနေနဲ့ကွာ..စားစရာရှိတာစား.."

"အေးပါ..ဒါပေမယ့်.."

"နောက်မှ အေးဆေးပြောပြမယ်.."

"အဲ့ဒါကို ပြောချင်တဲ့အချိန်ကျမှ ပြောပါ ... အခုမင်းကို ဒေါက်တာ ငြိမ်းက ပြန်ဆက်ချင်လို့ ရောက်လာတာကွ.."

"သူနဲ့ပြန်ဆက်ရဖို့အတွက် သူခိုင်းတာကိုငါမလုပ်နိုင်ဘူး.."

ပေါင်မုန့်ကြက်ဥကြော်ပန်းကန်ကို စိတ်နဲ့လူနဲ့မကပ်သည့် မျက်နှာ နှင့် ကိုင်လိုက်သည်။ သက်ကိုစိုက်ကြည့်ကာ.. ၊

"သူခိုင်းတာကလည်း မင်းရဲ့ဂုဏ်သိက္ခာ.."

"လာပြန်ပြီ.."



www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ပါဘူး..မင်းကကိုယ်မဟုတ်တာလေးကို ရှင်းပြရမှာ [illegible]င်.."

"အဲ့ဒါကိုပဲမရှင်းချင်တာ ဟုတ်တယ်လို့ထင်ကုန်ကြလည်း ဂရု [illegible]ဘူး ... မဟုတ်လောက်ပါဘူး ထင်နေကြရင်လည်း ဘာထင်ထင်ရှိပါ [illegible]ငါမကြားချင်တာ အဲ့ဒီမိုးဆက်လေရဲ့နာမည်.."

သက်ကို ဘာမှမပြောတော့ဘဲ နေလိုက်ရသည်။ ဒါပေမယ့် ဘာတွေ [illegible]နေမှန်းမသိ.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂)

"နေပါစေတော့ မေမေရော.."

"ဘာနေပါစေလဲ သားရယ်..သားအသက် မငယ်တော့ဘူးနော်၊ မင်းအစ်ကိုတွေလည်း အိမ်ထောင်ကျ သားသမီးတွေရပြီး သူတို့မိသားစု သူတို့အလုပ်အကိုင်တွေနဲ့ ဖြစ်ကုန်ကြပြီ.."

"အဲဒါနဲ့ပဲ.."

"ဟုတ်တယ်..သားအသက်သုံးဆယ်နီးနေပြီ.."

"မေမေ့စကားကို ကျွန်တော်နားထောင်ခဲ့ပြီးပြီပဲ မေမေ.."

"အဲ့ဒါက ဒေါက်တာငြိမ်းရဲ့ကိစ္စမှာ.."

"မေမေ..ကျွန်တော်ညှိသည်နဲ့ တွေ့ဖို့ရှိသေးတယ်.."

"မိုးဆက်လေအကြောင်းပါလာရင် မင်းဒီအတိုင်းပဲ..ဒါပေမယ့် ဒီတစ်ခါတော့ မင်းကိုစေ့စပ်ပေးမနေတော့ဘူး၊ တစ်ခါတည်း လက်ထပ်ပေးမှာ.."

"မေမေ့..."

"မင်းကို မန္တလေးပြန်လာဖို့လည်း မခေါ်ဘူး..မေမေနဲ့ ကလေးရဲ့အမေရယ် ကလေးရယ်.."

"ကလေး ဟုတ်လား.."

"နာမည်က မြပခြုပ်တဲ့..ကလေးဆိုတာ အိမ်မှာတစ်ဦးတည်းသောသမီးလေးမို့ ချစ်စနိုးခေါ်ကြတာပါ၊ ကလေးဆိုပေမယ့် ကလက်တက်တဲ့လေး မဟုတ်ဘူးသား..ဆံပင်က ခါးကျော်တယ်၊ အရုပ်အမောင်းလေးလည်း ကောင်းတယ်..ကိုယ်လုံးလေးလည်းလှ သွက်သွက်လက်လက်ထက်ထက်မြတ်မြတ်လေးရယ်.."

ဖုန်းပြောနေရင်း စိတ်မချမ်းသာခြင်းသည် စီးကရက်နဲ့မီးခြစ်ကိုင်ပြီး အပေါ်ဆုံးထပ် ပန်းခြံနဲ့ဆန်းရိုတ်မှာ ထွက်ထိုင်နေခဲ့တဲ့အထိ။ ဒီစိတ် ဒီအတွေးက မပျောက်.. ၊

အမြဲတမ်းအလုပ်နဲ့လက်နဲ့ မပြတ်အောင် ခေါင်းထဲမှာလည်းအလုပ်ကိစ္စတွေချည်း ပြည့်နှက်နေအောင် အချိန်ကိုတစ်ချက်ကလေးမှ အလကားထားဘဲ ကြိုးစားနေခဲ့တာတောင်မှ.. ၊


www.burmeseclassic.com

www.burmeseclassic.com


ဒီနေ့တော့ သူ့စိတ်တွေကို အလုပ်ထဲမှာ ဘယ်လိုမှ နှစ်ထားဖို့မဖြစ်နိုင်တော့မှန်း နားလည်လိုက်သည်။ မနက်တုန်းက သက်ကိုနဲ့ ဆိုင်ထိုင်ကြတော့ ခေါက်တာငြိမ်းနဲ့တွေ့သည်။ ပြီးတော့ သူ့စိတ်တွေ လွတ်တစ်ချက် မလွတ်မချက်နှင့် ထွေပြားလာခဲ့တာ ဒီည မေမေစီစဉ်တော့မယ်ဆိုသည့် မင်္ဂလာကိစ္စကြောင့် လုံးဝစုစည်းမနိုင်တော့ခြင်းသို့ ရောက်ခဲ့ရကာ.. ၊

"မင်းသိပ်ချစ်နေလို့ဆိုရင် ငါမပြောပါဘူး..ကိုယ်တကယ် ချစ်တာသေချာဘဲနဲ့ လက်ထပ်တာက ဘယ်သူ့အတွက်မှ မကောင်းဘူးလေ.."

"လက်ထပ်ဖို့ ကြိုးစားမနေစမ်းပါနဲ့ကာလာရာ..ယောကျ်ားတစ်ယောက်ရဲ့ဘဝက မိန်းမယူဖို့ထက် အများကြီး အဓိပ္ပါယ်ရှိတယ်ကွ.."

"ငါကတော့ရှင်းရှင်းပဲ..မိန်းမဆိုတာ သူငယ်ချင်းကောင်းတစ်ယောက်လောက် တန်ဖိုးမရှိပါဘူး.."

"မင်းက ငါ့ရဲ့သူငယ်ချင်းကောင်းပဲ..ကျန်တာငါ့အတွက် ဘာမှမလိုဘူး-" တဲ့.. ၊

မိုးဆက်လေရဲ့ ထင်မြင်ယူဆချက်များစွာမှာ ကိုယ်ကတော့ မိန်းမတစ်ယောက် အမြန်ရရှိရေးကသာ ဘဝကြီးတစ်ခုစာလောက် အရေးပါနေသလိုထို့ ဒရင်းဘက်ခ်ကို ပက်လက်လှန်ချပြီး ကောင်းကင်ကြီးကို မျက်နှာမူလိုက်တော့ လလည်းမရှိ ကြယ်ရောင်လည်းမလင်းသော အနက်ရောင် ကမ္ဘာကြီး တစ်ချပ်လို တစ်ပြင်လုံး မှောင်နဲ့မည်းမည်း ...

နွေလယ်ယံညပေမယ့် မိုးသားမိုးရိပ်တွေတက်နေသည့် အဖြစ်ကို ဒီထိုင်းငေးနေရင်း ကိုင်လာခဲ့သည့် စီးကရက်ကိုထုတ်၍ မီးညှိလိုက်သည်။ ပြီးတော့ တရှိုက်သာဖွာလိုက်မိလျက် လက်ကြားညှပ်ရင်း ဒီတိုင်းပဲ လက်တန်းပေါ်မှာ တင်ထားလိုက်မိသည်။

ဒါပါနဲ့ဆို မေမေတို့ သူ့ကိုစေ့စပ်ပေးဖို့ ကြိုးစားခဲ့တာသုံးခါ၊ ပထမအုံးက ငြိမ်းနဲ့ဖြစ်ကာ ထိုပွဲမှာ မိုးဆက်လေရဲ့တိုက်ခိုက်နှုန်းက သာမာန်ထက်မိုခဲ့သေး။ နောက်တစ်ခါ ခင်မြတ်နိုးဦး.. ၊

သူမနဲ့ကျတော့မိုးဆက်လေရဲ့ တိုက်ခိုက်နှုန်းက ပိုမြင့်လာခဲ့သည်။ ကျောင်းတက်နေစဉ်တည်းက ချစ်သူထားဖို့ ရည်ရွယ်စဉ်ကစပြီး မိုးဆက်လေ ထူးခြားမှုတွေ ရှိလာခဲ့တာဖြစ်သည်။ တစ်သက်လုံး သူငယ်ချင်းကောင်းဖို့ နေလာခဲ့ပြီးမှ ကိုယ်ရည်ရွယ်သည့်မိန်းကလေးဆို မကြာခင် သူ့နောက်ပါသွားသည်။


www.burmeseclassic.com

www.burmeseclassic.com

ကိုယ်နဲ့ချစ်နေပြီဆိုရင်တောင် သူ့ရဲ့ဟိုမလွတ် ဒီမလွတ် အပြောအဆိုတွေကြောင့် မကြာခဏ ပြဿနာတက်ရ သက်ဘဝတွေရှင်းရနှင့် မိုးဆက်လေကို ပြန်ကြည့်လိုက်ရင် ရယ်မောမပျက်.. ၊

"ဘာလဲကွ..နောက်နေတာ အသိသာကြီးကိုယုံစရာလား၊ မင်းကောင်မလေးကိုက သံသယစိတ်ကြီးလွန်းတာ"တဲ့.. ၊

ဒေါ်သထွက်စရာလို့ ထွက်ရမလား၊ သူပြောတာဟုတ်တာပဲဆိုပြီး ထားလိုက်ရမလား.. ၊

ထိုစဉ်က နည်းနည်းလေးတောင် သံသယမဝင်ခဲ့မိတာအမှန်။ တစ်ခါတလေ သက်ကိုတို့လည်း ရှိနေကြတာမို့ ဒီလိုပြဿနာမျိုးကြားပြီဆို.. ၊

"မင်းကောင် သိပ်မဟုတ်တော့ဘူး.."လို့ အမြဲပြော၏။

"ငါတို့သေချာသိခဲ့တာ ဆောင်းမျက်နှာ..မင့်ကောင် ဖြူစင်နဲ့တွဲတာ မဟုတ်ဘူး၊ ဒီကောင် ဆေးထိုးတာ ဝါသနာကို ကြီးနေတာ.."

"ဝါသနာပဲကြီးပါစေဦးကွာ..ကိုယ့်သူငယ်ချင်းတွဲနေတဲ့ မိန်းမတွေကိုမှ ဒီကောင်ကဘာလဲ.."

သူငယ်ချင်းတွေအားလုံးက သူ့ထက်အရင် ခင်မင်ခဲ့ကြတာတွေလည်း ရှိသလို သူ့လောက် တပူးတွဲတွဲမနေဖြစ်ကြပေမယ့် ပြောမနာဆိုမနာ ခင်မင်ရင်းနှီးခဲ့နေကြတာကြောင့် စိတ်ထဲရှိတဲ့အတိုင်း ပေဖန်ကြသည်။ သူကိုယ်တိုင်လည်း ဒါကိုအထူးတလည် တွေးမကြည့်ခဲ့ဘူးပါ.. ၊

မိုးဆက်လေအပေါ် ငြိုငြင်စိတ် ဖြစ်သွားခဲ့ဖူးသည်။ ဒါပေမယ့် သူ့ရဲ့ရယ်ကျဲကျဲ ခပ်ပေါ့ပေါ့ဖြေရှင်းချက်တွေကြားမှာ ခိုင်လုံသော ဖြေရှင်းချက်မျိုးလည်း မဟုတ်ပေမယ့် သူမေ့မေ့ပျောက်ပျောက် ဖြစ်သွားတတ်ခဲ့၏။

သူဒေါ်သနဲ့ တုံ့ပြန်ခဲ့ဖူးတာရှိခဲ့ရင်တောင်.. ၊

"ချွေးကောင်..မင်းသေတော့မယ်.." ဆိုပြီး လက်သီးဆုတ်ကြီးပြကာ လက်မောင်းကို ခပ်နာနာထိုးလိုက်မိခြင်းသာ.. ၊

သူ့ရယ် မိုးဆက်လေရယ် ဟိုအရင်မပြေလည်ဖူးယ် ဘာမှမရှိခဲ့သော နေ့ရက်များစွာသည်.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၃)

"မင်း ဒီကောင်နဲ့ အလုပ်အတူလုပ်မယ်ဆိုရင်တော့ အတော်စိတ်ညစ်ရလိမ့်မယ်ကွ.."

ဦးထက်ကောင်းက အစောကြီးတည်းက ဒီအပြောမျိုးနဲ့ သတိပေးသလို ပြောထားခဲ့ဖူးသည်။

"လုပ်လေ ... လူငယ်တွေစီးပွားရေးကို စိတ်ဝင်စားကြတာ ငါတော့ သဘောကျတယ်၊ မင်းမိဘတွေလို စက်ရုံတွေနဲ့ထုတ်ကုန်တွေနဲ့ လုံးထွေးကြီးစားနေရတာ အကျိုးအမြတ်များရင်များမယ် ကိုယ့်ရဲ့ရှင်သန်ခွင့် သက်တမ်းကို လျော့ချနေတာနဲ့တော့တူတယ်ကွ..

..ဘာလို့ဆို စဉ်းစားကြည့်လေ..လူရော စိတ်ရော ပင်ပန်းနေမှတော့ rest တိုင်းမ်မှ မရှိတော့တာ၊ ကုမ္ပဏီလုပ်ငန်းကြီးတွေကို လက်ချိုးရေတွက်ချပါတယ်..ငါကတော့ အားပေးတယ်၊ ငါ့တူပါနေတဲ့အတွက် ငါလည်း ပါမယ်.."

ဘွဲ့ရပြီးတာနဲ့ ကုမ္ပဏီလုပ်ငန်းကို စတင်ထူထောင်ခဲ့ကြသည်။ ဦးထက်ကောင်းရဲ့ အကူအညီနဲ့ ဝါရင့်စီးပွားရေးသမားတွေ ထပ်ပြီးရှယ်ယာ ပါလာတော့ တိုးတက်သည့် အရှိန်အဟုန်က မြန်သည်။

ဒီခေတ်မှာ တွင်ကျယ်နေသည့် ဈေးကွက်စီးပွားရေး စနစ်ကိုကြည့်ပြီး cosmetics ပစ္စည်းတွေပေါ်မှာ အားလုံးမျက်စိကျခဲ့တာလည်း လမ်းကြောင်းမှန်သွားခဲ့၏။ စီးပွားရေးပေါ်မှာ နှစ်ယောက်သား ဖောက်ချလုပ်ခဲ့ကြတာ တက်ညီလက်ညီနှင့် ဘာတစ်ခုမှ အဆင်မပြေစရာ အဖုအထစ်မရှိခဲ့သေး..။

ဆောင်းမျက်နှာကို တစ်အိမ်လုံးက ကာလာလို့ပဲခေါ်ကြသည်။ ဒီနာမည်ကို ကြားနေကျမဟုတ်သော မိုးဆက်လေက ကြားသွားခဲ့ပြီး..။

"ဘာလို့ကာလာလို့ ခေါ်ကြတာလဲ.."လို့ မေး၏။

"ငါ့ညီမသိဘူးလား..မင့်ကောင်က ငယ်ငယ်တုန်းက ဒီလိုမဟုတ်ဘူး၊ ယောကျ်ားလေးသာဖြစ်တာ ဘိုမရုပ်လေး ကျနေတာပဲ..သူ့မျက်နှာမှာ ပါးမို့လေးတွေ နှုတ်ခမ်းလေးတွေက ဘာမှခြယ်ထား မဟုတ်ဘဲ


www.burmeseclassic.com

www.burmeseclassic.com


နှရဲနေတာ၊ အဲ့ဒါကြောင့် ကာလာလေးလို့ခေါ်ခဲ့ကြရင်း ကာလာဖြစ်သွားတာ လို့ ဆောင်းမျက်နှာရဲ့ အစ်ကိုလတ်က ရှင်းပြပြီး ရယ်သည်။

ဒီနာမည်ကို မသိတဲ့လူကမေးတိုင်း အိမ်သားတစ်ယောက်ယောက်က ရှင်းပြတိုင်း သူ့ဘဝက ဘိုမရုပ်ဖြစ်နေရသဖြင့် ဆောင်းမျက်နှာအသေ ရှက်သည်။ ထို့ကြောင့် ကာလာလို့ခေါ်ရင်မကြိုက်.. ၊

ဒါပေမယ့် ဘယ်သူမှမခေါ်တဲ့နာမည်ကိုပဲ ခေါ်မယ်ဆိုပြီး မိုးဆက်လေခေါ်ခဲ့တာကို သူ မတားနိုင်ပေ.. ၊

"ငါကတော့ တခြားနေရာတွေမှာ မပေါ်လွင်ချင်ပါဘူး..ဒါပေမယ့် မင်းနဲ့ပတ်သက်သမျှ ငါပဲထူးချင်တာ၊ မင်းရဲ့အခွင့်အရေးတွေ ငါလည်းရရှိမှာပေါ့.."တဲ့.. ၊

ဘာကိုပြောမှန်းမသိပေမယ့် ကိုယ့်အတွင်းရေးအပြင်ရေး အလုံးစုံသိထားမှ 'မင်းနောက်ကျောကို ဓားနဲ့ထိုးလို့ရမှာပေါ့..'လို့ သက်ကိုတို့ကပြောခဲ့ဖူး၏။

ဒါပေမယ့် မိုးဆက်လေကို သူခင်မင်ခဲ့တာ ယုတ်လျော့မသွားခဲ့ဘဲ ... ။

☪


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၄)

"ဟက်ချိုး.."

"ဘာဖြစ်တာလဲလူလေး ... နေမကောင်းဘူးလား.."

"ကောင်းတယ်ကြီးကြီး..ညက အပေါ်ဆန်းရှိတ်မှာ အိပ်ပျော်သွားတော့ လေတိုက်လို့ထင်တယ်..ဟက်ချိုး.."

လက်ကိုင်ပဝါနဲ့အုပ်၍ မျက်နှာလွှဲနှာချေလိုက်ရင်း ထမင်းစားခန်းထဲဝင်ခဲ့ည်လုပ်မှ.. ।

"အန်တီမေ..အန်တီမေ.."

"ဟေ.."

အိမ်ကကောင်မလေးတစ်ယောက် အပြေးရောက်လာကာ.. ।

"အပြင်မှာ အစ်မတစ်ယောက် ရောက်နေတယ်..ဦးဆောင်းမျက်နှာနဲ့ တွေ့ချင်လို့တဲ့.."

"ဘယ်သူလဲ.."

"သမီးမသိဘူး..လှတာတော့ တော်တော်လှတယ်သိလား..ဟီး ဟီး..အစ်မသူ့ကိုမြင်တော့ ငေးနေမိလို့.."

ဒေါ်မေလင်းက ဆောင်းမျက်နှာကိုမေးခွန်းပါသည့် မျက်လုံးတွေနှင့်ကြည့်သည်။ ဆောင်းမျက်နှာကမဖြေဘဲ အပြင်ထွက်မည်ပြင်လိုက်လျှင်..।

"သားမသွားနဲ့..စားစရာတွေ ပြင်ထားတာအေးကုန်လိမ့်မယ်၊ သွား [illegible]"

ဒေါ်မေလင်းက ဆောင်းမျက်နှာနဲ့ ချိန်းမထားသည့် လူမှန်းသိလိုက်သောကြောင့် ကိုယ့်ဘာသာ အပြင်ထွက်လာခဲ့၏။ ဒီတံခါးကို အိမ်ကကောင်မလေးတွေက လူကြီးအမိန့်မရဘဲ ဘယ်တော့မှ ဖွင့်ပေးခဲ့တာမဟုတ်။

ညှိခန်းကိုလွန်သည်နှင့် တံခါးအပြင်မှာ ရပ်နေသောမိန်းကလေးကိုမြင်လိုက်ရသည်။ စုဘူးမ ပြောရင်လည်း ပြောလောက်စရာပါ။ နီညိုနဲ့ရှားရင်ဆောင်းအပွင့်တွေကို ဒူးနားနဲ့ရင်ဘက်ပေါ်မှာပဲ ကပ်ထားသည့်ဆင်စွယ်ရောင်ဖြဲဘာဝတ်စုံနှင့် ခပ်စောင်းစောင်းကိုယ်ဟန်က အမို့အမောက် အရှိုက်အဝန်းတို့နှင့် ကိုယ်ပေါ်မှာ တစ်သားတည်းလို ကပ်ချပ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



ပခုံးသာသာဆံပင်တွေက အဖျားနားမှာ ခပ်တွန့်တွန့် ကောက်ရုံလေးနှင့် အလယ်ခွဲ ဖြန့်ချထား၏။ နှာတံကော့ကော့လေးက ထင်းနေသည်။ ထောင့်ချိုးလေးတွေပေါ်ကာ ထူပြည့်သည့်နှုတ်ခမ်းလေးတွေက နှုတ်ခမ်းနီဆိုးထားတာဖြစ်နိုင်ပေမယ့် နဂိုအရောင်လေးလိုပဲ လှနေသည်။

အနီရဲရဲဆလင်းဘက်ခ်ကို လွယ်ထားကာ စိတ်မရှည်သလို ဖျတ်ခနဲလှည့်လာသည့် မျက်ဝန်းလေးတွေနဲ့ ဒေါ်မေလင်းအကြည့်ချင်း ဆုံသွားခဲ့၏။ အတုတပ်ထားသလား ထင်ရအောင် မျက်တောင်ကော့တို့က ကော့နက်ရှည်လျားကြ၏။ ပြီးတော့ အပြာရောင်သီသာသော မျက်ဝန်းတို့နှင့်.. ၊

"သမီးစောင့်နေရတာ ဆယ်မိနစ်တောင် ရှိနေပြီ.."

ဟင်.. ၊

အပြာရောင်သည် အေးချမ်းရမည့်အစား ဒေါ်မေလင်းကိုမြင်လိုက်သည်နှင့် ဒေါ်သရောင်စူးလက်သွားခဲ့၏။ စဘူးမလိုပဲ ကိုယ်လည်းမြင်မြင်ချင်း ငေးမိသွားတာကြောင့် သူမရဲ့ဆီးကြို ပြစ်တင်ခြင်းကို ခံလိုက်ရတာ.. ၊

"ဒီလိုရှိတယ်လေကွယ်..မင်းက ဖိတ်ကြားထားတဲ့ဧည့်သည်မှ မဟုတ်တာ၊ နောက်ပြီးတော့ စောစောစီးစီးလေ.."

"သမီးကလည်း ခုပဲကားဂိတ်ကနေ လာခဲ့တာလေ..တည်းခိုစရာဆွေမျိုးလည်း မရှိတော့ ဒီကိုတန်းလာခဲ့တာပေါ့၊ ဘာပဲဖြစ်ဖြစ် အန်တီတို့လုပ်ပုံက အိုဗာတင်းလွန်းပါတယ်.."

"ဘယ်လိုကွယ့်.."

"သမီးက ဒါရိုက်တာဦးကျော်ရှိန်ရဲ့ သမီးပါ.."

"ဦးကျော်ရှိန်ဆိုတာ ... "

"သမီးကို ဒီမှာပဲရပ်ခိုင်းပြီး အပြီးစစ်မေးမလို့လား.."

"ဟင်.."

"ဒါဆိုလည်း နှစ်ခါပြေမနေရအောင် ဦးဆောင်းမျက်နှာကိုပဲခေါ်ပေးပါ..ဦးကျော်ရှိန်ကိုတောင် မသိတဲ့အန်တီကို ပြောနေလည်းအပိုပဲမို့လို့.."

ဒေါ်သ ထောင်းခနဲဖြစ်သွားသည်။ ထိုစဉ် ဆောင်းမျက်နှာက ခြေလှမ်းမှန်နှင့် ထွက်လာခဲ့လျက်.. ၊

"ဦးကျော်ရှိန်မှာ သမီးရှိတယ်လို့ မကြားမိဘူး.."

"ဩော်..ဦးကျော်ရှိန်ဘာလုပ်လုပ် ရှင့်ကိုအသိပေးချင်မှ ပေးမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ဦး ဦးကျော်ရှိန်သမီးဖြစ်ကြောင်း ဘယ်လိုစစ်ဆေးချင်သေးလို့လဲ..”

တလက်လက်တောက်နေသည့် မျက်လုံးတွေကိုကြည့်ရင်း သူမတစ်ကိုယ်လုံးကို မျက်လုံးက အလိုလို ရောက်သွားမိ၏။ ပြီးမှ ဖျတ်ခနဲ သတိတရ မြန်လွဲကာ.. ၊

“စဘူး...တံခါးဖွင့်လိုက်ပါ..”

“ဟုတ်..”

စဘူးက သော့ကိုင်ထားတာမို့ ရှေ့ကိုတက်လာပြီး ကမန်းကတန်း ဖွင့်သည်။ သူမအထဲကို ဝင်လာပုံက ကိုယ့်အိမ်ကိုယ့်ရာလို သွက်သွက်လက်လက်ဖြစ်နေ၏။ ဒါမှမဟုတ် ပိုင်စိုးပိုင်နင်းလို့ ပြောရမလား.. ၊

ဒါပေမယ့် သူမကိုယ်ကနေ ဆွတ်ပျံ့ကျန်ရစ်သည့် ရိုစ့်ရေမွှေးနံ့ကြောင့် သူ့နှတ်ခမ်းတွေ ပြုံးယောင်သမ်းသွားခဲ့သည်။ ပန်းနံ့တွေထဲမှာ ရေမွှေးနှင်းဆီနံ့ကို သူအကြိုက်ဆုံး... ၊

ကိုယ်တိုင်က ရေမွှေးဆွတ်တာ ဝါသနာမပါသလို သူများကိုယ်က မွှေးတာနံ့တာ ဘယ်လိုရေမွှေးနံ့ဖြစ်ဖြစ် သူမကြိုက်ပေ။ သို့သော် ဒီထဲမှာ နှင်းဆီရေမွှေးနံ့တော့မပါ.. ၊

“ဦးကျော်ရှိန်ရဲ့ သမီးဆိုတည်းက ချူဘာလို့ရောက်လာသလဲဆိုတာ ဦးဆောင်းမျက်နှာ သိသင့်တယ်..”

ဆိုဖာမှာ ထိုင်လိုက်တာနှင့် သူမပဲစတင်တိုက်ခိုက်လာကာ.. ၊

“ဦးဆောင်းမျက်နှာက ရှယ်ယာအများဆုံးပိုင်ဆိုင်သူအဖြစ်နဲ့ ကုမ္ပဏီကို ဖျက်သိမ်းဖို့ကြိုးစားတယ်...ဘာမှမတတ်နိုင်တဲ့လူတွေက ကိုယ့်အထုပ်ကိုယ်ပိုက်ပြီး လှည့်ပြန်ခဲ့တယ်..”

“မင်းအဖေကတော့ ရှယ်ယာကို မယူခဲ့ဘူး ... ဒါပေမယ့် သူဆုံးသွားတယ်၊ ဒါကြောင့် အဲ့ဒီကိစ္စတွေကို မပြီးပြတ်ဘဲ ရပ်ထားလိုက်ရတယ်.. အခုမင်း ပြောချင်တာဘာလဲ..”

“သူ့အဖေရှယ်ယာတွေ ပြန်လိုချင်လို့ ဖြစ်မှာပေါ့သားရယ်..”

“ဟွန်း..”

သူမရဲ့ မဲ့ပြုံးက နာကျင်မှုတွေနဲ့ပါလား.. ၊

ဒီကိစ္စအတွက်နဲ့ ခုလိုပုံစံမျိုးဖြစ်ကြစရာ ဘာအကြောင်းမှ မရှိဘူးခင်သည်။ သူ့ဘက်က ဖျက်သိမ်းသည်ဖြစ်စေ မဖျက်ဘူးဖြစ်စေ ဒီကုမ္ပဏီနေရာကနေ ပျောက်ကွယ်သွားမှ နှတ်ထွက်မည်ဆိုပြီး ဒုထိကျန်ရစ်တဲ့


www.burmeseclassic.com

www.burmeseclassic.com


သူတွေလည်းရှိနေတာပဲ..။

"အခု မင်းဘယ်လိုဖြစ်ချင်တာလဲလို့ မေးသင့်ပေမယ့် မင်းက ဦးကျော်ရှိန်ရဲ့ သမီးဟုတ်မဟုတ် ဘယ်လိုသက်သေပြမှာလဲဆိုတာကို အရင် မေးရလိမ့်မယ်..ငါသိသလောက် ဦးကျော်ရှိန်မှာသမီးမရှိဘူး၊ အသက်နှစ်ဆယ့်ခြောက်နှစ်အရွယ် သားတစ်ယောက်က လေတပ်ထဲမှာ အရာခံဗိုလ်.. နှစ်ဆယ့်နှစ်နှစ်သားအငယ်က သူ့အဒေါ်တွေရှိတဲ့ မဲဆောက်မှာလိုက်နေတယ်၊ သေချာတာကဦးကျော်ရှိန်နဲ့ သူ့မိသားစုတွေ အဆင်မပြေကြတဲ့အ တွက် ဦးကျော်ရှိန်က တစ်ယောက်တည်း နေခဲ့တာဆယ်နှစ်ကျော်ပြီဆိုတာပဲ.."

"သူ့ဟာသူ တစ်ခြမ်းတည်းနေတယ်ပဲပြောပြော သူ့မိသားစုတွေနဲ့ ဘာလို့ အဆင်မပြေတာလဲဆိုတဲ့ အကြောင်းတွေမှာ ဘယ်လိုလျှို့ဝှက်မှုတွေ ရှုပ်ထွေးမှုတွေ ရှိနေသလဲ..အဲ့ဒါ ရှင်မသိနိုင်ပါဘူး.."

"ဟုတ်တယ်..ဒါပေမယ့် သူ့ရှယ်ယာကိုပိုင်ဆိုင်ချင်လို့ သေမှရင်ဘက်ထု ငိုပြလာတာလည်း ရှိနိုင်တာပဲ.."

ချူလို့ ကိုယ့်ကိုယ်ကိုပြောနေသည့် သူမကို စိုက်ကြည့်၍ ဆောင်းမျက်နှာက အေးဆေးပြောနေကာ..။

"ခုထိ မင်းနာမည်ကိုတောင် ငါတို့မသိရသေးဘူး.."

"နာမည်က ကြိုက်သလို ပြောလိုက်လို့ရပါတယ်.."

သူမက မထီမဲ့မြင်ပြောရင်း ဆလင်းဘက်ခ်ဘေးအိတ်ထဲက ID ကဒ်တစ်ခုကို ထုတ်လိုက်ပြီး စားပွဲပေါ်ချသည်။ ပြီးတော့ ဆောင်းမျက်နှာရှေ့ကို တွန်းပို့လိုက်၏။

မှန်ပြင်ပေါ်မှာ ရှောခနဲပြေးဝင်လာသည့် ကဒ်ကသူ့ရှေ့မှာ အတိအကျ ရပ်တန့်ဖို့ မရှိသည်မို့ လက်နဲ့ဖမ်းအုပ်ထားလိုက်ရင်း ဆောင်းမျက်နှာ တင်းသွားမိသည်။ သူမက ခပ်လွန့်လွန့် အပြုံးနှင့်အေးဆေး..။

"ကြည့်လိုက်မှ ပိုကောင်းသွားမှာမို့ပါ..ကြည့်လိုက်လေ.."

ဒေါ်မေလင်းလည်း ဒီမိန်းကလေးအမူအရာ အပြောအဆိုတွေ ခပ်ရိုင်းရိုင်းဖြစ်နေတာကို သည်းမခံနိုင်ဖြစ်ရရင်း..။

"နာမည်ဘာဖြစ်ဖြစ် ထားလိုက်ပါ..မင်းက ဦးကျော်ရှိန်ရဲ့ သမီးဖြစ်တယ်ဆိုပြီး ဆက်ပြောရအောင်..အခု ဘာဖြစ်ချင်တာလဲဆိုတာ ပြောပြပါလား.."

"အဲ့ဒီမေးခွန်းကို ဦးဆောင်းမျက်နှာမေးလာဖို့ စောင့်နေတာပါ –



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်တဲ့လူ ဝင်မမေးနဲ့ဆိုတဲ့ သဘော.. ၊

ဆောင်းမျက်နှာနှင့် သူမမျက်လုံးချင်း ဆုံသွားခဲ့သည်။ အပြာရောင် င်းနေသလိုရှိပေမယ့် ဒီမျက်လုံးတွေက သူ့ကိုရင်းနှီးနေသလို ခံစားနေရ သည်၊ ဆောင်းမျက်နှာ မျက်ခုံးတန်းတွေ တွန့်ကုတ်သွားခဲ့၏။ သူမကိုယ်ကို နေပြီး ဒေါသတွေအကျိတ်အခဲတွေနဲ့ စုဆောင်းပြင်ဆင်လာတာလား..၊

ဒါပေမယ့် သူမကို သူလုံးဝမသိ.. ၊

"ဟုတ်ပြီ ... အခုငါမေးပြီ မင်းဘာဖြစ်ချင်တာလဲ.."

ကဒ်ကို စားပွဲပေါ်ပစ်ချလိုက်တော့ ကောက်ကြည့်မလိုဒေါ်မေလင်း တ်ပြင်မိသေးသည်။ ပြီးတော့မှ သူမရဲ့အကြောင်းသုံးပါးမရွေးသည့် နှုတ် ားက စကားလက်နက်ကြောင့် မကိုင်ဖြစ်ဘဲ နာမည်ကိုပဲအမိအရ ဖတ် ည့်လိုက်မိ၏။

နှင်းဆီချူဆိုပါလား.. ၊

"ချူဘာဖြစ်ချင်သလဲဆိုတာက နည်းနည်းတော့ရှင်းပြဖို့ရှိတယ်.."

"မလိုဘူး..ငါလိုချင်တာအဖြေတစ်ခုပဲ၊ အဲ့ဒါ ငါပေးနိုင်တာ မပေး တာ ဆုံးဖြတ်ဖို့အတွက်.."

"ချူက ဖေဖေ့ရှယ်ယာတွေကို ပြန်လိုချင်တာ မဟုတ်ပါဘူး..ဒီမှာ ည်း အလုပ်မလုပ်ချင်ဘူး၊ ကုမ္ပဏီကိစ္စအဝဝကို ကိုယ်မနားမလည်ဘဲ ယာရှိနေတာကို အကြောင်းပြပြီးနေတော့ ဘာထူးမှာလဲ ... "

"ငါမင်းဘက်က အခြေအနေကိုမေးနေတာ မဟုတ်ဘူး..နှင်းဆီချူ.."

"ဘာပဲဖြစ်ဖြစ် ချူ့ဆုံးဖြတ်ချက်ကို ရှင်သိချင်တာ မဟုတ်ဘူးလား.."

သူ့မျက်နှာ မကြည်မလင်နဲ့ မျက်နှာလွှဲ၏။ သူမက ပြုံးလိုက်ပြီး..၊

"ရှင်နဲ့ဦးမိုးဆက်လေတို့နှစ်ယောက် ဒီကုမ္ပဏီကြီးကို နှစ်ယောက် ည်းလက်ဝါးကြီးအုပ်ဖို့ အားလုံးကို ဖယ်ထုတ်ခဲ့တဲ့ကိစ္စတွေကို.."

"ဟေ့..မင်းပြောနေတာ ဘောင်ကျော်နေပြီနော်.."

"ဘောင်ဆိုတာ ချူမပြောသင့်တဲ့စကားလား..ဟွန့် မပြောသင့်တဲ့ းကို ပြောနေတည်းက ပြောရဲလို့ပြောနေတာဆိုတာ ဦးဆောင်းမျက်နှာ ားသင့်တယ်..ကုမ္ပဏီတစ်ခုရဲ့ စည်းကမ်းကျင့်ထုံးတွေကို ရှင်တို့ သုံးလုပ်ပါတယ်..ဒါကြောင့်လည်း ကုမ္ပဏီကိုဖျက်သိမ်း လျှာထား နဲ့ အတည်ပြုကြပြီး သဘောတူလက်မှတ်ထိုးကြတာပေါ့.."

"အဲ့ဒီတော့.."



www.burmeseclassic.com

www.burmeseclassic.com


"အဲ့ဒါတွေက ကြံစည်မှုတွေပဲ..ရှင်တို့နှစ်ယောက် ပိပိရိရိ ကြံစည်တာတွေလေ၊ ဝါရင့်စီးပွားရေး ပညာရှင်တွေကို ခေါ်သွင်းတယ်..ပညာရှင်ဆိုတော့ ပြန်ကန်ထုတ်တယ်၊ အရမ်းကို ကလေးဆန်ပါတယ်..အဲဒါတွေကို ဖေဖေကသိနေခဲ့တယ်ဆိုရင် ရှင်ယုံမလား.."

မယုံဘူးလို့ ရင်ထဲမှာပြောလိုက်မိသည်။ ကုမ္ပဏီဒါရိုက်တာတွေ ကိုးယောက်ရှိသည်။ ဒီထဲမှာ သူတို့လေးစားအားထားခဲ့တာ သုံးဦးပဲရှိသည်။ ဦးကျော်ရှိန်ဆိုတာ သူတို့အတွက် ချမ်းသာသူ တစ်ယောက်အဖြစ်ထက် ဘာမှမပိုခဲ့တဲ့ လူတစ်ယောက်.. ၊

နောက်ပြီး အတွင်းစကားမှန်သမျှ မိုးဆက်နဲ့သူ ကုမ္ပဏီမှာ သိပ်ပြောဖြစ်ကြတာ မဟုတ်ပေ။ အချိန်တိုင်းလိုလို အတူရှိနေခဲ့ကြသော သူတို့အတွက် ဘယ်လိုစကားကိုဖြစ်ဖြစ် ညရောက်မှ ပြောဖြစ်ကြတာများသည်။

အပြင်မှာထွက်လည်ပြီး စားသောက်ကြရင်း ပြောဖြစ်တာတွေလည်း ရှိ၏။ အထူးသဖြင့် လျှို့ဝှက်အပ်သောစကားတွေ အကြောင်းအရာတွေဆိုပြီး ဂရုစိုက်ခဲ့ကြ၏။ ဒါကို ဦးကျော်ရှိန်လို အနေအေးပြီး သူတို့နဲ့လည်း ထွေရာလေးပါးတောင် မပြောဖြစ်ခဲ့သည့် လူတစ်ယောက်က သိနေသည်ဆိုတာ.. ၊

"ဘယ်လောက်ထိ သိနေသလဲဆိုရင် အခုရှင်နဲ့ ရှင့်ကုမ္ပဏီကို ထောင့်တစ်နေရာကနေ ထိခိုက်ယိုင်နဲ့အောင် လုပ်ပစ်နိုင်တဲ့အထိ အဲဒါ သက်သေနဲ့တကွ ရှိနေတာ.."

ဘာတွေပြောနေတာလဲ ဒီမိန်းကလေး..မသိရင် SMG ကုမ္ပဏီကြီး နောက်ကွယ်မှာ မကောင်းမှုတွေ ပူးတွဲလုပ် ကိုင်နေတာလိုလို။ ဒေါ်မေလင်း တော့ ကုမ္ပဏီလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဘာမှမသိပေမယ့် ဒီလိုမျိုးတစ် သူ ခြိမ်းခြောက် ပြောဆိုနေ တာ ခေါင်းငုံ့ခံရလောက်အောင် မဟုတ်တာ မရှိခဲ့ဘူးပဲ ယုံကြည်နေသူဖြစ်ရာ.. ၊

"သက်သေရှိနေတယ်ဆိုတာ မင်းက.."

"ကြီးကြီး ခဏ.."

ဆောင်းမျက်နှာက တားဆီးလိုက်တော့ အံ့သြသွားမိသည်။ မယ့် ဆောင်းမျက်နှာရဲ့မျက်ဝန်းတွေကလည်း ထိတ်လန့်ဗျာများနေ တစ်စက်မှမရှိဘဲ တည်ငြိမ်နေကာ.. ၊

"ပြောပါဦး.."


www.burmeseclassic.com

www.burmeseclassic.com


သူမကိုပဲ မေးဆတ်၍ ဆက်ပြောခွင့် ပြုလိုက်သေးသည်။ ချူက ဒေါ်မေလင်းကို ငုံကြည့်ပြီးပြုံးလိုက်ရင်း ...

"ချူ့မှာ ရည်ရွယ်ချက်ရှိတယ်..အဲ့ဒါက ကုမ္ပဏီရှယ်ယာကို ပြန်လိုချင်တာလည်း မဟုတ်ဘူး..ဖေဖေ့နေရာမှာ ဝင်ချင်တာလည်းမဟုတ်ဘူး.."

"ဆိုတော့.."

"ချူ ဘာရည်ရွယ်ပါတယ်ဆိုတာ မပြောနိုင်သေးခင်အချိန်ထိ ဒီအိမ်မှာ နေချင်တယ်.."

ဒေါ်မေလင်း ကွက်ခနဲ မျက်နှာပျက်သွားသည်။ ဆောင်းမျက်နှာ ချက်မှောင်ကုတ်သွား၏။

"တစ်ခုကတိပေးနိုင်တာက ချူဒီမှာနေသရွေ့ ချူ့ကြောင့် ဘာပြဿနာမှ မဖြစ်ရဘူး..ပြီးတော့ အလွန်ဆုံးသုံးလ ကြာရင်ငါးလ.."

"မဖြစ်နိုင်ဘူး.."

"ဘယ်လိုမှကို မဖြစ်နိုင်ဘူး ကလေးမ.."

"ချူ့နာမည် နှင်းဆီချူပါ.."

"အေး..မင်းပုံစံ ဒီလိုဆက်ဆံရေးမျိုးနဲ့.."

"ချူကလည်း ပြည်တော်ဝင်ခွင့် တောင်းနေတာမဟုတ်ပါဘူး.."

ဒေါ်မေလင်းကိုပြောပြီးမှ ဆောင်းမျက်နှာဘက် ဆတ်ခနဲပြန်ကြည့်သည်။

"လက်ခံနိုင်လား..မခံနိုင်ဘူးလား ရက်စ်အော်နီးပဲ.."

ဒီတစ်ခါ ဆောင်းမျက်နှာ ဆုံးဖြတ်ရမှာမို့ ဒေါ်မေလင်းမချင့်မရဲနဲ့ ငြိမ်နေလိုက်ရသည်။ ချူနဲ့ဆောင်းမျက်နှာ အကြည့်ချင်း ပြိုင်ဆိုင်စူးစိုက်နေခဲ့ပြီး ဘယ်သူကမှ မျက်လုံးမလွှဲပေမယ့် ချူ့နှုတ်ခမ်းလေးတွေ လွန့်ခနဲ ကွေးညွှန့်သွားပြီး ပြုံး၏။

ဆောင်းမျက်နှာ ခေါင်းညိတ်လိုက်သောအခါ.. ။

ကြည့်စမ်း.. ။

ဒေါ်မေလင်း ဘယ်လိုမှ နားမလည်နိုင်တော့ဘဲ.. ။

☪


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၅)

"ဘယ်လိုလုပ်လိုက်တာလဲ လူလေးရယ်..မိန်းကလေးတစ်ယောက်က ယောကျ်ားပျိုတစ်ယောက်တည်း ရှိတဲ့အိမ်မှာ မသိကျွမ်း မရင်းနှီးဘူးဘဲ နေခွင့်တောင်းရဲလိုက်တာ..ဒီလိုမိန်းကလေးကို.."

"ကျွန်တော် စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာကြီးကြီး..သူ့ဘက်မှာလည်း ဒီအလုပ်ကို စိတ်ဝင်စားမှု မရှိဘူး၊ ငွေလိုတာလည်း မဟုတ်ဘူး..ဒါကြောင့် သူလိုတာရဖို့အတွက် သူနိုင်ရာနဲ့အကျပ်ကိုင်တာ၊ ဒီအဖြစ်မှာ နောက်ထပ် ကောက်ကွေ့မှု မရှိဘူးလို့ ကျွန်တော်ယုံကြည်တယ်.."

"ဘာကြောင့်ယုံတာလဲလို့တော့ ကြီးကြီးမမေးချင်ပါဘူး..မိန်းကလေး က မပြောမဆိုရက်အောင် လှနေတာကိုး.."

"ကျွန်တော် သူ့ကိုသဘောကျလို့ မျက်စိမှိတ်ဆုံးဖြတ်လိုက်တာ မဟုတ်ပါဘူး.."

"ဟုတ်နေရင်လည်း လူလေးကို အပြစ်မတင်ပါဘူး..ဒါပေမယ့် ကြီးကြီးကတော့ ချူဆိုတဲ့မိန်းကလေး လုံးဝမရိုးသားဘူးဆိုတာ ခံစားမိနေတယ် ..သူ့ရင်ထဲမှာ နောက်ထပ်အစီအစဉ်တစ်ခု ရှိနေတာသေချာတယ်၊ အဲ့ဒါကို လည်း အခု သူလိုချင်တာကို ရအောင်ယူသွားသလို သူယူနိုင်ဦးမှာပဲ..အကြီး ကြီးလား မဆိုစလောက်လား ဆိုတာကတော့.."

"ကြီးကြီး စိတ်အေးအေးထားပါ..ကျွန်တော် ဒီကိစ္စကိုရှင်းပါ့မယ်.."

ကော်ဖီသောက်နေရင်း အေးဆေးပဲ ကတိတွေ ပေးနေသည်။ ဒေါ်ခေ လင်းကတော့ ပေါင်မုန့်မီးကင်စားနေရတာ ပေါင်မုန့်တင်မကဘဲ ကိုယ့်လည် ချောင်းပါ မီးကင်ခံနေသလို ခြောက်သွေ့နာကျင်နေသည်။

ထို့ကြောင့် ကော်ဖီကို ဆက်တိုက်မော့ပြီးမှ ပြန်ချကာ.. ၊

"မင်းအမေနဲ့ ညွှန့်သည်တွေလည်း ဒီအပတ်မှာပဲ ရောက်လာကြမယ် ထင်တယ်..အိမ်မှာမိန်းကလေး ချောချောလှလှလေးတစ်ယောက်နဲ့ ဘာတွေ ဆက်ဖြစ်ကြမလဲ.."

"ချောတဲ့မိန်းကလေးရော မချောတဲ့မိန်းကလေးရော ကျွန်တော့် အတွက် ဘာမှမထူးခြားဘူး ကြီးကြီး.."



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လို.."

"အဲ့လိုကိစ္စတွေ အဆင်မပြေဖြစ်သွားလည်း ဘယ်ဘက်ကိုမှ နှမျော ...သဖို့ မရှိတာကိုပြောပြတာ.."

"ဖြစ်ရလေ လူလေးရယ်..မင်းလက်ထပ်တဲ့အထိ မဟုတ်ပေမယ့် ...ပေါ်ဖို့ပြင်လိုက်တိုင်း ပျက်ပျက်နေတာ ကောင်းတယ်မှတ်လို့လား.."

"မကောင်းတာကို ကိုယ်လုပ်ယူနေတာမှ မဟုတ်ဘဲ.."

ကော်ဖီပန်းကန်ကို ချလိုက်ပြီး နာရီကြည့်မိသည်။ ပြီးတော့ နေရာမှ ...တာ.. ।

"အဲ့ဒီမိန်းကလေး နိုးလာရင်လိုအပ်တာတွေ လုပ်ပေးလိုက်ပါ..ကြီး ...သဘောမတွေ့ဖြစ်နေရင်လည်း စဘူးတို့ မကြည်အောင်တို့ရှိတာပဲ.."

မင်းမှ အပြောကောင်းဆိုသည့် မျက်နှာနှင့်ဒေါ်မေလင်း ကျန်ရစ်ခဲ့၏။ ...ဆောင်ကြိုးစားနေရမည့် ဆောင်းမျက်နှာလည်း အခန်းအပြင်ရောက်တာ ... နှုတ်ခမ်းအစုံက တင်းတင်းစေ့ပိတ်ထားခြင်းသို့ ရောက်ကာ၊ ဖုန်းထုတ် ... ।

"သက်ကိုလား...အေး ငါ.."

"......... ......"

"ဟုတ်တယ် ... ပြောစရာရှိလို့၊ မင်းအခုထွက်ခဲ့စမ်းပါ ... ငါနဲ့ ...တစ်ခါ ထိုင်တဲ့ဆိုင်လေ.."

"........ ........"

"အေး..အဲ့ဒီမှာစောင့်နေ၊ ငါပြောစရာရှိ..ဟ.."

"ဒေါက်.."

ကားသော့ဖြုတ်ပြီး ဒီဘက်လှည့်လိုက်လျှင် နောက်မှာရောက်နေသည့် ...နဲ့ တိုက်မိမလိုဖြစ်သွား၏။ မတိုက်မိဘဲ လက်ထဲကဖုန်း လွတ်ကျသွား ... ...

"မင်း.."

"ဘယ်လိုဖြစ်ရတာလဲ.."

ချူက ပခုံးနှစ်ဖက်တွန့်၍ လက်လေးဖြန့်ကာ လှောင်ရိပ်သမ်းသော ...ဝန်းတို့ဖြင့်.. ।

"ရှင့်ကိုချူ ဘာမှ မလုပ်ရသေးဘဲနဲ့.."

ဆောင်းမျက်နှာသည် နွေမျက်နှာဖြစ်သွားခဲ့လျက်...


www.burmeseclassic.com

www.burmeseclassic.com


"မင်းဘာလို့ ငါ့နောက်ရောက်နေတာလဲ.."

"ရှင့်ကိုစကားပြောစရာ ရှိလို့လေ..ယောကျ်ားကြီးမတန်မယ့် မိန်းက လေးတစ်ယောက်ကို မြင်တာနဲ့ ဒီလောက်တောင် ထိတ်လန့်သွားရလား.."

နောက်ထပ် သူ့မျက်နှာ ရဲခနဲဖြစ်သွားတော့ သူမက လှလှပပလေး ပြုံး၍.. ၊

"ဘာလဲ..ချူက ရှင်လန့်သွားလောက်အောင်..ရုပ်ဆိုး အကျည်းတန် နေလို့လား.."

ပြောလိုက်မှ သူမကိုယ်ပေါ်ကို မျက်လုံးရောက်သွားခဲ့၏။ အားကစား ဝတ်စုံ ချိုင်းပြတ်လည်ဟိုက် ဆွယ်တာလေးကခါးတိုတို ဘောင်းဘီတို စင်း ကျားလေးက ပေါင်တိုလေးနှင့် နဖူးမှာ သားရေခေါင်းပတ်အကျားလေး ပတ်ထားသေးသည်။

ဖွံ့ထွားသော ခါးတင်ရင်အားလုံးက စေ့စေ့ မကြည့်ရဲအောင် ညို့နေ သည့်အတိုင်း။ သူ့မျက်လုံးတွေကို ချက်ချင်းရုပ်သိမ်းကာ.. ၊

"ငါမင်းနဲ့ စကားပြောဖို့ အချိန်မရှိဘူး.."

"ချူ့မှာရှိတယ်..နေဦးဆို.."

သူမက ပြောရင်းထပ်ချပ်မကွာ လိုက်သည်။ လှေကားထစ်တွေ ဆင်း မယ်ပြင်တော့ လက်ကိုလှမ်းဆွဲလိုက်ကာ.. ၊

"ချူ ရှင့်ကားနဲ့လိုက်မယ်.."

"ဘာ.."

သူမ မျက်နှာကိုကြည့်၍ မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ရင်း.. ၊

"မင်းပြောတော့.."

"ဟုတ်တယ်..ကုမ္ပဏီကိစ္စတွေကို ချူ မကျွမ်းကျင်ဘူး၊ ဒါပေမဲ့ အိမ်မှာနေခဲ့တော့လည်း ချူ့ကိုမလိုလားတဲ့ မျက်လုံးတွေရှေ့မှာ တစ်နေကုန် ဘာလုပ်နေရမှာလဲ.."

"ဒါဆိုလည်း အစတည်းက မင်းကို ချစ်ခင်နွေးထွေးစွာ ဆီးကြိုမယ့် တစ်အိမ်အိမ်ကိုသွားဖို့ စဉ်းစားပါလား.."

"အိမ်တိုင်းမှာ အလိမ်အညာတွေ ရှိနေတာမှ မဟုတ်ဘဲ.."

"ဘာပြောတယ်.."

"ဟုတ်တယ်လေ..ကိုယ်နဲ့ပတ်သက်မှု ရှိထားတဲ့အိမ်မှာ နေလို့ရ ပေါ့.."


www.burmeseclassic.com

www.burmeseclassic.com


ပြောပုံက ဟိုဒီကပ်ရှိပြီးမှ အကြောင်းကြောင်းလုပ်ပစ်တာ။ တက်ခေါက်
ဆိုဖြစ်သွားပေမယ့် ကိုယ့်ရှေ့မှာရှိနေတာ မိန်းကလေးတစ်ယောက်ဆို
တာကို သတိထား၍ ထိန်းချုပ်ထားလိုက်ရကာ.. ၊

"ဒီမှာ နှင်းဆီချူ..မင်းမျက်နှာနဲ့ နှုတ်ခမ်းပေါ်က ဘာလိုလို လျှို့ဝှက်
တဲ့ အပြုံးတွေကို ထားခဲ့စမ်းပါ.."

"ထားခဲ့လို့ ဘာယ်ရမလဲ..ဒါကြောင့် ချူဒီမှာနေရတာကို.."

"မှန်တယ်..ဒါပေမယ့် ငါ့ကုမ္ပဏီကို ငါ့ထံပြန်ရောက်ဖို့အတွက်
အဖြစ်ဖြစ် လုပ်ခွင့်ရှိတယ်၊ ကုမ္ပဏီကို ဖျက်သိမ်းတော့မှာလို့ ကြေညာခဲ့
တာက.."

"ဘာကြောင့် ညာကြောင့်လို့ လုံးဝမပြောနဲ့နော်..ရှင်တို့ပြောထားတဲ့
ဒီဃိုရယ်ကော့ဒ် ချူ့မှာရှိတယ်၊ ရှင်နဲ့မိုးဆက်လေတို့ရဲ့ ပစ်မလွဲတဲ့ မျက်နှာ
တွေရယ် 'အဲဒီကိစ္စ မင်းစိတ်ချနေပါ..ငါကြည့်ရှင်းမယ်'လို့ အာမခံခဲ့တဲ့
မိုးဆက်လေရဲ့.."

"နှင်းဆီချူ.."

"အင်း..ပြောလေ.."

သူ ဒေါသတွေဖြစ် ခံရခက်နေခဲ့သမျှ သူမကရယ်စရာဟာသတွေလို
အပြုံးလက်စနှင့် နေရာတကကာ.. ၊

"မင်းနဲ့မိုးဆက်လေ ဘာယ်လိုပတ်သက်သလဲ.."

"ဒါ ရှင်သိဖို့ မလိုပါဘူး.."

"ဖျက်သိမ်းဖို့မဟုတ်ဘဲ ဖျက်သိမ်းတော့မယ်လို့ ကြေညာခဲ့တာ
ပါ့ဘက်က မရိုးသားဘူးဆိုတာ မှန်တယ်.."

"ဟွန်း.."

"ဒါပေမယ့် ငါဘာယ်သူ့ကိုမှ မတရား မလုပ်ခဲ့ဘူး.."

"မရိုးသားတဲ့စိတ်က အများကြီး ညစ်ထေးတယ် ဦးဆောင်းမျက်နှာ၊
ဆေတနာကို စော်ကားတာလည်း အပြစ်ကြီးတယ် ..."

သူမျက်မှောင်ကုတ်သွားတော့ သူမက မဲ့၍ ...

"ကုမ္ပဏီမှာရှိတဲ့ ဒါရိုက်တာတွေက ရှင်တို့ထက်အသက်ကြီးတယ်
ခါရှင့်စီးပွားရေး သမားတွေလည်းဖြစ်တယ်၊ သူတို့ကရှင်တို့ကို လုပ်ချင်ကိုင်
ချင်စိတ်ရှိကြတဲ့ လူငယ်တွေဆိုတဲ့ အမြင်နဲ့ အင်တိုက်အားတိုက် ကြိုးစားထူ
ထောင်ပေးခဲ့တယ်..ရှင်တို့ကတော့.."


www.burmeseclassic.com

www.burmeseclassic.com


"တော်တော့.."

သူတကယ် ဟုတ်ခဲ့သည်။ ဒီလိုလူစားမျိုး မဟုတ်ခဲ့သော်လည်း ထိုပြဿနာမှာ သူတကယ် ကျူးလွန်ခဲ့တာမို့ သူက ဒီလိုလူစားမျိုး အမှန်တကယ် ဟုတ်ခဲ့လေသည်။

ထို့ကြောင့် သူမ စွပ်စွဲနေတာတွေအပေါ် တနုံ့နုံ့ခံပြင်းနေပေမယ့် မချေပနိုင်။ ဒါမှမဟုတ် မိုးဆက်လေကိုပဲ ပြေးရှာပြီး မျက်နှာစုတ်ပြတ်သတ်သွားအောင် ထိုးကြိတ်ပစ်ရမလား ...

ဒီကိစ္စကို အစပျိုးခဲ့တာ မိုးဆက်လေဖြစ်သည်။ အခုသူပဲ အစဖော်ပြီး ပြဿနာထုပ်ကို လွှတ်ထည့်လိုက်သည်။ ယောကျ်ားချင်း မပြေလည်ကြသည့် ကိစ္စမှာ ဒီလောက်တောင် အောက်တန်းကျရသလား ... ပို၍ ခံရခက်နေတာက နှင်းဆီချူက မိုးဆက်လေနဲ့ဘာလဲ ...

"ချူကလည်း မလိုလားအပ်တဲ့ပြဿနာတွေ ရှင်းမနေချင်ပါဘူး ရှင်သာ ချူ့ဘာဝပြောပြော အေးဆေးခေါင်းညိတ်ဖို့ စဉ်းစားထားရင်ပြီးပြီ ချူက ရှင်နဲ့တိုက်ရိုက်ပတ်သက်နေတာဆိုတော့ ရှင်သွားလေရာ လိုက်ချင် လိုက်မယ်..မလိုက်ချင် မလိုက်ဘူး၊ ရှင် မသွားပေမယ့် ချူကသွားချင်ရင် ရှင်လိုက်ပို့ပေးရမယ်..ရှင့်ကို မပို့ခိုင်းတာလည်း ရှိရင်ရှိမယ်.."

သူမက တင်းမာခက်ထန်စွာ စိုက်ကြည့်နေသည့် ဆောင်းမျက်နှာကို ရဲရဲတင်းတင်း ပြန်ကြည့်ကာ.. ၊

"ရှင့်ဒေါသကို ရှင်မထိန်းဘဲ ချူနဲ့အဆင်မပြေဖို့ စလာတာနဲ့ ဒီကုမ္ပဏီကြီး ဘယ်လိုညစ်ပတ်ပြီး အသစ်ပြန်စလာသလဲဆိုတာတွေ ချူ ဖွင့်ချမယ် ... ရှင့်ရဲ့ပါတနာတွေ အသိုင်းအဝိုင်းမိတ်ဆွေတွေ ဘယ်လို ထင်ထင် ဒီကုမ္ပဏီကြီး ပျက်စီးသွားလည်း ဂရုမစိုက်ဘူးဆိုရင်တောင် ချူက အဲ့ဒီအဖြစ်ထဲမှာ ကိုယ်တိုင်ရေးထားတဲ့ App လေးနည်းနည်းပါးပါး ထည့်ပေး လိုက်ရင်တော့.."

သူမက ကျေနပ်အားရစွာ ရယ်လိုက်ပြီး ...

"ရှင့်ဘဝကို ရှင်သေလောက်အောင်စိတ်ပျက်ပြီး 'အမေ ဘာလို့အသက် ရှူတတ်အောင် သင်ပေးခဲ့တာလဲ'လို့ ရှင်ထုငိုကျွေးရတဲ့အဖြစ်မျိုး ရောက်သွားမှာနော်.."

"မင်းတော်တယ်လို့ ထင်ရပါတယ်.."

"အလဲ့.."


www.burmeseclassic.com

www.burmeseclassic.com


"တကယ်က ငါမင်းလောက် မညစ်ပတ်ရဲတဲ့အတွက် မင်းနိုင်နေတာ.."

"စိတ်ချမ်းသာသလို တွေးလေ.."

"စိတ်ချမ်းသာလို့ မဟုတ်ဘူး..မင်းက မိန်းကလေးဖြစ်နေလို့၊ ရတယ်လေ.. it's ok .."

သူ လှည့်ထွက်သွားတော့ ချူ့မျက်နှာပေါ်က ခနိုးခနဲ့ လှောင်ရိပ်တွေ ရုတ်ချည်း ပျောက်ကွယ်သွား၏။ ထိုအစား နာကျင်ဆွေးမြေ့သော မျက်ဝန်းတို့က သူ့နောက်ကျောပြင်မှာ ငြိတွယ်ပါသွားခဲ့ရင်း အံလေးကြိတ်သည်။

မျက်တောင်ရှည်တွေ တဖျတ်ဖျတ်ခတ်လိုက်စဉ်မှာ ရှိလက်စမျက်ရည်တို့ ဝေ့သီနေလျက်.. ၊

အချစ်ကိုပဲ ဖန်ဆင်းယူလို့မရနိုင်တာ မဟုတ်ဘူးဆောင်းမျက်နှာ။ အမုန်းဆိုတာလည်း မုန်းစရာရှိမှ မုန်းလို့ရတာ။ နောက်ထပ် ရှင် မသိသေးတာက အချစ်မှာ ဖွင့်ဆိုချက်တွေ များပြားစွာရှိနေပေမယ့် အမုန်းကတော့ တစ်ခုပဲရှိတယ်.. ၊

အဲ့ဒါက တုံ့ပြန်ခြင်း.. ၊

☪



www.burmeseclassic.com

www.burmeseclassic.com


အခန်း(၆)

"တော်တော် လှတယ်နော် ... "

"စေ့စပ်လိုက်တာလား မသိဘူး ... "

"သွားပါပြီ..ဒီတစ်ခါ တကယ်စေ့စပ်ဖြစ်သွားတာနေမှာ၊ ငါတော့ ဆွေးပြီ.."

"ခစ်..ခစ် မစန္ဒီက MD ကို ကြိတ်ကြွေနေတာလား.."

"ဟုတ်တယ် နရေ..ဒီကုမ္ပဏီကြီး စတင်တည်ထောင်တည်းက တိတ်တခိုး မျှော်လင့်လာခဲ့ရတာလေ.."

"ရှေနော်.."

"မဟုတ်လို့လား စန္ဒီ..တိုက်ကြီးလည်းဆွေး လူလည်းဆွေးလို့ အခုအသစ်စက်စက်ကြီးတောင် ပြန်ဖြစ်နေပြီ..ရှင့်မျှော်လင့်ချက်တွေ.."

"ကြည့်ပါလား..ကဲ ကဲ.."

"ဒေါက်..ချွင်.."

ကုမ္ပဏီက မိန်းကလေးတွေ ထမင်းစားခန်းထဲမှာစနောက် ရယ်မောနေကြစဉ်။ အစသန့်သည့် ရှေကို စန္ဒီကလှမ်းထုရာ၏။ ရှေက ရှောင်လိုက်တော့ အကျီလက်ဖျားနဲ့ငြိကာ ခပ်ရင်းတစ်ချောင်းက ချွင်ခနဲလွင့်ကျသွား၏။

စားသောက်ခန်းလည်းဟုတ် စားသောက်ဆိုင်လည်းဖြစ်သည်မို့ တခြားစားပွဲက ဝန်ထမ်းတွေပါ လှည့်ကြည့်ကြ၏။ အဆိုးဆုံးက ခပ်ရင်းကို ပြေးကောက်ဖို့ စန္ဒီကမန်းကတန်း ထထိုင်လိုက်သော်လည်း တစ်စုံတစ်ယောက်၏ ခြေအစုံမှာ နီးကပ်စွာကျနေခဲ့ခြင်းကြောင့်.. ၊

"အယ်.."

"ဟို.."

တံခါးဝမှာရပ်နေသည့် သူမဆီ အားလုံးရဲ့မျက်လုံးတွေ ရောက်ကုန်ကြသည်။ ခုပဲ မိန်းကလေးချင်း ပြောနေခဲ့ကြတာ သူမအကြောင်း။ သဘောရောင်ကုတ်အကျီပုံ ခါးရှည်လက်ပြတ်လေးနှင့် ဘောင်းဘီရှည်က ငွေရောင်...

ဆံပင်တွေကို ထိပ်ဦးလေးသိမ်းလှန်ပြီး ဖြန့်ချထား၏။ ဝန်းနရောင်နှုတ်ခမ်းသားလေးတွေ အိနေပုံက စကားပြောတော့မလို ပြုံးပြတော့ မလိုလို။


www.burmeseclassic.com

www.burmeseclassic.com


ချောက်နာချိုတာ မဟုတ်ဘဲ မျက်ဝန်းပြာလေးတွေနဲ့ နှုတ်ခမ်းသားတို့က ညှို့ငင်နေတာမျိုး ဖြစ်၏။

လန့်သွားတာရော ကြည့်ကောင်းလို့ကြည့်တာရော နှစ်မျိုးပေါင်းကာ အားလုံး ငေးမောရင်း တိတ်ကျသွားလေသည်။ ချူက တစ်ယောက်ချင်းစီကို လိုက်ကြည့်ပြီးမှ ခြေထောက်နားက ခပ်ရင်းကို ပြန်ငုံ့ကြည့်မိ၏။ ပြီးတော့ နောက်ထပ်ဆုတ်လိုက်ကာ..၊

"ထမင်းစားနားကြတာမလား..စကားပြောဖို့ နားတဲ့အတိုင်း ဆူညံနေတာပဲ.."

ပြောပြီး ခပ်ရင်းကို ကွေ့ရှောင်ဝင်၏။ စားသောက်ကောင်တာဆီ ဆန်းဝင်သွားကာ ခပ်ဝဝနှာခေါင်းတိုတိုနှင့် လူကြီးရဲ့ရှေ့မှာ သွားရပ်လိုက်ပြီး..၊

"ကာပချီနိုတစ်ခွက် လုပ်ပေး.."

"ကာပချီနိုလား..အပူလား.."

"ဟုတ်တယ်..အမြုပ်တွေ မတက်နေစေနဲ့.."

"ဟင်.."

"ဒါပဲ..အမြုပ်တွေ မကြိုက်ဘူး၊ ဖန်ခွက်နဲ့ မထည့်နဲ့.."

ကိုင်းဖန်ခွက်ကိုကိုင်ပြီးမှ လက်ပြန်ရပ်လိုက်ပြီး လူဝကြီးက တအံ့တသြ၊ ထိုမျက်လုံးတွေ စိုက်ကြည့်မိကာမှ ချူ့မျက်နှာလေးပြုံးသွားကာ..၊

"ဆောရီးပါ..ချူက အဲ့လိုသူများကို ဒုက္ခပေးလိုက်ရမှ ကျေနပ်တာ၊ ရတာယ် အဆင်ပြေသလိုဖျော်ပေး.."

လူဝကြီးက ဒီကုမ္ပဏီကော်ဖီဆိုင်မှာ လုပ်လာခဲ့တာ လုပ်သက်ရင့်လှပါပြီ၊ သူ့နာမည်က ကိုဂျမ်းဖြစ်ကာ သူ့ပုံစံကြီးကြောင့် လူငယ်တွေကတော့ ဦးချမ်းလို့လည်း ခေါ်ကြလေသည်။ ကာပချီနိုကို ဒီလိုပုံစံတွေလုပ်ခိုင်းတာ ဒီကုမ္ပဏီကြီးတစ်ခုလုံးမှာ ဘယ်နှစ်ယောက်ရှိလို့လဲ..၊

"ဩော်..ဒီမှာ.."

"ဟင်.."

ချူက သူတွေးချိန်မရလောက်အောင် ရှေ့ပြန်ရောက်လာပြန်ကာ..၊

"ညဲ့ခန်းရှေ့မှာပဲ လာပို့ပေးနော်.."

"ဒါနဲ့ မသိလို့ မေးပါရစေနော်..စိတ်မရှိပါနဲ့..ဒီကညီမက ကုမ္ပဏီက သားမသိဘူး၊ မမြင်ဘူးလို့ပါ.."


www.burmeseclassic.com

www.burmeseclassic.com


ချူ မျက်မှောင်ကုတ်သွားတော့လည်း စိုးရိမ်တကြီးဖြစ်သွားပြန်
ကာ.. ။

"ဒီလိုပါ ညီမလေးရယ်..ဘယ်အခန်းကို လိုက်ပို့ပေးရမယ်မှန်း မသိ
လို့ပါ.."

"ဘယ်အခန်းကိုမှ မဟုတ်ဘူး..ချူက ဦးဆောင်းမျက်နှာရဲ့ညှော်သည်
ညှော်သည်မို့ ညှော်ခန်းကိုပို့ဖို့ပြောတာ မရှင်းတာဘာရှိလို့လဲ.."

ဟုတ်သား.. ။

ညှော်ခန်းကို ပို့ပေးဖို့ ပြောပြီးသားကို ငါ့နှယ်၊ ဒါပေမယ့် ညှော်ခန်းရှေ့
ဆိုတာကရော.. ။

ကိုဂျမ်း ရယ်သွေးသွမ်းရင်း အလုပ်လုပ်သလိုလိုနှင့် ကမန်းကတန်း
မျက်နှာလွှဲသည်။ ချူက မရယ်ပါ။ ဒါပေမယ့် စိတ်ဆိုးဒေါသထွက်သွားတာ
လည်း မဖြစ်ဘဲ ဒီတိုင်း လှည့်ထွက်သွား၏။

သူမရဲ့လည်တိုင်က အနက်ရောင် လည်ကပ်ကြိုးလေးနဲ့ လက်မှာဆင်
ထားသော လက်ပတ်ကြိုးအနက်လေးကလည်း မိန်းကလေးတိုင်းလိုလို ဝတ်
ဆင်နေကြတာပါပဲ။ ဒါပေမယ့် သူမကိုယ်ပေါ်မှာမှ အထူးသဖြင့် လှနေကြ
သည်။

ဆောင်းမျက်နှာနဲ့ ဘာမှသက်ဆိုင်မှု မရှိဘူးဆိုတာ တစ်စွန်းတစ
ကြားလိုက်ကြသဖြင့် စိတ်ဝင်စားနေကြကာ တစ်ယောက်နဲ့ တစ်ယောက်
လက်တို့ မေးဆတ်ကြသည်။ ချူကတော့ အားလုံးရဲ့ကွယ်ရပ်ကျမှ ခပ်ယဲ့ယဲ့
ပြုံးမိကာ 'သူဌေးက လူပျိုချောဆိုတော့ စိတ်ဝင်စားနေကျမှာပေါ့'လို့ စိတ်ထဲ
က ရေရွတ်မိ၏။

သူမရှေ့ကို ကော်ဖီရောက်လာတော့ အပေါ်မြုပ်တွေမပါသော ကာ
ချီနီက အညိုရောင်ကြွေခွက်လေးထဲမှာ တစ်ဝက်လောက်ပဲပါသည်။ ပြီးတော့
ဘေးမှာ သကြားမပါထောပတ်မပါသော ပေါင်မုန့်မီးကင်တစ်ချပ်.. ၊

ချူ မျက်နှာပျက်သွားကာ ဆတ်ခနဲမော့ကြည့်၏။ လာပို့သည့်အ
တိတ်လေးက ခေါင်းလေးငုံ့ပြီးပြုံးပြကာ လှည့်ထွက်သွား၏။

ဒါ ငါမှာခဲ့တဲ့အတိုင်း လုပ်ပေးတာပဲ..ဘာမှမတွေးနေနဲ့တော့..

နှုတ်မှရေရွတ်မိကာ သက်တောင့်သက်သာ ပြန်ထိုင်မိသည်။ ပြီးတော့
နာရီကြည့်၏။ ကော်ဖီကို နည်းနည်းသောက်ပြီး ပေါင်မုန့်ကိုဂုန်အောင်
စားလိုက်သည်။ စားရင်းနဲ့ သူမမျက်လုံးတွေက အငြိမ်မနေ။ ဒါပေမယ့်


www.burmeseclassic.com

www.burmeseclassic.com


ဘီမသာ ပဲဖြစ်ကာ ပေါင်မုန့်ကုန်မှ ကော်ဖီကိုတစိမ့်စိမ့် သောက်၍.. ။
"အ.."
"အို..ဘယ်လိုလုပ်တာလဲ.."
"မင်းခြေထောက်ကြီးက လမ်းပေါ်ဆန့်ထွက်နေတာကိုး.."
ကျသွားသည့်ဖိုင်တွေနဲ့ ဖုန်းကို ကမန်းကတန်းပြန်ကောက်ထပ်၍ ခဲပြစ်ကလည်း တင်သေးသည်။
"မသိရင် လူလာနေတာမြင်မှ တမင် ခြေထိုးခံလိုက်တဲ့အတိုင်း.."
"ဘာပြောလိုက်တယ်.."
စိတ်ကောင်းလေးထားပြီး သူ့လက်ထဲက ကျကုန်တာတွေကို လိုက်ကောက်ပေးနေရင်း ဒေါသနှင့် ပြန်အော်လိုက်မိသည်။
"ရှင့်ကို ခြေထိုးခံတော့ ဘာတွေရလာမှာမို့လို့လဲ..ရှင် ကုန်းကွလဲသွားတာ မျောက်ပွဲလောက်တောင် စိတ်ဝင်စားဖို့ မကောင်းဘူး.."
"ဘာ.."
"ရော့..သွားတော့.."
သူလှမ်းကောက်လိုက်သည့်ဖုန်းကို ဆောင့်အောင့်ဆွဲယူပြီး အသံတူအောင် ပြန်အော်လိုက်သေးသည်။ ပြီးမှ ဖိုင်တွေပေါ် ဆောင့်တင်ပေးလိုက်သည်.. ။
"မသိရင်မှတ်ထား..ကျွန်မက ဦးဆောင်းမျက်နှာရဲ့ အထူးညွှန်သည်ပေါ့.."
ဟင်.. ။
အသက်သုံးဆယ်ကျော်အရွယ် လူက မျက်နှာပျက်သွားပြီးမှ တောင်းပန်တော့မလို တောင်းလည်း မတောင်းပန်ချင်သည့် မျက်နှာနှင့် တံတွေးမျိုနေသဲ.. ။
"ဘာတွေ ဖြစ်နေတာလဲ.."
ဆောင်းမျက်နှာ ရောက်လာတော့ ချူက မျက်နှာလေးလွှဲပြီး 'အဲ့မှာကြည့်' ဆိုသည့် ပုံစံမျိုးလုပ်နေ၏။ ထို့ကြောင့်အနီးစားပွဲက လူရွယ်ကလေးက ထလာပြီး.. ။
"ကိုမျိုးတင့်ဇော်က ဖိုင်ကိုကြည့်ပြီး လျှောက်လာတော့လေ..ဒီကအစ်မ.."
"ခပ်သုတ်သုတ် ပျာတိပျာယာလျှောက်လာတာလို့ ပြည့်စုံအောင်


www.burmeseclassic.com

www.burmeseclassic.com


ပြော.."

လာရှင်းပြပေမယ့် ချူက မကြည်မလင် စကားထောက်ပေးကာ..။

"ဒီက ခြေထောက်က မျက်စိပါတာကျလို့.."

"ဟုတ်ပါတယ် MD..ကျွန်တော်ဝင်တိုက်မိတာပါ၊ ဆောရီးပါဗျာ ..ခွင့်ပြုပါဦး.."

ဝင်တိုက်သည့်လူက ချူ့ကိုရော ဆောင်းမျက်နှာကိုပါ မျက်နှာတွေ ကိုလိုက်ကြည့်ပြီး တောင်းပန်သည်။ ပြီးတော့ ထွက်သွား၏။ ကြားကဝင် တောင်းပန်ပေးသည့် လူရွယ်က ခေါင်းလည်းကုတ်ရင်း နောက်ပြန်ဆုတ် လျှင် ဆောင်းမျက်နှာ ချူ့ကိုသေချာပြန်ကြည့်မိကာ..။

"မင်းက ဒီမှာဘာထိုင်လုပ်နေတာလဲ.."

"ကော်ဖီသောက်နေတာ.."

"ဒါကော်ဖီသောက်ရမယ့် နေရာမှ မဟုတ်ဘဲကွ.."

"ချူ့ဘာသာ ဘယ်နေရာမှာ သောက်သောက် မရဘူးလား.."

ပက်ခနဲ ပြန်မေးလိုက်တော့ ဖြေစရာမရှိ ဖြစ်သွားလျက် ဆောင်း မျက်နှာ ပတ်ဝန်းကျင်က လူတွေကို မျက်နှာပူသွားသည်။ ဧည့်ခန်းထဲလည်း မဟုတ် ရှေ့မှာခုံလေးနဲ့ ထိုင်ပြီး တံခါးစောင့်တွေနေသလိုမျိုး။ ကုန်နေသည့် ကော်ဖီပန်းကန်နဲ့ ပန်းကန်လွတ်တစ်ချပ်က ဘေးက အလုပန်းအိုးကြီးကြား ထဲမှာ ဖြစ်သလို ထိုးထည့်ထားသည့်ပုံစံနှင့် ဖရိုဖရဲ..။

ပြီးတော့ ခြေထောက်မှာ စီးထားသည့်ဖိနပ်က နည်းနည်းနော အမြင့်ကြီးမဟုတ်ပေ။ ဒီခြေထောက်ကိုနည်းနည်းလေး ရှေ့ထုတ်လို တာနှင့် လမ်းအတိုင်းလာတဲ့လူက ဝင်ကိုတိုက်မှာသေချာသည်။

"မင်း ငါနဲ့လိုက်ခဲ့.."

"မလိုက်ချင်ပါဘူး.."

ကြည့်စမ်း..။

နောက်ထပ် သူ့မျက်နှာအနီရောင် သမ်းသွားခဲ့လျက်..။

"နှင်းဆီချူ.."

"ဘာလဲ..ချူ့နာမည် ကြေညာတာလား.."

"လာ လိုက်ခဲ့.."

သူမ လက်တစ်ဖက်ကိုဆတ်ခနဲ ကောက်ဆွဲပြီး ကိုယ်ရုံးခန်း ခေါ်ချလာခဲ့တာ ဘယ်လိုဆုံးဖြတ်ချက်တွေနဲ့မှန်းတော့ မသိ။ တက


www.burmeseclassic.com

www.burmeseclassic.com


နေ့ကမှ တွေ့ဖူးပြီး ခုချိန်ထိရန်ဖြစ်နေရဆဲ မိန်းကလေး.. ၊

"ရှင်နော်..လူကိုဘာမှတ်နေလို့လဲ.."

သူမလည်း မှင်တက်မိပြီး ပါလာပုံရှိကာ အထဲရောက်မှ လက်ကိုပြန်ဆွဲရုန်းလိုက်ပြီး.. ၊

"ရှင်နဲ့ချုနဲ့ ဘာမှမဆိုင်ဘူးနော်..လုပ်တဲ့ပုံက.."

"မင်းကို ဆိုင်ချင်လွန်းလို့ထင်နေလား.."

"ရှင့်ကိုယ်ရှင်ပြန်မေးလေ.."

"နှင်းဆီချူ.."

သူမနဲ့ မျက်နှာချင်းဆိုင်မှာ ရပ်လိုက်ရင်း မျက်နှာလေးကိုစိုက်ကြည့်တာ.. ၊

"ငါဒီမှာ ပြဿနာတွေတက်နေတာ မင်းသိလား.."

"ဘယ်သိမလဲ.."

"အေး..မသိလို့ရတယ်၊ မင်းကြောင့်ထပ်ပြီး ခေါင်းရှုပ်ရအောင်မလုပ်နဲ့.."

"ချူကဘာလုပ်နေလို့လဲ.."

"အခု လုပ်လိုက်တာလေ ... မင်းကြောင့် ပုံပျက်ပန်းပျက် လဲသွားတဲ့သူက ငါ့အတွက် အရေးကြီးတဲ့လူတစ်ယောက်.."

"ရှင့်အတွက် အရေးကြီးပေမယ့် ချူနဲ့မှ မဆိုင်တာ.."

ပြောပြီး ကြည့်လိုက်တော့ မျက်လုံးချင်းဆုံသွားသည်။ ဘယ်သူကမှ မျက်နှာမလွှဲကြဘဲ ဆောင်းမျက်နှာက နှုတ်ခမ်းတစ်ဖက်တွန့်သွားရုံမဲ့ကာ..

"မင်းနဲ့မဆိုင်ဘူးလို့ မင်းပြောလို့ရတယ်..ဒါပေမယ့် မင်းနဲ့သက်ဆိုင်နေတယ်လို့ ငါပြောရင်လည်း ဖြစ်နိုင်ချေတွေ ဆွဲထုတ်ပြရတော့မှာ.."

"ဘယ်လို.."

"ဆိုတော့ ထားလိုက်ပါ..မင်းနဲ့မိုးဆက်လေ ဘယ်လိုပတ်သက်နေတယ်ဆိုတာ ငါစိတ်ဝင်စားတယ်၊ အဲ့ဒါကြောင့် မင်းကိုလည်း စိတ်ဝင်စားတယ်..မဆိုင်ဘူးလို့ မင်းဘယ်လောက်ပြောနိုင်မလဲ ကြည့်တာပေါ့.."

ပြောပြီးတာနှင့် သူလှည့်ထွက်သွားလျှင်.. ၊

"ဦးဆောင်မျက်နှာ.."

သူ ခြေလှမ်းရပ်သွားတော့ နောက်ကျောကနေ စိုက်ကြည့်မိရင်း...၊

"မိုးဆက်လေက ရှင့်ရန်သူလား.."


www.burmeseclassic.com

www.burmeseclassic.com


"ဟွန်.."

ခပ်မဲ့မဲ့မျက်နှာနှင့် သူပြန်လှည့်ရပ်လိုက်ပြီး မျက်လုံးချင်း ဆုံကြည့်သည်။

"သူနဲ့ငါ့အကြောင်း မင်းမေးဖို့ မလိုဘူး ... မင်းနဲ့တစ်ခုခု ပတ်သက်နေတာ သေချာရင်သာ အဲ့ဒီနေ့မင်း ဘာဖြစ်မလဲ စောင့်ကြည့်နေလိုက်-"

နီမြန်းတင်းမာနေသည့် မျက်နှာနဲ့မျက်လုံးထဲက စူးရှမှုတွေကို သူ့ သေချာစိုက်ကြည့်သည်။ သူကလည်း အကြည့်ခံလိုက်သည်။ မျက်လုံးချင်း အတန်ကြာ ဆုံနေခဲ့ပြီးမှ ဆောင်းမျက်နှာ ခြေတစ်လှမ်းဆုတ်သည်။

ပြီးမှ ချာခနဲလှည့်ထွက်သွား၏။ သူပဲ ဆွဲခေါ်လာပြီး သူက ပြန်ထွက်သွားသည်။ ချုံတစ်ယောက်တည်း ကျန်ခဲ့ရင်း ပိတ်သွားသည့် တံခါးကို ငေးကြည့်နေမိ၏။ ပြီးတော့ မျက်ဝန်းတို့သည့် နံရံကပ်ဗီရိုကြီးက မှန်ချပ်တွေဆီ ရောက်သွားခဲ့၏။

မျက်နှာကျက် မှန်တွေကနေ အလင်းရောင်ပြန်နေသဖြင့် အတွင်းမှာ ပေမယ့် လူရိပ်လောက်ပဲ ပေါ်နေပြီး ဘာမှ သေချာသဲကွဲစွာ မမြင်ရ။ ပခုံးအောက် ဆံပင်တွေ ဖြန့်ထားလျက် ကိုယ်ဟန်ကျနထင်ရှားစွာ ပေါ်နေသော အရိပ်အဖြစ် ကိုယ့်ကိုယ်ကို စိုက်ကြည့်နေရင်း နှုတ်ခမ်းမှာ မဲ့ပြုံးလေးတစ်ချက် ဖြစ်ထွန်းသွားခဲ့သည်။

သေချာထင်ရှားစွာ မမြင်ရတဲ့ငါပါလား..ဟွန်း.. ၊

ကောင်းတယ်.. အဲဒါကနင်းဆီချုပဲ၊ နင်ကအားလုံးကိုသိနေရမယ်-ဒါပေမယ့် နင့်ကိုအားလုံးကမသိရဘူး..

☪


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၇)

"ဟိတ်..မလိုက်ဘူးလား.."

ဟင်.. ၊

ချူက လှည့်ကြည့်သည်။ နှုတ်ခမ်းတွေစေ့၍ မျက်ဝန်းတွေက ရယ်ရိပ်တို့နှင့် ဆောင်းမျက်နှာက အနားကိုလျှောက်လာကာ.. ၊

"မင်းလိုက်မလို့ ပြင်ဆင်ထားတာမို့လား..ဘာထိုင်လုပ်နေတာလဲ.."

"ရှင် အဲ့လိုအလိုက်တသိခေါ်တော့ အဆင်ပြေသွားတာပေါ့.."

"ဟွန်း.."

ကြေးဥစိမ်းရောင် ထူသိပ်ပျော့တွဲသောရှန်သား ဝတ်စုံနှင့်ဒီနေ့တော့ မြန်မာဆန်ဆန်ပါ။ ဒါပေမယ့် ရှန်အထူက ရင်ပြတ်ပုံဖြစ်ကာ ပခုံးနဲ့ ကက်တစ်ပြင်လုံးကို အပါးသားလေးပဲ ခံထားသည်။ ကြေးဥစိမ်းရောင် အကျလေးတွေ ပခုံးတစ်ခြမ်းမှာ ကပ်ထားတာက ဒီတိုင်းအသားပေါ်မှာ ထားသည့်အတိုင်း.. ၊

တော်ရုံ ကိုယ်လုံးမလှသည့် မိန်းကလေးတွေတောင် မြန်မာဝတ်စုံ ဝတ်လိုက်ရင် ကိုယ်ခန္ဓာကောက်ကြောင်းလေးတွေပေါ်ကာ ယဉ်စစ နေကြတာ။ သူမက လှပြီးသားမို့ ကြည့်မိသည့်မျက်ဝန်းအစုံဟာ သံလိုက် ငြိတွယ်သွားသည့် သံမှုန်တစ်စလို.. ၊

"ရှင်ချူ့ကို လှလို့ကြည့်တာလား..တစ်ခုခု ကဲ့ရဲ့မလို့လား.."

ဆောင်းမျက်နှာက ရယ်လိုက်ရင်း ပခုံးတွန့်ကာ.. ၊

"မင်းဘယ်လိုထင်လဲ.."

"ပြောချင်ဆိုချင်လို့ ကြည့်လိုက်ပြီးမှ ချူက သိပ်လှနေတော့ မှင်တက် သွားတယ်..ဟုတ်တယ်မို့လား.."

"အဟွန်း.."

"ရှက်ရယ်ကြီး.."

တီးတိုးရေရွတ်ပြီး ချူ့နှုတ်ခမ်းလေး မဲ့၏။ ပြီးတော့.. ။

"ဘာလဲ..မဟုတ်ဘူး ပြောမလို့လား.."

"မင်းလှပါတယ်..မှင်တက်မိသွားလောက်အောင်တော့ မဟုတ်သေး


www.burmeseclassic.com

ဘူး..”

“ဪ..ဪ၊ ဒါဆို ငါ့နောက်လိုက်ဖို့ ဒီလိုဝတ်စားပြင်ဆင်ပြီး စောင့်နေတာ ငါသိပါတယ်လို့ အပိုင်ဖမ်းပြောဖို့ ကြည့်တာ မဟုတ်ဘူး ပေါ့..”

ဆောင်းမျက်နှာရဲ့ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ ချဉ်တူးဘူ ခနဲပြုံးနှင့် အကြည့်တွေက ဝန်မခံဘဲ မနေနိုင်အောင် အထင်တကြီးဖြစ်သွား သည့် အသွင်ကိုပြောင်းလျက်.. ၊

“အပိုင်ဖမ်းတာတော့ မင်းက ပိုတော်မယ်ထင်တယ်..”

“မတော်လို့ ဘယ်ရမလဲ..ရှင့်နောက်ကို လိုက်ဖို့ ကိုယ့်ဘာသာမပြော ရဘဲ ရှင်မေးလာအောင် ဒီလိုထိုင်နေတာလေ..”

ဆောင်းမျက်နှာ အောက်မေးဖျားလေးလှုပ်ရုံ အံကြိတ်ပြုံးလိုက်ရင်း

“ချီးကျူးပါတယ်..”

“အခု သွားလို့ရပြီလား..”

“ဆိုပါတော့..”

သူခေါင်းညိတ်လိုက်တာနှင့် ချက်ချင်းထရပ်ကာ ကြိုးမှာလက်ကိုင် ပဝါအဖြူလေး ချည်ထားသည့် ကြေးဥစိမ်းရောင်ဆလင်းဘက်ခ်လေးကို ပခုံးမှာ ကောက်ချိတ်လိုက်သည်။

“သားရေ..”

သူတို့နှစ်ယောက် ပေါ်တီကိုအောက်ကို မရောက်ခင် ဒေါ်မေလင်း ထွက်လိုက်လာသည်။ ပြီးတော့ ချူကိုတစ်ချက်ငဲ့ကြည့်ပြီးမှ ပြန်လှည့်ကာ..

“လူလေးမေမေနဲ့မြပခြုပ်တို့ ဒီညရောက်မယ်ထင်တယ်..”

“မသေချာဘူးထင်တယ်..ဘယ်ဖလိုက်နဲ့ပါသွားပြီဆိုတာ ဖုန်းမဆက် ဘူး..”

“ဪ..”

စကားပြောနေပေမယ့် အကြည့်တို့က သူမဆီမကြာခဏဝေ့၏။ ကား ထဲဝင်တော့မည်ဆိုမှ.. ၊

“မင်းက ဒီအိမ်မှာနေဖို့ ခွင့်တောင်းခဲ့တာလားလို့..”

ချူကလည်း မေးလာမှာပဲဆိုတာ သိနေသည့်မျက်နှာလေးနှင့် ပြန် လှည့်ကြည့်လိုက်ရင်း.. ၊

“ဟုတ်တယ်..ဒါပေမယ့် ချူလည်းအိမ်မှာ မနေချင်လို့လေ၊ ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com


ချောင်နှာကလည်းခေါ်နေလို့ပါ..ဟုတ်တယ်နော်.."

ဆောင်းမျက်နှာက မျက်မှောင်ကုတ်နဲ့ကြည့်လိုက်ပြီး ခေါင်းမညိတ်။ ဒါမှ ဒေါ်မေလင်းဘက်ကို လှည့်၍.. ၊

"ကျွန်တော်သိပါတယ်.."

လို့ပြောပြီး ခေါင်းညိတ်ပြသည်။ ဒေါ်မေလင်းကတော့ မကြည့်မသာ ကြည့်နေဆဲဖြစ်၏။ ချူကကားထဲမှာ အေးဆေးဝင်ထိုင်လိုက်ပြီး ဒေါ်မေလင်း ကို လှည့်ပြုံးပြလိုက်သည်။ ပြီးမှ မှန်တင်၏။

ရှင်မေ့တတ်လို့ပါ..တကယ်ဆို သိနေတဲ့လူချင်း.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၈)

"ဗိုက်ဆာတယ် ... "

ကားမောင်းနေရင်း ဆောင်းမျက်နှာက လှည့်ကြည့်သည်။ ပြီးတော့ မကြားသလို ပြန်လှည့်သွားလျှင်.. ၊

"ဒီဆိုင်မှာ တစ်ခုခုစားမယ်လေ.."

ကြည့်လိုက်တော့ cafe 43.. ၊

ဆောင်းမျက်နှာ ကွက်ခနဲမျက်နှာ ပျက်သွားသည်။

"အား..ဗိုက်လည်းနာလာပြီ၊ မရတော့ဘူး..ဒီဆိုင်ထဲပဲ ဝင်ရအောင်ပါ"

ဒေါသမျက်လုံးတို့သည် မှန်ထဲကနေ ချူ့ထံ စူးစူးရဲရဲ ကျရောက်လာ လျက်.. ၊

"မင်းဗိုက်က သွင်းဖို့ရောထုတ်ဖို့ရော တစ်ပြိုင်တည်း ထဖြစ်တာ လား.."

"ရှင် မညစ်ပတ်နဲ့နော်..လွန်သွားပြီ ပြန်ခေါက်ပေးလေ.."

စားချင်တာကို ခေါင်းခါပြီး ဆက်မောင်းသွားလို့ကောင်းသည်။ ဒုက္ခ ကြီးပြနေတာကိုတော့ မတတ်နိုင်။ ထို့ကြောင့် ဒေါသမကင်းသော ကား ရှေ့နောက် လွတ်မလွတ် တစ်ချက်ပဲ တုံ့ကြည့်ကာ ဝေါခနဲပြန်ဂိုက်ပစ်၏။

ဒီဆိုင်ကိုနောက် ဘယ်တော့မှ လာမစားဖို့ဆုံးဖြတ်ထားခဲ့သည်။ ဒါ ယောခဉ်မကင်း ဖြစ်လောက်စရာလည်း ဘာမှ မရှိပေ။ ဒါပေမယ့် ခုတော့ ရောက်ခဲ့ရပြန်ပြီ။ ထို့ပြင်.. ၊

"ဆုတ်..ဆုတ် ညီလေးရပြီ၊ ဟိုး .."

ပါကင်စောင့်သည့်လူက အလိုက်ကမ်းဆိုးမသိ သွားကြီးအဖြီးသား နှင့်.. ၊

"မင်္ဂလာပါညီလေးရေ.."

တံခါးလာဖွင့်ပေးပြီး နှုတ်ဆက်ရင်း ကားထဲကိုလည်း ငုံ့ကြည့်သေး သည်။

"ဟိုညီလေး မပါဘူးလား.."

"မပါဘူး.."


www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း ... "

ပါကင်စောင့် ကိုင်ပေးထားသည့် ကားတံခါးကို သူဘာသာ ဂျိမ်းခနဲ ဆောင့်ပိတ်လိုက်သည်။ ထိုအခါကျမှ ဆောင်းမျက်နှာရဲ့ဒေါသကို အကဲခတ်မိ သော ပါကင်စောင့်အိုးတို့အမ်းတမ်း ကျန်ခဲ့၏။

"ဘာဖြစ်လို့လဲ..ဦးဆောင်းမျက်နှာ အဲ့ဒီဝန်ထမ်းနဲ့ ငြိခဲ့ဖူးလို့လား.."

တင်းနေသည့်မျက်နှာနှင့် စကားတစ်ခွန်းမှပြန်မပြောဘဲ ဆိုင်ထဲဝင် လျှင်.. ၊

"ဟိုသီးသန့်တိုက်လေးထဲမှာ သွားစားမယ်လေ.."

ဆောင်းမျက်နှာတုံ့ခနဲ ဖြစ်သွားပြီး ပြန်လှည့်ကြည့်ကာ.. ၊

"ခုနက တွန့်လိမ်နေတာ ဒီဆိုင်ထဲဝင်ရဖို့ ဟန်ဆောင်တာလား.."

တည့်တည့်ကြီးမေးချလိုက်တော့ ချူကအံ့သြသလိုလေး ပြန်ကြည့် နေတာ.. ၊

"ဗိုက်နာတာလား..ခုမှသတိရတယ်၊ ပျောက်သွားပြီထင်တယ်.."

ဆောင်းမျက်နှာရဲ့မျက်ခုံးတန်းတို့ သိသာစွာတွန့်ကျသွားလျှင်.. ၊

"ဘာဖြစ်လို့လဲ..ဗိုက်နာပြီးပြန်ပျောက်သွားတာ မရှိတတ်လို့လား.."

ပြန်မေးတော့ သူကပဲ ကြောင်တောင်တောင် မေးခွန်းထုတ်မိသလို ။ သီးသန့်ဆန်ဆန် ပန်းအလှပင်လေးတွေနဲ့ အခဲရုံကွန်းစိမ့်စိမ့်နဲ့ တိုက်လုံး လေးက သန့်ရှင်းလှပနေသည်။ ဆောင်းမျက်နှာရဲ့ မျက်နှာတစ်ပြင်လုံး တော့ မကြည်မလင်.. ၊

ဒီဆိုင်ကို မိုးဆက်လေနဲ့သူ လာနေကျ။ ထို့ပြင် သူတို့လာတိုင်း အခန်းလေးထဲမှာပဲ ထိုင်တတ်ကြတာများသည်။ ထိုင်ဖြစ်တိုင်းလည်း ဒီဘက် မှာနေရာယူကာ မိုးဆက်လေက.. ၊

"မင်းဒီကို လာဖူးနေတာလား.."

"လာဖူးရုံပါ.."

သူမက အမှတ်တမဲ့ ဖြေသလိုပေမယ့် တရုတ်နှင်းဆီဖြူလေးတွေ ခင်းစိုက်ထားသည့် ပန်းစင်လေးရဲ့ဘေးမှာပဲ နေရာယူခဲ့သော သူမကို ချူက်လုံးတွေ စူးစူးရဲရဲ ဖြစ်လာခဲ့ပြီး.. ၊

"နှင်းဆီချူ.."

"ဟင်.."

လှပစိုလက်နေသည့် မျက်ဝန်းပြာလေးတွေကို သူစိုက်ကြည့်ကာ..



www.burmeseclassic.com

www.burmeseclassic.com


"မင်းအဖေရဲ့ ရှယ်ယာအတွက် သုံးဆငါပြန်ပေးမယ်..မင်း ချက်ချင်း ပြန်သွားမလား.."

"ချူ ပြောပြီးပြီပဲ..ရှယ်ယာတွေပြန်လိုချင်လို့ လာတာမဟုတ်ပါဘူး ဆိုတာ.."

"ဒါဖြင့် ဘာအတွက်လဲ.."

"ရှင်ကရော ချူ့ကို အချိန်ပြည့် မျက်လုံးဒေါက်ထောက်ကြည့်နေပြီး ဘာတွေ သက်မကင်း ဖြစ်နေခဲ့တာလဲ.."

"ဘာတွေလဲဆိုတာ ငါမပြောချင်ဘူး..ဒါပေမယ့် မင်းရဲ့မရိုးသားမှုကို ဖော်ထုတ်ဖို့ စိတ်ကူးတွေကိုက စိတ်မရှည်နိုင် ဖြစ်လာတာပဲ၊ ဦးကျော်ရဲ့ အကြောင်း နောက်ထပ် သတင်းအတိအကျသိရဖို့ ငါသေချာ စုံစမ်းခိုင်းထားတယ်..ငါ့ဂုဏ်သိက္ခာ ငါ့လုပ်ငန်းထိခိုက်လောက်အောင် မင်းဘက်ကမရိုးသား ကြံစည်မှုရှိနေတာ တစ်စုံတစ်ရာတွေ့လာခဲ့ရင်တော့ မင်းအေးအေး ပြန်သွားလို့ရမှာ မဟုတ်ဘူး.."

"ဘယ်လို.."

"ကြိုပြောထားတာ.."

"အဲ့ဒါက ခြိမ်းခြောက်တာပဲ.."

"မင်းကြိုက်သလိုထင်လေ..ဒါပေမယ့် မင်းမကြောက်လို့ ငါ့အိမ်အထိ လာနေတာပဲ.."

ချူ့မျက်နှာလေးမှာ ဒေါသရိပ်တို့ စွန်းထင်းလာကာ.. ၊

"နေစမ်းပါဦး..ရှင်ကချူ့ကို ဘယ်လိုတွေထင်ပြီး ဒေါသထွက်နေ တာလဲ၊ ဖေဖေ့သမီးဆိုတာ မယုံလို့လား.."

"ထားလိုက်ပါ..မကြာခင် အမှန်တရားကပေါ်လာမှာပဲ.."

သူမနဲ့မိုးဆက်လေ တစ်ခုခုပတ်သက်နေတာ သေချာပါသည်။ ဒါပေ မယ့် မိုးဆက်လေမှာ ညီမအစ်မရှိတယ်လည်းမကြား။ ချစ်သူလည်း မဖြစ်နိုင်။ အရွယ်ရောက်လာကြတဲ့ သူနဲ့မိုးဆက်လေရဲ့ဘဝတစ်လျှောက်မှာ တစ်ယောက်အကြောင်းတစ်ယောက်မသိခဲ့တာ မရှိ.. ၊

တစ်ယောက်ကိုအသိမပေးဘဲ တစ်ယောက်ကတမင်လို့ဝှက်ထား တာမျိုးလည်း မရှိခဲ့။ ဒါပေမယ့် သူမရဲ့အပြောအဆို အနေအထိုင်တွေက မိုးဆက်လေနဲ့ပတ်သက်တဲ့ တစ်စုံတစ်ယောက်ပဲလို့ ဖော်ပြနေကြသည်။

ထို့ကြောင့် ဆောင်းမျက်နှာ တနုံ့နုံ့ဖြစ်နေမိလေသည်။ ထိုမျက်နှာ


www.burmeseclassic.com

www.burmeseclassic.com


ချူကလည်းသေချာကြည့်၏။ ပြီးတော့.. ၊

"ရှင့်ကိုကြည့်ရတာ ကိုယ့်ကိုရက်ရက်စက်စက် အသည်းခွဲသွားတဲ့ မိန်းမကို စိတ်နာနေသလိုပဲ.."

ရဲခနဲဖြစ်သွားသည့် မျက်နှာကို ချူကဂရုမစိုက်စွာ ကြည့်ရင်း.. ၊

"ဟုတ်တယ်လေ..သူငယ်ချင်းချင်း ဒီလောက်ထိ.."

"မင်းဘာပြောချင်တာလဲ နှင်းဆီချူ.."

"မပြောရဲပါဘူး...ဘာမှမပြောဘဲနေတာတောင် ရှင်ချူ့ကို အိမ်ပေါ်က နှင်ချင်နေတာ.."

"မှန်တယ်..မင်းပြောလာတဲ့စကားတိုင်းက မင်းအတွက်အန္တရာယ်အ များနေတယ်ဆိုတာ မင်းကိုယ်မင်းသိထားဖို့ လိုတယ်.."

ထိုစဉ် ဝိတ်တာက မီးနူးလာချပေးတော့ သူမကမီနူးကို တွန်းဖယ် လိုက်တာ.. ၊

"ကဏန်းလက်မပေါင်းတစ်ပွဲနဲ့ ဝက်စတူးတစ်ပွဲပဲပေး..ပြီးတော့ ဘ ထက်ခ်ကော်ဖီ.."

"မင်းသောက်မှာလား.."

"ရှင့်အတွက်လေ.."

မေးတော့ လှည့်မကြည့်ဘဲဖြေသည်။ အပြင်မှာဆို သူဘလက်ခ်ကော် ဖီသောက်တတ်တာ သူမဘယ်လိုသိနေတာလဲ.. ၊

နှင်းဆီချူ သူ့ကိုတမင်ဂရုမစိုက်ပြနေတာမှန်း ခံစားမိလာကာ မျိုသိပ် ထားခဲ့ရတဲ့ ဒေါသတွေ ထွက်ခဲ့လာလေ။ မိုးဆက်လေနဲ့ သူအကြီးအကျယ် အမုန်းပွားခဲ့ကြသည်။ ချစ်လွန်းရင် မုန်းရတယ်ဆိုတဲ့ တကယ်မှန်၏။

ကျောင်းသားဘဝတည်းက လက်တွဲညီခဲ့သည်။ အလုပ်အတူ လုပ်ရင်း အောင်မြင်လာကြတော့လည်း သူတို့နှစ်ယောက်လူသိများခဲ့၏။ သူနဲ့မိုးဆက်လေရဲ့ကြားထဲမှာ ပြန်လည်ဆက်စပ်ဖို့ မဖြစ်နိုင်လောက်အောင် ကြီးမားသော ပြတ်ရွေ့ကြောင်းကြီး တစ်ခုရှိနေခဲ့တာက ထိုစဉ်က နှစ်ယောက် စလုံးမသိခဲ့ကြပေ.. ၊

ဒါပေမယ့် တစ်နေ့နေ့ဆိုတာ ရှောင်လွှဲလို့မရ။ ခုချိန်မှာ သူနဲ့မိုးဆက် လေတို့ ကမ္ဘာ့ရန်သူကြီးတွေ ဖြစ်နေကြပြီဆိုတာသိရင် ဟိုတုန်းကသူတို့ကို သိထားတဲ့ လူတိုင်းအံ့သြကြမှာပါ။

ဒါမှမဟုတ် သူကြောင့်မိုးဆက်လေ တစ်ယောက်ခုလိုအသက်ရှိနေ


www.burmeseclassic.com

www.burmeseclassic.com

သေးရဲ့လား။ သေသွားပြီလားဆိုတာ မသိတဲ့အခြေအနေထိ ဖြစ်ခဲ့ကြသည် ဆိုတာ ယုံကြပါ့မလား.. ।

ဒါပေမယ့် ဖြစ်ခဲ့သည်။ အတိုက်အခံအနိုင်လုပြောနေရင်း ပဋိပက္ခတွေ ဖြစ်ခဲ့ကြသည်။ ဖြစ်ခဲ့ရသည့်နေ့မှာပဲ လမ်းခွဲတစ်ခုမှာ သူတို့နှစ်ယောက်စလုံး.. ।


www.burmeseclassic.com

www.burmeseclassic.com


# အခန်း(၉)

"ဟား ဟား ဟား ဟား.."

"ခွေးကောင်..ဟား ဟား ဟား.."

တစ်ယောက်က တစ်ယောက်လက်မောင်းကို လက်သီးနဲ့ကပ်ထိုးပြီး တစ်ယောက်ကလည်း ရှောင်ရှားတွန်းဖယ်ရင်း ရယ်သံတွေက အတောမသတ်နိုင်။ ပြီးတော့ မိုးဆက်ကပဲ ဆောင်းမျက်နှာရဲ့ လက်သီးကိုဖမ်းကိုင်ထားလိုက်ပြီး.. ၊

"တော်ပြီဟေ့ကောင်..ရယ်လွန်းရင် ငိုရတတ်တယ်တဲ့၊ မရယ်နဲ့တော့"

"ရယ်ချင်ရင် ရယ်မှာပေါ့ကွ..ငိုရတတ်တယ်လို့တွေးပြီး ပါးစပ်ပိတ်ထားရမှာလား.."

"သတိထားရမယ့် အချက်လေ.."

"မထားနိုင်ဘူး..အဲဒီတော့ ငိုစရာရှိရင်မင်းငို ငါကရယ်ဖို့တာဝန်ယူမယ်.."

"ကာလာ.."

"ဘာလဲ.."

"ဒီလောက်တောင် အူမြူးနေတာ...ဒေါက်တာငြိမ်းနဲ့ မင့်အိမ်က ခွင့်ပေးတော့မယ် ဆိုလို့လား.."

"အဲ..ပါချင်ပါမှာပေါ့.."

"ပါတယ် လုပ်လိုက်ပါ.."

"ပါတယ်ကွာ.."

"လာသေးတယ်..ရုပ်ကြီးက၊ ဟား ဟား ဟား.."

ဒီတစ်ခါရယ်ရတာက မိုးဆက်ဖြစ်သွား၏။ ဆောင်းမျက်နှာက အရပ်မြင့်မြင့် ကိုယ်ဟန်တောင့်တောင့်ရှိကာ ဘောင်းဘီရှည်ထက် ပုဆိုးကိုအဝတ်များသည်။ ပြီးတော့ ဆံပင်မှာခရင်မ်တစ်မျိုးမျိုးနှင့် သေသပ်ပြောင်လက်နေတတ်ကာ မိုးဆက်ကတော့ ဆံပင်ရှည်ဂုတ်ထောက် ကိုယ်ခန္ဓာခပ်ပိန်ပိန်ပါး..

ရွယ်တူလူငယ်နှစ်ယောက်ပေမယ့် မိုးဆက်ကနုပုံပေါက်ပြီး မျက်နှာအုပုံလည်း ပိုကြည့်ကောင်းသည်။ ထို့ကြောင့် နှစ်ယောက်ယှဉ်မိပြီဆို မိန်းက


www.burmeseclassic.com

www.burmeseclassic.com



လေးတွေ မျက်စိကျတာက မိုးဆက်ပဲဖြစ်နေတတ်လေသည်။

ထို့ပြင် မိုးဆက်ကလည်း ပျော်တတ်တာလိုလို အနိုင်လိုချင်တာလိုလို နှင့် ဆောင်းမျက်နှာချိန်လိုက်တဲ့ မိန်းကလေးတိုင်းကို ဝင်တွဲသည်။ ခင်တာ လား.. တွဲနေပြီလား ဘာမှန်းမသိလို့ မေးနေရင်း အကဲခတ်ရင်း သူသာငတ် တုတ်မေ့ကျန်ခဲ့ရသည်။ ဒေါသထွက်လို့ စကားများဖို့ ဖြစ်လာတော့.. ၊

"ဘာမှမဟုတ်ပါဘူးဆို..မင်းကြိုက်ရင် မင်းလိုက်ပေါ့.."

"မင်းတွဲနေတာမြင်သားနဲ့ ငါကလိုက်စရာလားကွ.."

"တွဲတာက တွဲသွားတွဲစားဖြစ်ရုံပဲ..ရည်စားလိုမှ မဟုတ်ဘဲ.."

"မဟုတ်ရင်လည်း မတွဲနဲ့ပေါ့ကွ..ငါနဲ့ငြိနေတာ မင်းသိသားနဲ့၊ ချော ကောင် ကြိုက်ရင်လည်း စောစောဝန်ခံလိုက်.."

"မင်းနဲ့ငြိတော့မယ်ကိစ္စ ငါကကြိုက်စရာလား.."

ဒါကျတော့ သူမကြိုက်ပါဘူးဆိုတဲ့အကြောင်း ဘုရားစူးကျမ်းစူးဆော ကျိန်ပြရမလား..မိုးဆက်အသေအလဲ ငြင်းပါလိမ့်မည်။ ဟုတ်သလို မဟုတ် သလို ပြောနေတိုင်း သူများကိုခံရခက်စေကာ တည့်တည့်စွပ်စွဲလိုက်တာနှင့် ခေါင်းခါလက်ခါ သူ့လောက်အပြစ်ကင်းတာ မရှိ.. ၊

"ကာလာ..ကာလာဒီမှာ လာကြည့်ကွ၊ ငါးနှစ်ယောက် ချစ်ရည်လူး နေကြပြီ.."

"အဲ့တော့ ထိပြေးထိုးရမှာလား.."

"ဟ..မကြာခင် ကွိစိကွစလေးတွေထွက်လာတော့မှာလေ..ငါတို့မွေး တာ မှန်သွားပြီ.."

ငါးအလှကန်ထဲမှာ ငါးချင်းညားနေကြတာလည်း မိုးဆက်တို့အော် ကြီးဟစ်ကျယ် ဂုဏ်ပြုတတ်၏။

"လာကွာ..သွားမယ်.."

"လာကြည့်စမ်းပါဆို..ငါးရစ်တက်တာ မင်းမမြင်ဖူးဘူးမို့လား.."

"မိုးဆက်.."

စိတ်မရှည်သံဖြစ်လာရင်း တံခါးဆွဲပိတ်လိုက်မှ မိုးဆက်ကားနား ပြေးလာသည်။ ပြီးတော့ တံခါးကိုပြန်ဆွဲဖွင့်ပြီး.. ၊

"မင်းကိုငါအတည်ခေါ်နေတာ..လာကြည့်စမ်းပါ၊ ငါတို့ထင်ထား အ'မ'လေးဆိုတာ တကယ်ဟုတ်တယ်..ရွှေဝါရောင်လေးလေ၊ အဲ့ဒီငါး လေးကို ဂုတ်ကျားအမည်းရစ်နဲ့ဘဲက ဖွတ်.."



www.burmeseclassic.com

www.burmeseclassic.com


"မင်းဒီလောက်ကောင် ဝါသနာကြီးတယ်ဟုတ်လား.."

"ကြီးတယ်လေ..ဒစ်ကာဗာရီတွေ မင်းမကြည့်ပေမယ့် ငါကြည့်တာ မင်းမသိဘူးလား၊ဒါကကိုယ်ရှာဖွေဖို့မလိုဘဲ ကိုယ့်ရှေ့ရောက်လာတဲ့သဘာဝ"

"ရှာဖို့လည်း စိတ်ကူးမှာမဟုတ်ဘူး..ငါးကန်ထဲမှာ ငါးဥချတာ အဆောင်ပေါက်တာ ဘာဆန်းလို့လဲ.."

ပြောရင်း ကားစက်နှိုးလိုက်ကာ.. ၊

"ကဲ..မတက်ဘူးလား.."

"လိုပါသေးတယ်မင်းကလည်း ရုပ်ရှင်ဒီအချိန်ကြီး.."

"ဦးအောင်သစ်တို့ဆီ ဝင်ရှီးမယ်လေကွာ..မင်းကြည့်ရတာ ဂုတ်ကျားအစည်းရစ်နဲ့ငါးထီးကို ပြိုင်ဖိုက်ချင်နေတဲ့ပုံပဲ.."

"ဟာ..ကြည့်စမ်း.."

"စိတ်လျှော့ပါကွာ..ငါးမလေး သနားပါတယ်.."

"ကာလာ..ခွေးကောင်.."

"ဟား ဟား ဟား.."

ဒေါသမပါသောဆဲရေးခြင်းဖြင့် ကားထဲကိုကုန်းကွဝင်လာပြီး လက်ဆောင်းကိုထိုးလျှင် ဆောင်းမျက်နှာကကားကို ဒီတိုင်းမောင်းထွက်လိုက်၏။

"ဟာ..ဟိုကောင်လေးတွေ ဘာလုပ်ကြတာတုံး.."

တံခါးပွင့်လျက်သားကြီးနှင့် ခြံထဲကမောင်းထွက်သွားသည့်ကားကြောင့် လူကြီးတွေအလန့်တကြားဖြစ်ကုန်ကြသည်။ ထိုအချိန်ထိဆောင်းမျက်နှာက မိဘတွေနဲ့အတူတကွ ရှိနေခဲ့သေးသည်။

မိုးဆက်ကတော့ မိဘဆွေမျိုးတွေကို ရဲရင့်စွာကျောခိုင်းခဲ့သည့်ကာလဖြစ်သည်။ ထို့ကြောင့်လည်း ဦးဆောင်းနွေနဲ့ဒေါ်ထားထားမြတ်တို့က မိုးဆက်တစ်ခါတလေမှ လာတတ်ပေမယ့် ဂရုစိုက်ဖော်ရွေခဲ့သည်။ နောက်ပိုင်းမှာ သားအကြီးနှစ်ယောက်က အိမ်ထောင်တွေကျ လုပ်ငန်းတွေခွဲကြပြီဆိုမှ..

"သားကြီးနဲ့သားလတ်က စက်ရုံလုပ်ငန်းတွေပဲလုပ်ကြတော့ မေမေတို့နဲ့ ပေါင်းစည်းလို့ရတယ်လေ..အဲ့ဒါကြောင့် သူတို့ကလုပ်ငန်းခွဲချင်တာကို သားဖေဖေက ကိုယ်တိုင်ကြပ်မတ်ပေးချင်တာ.."

"မင်းကိုယ်တိုင်လည်း ရန်ကုန်မှာမနေချင်တာပါကွာ..ဘယ်နှယ့်မင်းအဖေဆိုပြီး လွှဲချနေတာလဲ၊ ဒီမှာငါ့သား ဖေဖေကလူငယ်တွေအလုပ်လုပ်မယ်ဆို ဘယ်အလုပ်ကိုလုပ်လုပ် အားပေးတယ်..ကိုယ်လုပ်တဲ့အလုပ်မှာ


www.burmeseclassic.com

www.burmeseclassic.com


အာရုံစိုက်ပြီး အကောင်းဆုံးကြိုးစားနိုင်ဖို့ပဲ..."

တစ်ယောက်တစ်မျိုးအားပေးပြီး နှုတ်ဆက်ရင်း မိဘတွေက မန္တလေး ရောက်ကုန်ကြသည်။ နောက်ထပ် သားအလတ်ကဘန်ကောက်ရောက်သွား သဖြင့် ဦးဆောင်းနွေဆက်လိုက်သွားရပြန်ကာ.. ၊

"ငါ့သားအငယ်က အငယ်ဆုံးပေမယ့် စိတ်ခတ်ခိုင်မာတယ်..စိတ်ချ လို့ရတယ်၊ အကြီးနှစ်ယောက်ကိုပဲ စိတ်ချလို့မရတာ.."

ဆိုသည့် စိမ်ခန့်ခွဲမှုနှင့် ဆောင်းမျက်နှာကရန်ကုန်မှာ တစ်ယောက် တည်း အထိုင်ကျန်ခဲ့ရသည်။ ထို့ကြောင့် ဆောင်းမျက်နှာနဲ့မိုးဆက်လေက တစ်ကောင်ကြွက်ဘဝချင်းလည်း တူနေပြန်လျက်.. ၊

"အေးပါ..မင်းတို့နှစ်ယောက်လိုက်လည်း လိုက်ပါတယ်၊ ငါမင်းတို့ ကြားထဲဝင်ဖို့ မကြိုးစားတော့ပါဘူး.."

သက်ကိုက ဘာရယ်မဟုတ်ပါ။ မိုးဆက်လေ လုပ်ပုံတွေနဲ့ပတ်သက် ပြီး အမြင်မတော်ဖြစ်လာတိုင်း ဆောင်းမျက်နှာကို သတိပေးတတ်ကာ ဘယ် လိုပဲသူတို့က အမြင်မတော်ပါစေ မိုးဆက်လေအပေါ် ဆောင်းမျက်နှာ၏နား လည်ပေးနိုင်ခြင်းက ကြားလေသွေးလို့မရလောက်အောင် ခိုင်မာနေတော့ လက်လျှော့ခဲ့၏။

"မင်းစေတနာကို ငါနားလည်ပါတယ်သက်ကိုရာ..ဒါပေမယ့် မိုး ဆက်က အဲ့လိုလုပ်ပြီးအနိုင်ရတာကို ပျော်နေတာပဲရှိတာ၊ စိတ်ရင်းက ငါ့အ ပေါ်အရမ်းကောင်းပါတယ်..နောက်ပြီးအဲ့ကောင်က တစ်ခါတလေစိတ်ဖျော တယ်ကွ.."

ဆောင်းမျက်နှာက မိုးဆက်အပေါ်မှာ ဒေါသဖြစ်တိုင်း နားလည်မှုနဲ့ ဖြေသိမ့်ခဲ့သည်။ မိုးဆက်ကလည်း ဆောင်းမျက်နှာကိုသူဘယ်လိုပဲ အနိုင် ယူပါစေ။ သူများက စကားနဲ့ဖြစ်ဖြစ် အကြည့်နဲ့ဖြစ်ဖြစ် နည်းနည်းလေးမှ အကြောစီးမခံတတ်။ကျောင်းသားဘဝတည်းက ရင်းနှီးချစ်ခင်ခဲ့ကြသော နားလည်မှုများစွာဟာ ရန်ဖြစ်ကြတာလည်းရှိသည်။ စကားများငြင်းခုံကြ တာလည်းရှိကာ ပြီးတော့လည်း ဘာမှမဟုတ်ကြ.. ၊

အခြေအနေတစစ ဆိုးရွားလာခြင်းသည် ဒေါက်တာငြိမ်းနဲ့ချစ်သူဖြစ် ဖြစ်လာမယ့် အခြေအနေထိ ဆောင်းမျက်နှာအောင်မြင်စွာ ချိတက်ခဲ့ပြီးသည့် နောက်မှာ.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁၀)

"ဟလို.."

"ကိုဆောင်း..အခုဘယ်မှာလဲဟင်.."

"ငြိမ်း..အဲ.."

သူဘယ်လိုဖြေရမလဲ.. KTV မှာအချောအလှလေးနှစ်ယောက်နဲ့ သူတို့နှစ်ယောက် သောက်စားသီဆိုနေကြပါသည်ဆိုတာ ကိုယ်နဲ့စေ့စပ်မယ့် မိန်းကလေး ပြီးတော့ ကိုယ်တိုင်လိုလားနှစ်သက်နေခဲ့သည့် မိန်းကလေးတစ်ယောက်ကို ဘယ်လိုအဆင်ပြေအောင် ပြောရမှန်းမသိ။ ထိုစဉ်..၊

"အား..ကြည့်စမ်း၊ သူ အရမ်းဆိုးတာပဲ.."

"ဟော့.."

ရုတ်တရပ် နွေးအိသောကိုယ်လေးနှင့်အတူ ဘီယာတွေသူ့ကိုယ်ပေါ် သွန်ကျလာ၏။

"မင်းတို့ဘယ်လိုဖြစ်နေတာလဲ.."

"ဆောရီးပါကိုရယ်..သူ့ကြောင့် သူ.."

"ခစ်.. ခစ်.."

မိန်းကလေးတစ်ယောက်က ရင်ခွင်ထဲပြိုကျလာပြီး တော်တော်နဲ့ပြန်ထမည့်ပြင် တစ်ယောက်ကလက်ညှိုးထိုးရယ်၏။ သွားပြီဆိုတာ သိလိုက်သည်အတိုင်း ဖုန်းကိုပြန်ကြည့်လိုက်တော့ ကျသွားပြီဖြစ်သည်။ မိုးသောချာတာက ငြိမ်းဘက်ကချသွားခြင်းပင်..၊

သူ့ဒေါသတွေမိုးဆက်ထံ စုပြုံသွားသည်။ မိုးဆက်ကတဟားဟား ရယ်နေရင်း လက်ဖဝါးနှစ်ဖက် ဖြန့်ကားခါပြနေ၏။ ဒီတစ်ခါတော့ မိုးဆက်ကို သူဒေါသမပြေနိုင်..၊

ထုံးစံအတိုင်း ကားထဲမရောက်ခင်မှာပဲ ထိုပြဿနာကို တစ်ကနေပြန် စဖြစ်ကာ သူသာလျှင်ဒေါသတွေ ကြီးနေလျက်မိုးဆက်က စပ်ဖြဲဖြဲပျော်စေ ပျက်စေ..၊

"ဒါပျော်စေပျက်စေ စနောက်ရတဲ့ကိစ္စမဟုတ်ဘူးမိုးဆက်..ငြိမ်းနဲ့ငါ ချည်စားထားဖို့ ကြိုးစားနေကြတာ မဟုတ်ဘူး.."


www.burmeseclassic.com

"ဩော်..ကဲ.."

"မင်းပြောလိုက်ရင် ဒီလိုချည်းပဲ..အခု ငါတို့မှာနှစ်ဖက်မိဘတွေ ရှိ တည်နေကြတယ်၊ ငြိမ်းက အထူးကုဆရာဝန်.."

"အဲ့ဒါနဲ့ပဲ မင်းနဲ့အထူးကုဆရာဝန်မကြီးကို ငါကလက်နှစ်ဖက်ဆုပ် ခါးညွှတ်ပြီး လိုက်ရှင်းပြရမှာလား.."

"နီးပါ..ငါအဲ့လို သူများအားကိုးနဲ့ ဘယ်တော့မှ ကိုယ့်ကိုယ်ကိုချောင် မထိုးဘူး.."

"ဒါဆိုပြီးတာပဲ..ငါတမင်လုပ်တာမဟုတ်ဘူးလို့ မင်းကိုပြောပြီးပြီပဲ.."

"မယုံဘူး.."

"ယုံပါလို့လည်း မပြောပါဘူး..ကောင်မလေးတွေနဲ့ ကလိထိုးရယ်နေ ပါတယ်ဆိုမှ မင်းဘက်မှာသစ္စာတိုင်တည်ဖို့တွေ ရှိနေတာကို ဘယ်သူကသိ မှာလဲ.."

'မင်းသိတယ်'လို့ မပြောမိပေမယ့် ဆောင်းမျက်နှာအတပ် သိနေသည် ဒါမျိုးဆို မိုးဆက်လေလောက် ကွက်ကျော်မြင်တတ်တာ မရှိ။ တော်ရုံကိစ္စဆို ရှေ့မထွက်လာတတ်ပေမယ့် ကုမ္ပဏီကိစ္စတွေကအစ သူ့လောက်အကြံ ကောင်း ဉာဏ်ကောင်းထွက်တာ မရှိ.. ၊

လုပ်ငန်းတူချင်း တစ်ဖက်နဲ့တစ်ဖက် ငြိဖို့ရှိလာတတ်တိုင်း သူ့ရဲ့ကွက် ကျော်မြင်မှုတွေကြောင့် တစ်ခါတလေခက်ခဲနေတာတွေက အဆင်ပြေသွား တတ်ခဲ့သည်။ ဟိုဘက်က ဘာပြောနေနေ မိန်းကလေးသံတွေဝင်ကုန်ရင် ပြ သသနာတက်မှာပဲဆိုတာထိ တစ်ခါတည်းတွေး တစ်ခါတည်းအဖြေ ထွက်ပြီး လုပ်ချလိုက်တာ.. ၊

ကြောင်ငြင်းနေတာသိသိနဲ့ ဖော်လည်းမဖော်နိုင်တော့ ဆောင်းမျက်နှာ တန့်နံ့ဖြစ်နေမိသည်။

"မိုးဆက်နော်..မင်းဒါနဲ့ဆို ငြိမ်းနဲ့ငါ့ကိုဖြတ်တာ နှစ်ခါရှိပြီ.."

"ဘယ်တုန်းကတွေလဲကွာ..မင်းကငါ့ကို အငြိုးအတေးတွေနဲ့ပါ လား.."

ဘာမှမဟုတ်ခဲ့ကြသလို ကားထဲပြန်ရောက်ကြတော့ ဆောင်းမျက်နှာ ကတော့ ဒေါသမကင်းစွာ သုန်မှုန်နေဆဲ.. ၊

"ငါရည်းစားထားခဲ့တဲ့ ကိစ္စတွေကိုမပြောဘူး..ငြိမ်းနဲ့တော့ မင်းဝင် မရှုပ်နဲ့ကွာ၊ ငါထပ်တောင်းပန်တယ်.."



www.burmeseclassic.com

www.burmeseclassic.com


"ဟောဗျာ..ဟား ဟား ဟား.."

မိုးဆက်က ကားမောင်းရင်းလှည့်မကြည့်ဘဲ ရယ်သည်။ သူနဲ့မိုးဆက် ခြင်သွားတိုင်း မိုးဆက်ပဲကားမောင်းတာ များကာ အထူးသဖြင့် သူ့ခေါ်သ ချက်ပြီဆို ကားမောင်းလို့မရ.. ၊

သူခေါ်သဖြစ်နေလား မနေလားဆိုတာလည်း မိုးဆက်လောက် အကဲ ခတ်နိုင်တာ မိုးဆက်ပဲရှိသည်။

"မင်းငါ့ကို တော်တော်အထင်ကြီးနေတဲ့ပုံပဲ ကာလာရာ..ဟား ဟား ဟား.."

"အဲ့ဒီကာလာလို့ခေါ်တာကအစ မင်းကိုငါတော်တော် သည်းခံထားခဲ့ တာ.."

"တွေ့လား..မင်းကိုက ငါ့ကို.."

"ငါ့ကိုပဲ မင်းသေချာအနိုင်တိုက်နေတာလည်း ကြည့်ပြော.."

"ငါဒီလောက်ချစ်ခင်တွယ်တာစွာ တွဲနေတဲ့ bff ကို ဘာကိစ္စနဲ့ အနိုင် တိုက်ရမှာလဲ..အဲ့ဒါပဲ သူငယ်ချင်းကောင်းဖြစ်မဖြစ်ဆိုတာ ရည်းစားထားကြ ည့် ဆေါ်တာပဲတဲ့.."

"ဘယ်သူပြောတာလဲ.."

"ဒီလိုပဲရှေးရိုးစကား.."

ရှေ့ပြန်လှည့်ရင်း ဆောင်းမျက်နှာမဲ့သည်။

"မင်းသိချင်လည်း ရှေးရိုးရောနောက်ရိုးရော မင်းထက်ဘယ်သူမှမသိ ဘူး.."

"မင်းပဲမသိတာကာလာ..မင်းက ရည်းစားထားမယ်၊ သူပြန်ချစ်ရင် တွဲမယ်..မချစ်ရင်မတွဲဘူး.."

"ဘာ.."

"ရည်းစားထားခြင်းဆိုတာ မင်းအတွက်စီးပွားရေးလုပ်ရင်း ကျန်းမာ ရေးအတွက် တစ်ဖက်တစ်လမ်းအကူအညီယူတာမျိုး.."

"မင်းက ဒီစကားပြောတယ်ဟုတ်လား.."

"ဟုတ်တယ်..လူမှားနေတယ်ထင်ရင် သေချာကြည့်ထား၊ ခုပြော နေတာ မိုးဆက်လေ.."

"ဟား ဟား ဟား.."

ဒီတစ်ခါ သူရယ်ရမယ့်အလှည့်ဖြစ်သွားသည်။ ဒါပေမယ့် ပေါ့ပျက်


www.burmeseclassic.com

www.burmeseclassic.com


ပျက်မိုးဆက်လေရဲ့ လှောင်ရယ်မှုမျိုးတော့ မဟုတ်ပေ။ တကယ်ရယ်ချင်သွား လို့ ရယ်လိုက်မိတာဖြစ်လျက်.. ၊

"မင်းကများပြောရသေးတယ်မိုးဆက်ရာ..ရည်းစားထားချင်တာ လည်း မဟုတ် ရည်စားဖြစ်နေတဲ့လူတွေကိုလည်း ကဲ့ရယ်.."

"အဲဒီတော့ ဘာဖြစ်လဲ.."

"ရယ်ရတယ်လေ.."

"ရယ်ပေါ့..မင်းကိုယ်မင်းပဲ ပြန်မေးပါဦး၊ မင်းကြံရွယ်တိုင်းငါက ပုတ် ချတယ်လို့ပဲ မင်းထင်နေတယ်..အဲ့လိုဖြစ်ခဲ့တိုင်းရော မင်းအသည်းကွဲခဲ့တာ ရှိလို့လား.."

မေးလိုက်တာဘာကို ရည်ရွယ်မှန်းမသိ။ ရုတ်တရက်ဆောင်းမျက်နှာ အရယ်ရပ်သွားပြီး ဘာသံမှလည်း မထွက်နိုင်.. ၊ မိုးဆက်က ကားမောင်းနေ ရင်းမဲ့၏ ။ အပြာနုရောင်တီရှပ်က ပော်လိုဂရမ်တွေပါနေသဖြင့် မီးလင်း တော့ လက်လက်ထနေသည်။ မှောင်သွားတော့ ထင်းနေ၏။

မိုးဆက် တကယ်ဝါသနာကြီးတာက မိန်းကလေးတွေနဲ့ဆို အလွမ်း တကူရောနှောနေတတ်ခြင်းပင်။ ဒါပေမယ့် အတည်တွဲတာလားဆိုတော့ လည်း မဟုတ်။ ခုဆိုမိုးဆက်ရဲ့ဝါသနာက ဆောင်းမျက်နှာချစ်သူရှာလိုက် တိုင်း သူ့ဘက်ပါအောင် ဖြားယောင်းလွှဲပြောင်းဖို့ ကြိုးစားခြင်းဖြစ်ကာ..

"ငါက မင်းကောင်မလေးတွေကို လိုချင်လွန်းလို့ ဖြတ်ခုတ်တာမဟုတ် ဘူး..အချစ်ကို မင်းဘယ်လောက်ခံစားတတ်လို့လဲဆိုတာ စမ်းသပ်ရုံ.."

"ဘာ..ဘယ်လို.."

မိုးဆက်က ပခုံးတွန့်လိုက်ပြီး မချိုမချဉ်မျက်နှာနှင့်.. ၊

"ငါနဲ့တွဲနေတာတောင် မင်းမှာအသည်းကွဲတဲ့ရောဂါ ဖြတ်ပြေးခဲ့ လားပြော.."

ရောဂါတောင် ဖြစ်လားလို့မမေးဘဲ ဖြတ်ပြေးခဲ့ဖူးလားတဲ့..ကျလည်း ကျတဲ့ကောင်.. ၊

"ဖြတ်ပြေးရုံမကဘူး..လူပါသတ်ချင်တာနော်၊ ပြန်မစနဲ့.."

လက်သီးဆုပ်ကြီးပြပြီး ကြိမ်းဝါးတော့ မျက်နှာမော့ပြီး တဟားဟား ရယ်၏ ။

"ထောင်တန်တဲ့စကား ရယ်ပေါ့တဲ့..မင်းရယ်နေတိုင်း ငါ့ဒေါသ ပေါ့ပျက်သွားမှာ မဟုတ်ဘူး.."


www.burmeseclassic.com

www.burmeseclassic.com


"ဘာဆိုင်လို့လဲ.."

"ငါ့အကောင်းပြောနေတာမိုးဆက်..မေလွန်းနဲ့ဝသုန်စန်းတုန်းက မင်းငါ့ရှေ့မှာကြင်နာပြနေတာကို ထားခဲ့နိုင်တယ်၊ အဲ့ဒါ ငါ့အသည်းမကွဲလို့မဟုတ်ဘူး..မိန်းမတစ်ယောက်အတွက်နဲ့ သူငယ်ချင်းကို ဆုံးရှုံးမခံနိုင်တာ.."

မိုးဆက်က ကားမောင်းနေရင်း ဖျတ်ခနဲလှည့်ကြည့်သည်။ ရှေ့မှာ ကားမီးရောင် ဝင်းခနဲထိန်လင်းသွားမှ အလန့်တကြားလှည့်ပြီး စတီယာရင်ဆွဲ၏။ ဆောင်းမျက်နှာက ပွတ်ကာသီကာလေး ကပ်ရှောင်သွားရှာသည့်ကားကို လိုက်ငဲ့ကြည့်ပြီးမှ.. ၊

"ဟပ်ထိထိသလို စတန့်ထွင်ပြီးမရွဲ့နဲ့..မင်းကိုယ်ဘယ်လောက်ထိအသည်းခံနိုင်မလဲဆိုတဲ့ အပိုင်းမပါသေးဘူး.."

"ဂရုမစိုက်ဘူးဟေ့ကောင်..မင်းသည်းခံရအောင် ငါကမင်းကိုဒုက္ခပေးနေတဲ့သူ မဟုတ်ဘူး.."

"ဩော်..အင်း ပြောပါဦး.."

"ငါ့စေတနာတကယ်မှန်လို့ မင်းငါ့ကိုစိတ်မဆိုးနိုင်တာပါ..တကယ်တော့ ငါမင်းကို လိုက်ဖျက်နေတာမဟုတ်ဘူး..သတိပေးနေတာ.."

"လာပြန်ပြီ.."

"အချစ်ကို မကစားမိဖို့.."

"ဟွန်း.."

ဆောင်းမျက်နှာက မဲ့လိုက်ပြီး.. ၊

"မိဘက သဘောတူ..ငါကမြတ်နိုးပြီး လက်ထပ်မယ့်မိန်းမနဲ့ ကစားချင်စိတ်..သွား.."

"လက်ထပ်ဖို့သေချာနေတိုင်း တကယ်ချစ်တာဟုတ်ချင်မှ ဟုတ်မှာပါကွ..လက်ထပ်ခွင့်ရနေလို့ ချစ်တာဖြစ်နိုင်သလို ချောချောလှလှဆရာဝန်မလေးမို့လို့ လက်ထပ်ဖို့သင့်တော် ကောင်းမွန်တဲ့မိန်းမပဲဆိုပြီး ချစ်လာတာလည်း ဖြစ်နိုင်တာပဲ.."

"တစ်ယောက်နဲ့တစ်ယောက်ချစ်ကြဖို့အတွက် ရှိသင့်သောအချက်များဆိုပြီး ကိုယ်ပိုင်ပြဋ္ဌာန်းချက်ထုတ်မလို့လား.."

"ဟုတ်တယ်..မင်းအတွက်သီးသန့်.."

"အေး..ငါ့မှာလည်း မင်းအတွက်ပြဋ္ဌာန်းဖို့ရှိတယ်၊ ငြိမ်းနဲ့ငါ့ကိုစွမ်းဝင်ရှုပ်တာ ဒါနောက်ဆုံးဖြစ်ပါစေ.."


www.burmeseclassic.com

www.burmeseclassic.com


"ဟား ဟား ဟား.."

ရယ်ချလိုက်ပုံက မျက်နှာကိုသွေးပွက်ပွက်ကျလာအောင် စိမ်ပြေနပ် ထိုးပစ်ဖို့ပဲကောင်း၏။ ကားက မိုးဆက်တို့ခြံရှေ့မှာ ရပ်သွားကာ..၊

"မင်းကိုငါပြောပြီးပြီပဲကာလာ..မင်းရဲ့ငြိမ်းကို ငါလုံးဝမကစားဘူး လို့.."

"ကစားလို့မှမရဘဲ.."

"ဒါဆိုမင်းဘာလို့ အကြောက်ကြီးပြီး ငါ့ကိုကြိမ်းဝါးနေလဲ.."

"ကျွတ်..ဒါပဲလှည့်ပတ်ခွေမနေနဲ့မိုးဆက်..မင်းက ကစားတာမဟုတ် တော့ဘူး..နောက်ယှက်ဖျက်ဆီးနေတာ၊ ငြိမ်းက မယ်လွန်းဘုံတို့လို မိန်း လေး မဟုတ်တော့ မင်းလုပ်စရာဒါပဲရှိတာ.."

"မင်းချစ်နေပြီဆိုရင် ငါကဖျက်ဆီးစရာလားကွ.."

"မိုးဆက်.."

"ပြော.."

"ဒီတစ်ခါတော့ ငါအတည်ချစ်နေလို့ပါ..ဒါလေးတစ်ခုတော့ ချမ်း သာပေးပါလို့ မင်းကိုပြောစေချင်တာလား.."

"ငါ့ကိုမေးတာလား..တစ်ခါတည်းတောင်းပန်နေတာလား.."

"အဲ့ဒီမှာ သွားသေလိုက်တော့ခွေးကောင်.."

"ဟား ဟား ဟား.."

"သွားကွာ..ဆင်းတော့.."

"ဘယ်သူကဆင်းမယ် ပြောလို့လဲ.."

သူဆင်းမယ်ပြင်ပြီးမှ ကားကလျှောခနဲဆက်ထွက်သွားသဖြင့် လှည့် ကြည့်မိသည်။

"ဘာလဲ..အိမ်ထိလိုက်ပြီး ရယ်ချင်သေးလို့လားချီးထုပ်.."

"မစော်ကားနဲ့..မင်းကိုစိတ်မချလို့.."

သူဒေါသထွက်နေမှန်း သိနေသားနဲ့ ဒီကောင်တမင်ရယ်နေတာ ဒါဆို ဒေါသထွက်လောက်ဖွယ်တွေ လုပ်နေတာလည်း သူ့ကိုယ်သူသိ မည်။ သိရက်နဲ့ဆိုတော့ ဂရုမစိုက်တာလား..မဟုတ်ရင် ရန်စစိန်ခေါ်နေ လား..

ဆောင်းမျက်နှာ အတော်ကြီးအောင့်သီးအောင့်သက်ဖြစ်သွားခဲ့သည် 'အကျင့်မကောင်းတဲ့ကောင်' ဆိုပြီး အမြဲတမ်းပေါ့ပါးစိတ်နဲ့ ပျော်ဖျက်


www.burmeseclassic.com

www.burmeseclassic.com


...ရှု မိုးဆက်ထံမှမဟုတ်တစ်ချက် စကားလုံးတချို့က ရင်ထဲကို ဘာလိုလို ...၍ တစ်လုံးကြီးပစ်ဝင်သွားသည်။

သက်ကိုတို့ပြောနေကြတာ ဟုတ်နေသလား.. ।

☪


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၁)

"စုမှတွေးမိတာလား ဆောင်းမျက်နှာ..ဒီကောင် မင်းအပေါ်မှာ ခင်မင်တာ ငါတို့သိပါတယ်.."

"ဒါကလည်း မိသားစုနဲ့ခွဲနေရစ်ခဲ့တဲ့ သက်သေကြီးအခိုင်အမာ ထားတာကိုးကွ.."

သက်ကိုနဲ့စစ်ထွန်းတို့က တစ်ခါတလေမှလာတတ်ကြပေမယ့် နှစ်ယောက်စလုံးတိုက်ဆိုင်စွာ ရောက်လာကြသဖြင့် ဆောင်းမျက်နှာရင်ထဲက ဘာလိုလိုတချို့ကို ဖွင့်ပြောခဲ့မိ၏။

ဒါပေမယ့် သူတို့ထင်နေကြသလို အတွေးမျိုးသူ့မှာမဖြစ်ခဲ့တာ ဘာကြောင့်မှန်းမသိ.. ၊

"ငါထင်တာတော့ ဆောင်းမျက်နှာကိုခင်တာလည်း ရှိလိမ့်မယ်..ဒါပေမယ့် သူကိုကနိုင်ငံခြားမှာ လိုက်မနေနိုင်တာလည်း ဖြစ်နိုင်တာပဲ.."

စစ်ထွန်းက သူထင်တာကိုပြော၏။ သက်ကိုက ဆတ်ခနဲခေါင်းညိတ်ပြီး.. ၊

"အဲ့ဒါဖြစ်နိုင်ဆုံးပဲလေ..ရှဉ်လည်းလျှောက်သာ ပျားလည်းဆွဲသာပေါ့ ဘာပဲဖြစ်ဖြစ် မိုးဆက်က မင်းထက်သာတာတော့ သေချာတယ်ဆောင်းမျက်နှာ..တော်ကြာ အရှုံးအရှုံးနဲ့ခေါင်းပေါ် ချေးတက်ပါဦးမယ်.."

"အိမ်ဦးချေးတက်ပါတယ် လုပ်ပါ.."

စစ်ထွန်းက ဆရာကြီးဝင်လုပ်၏။

"ငါသာအရှုံးဆို မပါဘူးကွာ..ရှက်တယ်.."

"မင်းမှမရှုံးတာ ရှုံးနေရင်တော့ ပါရင်ပါမှာပေါ့.."

"ရှုံးနေတိုင်း ရှက်ကြောပြတ်ကုန်တာ မဟုတ်ပါဘူးကွာ.."

"ရှုံးနေပါတယ်ဆိုမှတော့.."

"ကဲကွာ..အရှုံးထဲကကို မထွက်တော့ဘူး၊ အရှုံးလေ့လာချင်ရင် ကျန်းမာရေး ဆေးရုံသွားကြ.."

"ဟုတ်တယ်..အဲ့ဒါသက်ကိုစတာ၊ ငါကပြောချင်တာ မဟုတ်ဘူး အရှုံးက တစ်မူးသာဆိုတာတွေလည်း မသိလို့မဟုတ်ဘူး..မပြောချင်လို့


www.burmeseclassic.com

www.burmeseclassic.com


"စစ်ထူး.."

"မပြောပါဘူးဆိုမှ.."

"မင်းတို့လည်း သုံးစားမရတော့ဘူး..လာတဲ့အရပ်ကိုပြန်ကြကြတော့၊ အာရုံနောက်တယ်.."

"အံမာ..ငါတို့က တစ်ပြည်တစ်ရွာကနေ အလည်လာရတာနော်.."

သက်ကို မခံချင်စိတ်နဲ့ ဝင်ပြောသည်။

"ဟုတ်တယ်..ငါလည်း တစ်ပြည်တစ်ရွာကလာရတာပဲ.."

"ဟွန်း.."

"မမဲ့နဲ့လေ..မြဝတီမှာနေပေမယ့် တံတားတစ်ဖက်ပဲခြားတာ.."

"သူငယ်ချင်းတွေကျောင်းပြီးသွားမှ ခုလိုပြန်ဆုံကြတယ်ဆိုတာ ရှား ..."

"အများကြီးပါကွာ..လာချင်ရင်အနီးလေး.."

"မင်းဆီပဲ ငါတို့လာနေရတာ.."

"မင်းတို့မိဘတွေက ငါ့ဆီမှာပဲ ရှိနေကြတာကိုး.."

"အံမာ.."

"ပြောပုံကတွေ့လား.."

"အမိရန်ကုန်မြေမှာလေ.." —

"အမိနေပြည်တော်လုပ်ပါ.."

ဆောင်းမျက်နှာက ခေါင်းခါပြီးရင်း ခါနေလျက်.. ၊

"မရဘူး..ရန်ကုန်ပဲ၊ ငါကအစွဲအလမ်းကြီးတယ်.."

"သိတယ်..အဲ့ဒါတွေကြောင့် မင်းခေါင်းပေါ်အရှုး..အဲ.."

"ဟိုတစ်ယောက်ချေးတက်ပန်းနေတာ.."

စကားတွေဟိုဒီဝေ့နေခဲ့ပြီး ဒီပဲပြန်ရောက်လာခဲ့၏။ သူတို့ပြောသလို ...ယ်ပဲ သူကအစွဲအလမ်းကြီးတတ်သူလား။ ဒါတော့ သူ့ကိုယ်သူနား ...ည်နေပါသည်။ အစွဲအလမ်းဖြစ်လောက်တဲ့အထိ သူ့စိတ်ထဲမှာ ဘာကိုမှမ ...ခဲ့ဖူး.. ၊

"ငါအတည်ပြောတာဆောင်းမျက်နှာ..ဘယ်ယောက်ျားမှ သည်းမခံ ...တဲ့အလုပ်တွေ မိုးဆက်လုပ်နေတယ်၊ ဘယ်လိုမှ သည်းခံနိုင်ဖွယ်မရှိတာ ...ကို မင်းသည်းခံတယ်..အေးလူအမြင်မှာတော့ မင်းကမျက်နှာ...တင်း ... ထောင်ထောင်မားမား မိုးဆက်ကဖြူဖြူချောချော ချ...တ်ပုံလေး.."



www.burmeseclassic.com

www.burmeseclassic.com


"အဲ့ဒီတော့ ဘာဖြစ်သွားနိုင်လို့လဲ.."

"ဘာဖြစ်ရမလဲကွ..မင်းကငယ်တဲ့လူကို ထိန်းချုပ်နေတဲ့ပုံပေါက်နေ
တာပေါ့.."

"ဘယ်သူကဘယ်သူ့ကို ထိန်းချုပ်စရာလိုလို့လဲ..အပိုတွေကွာ၊ ငါအဲ့ဒီ
လို ထင်စရာမြင်စရာတွေကို ဂရုမစိုက်ဘူး.."

"စိုက်သင့်တာတော့ စိုက်ရတယ်ဆောင်းမျက်နှာ..ငါတို့ရှရှိက်နေတဲ့
လေထုထဲမှာ ပတ်ဝန်းကျင်လေထုက ရာခိုင်နှုန်းဘယ်လောက်ပါမယ်ထို့
မင်းထင်လဲ.."

"မင်းကိုပတ်ဝန်းကျင်လေထု တိုင်းတာရေးအတွက် ဆွေးနွေးခိုင်းနေ
တာမဟုတ်ဘူး..အာရုံနောက်ရတဲ့ အထဲ.."

"မင်းဘာကိုမှ ဂရုမစိုက်ဘဲ မိုးဆက်လေကိုဂရုစိုက်ဖို့ တာဝန်ကျနေ
တာတွေ လျှော့သင့်ပြီ.."

"အဲ့ဒါတည့်တည့်ပြောလို့ မရဘူးလား.."

"မင်းကတည့်ကြောမစောင့်ဘဲ ဝိုက်ချင်တာကို.."

"ဒီထက်ပိုဆိုးတယ်..ဆစ်ဂနယ်မီးပြပြီး ရှေ့ကနေ ကန့်လန့်လာလုပ်
နေရင် ခါးကဖြတ်တိုက်ပစ်ချင်တာ.."

ဘေားပြောပြီး သူ့စားပွဲနောက်ကနေ ထသည်။ ပြီးတော့ စီးကရက်နဲ့
မီးခြစ်ကောက်ပြီး မျက်နှာစာမှန်ချပ်ကြီးတွေဘက် လှည့်ထွက်သွား၏။ သတ်
ကိုတို့လည်း ထလျှောက်သွားကြကာ.. ၊

"တစ်ခါတလေသည်းခံတာက ညံ့ရာရောက်တယ်ကွ..ငါတို့က မင်း
အဲ့လိုအနေအထား ရောက်နေတာ မျက်စိစပါးမွေးစူးလွန်းလို့.."

"မိုးဆက်က ဒီလိုအဖြစ်တွေမရှိခင်တည်းက ငါနဲ့စိတ်တူကိုယ်တူအချို
ဆုံး.."

"အမြဲတမ်း သင့်တင့်လျှောက်ပတ်နေတယ်ဆိုတာ မရှိဘူးကွ..ဖစ်တင်
ဖြစ်နေတဲ့ ဝင်ရိုးတွေတောင်ကြာရင် ချောင်လာကြတာပဲ၊ ဆီ ရေ လေ ဝိုင်
လိုအပ်တာဘယ်လောက်ထည့်ပေးနေနေ ဘယ်တော့မှမချို့ယွင်းဘူးဆိုတာ
မရှိဘူး..လက်ဖျစ်တစ်ချက်မှာတောင် အများကြီးပြောင်းလဲတတ်တဲ့
စိတ်ကို မနေ့ကနဲ့ဒီနေ့ မနှစ်ကနဲ့ဒီနှစ်..ဟိုလွန်ခဲ့တဲ့ ဆယ်နှစ်ကနဲ့ဒီနှစ်
ဘယ်လိုလုပ်တူနိုင်မှာလဲ.."

သူငယ်ချင်းချင်းပေမယ့် ကောင်းရောင်းကောင်းဝယ်ပြောပြနေတော့


www.burmeseclassic.com

www.burmeseclassic.com


ည်း နားထောင်နေမိသည်။ သူတွေးမရနိုင်ဖြစ်နေခဲ့တာလည်း မိုးဆက်ဘာ ကြောင့် ဒီလိုတွေပြောင်းလဲသွားခဲ့သလဲ ဆိုတာပင်..။

ထိုစဉ်ဖုန်းမြည်လာသဖြင့် စီးကရက်မီးညှိနေရင်း တစ်ဖက်နှင့်အိတ် ထဲက ထုတ်ယူကြည့်လိုက်သည်။

"မိုးဆက်လား.."

"အင်း.."

ခေါင်းညိတ်ဖြေရင်း ဆောင်းမျက်နှာက ဖုန်းနားထောင်လိုက်၏။

"ပြော.."

"ဘယ်မှာလဲမင်းက.."

"ငါ့ရုံးခန်းမှာ.."

"ဆင်းခဲ့ကွာ..နောက်ငါးမိနစ်ဆို ငါအဲ့ရှေ့ရောက်မယ်၊ ဒီနေ့ညစ်နေ တို.."

"ညစ်ရင်လျှော်ပေါ့ကွ..ဘယ်သူကပျော်နေလို့လဲ.."

"ကာလာ..မင်းညစ်တာက အပေါ်ယံအရေပြားတောင် မထိသေးဘူး ။.."

"ဟွန်း..မင်းကတော့ တွင်းနက်နက်မှာလှိုက်စားနေပြီလား.."

"ဟား ဟား ဟား.."

မိုးဆက်ရယ်သံက အောင်မြင်ခန့်ညားစွာ..။

"လျှောက်တွေးမနေနဲ့ဟ့ကောင်..ငါညစ်နေတာ ငါ့ဖီလင်မဟုတ်ဘူး၊ င်းရဲ့ငြိမ်းကြောင့်.."

"ဘာ.."

သူ့ရဲ့ဘာသံကြောင့် သက်ကိုတို့စိတ်ဝင်တစား အနားကပ်လာကြ ည်။

"ငြိမ်းကဘယ်မှာလဲ.."

"ငါနဲ့.."

"ခုရှိနေတာလား.."

"ပြန်သွားပြီ.."

"ဘာလာလုပ်တာလဲ.."

"သိချင်ရင်လာခဲ့လေ..ဘာလဲ အခန်းအောင်းပြီး သုံးဦးစေ့ဆွေးနွေးပွဲ ုပ်နေတာလား.."



www.burmeseclassic.com

www.burmeseclassic.com


ဟင်.. ။

သက်ကိုနဲ့စစ်ထွန်းတို့ ရောက်လာကြတာ သူချိန်းထားတာမဟုတ်ပေ
မနက်တည်းက သူနဲ့မိုးဆက်တစ်ခါမှ မပြောဖြစ်သေးသည့်အပြင် ဒီနေ့သိ
နေမကောင်းလို့ မလာတော့ဘူးလည်း ပြောခဲ့သေးသည်။

"ဘာဖြစ်လို့လဲဆောင်းမျက်နှာ.."

ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်ရင်း မျက်နှာလွှဲ၍ စီးကရက်မီးခိုးငွေ
နဲ့ အလုပ်ရှုပ်နေလိုက်သည်။ သူကိုယ်တိုင်ကပဲ ရင်ဖွင့်တာကို ဝါသနာ
ပါတာလား.. ။

ကိုယ်ကြုံတွေ့ခံစားနေရတာတွေကို စုဖွဲ့ပြောရသည့်အလုပ်ပေါ်မှာ
ကြာကြာ စိတ်ဝင်စားလို့မရ။ ပြီးတော့ တစ်ယောက်တည်းတွေး၍ အဖြေနှ
စပ်ဆုံးထိ သွားခဲ့ရတာတွေပဲ အကျင့်ပါနေခဲ့လို့လား.. ။

"အဲ့ဒီကိစ္စပါပဲ.."

လို့လိုရင်းပဲပြောကာ စီးကရက်ကိုတစ်ရှိုက်နှစ်ရှိုက်လောက်နဲ့ ဖိချေ
ပစ်၏။ မိုးဆက် တကယ်ပဲငြိမ်းကိုကြိုက်နေတာလား.. ။

ဒါမှမဟုတ် သူဘယ်လိုငြိုငြင်နေနေ ဖျက်ကိုဖျက်ဖို့ရည်ရွယ်ချက်ရှ
ရှိနေတဲ့အကြောင်း ထုတ်ဖော်တိုက်ခိုက်နေတာလား.. ။

ဒါတကယ် စတင်နေပြီဆိုရင်ရော မိုးဆက်ကိုသူနားလည်ပေးနိုင်
မှာလား.. ။

ကိုယ့်ရင်ဘက်ကို ပြန်မေးဖို့အထိ လိုအပ်နေပြီထင်သည်။

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁၂)

"မင်းငါ့ကို မေးပါလားကွ..သက်ကိုတို့က မင်းသိချင်တာတွေကို ဖြေပေးမှာမို့လို့လား.."

"ဘာ.."

"ခုလည်း မင်းသိချင်တာ ငါပဲဖြေမှာလေ.."

"မိုးဆက်.."

"ဘာလဲ.."

ဒေါသက သိပ်ထိန်းမရချင်။ ဒါပေမယ့် ကျိုခနဲအံကြိတ်မိကာ မိုးဆက်ရှေ့မှာ ရပ်ရင်းခါးနှစ်ဖက် ထောက်၍.. ၊

"ငါက မင်းအကြောင်းလျှောက်ပြောနေတယ်လို့ မင်းထင်နေတာလား.."

"မထင်ပါဘူး.."

ပြောပုံက ရယ်မြူးရိပ်ထင်နေသည့်မျက်ဝန်းတို့နှင့် နှုတ်ခမ်းတို့က အင်းတင်းစေ၍.. ၊

"ယောကျ်ားလေးတွေက မိန်းကလေးတွေလောက်တော့ အတင်းမပြောတတ်ဘူးထင်တာပဲ..ဒါပေမယ့် ပိုတောင်ဆိုးသေးတယ်လို့လည်း ကြားဖူးတယ်၊ ဒါပေမယ့် မရှိမဟုတ်ရှိကောင်း၏ပေါ့လေ..ဒါပေမယ့် ငါမင်းကို ပြောနေတာ မင်းငါ့ကိုနားလည်ချင်နေတယ်၊ ဒါပေမယ့် သူများဆီမှာပဲ သွားရင်ဖွင့် တယ်..ဒါပေမယ့် မင်းမသိခဲ့ရဘူး..ဒါပေမယ့်.."

"တော်တော့.."

"ဒါပေမယ့် မင်းငါ့ကိုစိတ်မဆိုးနိုင်ဘူးမို့လား.."

"မိုးဆက်..မင်းကိုငါ ဘယ်လောက်ထိသည်းခံနေမယ်လို့ မင်းထင်နေလဲ.."

"ငါ့မျက်နှာပေါ် မင်းလက်သီးရောက်မလာခင်ထိ.."

"ဟုတ်တယ်..အဲ့ဒီတော့ ငါတို့ဒွဲရှင်းမယ်.."

မိုးဆက်က ခပ်မဲ့မဲ့ပြုံး၏။ ပြီးတော့ တစ်ဖက်လှည့်သွားရင်း ပခုံးက ခြင်းပြန်ဆွဲလှည့်လိုက်ကာ.. ၊



www.burmeseclassic.com

www.burmeseclassic.com


"မင်း ငြိမ်းကိုကြိုက်နေတာလား.."

"ခပ်တုံးတုံးမေးခွန်းကြီးကွာ.."

"မိုးဆက်..မင်းငါမေးတာဖြေ.."

"ဖြေခဲ့ပေါင်းလည်းများပြီကာလာ..မင်းကောင်မလေးတွေနဲ့ အဆင်မပြေဖြစ်တိုင်း ဒီတိုင်းပဲမင်းမေးခဲ့တာ.."

"မင်းလည်း တခြားမှာမိန်းကလေး ရှားနေတာကိုး.."

"မရှားပေမယ့် ငါကမင်းလောက်မစွံတော့ မင်းနားရောက်လာတဲ့ ‌ေ... လေးတွေပဲ..အဲ.."

"အခု ဝန်ခံတာလား.."

"နိုး.."

ပျာပျာသလဲ လက်ခါပြီးရယ်ကာ.. ၊

"ငါပြောပြီးပြီပဲ..ငါမင်းအတွက်ပဲ ရည်ရွယ်တာ.."

"မင့်.."

ဒေါသဖြစ်ဖြစ်နှင့်အင်္ကျီရင်ဘတ်ကို လက်နှစ်ဖက်စုံကိုင်ပြီး ဆောင့်... မိတဲ့အထိ.. ၊

"ပြောစမ်းပါ..အခုငြိမ်းနဲ့ဘယ်လိုထပ်ငြိသွားတာလဲ၊ မင်းသေချာပြီ... ရင်လည်း ငါ့ဘက်ကဆစ်ဂနယ် မှိတ်လိုက်တော့မယ်.."

"ဟား ဟား ဟား ဟား.."

သူ့လက်ကို အသာလေးဖယ်ချပစ်သည်။ အင်္ကျီကော်လံကို ဟန်... ပန်ကျပြန်ဆွဲတင်ပြီး ရယ်နေကာ.. ၊

"ခွင့်ပြုပြီလို့ပြောတာလား..အိုခေလေ၊ ဒါဆို မင်းရဲ့သံသယတွေ... ဖြန့်ခင်းလိုက်လို့ရပြီ.."

ဆောင်းမျက်နှာ မျက်မှောင်ကုတ်သွားသည်။ မိုးဆက်က မျက်... တည်တည်ပြင်လိုက်ပြီး.. ၊

"သူက မင်းကိုအထင်လွဲနေတာ..ဒါပေမယ့် ငါရှင်းပြလိုက်ပါတ... လိုက်ရှင်းပေးတာတော့ မဟုတ်ဘူးနော်..သူငါ့ဆီရောက်လာတာ၊ ဒါဆေ... အဆင်ပြေဖို့ရှိပါတယ်..အဟွန်း မင်းကအိုခေဆို ငါကကလစ်ထောက်လို့... ပဲ.."

"တင်း..တောင်း.."

အိမ်ရှေ့က ဘဲလ်မြည်သံကြောင့် စကားစပြတ်သွားသည်။ သူတို့...



www.burmeseclassic.com

www.burmeseclassic.com


ခြံထဲမှာမို့ အိမ်ထဲကိုဘေးတိုက်မြင်နေရကာ။ မကြာခင်စုဘူးမနဲ့အတူ ဘေးတံခါးမှာ ငြိမ်းကိုမြင်လိုက်ရ၏။ ပိတောက်ရောင်ဆွဲသားကိုယ်ကျပ်လေးနှင့် ဆံပင်တွေကို ဖြန့်ချထားသည်။

မျက်နှာလေးကလည်း ဝင်းဖန့်ဖန့်လေးနှင့် လှနေကာ သူမကလည်း နှစ်ယောက်အတူရှိနေတာမြင်တော့ အံ့သြသွားပုံနှင့်.. ၊

“ကိုဆောင်းတို့က အမြဲအတူရှိနေကြတာလား..”

သူဖြေမလို့ပဲရှိသေးသည်။ မိုးဆက်က ရယ်၍.. ၊

“ဆိုပါတော့ မင်းကရော..”

“ငြိမ်းကလည်း ရှင့်အကြောင်းပြောဖို့လာတာဆိုတော့ ခက်တော့ခက်ဦး..”

“ဝါး..”

အံ့သြသလိုမျက်ခုံးပင့် အသံထွက်ရင်း မိုးဆက်က ဆောင်းမျက်နှာကို ကြည့်ကြည့်သည်။ ငြိမ်းကလည်း ခေတ်မီမိန်းကလေးမဟုတ်ပေ။ သူမမျက်နှာမှာ ရဲရင့်မှုတွေရှိနေသလို ပြတ်သားစွာပြောရဲသည်။

ယုံကြည်မှုတစ်ခုကို အလွယ်တကူပြိုလဲခံမည့် မိန်းကလေးမျိုးမဟုတ်ကြောင်း သူမမျက်ဝန်းလေးတွေက သိသာ၏။ မိုးဆက်ရှောင်ထွက်ပေးတော့မှ မှုန်မှုန်နေသည့် ဆောင်းမျက်နှာကို ကြည့်၍.. ၊

“ကိုဆောင်းတို့ ငြိမ်းနဲ့ပတ်သက်ပြီး ပြောနေကြတာထင်တယ်..”

“ပြောဖြစ်တာပါ..”

မျက်နှာကိုပြေပြစ်အောင် တမင်ပြင်ဆင်လိုက်မှန်း ငြိမ်းကသိသည်။ သို့သော်.. ၊

“ဟိုနေ့ကဖုန်းခေါ်တုန်းဖြစ်တဲ့ ပြဿနာက..”

“ပြီးပြီမို့လားငြိမ်း..မင်းသူ့ကိုမေးပြီးပြီပဲ..”

“ကိုဆောင်းက ငြိမ်းအဲ့လိုမေးလိုက်တာကို အပြစ်မြင်တာလား..”

“မင်းကို ကိုယ်ရှင်းပြဖို့ဖုန်းဆက်တာနှစ်ခါ..”

“တစ်ခါက ခွဲစိတ်ခန်းထဲမှာ..တစ်ခါကတော့..”

“ကိုယ့်ဘက်မှာလည်း အဲ့လိုအခြေအနေတစ်ခုခု ရှိနေနိုင်တာကို မင်းထည့်တွေးသင့်တယ်..”

“ထည့်တွေးတာပေါ့ကိုဆောင်း..အဲ့ဒါကြောင့် အခုငြိမ်းဒီကို ရောက်လာတာပဲ၊ သူ့ကိုမေးတာလည်း သွားမေးတာမဟုတ်ပါဘူး..ငြိမ်းရှိနေတဲ့ရှေ့


www.burmeseclassic.com

www.burmeseclassic.com


မှာမြင်လို့ နှုတ်ဆက်ရင်း သူပဲစပြောတာပါ..”

မိုးဆက်ပြောပြတဲ့ ပုံစံကတော့ တစ်မျိုးပါလား.. ၊

တွေးမိပေမယ့် ဆောင်းမျက်နှာဘာမှဝင်မမေးခဲ့ပေ။ သူငယ်ချင်းနဲ့ ရင်ဆိုင်ရဖို့ရှိတာ သပ်သပ်။ ကိုယ့်ပြဿနာကသပ်သပ်လို့ပဲ မြင်ထားလိုက်သည်၊ ငြိမ်းက သူ့မျက်နှာကိုကြည့်ရင်း မချင့်မရဲဖြစ်နေပုံနှင့်.. ၊

“ကိုဆောင်းက ဖုန်းနှစ်ခါဆက်တယ်ဆိုပေမယ့် ငြိမ်းကဒီထိလိုက်လာခဲ့ရတာ ထည့်စဉ်းစားဦးကိုဆောင်း..ပြဿနာတစ်ခုရှိလာရင် ရှင်းရမှာပဲ၊ပါမှန်ရင် ပြီးတာပဲဆိုပြီး နေလိုက်လို့မရဘူး..ငြိမ်းဖုန်းဆက်လို့ကြားရတဲ့စကားသံ တွေက မိန်းမသားတစ်ယောက်အနေနဲ့ ဘယ်လိုမှ နားလည်ပေးဖို့မဖြစ်နိုင်တဲ့ အကြောင်းတွေပဲ..ဒါပေမယ့် ငြိမ်းဘာသာပဲ နားလည်ခဲ့ရတာ..”

သူဘာမှမပြောဘဲ ငြိမ်နေခဲ့သည်။

“အဲ့ဒီတစ်ယောက်က အရမ်းပေါ့ပျက်ပျက်နိုင်တယ်..ဘာကိုမှလည်း အလေးအနက်ပြောလို့ မရနိုင်တဲ့လူမျိုး၊ ကိုဆောင်းရဲ့ပါတနာကို ငြိမ်းကဲ့ရဲ့နေတာ မဟုတ်ဘူး..ငြိမ်းနဲ့ပတ်သက်လာလို့ ပြောတာ၊ သူနဲ့စကားပြောမိတာပဲရှိတယ်..ကိုဆောင်းနဲ့ဖြစ်ရတဲ့ကိစ္စကို ငြိမ်းဘာမှမမေးဘူး..”

“မမေးတာလား..မေးလို့မရတာလား..”

ဆောင်းမျက်နှာကောက်မေးလိုက်တော့ ငြိမ်းမျက်နှာလေးပျက်သွားသည်။ သူလည်း နားလည်သွားခဲ့သည်။ မိုးဆက်ဘယ်တော့မှ သူ့အကြောင်း သူများကို ပြောမှမဟုတ်ပေ။ သူ့မကောင်းကြောင်းကို သူများလာပြောလို့ မရခြင်းပင်.. ၊

ဒီလိုယုံကြည်နေမိတာလည်း ဘာကြောင့်မှန်းတော့မသိ။ တစ်ဆက်တည်း စိတ်ကုန်မြန်သွားသည်က ငြိမ်းရဲ့လူတစ်ယောက်အပေါ် လွယ်လွယ်ကဲ့ရဲ့ဝေဖန်တတ်ခြင်းပင်.. ၊

သူမနဲ့ဆုံခဲ့သည်၊ စိတ်ဝင်စားခဲ့သည်၊ ရင်းနှီးခဲ့သည်။ မိဘချင်း[illegible] နေကြတော့ အဆင်ပြေသွားခဲ့၏။ စေ့စပ်ဖို့ဖြစ်လာခဲ့ခြင်းက အစစအဆင်[illegible] နေသည့် အခြေအနေတွေကြောင့်သာ.. ၊

ထို့ကြောင့် စိတ်ထင့်သွားသည်နှင့် အစပျိုးဖို့ရှိနေခဲ့သည့် အိမ်[illegible] ရေးအပေါ် သူကိုယ်တိုင်ကြက်ခြေခတ်များစွာနဲ့ နောက်တစ်မျက်[illegible] ချင်ခဲ့သည့်နောက်.. ၊


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁၃)

"ငြိမ်းလောက် အစစအရာရာပြည့်စုံတင့်တယ်တဲ့ အိမ်ထောင်ဘက် မိန်းကလေး ထပ်ရှာနိုင်ဖို့ မလွယ်ဘူးသား..ဘာဖြစ်လို့လဲဆိုတော့ မေမေ တို့က သားကိုထားခဲ့ပြီး အဝေးမှာသွားနေကြရတာ၊ ခုလည်း သားကိုပြည့် ပြည့်စုံစုံ စေ့စပ်လက်ထပ်ပေးချင်လို့ မင်းအဖေကိုအကြောင်းကြားခေါ်ပြီး မေမေတို့အားလုံး ရောက်လာခဲ့ကြတာ..ခုကျတော့.."

"ကိုယ့်စီးပွားရေးနဲ့ကိုယ် အခြေကျနေတဲ့အရွယ်ပါမေမေ..မေမေ ဘာကို စိတ်မချဖြစ်နေတာလဲ.."

"မင်းအမေက စိတ်မချတာမဟုတ်ဘူး..ဖေဖေကိုယ်တိုင် စဉ်းစားပြီး ပြောတာ.."

ဦးဆောင်းနွေက မိုးဆက်အပေါ်မှာ သိပ်ဘဝင်မကျခဲ့သည့်အ လျောက်..၊

"မိသားစုအပေါ်မှာ နွေးထွေးမှုမရှိတဲ့လူတွေက တစ်ကိုယ်ကောင်းဆန် တတ်ကြတယ်ကွ..ဒီကောင်လေးက မင်းကိုခင်တွယ်ပြီး မြန်မာပြည်မှာ စည်း စိမ်ခံရုံနဲ့ ကျန်ရစ်ခဲ့တာပေမယ့် သူ့စိတ်ဓာတ်ကို ဖေဖေမကြိုက်ဘူး.. ပြောရ ရင်တော့ ငြိမ်းနဲ့ငါ့သားဖြစ်ကြတဲ့ ပြဿနာကိုလည်း ဖေဖေတို့သိတယ်.."

"ပြဿနာမဟုတ်ပါဘူး..ဒါက ကျွန်တော်တို့ဖြတ်သန်းနေကျ နေ့တွေ ညတွေပဲ၊ အကြားမတော်ဖြစ်သွားတာက မဝင်သင့်တဲ့အချိန်မှာ သူ့ဖုန်းဝင် လာလို့ပါ.."

"မပြသင့်တဲ့အခြေအနေကို သူမပြရဘူးလေ.."

ဆောင်းမျက်နှာက မိဘနှစ်ပါးကို သေချာမော့ကြည့်သည်။

"ဖေဖေတို့ကို ငြိမ်းပြောပြတာလား.."

"အဲ ဒါကတော့ အမေးရှိရင်အဖြေရှိရတယ်လေ..နှစ်အိမ့်တစ်အိမ်လို ဖြစ်နေကာမှ အပြောအဆိုတွေ တန်းကုန်ကြတော့ မေးရမြန်းရတာပေါ့.."

"ဟုတ်တယ်သား..သူငြိမ်းရှေ့ကို တမင်ရောက်အောင်သွားတာ.."

"ငြိမ်းပဲအဲ့လို ထင်တာမို့လား.."

ခရေစေ့တွင်းကျ သိနေသည့်အဖြစ်ကို ပြောလည်းပြောမိပြီမို့ ဒေါ်


www.burmeseclassic.com

www.burmeseclassic.com


ထားထားမြတ် ဝန်မခံချင်လို့လည်း မရတော့ဘဲ.. ၊

"သားက ငြိမ်းကိုဘာဖြစ်လို့ သဘောမကျဖြစ်သွားတာလဲ.."

"မေမေ့သား သူ့သူငယ်ချင်းစကားပဲ နားယောင်နေလို့ပေါ့.."

အကြီးဆုံးဖြစ်သည့် နေအရိပ်ကစကားဝိုင်းထဲ ဝင်ပါလာသည်။ သူ လည်း ညီမင်္ဂလာဆောင်ကိစ္စအတွက် တမင်လိုက်လာခဲ့တာဖြစ်ကာ ဆောင်း မျက်နှာကို အစတည်းက အချစ်ပိုခဲ့တာကြောင့်လည်း ပါ၏။

ထို့ကြောင့် ညီဖြစ်သူကို ခင်တွယ်နေသည့် မိုးဆက်အပေါ်မှာလည်း တရင်းတနှီးရှိခဲ့သည်။ ရောက်လာတိုင်း လက်ဆောင်ပါ၏။ ဒါပေမယ့် ခုလိုဖြစ်ကြသည်ဆိုတာကိုတော့.. ၊

"ကိုကြီးလည်းအကဲခတ်မိတယ်ညီ..မိုးဆက်က မင်းကလွဲရင်ဘာကိုမှ အကောင်းမြင်ဝါဒနဲ့ ကြည့်တဲ့ကောင်လေးမဟုတ်ဘူး၊ ဒီလောက်ရင်းနှီးနေတဲ့ ငါတို့အိမ်ကိုတောင် သူဘယ်နှစ်ခေါက်များ ဝင်ထွက်ဖူးလို့လဲ..ကြည့်ရတာ ငါတို့ထပ်လည်း ချမ်းသာနေတော့ မာန်လေးကလည်း တက်ချင်ချင်.."

"မိုးဆက်က အဲ့လိုလူမဟုတ်ပါဘူး.."

"မိုးဆက်နဲ့ပတ်သက်ရင် မင်းကလည်း ရည်းစားကိုတောင်ဂရုမစိုက် ဘူးလေ..မညာတမ်းပြောရရင်တော့ မင်းတို့နှစ်ယောက်.."

"ကိုကြီး.."

"ဘာလဲကွာ..ဘာမှလည်း မပြောရသေးဘဲနဲ့.."

ပြောပြီးရယ်နေသေးသည်။ ထိုဆွေးနွေးပွဲ၏ရလာဒ်က ငြိမ်းနဲ့သူ စပ်ဖို့ ပြန်ဖြစ်သွားခဲ့ပြီး.. ၊

"ဘယ်လို..လက်ထပ်ပွဲပါ တဆက်တည်းလုပ်ဖြစ်လိမ့်မယ် ဟုတ် လား.."

သတင်းရသည်နှင့် မိုးဆက်မျက်နှာအကြီးအကျယ်ပျက်၏။ အ တမ်း အောင်နိုင်သူ့အပြုံးနှင့် မျက်နှာက ဒီလောက်ထိသိသာစွာ ပျက်ယွင်း သွားသည့်အတွက် ဆောင်းမျက်နှာက အေးဆေးကြည့်နေမိသည်။ သူကြည့် နေနေမနေနေ မိုးဆက်ကလည်း မျက်နှာတင်းတင်းနှင့် ပြန်ကြည့်ကာ..

"ဒါကြောင့် မင်းခြေလှမ်းသွက်နေတာကိုး.."

"မသွက်ပါဘူး...ပုံမှန်ပါပဲ.."

"သွက်ပါတယ်..အရင်က မင်းဘယ်သွားသွား ငါ့ကိုမပြောဘဲ မ မသွားဘူး.."



www.burmeseclassic.com

www.burmeseclassic.com


"မင်းလည်း ငါမသိလိုက်ခင် လက်နက်ပုန်းတွေနဲ့ ပစ်ခတ်နေတာပဲ ...လား.."

မိုးဆက်ကမဲ့သည်။ မိုးပြာရောင်ရှပ်လက်တိုကို အပေါ်ကြယ်သီးနှစ် ...လုံးဖြုတ်ထားကာ အကျီအောက်ဖျားစတွေက ဘောင်းဘီခါးစပ်ထဲမှာ ခပ် ...လျှော့လျှော့ရှိနေ၏။ လက်နှစ်ဖက်ကို ဘောင်းဘီတွေထဲထည့်၍ သူ့ဆီတစ် ...လှမ်းချင်း လျှောက်လာပုံက စမတ်ကျသည်။

မိုးဆက်က ကိုယ်ခန္ဓာသွယ်သည့်အပြင် အဆီပိုမရှိသည့်ဗိုက်သားရှပ် ...ချပ်ကြောင့် ဒီလိုပုံစံဝတ်ထားတိုင်း ဆွဲဆောင်မှုအပြည့်ရှိနေတတ်၏။ ...ပြီးတော့ ဆောင်းမျက်နှာရှေ့မှာ ခပ်နွဲ့နွဲ့ရပ်လိုက်ကာ.. ။

"အချစ်ကို ဘာမှန်းမသိလိုက်ခင် ငါဘယ်တော့မှလက်မထပ်ဘူး.."

"အဲဒီတော့.."

"မင်းနဲ့ငါ အဲ့လိုဖြစ်ချင်တာ..ဒါကြောင့် မင်းကိုလက်မထပ်စေချင်တာ ...."

"အချစ်ကိုဘာမှန်းသိဖို့က ချစ်ကြည့်မှသိမှာပေါ့ကွ..ငါရည်းစားထား ...ခဲ့ခြေလှမ်းပြင်လိုက်တိုင်းရော မင်းပဲဟိုလိုလို ဒီလိုလို ကဖျက်ယဖျက်.."

"ငါမဖျက်ပါဘူး..မင်းနဲ့တွဲနေကျအတိုင်း မင်းအနားမှာရှိနေရုံပဲ၊ ဒါ ...မယ့် မင်းကောင်မလေးတွေကိုက ငါ့ဘက်ယိုင်လာကြတာ.."

ဆောင်းမျက်နှာတစ်ဖက် လှည့်ပစ်မိသည်။ မေလွန်းဘုံနဲ့သူချစ်သူဖြစ် ...ခဲ့ 'မင်းရဲ့မေလွန်း ငါ့ဆီရောက်လာတာနော်'လို့ မိုးဆက်ထံမှ သတိပေး ...ဆိုလို လှောင်ရယ်တာလိုလို ပထမဆုံးအကြောင်းကြားချက်ကို ရခဲ့သည်။

နောက်တော့ 'မိုးဆက်နဲ့မေလွန်းဘုံ တွဲနေကြတယ်' လို့ စစ်ထွန်းတို့ ...ဆီက သတင်းရခဲ့လေသည်။ ပြီးတော့ ဝသုန်စန်း၊ သူမလည်း ထိုနည်းတူ ...။

"မင်းယုံမလားမသိဘူး..မေလွန်းဘုံ ငါ့ဆီပြန်ရောက်နေတာ တစ်ပတ် ...လောက်ရှိပြီ.."

"အဲ့ဒါကိုငါက.."

"ငါ့ဆီရောက်တယ်ဆိုလို့ တစ်မျိုးမထင်နဲ့..ငါသူ့ကို အနီကဒ်ပြထား ...ား.."

"ထင်တာမြင်တာတွေ မရှိတော့ဘူးမိုးဆက်..မင်းနဲ့ငါတွေ့တိုင်း ဒါ ...ပဲ ပြောဖြစ်နေတာလည်း စိတ်ပျက်ဖွယ်ပဲ၊ အဲ့ဒီတော့ အားလုံးပြီးသွား


www.burmeseclassic.com

www.burmeseclassic.com

ပြီ..အခု မင်းနဲ့ငါ အလုပ်ကိစ္စဆွေးနွေးမယ်..ဒီမှာပဲ.."

နေရာက မိုးဆက်တစ်ယောက်တည်း နေထိုင်ပိုင်ဆိုင်သော သုံးထပ်တိုက်ကြီးရဲ့ ပထမထပ်ဝရန်တာမှာ စားပွဲတစ်လုံးနဲ့ခုံနှစ်လုံးရယ်..။

"ဘုန်း.."

ဖိုင်တွေကိုရော လက်ပ်တော့ပ်ကိုပါ အထပ်လိုက်အတိုင်း ပစ်ချလိုက်တာက ဆောင်းမျက်နှာက ခုံဆွဲထိုင်သည်။ အပြင်တစ်နေရာမှာ မထိုင်ဖြစ်တော့ဘူးဆိုရင် မိုးဆက်အိမ်ကို လာခဲ့သည်။ များသောအားဖြင့် ဒီတိုက်ကြီးထဲမှာပဲ နှစ်ယောက်ခေါင်းချင်းဆိုင်ဖြစ်ကြကာ..။

"မင်း ဘာသောက်မလဲ.."

"ကော်ဖီပဲ.."

"ဘာလက်ခ်ကုန်နေတယ်ကွ.."

"ကုန်နေရင် သွားဝယ်ကွာ.."

"အေးပေါ့..ငါကမင်း လက်တိုလက်တောင်းခိုင်းဖို့လေ.."

မိုးဆက်စကားကြောင့် ဆောင်းမျက်နှာကပြုံးသည်။ ကိုယ့်အိမ်မှာဆိုလည်း မိုးဆက်လောက်ဇိဇာကြောင်တာ မရှိ..။

"အိမ်ထဲမှာမကောင်းဘူး.."

"ညော်နံ့တွေ မခံနိုင်ဘူး.."

"ငါထိုင်နေတုန်း ဖုန်ခါတံကိုင်ပြီး အနားမှာလာလုပ်နေရင် စိတ်ညစ်တယ်.."

"ငါဆိုမိန်းမတွေကို ချက်ပြုတ်မခိုင်းဘူး..ရှုံတယ်.."

စသဖြင့်သော ရှုံ့မဲ့ခေါင်းခါခြင်းတွေ အမျိုးမျိုးနှင့်အိမ်ကိုလည်း သိပ်မလာဖြစ်တော့သည့်နောက်..။

"မင့်အိမ်မှာ မင်းပဲဝတ္တရားကျေရမှာပေါ့ကွ.."

ကော်ဖီထွက်ဝယ်ဖို့ကိစ္စကို ဆောင်းမျက်နှာကပြန်ဆက်သည်။ မိုးဆက်က သူ့လက်မောင်းကိုလက်သီးနဲ့ရွယ်ပြီးမှ လှည့်ထွက်သွားသည်။ သူငယ်ချင်းချင်း အရင်လိုပြန်လည်ငြိမ်းချမ်းသွားပြီလို့ ထင်ရသော်လည်း..

☪


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၄)

"ကိုယ်ခုပဲလာမလို့ငြိမ်း..ခဏပဲ၊ နောက် ဆယ်မိနစ်လောက်.."

"အား..ဟား ဟား သေပါပြီ.."

လာမည်လို့ပြောနေကာမှ ကားပေါ်တင်ခေါ်လာခဲ့ရသည့်မွေးလူနာ အသည်းအသန်ထအော်လေသည်။ ဒီညရုပ်ရှင်အတူကြည့်ပြီး ညစာစား ပြန်ကြဖို့ ငြိမ်းနဲ့ချိန်းထားသည်။ စေ့စပ်ဖို့က တစ်ပတ်ပဲလိုတော့တာမို့ နဲ့ တွဲသွားတွဲလာတွေလည်း များလာသလို ပိုပြီးရင်းနှီးလာခဲ့ကြသည်။

ငြိမ်းကစိတ်တိုပြီဆို ဆားလူမရှောင် ပတ်ဝန်းကျင်မရှောင်ဆွဲထည့် ကားတတ်ပေမယ့် သူ့အပေါ်သည်းခံမှုရှိတာကြတော့လည်း အံ့သြ တက်ပေသည်။ ဒါကြောင့် သူ့အပေါ်မှာ သို့လောသို့လောအတွေးတွေ ခဲ့မိသမျှ ခုတော့ ကျေပျောက်သွားခဲ့ပြီဖြစ်ကာ.. ၊

"ဒုန်း.."

"အား..ညှစ်ချင်နေပြီမမထွေးရယ်..အား.."

စကားသံတွေထပ်ကြားလိုက်တော့ သူ့အာရုံတွေကားဆီ ပြန် ကလာ၏။

"ဆောရီးပါဗျာ..ကားရှောင်လိုက်ရတော့ ချိုင့်ကိုမရှောင်လိုက်မိ .."

"ရပါတယ်သူဌေးရယ်..ဆေးရုံကိုသာမြန်မြန်ပို့ပေးပါ၊ ခုလိုကူညီ ကိုပဲ ကျေးဇူးတင်လှပါပြီ.."

တကယ်တော့ သူကူညီခဲ့တာမဟုတ်ပေ။ မိုးဆက်နဲ့ကုမ္ပဏီကနေ ထွက်လာကြတုန်း ပါကင်မှာကားပြဿနာတက်နေကြသည့် ဝန်ထမ်း မျိုးသမီးတစ်ဦးနဲ့ အဖော်တစ်ယောက်ဒုက္ခများနေကြတာ တွေ့ကာ.. ၊

"ဘယ်နှယ့်ငါ့ကုမ္ပဏီမှာ ဒီလောက်ကိုယ်ဝန်နေ့စေ့လစေ့ကြီးနဲ့ မျိုးသမီးက ရှိနေရတာလဲ.."

"ကဲပါ..နောက်မှစစ်ဆေးပါကွာ၊ ကုမ္ပဏီမှာဝန်ထမ်းတွေ ရော့ချိရှိ တာ မင်းရောငါရောမသိတဲ့ ဝန်ထမ်းတွေရှိမှာပေါ့ကွ..လုပ်ပါ ဒိုက်ပို့ပေး က်ပါကွာ.."


www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ဘူး...ကုမ္ပဏီမှာကားတွေ ရှိတာပဲ၊ ငါက.."

"မင်းကလည်း ကားတွေဒီနားမှာတွေ့လို့လား.."

ပြောနေတုန်း အမျိုးသမီးက ကွေးကောက်အော်ဟစ်နေသဖြင့် နှ
ယောက်စလုံးကို ကားပေါ်တင်လာခဲ့ရတာဖြစ်သည်။ မိုးဆက်ကတော့ အ
တည်းက ကုမ္ပဏီမှာနေခဲ့ရန် သူပဲတာဝန်ခွဲထားတာမို့ ပါမလာခဲ့ပေ..။

"ငါ နှင့်ယောက်ျားကိုဖုန်းဆက်ခိုင်းထားတယ်သိလား...လိုအပ်မ
ထင်တာတွေ စုဆောင်းယူပြီး ဆေးရုံကိုလိုက်လာခဲ့ဖို့လေ၊ အားမငယ်နဲ့နေ
မိသဲ.."

"အား...နာတယ်.."

မွေးမယ့်မိန်းကလေးတစ်ခါ အော်လိုက်တိုင်း သူ့အာရုံတွေပျံ့လွင့်
ကုန်ရကာ နောက်ထပ်ငြိမ်းဆီက ဖုန်းဝင်လာတာကိုလည်း မကိုင်နိုင်တော့
ပေ...၊

"ဟင်..လူနာရှင်က ကိုဆောင်းလား.."

"ဟာ..မဟုတ်.."

"ဟုတ်ပါတယ်ရှင်...ဆောင်းမျက်နှာပါ.."

ဒေါက်တာအေးနန္ဒာက ဆောင်းမျက်နှာကိုသိသည်။ သူမနဲ့ငြိမ်းဆ
ရင်းနှီးဆုံး သူငယ်ချင်းတွေ.. ၊

"ဟော့..မင်းဘာတွေပြောနေတာလဲ.."

"ဘာတွေပြောနေတယ်ထင်လို့လဲ..ရှင့်ကိုနာမည်လေးပဲ ထည့်အ
ရင် ကျေနပ်ပါပြီလို့ ပြောနေခဲ့တာပါ၊ ရတယ်...ဘာစရိတ်မှလည်း ပေးဖို့မ
ဘူး၊ ဆရာမ..ဖအေနာမည်ပဲ ယူထားပေးပါရှင်၊ လူနာကခွဲစိတ်မွေးရမ
ဆိုလည်း ကျွန်မပဲ လက်မှတ်ထိုးပါ့မယ်.."

"ဟော့..အဲ့ဒါမဟုတ်ဘူးနော်..မင်း မင်း ပြောနေတာတွေ.."

"မြန်မြန်လုပ်ပါဆရာမရယ်..ကျွန်မပဲအုပ်ထိန်းသူပါ၊ ဖအေ
ကတာဝန် မယူတာနဲ့ပဲ မွေးလူနာက ကလေးမမွေးရတော့ဘူးလား.."

"ဒေါက်တာ ကလေးအမေသတိလစ်နေပြီ.."

"ကလေးကို စမ်းသပ်ပြီးပြီလား.."

သူတို့တွေ ပျာယာခတ်ကုန်ကြလျှင် ဆောင်းမျက်နှာရှေ့
ဒေါသထွက်ခြင်းတို့အပြင် ဘယ်လိုမှနားလည်လို့မရအောင် အံ့ဩ
ခြင်းကအပြိုင် ရှုပ်ထွေးနေခဲ့ပြီး... ၊


www.burmeseclassic.com

www.burmeseclassic.com



"တောက်.."

ဒါဘယ်လိုမှကုမွဏီက လူတွေမဖြစ်နိုင်။ ဒါဆို ဘာလုပ်ကြတာ ...ကိုယ့်ကုမ္ပဏီက ကန့်သတ်ထားတဲ့ပါကင်နေရာမှာ ကားလာရှာတုန်း ...ယ်ပဲ ဆွမ်းခံရင်း ငှက်သင့်တာလား.. ၊

စိတ်က သံသယဖြစ်ဖွယ်တွေးမိသည်နှင့် မိုးဆက်မျက်နှာကိုဒိုင်းခနဲ ...မြင်လိုက်၏။ သို့သော် ကိုယ့်ဘာသာဆင်းလာခဲ့ဖို့ကို မိုးဆက်ကိုသူပဲ ...ထုတ်လာခဲ့တာ ဖြစ်သည်။ ဒီကိစ္စ မိုးဆက်နဲ့ဘာမှမဆိုင်ဘူးဆိုတာ ...မိကာ နောက်ထပ်မချင့်မရဲ တက်ခေါက်မိ၏။ ပြီးတော့ ထိုနေရာမှ ...ထွက်ခွာလာခဲ့မိစဉ်.. ၊

"ဟဲ့..ခုနက ဝင်သွားတဲ့မွေးလူနာက ကလေးတကန့်လန့်ဖြစ်နေတာ ..."

"ဟုတ်လား..အဲ့ဒါကြောင့် အော်ဟစ်နေတာကိုး၊ သနားပါတယ်.."

"ချက်ချင်းခွဲရမှာကို မခွဲသေးတာဟ..ပိုက်ဆံမရှိလို့နေမှာ.."

"မြို့မှာ အဲ့ဒီလိုကြုံလာရရင် ပိုက်ဆံအရမ်းကုန်တာ..ကုန်စရာမရှိရင် ...တော့ အင်း..ရင်လေးစရာပါဟယ်.."

"ငါတော့ ငါ့ညီမလေးမွေးဖို့အတွက် ပိုက်ဆံစုထားတယ်..အဲ့ ...တော့ အဖြစ်မခံဘူး.."

"နှင့်ညီမက ကိုယ်ဝန်နဲ့ကျန်ခဲ့တဲ့မုဆိုးမကိုးဟဲ့..အဲ့ဒီမွေးလူနာက ...တကျားမရှိဘဲ ကိုယ်ဝန်ရှိသွားတာထင်တယ်..ငါကြားတာ ယောကျ်ားက ...တာဝန်မယူဘူးတဲ့.."

သူ့ခြေလှမ်းတွေ တဖြည်းဖြည်းနှေးကွေးလေးလံခြင်းကနေ ရပ်တန့် ...သို့ရောက်၏။ ပြီးတော့ ဟူးခနဲသက်ပြင်းရှည်ကြီးချလိုက်မိကာ ခုနလူနာ ...သူ့ကို ကုလိကုမာတွေ လီဆယ်စွပ်စွဲနေတာလည်း ကိုယ့်ကိုသူ့ငွေးဆိုပြီး ...တော့ ဖြစ်လိမ့်မည်။

သူ့ခြေလှမ်းတွေ ဆေးကောင်တာသို့ပြန်လှည့်ခဲ့ရင်း.. ၊

အသက်နှစ်ချောင်းအတွက် သူ့ဂုဏ်သိက္ခာကို ခဏတဖြုတ်တော့ ...ပေါင်ထားရလိမ့်မည်.. ၊

☪



www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၅)

"ဟား ဟား ဟား ဟား.."

"သိတယ်..ဒါမျိုးဆို မင်းသဘောကျမယ်မှန်း.."

"ဟား ဟား ဟား ဟား.."

မိုးဆက်ကပြောလေ ရယ်လေမို့ ဒေါ်ထားထားမြတ်က မျက်နှာပျက်ကာ.. ။

"သားလုပ်တာမမှားပါဘူး..ဒါပေမယ့် သိပ်တော့မကောင်းဘူးထင်တယ်၊ တကယ်ဆို သားမေမေ့ကို ဖုန်းဆက်သင့်တယ်.."

"အချိန်မရတော့ဘူးမေမေ..အရေးပေါ်ခွဲစိတ်လိုက်လို့ လူနာကအသက်ရှင်တာ၊ ဒါတောင် ကလေးက မကျန်းမာဘူးလို့ကြားတယ်..မွေးပြီးတာနဲ့ ပေါင်းအိုးလေးထဲ ထည့်ထားရတယ်ဆိုလား.."

"မင်းသေချာနားထောင်ခဲ့သေးတာပဲကာလာ..ဟား ဟား ဟား အဲယောဇဉ်တွေ.."

"ခွေးကောင်..ပါးစပ်ပြဲကြီးနဲ့ရယ်မနေနဲ့၊ အဲ့ဒါမင်းကြောင့်.."

"ငါလည်း ဒီလိုလီဆယ်မှုတွေ ဖြစ်လာနိုင်တယ်ဆိုတာ ကြိုသိတာမှ ဟုတ်ဘဲကွ..နောက်ပြီး တကယ့်ဗိုက်အစစ်ကြီးကို.."

"သားရေ.."

သူနဲ့မိုးဆက် အဲ့ဒီညကကိစ္စပြောနေတုန်း မေမေဖုန်းထကိုင်သည် ပြီးတော့ မျက်နှာမသာမယာနှင့်.. ၊

"ငြိမ်းတို့ဘက်က စေ့စပ်တာကိုဖျက်သိမ်းတယ်တဲ့.."

ဟင်.. ၊

ရယ်လက်စဆောင်းမျက်နှာရဲ့ နှုတ်ခမ်းတွေရယ်နေရင်းနဲ့ ရပ်တန့်သွားခဲ့၏။ ငြိမ်းကိုသူရှင်းပြခဲ့သည်။ ငြိမ်းနားထောင်နေခဲ့သည်။ ဒါက ပြီးသွားပြီမဟုတ်ဘူးလား.. ၊

"သား.."

"မဟုတ်ဘူးမေမေ..ငြိမ်းနဲ့သားပြောပြီးသားပါ.."

သူချက်ချင်း ဖုန်းခေါ်မိသည်။ ငြိမ်းကမကိုင်ပါ။ အိမ်ဖုန်းကိုခေါ်တော့


www.burmeseclassic.com

www.burmeseclassic.com


ငြိမ်းရဲ့အမေ လာကိုင်သည်။ ပြီးတော့.. ၊

"ကိုယ့်တာဝန်မဟုတ်ဘဲ ဒီကလေးရဲ့ကျန်းမာရေး ကောင်းမွန်သည်အ ထိ မွေးစရိတ်ကနေ အစအဆုံးတာဝန်ယူခဲ့တာ ဘယ်လိုရှင်းမှာလဲ.."

"ဘာကိုရှင်းရမှာလဲအန်တီ..ဆေးဝါးကုန်ကျစရိတ် မတတ်နိုင်တဲ့လူ အတွက် ဒါနပြုတာမရဘူးလား.."

"ကလေးအဖေကလည်း မင်းပဲ.."

"အဲ့ဒါက.."

"ဒေါက်တာအေးနန္ဒာက အကုန်ပြောပြပြီးပြီဆောင်းမျက်နှာ..ကိုယ် ဘာမှမပတ်သက်ဘဲ ဘယ်ယောကျ်ားကမှ ကိုယ့်ကိုယ်ကို ကလေးအဖေနေ ရာဝင်ပြီး အစအဆုံးတာဝန်မယူဘူး.."

"မဟုတ်ဘူးအန်တီ..အဲ့ဒါတွေကို ငြိမ်းနဲ့ကျွန်တော်ပြောဆို ပြီးပါပြီ၊ ကျွန်တော့်နာမည်နဲ့ ဖြစ်သွားတာက.."

"တော်ပြီဆောင်းမျက်နှာ..ငြိမ်းနဲ့ပြောပြီးခဲ့ပေမယ့် ငြိမ်းနဲ့မင်းနစ် ဆက်တည်း ကမ္ဘာတည်နေမှာ မဟုတ်ဘူး၊ ပတ်ဝန်းကျင်ဆိုတာ ရှိတယ်.. အန်တီတို့က သတင်းကိုသေချာစုံစမ်းပြီးမှ ဆုံးဖြတ်ခဲ့တာ၊ ဒါလည်း ငြိမ်းကိုယ်တိုင်ရဲ့ ဆုံးဖြတ်ချက်ပဲ.."

သူဘာဆက်ပြောရမှန်း မသိပေမယ့် ဖုန်းကိုမချနိုင်ဘဲ ဖြစ်နေခဲ့သည်။

"လူကြီးချင်းမျက်နှာကို ထောက်လို့ မင်းနဲ့ခုလိုအချိန်ပေးပြီး စကား ပြောနေတာ..နောက်ထပ် မဆက်သွယ်ပါနဲ့.."

"အန်တီ..ကျွန်တော်ငြိမ်းနဲ့.."

သူဘာမှမပြောရသေးဘဲ တစ်ဖက်ကဖုန်းချသွားသည်။

"ဘာလဲကွာ..မင်းမှာဒီလောက်တောင် ယူစရာမိန်းမရှားနေသလား.."

မိုးဆက် မျက်နှာနီရဲနေကာ လက်ထဲကဖုန်းကိုဆွဲယူပြီး ဆိုဖာပေါ်ပစ် တင်လိုက်သည်။

"ငြိမ်းကို မင်းသိပ်လိုအပ်နေရင် မင်းပြောဖို့ကငြိမ်းနဲ့ပဲ..ဒီမိန်းမကြီး နဲ့ မဟုတ်ဘူး.."

ဩော်..ဒီကောင်လေးနယ်.. ၊

ဒေါ်ထားထားမြတ်အံ့ဩနေသလို သူငယ်ချင်းချင်း အတိမ်အနက် ဆောင် နာတတ်ကြတာမို့လည်း မပြောသာ။ ဖအေဖြစ်သည့် ဦးဆောင်းနွေက တော့ လူကြီးချင်းဆွေးနွေးသေချာပြီးမှ သားလတ်ဆီကို ပိုက်ချလက်ချပြန်

www.burmeseclassic.com


သွားတာမို့ ဒီနေ့ဖြစ်ရသည့်ပြဿနာကြောင့် စေ့စပ်ပွဲပျက်ပြီဆိုတာ မသိနိုင်…

"မင်းမသိပါဘူးကွာ..ငါလည်း ဘာမှမစဉ်းစားဘဲ လုပ်ခဲ့တာ၊ ငါလည်း မှားတာပဲ.."

ဆောင်းမျက်နှာရဲ့အသံ နားထဲဝင်လာမှ ငိုင်သွားသည့်အဖြစ်ကနေ ဒေါ်ထားထားမြတ် အသက်ဝင်လာခဲ့သည်။

"သူတို့က ငါ့နာမည်နဲ့ဖအေနေရာမှာ ထည့်ထားတာ..အဲ့ဒါကိုသိသိနဲ့.."

"သိသိနဲ့မင်းမှန်တယ်ထင်လို့ လုပ်ခဲ့တာပဲကွ..အဲ့ဒါကရော ဘယ်နေရာမှာ မှားသွားလို့လဲ..ယောကျ်ားဖြစ်ပြီး ငါ့ကိုညစ်ပတ်ထားတာ ငါကူညီစရာမလိုဘူးလို့ လှည့်ပြန်ခဲ့ရင် ရတာပဲ..မင်းကြောင့် ကလေးရောအမေရော အသက်ရှင်ခဲ့ရတာ မဟုတ်ဘူးလား.."

"အဲ့ဒါက အဲ့ဒီညကဖြစ်ခဲ့တာပဲ.."

"ခုနကတင် မင်းပြုံးရယ်နေခဲ့တာပဲကာလာ..'ငါမှားပြီ'ဆိုပြီး ကြက်ကြီးလည်လိမ်ထားသလို ငူငေါင်နေခဲ့လို့လား.."

"မင်း ဒေါ်သတွေခဏထားစမ်းပါမိုးဆက်ရာ..ငါ့စိတ်တွေ အရမ်းရှုပ်ထွေးနေပြီ၊ ဒီပြဿနာကြီးမား ပြန့်ကားလာမယ်လို့ နည်းနည်းမှကို မထင်ခဲ့မိဘူး...ကျွတ် ရှုပ်ကုန်ပြီကွာ.."

မျက်နှာကိုပွတ်ရင်း ဆံပင်တွေထဲ လက်ထည့်ဖွ၍ ဆိုဖာမှာအိခနဲထိုင်ချလိုက်သည်။ ပြီးတော့.. ၊

"ဟား.."

မွန်းကြပ်နေသလို ဟားခနဲဖြစ်သွားမိ၏။ သူဖြစ်ပျက်နေသမျှအလုံးစုံကို မိုးဆက်က မတ်တပ်ကနေ ငုံ့ကြည့်နေကာ.. ၊

"တော်တော် ခံစားနေရတဲ့ပုံပဲ.."

"မိုးဆက်ရာ.."

မင်းကလည်း တစ်မှောက်လို့ ပြောချင်သည့်လေသံနှင့် မျက်နှာကပါ ရှုံ့မဲ့နေ၏။ ပြီးမှ.. ၊

"ငြိမ်းနဲ့ငါစေ့စပ်ဖို့ ပြင်လိုက်တိုင်းလွဲနေတာ နားကိုမလည်တော့ဘူး.."

"နားမလည်တာလား..မိန်းမလိုချင်လွန်းလို့ ရူးချင်နေတာလား.."

"အေး..ဟုတ်တယ်ကွာ၊ မင်းပဲပြော..ငါ့မှာ မင်းမှမကဲ့ရယ်ရင် ခံရဦးမရှိတော့.."



www.burmeseclassic.com

www.burmeseclassic.com


"မင်းကိုကဲ့ရယ်နေတာမဟုတ်ဘူး.. ငြိမ်းကိုမရရင် မင်းသေသွားနိုင်သား အဲ့ဒါပြော.."

"သေသွားနိုင်တယ်ဆိုတော့.."

"ခြေသလုံးပြေးဖက်မယ်လေ.."

"မင်းက.."

"မင်းဖြစ်နေတာ ငါ့ကြောင့်ပဲ..ခုလည်း ငါတိုက်တွန်းတဲ့ကိစ္စကို မင်းလုပ်ခဲ့ရတာ.."

"ဘာမှမဆိုင်ဘူးဟော့ကောင်..ငါကသူများခိုင်းတိုင်း လုပ်ချင်ချင် မလုပ်ချင်ချင် လုပ်ပေးရအောင် သူငယ်နပ်စားအရွယ်လေးမို့လို့လား.."

"မင်း အဲ့ဒါကို.."

"တော်ပါကွာ.."

ကိုယ့်ဘာသာ ဆံပင်တွေချည်းဖွမိနေကာ.. ၊

"ငါစဉ်းစားနေတာ ဘာကြောင့်ငါ့ဘက်က ချို့ယွင်းချက်တွေကြောင့်ပဲ ဖြစ်နေရတာလဲ..ဆုံခွင့်မရှိရင်လည်း လွမ်းလောက်စရာမရှိပါဘူးလို့ ကိုယ့်ဘာသာဖြေနိုင်တယ်ကွာ..ဒါပေမယ့် နာမည်ဆိုးကြီးနဲ့ ကျန်ခဲ့ရမှာကျတော့ မင်းစဉ်းစားကြည့်.."

"နာမည်ဆိုးက ဘယ်သူကင်ပွန်းတပ်ပေးတာလဲ.."

"ဘာကြောင့်ဖြစ်ဖြစ် ဒေါက်တာအေးနန္ဒာဆိုတဲ့တစ်ယောက်ကလည်း သက်သေအခိုင်အမာပြုထားတယ်လေ..ဒီတစ်ခါတော့ ငါတကယ်ကွဲတာ မင်း.."

ဆောင်းမျက်နှာ အံကြိတ်ထားသည့် မေးရိုးနှစ်ဖက်က လှုပ်ခတ်နေသည်။ ဆံပင်တွေဖွနေမိလိုက် ပြန်ထရပ်လိုက်နှင့် ဖုန်းထပ်ခေါ်မိ၏။ နှစ်ခါစလုံး မကိုင်ဘဲ သုံးကြိမ်မြောက်မှာ စက်ပိတ်ထားပါတယ်လို့ ကြားလိုက်ရ၏။

"ကျွတ်.."

သူ့ကို မိုးဆက်က စူးစိုက်ကြည့်နေပြီးမှ.. ၊

"အိုခေ..မင်းခံစားရသက်သာအောင် ငါသွားရှင်းမယ်..အဲ့ကိစ္စကို.."

"မိုးဆက်.."

သူ မိုးဆက်ရဲ့လက်ကို ဖမ်းဆွဲလိုက်ကာ.. ၊

"မင်းငါပြောနေတာကို နည်းနည်းလေးမှ နားမလည်ဘူးလား.."

"ငါပြောတာကိုလည်း မင်းနားလည်သင့်တယ်ကွလာ..ဘာလုပ်


www.burmeseclassic.com

www.burmeseclassic.com


မှာလဲ၊ ကိုယ်နဲ့ငြိမှာလား..မငြိရင်ဒိုးပေါ့ကွ၊ ကွိစိကွစအကြောင်းအရာတွေ
မင်း ထည့်တွေးဖို့မလိုပါဘူး..ပြောသလို ကိုယ်တကယ်ရှုပ်ထားတယ်ဆိုရင်
ရော ဟုတ်တယ် ရှုပ်တယ်..ဘာဖြစ်လဲ၊ တစ်ခါတလေ ဆစ်ဂနယ်ပြမနေဘဲ
ကိုယ် လိုတဲ့ဘက် ဆွဲယူလိုက်ရတာတွေရှိတယ်..လုပ်ချင်တာ လုပ်ပစ်တဲ့ရှ
တိုင်း ဒုက္ခများကုန်ကြတာ မဟုတ်ပါဘူး.."

မိုးဆက် ဒေါသထွက်နေပြီဆို ထိုဒေါသဖြစ်ရခြင်းအကြောင်းသည်
ဆောင်းမျက်နှာနှင့် ပတ်သက်နေတာတွေပဲဖြစ်နေတတ်၏။ ဆောင်းမျက်
နှာကို သူ့စိတ်ထဲမှာ ဘယ်လိုအထင်တွေရှိရှိ သူကိုယ်တိုင် ဘယ်လိုပဲဆက်ဆံ
ပါစေ တခြားသူတစ်ယောက်ယောက်နဲ့ ငြိလာပြီဆို သူလုံးဝရပ်တည်ခဲ့တာ
ဆောင်းမျက်နှာဘက်က.. ၊

ဖြစ်ရခြင်းမှာ ဆောင်းမျက်နှာဘက်က ဘယ်လိုစတင်ကျူးလွန်ခဲ့တဲ့
အမှုကိစ္စဖြစ်နေနေ ဆောင်းမျက်နှာမမှားဟု အခိုင်အမာယုံကြည်ပေးသည့်သူ
ဟာ မိုးဆက်လေသာဖြစ်လေသည်။

ဒီနေ့ဖြစ်ရသည့်အကြောင်းကြောင့် သူနဲ့မိုးဆက်လေကြားမှာ ကြီးလေး
သော ပြတ်ရှကြောင်းကြီးတစ်ခု ဖြစ်ပေါ်လာနိုင်သည်ဆိုတာကိုတော့ သူရော
မိုးဆက်လေပါ မသိခဲ့ကြရာ.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၆)

"ဟိတ်..မိုးဆက် မင်းဘာလုပ်မလို့လဲ.."

"ငါ့ဟာငါ ဘာလုပ်လုပ်.."

စားသောက်နေရာကနေ ဖျတ်ခနဲထရပ်လိုက်သည်။ ထွက်လိုက်သွားမှ လှမ်းဆွဲပေမယ့် မမိလိုက်ပေ။ ဆိုင်ထဲဝင်လာသည့် ငြိမ်းတို့ကိုလည်း မြင် လိုက်သဖြင့် ဘာဖြစ်တော့မှာကို သိလိုက်ကာ သူကမန်းကတန်းထလိုက်သွားရင်း.. ။

"မလိုဘူးမိုးဆက်..ထားလိုက်တော့ဆို..ဟော့ကောင်.."

လက်ကိုဆတ်ခနဲ ခါလိုက်မိကာ ရင်ထဲမှာတစ်စုံတစ်ခုပေါ်က ပြုတ်ကျသလို အေးသွားသည်။ မျက်လုံးတွေပွင့်သွားကာမှ သူအိမ်မက်မက်နေသည်ကို သိလိုက်၏။ နာရီကြည့်လိုက်တော့ ညခုနစ်နာရီ.. ။

"ဒေါက်..ဒေါက်.."

"ဘယ်သူလဲ.."

"သားရေ..ကြီးကြီးပါကွယ်.."

"ဟုတ်..ခဏလေး.."

သူစာကြည့်ခန်းထဲက ခုံတန်းသေးသေးလေးပေါ်မှာ လှဲရင်း မိုးဆက်အကြောင်းတွေးနေမိခဲ့သည်။ အိပ်ပျော်သည်မပျော်သည်မသိလိုက်ဘဲ အရှင်ပြကွက်တွေလို ပြန်ပေါ်နေသည့်က အိမ်မက်ဆိုတာတောင် ယုံရခက်နေ၏ ။

စိတ်လိုက်မာန်ပါ လှမ်းဆွဲလိုက်တာလည်း ကံကောင်းလို့ခုံပေါ်က ပြုတ်မကျခြင်းသာဖြစ်သည်။

"သားရေ..အိပ်ပျော်နေတာလား၊ သားမေမေနဲ့ဧည့်သည်တွေ ရောက်လာကြပြီသားရေ..ပြီးရင် ဆင်းလာခဲ့နော်.."

မေမေရောက်နေပြီလို့ ကြားလိုက်တာနှင့် ဧည့်သည်တွေပါလာခြင်းကိုပါ တွေးလိုက်မိပြီး စိတ်ညစ်သွားမိသည်။ ဧည့်ခန်းကို မမြင်ရသေးသည့်နေရာမှာတည်းက ခိုးခိုးခစ်ခစ်ရယ်နေသည့် မိန်းကလေးသံကို အရင်ကြားလိုက်ရပြီး တစ်ဆက်တည်း.. ။



www.burmeseclassic.com

www.burmeseclassic.com


"အရှမ်းဆူနေတာ လန့်တောင်နိုးတယ်..ကျေးဇူးပြုပြီး တိုးတိုးပြော
ပါ.."

ဒေါ်ထားထားမြတ် သူမကိုလှမ်းမြင်လိုက်တာနဲ့သိသည်။

"မင်းက ဦးကျော်ရှိန်ရဲ့သမီး.."

"ဟုတ်တယ်..ကျွန်မကနှင်းဆီချူ.."

ညဝတ်အကျီကိုက အနက်ရောင်ပိုးသားပြောင်ပြောင်ခါးရှည်လ
ရှည် ဘောင်းဘီရှည်ပွပွနှင့်။ မီးရောင်အောက်မှာ ဖြူဝင်းနုညက်နေသည့်
မျက် နှာလေးက နှာတံကော့ကော့မျက်တောင်ကော့ကော့တို့နှင့် လက်
မြောက်သော အရုပ်လေးတစ်ရုပ်လို လှနေသည်။

ရွှေရောင်သမ်းနေသော ကြံရည်ရောင်ဖျော့ဖျော့ ဆံနွယ်တွန့်တွန့်
တွေကြောင့် ပိုလှနေတာလည်း ဖြစ်နိုင်သည်။ သူမကို ဒေါ်ထားထားမြတ်သ
မကဘဲ ပခြုပ်ကိုယ်တိုင်ငေးနေမိတာ နှုတ်ခမ်းသားလေးတွေတောင် ပွင့်ဟ
ခဲ့၏။

"သူ..သူက.."

ချူလှည့်ဝင်သွားသည်နှင့် ပခြုပ်လက်ညှိုးလေး မရဲတရဲမြင့်တက်
ကာ.. ၊

"သူက ဘယ်သူလဲဟင်.."

"နှင်းဆီချူတဲ့သမီးရေ.."

ဒေါ်မေလင်းပဲ ဝင်ရှင်းပြကာ.. ၊

"ထားတို့ကိုတော့ ပြောပြထားပါတယ်.."

"ဟုတ်တယ်..ထားလည်း ဒီရောက်မှပြောမယ်ဆိုပြီး ကြုံမပြောခဲ့
တာ."

ဒေါ်ထားထားမြတ်က ဝန်ခံရင်း ချူရောက်နေပုံကို ဆက်ရှင်းပြသည်
ပြီးတော့ မျက်နှာမကောင်းစွာနှင့်.. ၊

"မနက်ဖြန်ဆို သမီးရဲ့အမေနဲ့အဒေါ် အိမ်ကိုလာကြမှာ..ဒီမိန်းကလေး
လက်ရဲပါးစပ်ရဲနဲ့ ဒုက္ခပါပဲ.."

"မပူပါနဲ့ထားရယ်..သူ့ကိုလူလေးခေါ်သွားမှာပါ၊ သူလည်း ကျွ
ကို နေ့တိုင်းလိုက်နေတာ..မိုးချုပ်မှပဲ တွေ့ရမှာပါ.."

"သားရော..မနိုးသေးဘူးလား.."

"နိုးခဲ့တယ်ထား..အခု ထားတို့လာလို့သာ နိုးလိုက်တာ၊ မဟုတ်


www.burmeseclassic.com

www.burmeseclassic.com


သူတို့ကိုယ့်အခန်းထဲ ကိုယ်ဝင်နေကြပဲ ကောင်းတယ်..."

"ဘာဖြစ်လို့လဲ..."

"မျက်နှာချင်းဆိုင်လိုက်ရင် တည့်မှမတည့်ကြတာ..ပိုဆိုးတာက အဲ့ဒီ မိန်းကလေးအရမ်းစွာတာကိုပဲ.."

"ဟုတ်ပါ့သမီးရယ်..ပြောလိုက်တာမှ စကားကလည်းတတ်၊ သွက် လည်းသွက်..မသိရင် သူကအိမ်ရှင် ကိုယ့်သားကဧည့်သည်လိုပဲ.."

"အယ်.."

ပခြုပ် မျက်လုံးလေးအဝိုင်းသားနဲ့ဖြစ်နေသည်။ သူမမြင်ယောင်နေမိ သော စူးရဲလက်တောက်နေသည့် ပြာလဲ့သောမျက်ဝန်းတို့နှင့် ကော့နက်သော မျက်တောင်ရှည်တွေပင်..။

ပြီးတော့ ပန်းနုရောင်နှင်းဆီဖူးနှယ် မထူမပါးပုံကျနုရဲနေသော နှုတ် ခမ်းလွှာများ။ ကြည့်မိတာနဲ့ ငေးနေခဲ့မိသည်။ မိန်းမသားချင်းတောင် ငေးနေ ချင်အောင်လှသည်။ ပြီးတော့ လှတာကာကိုလွှမ်းမိုးနိုင်စွမ်းသော သူမရဲ့ရဲရင့်မှု ဆွတ အထင်ကြီးအားကျဖွယ်..။

"အဲ့ဒီအမက တအားလှတာပဲနော်.."

မနာလိုသဝန်တိုသံ လုံးဝမပါသောအားကျမှု သက်သက်ဖြင့်ပြောလာ သော့ ဒေါ်ထားထားမြတ်တို့ အံ့ဩသလိုလှည့်ကြည့်ကြ၏။ သူမလေးက လည်း လှတာပါပဲ။ ဆံပင်ရှည်တွေတန္ဒဲ.န္ဒဲ. ပုံစံလေးကဖြူဖြူနုနုနှင့် စကား ပြောတာ ရယ်တာ ပြုံးတာကအစ ကလေးဆန်တာမဟုတ်ဘဲ ဖြူစင်ပုံလေးက ပေါ်လွင်နေ၏။

မြင်တာနဲ့ဘဝင်ခိုက်သွားတဲ့အလှမျိုးထက် အေးချမ်းဖြူစင်ပြီး ချစ် စရာကောင်းနေတာက ပိုမကောင်းဘူးလား..။

"အန်တီမေ.."

"ဟင်.."

"သူနဲ့ကိုလေးနဲ့.."

"သမီးရယ်..ချူက မနေ့တစ်နေ့ကမှ ရောက်လာတာပါ၊ ပြီးတော့ ဒီအတူနေဖြစ်ကြတာလည်း အခြေအနေအရပဲလေ.."

ချူ့ကိုမြင်ပြီး ပခြုပ်အားငယ်ဝမ်းနည်းသွားတာလား..။

ဒေါ်မေလင်းက ဒေါ်ထားထားမြတ်ကို လှည့်ကြည့်သည်။ ထိုစဉ် ကောင်းမျက်နှာရောက်လာတော့ အားပေးဖော်ရလာပြီဆိုပြီး လူကြီးတွေပျော်


www.burmeseclassic.com

www.burmeseclassic.com


သွားကြသည်။ ကြည့်လိုက်တော့ ပခြုပ်ကမျက်နှာငယ်လေးနဲ့ငေးဆဲ..။

ဆောင်းမျက်နှာ..။

သူမကိုလေးလို့ ခေါ်ခဲ့ပေမယ့် ဓာတ်ပုံကိုမြင်ပြီး သဘောကျရုံသာ လူကိုပထမဆုံးမြင်ဖူးတာမို့ လှုပ်ရှားသက်ဝင်နေသော ပုံရိပ်ကိုငေးနေမိသည်။ ယောကျ်ားပီသသော အရပ်အမောင်း တင့်တယ်ရှည်မွန်သော ရုပ်ရည်အဆင့် အတန်းနှင့် လမ်းလျှောက်လာပုံ မတည်မပြုံးကြည့်ပုံတွေအစ ဆွဲဆောင်မှု လွန်းတဲ့ယောကျ်ား..။

သူမသတိမထားမိတာက ရုပ်အကျီနဲ့သာရောင်လက်ရှည်ကို လက် ဖျားလေးပဲ နှစ်ထပ်လောက်ခေါက်တင်ထားကာ ချည်ချောပုဆိုးနှင့် မဟာဆန် ဆန် သိမ်မွေ့နေခြင်း..။

"သမီး.."

"အဲ့..ဟင်.."

တုန်ခနဲဖြစ်သွားကာ လန့်ဖျန့်လှည့်ကြည့်၍..။

"ရှင်..အန်တီ.."

ခေါ်ရသည့်လူကပဲ အားတုံ့အားနာဖြစ်သွားရကာ..။

"သမီးကိုမိတ်ဆက်ပေးမလို့လေ..သူကအန်တီ့သား ဆောင်းမျက်နှာ တဲ့၊ ဓာတ်ပုံထဲမှာတော့ ရင်းနှီးပြီးသားနေမှာပါ.."

"ဟုတ်.."

ဆောင်းမျက်နှာက လှမ်းကြည့်တော့ ပခြုပ်ငေးနေရင်း ပြုံးပြဖို့မေ့

"မြပခြုပ်လေ သား.."

"အင်း..သူတစ်ယောက်တည်းလား.."

ကိုယ့်ကိုမေးတာ မဟုတ်ပေမယ့် ပြုံးပြလိုက်တာကို ပခြုပ်အမိအ ဖမ်းကာ..။

"ဟင့်အင်း..မေမေပါတယ်၊ ဒီညဟိုမှာ လိုက်အိပ်ပါဆိုပြီး တီလေး ခေါ်သွားလို့လေ..မနက်ကျမှလာမှာ.."

"ဟုတ်လား.."

လို့မေးလိုက်တော့လည်း 'ဟုတ်'ဆိုပြီး ခေါင်းညိတ်သေးသည်။ ဆောင်းမျက်နှာနောက်ထပ်ပြုံးတာ သွားတွေပေါ်သည်အထိ နှစ်ခိုစွာပြုံး ကာ..။

"ရန်ကုန်မှာသင်တန်းတွေ တက်ချင်လို့ဆို.."


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်..ပခြုပ်က ဘာသာစကားတွေတတ်ချင်တာသိလား၊ ကို ကူညီပေးမှာလားဟင်.."

"အင်း..ရတယ်လေ၊ ဝမ်းရေးအတွက်ရည်ရွယ်ချက် ကြီးမားတာမ တ်ရင်တောင် တတ်ထားသင့်တာပေါ့.."

"ဝမ်းရေးမဟုတ်ပေမယ့် ပခြုပ်ကအရမ်းဝါသနာပါတာ.."

"အိုခေ.."

သူတို့စကားပြောဖြစ်နေတာကိုကြည့်ကာ လူကြီးတွေတပြုံးပြုံးနှင့် နပ်နေကြ၏။

"ကဲ..တစ်လမ်းလုံးကားစီးလာရတာ ပင်ပန်းနေရောပေါ့၊ သမီးသွား တော့နော်..မမမေ အခန်းပြင်ပြီးသားမို့လားဟင်.."

"နှစ်ရက်လောက်တည်းက ကြိုပြင်ထားတာပါထားရယ်..စုဘူးမ .."

"ရှင်..ဒီမှာရှိတယ်မေမေကြီး.."

"အေး..သမီးကိုခေါ်သွား၊ ဘာလိုသေးလဲ..လိုအပ်တာအားလုံးလုပ် ချက်ချင်းပြန်ထွက်မလာနဲ့နော်.."

"ဟုတ်.."

စုဘူးမက ဦးဆောင်ပြီးရှေ့ကထွက်သွားသည်။ ဒါပေမယ့် ပြန်လှည့် ည့်တော့ ပခြုပ်ကမထသေးသဖြင့် ရပ်စောင့်နေ၏။

"သွားလေသမီး.."

"ဟို.."

ပခြုပ်က ဆောင်းမျက်နှာကိုကြည့်ပြီး ရယ်ပြတော့မလို တစ်ခုခုပြော တော့မလိုနှင့်ပြီးတော့ လည်ပင်းလေးတစ်ချက်ပွတ်ရင်း..၊

"ပခြုပ် ကိုလေးနဲ့စကားပြောလို့ မရဘူးလားဟင်.."

အားလုံး အံ့သြသွားကြသည်။ ဆောင်းမျက်နှာက မျက်မှောင်ကုတ် ပြီ ပြန်ဖြေလိုက်၍..၊

"ပြောစရာရှိလို့လား..ပြောလေ.."

"ဟို.."

ပြောစရာက တကယ်တော့မရှိ၊ ဒါပေမယ့် စိတ်မဖြောင့်ဖြစ်နေသည်။ ပေမယ့် ဘာကိုမဖြောင့်မှန်းလည်း မသိ။ တွေးကြည့်လိုက်တော့ နှင်းဆီ ထွက်လာပြီး ဒီနေရာမှာထိုင်ဦးမှာလားဆိုသည့် စိတ်ကထင့်နေတာ


www.burmeseclassic.com

ဖြစ်သည်။

သူမကို ကိုလေးစိုက်ကြည့်နေမလား..ကြည့်နေရင်း ကြိုက်သွားနိုင်သ
လား.. ။

"သမီးလွတ်လွတ်လပ်လပ် ပြောချင်တာလား..အန်တီတို့ထွက်သွား
ပေးရမလားဟင်.."

"ဟင့်အင်း..ဟင့်အင်း.."

နောက်ထပ်မေးလိုက်မှ သူမပါးမို့လေးတွေ ရဲတက်သွားကာ ဖျာဖျာ
သလဲ ခေါင်းခါ၏။ ပြီးတော့ ချက်ချင်းထရပ်လိုက်ကာ.. ။

"ရတယ်..မနက်မှပဲပြောတော့မယ်၊ သွားမယ်နော်..ကိုလေး.."

"အင်း.."

သူမလေးထွက်သွားမှ ဒေါ်ထားထားမြတ်တို့ မသိမသာပြုံးမိကြ
သားမျက်နှာကို လှမ်းကြည့်၏။ ဆောင်းမျက်နှာက ပခြုပ်ရဲ့ကျောပြင်လေး
လိုက်ကြည့်ပြီး မျက်ခုံးတွေတွန့်ကုတ်နေဆဲရှိကာ.. ။

"ချာတိတ်က ငယ်ငယ်လေးရှိသေးတာပဲ.."

"မငယ်ပါဘူးသားရယ်..ကြီးပါတယ်၊ သေချာကြည့်လိုက်သားနဲ့.."

ဆောင်းမျက်နှာ ရှက်ကိုးရှက်ကန်းဖြစ်သွားတာမြင်မှ ဒေါ်ထားထား
မြတ် ဟင်ခနဲဖြစ်သွားကာ.. ။

"မဟုတ်ဘူးလေ..မေမေပြောတာက ကောင်မလေးအသက်နှစ်ဆယ်
ရှိနေပြီဆိုတာပါ၊ သူ့မျက်နှာလေးကိုက ချစ်စရာကောင်းတာ..သားမြင်လို့
တာပဲလေ၊ သူ့ဟာလေးနဲ့သူ အဲလေ..ငါလည်း ဘာတွေပြောနေမိမှန်း မသိ
ပါဘူး.."

"ကဲပါထားရယ်..ကိုယ်သားအမိတွေပဲရှိတာ၊ ပြောချင်တာပြောလိုက်
ပါတော့.."

ဒေါ်မေလင်းက ရယ်ရင်းဝင်ပြောလိုက်ကာ ဆောင်းမျက်နှာနားထင်
တိုးလိုက်၏။ ပြီးတော့ အသံကိုနှိမ့်ချလိုက်ရင်း.. ။

"သားနဲ့လက်ထပ်ပေးမှာပဲလေ..ဘယ်လိုလဲ.."

"စောပါသေးတယ်ကြီးကြီးရာ..သူလည်း ဒီမှာနေမှာမဟုတ်ဘူး
လား.."

ဒေါ်မေလင်းက ဒေါ်ထားထားမြတ်ကို လှမ်းကြည့်လျှင်.. ။

"ဟုတ်တော့ဟုတ်တယ်သား..ဒါပေမယ့် အခုသားမြင်ကာအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ချ နှင်းဆီချုံကိုမြင်ပြီး အားငယ်သွားတဲ့ပုံပဲ..မန္တလေးမှာတုန်းက သားခေတ်
လိုက်တာနဲ့ ချက်ချင်းခေါင်းညိတ်တာ ကလေးလိုပဲ၊ လူမမြင်ဘူးသေးဘဲ
လေးလို့ သူ့ဘာသာခေါ်ပြီး အလိုလိုရင်းနှီးသွားခဲ့တာ သားရဲ့.."

"အဲ့ဒါတွေက အပေါ်ယံကြည့်ရင် ကောင်းပေမယ့်.."

"အတွင်းလည်းကောင်းပါတယ်သားရယ်..အဲလေ.."

စကားမှားပြန်ကာ မျက်နှာမဲ့သွားရင်း ခေါင်းခါမိကာ.. ၊

"သူ့ကို ကလေးဆန်တယ်လို့ သားပြောချင်တာမို့လား...သူပြောတာ
တာ အပေါ်ယံကြည့်ရင်ဟုတ်ပါတယ်၊ ဒါပေမယ့် လိမ္မာရေးခြားရှိတယ်..
လည်တတ်တယ်၊ သည်းခံစိတ်လည်းရှိတယ်..အတွင်းစိတ်သဏ္ဍာန်မှာ
တော့ ရင့်ကျက်မှုရှိပါတယ်၊ မေမေတို့လူကြီးမိဘအမြင်အရ ပြောရရင်တော့
သားမှာဆံတောက် ငါးမှာငါးသလောက်တဲ့'.."

"အဲ့ဒါကြီးက ဘာလဲ.."

"ဩော်..ငါ့သားကလည်း ဒီအရွယ်ရှိနေပြီ၊ ဆိုရိုးစကားတွေတောင်
စပ်ပါလား.."

ကိုယ့်သားပေမယ့် သိစေချင်တာကိုမသိတော့ မချင့်မရဲအပြစ်တင်မိ
သည်။ ပြီးမှ.. ၊

"ရှေးခေတ်က နောက်ကုတ်ဆံတောက်လေးတွေနဲ့ အပျိုဖျန်းဆိုတဲ့အ
လေးတွေလေ..သားတို့ခေတ်မှာ ပုံပြင်စာအုပ်တွေ ရှေးပန်းချီကားတွေ
တော့ ရှိနေပါသေးတယ်..မြင်ဖူးတယ်မို့လား.."

ဆောင်းမျက်နှာက ရယ်ကာ.. ၊

"ခေါင်းပေါ်မှာ ဆံထုံးလုံးလုံးဖုဖုလေးတွေနဲ့ နားရွက်နောက်ကနေ
င်ကွေးကွေးလေးနှစ်ဖက် ရှေ့ကိုကော့ထွက်နေတာမို့လား.."

"ဟုတ်ပါ့ရှင်..အဲ့ဒီအရွယ်လေးတွေကို ဆယ့်ခြောက်နှစ်မလို့လည်း
တယ်၊ အပျိုပေါက်စ အပျိုဖျန်း ချာတိတ်မအမျိုးမျိုး ခေါ်ကြတာပဲကွယ်..
ယ်ကျော်သွားပြီဆို ဆံတောက်သိမ်းတယ်တဲ့၊ အဲ့ကျတော့ တစ်ပတ်လျှို
လေးနဲ့ ရင်ဘက်လေးပေါ်မှာ ဆံပင်တွေကို ပြန်ချထားတာလေ.."

"သိပြီ..ရာဇဝင်ထဲပြန်ရောက်သွားလိုပဲ.."

"ရောက်သွားစေချင်တာ..ခုခေတ်လူငယ်တွေ ယဉ်ကျေးမှုဆိုတာဘာ
လည်အောင် ဘယ်လိုဆွဲပြရမှန်းကို မသိတော့လို့.."

"မေမေ့သားကို ပြဖို့မလိုပါဘူး...သိပါတယ်.."



www.burmeseclassic.com

www.burmeseclassic.com


"အေး..သိသင့်တာပေါ့၊ မေမေပြောချင်တာက မယားဆိုတာ
တောက်အရှယ်က အသင့်တော်ဆုံးပဲတဲ့..ငါးမှာငါးသလောက်က အကောင်း
ဆုံးလေ၊ စကားလုံးက ကြမ်းပေမယ့် စာဆိုအတိုင်းရှက်ပြရတာလေ..အ
ပ ခြုပ်လေးက ပညာတတ်စည်းစိမ်ဥစ္စာ အသိုင်းအဝိုင်းဂုဏ်သိက္ခာ ဘာ
ပြောဖို့မလိုအောင် ပြည့်စုံတယ်..အသက်ငယ်တာကို ထောက်ပြဖို့တော့ မ
စားပါနဲ့သားရယ်၊ နုနုငယ်ငယ်လေးမှ ချစ်စရာကောင်းမှာပေါ့.."

ဆောင်းမျက်နှာ ဆိုဖာမှာမှီလိုက်ရင်း သက်ပြင်းချမိသည်။ ပြီးတော့
ပြုံးနေသည့် မျက်နှာကတည်ကြည်သွားကာ.. ၊

"ဘယ်လိုပြည့်စုံမှုတွေရှိနေနေ အဲ့ဒီပြည့်စုံမှုတွေက အပြင်ကာရံ
ပဲမေမေ..တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာမပေါင်းနိုင်ရင် အဲ့ဒီ
ထောင်ရေးက ပြည့်စုံမှာမဟုတ်ဘူး.."

"ဒီလောက်ချစ်စရာလေးကို သားကမကြင်နာနိုင်ဘူးလားသားရယ်"

"မေမေရာ..ခက်တော့တာပဲ.."

"မခက်ပါဘူးသားရယ်..မေမေတို့က ကြာကြာလည်းနေနိုင်မှာမဟု
ဘူးလေ၊ သားတို့အဆင်ပြေရင် မင်္ဂလာရက်သတ်မှတ်ပြီးမှပြန်မှာ.."

"အဲ့လိုတော့မလုပ်ပါနဲ့..စေ့စပ်တာ လက်ထပ်တာတွေကြောင့် နော
ထပ်ခေါင်းရှုပ်ခံဖို့ဆိုတာ.."

"ဖြစ်ရလေသားရယ်..မလိုသူ မုန်းလို့တမင်နှောက်ယှက်ခဲ့တဲ့ ကိစ္စ
ကြောင့် ကိုယ့်အနာဂတ်ကို ပျက်စီးခံရမှာလား..မိုးဆက်လေရှိနေသေး
တောင် သူကလည်းမာနကြီးကြီးပဲ၊ သားတို့ချင်း ပြန်သင့်မြတ်ဖို့မလွယ
ဘူး.. ပြောချင်တာက အားလုံးပြီးသွားပြီပဲကွယ်.."

"ထားရယ်..ထားလည်း နားသင့်နေပြီလေ၊ လူကြီးကပိုတောင် အ
ရေးကြီးသေးတယ်..မနက်ကျမှ အဲ့ဒါတွေပြောလည်း ရတာကို.."

ဒေါ်ထားထားမြတ်ခေါင်းခါသည်။ စားပွဲပေါ်မှာရှိနေသည့် ဆေး
ပြာခွက်နဲ့ စီးကရက်တိုတွေကို ငုံ့ကြည့်ရင်း သက်ပြင်းချ၏။ ပြီးတော့ စီး
ရက်ဘူးကို ကဒ်လေးထဲကနေ ဆွဲထုတ်ကြည့်လိုက်ကာ.. ၊

"မေမေ့သားတွေ ဘယ်သူမှစီးကရက်မစွဲခဲ့ဘူး.."

"ကျွန်တော်လည်းမစွဲပါဘူး.."

"ဒီအတိုအထွာတွေနဲ့ စပယ်ယာဘူးအသစ်တွေနဲ့လေ..ဒါမစွဲဘူး
လား.."


www.burmeseclassic.com

www.burmeseclassic.com


"ညှော်ခန်းမှာထားတာ ညှော်သည်အတွက်လည်းပါတာပဲ မေမေရ.. ကျွန်တော်သောက်ဖြစ်လည်း တစ်ခါမှတစ်လိပ် မကုန်ပါဘူး.."

"မေမေ အဓိကပြောချင်တာက သားကိုမေမေတို့ အနီးကပ်စောင့်ရှောက် မနေနိုင်တဲ့အတွက် သားနဲ့အမြဲတမ်း အနီးကပ်ရှိနေမယ့် ဘဝအဖော်မှန် မိန်းကလေးတစ်ယောက်ကို သားရွေးချယ်ဖို့.."

"အဲ့ဒါကြီးက မဟုတ်သေးပါဘူးမေမေရာ..ဒီအသက်အရွယ်ရှိတဲ့ ယောကျ်ားတစ်ယောက်က အနီးကပ်စောင့်ရှောက်မှုနဲ့ နေရမယ်ဆိုတာ.."

"အသက်အရွယ်ကြောင့် ပြောနေရတာပေါ့..ယောကျ်ားနဲ့မိန်းမ အမှီသဟဲ ပြုနေထိုင်ကြတယ်ဆိုတာ ဘယ်သူကဘယ်သူ့ကိုမှီခိုတယ် ဘယ်သူက စောင့်ရှောက်ရတယ်ဆိုတာမျိုး မဟုတ်ဘူးသား..ဒါကလူ့ဘဝမမှတာ ပဲ.."

"မေမေပြောတဲ့ပုံက.."

"နေဦး..သားတစ်ယောက်တည်းလွတ်လပ်မှုတွေ ရနေတဲ့အတွက် ခုပဲ အသက်တွေသောက် အချိန်ဖြုန်းတတ်နေပြီ.."

"အချိန်ဖြုန်းစရာလားမေမေ..ကျွန်တော်ကုမ္ပဏီလုပ်ငန်းကြီး တစ်ခုလုံး ကို ဦးဆောင်စီမံနိုင်နေပြီ၊ အဲ့လိုလုပ်ငန်းဝန်တာတွေနဲ့ အချိန်တွေဘယ် လောက်တောင် ပိုနေမှာမို့လဲ.."

"တော်ပါပြီသားရယ်..မေမေ့ကိုနောက်ဆံတင်းအောင် မလုပ်ပါနဲ့၊ သား ဘာပဲလုပ်လုပ် မေမေကျေနပ်ခဲ့တယ်..နားလည်ပေးခဲ့တယ်၊ သားမှား ခဲ့တာရှိသလို မေမေမှားခဲ့တာလည်း ရှိပါတယ်..ဒါပေမယ့် မေမေတို့အဲ့ဒါတွေ ကို မေ့လိုက်လို့ မရဘူးလား.."

ဒေါ်ထားထားမြတ် ခရီးပန်းနေတာမှန်သည်။ စကားသံရော လူရော နွမ်းနယ်နေတာလည်း ကိုယ့်ဘာသာသိနေသည်။ ဒါပေမယ့် နှင်းဆီချူဆိုတဲ့ မိန်းကလေးကို မြင်လိုက်ရသည့်ခဏမှာပဲ ရင်ထဲကစိုးရိမ်ပူပန်မှုတွေက လွန်ခဲ့ တဲ့ သုံးလေးနှစ်ကအတိုင်း.. ।

"တမင်မေ့ထားဖို့မလိုပါဘူးမေမေ..သတိတရဖြစ်နေလောက်စရာ ဘာမှမရှိဘူး၊ ဒါပေမယ့်.."

"ဟင်.."

"နှင်းဆီချူကို သူနဲ့ပတ်သက်နေတဲ့မိန်းကလေးလို့ ကျွန်တော်ထင်နေ တာ ဖျောက်လို့မရဘူး.."


www.burmeseclassic.com

www.burmeseclassic.com

"ဦးကျော်ရှိန်သမီးဆို.."

မေးလိုက်ပြီးမှ သတိရသည်။ မိုးဆက်လေဆိုတဲ့ကောင်လေးက ရည်စားတွေထားလိုက်တာ သောက်သောက်လဲ။ ရုပ်ရည်လေးသနားကမားနှင့် သူငယ်ချင်းချင်းလည်း စည်းစောင့်ခဲ့တာမဟုတ်။

ရည်စားထားခြင်းအလုပ်ကို ပျော်စရာလို့ပေါ့ပေါ့တန်တန် သဘောထားသလောက် သူများကိုလည်း လေးစားရကောင်းမှန်းမသိ။ ခုချိန်မှာဟိုအရင်က သူနဲ့ချစ်ကြိုက်ခဲ့ဖူးတဲ့ မိန်းကလေးတွေဘယ်သူတွေလဲဆိုတာ ဘယ်သူသိနိုင်မှာလဲ.. ၊

☪



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

"ဘယ်သူမှမသိနိုင်ဘူး...စိတ်ပူမနေပါနဲ့.."

"………. ………"

"ဟွန်း...စိတ်ချနေပါ၊ ဒီလောက်မပိရိဘူးဆိုရင် နှင်းဆီချူဆိုတဲ့နာမည် အလကားဖြစ်သွားမှာပေါ့.."

"………. ………"

"အဲ့ဒါတော့ ခဏစောင့်မှဖြစ်မယ်..ဆောင်းမျက်နှာက လျင်တယ်.."

"………. ………"

"အင်း...အွန်လိုက်တော့.."

ဖုန်းချပြီး အခန်းထဲမှာ ဟိုလျှောက်ဒီလျှောက်အချိန်ဖြုန်းနေသလိုနှင့် နောက်ဖုန်းတစ်လုံး ထပ်ကိုင်သည်။ ပြီးတော့ မက်ဆေ့ချ်တစ်ကြောင်းရိုက် ည့်လိုက်၏။

....နောက်တစ်ရက်အဖို့ နေရာကွက်ကျား မိုးရွာမည်....

....ရွာရန် ရွာနှန်းပြည့်.....

"မင်းက ဒီထဲမှာ ဘာလုပ်နေတာလဲ.."

ကျောခိုင်းရပ်နေပေမယ့် နောက်ကစကားသံကြားလိုက်တာကြောင့် ုပ်လှုပ်ရှားရှားဖြစ်မသွားပေ။ ဆောင်းမျက်နှာ လျှောက်ဝင်လာကာမှ ချူက းဆေးလှည့်လာပြီး မျက်နှာချင်းဆိုင်၍...။

"ဒီညနေ မီတင်ရှိတယ်ဆိုလို့.."

"ရှိတော့.."

"ဘာလို့လဲ..ချူလိုက်လို့ မရဘူးလား.."

"ဟွန့်.."

"ဘုန်း.."

လက်မှတ်ထိုးဖို့ အထပ်လိုက်ရှိနေသည့် စားပွဲပေါ်ကဖိုင်တွေပေါ်ကို လက်ထဲက စာအုပ်ထူကြီးကို အသံမြည်အောင် ပစ်ချလိုက်သည်။ သူ့ရဲ့ ယ် အမူအရာတွေ ဒီလိုမကြမ်းခဲ့ဘူးပါ။ ဒါပေမယ့် သူမနဲ့မျက်နှာချင်းဆိုင်မိ င်း ဒီလိုပုံစံတွေပဲ ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com


သူမကလည်း သူပစ်ချလိုက်သည့် စာအုပ်ကိုမျက်တောင်ဖျားလေး စင်းကြည့်ပြီး ပြုံးတော့မလို မဲ့တော့မလို.. ၊

"မင်းကိုဘယ်လိုမေးရမလဲ..ရှယ်ယာပြန်အမ်းတော့ မယူဘူး၊ ကုမ္ပဏီ အလုပ်ကို စိတ်မဝင်စားဘူး.."

"ဟုတ်တယ်..အခုဝင်စားလာလို့.."

"လာခဲ့တဲ့ရည်ရွယ်ချက်ကိုက ဒါပဲမို့လား.."

"အဲ့..ဒါကတော့.."

"အဲ့လိုမေးရင် ဖြေဖို့စကားလုံးတွေ မင်းပြင်ဆင်ပြီးသားဖြစ်နေမှာ သိတယ်..ငါထင်တာတော့ မင်းကိုသံသယဝင်နေတာသိလို့ ဂိုယာချိန်းလိုက် တာပဲ.."

ချူကအံ့သြသွားသလို မျက်ခုံးလေးပင့်လိုက်ပြီးရယ်သည်။ ကြက် သွေးရောင်ပျော့အိအိ လည်ဟိုက်ခါးတိုအင်္ကျီလေးနှင့် ရေညှိစိမ်းရောင်ရင့်ရင့် ဘောင်းဘီရှည်အကျပ်ကို ဝတ်ထားသည်။

မျက်နှာလေးကျတော့ ပန်းနုရောင်နုနုဖျော့ဖျော့လေး ပြင်ထားၿပီး အလှဆုံးသည် နှုတ်ခမ်းလွှာလေးတွေဖြစ်ကာ သွားစွယ်လေးတွေပေါ်အောင် ရယ်လိုက်တိုင်း သူစိုက်ကြည့်ခဲ့မိ၏။

မထိတထိရယ်တာမျိုးပဲလို့ ခံစားမိပြီး စိတ်တိုလို့ကြည့်မိတာလား သူမအလှမှာ ခဏတစ်ဖြုတ်ငေးမောသွားခဲ့မိတာလား ဘာမှန်းတော့မသိ သူမကို ကြည့်မိတိုင်း ချက်ချင်းမျက်လုံးမလွှဲမိတာကတော့ သေချာ၏။ ကိုယ့်ဘာသာ တွေးလိုက်မိကာ သတိတရ မျက်နှာလွှဲလိုက်ရင်း.. ၊

"မင်းရင်ထဲမှာ ဘယ်လိုအတွေးတွေပဲရှိနေနေ မင်းကိုငါဆီမှာလက်ခံ ထားခဲ့တဲ့ အကြောင်းရင်းက ဦးကျော်ရှိန်သမီးမို့လို့ ကုမ္ပဏီရဲ့ရှယ်ယာကိစ္စ မှာ လို့ ဝုက်မှုတွေရှိခဲ့လို့ စတဲ့အကြောင်းတွေကြောင့် လုံးဝမဟုတ်ဘူး.."

သူမမျက်ဝန်းတွေကို စိုက်ကြည့်မိပြီးမှ မျက်နှာလွှဲလိုက်မိကာ..၊

"မင်းရဲ့နောက်ကွယ်က ထပ်ရှိနေသေးတဲ့ တစ်စုံတစ်ယောက်ကိုမေး ခေါ်ချင်လို့.."

"မိုးဆက်လေပဲလား.."

"မိုးဆက်မယ့်လေဖြစ်ဖြစ် ဆောင်းဝင်မယ့်လေပဲဖြစ်ဖြစ် ဘာပဲ ငါဂရုမစိုက်ဘူးဆိုတာ သူသိရမယ်.."

"ရှင်တို့အဲ့လောက်တောင် ငြိုးခဲ့ကြတာလား.."


www.burmeseclassic.com

www.burmeseclassic.com


ဆောင်းမျက်နှာမဖြေပါ။ စားပွဲနောက်ကိုပတ်သွားပြီး လက်ပ်တော့ပ် ဖွင့်၍ မတ်တပ်ကနေမောက်စ်ရွှေ့နေသည်။ ချူက သူ့ဘေးမှာသွားရပ်ကာ..၊

"ဒါဆို ချူကြားခဲ့တဲ့သတင်းက မှန်နေပြီထင်တယ်.."

"ပြောကြည့်ပါဦး.."

သူလှည့်မကြည့်ဘဲပြောတော့ ချူကပဲ ရှေ့ထပ်တိုးကာ.. ၊

"ရှင်က သူငယ်ချင်းတစ်ယောက်လုံးကို သေကြောင်းကြံခဲ့တာတဲ့.."

"ဘာအတွက်တဲ့လဲ.."

"ဒါကတော့ ယောကျ်ားချင်းဖြစ်ကြရင် မိန်းမပြဿနာတွေပဲရှိတတ်တာ.. ဒါပေမယ့် ရှင်တို့ကတော့ အောင်မြင်နေတဲ့လူငယ်နှစ်ယောက်ဆိုတော့ ငွေထူး ဂုဏ်ရှိန်ကြောင့်လည်း ဖြစ်နိုင်တာပဲ.."

မောက်စ်မှာတင်ထားသည့် သူ့လက်ကလှုပ်ရှားမှုတွေ ရပ်တန့်သွားသည်။ ချူက နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး လှည့်ထွက်သွားလျှင်.. ၊

"နှင်းဆီချူ.."

ဆောင်းမျက်နှာက ချူ့လက်မောင်းလေးကို ဖမ်းကိုင်ပြီး ပြန်ဆွဲလှည့်လိုက်၏။ ချူ့ကိုယ်လေးသူ့ဘက် ပြန်ပါလာမှ ပခုံးနှစ်ဖက်ကိုကိုင်၍.. ၊

"မင်းက အက်တင်တော့ကောင်းတယ်..ဒါပေမယ့် မင်းပြောသမျှ ငါ့ နားထဲမှာ ခါးနေတယ်၊ မင်းနဲ့မိုးဆက်လေ လက်ထပ်ထားတာလား..ချစ်သူ လား၊ ဒါမှမဟုတ် ဆွေမျိုးလား.."

မျက်လုံးချင်းတည့်တည့်ဆုံပြီး နှုတ်ခမ်းလေးကိုက်သည်။ ပြီးတော့ သူကိုင်ထားသည့် လက်တွေကို ပုတ်ချပစ်လိုက်ပြီး.. ၊

"ရှင်အဲ့လောက်တောင် သူ့ကိုကြောက်နေတာ..ညညအိပ်လို့ရော ပျော် ရဲ့လားဆောင်းမျက်နှာ.."

"ပျော်ခဲ့တယ်..မေ့လည်းမေ့နိုင်တယ်၊ သူနဲ့ငါဘယ်လိုပြဿနာနဲ့ ပြတ် တောက်ခဲ့တာလဲဆိုတာလည်း သူနဲ့ငါပဲသိတယ်.."

"ဒါဆိုလည်း ဘာဖြစ်လို့လူမြင်သမျှ သံသယတွေလိုက်ဝင်နေတာ လဲ.."

"သံသယအဆင့်ဆိုတာ ခိုင်မာမှုမရှိသေးတာကို ပြတာပဲ..ဒါပေမယ့် ငါ့သံသယက ကိုးဆယ်ရာနှုန်းထိ သေချာနေတဲ့သံသယမျိုး.."

"ဒါဆိုလည်း ဟန်ဒရက်ပါစင့်န် သေချာဖို့ကြိုးစားဦး.."

"မေးတာကိုဖြေ.."


www.burmeseclassic.com

www.burmeseclassic.com


"ရှင်နော်.."

သူမခြေလှမ်းပြင်လိုက်တာနှင့် ဆောင်းမျက်နှာက လက်ကောက်ဝတ်
လေးကို ဖမ်းဆွဲထားလိုက်သဖြင့် လက်ကိုခါချရုန်းရင်း.. ၊

"နေရာတကာ လက်မပါနဲ့.."

"မပါစေချင် စကားမဆုံးဘဲထွက်သွားဖို့ မကြိုးစားနဲ့လေ..မင်းရောက်
လာတဲ့ ရည်ရွယ်ချက်က ဟိုမရောက်ဒီမရောက်..မင်းပစ်ချင်နေတဲ့ပစ်မှတ်က
ဟိုဟာဖြစ်လိုက် ဒီဟာဖြစ်လိုက်၊ ဒီမှာ နှင်းဆီချူ ငါ့မျက်နှာကိုသေချာကြည့်
ဆောင်းမျက်နှာကို မင်းလှည့်ဖြားရမယ် မထင်နဲ့.."

"ဟုတ်လား.."

ချူက သူ့ရှေ့တည့်တည့်မတ်မတ်လေး ပြန်ရပ်လိုက်ပြီး မျက်နှာ
သေချာကြည့်၍ မဲ့သည်။ ပြီးတော့ ခေါင်းတညိတ်ညိတ်နှင့် ခနဲ့ချင်သည့်
မချဉ် မျက်နှာလေးနှင့်.. ၊

"ဒီလောက်တော်နေတယ်ဆိုတော့ လှည့်ဖြားရမရ လှည့်ကြည့်ချင်
စိတ်တောင် ဖြစ်လာပြီ..ဒါပေမယ့် ရှင်ကြောက်ဒူးတုန်နေတဲ့ပုံက ပြော
လောက်တော့ ဟုတ်ပုံမရပါဘူး.."

"အကဲခတ်နေတာ ကြာတာပေါ့ကွ.."

"ရှင်.."

ချူ ဘယ်လိုမှမထင်မှတ်လိုက်ဘဲ သူ့ရင်ခွင်ထဲရောက်သွားခဲ့၏။ ထို့
နောက် အတင်းအကျပ်သိမ်းပိုက်ယူလိုက်သော အနမ်းများနှင့် ပတ်ခန်း
ကျင်က တိတ်ဆိတ်သွားခဲ့ပြီး.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၈)

"ဘယ်သူလဲလို့..မင်းကိုး.."

ညည့်ခန်းမှာ အခန့်သားထိုင်နေတာမြင်လိုက်ရသဖြင့် အတော်ကြီးအံ့ဩသင့်သွားခဲ့သည်။ ဒါပေမယ့် တအံ့တသြဝမ်းသာအားရကြီး ဆီးကြိုရမည့် ဆွေစာရင်းထဲမှာ မိုးဆက်လေဆိုတဲ့ လူမပါ..။

"တမင်ဝင်ထိုင်နေလိုက်တာလေ..ငါလာမယ်လို့ ကြိုပြောရင်လည်း ဖက်လှဲ့တကင်း ကြိုဆိုမှာမဟုတ်တော့.."

"သေချာတာပေါ့..အခုရော ဘာကိစ္စနဲ့လဲ.."

"အခြေအနေလာကြည့်တာ.."

"ဘာ.."

"မင်းရင်ဘက်ထဲမှာ ငါထိုးပေးလိုက်တဲ့အဆိပ် ရာခိုင်နှုန်းဘယ်လောက် ပျော်ဝင်နေပြီလဲလို့.."

"ဘာတွေပြောနေတာလဲ..မင်းပြောချင်တာကို ငါစိတ်မဝင်စားဘူး၊ လောလောဆယ် မင်းဒီကနေထပြန်သွားဖို့ ပြောချင်တယ်.."

"ငါပြောတာကို နားထောင်ကြည့်ပါဦး.."

သူဘာပြောနေနေ မိုးဆက်လေက အပြုံးမပျက်။ ထပ်ထပ်ပြီး လန်းဆန်းလာသော အပြုံးတွေမှာ အောင်နိုင်သူကဲ့သို့ ရဲရင့်နေခဲ့လျက်..။

"နှင်းဆီချူကို မင်းချစ်နေပြီမို့လား.."

"ဘာပြောတယ်.."

"ဟင့်အင်းပြောမလို့ဆိုရင်တော့ လုံးဝမယုံဘူးနော်..ဟားဟား ဟား.."

ရယ်နေတာ မပြီးစီးနိုင်အောင် ပခုံးတွေလှုပ်လျက် အူလှိုက်သည်းလှိုက်..။

"ဟိတ်ကောင်..နှင်းဆီချူက မင်းလူပေါ့ဟုတ်လား.."

"ဟား ဟား ဟား .."

"မိုးဆက်လေ..မင်းကိုငါမေးနေတယ်.."

"မင်းပဲ သူများရင်ထဲက ကိစ္စတစ်ခုကို မေးကြည့်ဖို့လိုရင်တောင် နဲ့ဆို..မင်းလောက် သေချာတာမင်းပဲကာလာ၊ အခု ငါ့ရင်ထဲကတစ်ခု


www.burmeseclassic.com

www.burmeseclassic.com


ခုကို သိချင်နေပြီလား..”

“တောက်..”

“ဟား ဟား ဟား ဟား..”

လူသတ်ချင်စိတ်ပေါက်လာအောင် တိုက်ခိုက်နှိုးဆွသည့်ရယ်သံထ နားထဲမှာ မုန်တိုင်းထန်နေသည့် လှိုင်းပုတ်သံတွေလိုပင်.. ၊

“ငါဖြေချင်သလို ဖြေမှာကို ယုံမယ်ဆိုရင်ဖြေမယ်လေ..ချူကငါချစ် သူ..”

“ဘာ..”

ဒီတစ်ခါ ကိုယ့်အလှည့်လို့တောင် အော်လိုက်ချင်သည်။

“ဟား ဟား ဟား ဟား..”

သူရယ်ချလိုက်တာ အားပါးတရ။ မိုးဆက်လေကလည်း မျက်နှာ ပျက်ပါ။ သူ့လိုမရယ်ပေမယ့် ခပ်ပြုံးပြုံးပဲ ပြန်ကြည့်နေခဲ့သည်။

“မင်းချစ်သူ ဟုတ်လား..”

“ဟုတ်တယ်..အချစ်အတွက်ဆို သေဆိုသေ..ရှင်ဆိုရှင်ရဲတဲ့မိန်းက လေး..”

“မင်းအတွက်အဲ့လောက်ထိပေါ့..ဟား ဟား ဟား..”

“ကိုလေး..ကိုလေး..”

ဟင်.. ၊

စိမ်းသက်သော ခေါ်သံလေးနှင့်ဖြူနုသည့် မျက်နှာလေးကို တစ်ပြိုင် တည်းမြင်လိုက်လျှင် ဆောင်းမျက်နှာ အိပ်မက်မက်ပြန်ပြီကို သိလိုက်သည်။ ထို့ကြောင့် ကမန်းကတန်းထထိုင်လိုက်မိ၏။ ဒါပေမယ့် သူဒီတစ်ခါ ဆိုဖ ပေါ်မှာပဲရှိနေကာ အလုပ်လက်စနှင့် လက်ပ်တော့ပ်က စားပွဲပေါ်မှာဒီတိုင်း

“ကိုလေး အိပ်ပျော်သွားတာလားဟင်..”

“အင်း..ဟုတ်လိမ့်မယ်..”

ခပ်အမ်းအမ်းရယ်မိရင်း.. ၊

“အိပ်ပျော်သွားမှန်းတောင် ကိုယ့်ကိုယ်ကိုမသိလိုက်ဘူး..”

အချိန်က ညနေငါးနာရီလောက်ပဲရှိသေးသည်။ သူဒီနေ့ ကုမ္ပဏီက အစည်းအဝေးပြီးတာနဲ့ တန်းပြန်လာခဲ့ကာဖြစ်သည်။ ရေဝင်ချိုးလို့ပြီး ဘာ မှမစားသောက်ရသေးဘဲ အလုပ်ထိုင်လုပ်နေတာ ဘာမှကြာသေးတာ ဟုတ်..၊



www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် သူအိပ်မက်မက်နေခဲ့သည်။ မျက်လုံးမှိတ်လိုက်တာနှင့် ချွေချွန်နဲ့ ပြတ်တောက်သွားသည့်အသိစိတ်က ဘာဖြစ်လို့ ဒီအတိတ်ထဲကိုပဲ ထပ်ခါထပ်ခါ ပြန်လျှောက်နေခဲ့တာလဲ။ ပြီးတော့ သူ့အိပ်မက်တိုင်းမှာ မိုး ဆက်လေသာ.. ။

"ကိုလေးရယ်နေလိုက်တာ အားပါးတရကြီး.."

ပခြုပ်က ခုမှအလန့်ပြေသွားသည့် မျက်နှာလေးဖြစ်လျက် မျက်နှာ ချင်းဆိုင်မှာ ဝင်ထိုင်လိုက်၏။ အဖြူရောင်ဆွယ်တာ လက်တိုလေးနှင့်ပိ ဆောက်ရောင်စကကျရှည်လေးကို ဝတ်ထားသည့် ပခြုပ်ရဲ့မျက်နှာလေးက ဆံပင်ရှည်တွေ ဖြန့်ချထားသဖြင့် နုနုငယ်ငယ်ယဉ်စစလေး ဖြစ်နေ၏။

"ပခြုပ်တစ်ခုခု ပြောစရာရှိလို့လား.."

"မရှိ..အဲ.."

မရှိပါဘူးဆိုပြီး ထပြန်တော့မလိုလို ကိုယ်လေးကြွသွားပုံက ယောင် ယောင်မှားမှားနှင့်။ ပြီးမှ သူ့ကိုပြန်ကြည့်ကာ.. ။

"ပခြုပ်..ဒီမှာထိုင်လို့ မရဘူးလားဟင်.."

"ဟာ..ရပါတယ်၊ ဒါပေမယ့် ခဏနေဦးနော်..တို့မျက်နှာသွားသစ်ဦး မယ်၊ အိပ်ပျော်သွားတော့ ခေါင်းနောက်နေလို့.."

"ဟုတ်.."

သူရေချိုးခန်းထဲရောက်လာတော့ သက်ပြင်းရှည်ကြီးချလိုက်မိသည်။ နားရှေ့မှာ ဒီတိုင်းရပ်နေရင်း မိုးဆက်လေရဲ့စကားသံတွေကို သတိရနေသည်။ ပြီးတော့ ရယ်သံတွေ.. ။

မျက်နှာကို လက်ဖဝါးနဲ့ဖိပွတ်လိုက်ရင်း 'ကျွတ်'ခနဲ စုတ်သပ်မိတာ တော့မနပ်.. ။

"မင်းလောက်သေချာတာ မင်းပဲကာလာ.."

"အခု ငါ့ရင်ထဲကတစ်ခုခုကို သိချင်နေပြီလား.."

"ချူက ငါ့ချစ်သူ.."

"ဟား ဟား ဟား ဟား .."

"တောက်.."

တစ်ယောက်တည်း တက်ခေါက်မိလိုမိ။ ဘာကြောင့် သင်းကိုပဲ အိမ် မက်နေရတာလဲ.. ချူက ဘာလို့ပါလာတာလဲ... ။

"ချူ့ကိုမင်း ချစ်နေပြီမို့လား.."


www.burmeseclassic.com

www.burmeseclassic.com


"ဟင့်အင်း ပြောမလို့ဆိုရင်တော့ မယုံဘူးနော်.."တဲ့.. ၊

အိပ်မက်ထဲမှာ သူဘာပြောခဲ့မိသလဲ..ဘာပြောလိုက်မိလို့ မိုးဆက်လေ တပ်အပ် စွပ်စွဲနေတာလဲ.. ၊

ချူ့ကို သူနေ့လည်က ရုံးခန်းထဲမှာ နမ်းခဲ့သည်။ ဘယ်လိုမှမထင်ထား မရည်ရွယ်ဘဲ သူမကလည်း ကျေနပ်ကြည်ဖြူခြင်းမရှိဘဲ ဇွတ်တရွတ်အနမ်း ယူခဲ့တာ ဖြစ်သည်။ ဒါပေမယ့် သူ့ကိုယ်သူသိနေသည်က အနမ်းတို့မှာ တသိမ့်သိမ့် ရင်ခုန်နေခဲ့သည်။

ဇွတ်အတင်းပွေ့ပိုက်ထားမိသည့် သူမတစ်ကိုယ်လုံးကို ယုယုယယ ဖက်ချင်ခဲ့သည်။ အနိုင်လိုချင်သည့်စိတ်နဲ့မဟုတ်ဘဲ သူမနဲ့ချစ်ရည်မွေ့မှုအား သလို ခံစားမိခဲ့သည်။ ကိုယ့်ရင်ခွင်ထဲမှာ သူမမရှိတော့တာတောင် သူ့ ကိုယ်သင်းနံ့တွေမှာ ရင်ခုန်နေခဲ့၏။

သူမျှားနဲ့စကားပြောနေတဲ့အချိန်တွေထိ သူ့စကားသံတွေအကျရှုံး ယင်သလို ဖြစ်နေခဲ့သည်။ ပြီးတော့ရက်သလိုလို ကြည်နူးသလိုလို။ ထိုအ တွေးတွေ နှိပ်စက်ရင်း အိပ်မက်ထဲမှာ မိုးဆက်လေက ခြိမ်းခြောက်ဖို့ကြိုးစား လာတာဖြစ်သည်။

မိုးဆက်လေ ဒီလောက်ထိဟားတိုက်ရယ်နေခဲ့တာ သူခေါင်းညိတ် လို့လား.. ၊

'ချူ့ကိုချစ်တယ်' လို့များ သူပြောလိုက်မိသလား...မဖြစ်နိုင်.. ၊

ရင်ခုန်သံတွေမြန်လာတိုင်း ချစ်သည်လို့မဆိုနိုင်ပေ။ ပြီးတော့ သူမ မိုးဆက်လေနဲ့ ပတ်သက်နေသည်လို့ တစ်ထစ်ချယုံခဲ့တာ.. ၊

"ရှင် ပြီးရင်ခဏထွက်ပေးလို့ ရမလား..."

ချူ.. ၊

စေ့ထားသည့် ရေချိုးခန်းတံခါးအပြင်မှာ ချူ့အရိပ်ကို မြင်လိုက်ရ

"အပေါ်မှာရေကုန်နေလို့တဲ့..ဒီအောက်ထပ်နစ်ခန်းမှာပဲ ရေရှိတာ ပြောလို့..."

သူမဘာသာ ဖြေရှင်းပြနေကာ.. ၊

"ရေရှိတဲ့အခန်းလိုက်ရှာရတာ သေမယ့်ရောဂါရှိနေရင် သေလို့ ပြီ.. ဒီမှာတွေ့တော့လည်း လူနဲ့..."

သူ အခန်းတံခါးကိုဆွဲဖွင့်လိုက်ကာ.. ၊

"မင်း ဘယ်အချိန်ပြန်ရောက်တာလဲ.."



www.burmeseclassic.com

www.burmeseclassic.com



အိမ်နေရင်း အကျႌဆောင်းဘီပွပွ အပြာရောင်လေးနှင့် တဘက်ကိုရင်ဘတ်ရှေ့ကနေ သိုင်းပတ်ထားသည့်ချူက မဆီမဆိုင်မေးရလားဆိုသည့်အကြည့်နှင့် မျက်မှောင်ကုတ်၏။ ပြီးတော့ မျက်နှာတစ်ဖက်လွှဲထားပြီးမှ..

"ချူ့ဘာသာ ဘယ်အချိန်ရောက်ရောက်ပေါ့.."

"ဒီမှာနှင်းဆီချူ..ငါ့အိမ်ကိုမင်း လာချင်သလိုလာလို့ရခဲ့ပေမယ့် ပြန်ချင်သလိုပြန် နေချင်သလိုနေလို့တော့ မရဘူး.."

"ဘာတွေလာပြောနေတာလဲ..ချူ့ရှင့်ထက် အရင်ပြန်ရောက်တာ.."

ပြောပြီး သူ့ပခုံးစွန်းကို တိုးတိုက်၍ အထဲဝင်သည်။ သူမဝင်လိုက်တာနှင့် သူကလည်းအပြင်ကို ခြေလှမ်းရွှေ့လိုက်ပြီးဖြစ်ရာ ချူကတံခါးကို တွန်းပိတ်လိုက်၏။

"နှင်းဆီချူ.."

ခေါ်ရင်း တံခါးကိုလက်နဲ့ခေါက်ဖို့ မြှောက်လိုက်စဉ် မျက်ဝန်းထောင့်က တစ်စုံတစ်ယောက်ရှိနေတာကို သတိထားလိုက်မိ၏။ လှည့်ကြည့်လိုက်တော့ အိမ်နောက်ဖေးဘက်က ထွက်လာသည့်မေမေ။

ပြီးတော့ နောက်ကသိပ်မကွာဘဲပါလာသူက ကြီးကြီးဖြစ်ကာ သူ့အခန်းထဲက ပုံပန်းမကျထွက်လိုက်ရသည့်အဖြစ်ကနေ တံခါးခေါက်ဖို့ လက်မြှင့်လိုက်တဲ့အထိ မေမေအစအဆုံး မြင်ခဲ့မှန်းလည်း သိလိုက်၏။

သူ့မျက်နှာတစ်ပြင်လုံး ပူပူထူထူကြီးဖြစ်သွားကာ တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ထိရှက်ရွံ့သိမ်ငယ်ခြင်းမျိုး မကြုံခဲ့ဘူးသည့်အတိုင်း...။

"အခန်းလုနေတာလားသား...ကိုယ်ကအိမ်ရှင်ပဲကွယ်.."

ဒေါ်ထားထားမြတ်က ဖျောင်းဖျသည့်စကားနှင့် ဆောင်းမျက်နှာရှက်နေတာကို မသိကျိုးကျွံပြုသည်။ သားဖြစ်သူထွက်သွားမှ ဒေါ်မေလင်းကို လှည့်ကြည့်လိုက်ပြီး...။

"ဒီကောင်မလေးရောက်လာတာ ဘာလောက်ကြာသေးလို့လဲ.."

"သူရောက်လာတဲ့နေ့ပဲ ငါနှင့်ကိုလှမ်းပြောတာလေ...အလွန်ဆုံးကြာချင် ဆယ့်ရှစ်ရက်နှစ်ဆယ်ပဲ.."

"ဒါပေမယ့် မမမေရဲ့တူအခြေအနေမကောင်းဘူး..."

"ဟုတ်တယ်.."

"ဘာဟုတ်တာလဲမမမေရယ်..ဒီလိုအခြေအနေဆိုရင်လည်း ထားကို လေးဘာလေးဆက် သတိပေးပါလား..ခုတော့.."



www.burmeseclassic.com

www.burmeseclassic.com


"ငါလည်းခုမှ သေချာကြီးမြင်တာလေ..ဒါပေမယ့် နင်ခုပြောသလို ရေချိုးခန်းလုတာပဲ နေမှာပါ၊ သူတို့ချင်းက တည့်တာမဟုတ်ဘူး..."

"ခက်တော့တာပဲ.."

ဒေါ်ထားထားမြတ် ညည်းတွားရင်းထိုနေရာမှ ထွက်လာကာ..၊

"မတည့်ကြတာကိုက မြန်မြန်ဆန်ဆန်စိတ်ဝင်စားသွားနိုင်တဲ့ အကြောင်းတရားပဲ.."

"နင်ကလည်း သေချာကြီးပြောနေတော့တာပဲ.."

ခပ်သုတ်သုတ်လိုက်လာရင်း ဒေါ်မေလင်းလည်း မဖြေရှင်းတတ်။ အိမ်မှာရှိနေကြသည့် ကလေးနှစ်ယောက်စလုံး လှကြပေမယ့် မြပခြုပ်နဲ့နှင်းဆီချူ ဘယ်လိုနေရာမှာမှ မတူပေ..၊

မြင်သူရင်မှာဘဝင်ဆူအောင် လှနေသည့်နှင်းဆီချူကို ဆောင်းမျှော်နှာက စိတ်ဝင်စားနေသည်ဆိုတာ မဖြစ်နိုင်စရာလည်း မရှိ..၊

ဒါပေမယ့် ဒီလိုမျိုးတော့ မဖြစ်စေချင်တာအမှန်ပဲမို့..၊

☪


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၉)

ပန်းခြံထဲမှာ နှင်းဆီချုံဒီတိုင်းရပ်နေသည်။ သူမရဲ့လက်တစ်ကမ်းမှာ နှင်းဆီပန်းအလှတွေ ဝိုင်းဝိုင်းလည်နေသည်။ ဒေလီယာတွေလည်း ရှိနေသည်။ ပြီးတော့ ခြံပေါ်တင်ပျိုးရသည့် သဇင်မဟုတ် သစ်ခွမဟုတ်သော ရစ်နွယ်ဆိုသည့် အဖြူနဲ့မဲနယ်ရောင်လေးပါသော ပန်းအုံလေးလည်း ရှိနေသည်။

ဒါပေမယ့် သူမကဘယ်ပန်းကိုမှ ကြည့်နေတာမဟုတ်ဘဲ မေးဖျားဆေး ခပ်မော့မော့နှင့် ကောင်းကင်ပြင်ကိုငေးနေသည်။ အတော်ကြာတော့ ချက်နှာလေးပြန်တည်သွား၏။ ပြီးတော့ ခြေဦးထိပ်ဆီ ငုံ့ငေးနေပြန်သည်။

ဝတ်ထားတာက ရင်ဘက်အပေါ်ပိုင်းမှာ အဖြူရောင်ဇာပွင့်တွေ ကပ်ထားသော ဗေဒါရောင်မြန်မာဝတ်စုံ လတ်ပြတ်လေးမို့ သူမကိုယ်လုံးအလှက ထင်းနေသည်။ ကိုယ့်အခန်းပြတင်းပေါက်ကနေ ငေးကြည့်နေရင်း ဆောင်းချက်နှာ ကျိုခနဲအံကြိတ်မိ၏။

သူဘာဖြစ်တာလဲလို့ တွေးမိတိုင်းမကျေနပ်နိုင်။ သူမကိုမြင်မြင်ချင်း စိတ်ဝင်စားခဲ့သည်။ သံသယဖြစ်လောက်ဖွယ် မသင်္ကာစရာများနှင့် သူမ ဘယ်လိုမှ မရိုးသားနိုင်မှန်းသိလျက်နှင့် ခံစားချက်တွေက တပြိုင်တည်းမှာ ရှုန်ဆွဲ ပေါ်ပေါက်ခဲ့၏။

သူမလှနေလို့လား..ဒါမှမဟုတ် ဘာကြောင့် ဒီလောက်မြန်မြန် တိမ်းညွှတ်လွယ်ရတာလဲ.. ။

သူမကို နမ်းမိသည့်အချိန်မှာဖြစ်လာသည့် ရင်ခုန်သံတွေက သွေးစစ်ချက်အဖြေထွက်လာတာထက် မြန်သည်။ ထို့ထက်တိကျသည်။ ဒါပေမယ့် ချောက်မှာ ကိုယ့်လိုခံစားနေရပုံမျိုးမရှိ.. ။

ကြည့်နေရင်း ခြေလှမ်းတွေကဝရန်တာဘက်ကို ထွက်လာနေမိတာ ကိုယ့်ခြေထောက်တွေကို ဆုံးမဖို့လည်း မေ့နေခဲ့သည်။ သူမကို သူချစ်မိပြီ ဒါဟာ လုံးဝမဖြစ်သင့်ပေ။ သို့သော်.. ။

"သက်ကိုလား..ငါကွာ.."

သိချင်နေသည့် သတင်းတစ်ခုကြောင့် အကြောင်းပြန်လာမှာကို မ


www.burmeseclassic.com

www.burmeseclassic.com


စောင့်နိုင်..။

"မင်းကလည်း ငါသေချာစုံစမ်းနေပါတယ်ဆိုမှ.."

"ခု ဘာမှမသိရသေးဘူးလား.."

"တစ်ခုတော့ သိရပြီ.."

"ဘာလဲ.."

"ဦးကျော်ရှိန်မှာ မွေးစားသမီးတစ်ယောက်ပဲရှိတယ်တဲ့..ဒါပေမယ့် အဲ့ဒီသမီးကို သူနဲ့အတူတူ တစ်ခါမှမတွေ့ဖူးဘူးတဲ့.."

"တစ်ခါမှဆိုတာ မဟုတ်သေးပါဘူးကွာ.."

"အေးလေ..ငါစုံစမ်းတဲ့လူက မမြင်ဘူးတာနေမှာပေါ့၊ လောလောဆယ် တွေးကြည့်တာတော့ အဲ့ဒီသမီးက အိမ်ထောင်ကျပြီး နိုင်ငံခြားရောက်နေသလား..သားအဖစိတ်ဝမ်းကွဲပြီး အတူမနေတော့တာလား၊ ဦးကျော်ရှိန်ဆုံးသွားတာတောင် သူ့သမီးကိုမတွေ့.."

"မတွေ့တာ မသိတာတွေချည်းပါလား..သိတာတစ်ခုခု ပြောကြည့်စမ်းပါ.."

"မင်းကိုက နှင်းဆီချူကို ဦးကျော်ရှိန်သမီးပဲ ဖြစ်စေချင်နေပြီကိုး.."

သူ့ရင်ထဲမှာ အဲ့လိုပဲဖြစ်စေချင်နေတာမို့ မငြင်းနိုင်..။

"မင်းကြိုက်နေပြီမို့လား ဆောင်းမျက်နှာ..ဘာဖြစ်လဲကွာ၊ တစ်ယောက်နဲ့တစ်ယောက်ချစ်ဖို့အတွက် သတ်မှတ်ချက်မလိုပါဘူး.."

"သူနဲ့ငါ့အနေအထားက ချစ်ကြဖို့တွေ့ခဲ့တာ မဟုတ်ဘူး.."

"ဟား..ဒါဆိုဘုရားမှာဆုံတဲ့လူတွေ လမ်းဘေးမှာမျက်နှာချင်းဆုံမိတဲ့လူတွေ အဲ့လူတွေက ချစ်ကြဖို့တွေ့ကြတာလား.."

"မင်းကတစ်မျိုး.."

"ဟုတ်တယ်..တစ်မျိုးပဲရှိတယ်၊ အချစ်မှာကန့်သတ်ချက်မလိုဘူး ဘယ်သူသတ်မှတ်ကန့်သတ်လို့မှလည်း မရဘူး၊ မြင်မြင်ချင်းမချစ်ရဘူးလား.. နှစ်ပြည်ထောင်စစ်ခင်းနေကြတော့ရော တစ်ဖက်ကကောင်လေးနဲ့တစ်ဖက်ကကောင်မလေး မချစ်ရတော့ဘူးလား..နှင်းဆီချူက မိုးဆက်လေနဲ့တစ်သက်ခဲ့လည်း ဘာဖြစ်လဲကွ.."

"အခု မိုးဆက်လေက ခုခံတိုက်ခိုက်ဖို့ ရောက်လာတာဆိုရင် သူ့အချစ်က မိုးဆက်လေဆီမှာ.."

သက်ကို အသံတိတ်သွားသည်။

ပတ္တမြားသိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com


"အမုန်းတွေနဲ့ငါ့ဆီရောက်လာတဲ့ မိန်းမတစ်ယောက်ကို ချစ်ခွင့်ရှိပါ့မယ်လို့ ဘယ်လိုသတ်မှတ်ရမလဲ.."

သက်ကို ဘာမှမပြောဘဲ အကြာကြီးတိတ်နေ၏။ ပြီးမှ.. ၊

"မင်းသူ့ကို နမ်းလိုက်တယ်ဆို.."

"အင်း.."

"အဲ့တော့ သူဘယ်လိုပုံစံဖြစ်သွားလဲ.."

"မသိဘူး.."

"ဟမ်.."

"သူ့ကိုသိဖို့မပြောနဲ့..ငါ့ကိုယ်ငါတောင် ဘာဖြစ်သွားမှန်းမသိဘူး၊ သေချာတာကတော့ အဲ့နေ့တည်းကရင်ခုန်သံက နှစ်ရက်လောက်နဲ့မပျောက်ဘူး.."

"သေသင့်တယ်.."

သေချင်ပါသည်လို့ပဲ ပြန်ပြောချင်တော့သည်။

"မိုးဆက်လေက သေပြီပဲကွာ.."

"ဘာနဲ့သေချာတာလဲ.."

"အန်ကယ်လ်ဦးမောင်လွင်နဲ့ သူ့ဆွေမျိုးတွေတောင် မိုးဆက်လေကို အကြိုလ်ဖို့ နယ်လုကြသေးတယ်တဲ့.."

"ဘယ်သူမှသေချာမြင်တာ မဟုတ်ဘူးသက်ကို..ငါတို့ဖြစ်ပျက်ခဲ့တာတွေက အရမ်းမြန်တယ်၊ ငါလည်းထိခိုက်ခဲ့ရတာဆိုတော့ သူဘာဖြစ်သွားလဲ ဘာမှလိုက်မကြည့်နိုင်ဘူး..ငါထင်တာ မိုးဆက်မရှိတော့လို့သာ နှင်းဆီချူသူ့အတွက်နေ ငါ့ကိုအမုန်းပွားနေတာပဲ၊ ဒါပေမယ့် သူမသေရင်တော့.."

"သေပြီပဲထားလိုက်ပေါ့ကွာ..နေပါဦး မင်းတို့ချင်းဘာတွေကြီးကြီးမားမား ဖြစ်ခဲ့ကြလို့ ကမ္ဘာမကျေမုန်းနေကြတာလဲ၊ ငြိမ်းကြောင့်မဟုတ်ဘူးလား.. နှင်းဆီချူလောက်လှတဲ့ မိန်းမကိုတောင် ဂရုမစိုက်ခဲ့တာ၊ ငြိမ်းအတွက်နဲ့မင်းတို့ချင်း မုန်းလောက်အောင် ဖြစ်ဖို့မရှိဘူးလို့ ငါထင်တယ်.."

ဆောင်းမျက်နှာ အသံတိတ်သွားသည်။ ဒီအကြောင်းမေးလိုက်တိုင်း ဘယ်တော့မှ မဖြေခဲ့ပေ။ သူတို့မှာလည်း မဖြေမှာသိရက်နဲ့ ပယောဂ္ဂိတွေထွက်တိုင်း ဒီမေးခွန်းဆီပဲ ရောက်ရောက်လာတတ်ကာ.. ၊

"ထားလိုက်ပါတော့..ငါပြောချင်တာက နှင်းဆီချူနဲ့သူ့ရှင်ခဲ့တာ မင်းနဲ့လက်တွဲမဖြုတ်ခင်ကလို့ တွေးပြီးတော့ပါ..တကယ်လို့.."


www.burmeseclassic.com

www.burmeseclassic.com


"သူရှိနေသေးရင် ဒီနှစ်တွေမှာ ကလေးနှစ်ယောက်လောက် ရနိုင်ေ ပြီသက်ကို.."

"သူမရှိတော့ပါဘူး ဆောင်းမျက်နှာရာ..မိုးဆက်က နိုင်ငံခြားမှာ ချင်လို့တောင် မင်းနဲ့ကျန်ခဲ့တဲ့ဟာ၊ ပြီးတော့ ဒီကောင့်ဉာဉ်က သိပ်ဂရုမစိုး တတ်ပါဘူး..မင်းနဲ့ပဋိပက္ခဖြစ်ရုံလောက်နဲ့.."

ပြောလက်စက တစ်စုံတစ်ခုကိုတွေးမိပြီး ရပ်တန့်သွားခဲ့သည်။ ပက္ခဆိုတာလည်း အကြောင်းအရာအမျိုးအစားရှိသေးသည်။ သူတို့ချင်း ဖြစ်ခဲ့တယ်ဆိုတာ ဒီနေ့ထိ ဘယ်သူမှမသိဘဲ.. ၊

"ငါ့ကို သေချာသိရအောင် ဆက်စုံစမ်းပေးစမ်းပါ..စစ်ထွန်းက ထက် အလုပ်ရှုပ်နေလို့ ငါမမေးချင်ဘူး.."

"အေးပါ..ငါကတော့ အမြဲအားနေတာလေ.."

ဝရန်တာကနေ နှင်းဆီချုံကို ငုံ့ကြည့်နေရင်း ရယ်လိုက်မိသည်။ မကလည်း အိမ်ဘက်ကို ပြန်လျှောက်လာတော့ သူ့ကိုမြင်သွား၏။

"ဆောင်းမျက်နှာ.."

"အင်း..ပြော.."

"မင်းဘက်က ပွင့်လင်းရဲတဲ့အခြေအနေမရှိတာ လုံးဝသေချာနေ တော့ ဘရိတ်နင်းထားဦးကွာ..ကိုယ့်ကိုယ်ကို ဆင်းရဲခံမနေစမ်းပါနဲ့.."

"အချစ်ကို ခိုင်းစေလို့မှမရဘဲ.."

"ဩော်..ဒါကျတော့.."

"ငါလည်း သူနဲ့ပတ်သက်ပြီး အဲ့လိုအနုအရွတွေ မပြောချင်ဘူး.. ချင်လာတိုင်း ကိုယ့်ကိုယ်ကို ဒေါသထွက်တယ်၊ ဒါပေမယ့် ရင်ဘက်ကြီး တော့ မီးလောင်ဒဏ်ရာဖြစ်နေသလိုပဲ.."

သက်ကိုထံမှ သေလိုက်ဆိုသည့် ဆဲရေးသံခပ်တိုးတိုးထွက်လာသည်။ ပြီးတော့.. ၊

"'ရေမရှိတဲ့ချောင်းနှာခေါင်းဖော်သေလိုက်..'လို့ ပြောချင်တာ ရေများလွန်းလို့ ငါးတွေတောင် ရေနစ်သေနေရှာတာ.."တဲ့.. ၊

ဆောင်းမျက်နှာ အသံထွက်အောင်ရယ်လိုက်မိသည်။

☪

ပတ္တမြားသိုက်စာပေ
www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၀)

သူကားပေါ်တက်ခါနီးမှ ရေမွှေးနံ့ရလိုက်သဖြင့် လှည့်ကြည့်လိုက်မိသည်။ နှင်းဆီချူက ပန်းသွေးရောင်နုနုလည်ကပ်ခါးတိုလေးကို ပန်းရင့်ရောင် စကပ်တိုလေးနဲ့ တွဲဝတ်ထားသည်။

ခြေသလုံးတစ်ဝက်နီးပါးထိ တက်နေသော ခြေအိတ်အသားရောင်သည် ပန်းနုရောင်မကျ ရွှေရောင်မကျပြောင်လက်နေသော ရှူးဒေါက်မြင့်အနှင့် လိုက်ဖက်နေ၏။ သူမကိုမြင်လိုက်တိုင်း ခြေဖျားခေါင်းဖျားမကျန်ကြည့် လိုက်မိသည်သာဖြစ်ကာ ပြောဖို့စကားက အမြဲတမ်းဒုတိယ..။

"မင်း လိုက်မလို့လား.."

"ဟုတ်တယ်.."

ချူကမကြည့်ဘဲ ဖြေကာ ဟိုဘက်မှသွားဝင်ထိုင်၏။ ချူတို့နှစ်ယောက် ကို အပေါ်ထပ်ခေါင်းရင်း ဝရန်တာကနေငုံ့ကြည့်ရင်း မြပ်မျက်လုံး မလွှဲနိုင်။ ဆောင်းမျက်နှာ ပင့်သက်ရှိုက်လိုက်ရင်း ကားထဲ ရှိလေးပင့်စွာ ဝင်ထိုင်မိသည်။ ပြီးတော့ သူမဘက်ကိုလှည့်ကြည့်၍..။

"မင်းကို ငါနောက်ထပ်ရမ်းကားခွင့်ရှိသေးတယ်ပေါ့.."

"ဟွန်း.."

ချူက ရှေ့ကိုကြည့်နေပြီး မဲ့၏။ ဆောင်းမျက်နှာကလည်း သူမကိုပဲ ကြည့်၍ ကားမမောင်းသေးဘဲ ဒီတိုင်းလက်တင်ထားရင်း..။

"ဝန်ခံနေတာလား..ဒါဆိုရင်တော့ မင်းကိုယ်တိုင်က လိုလိုလားလား ခံပြီးချင်နေတာပဲ.."

သူမအကြည့်တွေ ဆတ်ခနဲရောက်လာသည်။ သူပြုံးလိုက်မိကာ..။

"ပြောစမ်းပါ..မင်းရဲ့တာ့ဂတ်က ငါ့ကိုများလား.."

"ရှင်ဘယ်လိုထင်လဲ.."

"ငါ့ကိုဖြားယောင်းဖို့ မင်းကြိုးစားနေတာလို့ထင်တယ်.."

"ဟွန်း..ဟွန်း.."

သူမကလည်း မျက်လုံးချင်းစိုက်ကြည့်ပြီး ရဲရင့်စွာလှောင်ရယ်ပြု၏။ ရှေ့ပြန်လှည့်ကာ..။



www.burmeseclassic.com

www.burmeseclassic.com


"ချူက ဖြားယောင်းနေတယ်ထင်ရင်လည်း ရှင်မတုန်လှုပ်ဘူးဆိုရင် ပြီးတာပဲမှတ်လား.."

စူးရဲသည့်မျက်ဝန်းတို့ ဆုံဆည်းသွားကြ၏။ ချူကလည်း အကြည့်ကို မလွှဲသလို ဆောင်းမျက်နှာလည်းဒီအတိုင်း။ စက္ကန့်တို့သည် တိတ်ဆိတ်စွာ ပြေးလွှားနေခဲ့ကြပြီးမှ..။

"ငါ့မျက်လုံးထဲမှာ မင်းတွေ့လား.."

"ကျွန်မကရှင့်မျက်လုံးထဲက တစ်ခုခုကိုရှာတာမဟုတ်ဘူး..ရှင့်ဘက် က ကျွန်မအပေါ်သက်ရောက်မယ့် အစခပ်သိမ်းကို ဂရုမစိုက်ဘူးဆိုတာ ရှင်သိစေချင်တာ.."

ဆောင်းမျက်နှာ နှုတ်ခမ်းတွေတင်းခနဲ စေ့သွားသည်။ သူမကမှဲ့၏ ပြီးမှ အောင်နိုင်သူအပြုံးဖြင့် မျက်နှာလွှဲကာ..။

"ဘာအတွက်ဖြားယောင်းရမှာလဲ..ဖြားယောင်းနေတယ်လို့ ဘာ ကြောင့် ထင်သွားတာလဲ.."

တစ်ကိုယ်တည်းရေရွတ်သလို ပြောနေပြီးမှ ဆောင်းမျက်နှာကိုပြန် လှည့်ကြည့်၍..။

"မိန်းကလေးလှလှ အခြေကျကျလေးမြင်တိုင်း ငါတွဲရရင်ကောင်းမှာ လားလို့ စဉ်းစားနေတဲ့ပုံပဲ.."

"ငါက.."

"ရှင့်ဘက်ကကြိုက်သလို စိတ်ကူးယဉ်လို့ရပေမယ့် ရှင်ချိန်လိုက်တဲ့ မိန်းကလေးက ရှင့်ကိုသတ်ချင်နေတဲ့သူလည်း ဖြစ်နိုင်တာပဲ.."

"ဖြစ်နိုင်တာပေါ့..စိတ်ဆန္ဒဆိုတာ လူတစ်ယောက်မှာတစ်မျိုးစီရှိတာ အကောင်အထည်ပေါ်ဖို့သာ အခွင့်အလမ်းနည်းကြတာ.."

"အဲ့ဒီတော့ ရှင်ကျွန်မကို ရမ်းကားခွင့်ဆန္ဒတွေ ဖြစ်လာရင်နောက်ထပ် အခွင့်အလမ်း ရှိဦးမှာပဲလို့ထင်လား.."

"မထင်ဘူး..ဒါပေမယ့် ငါကအခွင့်အလမ်းကို ထိုင်စောင့်နေမယ့် သူမ ဟုတ်ဘူး..မင်းက ငါ့နားမှာအမြဲရှိနေတယ်၊ ငါကမင်းကို ဆန္ဒရှိမယ်.. ဘာ အတွက် အခွင့်အလမ်းကို စောင့်ဖို့လိုသလား.."

"ဟွန်.."

"ပြောလေ..မနိုင်ဘဲနဲ့အပြုံးတုတွေ ဖန်ဆင်းပြီးပြုံးတာ မလှဘူး.."

"လှဖို့မလိုပါဘူး..ကျွန်မဘာကြောင့်ပြုံးတယ်ဆိုတာ ရှင်သိဖို့ပဲ


www.burmeseclassic.com

www.burmeseclassic.com


တာ.."

"သိတယ်ဆိုရင်ရော.."

"ရှင်မသိပါဘူး..ကျွန်မကိုရှင်တကယ်သိရင် မိုးဆက်နဲ့ပတ်သက်နေ
တယ်ချည်းပဲ ဘယ်စွပ်စွဲနေမလဲ.."

ပိုင်နိုင်စွာပြုံး၍ ပြောလိုက်ပုံကြောင့် ဆောင်းမျက်နှာတစ်ချက်တော့
ညှိသွားခဲ့သည်။ ချူက ကုရှင်မှာမှီလိုက်ရင်း ပခုံးလေးတွန့်ပြီးရယ်သည်။
ပြီးတော့ လက်ပိုက်လိုက်ပြီးရယ်၏။

လော့ခ်ဖြုတ်လိုက်ပြီး ဒီတိုင်းကန်ချပစ်လိုက်ဖို့ကောင်းအောင် ထိမ
ခင် ရယ်နေတာမျိုး.. ।

ဒါပေမယ့် ဒေါသဖြစ်လို့မရခြင်းသည်.. ।

☪


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၂၁)

“သူကဒေါသဖြစ်လို့ မရအောင်လှနေတာကိုး..နော်..”

ကိုယ့်ဘာသာမှတ်ချက်ချ၍ လူကြီးတွေမျက်နှာကိုလိုက်ကြည့်ပြီး စကားထောက် ရှာသေးသည်။ ဘယ်သူကမှ စကားထောက်ဖို့သတိမရ အကြည့်တွေသာ ဆုံးသွားခဲ့ပြီး..၊

“အဟွန်း..သမီးက သူ့ကိုအထင်ကြီးတဲ့ စိတ်လေးနည်းနည်းပိုနေ ပါ၊ ဒီလောက်လည်း မဟုတ်ပါဘူး..”

“ဟုတ်ပါတယ်ကြီးကြီးမေကလည်း ဘယ်လောက်ထိလှပါတယ် တောင် ပြောရခက်တာ..ကိုလေး သူ့ကိုစိတ်မဝင်စားဘဲ နေမလား..”

ဒေါ်မေလင်းဘာဆက်ပြောရမှန်း မသိတော့ ညီမဖြစ်သူကိုကြည့် သည်။ ပခြုပ်ရဲ့အမေနဲ့အဒေါ်လည်း ရှိနေသဖြင့် ဒီကိစ္စအတွက် စိတ်ဆင်း ကြီးစွာ ဖြစ်မိကြရင်း..၊

“အလှဆိုတာသမီးရယ်..မြင်တာနဲ့ဖုန်းဖုန်းလဲသွားအောင် လှပ အေးချမ်းတဲ့အလှကသာ တန်ဖိုးကြီးတာပါ..”

“ဒါတော့ ပခြုပ်လက်မခံပါဘူး..ပဘာဝတီတို့ ဥမ္မာဒန္တီတို့အ လောက်လှသလဲဆိုတာ ဒီနေ့ခေတ်ထိစာဖွဲ့လို့ မကုန်နိုင်ကြဘူး၊ လှ တောင်မှ ဆွဲဆောင်မှုရှိတဲ့ အလှကမှ..”

“သမီး..”

ဒေါ်ရွှေစင်ဦးမျက်နှာက မလိုလားသလို ပျက်ယွင်းနေခဲ့လျက်

“အဲ့ဒီမိန်းကလေးကို မေမေမမြင်ဖူးဘူး..ဒါပေမယ့် သမီးပြောနေ ဘာကိုကြောင့်ကျနေလို့ ပြောနေတာလဲဆိုတာတော့ သိချင်လာပြီ၊ အခု နေတုန်း ပြောလို့ရတယ်..အဲ့ဒီမိန်းကလေးနဲ့ဆောင်းမျက်နှာက..”

“ဘာမှမဟုတ်ပါဘူးမေမေ..ဒါပေမယ့်..”

“ဟုတ်ပါတယ်..နှင်းဆီချူက ဧည့်သည်ပါမရွှေ၊ ကုမ္ပဏီက ဝင်တစ်ဦးရဲ့ သမီးလေးပါ..အဲ့ဒီရှယ်ယာဝင်က ဆုံးသွားတော့ ကျန် သားစုတွေကလည်း ကုမ္ပဏီအလုပ်တွေမှာ မကျွမ်းကျင်ဘူး ပါ အဲ့ဒါကြောင့် ရှယ်ယာကိုပြန်ထုတ်မလား၊ အလုပ်ကိုစိတ်ဝင်စားပြီး ဆ


www.burmeseclassic.com

www.burmeseclassic.com


ထက်တွဲမလားပေါ့နော်..အဲ့ဒီအလုပ်ကိစ္စတွေနဲ့ပတ်သက်ပြီး ဒီမှာရှိနေတာပါ_"

"အဲ့လိုကိစ္စအတွက်နဲ့ အိမ်မှာလာနေဖို့ထိလိုလို့လား မထားရယ်..ရွှေကို့ကတော့ ဘာမှတော့မဆိုင်ကြသေးပေမယ့် ဒီလလက်ထပ်ပြီးရင် နောက်နေ့မှာသမီးယောက္ခမဖြစ်ကြမှာလေ..အိမ်ထောင်ရေးတစ်ခုမှာ ဘယ်ဘက်နဲ့မှသွေးသားတော်စပ်တာမရှိဘဲ သုံးပွင့်ဆိုင်အတူရှိနေတာ သိပ်ကိုအန္တရာယ်ကြီးတယ်"

"ဒါအမှန်ပဲမထားရေ..ကိုယ့်အစ်မဘက်က လိုက်ပြောရရင်တော့ ဒီဘက်လုတဲ့မိန်းကလေးနဲ့ ခုလိုအတူသွားအတူစား ဖြစ်နေကြတာရင်လေးရောကြီး.."

"အခြေအနေက ဒီလောက်ထိဆိုးလာဖို့ မရှိပါဘူးမရွှေရယ်..အလုပ်ကိစ္စနဲ့နေတဲ့သူပါ၊ အလုပ်ပြီးရင် ပြန်သွားမှာပါ..နောက်ပြီး မိုးဆက်လေကိုတူဝရီး မရှိတော့ကာမှ လွှဲချရမယ့်သူလည်း မရှိတော့ဘူးလေ၊ သားကချဲမ်းဖြစ်နေတဲ့အတွက် ကုမ္ပဏီရဲ့ပြဿနာတိုင်းကို ခေါင်းခံဖြေရှင်းရတာပါ.."

ဒေါ်ရွှေစင်ဦး သက်ပြင်းချမိသည်။ ပခြုပ်က ဆောင်းမျက်နှာရဲ့ခတ်ကို ပြလိုက်တည်းက လက်ထပ်ဖို့ကိုသဘောတူခဲ့တာဖြစ်သည်။ ပြီးတော့ လာကိစ္စအတွက် ဘယ်လောက်တက်ကြွခဲ့သလဲဆိုတာ သူတို့အသိဆုံး..၊

"မမေရယ်..ကိုလေးကလည်း အဲ့လောက်ထိမယုံကြည်ရတဲ့လူ တတ်ပါဘူး၊ ပခြုပ်ကသာ အဲ့အစ်မကို အားကျလို့ပြောမိတာပါ.."

ပြောနေရင်း ပခြုပ်မျက်နှာမှာ မချိပြုံးလေးနှင့် သနားဖွယ်ဖြစ်သွားလျက်.. ၊

"လုလို့ကိုလေးက သာယာနေရင်တောင်မှ ပခြုပ်ကိုမငြင်းဘူးဆိုရင်ပြီးတာပဲ.."

ကြည့်စမ်း..ဒီကောင်မလေး.. ၊

သမီးရှင်ပီပီ ကိုယ့်သမီးက 'မြည်းကမလှုပ် ခုံကလှုပ်'နေသဖြင့် ရှက်သိတ်သည့်ဖြစ်ခြင်း.. ၊

"သမီးလေးက ဖြူစင်တာပါ..ကျွန်မတို့နားလည်ပါတယ်မရွှေ..အဲ့ဒီအတွက် ဘာမှမျက်နှာပူဖို့ မလိုပါဘူး၊ ပခြုပ်လိုမိန်းကလေးမျိုးနဲ့ လက်ထပ်ရသားလေးကံကောင်းမှာ.."

ဒေါ်ထားထားမြတ်က ပခြုပ်ရဲ့လက်ဖဝါးလေးကို ချစ်စနိုးဆွဲယူပြီး



www.burmeseclassic.com

www.burmeseclassic.com


ပြုံးနေလိုက်မှ ဒေါ်ရွှေစင်ဦးအရှက်ပြေသည်။ အဒေါ်ဖြစ်သည့်ဒေါ်သူဇာထံ ကတော့ ပြေပုံမရဘဲ..။

"ကဲ..ကဲ သူဇာပြန်မယ်.."

ပြောပြီးထတော့မလို ပြင်လိုက်ရင်း..။

"ဒီမှာဧည့်သည်လည်းရှိနေတော့ ဘာလုပ်မှာလဲ..မမတို့သားအမိ သူဇာ့အိမ်မှာပဲတည်းလေ၊ မင်္ဂလာရက်လည်း မသတ်မှတ်ရသေးဘူးဥစ္စာ"

"အဲ.."

ဒေါ်ရွှေစင်ဦး အစကအစီအစဉ်မရှိခဲ့သဖြင့် ဘယ်လိုဆုံးဖြတ်ရမှန်း မသိ ဖြစ်နေ၏။ ပခြုပ်အထိတ်တလန့်လေး ဖြစ်သွားကာ..။

"ဟာ..တီလေးကလည်း ဒီမှာတည်းဖို့လာတဲ့ဟာ.."

"ဟုတ်သားပဲ..မသူဇာရယ်၊ ဧည့်သည်တစ်ယောက်ရှိနေတာနဲ့ အိမ် မှာမျက်စိရှုပ်ဖို့လည်း မရှိပါဘူး..ဒီမှာပဲနေပါ.."

"ဟုတ်ပါတယ်..လူကြီးတွေအတူရှိနေတော့ စီစဉ်စရာရှိတာ တိုး တိုင်ပင်လို့လည်း အဆင်ပြေပါတယ်.."

ဒေါ်ရွှေစင်ဦး ညီမဖြစ်သူကိုတိုင်ပင်သလို ကြည့်လိုက်၏။ ဒေါ်သူဇာ တင်က အားနာပြုံးနှင့်..။

"ကျွန်မကလည်း ကိုယ့်အစ်မလာတုန်းလေးပဲ အတူနေရတာမို့ပါ.. ဖြင့် ဒီလိုလုပ်လေ၊ ပခြုပ်လေးဒီမှာ နေချင်ရင်ထားခဲ့မယ်..မမကိုပဲ ခေါ်သွား မှာပါ၊ ဒါပေမယ့် သမီးလိုက်ခဲ့မယ်ဆိုလည်း ရတယ်နော်.."

ပခြုပ်က ချက်ခြင်းခေါင်းခါပြီး ဖြေသည်။

"မလိုက်ပါဘူး..ပခြုပ်ဒီမှာပဲနေမယ်.."

"အေးပါ..နေပါ၊ အကြောင်းရှိရင် ဘယ်အချိန်ဖြစ်ဖြစ် ဖုန်းဆက် နော်.."

ဒေါ်ရွှေစင်ဦး သမီးကိုစိတ်မချနိုင်..။

"သမီးတီလေးဆီကို ကားကျပ်ကျပ်နဲ့ဆို တစ်နာရီနီးပါးမောင်းရတာ ..တစ်ခုခုစိတ်တိုင်းမကျရင် ဆိုးဆိုးဆတ်ဆတ်ကောက်ထွက်မလာနဲ့ မထားတို့ ကို ပြောရမယ်..မေမေ့ဆီကိုလည်း ဖုန်းဆက်.."

"ဟုတ်ကဲ့ပါမေမေကလည်း..ပခြုပ်ရန်ကုန်မြို့ကြီးမှာ ထင်သလိုဘဲ မသွားလာရဲပါဘူး.."

နေခဲ့ရမည်ဆိုတော့ ပခြုပ်ကျေနပ်သွားသည့် မျက်နှာလေးကကား


www.burmeseclassic.com

www.burmeseclassic.com


အစ်ယောက်လိုပင်။ ဒေါ်ထားထားမြတ်တို့က ချစ်စနိုးကြည့်နေကြပေမယ့် ဒေါ် ရွှေစင်ဦးတို့ နှစ်ယောက်စလုံးစိတ်ပူနေမိကြ၏။ တကယ်ဆိုချက်ချင်း အစီအစ စဉ်ပြောင်းလိုက်ရတာလည်း သူမလေးကြောင့်ပင်..။

သာသာကပ်ပြီး ဗိုက်ခေါက်လိမ်ဆွဲရမယ့် အရွယ်လေးလည်းမဟုတ်၊ ခေါင်းရင်းကြောပြတ်အောင် လိမ်ပစ်ဖို့ကောင်းပေမယ့် စိတ်ကူးထဲမှာတောင် လုပ်ရက်နိုင်။ အပြင်ရောက်လာကာမှ ကိုယ့်အစ်မကို ကပ်ပြောရသည်။

"မမသမီး အရူးအမဲသားကျွေးမိသလို ဖြစ်နေတာတွေလား..မိဘမျက် နှာလည်း အကဲမခတ်ဘူး၊ ကိုယ့်သိက္ခာလေးနဲ့ကိုယ်လည်း မထိန်းသိမ်းဘူး.. ခင်ထဲရှိသလို ပြောနေတာအံ့ရော.."

"အဲ့ဒါငါ့သမီးလေးမှာ ချစ်သူမရှိခဲ့လို့ပေါ့သူဇာရယ်..မချစ်ဘူးလို့ရှုး နာတာ.."

"မမပြောသလိုဆို မရှုးအောင်ရည်းစားထားဖူးမှ ဖြစ်တော့မလိုပါ လား..အဓိပ္ပါယ်ကို မရှိဘူး၊ မိန်းကလေးဖြစ်လာတည်းက သူ့သဘာဝနဲ့သူ ချိုသိပ် ထိန်းသိမ်းတတ်တဲ့ အသိလေးတော့ ရှိရမှာပေါ့..ဆောင်းမျက်နှာကို အသေရရ အရှင်ရရဖြစ်နေရအောင် ဘယ်လောက်တောင်ချောနေလို့လဲ၊ ကိုယ် ကရော သူ့ကိုမမှန်းဝံ့လောက်တဲ့ ရုပ်ရည်ဖြစ်နေလို့လား.."

ကားပေါ်မှာ ပြောဆိုနေတာမပြီးတော့ပေ။ ဒေါ်ရွှေစင်ဦးလည်း စိတ် ညစ်နေသည့် မျက်နှာနဲ့ဖြစ်လျက်..။

"အဲ့ဒါက ပြိုင်ဘက်ရှိနေလို့ ဖြစ်လာတာနေမှာပါဟယ်..ငါ့သမီးလေး က ဂုဏ်သိက္ခာနဲ့နေတတ်တဲ့ မိန်းကလေးပါ၊ ရည်းစားမထားဖို့လည်း ငါတို့ အတင်းအကျပ် ချုပ်ချယ်ထားခဲ့တာ မဟုတ်ဘူး..သူ့အသိနဲ့သူရှောင်တာ၊ နေစပ်ဖို့ ပြောခဲ့တာလည်းရှိတာပဲ..သူလက်မခံဘူး.."

"ဆောင်းမျက်နှာလောက် မချောလို့နေမှာပေါ့.."

"တစ်ယောက်တစ်မျိုးစီပဲသူဇာ..ဆောင်းမျက်နှာအပေါ်မှာလည်း ဒီ ရောက်လာမှ ဟိုမိန်းကလေးကိုကြည့်ပြီး အားငယ်တာတွေ သဝန်တိုစိတ် တွေနဲ့ တန်ဖိုးကြီးနေတာပါ၊ သမီးလေးက အရမ်းဖြူစင်ပြီး အစွဲအလမ်း လည်း ကြီးတယ်..ငါအရမ်းစိတ်ပူတာပဲ၊ အားလုံး ပေါ့ပေါ့ပါးပါးပြီးသွား မယ့်ဟာ ဘာတွေ ဖြစ်လာဦးမလဲမသိပါဘူးဟယ်.."

"တို့ကလေးကလည်း ရုပ်ဆိုးနေတာမှမဟုတ်တာမမရယ်..ဖူးစာမှန် ရင် မလွဲပါဘူး၊ အဲ့ဒါကြောင့် သူဇာလည်း သူလွတ်လွတ်လပ်လပ်နေပါစေ


www.burmeseclassic.com

www.burmeseclassic.com


တော့ လို့ မမကိုပြန်ခေါ်ထုတ်ခဲ့တာပေါ့..မိဘရှိနေတော့ အမြင်မတော်
တားဆီး ချုပ်ချယ်မိမှာပဲလေ၊ ပခြုပ်က သူ့စိတ်ထဲရှိတဲ့အတိုင်း ပြောတတ်
မယ့် ဣန္ဒြေသိက္ခာမမဲ့ဘူးဆိုတာ ယုံတယ်.."

"အင်း.."

"ဒီတော့ သူ့စိတ်ထဲရှိတာလေးကို သိသာအောင်နေမိရင်လည်းနေ
စေလေ..ကောင်လေးကသိနေတော့လည်း တစ်နည်းကောင်းတာပေါ့၊ ဒါ
ဘယ်လိုမှ မနီးစပ်တော့ဘူးဆိုရင်လည်း ဖူးစာမပါလို့ပဲ.."

ဒေါ်ရွှေစင်ဦးခေါင်းညိတ်လိုက်ရပေမယ့် စိတ်တော့မချမ်းသာ..

သမီးလိုချင်တာလေးပဲဆိုပြီး ဘယ်လောက်ပေးရပေးရ အိတ်
ကောက်ထည့်ပေးရအောင် ဆောင်းမျက်နှာက အရုပ်တစ်ရုပ်လည်း မဟုတ်

☪


www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၂)

"အင်း...ကျွန်တော်လှည့်ဝင်လိုက်မယ်လေ၊ ကျန်းမာရေးဆိုတော့ ကိုယ်တိုင်သွားမှ သင့်တော်မှာ..."

ဖုန်းပြောနေရင်း ဘေးကနေကပ်လျှောက်သွားသည့် ချူ့လက်လေးကို ဆွဲခနဲ ဖမ်းဆွဲထားလိုက်ကာ...။

"သိတယ်...ကျွန်တော်အခု ရတနာကွန်ဒိုခြောက်လွှာမှာ..."

ပြောပြီး ဖုန်းပြန်ထည့်ရင်း...။

"ဒီက အလုပ်ကိစ္စထားလိုက်တော့မယ်...အခု မိတ်ဆွေတစ်ယောက်ကို မာသတင်း သွားမေးမလို့..."

"အဲ့ဒါ ရှင့်မိတ်ဆွေကိစ္စ...ချူနဲ့ဘာဆိုင်လို့လဲ..."

"ဒီကိုလာတဲ့ကိစ္စကရော မင်းနဲ့ဆိုင်လို့လား..."

"ဆိုင်ဆိုင်မဆိုင်ဆိုင် လိုက်တာမလိုက်တာ ကိုယ့်သဘောနဲ့ကိုယ်ပါ..."

"ငါလည်းမင်းကိုပြောပြီးသားပဲ...လိုက်တာလာတာတွေကို မင်းဆုံးဖြတ်နိုင်တယ်၊ ပြန်ချင်တိုင်းပြန်လို့ မရဘူးဆိုတာ..."

"ဘာလို့မရရမှာလဲ...ချူကရှင့်အလုပ်သမားမဟုတ်ဘူး၊ ဖယ်ပေး..."

ဆောင့်ခါပစ်လိုက်တော့ လက်ကပြုတ်သွားသည်။ သို့သော် သူမခြေလှမ်းပြင်လိုက်ရုံရှိသေးသည်။ နောက်ထပ်ဆောင့်ဆွဲပစ်လိုက်သည့် ဆောင်းခန့်နာရဲ့လက်ထဲမှာ သူမလဲပြိုမတတ် ပါသွားခဲ့၏။

ဓာတ်လှေကားထဲဝင်လိုက်တဲ့အထိ တံခါးမပိတ်မချင်း လက်ကိုမလွှတ်၊ ချူစိတ်တိုလာပြီး အတင်းဆောင့်ခါရုန်းပစ်လိုက်ကာ...။

"ရှင် ကျွန်မကိုသိပ်ပိုင်နိုင်နေတယ်လို့ ထင်နေတယ်ပေါ့..."

"မထင်ပါဘူး...ဒါပေမယ့် မင်းရဲ့ကြိုးစည်မှုအထမမြောက်သေးဘဲ ငါ့ဆီက မင်းထွက်မသွားဘူးဆိုတာတော့ သိတယ်..."

ဟုတ်တယ်မို့လားလို့ မေးလိုက်သလိုမျိုး အပြုံးတစ်ချက်နှင့် စိုက်ကြည့်သည်။ ပြီးတော့ ဘောင်းဘီထဲလက်တစ်ဖက် ထည့်ထားပြီး ခါရိပင့်ကြည့်သည်။ ထိုလက်ကိုပါ ဘောင်းဘီအိတ်ထဲ ထည့်ထားလိုက်ရင်း...။

"ငါ့ကုမ္ပဏီကို မင်းသိချင်တယ်မို့လား...အဲ့ဒီတော့ မင်းမိတ်ဆွေမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ့မိတ်ဆွေတွေက ကုမ္ပဏီနဲ့ပတ်သက်တဲ့ လူတွေပဲ၊ ငါသွားလေရာ မင်းလိုက်နေတာ မမှားပါဘူး..."

"ကုမ္ပဏီကို စိတ်ဝင်စားပါတယ်လို့ ရှင့်ကိုပြောခဲ့မိသလား..."

"ဒါဆိုမင်းငါ့ကို စိတ်ဝင်စားတာလား..မေးတုန်းကတော့ မဟုတ်ဘူး ဆို.."

ရယ်မြူးရိပ်တွေဖြစ်သွားသည့် မျက်နှာကို ခပ်စူးစူးကြည့်၍ ချူကနှုတ်ခမ်းလေးမဲ့သည်။ ပြီးတော့ တံခါးကိုမျက်နှာမူ၍ ကျောခိုင်းပစ်လိုက်၏။ ဆောင်းမျက်နှာက အနက်ရောင်စာစကက်ရှည်နှင့် သူမရဲ့နောက်ပိုင်း အရေး လေးကို ကြည့်ပြီးရယ်ကာ..၊

"ဟုတ်တယ်ဆိုလည်း ခေါင်းညိတ်ရုံပဲကွာ..နှစ်ယောက်ချင်းဝန်ခံတာ ရှက်ဖို့ မလိုပါဘူး..."

"ဆောင်းမျက်နှာ..."

"အင်း..ပြော.."

သူမက နာမည်ကိုခေါ်ပြီးမှ ချဉ်တူးတူးအကြည့်တို့နှင့် ပြန်ငဲ့ကြည့် ကာ..၊

"ရှင်အစက သံသယတွေကြီးခဲ့သလို ကျွန်မကမိုးဆက်လေရဲ့ချစ်ရေး ဒါမှမဟုတ် သူ့မိန်းမဖြစ်နေရင် ရှင့်သံသရာလမ်းကို ရှင်မြင်ရဲ့လား..."

"ဟား ဟား ဟား ဟား.."

မျက်နှာပျက်မသွားဘဲ သူရယ်ချလိုက်တော့ ချူမျက်နှာလေးတင်း သွားသည်။ ထိုစဉ် ဓာတ်လှေကားက ရပ်သွား၏။ ရပ်နေပြီးတံခါးက မပွင့် သေး။ ခလုတ်ထပ်နှိပ်တာလည်း မပွင့်သေး။ ချူက ခလုတ်တွေကို လျှောက်နှိပ် လိုက်လျှင် ဆောင်းမျက်နှာက သူမလက်ကိုဖမ်းဆုပ်ထားလိုက်၍..၊

"ဓာတ်လှေကားချို့ယွင်းသွားရင် အဲ့လိုလုပ်တာ ပိုအန္တရာယ်ကြီးတယ် ..ခဏနေဦး..."

ကွန်ဒိုက သက်တမ်းကြာပြီဖြစ်သည်။ ထို့ကြောင့်အဆောက်အဦးကို စံပြောင်းလဲ ပြုပြင်ရေးပရောဂျက်အတွက် ပိုင်ရှင်ကသူနဲ့လက်တွဲဖို့ စာချုပ်ခဲ့ တာဖြစ်သည်။

"ဟလို..ကိုသိုက်လား၊ အင်း..ဓာတ်လှေကားတံခါး ကပ်နေတယ် ခင်ဗျားဂျွန်နရေတာဆီ ပြောဦး..."

"........ ............"



www.burmeseclassic.com

www.burmeseclassic.com


"စက္ကန့်ကိုးဆယ်ကျော်သွားပြီ.."

သူနာရီပြန်ကြည့်ပြီး သတင်းပို့နေတော့ ချူကသေချာစိုက်ကြည့်နေ၏။

"သုံးမိနစ်..အိုခေ.."

"သုံးမိနစ်စောင့်ခိုင်းတာလား..ဒီတံခါးတွေ သုံးမိနစ်လောက် ပိတ်ထားဖေးဖို့ ခိုင်းနေတယ်ထင်တာ.."

"ဘယ်လို.."

မေးလိုက်ပြီးမှ တင်းမာနေသောသူ့မျက်နှာလေးကို ကြည့်၍ သဘောပေါက်သွားကာ.. ။

"ဟုတ်တယ်ဆိုရင် သုံးမိနစ်လောက်ပိတ်ထားခိုင်းပြီး ကိုယ်ဒီမှာဘာလုပ်မယ် ထင်လဲ.."

ကိုယ့်စကားနဲ့ကိုယ် ချောင်ပိတ်မိကာ ချူမျက်နှာကွက်ခနဲပျက်သွားသည်။ ထိတ်ထိတ်ပျာပျာဖြစ်သွားသည့် မျက်ဝန်းတို့ကို သူမမြင်အောင်မျက်လွှာချပစ်ပြီး တံခါးဘက်ပြန်လှည့်၏။ ဆောင်းမျက်နှာက သူမနားထပ်တိုး၍ ချူ့မျက်နှာလေးကို ငုံ့ကြည့်လျှင် တံခါးနဲ့သူ့ရင်ခွင်ကြားမှာ ချူအသက်မရှူရဲအောင် ဖြစ်သွားခဲ့၏။

"တစ်ခါတလေသူခိုးဖမ်းချင်ရင် သူခိုးသူခိုးလို့ထမအော်ဘဲ တိတ်တိတ်လေး စောင့်ကြည့်ရတယ်.."

ချူ့ပါးပြင်လေးမှာ ဆောင်းမျက်နှာရဲ့နှုတ်ခမ်းသားတို့ မထိတထိကပ်နေသဖြင့် ရက်သည့်စိတ်က ဘယ်လိုမှသည်းမခံနိုင်အောင် ဖြစ်လာကာ..

"ရှင်ဖယ်စမ်းပါ.."

သူ့ရင်ဘက်ကို လက်ပြန်တွန်းပစ်ပြီး ခြေလှမ်းရွှေ့ဖို့ ကြိုးစားမိ၏။ ဒါပေမယ့်သော်.. ။

"မင်းကိုသင်ပေးနေတာ..ကိုယ်ဘာလုပ်မလဲသိချင်ရင် စောင့်ကြည့်ရတာပေါ့.."

"ရှင်နော်.."

"အခု မင်းကလမ်းဖွင့်ပေးလိုက်တာ.."

"ရှင်မညစ်နဲ့နော်..ဟင့်အင်း.."

သူမဒေါသတွေဖြစ်နေတာ သိသည်။ အတင်းငြင်းဆန်ရှောင်ဖယ်နေတာကိုလည်း သိနေသည်။ ဒါပေမယ့် သူဘယ်လိုလူဖြစ်သွားပါစေ။ နှင်းဆီ


www.burmeseclassic.com

www.burmeseclassic.com


ချူဆိုသည့် မိန်းကလေးအပေါ်မှာ စောင့်စည်းထိန်းသိမ်းထားဖို့ သူ့ဘက်မှာ တာဝန်မရှိသလို ခံယူထားမိသည်။

သူမကို အနိုင်ကျင့်သလိုဖြစ်နေသလား...သူကိုယ်တိုင်က သူမရဲ့ရည်ရွယ်ချက်တွေကို သံသယဖြစ်ပြီး ဒေါသနဲ့တုံ့ပြန်ချင်နေတာလား... ၊

သူ့ကိုယ်သူနားလည်ဖို့ မကြိုးစားမိခင်မှာပဲ ဤသို့ထိတွေကျူးလွန်မိခဲ့မိ၏။ ဒါပေမယ့် သူရင်တွေခုန်နေသည်။ သူမကိုပွေ့ဖက်ထားပြီး ဒီတိုင်းနဲ့ပဲ အချိန်တွေကို ရှေ့ဆက်ချင်၏။

သူ လူရမ်းကားဖြစ်နေပါသလား...ဒါမှမဟုတ် သူမကိုချစ်နေခဲ့ပါလျက် ကိုယ့်လက်ခုတ်ထဲက ရေပဲဆိုတဲ့အသိနဲ့ အောက်တန်းကျစွာ ကျူးလွန်စော်ကားနေခဲ့တာလား... ၊

ဒါဆို သူမကိုဖွင့်ပြောပြီး ချစ်ခွင့်တောင်းလိုက်ဖို့ သင့်နေပြီလား...။

ခုချိန်ထိ နလုံးသားဆန္ဒကို အသိစိတ်က ခွင့်မပြုနိုင်ခဲ့... ၊


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

အချိန်က ညကိုးနာရီကျော်နေပါပြီ.. ၊

"ကိုလေး..ခုမှထမင်းစားတာလားဟင်.."

"ဟာ..လာလေပခြုပ်၊ စားပြီးပြီလား.."

"အင်း..စားတော့စားပြီးပြီ၊ ဒါပေမယ့် ကိုလေးတစ်ယောက်တည်း စားနေတာဆိုရင် ပခြုပ်က နို့သောက်မယ်လေ.."

"အိုခေ.."

ပခြုပ်ထိုင်ဖို့ ခုံဆွဲပေး၍ နို့ဖျော်ပေးဖို့ စဘူးမကိုလှမ်းပြီး မေးဆတ်ပြ လိုက်ရင်း.. ၊

"မင်းက နို့သောက်တတ်တာလား.."

"ဟုတ်.."

ပခြုပ်က ဆံပင်တွေဖြန့်ချထားလျက် အဖြူရောင်ဂါဝန်ပွပွ လက်ပြတ် လေးကို ဝတ်ထားသည်။ ဖြူနုလုံးဝန်းသော လက်မောင်းသားလေးတွေက နာနုနုလေးနှင့် တစ်ရောင်တည်းညီနေကာ အကျီအဖြူအသားဖြူဖြူ လေးနှင့် သူမပုံစံလေးက ပန်းနုရောင်သမ်းနေသော အဖြူရောင်ပန်းဝတ် လေးလိုပင်..

သူမလေးနဲ့မျက်လုံးချင်းဆုံလိုက်တိုင်း သွားတန်းလေးတွေပေါ်အောင် တတ်ကာ ကြည်လဲ့သည့်မျက်ဝန်းညိုလေးတွေက ကြည်စင်နေသည်။ ကြည့်တို့သည် စိတ်ဝင်စားမှုတစ်ခုခုပေါ်မှာ စူးနစ်နေတတ်သဖြင့် ကလေး ၍ ဖြူစင်တာလေးကလည်း သိသာ၏။

"နို့သောက်တတ်တာကောင်းပေမယ့် ညဥ့်နက်စာဆိုရင်တော့ မ ကောင်းဘူးကွ.."

"ဟုတ်လား.."

သူမထိုင်လိုက်တည်းက ထမင်းစားရင်း နစ်ချက်လောက်လှည့်ကြည့် ခြင်း တစ်ခုခုပြောလာမှာကို မျှော်လင့်နေခဲ့မိသည်။ တကယ်တမ်းပြောလာ တော့ 'နို့သောက်ခြင်းက အချိန်မတော်စားမကောင်းပါ'တဲ့.. ၊

သူမမျှော်လင့်ခဲ့တာ ဒီလိုစကားတွေမဟုတ်။ စိတ်ဓာတ်တော့ကျသွား



www.burmeseclassic.com

www.burmeseclassic.com


ပေမယ့် ကိုလေးနဲ့သူမပြောဆိုရင်းနီးဖြစ်ဖို့က ပထမအရေးကြီးပဲမို့..။

"ပခြုပ်က နေ့လည်ဖြစ်ဖြစ် ညဖြစ်ဖြစ် ထမင်းစားချိန်မဟုတ်သေးရင် နို့ပဲသောက်တာ.."

"ဟုတ်လား..ဒါကြောင့် မင်းအသားအရေက နို့နှစ်ရောင်သမ်းနေတာ ဖြစ်မယ်.."

ဟင်..။

ပခြုပ် ကိုယ့်လက်မောင်းလေးကို ပြန်ငုံ့ကြည့်မိကာ..။

"ပခြုပ်ကို လှတယ်လို့ပြောတာလားဟင်.."

သူမမျက်နှာလေးကိုကြည့်ပြီး ဆောင်းမျက်နှာကရယ်သည်။ ပြီးတော့ ကိုင်ထားသည့် ခပ်ရင်းကိုချလိုက်ပြီး သံပုရာရည်ကို ယူလိုက်လျှင်..။

"ကိုလေးက ထမင်းစားရင်း သံပုရာရည်သောက်တယ်.."

"ဒါပါမှဆိုတာမျိုးတော့ မဟုတ်ပါဘူး..ဒါပေမယ့် အဲ့လိုပဲသောက်ဖြစ် သွားတာ.."

"သံပုရာရည်နဲ့နို့နဲ့.."

ပခြုပ် တိုးတိုးလေးရေရွတ်နေရင်း..။

"ရပြီသမီးရေ့..ပုပုလေး.."

မျက်နှာရှေ့ကိုအငွေ့တထောင်းထောင်းနှင့် နို့ဖန်ခွက်ကြီးရောက်လာ၏။ ပခြုပ်ရဲ့အကြည့်တွေ သံပုရာရည်နဲ့နို့ကို တစ်လှည့်စီကြည့်နေမိတာ..

"အဲ့နှစ်ခုကမတည့်ဘူးနော်.."

"ဟင်..ဘာလဲ.."

"နို့နဲ့သံပုရာရည်လေ.."

သူမပြောလိုက်မှ ဆောင်းမျက်နှာက ပြန်ငုံ့ကြည့်မိလျက်..။

"အချဉ်နဲ့အဆိမ့်မို့ပြောတာပါကွာ..ဘာဖြစ်စရာရှိလို့လဲ၊ မင်းအဲ့ထဲ လမ်းနေလည်း ရောမသောက်နဲ့ပေါ့.."

ကြိုက်ကြတာချင်းမတူကြသည့် အဖြစ်ကို သူမခံစားနေရတာ ဒါပေမယ့် ဆောင်းမျက်နှာကတော့ ဘာကိုမှဂရုမထားမိသလိုပင်။ ကြက် သားကြော်နဲ့ခရမ်းချဉ်သီး ချဉ်စပ်ကို ထမင်းပေါ်တင်ပြီး ပါးစပ်ထဲထည့် သည်။

ပြီးတော့ ဝါးနေတုန်းမှာပဲ သံပုရာရည်တစ်ငုံသောက်ပြီး ပြန်ချသည် ကော့ထင်းနေသော နှုတ်ခမ်းနှင့်မထူမပါးနှုတ်ခမ်းသားတို့သည် ဘားတစ်ချော


www.burmeseclassic.com

www.burmeseclassic.com


ကြည့်လည်း ကြည့်လို့ကောင်းသည်။

ထမင်းစားသေသပ်ခြင်းက ထိုနှုတ်ခမ်းတို့ကို ငေးကြည့်နေမိခြင်းကို ဖြစ်စေကာ..။

"ကိုလေး.."

"ဟင်.."

ဆောင်းမျက်နှာက လှည့်ကြည့်ပြီးမှ အံ့သြသွားကာ..။

"သောက်လေ..ပူနေလို့လား.."

"မဟုတ်..အဲ ဟိုလေ ပခြုပ်ကပြော.."

"စုဘူး..ပန်းကန်တစ်လုံး ယူလာပေး.."

"ဟုတ်..အစ်ကိုလေး.."

သူက ပခြုပ်ဘာပြောချင်နေလဲ စိတ်ဝင်စားပုံမရှိပေ။ စုဘူးမ လာပေးသည့် ပန်းကန်လုံးနဲ့ နို့ဖန်ခွက်ထဲကနို့ကို ဟိုလှယ်ဒီလှယ်အေးအောင် လုပ်ယူပြီး..။

"ရော့..ဒီလောက်ဆိုရပြီထင်တယ်၊ နည်းနည်းတော့ ပူပါစေကွာ..ဒါမှ နို့အရသာနဲ့ ပြည့်စုံမှာပေါ့.."

မျက်နှာရှေ့မှာချပေးလိုက်တော့ ဒီတစ်ခါဖန်ခွက်ကို ကိုင်းကနေသေချာ ဆုပ်ကိုင်လိုက်တာ ဝမ်းသာအားရ။ ဒါပေမယ့် မသောက်ဖြစ်သေးဘဲ ဆောင်းမျက်နှာကိုပဲ ပြန်မော့ငေးကာ..။

"ကိုလေးရော နို့ကြိုက်လားဟင်.."

"မကြိုက်တာမျိုးတော့ မဟုတ်ဘူးထင်တယ်..ဒါပေမယ့် သောက်ချင်စိတ်လည်း မဖြစ်ဘူး.."

"တစ်ယောက်ယောက်က တိုက်ရင်ရော.."

"ဘယ်သူကတိုက်တိုက် ကိုယ်သောက်ချင်မှသောက်မှာပေါ့ကွ..ဘာဖြစ်လို့မေးတာလဲ.."

"ဟို.."

ကိုယ်မျှော်လင့်နေမိတာလေးကိုတော့ သိစေချင်တာမို့ ပခြုပ်အားယူကြိုးစားလိုက်ရင်း..။

"ပခြုပ်ကတော့ သံပုရာရည်ကိုမကြိုက်ပေမယ့် ကိုလေးကတိုက်ရင် သောက်မှာပဲ.."

"ဟင်.."


www.burmeseclassic.com

www.burmeseclassic.com


သူက အံ့အားသင့်သွားသလို ငေးခနဲကြည့်၏။ ပြီးတော့ အားနာဟန်နှင့် ရယ်လိုက်ပြီး.. ၊

"အိုခေ..ကျေးဇူးပဲ.."

"အသွင်မတူအိမ်သူမဖြစ် ဆိုတာမျိုးကို ကိုလေးလက်ခံလားဟင်.."

ထမင်းတစ်ဇွန်းပြင်နေရင်း တုံ့နေးသွားသည်။ ပြီးတော့ ဇွန်းကိုပြန်ချကာ.. ၊

"အသွင်တူတယ်ဆိုတာ ရှေးလူကြီးတွေက ဘာကိုပြောချင်တာလဲ တော့ ကိုယ်မသိဘူး..ဒါပေမယ့် အသွင်တူဖို့မလိုဘူး၊ နားလည်မှုရှိကြဖို့ လိုတာ.."

"နားလည်မှုနဲ့ အသွင်တူတာ မတူဘူးလား.."

"အဲ့ဒါလည်း မသိဘူးကွ..ဒါပေမယ့် တစ်မိသားနဲ့တစ်မိသား ပေါင်း ဖက်ကြရာမှာ အစဉ်သဖြင့် အံဝင်ဂွင်ကျဖြစ်သွားဖို့က လွယ်မလား.."

"ဟုတ်တယ်.."

"လျှောက်တွေးမနေနဲ့..သောက်စရာရှိတာသောက်.."

ပြောပြီး နာရီကြည့်သည်။ ပြီးတော့ သံပုရာရည်ကို ကုန်အောင်မော့ သောက်လိုက်ပြီး နေရာမှ ထဖို့ပြင်လျှင်.. ၊

"ဟင်..ကိုလေးတော်ပြီ.."

"အင်း..ဝပြီလေ.."

"မဟုတ်ဘဲနဲ့..ကိုလေးထမင်းတစ်လုတ်စာတောင် ပြင်ထားပြီးမှ.."

"အဲ့ဒါ စကားပြောရင်းလုပ်မိနေတာ..ကိုယ်ခါတိုင်းဆို ဒီလောက်မ စားဘူး.."

"မဟုတ်ပါဘူး..ပခြုပ်စကားတွေ များနေလို့မို့လား.."

"နိုး..နိုး လုံးဝမဟုတ်ဘူး.."

ပြောပြီး ပြန်ထိုင်လိုက်ကာ.. ၊

"ကဲ..ပြောချင်တာပြော၊ မင်းသောက်ပြီးမှ အတူတူပြီးမယ်..အိုခေ.."

"အဟွန်း.."

ပခြုပ်ဝမ်းသာသွားသည်။ ပြီးတော့ ပျော်သွားသည်။ နောက်တော့ ပဲ မေးပါတော့မည်။

ကိုလေး ပခြုပ်နဲ့လက်ထပ်ဖို့ ရင်ထဲမှာရောရှိရဲ့လား.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၂၄)

"ဒီအစည်းအဝေးမှာ ကျွန်တော်မန်နေဂျာတွေချည်း ခေါ်တွေ့ရတဲ့အကြောင်းက မန်နေဂျာညံ့ဖျင်းမှုတွေကိုပဲ ထောက်ပြမှာမို့ပါ.."

ဆောင်းမျက်နှာက တစ်ယောက်ချင်းရဲ့မျက်နှာတွေကို ကြည့်၍.. ။

"မာ့ကဲတ်တင်းပိုင်းမှာ လွဲချော်မှုတွေဖြစ်နေတယ်..ပရော့ဒတ်ထိမန်နေဂျာအသစ်က ပြင်ဆင်ထုတ်ပိုးမှုတွေကို ကိုယ့်သဘောနဲ့ကိုယ် ပြောင်းပစ်တယ်.."

ကိုယ့်အပိုင်းရောက်လာတိုင်း မန်နေဂျာတွေ ခေါင်းငုံ့သွားကြကာ၊ Marketing manager က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး.. ။

"ကျွန်တော့်ဘက်က ထုတ်ကုန်ဖြန့်ဖြူးခဲ့သမျှတိုင်းမှာ.."

"ခဏလေး.."

ဆောင်းမျက်နှာက တားဆီးလိုက်ကာ.. ။

"ပြီးရင် တစ်ဦးချင်းဆီက ဖြေရှင်းချက်ယူမှာပါ..အခု ကျွန်တော်ပြောတာပဲ နားထောင်ပေး.."

ပြောပြီးတာနှင့်မျက်လုံးတွေက Project manager ဆီ တန်းခနဲရောက်၏။

"ဦးမြင့်အေးနောက်ထပ် ဆိုက်ဒ်ခွဲဖွင့်မယ့် ပရော့ဂျက်အတွက် ခင်ဗျားကို ဘတ်ဂျက်ထုတ်ပေးပြီးပြီလို့ပြောတယ်..ဒါပေမယ့် နောက်ထပ်တစ်ရာငါးဆယ် ထပ်ထုတ်တယ်.."

"ဒါကတော့ ပရော့ဂျက်တစ်ခုမှာလိုအပ်တဲ့.."

"နေဦး.."

တားဆီးလိုက်သံက အမိန့်ဆန်သည်။ သူ့ကိုချဲမန်းတစ်ယောက်အဖြစ် တလေးတစားဆံဆံနေကြပေမယ့် မန်နေဂျာအားလုံး သူ့ထက်ငယ်ရွယ်သူ မပါပေ။ အသက်အကြီးဆုံးသူသည် ဈေးကွက်မန်နေဂျာဖြစ်ကာ သူ့မျက်နှာမှာပဲ မခံရပ်နိုင်သည့် ဒေါသတွေနဲ့ နီမြန်းနေခဲ့၏။

ဆောင်းမျက်နှာက ဘယ်သူ့မျက်နှာကိုဖြစ်ဖြစ် တင်းမာစွာကြည့်လျက် FM ဘက်လှည့်ကာ.. ။


www.burmeseclassic.com

www.burmeseclassic.com


"ဦးဝင်းသူ.."

"ပြောပါ.."

"ဘယ်ဒီပါမန့်ကဖြစ်ဖြစ် ဘက်ဂျက်အတွက်အကောင့်ထိတစ်ခုတင် လာရင် ဘယ်လိုအချက်ကို အဓိကစစ်ဆေးရမယ်ဆိုတာ ခင်ဗျားမေ့သွား လား.."

အထူးသဖြင့် ရာထူးဘယ်လောက်ကြီးပါစေ ဝန်ထမ်းအသစ်က ဘတ် ဂျက်တင်လာပြီဆိုရင် အထက်ကို report လုပ်ပေးရမည်။ ပြီးရင် အဆင့် ဆင့် လက်မှတ်များနှင့် ပါမစ်ပြန်ကျမှသာ ထုတ်ပေးရမည်။

"ကျွန်တော်ဘုတ်အဖွဲ့ အစည်းအဝေးမှာတုန်းက တင်ပြခဲ့ပါတယ်.."

"အဲ့ဒါအစည်းအဝေးက ဆုံးဖြတ်ရမယ့်ကိစ္စမဟုတ်ဘူး.."

ပြောနေရင်းဆောင်းမျက်နှာရဲ့ မေးရိုးနှစ်ဖက်တင်းခနဲ လှုပ်ခတ်သွား သည်။ ဖြစ်လာသည့်ဒေါသက တော်ရုံနဲ့ပြေဖို့ မလွယ်တော့မှန်း ကိုမိုး ဘာသာ နားလည်ခဲ့လျက်.. ၊

"HR ကိုမျိုးတင့်ခေါ်.."

ခေါ်လိုက်ပေမယ့် လူမရှိသည့်ခုံနေရာကိုသာ မျက်လုံးရောက်သွား ခဲ့ပြီး..၊

"ဒီပါ့မန့်တစ်ခုစီမှာ လူသစ်တွေနဲ့ပြောင်းလဲခန့်ထားတဲ့ကိစ္စက အရင်း အမြစ်ပဲ..ကျွန်တော့်ကုမ္ပဏီမှာ ဒီလိုစုပြုံရှင်းရတဲ့ ပြဿနာမျိုး မရှိခဲ့ဖူးဘူး.."

"ဟုတ်ပါတယ်..ဒါကိုကျွန်တော်သိပါတယ်၊ ကုမ္ပဏီမှာ အဆောက် အဦးပုံစံသစ်ပြောင်းလဲသွားပေမယ့် ဟိုအရင်ကနေ ခုချိန်ထိကျွန်တော်တို့သာ အဖ လုပ်လာခဲ့တာပါ.."

Product Manager ကိုအောင်မိုးက ဒီထဲမှာအငယ်ဆုံးဖြစ်ပေ သူ့အဖေကတော့ တိုင်ပင်ခံအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။ ကုမ္ပဏီသက်တမ်း တစ်လျှောက်မှာ အကြာဆုံးနှင့် အသက်အကြီးဆုံးလည်းဖြစ်သည်။

ခုချိန်မှာအနားယူခဲ့ပြီပေမယ့် သားဖြစ်သူကရှိနေဆဲမို့ သက်တမ်းတစ် လျှောက်ရှိနေသည်လို့လည်း ဆိုနိုင်လေသည်။ မဆိုင်ဘဲဝင်ပြောသည့် ကို အောင်မိုးရဲ့ လေသံတွေအရ သက်ကြီးစကားသက်ငယ်ကြားဆိုသည့်အတိုင်း ကုမ္ပဏီအကြောင်း မသိတာမရှိသည့်ပုံစံမျိုး အပိုင်အနိုင်.. ၊

"ပြောရမယ်ဆို..ကိုမိုးဆက်လေကိုလည်း.."

"ကိုအောင်မိုး..ကျွန်တော်ပြောနေတာ HRရဲ့ တာဝန်ပိုင်းကိုပါ.."


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ကိုဆောင်း..ဒါပေမယ့်ကျွန်တော်တို့အားလုံးရဲ့ ဖြစ်ချက်တွေကို ကိုဆောင်းထောက်နေတာဆိုတော့ အားလုံးနဲ့တစ်ယောက် ချိတ သက်ဆိုင်တယ်လို့ ထင်ပါတယ်.."

"အဟမ်း..အဟမ်း.."

"အင်း.."

ကိုအောင်မိုးရဲ့စကားအပေါ် ထောက်ခံသလို အားပေးသလိုခပ်ကြိတ်ကြိတ်လှုပ်ရှားသံတွေမှာ ချောင်းဟန့်သံလည်း ပါ၏။ ထို့ကြောင့် နောက်ထပ် စကားစရတာနှင့် ဒီလူတွေတစ်ယောက်တစ်ခွန်း ပြောလာကြတော့မှာကို လည်း သူသိလိုက်သည်။

ကုမ္ပဏီတစ်ခုလုံးမှာ အတွင်းလှိုက်ချစားနေခဲ့တာတောင် သူမသိခဲ့ သည့်အဖြစ်က ခံရခက်နေ၏။ အဆောက်အဦးပုံစံရော ထုတ်လုပ်မှုကုန် ပစ္စည်းကအစ သူအသစ်ပြန်စခဲ့တာ ဘယ်လောက်ကြာသေးလို့လဲ.. ၊

ငါညံ့တာပဲလို့ ဖြေတွေးရင်တောင်သွေးစိမ်းရှင်ရှင်နဲ့ အသားတစ်ကို ဆောက်ကိုက်တာမြင်ရသည့်နှယ်။ သူအံ့သြခဲ့သည့် စပြုမှားယွင်းမှုတွေဟာ တော်တဆလား တမင်တကာလား.. ၊

"အခု မန်နေဂျာတွေတစ်ယောက်စီရဲ့ လုပ်ကွက်တွေစုံသလောက်ရှိပြီ ဆိုတော့ ကျွန်တော်တို့ဘက်က ဖြေရှင်းချက်ပေးသင့်ပြီလို့ထင်တယ်..အဲ့ဒါ ကြောင့် ပြောပြချင်တာပါ.."

စကားရပ်လိုက်ပြီး ဆောင်းမျက်နှာကိုကြည့်သည်။ သူမျက်မှောင် ကုတ်ထားလျက်နှင့် ခေါင်းညိတ်လိုက်၏။ ထိုအခါကျမှ.. ၊

"ကျွန်တော်ဆိုရင် ကုန်ကြမ်းလက်ခံဖို့ ပစ္စည်းအသစ်ထုတ်လုပ်ဖို့ အား လုံးအတွက် အပတ်တကုတ်ကြိုးစားခဲ့ပါတယ်..ဒါပေမယ့် ပစ္စည်းထုတ်ဖို့ဆို တာ ကုန်ကြမ်းရမှဖြစ်မှာပါ၊ ပြီးခဲ့တဲ့ကျူဒေးက ကွန်တိန်နာရောက်လာပေ မယ့် ပါလာတဲ့ကုန်ကြမ်းတွေက ကျွန်တော်တို့အတွက် မဟုတ်ဘူးဖြစ်နေ တယ်.."

"အဲ့ဒီပြဿနာကျွန်တော့်မှာလည်း ရှိတယ်ကိုဆောင်း..ပြောခွင့် ပြုပါ.."

Marketing Manager ဦးစိုးခိုင်က ခုမှပြောခွင့်ရသလို မတ်တပ် ထောင်ထရပ်လိုက်သေးသည်။ ဆောင်းမျက်နှာက ခေါင်းညိတ်၍.. ၊

"ပြောပါ.."



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော့်ရဲ့မာကဲ့တင်းပိုင်းမှာ လွဲချော်မှုတွေဖြစ်နေခဲ့တာလည်း ကုန်ကြမ်းတွေအဝင်ကို လိုက်ပိတ်နေတဲ့ အဲဒီကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်မယ်လို့ ထင်ပါတယ်..ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဗုံး ဖြန့်နေကျ ဈေး ကွက်မှာ သူတို့ကပရှိမိုးရှင်းဆိုပြီး ပစ္စည်းရဲ့စစ်တိဝါ လောက် ချသွားကြတယ်..ပစ္စည်းထုတ်ပိုးမှုတွေ ကြော်ငြာတွေတအားကောင်း အောင် သုံးသွားတာ စီးပွားရေးလုပ်နေတာနဲ့ကို မတူဘူး.."

သူသိနေတာလည်း မကြာသေးပါ၊ ဒါပေမယ့် ဘယ်လိုအောင်မြင် မဆို အတိုက်အခံအပြိုင်အဆိုင်ဆိုတာ ရှိတတ်တာပဲမို့ ဂရုမထားမိခဲ့..

"ဒါကဒီလိုရှိပါတယ် ဦးစိုးခိုင်.."

ကိုအောင်မိုးက ဒါဟာရေးကြီးခွင်ကျယ်ကိစ္စမဟုတ်သေးပါဘူး သည့်အပြုံးစစနှင့်ပြောပြီး ဆောင်းမျက်နှာဘက်ကို ပြန်လှည့်ကာ.. ၊

"ဦးစိုးခိုင်တို့က ပြည်တွင်းတာဝန်တွေမို့ပါ..ကျွန်တော်တို့က ဒီအခြေ အနေကို အစောတည်းက သိနေကြတာ.."

"အစောတည်းကဆိုတာ ဘယ်ကာလလောက်လဲ.."

ဟင်.. ၊

ဆောင်းမျက်နှာမေးလိုက်တော့ ကိုအောင်မိုးမျက်နှာတစ်ချက်ပျက် သည်။ ပြီးမှ တံတွေးတစ်ချက်မျိုလိုက်ပြီး.. ၊

"ကျွန်တော်ဘုတ်အဖွဲ့မှာ တင်ပြဖို့လုပ်ပါသေးတယ်..ဒါပေမယ့် ထိ ရောက်တဲ့ဆုံးရှုံးမှု မဟုတ်သေးဘူးလို့.."

"ထိရောက်တဲ့ဆုံးရှုံးမှုဆိုတာ ခင်ဗျားဘာနဲ့သတ်မှတ်ကြည့်တာလဲ ဘယ်သူက အတည်ပြုခဲ့သလဲ.."

"ဟုတ်ပါတယ်..ကျွန်တော်ပြောချင်တာက ကိုယ်လုပ်နေတဲ့အလုပ် မို့လို့ ကိုယ့်ဘာသာအဆင်ပြေအောင် ဖြေရှင်းဖို့ကြိုးစားနိုင်မယ် ထင်တာပါ ပါ၊ ဒါပေမယ့် တစ္စကားဂရုဗ်တစ်ခုလုံးက ပို့မယ့်ကုန်ကြမ်းတွေက ခါတိုင်း လိုမြန်မာပြည်ကို တန်းဝင်မလာဘဲ ဂရိတ်စတားလက်ထဲကနေ နောက်ထပ် 'မိုးဆက် နှင်းဆီ' BMဆီရောက်ကုန်တော့.."

"ဘာ..ဘာပြောလိုက်တယ်.."

နားထဲမှာ ကြမ်းရှလေးပစ်သော အရာဝတ္ထုကြီးတစ်ခု ဒါမှမဟုတ် ရထားတွဲကြီးတစ်ခုလုံး ဦးတိုက်ဖြတ်မောင်းသွားခဲ့သလို တုန်ခါနေကျင်သွား ၏။


www.burmeseclassic.com

www.burmeseclassic.com


"မိုးဆက်နှင်းဆီ..ဟုတ်လား.."

သူဖြစ်ပျက်သွားပုံကို အံ့ဩသလိုတမင်လုပ်ကြည့်ပြီးမှ ရယ်ချင်တာကို ချိုးသိပ်နေရသည့် မျက်ဝန်းတို့နှင့်..।

"ဟုတ်ပါတယ်..ပိုရှင်းအောင်ပြောရရင် 'မိုးဆက်နှင်းဆီ မြန်မာပြည်' လို့လည်း ခေါ်ပါတယ်.."

ဒါမဖြစ်နိုင်..।

ဒီလောက်ကြီးကျယ် အောင်မြင်နေသည့်ကုမ္ပဏီလုပ်ငန်းကြီး တစ်ခု ရှိနေတာကို နာမည်တောင်မကြားဘူးလောက်အောင် သူဖြစ်စရာ အကြောင်း မရှိ..।

"ကိုဆောင်းအံ့ဩနေတာထင်တယ်..အံ့ဩလောက်ပါတယ်၊ ကျွန် တော်လည်း သိလည်းသိ ခံလည်းခံလိုက်ရတာပဲ..ဒီကုမ္ပဏီဘယ်လောက် ခင်အားကြီးပြီး ဘယ်လိုအရပ်မျက်နှာကနေ ရပ်တည်နေသလဲဆိုတာ ကိုတဲ့သူ သိပ်မရှိဘူး..ကျွန်တော်စိတ်ထဲမှာ အသေးအဖွဲ့လို့ထင်ပြီး အဆင် ပြေဖို့ကြိုးစားမလိုပဲ ရှိသေးတယ်..ကုန်ကြမ်းတွေ အားလုံးပြတ်တောက် သွားတယ်.."

မိုးဆက်နှင်းဆီ..।

ကိုအောင်မိုးပြောနေသည့် စကားတို့သည် နားထဲမှာပြတ်တောက် သွားလိုက် တိုးကျသွားလိုက်။ ဒီကြားထဲ တစ်ယောက်တစ်ခွန်းစကားသံတွေ လည်း ပါလာခဲ့ပြီး ဦးစိုးနိုင်က အသံကျယ်ကျယ်ဖြင့်..।

"ဒါကြောင့် ကျွန်တော့်ဈေးကွက်မှာလည်း ပြဿနာရှိလာတာကိုး.. ကော်စတန်မာတိုင်းက နာမည်ပြောင်းသွားတာလားပဲ မေးနေကြတယ်..ကျွန် တော်တို့ ကော့စမတ်တစ်တွေကို ဘာရန်းမစစ်သလိုလို.."

"တောက်.."

ဆောင်းမျက်နှာ တက်ခေါက်လိုက်မိသည်။ ဒီပြဿနာတွေကို ဘုတ် အဖွဲ့တွေ ဘာမှမသိသလို တိုင်ပင်ခံတွေဆီကလည်း ဘာမှမကြားခဲ့ပေ။ သာချာတာက အနီးကပ်ဓားနဲ့ထိုးခြင်း..।

မထင်မှတ်သည့်သူက အနီးကပ်ကနေ သေကွင်းသေကွက်ကို ထိုးမျှ လိုက်တာဖြစ်သည်။ မိုးဆက်နှင်းဆီဆိုတာ ဘယ်သူတွေမို့လို့လဲ..।

သူတစ်ယောက်တည်းကို ကွင်းကွက်ပြီးသတိပေးသည့် ဒီအစည်း အဝေးကို ခေါ်ဖြစ်ခြင်း ဒီအကြောင်းတွေကို သိစေခြင်းဟာ မိုးဆက်လေတမင်


www.burmeseclassic.com

www.burmeseclassic.com


မလား..."

"ကိုဆောင်း..."

ကိုမျိုးတင့်ဇော်က ဆောင်းမျက်နှာကိုသာ သိစေချင်သည့်အကြည့်နှင့် အားလုံး၏မေးခွန်းတွေ သံသယမျက်လုံးတွေကို ကျော်ခိုင်းကာ...

"ကိုဆောင်းကျွန်တော့်ကို အပြစ်မပေးခင် ကျွန်တော်ကနှုတ်ထွက်စာ ပြင်ဆင်ပြီးသားပါ...ဒါပေမယ့် ကုမ္ပဏီမှာမသိလိုက်တဲ့ ဝန်ထမ်းတွေရှိနေ... ကျွန်တော်ကိုယ်တိုင် ပြောင်းလဲခန့်အပ်ခဲ့တာတွေချည်းပဲ မဟုတ်ပါဘူး... ကယ်မသိလိုက်တာတွေပါ...အဲ့ဒါကို ယုံပါဗျာ..."

ကိုမျိုးတင့်ဇော်က သူအားထားရတဲ့ဝန်ထမ်းကောင်းပါ။ ဒီစကား... ဟာ ဖုံးဖိကာကွယ်ပြောနေတာ မဟုတ်မှန်းလည်း သိနေသလို သူဘယ်လို... နဲ့ ရင်ဆိုင်နေရပြီမှန်းလည်း နားလည်လာ၏။

ဒေါ်သသည် ပွက်ပွက်ဆူရင်း တစစခမ်းခြင်းသို့ရောက်ခဲ့သလား...

မိုးဆက်လေနဲ့နှင်းဆီချူတို့ရဲ့ မျက်နှာတွေကိုတစ်လှည့်စီ မြင်ယော... ရင်း သူ့မျက်ဝန်းတွေက လူသေတစ်ယောက်ကဲ့သို့ အေးစက်ငြိမ်သက်... သည်။ အမှောင်ထဲက ရှုတ်တရပ်ထွက်လာပြီး သေကွင်းသေကွက်... ရည်ရွယ်သော အဆိပ်မြားတစ်ချောင်း... ၊

ဒါကိုသူညံ့လို့သာ မကာကွယ်နိုင်ခဲ့တာဖြစ်သည်။ Departm... တိုင်းရဲ့ အဓိကရာထူးတာဝန်တွေမှာ လူသစ်တွေရောက်လာပြီး ထင်... လိုလှုပ် ရှားခြယ်လှယ်သွားသည်။

သူနည်းနည်းလေးတောင် မရိပ်မိခဲ့။ အရေးကြီးလုပ်ငန်းပိုင်းတွေ... မောက်ကမဖြစ်ကုန်သည်။ ကုမ္ပဏီပိုင် ဘက်ဂျက်တွေထိခိုက်သွားခဲ့... တကယ်ဆို ဒီအစည်းအဝေးခန်းထဲမှာ ရှိနေကြသည့်လူတွေကိုယ်တိုင်... ဘယ်လို ရန်သူဝင်မွှေနေမှန်းမသိဘဲ ကိုယ့်အပြစ်မဖြစ်ရေးအတွက်သာ... ယောက်အပေါ် တစ်ယောက်လက်ညှိုးထိုးဖို့ ကြိုးစားနေကြတာဖြစ်သည်...

ဒီတော့ သူဘာလုပ်သင့်သလဲ.. ၊


www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၅)

"ဒီကောင်ဘုတ်အဖွဲ့မှာ ချမပြရဲပါဘူး..ဘာဖြစ်လို့လဲဆိုတော့ သူလုပ်ခဲ့တာတွေ သူနဲ့ငါပဲသိတာ၊ ပိုသေချာတာက သူ့ထက်ငါပိုသိတယ်ဆိုတာပဲ..ဟား ဟား ဟား သူမသိတဲ့အကွက်တွေ ထပ်ရွှေ့မယ်၊ သိပ်တော်ပါတယ်ဆိုတဲ့ကောင် အသံမထွက်ဝံ့ဘဲ လည်းပင်းအစ် အသက်ရှုရပ်သွားတဲ့အထိ.."

"ဒါပေမယ့် အခု ဒါတွေအကောင်အထည်ဖော်နေတာ မစောလွန်းဘူးလား.."

"သုံးလေးနှစ်လာက်စောင့်နေခဲ့တာတောင် ငါ့ဘက်ကအဆင်သင့်မဖြစ်သေးလို့.. ဒီကောင်ပြန်ပေးဆပ်သင့်နေတာ ကြာပြီ၊ ဟွန်း.. ဝဋ်လိုက်တယ်ဆိုတာ ကိုယ်ကပြန်ပေးဆပ်ရပြီဆို နှစ်ဆ..ဟား ဟား ဟား.."

ဖုန်းထဲကတစ်ဆင့်ကြားရတာပေမယ့် ဒီရယ်သံက ဟိုမှာတုန်းကလိုအားဝင်မချိုတော့ပေ။ ပြီးတော့ သူမရဲ့ရှေ့တူရူမှာမြင်နေရသည့် SMG ကုမ္ပဏီ အဆောက်အဦးကြီး၏ ဘေးတိုက်ပုံစံက ပြိုကျလုလုယိမ်းထိုးလှုပ်ခါနေသလိုလို.. ၊

ထိုအထဲမှာ ဆောင်းမျက်နှာ၏နီရဲသော မျက်နှာသည် အံကြိတ်လက်သီးဆုပ်လျက် အသားတွေတုန်နေသည်။ အဆောက်အဦးကြီး ပြိုကျလုလုမှာ မပြေးလို့လည်းမရ။ မာနတွေနဲ့လည်း တင်းခံနေကာ.. ၊

"မိုးဆက်လေ..မင်းကိုငါမုန်းတယ်၊ နှင်းဆီချူ..မင်းက ငါ့အတွက်သမင်းရဲ့ တမန်တော်ပဲ..မိန်းမယုတ်.."

"ဟုတ်တယ်..ရှင် ကျွန်မကိုကြိုက်သလိုပြောလို့ရတယ်၊ အခုထွက်ခဲ့ပါ..မြန်မြန်ထွက်ပါတော့..ကုမ္ပဏီကပြိုကျတော့မှာ.."

"ထွက်သွား..မင်းထွက်သွား..."

"ရှင်ထွက်ခဲ့ပါ..မြန်မြန်ထွက်ပါ၊ ပြိုကျတော့မယ်.."

စိတ်တို့သည်ကားထဲမှာ ထိုင်နေတာမဟုတ်တော့ဘဲ စိုးရိမ်လာသည့်အတိုင်း ယောက်ယက်ခတ်နေခဲ့၏။ သူမမျက်လုံးတွေကို မိတ်ဖေါ်လိုက်သည်။ မျက်တောင်ဖျားတို့ စိုစွတ်နေခဲ့တာ မျက်ရည်တွေကြောင်း.. ၊

"နှင်းဆီချူ.."



www.burmeseclassic.com

www.burmeseclassic.com


"............."

"နှင်းဆီချူ.."

"ဟင်.."

ဖုန်းကိုင်လျက် သူမဆောင်းမျက်နှာဆီ စိတ်ရောက်သွားခဲ့သည်။ ကိုယ်ခန္ဓာကြီးက အိပ်ပျော်ကျန်ခဲ့သည့် ခန္ဓာတစ်ခုလို အသိမဲ့နေခဲ့၏။ တစ် ဖက်က တွင်တွင်ခေါ်နေတာ ကြားမိသည့်အချိန်တွင်.. ၊

"အင်း...ပြောလေ.."

"မင်းဘာဖြစ်သွားတာလဲ..အဲ့ကောင်ကိုတော့မင်း.."

"ချူဘာဖြစ်ဖြစ် ကိုယ့်သဘောနဲ့ကိုယ်ပါ.."

"ဘာကွ.."

"နောက်ထပ် ဒုတိယခြေလှမ်းကို ရှေ့မတက်နဲ့ဦးလို့.."

"နှင်းဆီချူ..ဒီစာတ်သိမ်းကိုရေးတာ မင်းနော်.."

"အခုဖျောက်ဖျက်ဖို့ ပြောနေတာမှမဟုတ်ဘဲ..ဒီမှာရှိနေရ ချူအတွက် နေရာကျဉ်းနေလို့.."

"ခုရော မင်းကိုသူချမ်းသာပေးမယ် ထင်လို့လား..ထားလိုက်စမ်း သူ ဘယ်လိုမှ မတုံ့ပြန်နိုင်အောင် အားလုံးပိတ်ဆို့ကာရံထားပြီးပြီ..မင်း ဆုတ်ခဲ့တော့ နှင်းဆီချူ၊ စစ်ဆင်ရေးက ဒီတစ်ခါကလစ်တစ်ချက် ထော ရုံပဲ.."

"မလုပ်နဲ့ဦး..."

"လုပ်ရမယ်..ဒီလောက်ဆို မင်းကိုငါနားလည်ပြီ၊ မရဘူးနှင်းဆီ မိုးဆက်တုန်းက ခံခဲ့ရတာတွေကို မင်းကသူ့မျက်နှာမြင်ပြီး လျှော့ပစ်နိုင် တောင် ငါကလုံးဝပဲ.."

"ချူအဲ့လိုမလုပ်ဘူး..ဒါပေမယ့်.."

"အားလုံးပြီးနေပြီ..အေး မင်းကိုငါနောက်ဆုံးထပ်ပြီး သတိပေး မယ်၊ အချစ်ကြောင့် မကျရှုံးစေနဲ့..မင်းကိုငါက ခွင့်လွှတ်ပေးနိုင်ရင် ဆောင်းမျက်နှာဆိုတဲ့ကောင်က 'ဟင့်အင်း'ဆိုရင် ဘယ်တော့မှနှစ်ခါ ကြည့် တတ်တဲ့သူ..မင်းက ငါ့အတွက်လူမှန်းသိရင် မိုးဆက်အတွက် စား မချေနိုင်တဲ့အပြင်.."

"မဟုတ်ဘူး..အခုချက်ချင်း မန္တလေးကိစ္စကို မလုပ်ဖို့ပြောနေတာ"

"လုပ်တော့.."


www.burmeseclassic.com

www.burmeseclassic.com


"သုံးရက်ပဲခွာပေးပါ.."

"ဘာထူးမှာမို့လို့လဲ.."

"သူ့အခု ကုမ္ပဏီထဲမှာ.."

"ငါက အဲ့ဒီကုမ္ပဏီကြီးကို ဗုံးကြဲချလိုက်မှာမို့လို့လား.."

"သူ့အဲ့လောက်ကို ခံနိုင်မှာမဟုတ်ဘူး.."

"ဘာ.."

ဖုန်းထဲကဒေါသသံကြောင့် သူမအံကြိတ်လိုက်သည်။ ပြီးတော့ ဘာဖြစ်ဖြစ်ဆိုသည့် ဆုံးဖြတ်ချက်နှင့်..။

"မအွန်လိုက်နဲ့..ဒီတစ်ခါပဲ.."

ပြောပြီး ဖုန်းချပစ်လိုက်သည်။ အကြောင်းရင်းသည် ကုမ္ပဏီထဲက ထွက်လာသည့် ဆောင်းမျက်နှာကို မြင်လိုက်ရသောကြောင့်။ 'come back to me'သီချင်းသံသဲ့သဲ့ပေါ်လာတော့ ဖုန်းကိုကြည့်စရာမလိုဘဲ သိလိုက်သည်။

ထိုပြင်ကားဆီသွားနေရင်း ဆောင်းမျက်နှာဖုန်းခေါ်နေတာကိုလည်း မြင်နေရသဖြင့် မျက်ဝန်းတို့သည် ထိုဆီငေးရင်း..။

"ဟလို.."

"မင်းဘယ်ရောက်နေတာလဲနှင်းဆီချူ..ကွယ်ရာကနေ ထိုင်ကြည့်ပြီး ရယ်နေတာလား၊ ထွက်ပြေးဖို့ပြင်ဆင်နေတာလား..မင်းမကြောက်တတ်ပါ ဘူး ခုချက်ချင်းပြန်လာခဲ့..ပြန်လာဖို့စိတ်ကူးမရှိရင်လည်း ငါဒီနေ့မင်း ကိုမတွေ့မချင်း အိမ်ပြန်မှာမဟုတ်ဘူး.."

"ဂျိမ်း.."

ကားထဲဝင်ပြီး တံခါးပိတ်လိုက်သံက ဖုန်းထဲကနေခဲ့တစ်လုံးလို ပစ် ပေါက်သွားသည်။ ပြီးတော့ သူမမျက်စိရှေ့မှာတင်ပဲ ဝေါခနဲမောင်းထွက်သွား သော ကစားစရာကားလေးတစ်စီးလို..။

ဖုန်းကိုဘေးမှာချထားလိုက်ပြီး သူမကားစက်နှိုးသည်။ ပြီးတော့ ထို ကားနောက်ကိုပဲ လိုက်ထွက်လာခဲ့သည်။ တစ်ချက်မှမျက်တောင်မခတ်သည့် သူမရဲ့မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တို့နှင့် စိုလက်နေခဲ့ပြီး..။

ရှင့်ကိုမတွေ့ဝံ့ရအောင် ဘာမို့လဲ..။

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၆)

ကားသံကြားလို့ထွက်ကြည့်မိပေမယ့် ကားပဲတွေ့လိုက်ပြီး လူတွေ
မတွေ့။ ကားက နှစ်စီးဖြစ်နေကာ နောက်ကားကဘယ်သူ့ကားမှန်းမသိ
"ဟင်..သမီးရှိနေတာလား.."
ဒေါ်ထားထားမြတ် ပြန်လှည့်ဝင်လာကာမှ ညှော်ခန်းအထွက်
သူမလိုပဲ အံ့သြဟန်လေးနဲ့ ရပ်ငေးနေသည့် ပမြုပ်ကိုတွေ့ကာ..၊
"ခုန.."
"ကိုလေးတို့ပြန်လာတာ.."
"ဟုတ်လား..သားနဲ့ဘယ်သူလဲ၊ သူ့သူငယ်ချင်းတွေလား.."
"ဟင့်အင်း..မနှင်းဆီချူ.."
နှင်းဆီချူ..၊
ဒေါ်ထားထားမြတ်နောက်က Surf ကားကိုပြန်လှည့်ကြည့်မိ
သည်။ နှင်းဆီချူက ဘာဖြစ်လို့ကားနဲ့လဲ..၊
"သူတို့တစ်ခုခုဖြစ်လာကြတယ်အန်တီ.."
သူမမြင်လိုက်သည်။ ကားရပ်ပြီးဆောင်းမျက်နှာဆင်းသည်။
ကို ဂျိမ်းခနဲဆောင့်ပိတ်၏။ ထိုစဉ် နောက်ကားထိုးရပ်လာပြီး နှင်းဆီချူ
လာခဲ့သည်။ သူမကားပေါ်ကဆင်းရုံ ရှိသေးသည် ဆောင်းမျက်နှာက သူမ
လက်ကို ပိုင်စိုးပိုင်နင်းသွားဆွဲပြီး ခြံရဲ့နောက်ဘက်ရေကူးကန်ဘက်သို့
"ကဲ..ပြော ဘာထပ်လုပ်ဖို့ရှိသေးလဲ၊ မင်းနဲ့ဘယ်လိုပရိုဂရမ်
လွှတ်လိုက်တာလဲ.."
ရေကူးကန်က သိပ်တော့မကြီးပေ။ ဒါပေမယ့် အလှဆင်ထား
သစ်ပင်ပန်းမန်တို့နှင့် အိမ်ကြီးပေါ်ကကြည့်ရင်တောင် သိပ်မမြင်ရ။ သူ
ဆွဲ ခေါ်လာကာ ပစ္စည်းတစ်ခုကို ကိုင်ပေါက်တော့မလို အကြမ်း
ဆွဲလွှဲ၍ မျက်နှာရှေ့မှာ ရပ်စေသည်။
ပြီးတော့ ပန်းခရမ်းရောင်လက်နေသော မျက်ခွံပြေပြေနှင့်
ပြာတို့ကို စူးစိုက်ကြည့်၍..၊
"ဘာရည်ရွယ်ချက်လဲ..မိုးဆက်လေဆိုတဲ့ကောင်က ..ါကိုမိန်း


www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဟုတ်လား၊ တော်တယ်.."

မေးခွန်းတွေမေး၍ အံကြိတ်သည်။ ခေါင်းညိတ်သည်။ ပြီးတော့တက် ခေါက်၏။

"မိန်းမတစ်ယောက်အပေါ်မှာ ကျရှုံးတဲ့ယောက်ျားတိုင်း တဏှာရူးလို့ မဟုတ်ဘူး..ယောက်ျားမို့ယောက်ျားစိတ်မွေးတာ၊ မိန်းမကိုမိန်းမလို နေရာပေး ဆက်ဆံတာ..အဲ့ဒါမျိုးကိုအသုံးချတဲ့ကောင်ကသာ.."

"အဲ့ဒါတွေ ရှင်သူ့ကိုသွားပြောလေ.."

"ငါ့ကိုကြောက်လို့ပုန်းနေတဲ့ကောင်ကို ငါကဘယ်မှာသွားပြော ရမှာလဲ.. သူများကိုလုပ်ကြံဖို့အတွက် ကိုယ့်ကိုယ်ကိုသေစာရင်းသွင်းပြီး တော့တောင် မြုပ် နံ့ပစ်တယ်..ဘယ်မှာလဲ ဖုန်းခေါ်လိုက်စမ်း၊ အဲ့ကောင်နဲ့ခု ချက်ချင်း ရှင်းမယ်.."

"မခေါ်ပေးနိုင်ဘူး.."

"ဘာ.."

သူချုပ်ခုံလေးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်သည်။ ချူက နှုတ်ခမ်း ကေးမဲ့ပြီး ဆောင့်ဖြုတ်ပစ်၏။

"မကျေနပ်လို့ ဓားမိုးလုံမိုးရွာချတဲ့သူက သူ့ရဲ့လက်နက်တွေအရှေ့ ရောက်ကလာပါ့မယ်..အနောက်အရပ်က လာပါ့မယ်လို့ ပြောနေမလား၊ ကိုယ်ရှင်တော်တယ်ထင်ရင် လွတ်အောင်ကာကွယ်ပေါ့.."

"ဘာ.."

"ရှင်ချူရောက်လာတည်းက သူနဲ့ပတ်သက်နိုင်တယ်ဆိုတာ သိတယ်.."

"ပြောပါဦး...အဲ့ဒီတော့.."

"ရန်သူ့ပစ်ကွင်းထဲရောက်နေပြီဆိုတာသိရင် ကျည်ကာ မြားကာ ဒိုင်း ကားရမယ်ဆိုတာတော့ သိရမှာပေါ့.."

"ဟုတ်တယ်..ငါ့ကိုယ်ငါတော်လှပြီ ထင်ခဲ့တာမှားတယ်၊ ငါ့ကုမ္ပဏီထဲ ဝင်လာပြီး မင်းထင်သလိုမွှေတာခံလိုက်ရတဲ့အထိ ငါကတုံး တာ..အဲ့ဒီတော့ ဒါကို ငါမေးလို့ရပြီထင်တယ်.."

ဘာလဲဆိုသည့်အကြည့်လေး ပင့်တက်လာသည်။ ဆောင်းမျက်နှာက မျက်ဝန်းတို့ကိုစိုက်ကြည့်ကာ.. ၊

"မိုးဆက်နဲ့မင်း ဘယ်လိုပတ်သက်တာလဲ.."



www.burmeseclassic.com

www.burmeseclassic.com


"ရှင်တွေးကြည့်လေ..ဒါပေမယ့် ရှင်ထင်တာ တစ်ခုမှမှန်မှာမဟုတ်ဘူး ဆိုတာ ကျွန်မပြောရဲတယ်.."

သူမက တလက်လက်တောက်နေသည့် မျက်ဝန်းတို့ကို မသိမသာလေး တိမ်းဖယ်သွားခဲ့လျက်.. ၊

"ဘာဖြစ်လို့လဲဆိုတော့ ရှင်ဘာမှမှမသိတာ.."

"ဟုတ်တယ်..ငါဘာမှမသိခဲ့ဘူး၊ မင်းကိုလည်း ထပ်မမေးတော့ပါဘူး.. ဒါပေမယ့် မင်းလုံးဝမသိခဲ့တာလည်း ရှိသေးတယ်ဆိုရင်ရော"

ချူကု ဆတ်ခနဲပြန်ကြည့်သည်။ ဆောင်းမျက်နှာက မဲ့လိုက်ပြီး

"မိုးဆက်နဲ့ငါပဲ သိခဲ့တဲ့အကြောင်းတစ်ခု.."

"ကျွန်မပြောပြီးပြီပဲ..ရှင်ထင်တာ တစ်ခုမှမှန်မှာ မဟုတ်ဘူးလို့"

"ဒါဆို မင်းသိတယ်ပေါ့.."

"ဟွန်း.."

"အိုခေ..သိတယ်ဆိုပါတော့၊ မင်းနဲ့ပတ်သက်တာတစ်ခုပဲဖြေဖို့အတွက် တစ်ခုခုတုံ့ပြန်ပေးရရင် ကျေနပ်ပြီဆိုပြီး ရောက်လာတာလား၊ ငါတစ်ခု ဖြစ်သွားပြီဆိုရင်.. "

"တစ်ခုခုမဟုတ်ဘူးဆောင်းမျက်နှာ..ရှင် အများကြီးဖြစ်မှာ၊ ရှင်ထားသမျှ အောင်မြင်မှုပိုင်ဆိုင်မှုတွေ အားလုံးပျက်စီးကုန်အောင်လုပ်မှာ..အဲ့ဒါ ရှင့်အတွက် သူပေးမယ့်ဖြစ်ပျက်ပဲ.."

"မင်းကရော.."

"ပန်းသီတဲ့ကြိုးပေါ့..အဲ့ဒီထက်တော့ နည်းနည်းပိုမလားပဲ.."

"မဟုတ်သေးဘူး..'

လို့ပြော၍ သူခေါင်းခါလိုက်မှ.. ၊

"ရှင်ကကျွန်မကို စွဲလမ်းသွားခဲ့ရင် ရှင်တွက်ဆကြည့်လို့မရနိုင်လောက်တဲ့ အရာတွေအများကြီးရမှာ.."

"ဟား ဟား ဟား.."

မရယ်ချင်ဘူးထင်ရပေမယ့် ရယ်လိုက်ရတာ ကျေနပ်အားရစွာ လျက်..၊

"ငါကနိုးဆိုရင်ရော.."

"ပွဲမပြီးသေးပါဘူး.."

"ဘယ်လို.."


www.burmeseclassic.com

www.burmeseclassic.com


ဆောင်းမျက်နှာရဲ့ ရယ်လက်စမျက်နှာ ချက်ချင်းတည်သွားသည်။ မျက်လုံးချင်းဆုံသည့်အချိန်မှာ ဘယ်သူ့မှာမှ နှုးညွံ့သက်ဝင်ခြင်းမရှိကြဘဲ အားနဲ့ဆင်လယ်ပြင်မှာ တွေ့ကြသလိုမျက်လုံးတို့က ဖိတ်ဖိတ်လက်နေကြ၏။

"မင်းနဲ့ငါဒီလောက်ထိ ဖြစ်ထားပြီးမှ ငါ့ကိုစည်းရုံးနိုင်ဦးမယ်လို့ ထင်နေသေးတယ်ဟုတ်လား.."

ချူက မျက်နှာလွှဲလိုက်ရင်း ပြုံးကာ.. ။

"ရှင့်ဆန္ဒစောနေလို့ပါ..ပြီးဆုံးတဲ့အထိ စောင့်ကြည့်ပါဦး.."

သူမက အေးဆေးလှည့်ထွက်သွား၏။

"နင်းဆီချူ.."

ဆောင်းမျက်နှာက သူမရှေ့ကဖျတ်ခနဲ ပိတ်ထားလိုက်ကာ.. ။

"ငါကလည်း ကွယ်ရာမှာကြိမ်းဝါးမနေချင်ဘူး..အဲ့ဒီတော့ ငါ့ရှေ့မှာ ရှိနေတဲ့မင်းကိုပဲ ပြောတော့မယ်၊ မင်းကမိုးဆက်လေရဲ့ လက်ကိုင်တုတ်ဖြစ်ဖြစ် သူ့အတွက်ရင်ဘက်နဲ့ ရောက်လာတာဖြစ်စေ အခုငါတို့စစ်မျက်နှာဖွင့်ကြပြီဆိုတော့ အနိုင်အရှုံးမပေါ်ဘဲ ဘယ်သူမှနုတ်ထွက်ခွင့် မရှိဘူးဆိုတာ မှတ်ထားလိုက်မှတ်သွား.."

"ကိုယ့်ကိုဒုက္ခပေးနေပြီမှန်း သိတာတောင်နုတ်ထွက်ခွင့် မပြုပါဘူးဆိုတော့ ရှင်အကြောင်းပြကောင်းနေတာများလား.."

"ဘာအတွက်နဲ့လဲ.."

"ကျွန်မထွက်သွားမှာစိုးလို့လေ.."

ဆောင်းမျက်နှာက အံကြိတ်လိုက်သည့်မဲ့ပြုံးနှင့်.. ။

"ပြီးတဲ့အထိစောင့်ကြည့်လိုက်ပါဦး.."

စိန်ခေါ်ခဲ့ကြသည်။ ဒါပေမယ့် တိုက်ပွဲခေါ်သံလည်းမဟုတ်.. ။

နာကျင်ခဲ့ကြသည်။ ချစ်ခြင်းမေတ္တာနဲ့လည်း မသက်ဆိုင်.. ။

သို့သော် အံကြိတ်ကျန်ရစ်သူနှင့် မျက်ရည်တို့ကို ထိန်းချုပ်ပြုံး၍ ထွက်ခွာခိုင်းခဲ့သည့် သူမရဲ့မျက်ဝန်းတို့မှာတော့.. ။

☾⋆


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၂၇)

"ဆောရီးပဲကိုမျိုးတင့်ဇော်..အချိန်မရှိတော့ပေမယ့် ကျွန်တော့်အတွက် အရေးကြီးလို့ပါ.."

"............. ........"

"ခင်ဗျားနဲ့အရေးကြီးပြောချင်တယ်..အခုထွက်လာလို့ ရမလား.."

"............. ......."

"အင်း..အဲ့ဒီကိုပဲ ကျွန်တော်ဆယ့်ငါးမိနစ်အတွင်း ရောက်မယ်၊ ခဏ..သန့်စ်.."

ဖုန်းချပြီး ကုတ်အကျီ်ထပ်ဝတ်လိုက်သည်။ ပြီးတော့ ဖုန်းကိုပြန် ကောက်နေရင်း နာရီကြည့်လိုက်တော့ ညဆယ့်တစ်နာရီခွဲ.. ၊

"ဘယ်သွားမလို့လဲသား.."

"အလုပ်ကိစ္စရှိလို့မေမေ..ဒီနားတင်ပဲ.."

ဒေါ်ထားထားမြတ် စိုးရိမ်သွားကာ နာရီကိုလှမ်းကြည့်သည်။

"ဒီအချိန်ကြီး အလုပ်ကိစ္စဟုတ်လား.."

"ခဏပဲမေမေ.."

သူ့ရှင်းပြချိန်မရပေ။ သူများလုပ်ကြံခံလိုက်ရသည့် အဖြစ်အတွက် သူဒီတိုင်းငုတ်တုတ်မေ့ပြီး မကျန်ခဲ့နိုင်။ ကားသော့ယူပြီး ဆင်းလာတော့ ဒေါ်သ ဖြစ်စရာပိုတိုးလျက်.. ၊

"တောက်..ကွာ.."

"ဒုန်း.."

ကားဘီးကိုလွဲကန်ပစ်လိုက်မိသည်။ ဒရိုင်ဘာကို ဖုန်းဆက်နှိုးဖို့ စဉ်းစား ကူးမိပေမယ့် ကိုယ့်ကားကိုဒရိုင်ဘာကို ကိုင်ခိုင်းခဲ့တာမဟုတ်။ အိမ်ထဲပြန်ဝင် လာပြီး နောက်ကားတစ်စီး၏သော့ကို ဖြုတ်လိုက်လျှင် မျက်စိရှေ့ကရှိနေသော မှန်ထဲမှာ ပေါ်လာသည့်အရိပ်ကြောင့် မျက်မှောင်ကုတ်သွားမိ၏။

ပြီးတော့ နှုတ်ခမ်းတို့ကိုဖိစေ့ပစ်မိရင်း နောက်ကိုလှည့်ကြည့်လိုက် ကာ.. ၊

"ဒါလည်း မင်းကြိုတင်စီစဉ် ထားတာပဲလား.."



www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုအချိန်ကြီး ရှင်အပြင်ထွက်မယ်ဆိုတာ သိနေရအောင် ချူကအ ကြားအမြင်ရနေတာမှ မဟုတ်ဘဲ.."

သူဆက်နားမထောင်တော့ဘဲ သော့ဖြုတ်ပြီးလှည့်ထွက်လာလျှင်.. ၊

"နောက်ကားတွေလည်း ပျက်နေသေးတယ်ဆိုရင်တော့ ရှင်ကျွန်မ ကားကို ယူသုံးလို့ရပါတယ်..ဒါပေမယ့် ကားချည်းပဲတော့မရဘူး.."

သူ့ခြေလှမ်းတွေ တုံ့သွားသည်။ သူမကကိုယ့်နားနီးနီးမှာ နေနိုင်ဖို့ ကြံစားနေတာလား။ ရန်သူမှန်းသိနေကာမှ ဘယ်လိုလူက မြွေပွေးခါး ပိုက်ပိုက် ထားမှာလဲ.. ၊

သူမမျက်နှာကို နောက်ပြန်ငဲ့ကြည့်မိရင်း ဟွန့်ခနဲမဲ့ကာ.. ၊

"သတ္တိတော့ကောင်းတယ်..ဒါပေမယ့် မင်းကခြေလှမ်းဦးသွားတဲ့အ တွက် ငါ့ဘက်ကပြင်ဆင်ဖို့ ရှိသေးတယ်ဆိုတော့ မဖြစ်သေးဘူး.."

ပြောပြီး အိမ်ရှေ့ပြန်ရောက်လာခဲ့သည်။

ကြည့်စမ်း.. ၊

ကားသုံးစီးသည် တစ်စီးမှလောလောဆယ် မောင်းလို့မရတော့ပေ။ ဒါသသည် အံ့ဩမှုင်တက်သွားခြင်းကို မကျော်လွှားနိုင်အောင် ဖြစ်သွား ၏။ ဒါ နှင်းဆီချူရဲ့လက်ချက်ကလွဲပြီး တခြားမဖြစ်နိုင်။

ဒါပေမယ့် သူကိုယ်တိုင်အိပ်ခန်းထဲ ဝင်နေပြီးမှ ဘယ်လိုမှကျောချလို့မ ရလို့ အပြင်ထွက်ဖို့ကိစ္စပေါ်လာခဲ့တာဖြစ်သည်။ သူအပြင်ထွက်မယ်ဆိုတာ သူမဘယ်လိုသိနေတာလဲ.. ၊

ဒီကားတွေမရှိတော့ရင် သူအပြင်သွားလို့မရတော့ဘူးလို့ရော ဘာ ကြောင့်ထင်ရတာလဲ.. ၊

ဂိုဒေါင်ထဲကနေလှမ်းကြည့်လိုက်တော့ မီးရောင်ဖြာဆင်းနေသည့် အိမ် ဝင်တံခါးဝမှာ ချူက တံခါးဘောင်ကိုပခုံးစွန်းလေးနဲ့မှီလျက် လက်လေး ပိုက်ထားပြီး ရပ်ကြည့်နေ၏။

သူမကဘာလဲ..သူခြေလှမ်းပြင်လိုက်တာနဲ့ သိပြီးသားဖြစ်နေပြီဆို ရင် တောင် ဒီကိစ္စကသူ့ခြေလှမ်းမပြင်ရသေးမီတည်းက ကြိုတွက်ပြီးပြင်ဆင်ထား ခဲ့တာ ဖြစ်သည်။

ဒါဘာကြောင့်လဲ။ ကိုယ်ညှဲ့လို့ခံလိုက်ရတယ်လို့ ဖြေနိုင်ပေမယ့် ဘာစ် ခါ ဆိုဖြေလို့ရသည်။ တစ်ခါမကရှိလာတာတွေက သူချည်းပဲညှဲနေခဲ့လို့ လား.. သူမကိုက လိုက်လို့မမီအောင် တော်နေတာလား..


www.burmeseclassic.com

www.burmeseclassic.com


အလှမ်းကွာနေပေမယ့် ကားတွေကြားကနေ သူမရဲ့ပုံရိပ်ကို အထ
ကြာ စိုက်ကြည့်နေမိသည်။ သူမကလည်း ဒီဘက်ကိုပဲကြည့်နေခဲ့လျ
သူဘယ်လို ဆုံးဖြတ် လှုပ်ရှားမှာကို စောင့်ကြည့်နေခဲ့၏။

ဂိုဒေါင်ဘက်မှာမှောင်ရိပ်ကျနေသဖြင့် ချူသေချာမမြင်ရ
ဒါပေမယ့် နားရောမျက်လုံးကိုပါ အစွမ်းကုန်စွဲ့အလုပ်ပေးထားမိ
ဆောင်းမျက်နှာ သူမဆီကကားသော့ကိုလက်ဝါး လာဖြန့်မှာမဟုတ်
တာ သေချာသည်။ ဒီတိုင်းဆက်ထွက်သွားမှာလား..အိမ်ထဲပြန်ဝင်
မှာလား.. ၊

ဂိုဒေါင်ဘက်မှာရော တစ်ခြံလုံးမှာပါ လှုပ်ရှားသံအားလုံး တိတ်ဆိ
နေခဲ့လျက် သူမစောင့်ကြည့်နေစဉ်မှာပဲ ဆိုင်ကယ်လ်သံဝေါခနဲနှင့်အတူ မီး
ရောင်တစ်ချက်ဖွေးထိန်သွားသည်။

ဟင်.. ၊

ဆိုင်ကယ်လ်က ဘယ်မှာရှိနေတာလဲ.. ၊

သူမတွေးနေတုန်း ခြံထဲကနေအရှိန်ပြင်းစွာ မောင်းထွက်သွားသည
ဆိုင်ကယ်လ်မီးရောင်ကို မြင်လိုက်ရ၏။ ချူနေရာမှ ချာခနဲလှည့်ဝင်လာ
ဖုန်းခေါ်ရင်း အပေါ်ထပ်ကိုပြန်တက်လာခဲ့၏။ သူမကို မြင်လိုက်သ
သေချာ လိုက်ကြည့်ပြီး အကဲခတ်နေသူက ဒေါ်မေလင်းပင်.. ၊

ချူသည် ကိုယ့်အာရုံနဲ့ကိုယ်လှုပ်ရှားနေခဲ့လျက် ပတ်ဝန်းကျင်ကိုသ
လည်း မထားမိ။ သတိထားဖို့လည်း မေ့နေခဲ့လျက်.. ၊

"ဟုတ်တယ်..အခု သူထွက်သွားပြီ.."

"......... ........"

"အဲ့ဒါမသိဘူး.."

"........... ........"

"ဟုတ်တယ်လေ..ချူက သူ့ဘေးမှာအရိပ်လို ရှိနေတာမှမဟုတ်
ဘယ်လိုလုပ်သိမှာလဲ.."

"......... ..........."

"အရေးကြီးကိစ္စရှိတဲ့ပုံစံပဲ..အဲ့ဒါချူမသိဘူးလေ.."

ချူဖုန်းပြောရင်း ဝရန်တာဘက်ကို ရောက်လာခဲ့သည်။ သို့သေ
မှာသိပ်မပြောရသေးခင် လူရိပ်တစ်ရိပ်က အနားရောက်လာပြီး လက်ထဲက
ကို ဆွဲယူသွား၏။


www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမျက်နှာ.. ။

ဝရန်တာမီးလုံးဖြူလေး၏ အလင်းရောင်မှာ ဆောင်းမျက်နှာဝတ်ထား သည့် ပန်းဖေဒါရောင်ရှပ်အင်္ကျီ၏ အစိပ်အပိုင်းတချို့က ကုတ်အင်္ကျီ အောက်ကနေ အနုမြူတွေလို လင်းနေ၏။ ဖုန်းတစ်ဖက်ကိုင်၍ ဝရန်တာအ ထယ်တန်းမှာ ခြေတစ်ဖက်လှမ်းတင်လိုက်ပြီး.. ၊

"အခုမေးချင်တာ မေးလို့ရပြီ ငါကဆောင်းမျက်နှာ.."

တစ်ဖက်က အသံတိတ်သွားသည်။ ပြီးမှ ခနဲ့သည့်ရယ်သံသဲ့သဲ့နှင့်..၊

"ပြောပါဦး ဆောင်းမျက်နှာဖြစ်တော့ ဘာတွေဖြစ်လာနိုင်လဲ.."

သူမျက်မှောင်ကုတ်သွားသည်။ ထင်ခဲ့တာက တစ်ဖက်ကပြောနေတာ နီးဆက်လေပဲဟု.. ၊

"အန်ကယ်လ်.."

"ဦးထက်ကောင်းလို့ ခေါ်ပါကွာ..မင်းလည်းဟိုတုန်းက ဆောင်းမျက် နာပေမယ့် အခုရာသီပြောင်းရင် နွေမျက်နှာ မိုးမျက်နှာတွေဖြစ်နေမှာပေါ့..ငါ လည်း ထက်ကောင်းကနေ ထက်ဆိုးဖြစ်နေနိုင်တာပဲ၊ ဟိုတုန်းက ဆက်ဆံ ရေးတွေ ဘာမှမရှိတော့ဘူးပဲ ထားလိုက်ပါ.."

"မှန်ပါတယ်..ဒါပေမယ့် ဆိုးသွမ်းခဲ့သမျှထဲမှာ ကောက်ကျစ်လှည့် ဖြားတာကတော့ တော်တော်ရှုံ့ဖို့ကောင်းတယ်ဗျ.."

"ဟွန်း.."

"ခင်ဗျားတို့တူဝရီးနှစ်ယောက်ရှိနေသားနဲ့ မိန်းမတစ်ယောက်ကို လက် ကိုင်တုတ်လို အသုံးချလိုက်တာ မရှက်ဘူးလား.."

"ရှက်တာမရှက်တာ ငါ့အလုပ်ပါ..မင်းသိထားရမှာက မင်းရဲ့မောက်မာ ဆောင်လွှားမှုတွေ မိုးဆက်လေအပေါ် ရက်စက်စော်ကားခဲ့သမျှတွေအားလုံး ခင်းပြန်ပေးရမှာ သုံးဆ.."

"ဘာ.."

"ဟား ဟား ဟား.."

ဦးထက်ကောင်းဟာ ဟိုအချိန်ဒီလိုကာရိုက်တာမျိုးနဲ့ လူစားမျိုးမဟုတ် ပါ။ အလွန်အားနာတတ်ပြီး လူမှုရေးသိတတ်တဲ့ နေရာမှာလည်း ဘယ်သို့ သူနဲ့ ဆက်ဆံပါစေ ဘာမှပြောစရာမရှိခဲ့ပေ.. ၊

သူ့ပုံစံက တူဖြစ်သူကိုစောင့်ရှောက် ထိန်းသိမ်းဖို့အလုပ်သည်သာ အဓိကဖြစ်နေသကဲ့သို့ ကုမ္ပဏီလုပ်ငန်းတွေအပေါ်မှာလည်း ရှယ်ယာတွေ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားပေမယ့် တိုင်ပင်ခံလိုပဲ နေခဲ့တာဖြစ်သည်။

တကယ်ဦးဆောင်ကြိုးပမ်းကြရတာ ဆောင်းမျက်နှာနဲ့မိုးဆက်လေ ဖြစ်ကာ အတွင်းအပြင်သွားလာလှုပ်ရှားမှုတိုင်းမှာလည်း မိုးဆက်လေပဲ သည်။ ပရော့ဂျက်တစ်ခုစလိုက်တိုင်း မိုးဆက်လေရဲ့စိတ်ကူးသာဖြစ်ပြီး အဆုံးသတ်လှဖို့ စီစဉ်ဆုံးဖြတ်တာက ဆောင်းမျက်နှာ..။

"မိုးဆက်လေ ဘယ်လောက်တော်တယ်ဆိုတာ မင်းသိပါတယ် ဒါ မယ့် မင်းကသူ့ထက်ပိုတော်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ နတွေ မိုးလောက်ကြီးနေတာလေ.."

ဦးထက်ကောင်းက ရယ်သံကိုအဆုံးသတ်ပြီးမှ တစ်ခွန်းချင်းပြန်

"ဒါပေမယ့် မိုးဆက်က.."

"မိုးဆက်လေမသေသေးဘူးမို့လားဦးထက်ကောင်း...ဘာလို့ အပို ပြောနေမှာလဲ၊ သူမကျေနပ်တာတွေ သူကိုယ်တိုင်ပြောပါစေ.."

"မင်းတောင်မှန်းတတ်ရင် မိုးဆက်ကဘာမို့လဲ.."

"လက်သီးပုန်းထိုးဖို့ပဲ သိတဲ့ကောင်လို့ထင်တာပဲ.."

"ဘာကွ.."

"ကျွန်တော်မှန်းတာကို သူ့မျက်နှာကိုကြည့်ပြီး ပြောလိုက်တာ သဖြစ်လို့ ထိုးလွှတ်လိုက်တာလည်း သူ့မျက်နှာရှေ့တည့်တည့်ကပဲ"

"အဲ့ဒီတုန်းက မင်းတို့ကဘာလဲ..အခုဘာလဲ.."

ဦးထက်ကောင်းက ရယ်လိုက်ကာ..။

"ရန်သူဖြစ်နေပြီဆိုရင်တော့ အနိုင်ရဖို့ဘယ်လိုနည်းပဲသုံးသုံး မ တာမရှိပါဘူး..ကုမ္ပဏီကို ဒေဝါလီခံရတော့မလို ကျေညာပြီး ရှယ်ယာ ကို ဖြုတ်ထုတ်ရှင်းခဲ့တဲ့ကိစ္စ.."

"အဲ့ဒါတွေကို ဘယ်သူလုပ်သွားတာ မို့လို့လဲ.."

ဘယ်သူကြံစည်တွေးတောပြီး အကောင်အထည်ဖော်ခဲ့တာလဲဆို ချင်သည်။ ဒါပေမယ့် သူဒီလိုလွဲအပြစ်ဖို့သော စကားတွေကိုမပြော

"ရတယ်...အခုကျွန်တော် ရင်ဆိုင်နေရတာဘယ်လိုလူတွေလဲဆို သိရပြီ.."

"သိခွင့်ပေးလိုက်တာပါ.."

"ဟွန်း...ကျေးဇူးတင်တယ်ဦးထက်ကောင်း၊ ဒါပေမယ့် ခင်ဗျား သင့်တာက ဇက်ပေါ်မားတင်ထားရင်တောင် ခင်ဗျားမသတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ားကို အကုန်မပြောနဲ့..ရန်သူကိုအထင်သေးတာ ခင်ဗျားအတွက်အန္တ ရာယ်ကြီးတယ်၊ မိုးဆက်လေကို ပြောလိုက်စမ်းပါ..ယောက်ျားပီပီရှင်းကြဖို့ ဆန္ဒရှိရင် မိန်းမလိုပုန်းမနေနဲ့လို့..”

ပြောပြီး သူဒီဘက်လှည့်လိုက်လျှင် ချူက သူ့ကိုလက်ပိုက်လေးရပ် ကြည့်နေ၏။ ပုံစံအရ အေးဆေးကြည့်နေသည်ထင်ရသော်လည်း မျက်နှာ အစ် ခြမ်းမှောင်နေသည့်အောက်မှာ မျက်ဝန်းတို့က တလက်လက်ဖြာနေ သည်။

သူလှည့်အလာကို ပြောစရာအပြည့်နှင့် ရပ်စောင့်ကြည့်နေတာမျိုး..

“ရှင်နဲ့ကျွန်မ ပြောလို့ရပြီလား..”

“မင်းနဲ့ဘာမှပြောဖို့ မရှိဘူး..”

ဆိုလိုက်ရင်း ဖုန်းကိုသူမလက်ထဲ ပြန်ထည့်၍.. ၊

“မင်းကမိုးဆက်အတွက် လုပ်နေတာလား..ဦးထက်ကောင်းရဲ့လူ သား..”

“ရှင်မေးပြန်ပြီလား..”

“မင်းမဖြေရဲဘူးလား..မင်းငါ့ကိုဒုက္ခပေးဖို့ အနားမှာလာကပ်နေတယ်၊ ရည်း ရှိနေသေးတယ်..ဒီမေးခွန်းကျမှ မဖြေရဲဘူးပေါ့..”

“ဘာလို့မဖြေရဲရမှာလဲ..ဒါပေမယ့် လိုမှမလိုတာ၊ ရှင့်ကိုဒုက္ခပေးဖို့ ချညာပြီးကာမှ ဘယ်သူ့လူဖြစ်ဖြစ် ဘာမှမထူးဘူး..”

“ငါ့အတွက်ထူးတယ်နှင်းဆီချူ..မိန်းမတစ်ယောက်ကို ကိုင်ပေါက်ပစ် ဖို့လည်း မလွယ်..လက်သီးချင်းယှဉ်ထိုးလို့လည်းမရ၊ မင်းကတော့ လုပ်ချင် တိုင်းလုပ်ခွင့်ရနေပြီး ငါကယောက်ျားပီသစွာ နေပေးရဦးမယ်..”

“ဘယ်သူကယောက်ျားပီသပါ ပြောနေလို့လဲ..စိတ်ရင်းနဲ့နေစမ်းပါရှင်၊ လူကြီးလူကောင်း ဟန်ဆောင်ရတာ ပင်ပန်းပါတယ်..”

“ဘာ..”

“ရှင်အခု ကျွန်မကိုမောင်းထုတ်ချင်ပြီလား..”

“လုံးဝမထုတ်ဘူး..”

ပြောပြီး သူမရှေ့ကိုထပ်တိုးလိုက်သည်။

“မင်းကိုငါပြောပြီးသားပဲ..မင်းအကြံနဲ့မင်းရောက်လာပေမယ့် မင်း တ်ကူးနဲ့မင်းထွက်သွားလို့ မရဘူး..”

“ဘာလဲ..ကျွန်မကို ကြိုးတုတ်တံခါးပိတ်ပြီး ချုပ်ထားမှာလား..”


www.burmeseclassic.com

www.burmeseclassic.com


"လုပ်သင့်ရင်တော့ လုပ်ရမှာပဲ..ဒါပေမယ့် မင်းမသွားပါဘူး၊ ငါ့
ပွားပျက်ရုံလောက်အတွက်နဲ့ ငါ့နားမှာသူ့လှိုလွှတ်ထားဖို့ထိ လုပ်စရာမှ
ဘဲ..မိုးဆက်လေနဲ့ငါလက်တွဲခဲ့သမျှ ဒီကုမ္ပဏီ ဒီစီးပွားအကြောင်း
ငါ့ထက် သူပိုသိတယ်၊ ငါ့အကြောင်းကိုဆို သူ့ကိုယ်သူထက်တောင် ပို
သေးတယ်.."

ချူက သူ့စကားတွေကို မမှိတ်မသုန်သော မျက်ဝန်းလေးတွေနှင့်
စိုက်ကြည့်ရင်း နားထောင်နေ၏။

"ငါ့စီးပွားကို လုပ်ကြံဖို့ မင်းကိုငါ့ဆီလွှတ်ဖို့ မလိုဘူး.."

"အဲ့ဒီတော့ ဘာဖြစ်လာမှာလဲ.."

"ဟွန့်.."

ဆောင်းမျက်နှာက ဟွန့်ခနဲမဲ့လိုက်ပြီး သူမကိုကျောခိုင်းရပ်လိုက်
သည်။ မှောင်နဲ့မည်းမည်း ကောင်းကင်ကြီးကို အစိမ့်ပါယ်မဲ့သလို မော့ကြည့်
နေပြီးမှ..

"သူဖြစ်စေချင်သလို လုံးဝမဖြစ်စေရဘူး.."

"ရှင်ဘာပြောတာလဲ.."

"ငါဘာပြောတာလဲ သူသိတယ်..မင်းသိချင်ရင် သူ့ကိုမေးပေါ့၊ ငါ
ပြောနိုင်တာက သူနဲ့ငါထပ်ဆုံရမှာပေမယ့် ငါ့အတွက်ဒါပြိုင်ပွဲတစ်ခု မဟုတ်
ဘူး..ဒါပေမယ့် ငါမညံ့ဘူးဆိုတာတော့ ပြရမယ်.."

"ရှင်ညံ့ပြီးသွားပြီထင်တယ်.."

"ဟား ဟား ဟား.."

သူရယ်လိုက်ရင်း သူမမျက်နှာကို ငုံ့ကြည့်သည်။

"မိုးဆက်လေ ငါ့ကိုဘယ်တော့မှမနိုင်ဘူးဆိုတာ အဲ့ဒါကြောင့်ပဲ
သေကိုယ်သေ ရင်ဆိုင်တိုက်ဖို့လည်း သူစိတ်မဝင်စားဘူး၊ ချောင်းမြောင်း
ကြံပါလားဆိုတော့လည်း ခြုံကွယ်ကနေ ချောင်းသံပေးတယ်.."

"သူညံ့တယ်လို့ ရှင်ဘာလို့ထင်နေတာလဲဆောင်းမျက်နှာ..ရှင့်
မေတ္တာစိတ်မရှိပေမယ့် သူ့မှာရှင့်အတွက်.."

"ဟော့..တော်တော့.."

သူ့အသံက မာထန်နေကာ.. ၊

"မင်းကသူ့လူဖြစ်နေတဲ့အတွက် သူနဲ့ငါဘာကြောင့် လမ်းခွဲခဲ့ကြ
ဆိုတာလည်း မင်းသိနေမှာပဲ..အေး သိချင်မှလည်း သိလိမ့်မယ်၊


www.burmeseclassic.com

www.burmeseclassic.com



ထယ့်မှတ်ထား..အကောင်းဆုံးတွေပေးတိုင်း လူတိုင်းမက်မောမယ် မထင်နဲ့၊ ကိုယ်လိုအပ်တဲ့အရာသာ ကိုယ့်အတွက်အကောင်းဆုံး.."

ဒေါ်သတို့သည် လွန်ခဲ့သည့်သုံးနှစ်ကျော်ကအတိုင်း အနီရောင်ရှင့်နေခဲ့ပြီး.. ၊

"သူဘာတွေပေးခဲ့တာလဲ..သူ့ကိုယ်သူဘာထင်နေလို့လဲ၊ စေတနာလောက် ဖြူစင်တဲ့အရာကို ရင်ဘက်ထဲကောက်ထည့်ပြီး စေတနာတွေဆေးခဲ့ပါတယ်လို့ ပြောနေတာတန်လို့လား.."

"ဖြန်း.."

စကားလုံးတွေနဲ့ ဒေါ်သလုံးထွေးနေဆဲ ပါးတစ်ဖက်မှာမီးပူလောင်သလို ပူပြင်းကျိန်းစပ်သွားသည်။

"အဲ့ဒါစော်ကားဦး.."

"မင်း.."

ဆောင်းမျက်နှာ သူမရဲ့ပခုံးနှစ်ဖက်ကို ဒေါ်သတကြီးဆောင့်ခါပစ်လိုက်သည်။ ပြီးတော့ ရင်ဘက်ချင်းထိမတတ် ဆွဲကပ်ထားရင်း.. ၊

"မင်း..တောက်.."

တစ်ခုခုမလုပ်မိခင် ပြန်ဆောင့်လွှတ်လိုက်ပြီး.. ၊

"ဒုန်း.."

တံခါးကိုလွှဲကန်ပစ်မိ၏။

"နောက်တစ်ခါဆို မင်းမလွယ်ဘူးမှတ်."

"အ.."

တံခါးရွက်နှစ်ချက်လောက် ဒုံပြန်ကန်ထွက်လာပေမယ့် အားမရနိုင်ဘဲ ချူ့ပခုံးလေးနှစ်ဖက်ကို နံရံမှာဖိကပ်ပစ်လိုက်၍ အံကြိတ်ကြိမ်းဝါးသည်။ ချက်နှာချင်းမထိတထိ ကပ်နေသဖြင့် ဆောင်းမျက်နှာရဲ့အံကြိတ်သံကို ချူဒီတိုင်းကြားနေရ၏။ ပြီးတော့ သူချာခနဲလှည့်ထွက်သွားလေသည်။

ဦးတည်ရာမဲ့နေသော ပဋိပက္ခနဲ့ဒေါ်သကြားမှာ ညှို့သည့်ပင့်သက်ရှိုက်ရင်း.. ၊

☪



www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၈)

"အေး..ငါအခုလာခဲ့မယ်၊ မင်းလုပ်ထားတဲ့ဗီဒီယိုရီကော့ဒ် ငါ့ရဲ့အော်
ထဲ ပို့ထားလိုက်.."

"........... ........."

"ငါ့ဘက်ကမက်ဆေ့ချ်ရတာနဲ့ ကိုမျိုးတင့်ဇော်နဲ့မင်းသွားတွေ့ရမယ်
အေး..ဟုတ်တယ်.."

"........ ........."

"ဟုတ်တယ်..ငါလိုချင်တာ အဲ့ဒါပဲ.."

"....... ........."

"အေး..ဘုတ်အဖွဲ့နဲ့ဆွေးနွေးပွဲမလုပ်ခင် အဲ့ဒီကိစ္စတွေရဲ့အခြေ
လက်ထဲ ရောက်နေဖို့လိုတယ်.."

"......... ........."

"အင်း..ဟုတ်တယ်၊ အဲ့ဒီလိပ်စာအတိုင်းပဲ..နေဦး၊ နိုင်းအိုတူးနဲ့ဖိုင်
တူး မှားတတ်တယ်..နံပါတ်တွေက ပျက်ကျနေလို့.."

"......... ......."

"ငါက.."

ဖုန်းပြောနေရင်း ကားမောင်းနေသဖြင့် စိတ်ကအလုပ်ကိစ္စဆီ
လုံးလုံးလျားလျား ရောက်နေခဲ့လျက်.. ၊

"ကျွိ.."

"ဒုန်း.."

"အင့်.."

ကားရှေ့ကဖြတ်သည့် ဈေးသည်ကိုရှောင်လိုက်လျှင် မျက်နှာချင်း
က ဝင်လာသည့်ကားနှင့် ပစ်တိုက်မလိုဖြစ်ရာ ကားကိုတအားဆွဲဝိုက်
လိုက်၏။ ထိုအခါကားက လမ်းဘေးပလက်ဖောင်းနှင့် မေးချိတ်
မီးပွင့်တွေတာ ဖွားဖွားဖြာထွက်ကုန်လျှင်.. ၊

"အား..ကျွတ် ကျွတ်.."

"ဟိုကား..ဟိုကား.."


www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးပစ်မြောက်ကိုင်ရိုက်ခံလိုက်ရသလို မျက်လုံးထဲမှာပြီး ဖြတ်လက်သွားတာ အနီအစိမ်းအဝါတွေရောင်စုံ။ ပြီးတော့ စကားသံတွေက သထုကြီး ရွေ့လျားလာသလို တဝီဝီတဝုန်းဝုန်းမြည်ဟီး ပြောင်းလဲသွားချက်.. ။

"ဖယ်ပေးပါရှင်..သူကကျွန်မအစ်ကိုပါ.."

သူနဲ့မနီးမဝေးကနေ ပါလာသည့်ချူက ဆောင်းမျက်နှာရဲ့ကားဆီ ပြေးဝင်သွားကာ လော့ခ်ကျပြီးညှပ်နေသည့် တံခါးကို သွေးရူးသွေးတန်း ချောက်ထုဆွဲဖွင့်ရင်း... ။

"ဆောင်းမျက်နှာ..ရှင်ဘာမှမဖြစ်ဘူးနော်၊ ဘာမှမဖြစ်ဘူးအားတင်းအား..."

တံခါးကိုမရမက ဖွင့်ဖို့ကြိုးစားရင်း တံခါးမှန်ကိုထုချေ ပစ်လိုက်သည်။ ဆောင်းမျက်နှာကိုအပြင်ဆွဲထုတ်ဖို့ ကြိုးစားရင်းအနားမှာ လူတွေအုပ်ခဲလာကြလျှင် မျက်ဝန်းမှမျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ရှိနေခဲ့ပြီဖြစ်၏။

ကိုယ့်မျက်စိအောက်မှာပဲမို့ စိုးရိမ်စိတ်တွေလွန်ကဲသွားမိတာလား.. ဆောင်းမျက်နှာရဲ့နားထင်မှာ စီးကျနေသည့်သွေးတို့ကိုမြင်ပြီး ထိတ်လန့်သွားခဲ့တာလား.. ။

သူမဘာဖြစ်သွားခဲ့မှန်းမသိ။ ဆေးရုံရောက်တဲ့အထိ လက်ဖျားတွေ အုန်ယင်အေးစက်နေကာ မငိုပါဘဲနှင့် မျက်ရည်တွေပါးထက်မှာ ရွှဲစိုနေခဲ့သည်။ တွေ့ကြတာလည်း မကြာသေး၊ ချစ်ခင်ဖွယ်အကြောင်းများလည်း ခဲ့ ကြတာ မဟုတ်ဘဲ.. ။

တကယ်ဆို မှန်းသင့်တာအသေအကြေ.. ။



www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၉)

"မသေကောင်းမပျောက်ကောင်း သားငယ်ရယ်.."

"ကြီးကြီးတောင် ထိတ်လန့်ပြီးမန္တလေးကို ဖုန်းဆက်တော့မလို့.."

"ဟင်..ဆက်လိုက်သေးတာလား.."

ခေါင်းကပတ်တီးကို ကိုင်ကြည့်ရင်း ဆောင်းမျက်နှာထိတ်လန့်စွာ ကြားမေးတော့ ဒေါ်မေလင်းကခေါင်းခါ၍.. ၊

"မဆက်ဘဲနေတာတော့မဟုတ်ဘူး..သားကိုစိတ်ပူပြီး အခြေအနေ ကြည့်နေရတာနဲ့ မေ့သွားတာ.."

"ဘာမှဖြစ်တာ မဟုတ်ဘဲနဲ့.."

ခေါင်းမှာသုံးချက်ချုပ်ရသည်။ ခြေထောက်တစ်ဖက် ညပ်သွားသဖြင့် ရှတ်တရပ် ကောင်းကောင်းထောက်နိုင်ဦးမှာ မဟုတ်.. ၊

"သားကကြီးလို့ ဘာမှမဖြစ်တာလေ..ခေါင်းမှာထိပြီဆိုရင် အသက် အောနီးတာပဲ၊ ကားအက်ဆီးဒင့်ဖြစ်တာကို လူကြီးကစိတ်မပူဘဲနေမလား ဒီရက်ပိုင်းမှာ သားအအိပ်ပျက်အစားပျက်နဲ့ ထွက်ချိန်မမှန် ပြန်ချိန်မမှန်နဲ့ ဖြစ်နေတာ မေမေတို့ဘာမှမသိရဘူးလားဟင်.."

"ကုမ္ပဏီကိစ္စပါပဲ.."

သူ့ဘာသာခေါင်းအုံးတွေ ဆင့်၍ ခပ်လျှောလျှောမှီလိုက်ရင်း သက်ပြင်း ချကာ.. ၊

"ကျွန်တော်စိတ်လှုပ်ရှားရင် အဲ့လိုဖြစ်တတ်လို့ သတိထားနေ နေတာပါ..အဲ့ဒီကြားထဲက.."

"စိတ်မှာသတ္တိအမြဲကပ်နိုင်တဲ့ ပုထုဇဉ်မရှိဘူးသား..စိတ်လောကဲ ပြောင်းအဲမြန်တာစိတ်ပဲ၊ ကိုယ့်ကိုယ်ကို ငါသတိထားရင်ရတယ်လို့ ထင်နေ မယ့် တကယ်တော့မရဘူး.."

"ဟုတ်သားပဲသားရယ်..သားကမိဘမဲ့ တစ်ကောင်ကြွက်တော့ မဟုတ်ဘူး၊ အနားမှာ တိုးတိုးတိုင်ပင်ဖို့ အစ်ကိုတွေလည်း ရှိဘူးလား.."

"အစ်ကိုဖြစ်ဖြစ် သူစိမ်းဖြစ်ဖြစ် တိုးတိုးတိုင်ပင်ဖော် မလိုပါဘူး.."


www.burmeseclassic.com

www.burmeseclassic.com


ညီးက လူတစ်ယောက်မှာခေါင်းတစ်လုံးပဲပါတာ၊ နှစ်ခေါင်းပူးပြီး တီးတိုးတိုင်ပင်ဖို့ မလိုဘူး..”

မသိရင် မိဘကိုမချေမင်ပြန်ပြောသည်လို့ ထင်စရာရှိပေမယ့် ကိုယ့်သားဘယ်လို ခံစားချက်တွေနဲ့ ဒီလိုပြောမှန်း ဒေါ်ထားထားမြတ်ကတော့ သိသည်။ မိုးဆက်လေကို သားအတော်လေးခင်တွယ်ခဲ့သည်။ နှစ်ကိုယ့်တစ်စိတ်လိုနေခဲ့ကြ၏။ ဒါပေမယ့် အချိန်တန်တော့ စိတ်ဝမ်းကွဲခဲ့တာပဲဖြစ်သည်။

သူတို့ချင်း ဘာဖြစ်ကြသည်မသိသော်လည်း သွေးထွက်သံယိုထိုးကြိတ်ခဲ့ကြသည်။ အက်ဆီးဒင့်ဖြစ်ပြီး နှစ်ယောက်စလုံးဆေးရုံရောက်ခဲ့၏။ ဒီအဖြစ်တွေက တကယ်တော့ဘယ်လိုမှ လက်ခံယုံကြည်နိုင်ဖွယ် မရှိပေ။

ထို့ပြင်ဘာဖြစ်ခဲ့ကြတာလဲလို့ ဒီနေ့ထိမေးလို့မရခဲ့တာကြောင့် ပိုဆိုး၏။ ဒါပေမယ့် ဒီနေ့အဖြစ်ကြောင့် မေးသင့်တာကိုတော့ မေးရမှာပဲဖြစ်၏။

“သားနဲ့နှင်းဆီချူတို့ဖြစ်ကြတဲ့ ကိစ္စကို..”

“ကိုလေး..သက်သာသွားပြီလားဟင်..”

စကားစလိုက်ပြီးမှ ပခြုပ်ဝင်လာသဖြင့် မမေးဖြစ်လိုက်ပေ။ အပြာနုဆင်အင်္ကျီ ခပ်မှိန်မှိန်လေးနဲ့ဖြစ်ကာ နားဆွဲအဖြူဝိုင်းလေးတွေ လှုပ်ခတ်နေသော ပခြုပ်ရဲ့မျက်နှာလေးက ချစ်စဖွယ်လေးအဖြစ် ရှိလေသည်။

စိုးရိမ်နေသည့်မျက်ဝန်းလေးတွေက ဘယ်ကိုမှမကြည့်ဘဲ ဆောင်းချက်နှာကိုသာ စူးစိုက်လျက် ဘေးမှာထိုင်ချလိုက်တဲ့အထိ.. ၊

“ညက ပခြုပ်အိပ်လို့မပျော်တာနဲ့ ပုတီးစိတ်နေရတယ်သိလား..အဲ့ဒါဆောင် အိပ်လို့မရဘူး၊ ပခြုပ်အဲ့လိုတစ်ခါမှ မဖြစ်ဖူးဘူး..”

လူကြီးတွေက အဖြစ်သည်းသည့်အကြည့်မျိုးနဲ့ပြုံးတော့ ဆောင်းမျက်နှာက ပြုံးလိုက်ရင်း.. ၊

“ဘာလို့လဲ..ညတည်းက ကိုယ်သတိရနေတာ..”

“မေမေလည်း သတိရနေပြီသက်သာတယ်လို့ ဖုန်းဆက်လိုက်ပါသေးတယ်..”

ဒေါ်ထားထားမြတ်ပြောမှ ပခြုပ်ကလှည့်ကြည့်ပြီး မနေတတ်သလို ခေါင်းကိုင်နားကိုင်ပုံစံလေး ဖြစ်သွားလျက်.. ၊

“ဟုတ်..အဲ့ဒါလေ ဟို ပခြုပ်က ကိုလေးမျက်နှာမှာ သွေးစတွေနဲ့သတိလစ်နေတဲ့ မျက်နှာကိုပဲစိတ်က စွဲနေပြီး..ဟို..”

“အေးပေါ့..ဖြစ်တတ်ပါတယ်၊ အခု သမီးကိုလေး အိပ်ပြန်လို့ရပြီ..”



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်လား..."

"ဟုတ်တယ်..ကြီးကြီးတောင် ခုပဲပစ္စည်းတွေ သိမ်းတော့မလို့.."

"ပခြုပ် ဝိုင်းသိမ်းပေးမယ်နော်.."

ဆောင်းမျက်နှာပြုံးနိုင်ရယ်နိုင် ဖြစ်နေတာမြင်သည်နှင့် ပခြုပ်တ
ကြွပျော်ရွှင်သွားကာ ဒေါ်မေလင်းကို ဝိုင်းကူပေးလေသည်။ ဒေါ်ထားထ
မြတ်က 'တွေ့လား'ဆိုသည့်အကြည့်နှင့် ဆောင်းမျက်နှာ ကိုမေးဆတ်
သည်။ သူကတော့ မသိသလိုမျက်နှာလွှဲလိုက်ပြီး... ၊

"ကြောက်တတ်တာ.."

"စိုးရိမ်တတ်တာပါသားရယ်.."

"ဟွန်း..."

မေမေ ဒါပဲလိုချင်တာလို့ မပြောပေမယ့် ပြုံးလိုက်မိ၏။ ပြီးတော့
သူဆက်လက်မျိုသိပ်မနေနိုင်တော့သည့် မေးခွန်းတစ်ခုကို မေးဖို့ဆုံးဖြတ်
လိုက်၍.. ။

"ချူ ဘယ်မှာလဲမေမေ.."

ဟင်.. ၊

အံ့ဩသလိုဖြစ်သွားသည့်အကြည့်နှင့် ဒေါ်ထားထားမြတ်မျက်နှာ
ကုတ်သွား၏။ ပြီးမှ.. ၊

"သူနဲ့သားပြဿနာရှိပေမယ့် သားကိုသူပဲဆေးရုံအချိန်မီတင်
ခဲ့တာ.. အဲဒီအတွက်တော့ ကျေးဇူးတင်ရမှာပဲ.."

သူမနဲ့သူဘယ်လို ရင်ဆိုင်နေကြမှန်းသိရင် မေမေကျေးဇူးတင်နိုင်
ဦးမလား.. ၊

ဆောင်းမျက်နှာခေါင်းအုံးပေါ်မှာ မျက်နှာလှန်လိုက်ပြီး မျက်လုံး
ပါ မှိတ်ထားလိုက်မိသည်။ သူသတိမလစ်ခင် ကြားရသည့်စကားသံ
ထဲမှာ ကိုယ့်နာမည်ခေါ်လိုက်သည့် အသံတစ်သံကို ကြားလိုက်ရတာ နော
ဆုံးဖြစ်သည်။

ဒါပေမယ့် အသိစိတ်တွေချာလပတ် ရမ်းနေရင်း ပစ္စုပ္ပန်နဲ့အဆ
ပြတ်သွားခဲ့၏။ သတိရလာချင်းပဲ သေချာထပ်သိလိုက်ရတာ ချူကိုယ်
သူ့ ကိုဆေးရုံ လာတင်သည်တဲ့.. ၊

ဝုန်းဒိုင်းကြဲဖြစ်သွားသည်နှင့် ကားအနားကိုချက်ချင်း ရောက်လာ
ခြင်းက သူမကိုယ်နဲ့အနီးအနားမှာပဲ ရှိနေခဲ့ခြင်းကြောင့်သာ။ ဒါဘာကြော


www.burmeseclassic.com

www.burmeseclassic.com



လဲ.. သူမဘာဖြစ်ချင်တာလဲ.. ။

သူမဟာမိုးဆက်လေရဲ့ အချစ်ဆုံးသူမဖြစ်နိုင်ပေမယ့် မိုးဆက်လေအပေါ် သူမဘယ်လောက်ထိပေးဆပ်ချစ်သွားဖို့ အသင့်ရှိနေတာလဲ..မိုးဆက်လေနဲ့သူမရဲ့ တဒဂတ်ကကိုယ်ဖြစ်နေတယ်ဆိုရင် ကိုယ်ကဘာတွေကျူးလွန်ခဲ့မိလို့ သူတို့က ဘယ်လောက်ထိ ပြန်လိုချင်တာလဲ.. ။

မေးခွန်းပေါင်းများစွာက ရေရာသည့်အဖြေလည်း တစ်ခုမှမရှိ။ မိုးဆက် ဘယ်မိန်းကလေးကိုမှ အတည်တွဲမှာ မဟုတ်မှန်းသိနေပေမယ့် နှင်းဆီချူကို မိုးဆက်လေနဲ့လက်ထပ်ထားတာလားလို့ သူမေးခဲ့သေးသည်။

ဆွေမျိုးလား..ချစ်သူလားဘာမှ မဖြစ်နိုင်မှန်း သူတွက်မိနေသားနဲ့ သူမေးကြည့်ခဲ့သမျှ ချူ့ဘက်ကရေရာသည့် အဖြေတစ်စုံတစ်ရာမှ မရခဲ့တာလည်း ဒီနေ့ထိ.. ။

ဆောင်းမျက်နှာအလွန်တော်သည်ဆိုသော ပါးနပ်ထက်မြတ်မှုအားလုံးဟာ မိုးဆက်လေနဲ့ပတ်သက်မှုတိုင်းမှာ အရာမဝင်စုံးစုံးမြုပ်လေသလား။ အတွေးတွေနဲ့ ချာချာလည်လာလျှင် ကိုယ်ခန္ဓာတစ်ခုလုံးက နာကျင်မှုတွေကို ခံစားမိလာသည်။ ခေါင်းက ဒဏ်ရာကလည်း ကိုက်ခဲလာသလိုလို၊ နား ဝေ လာသလိုလို.. ။

"သား.."

"ရှာ.."

သူမျက်လုံးမဖွင့်ဘဲ ထူးလိုက်သဖြင့် မေမေစကားစဖို့ ခက်သွားမှန်း သိလိုက်သည်။ ထို့ကြောင့် မေမေ့မျက်နှာကိုကြည့်လိုက်ပြီးမှ.. ။

"မေမေ ချူနဲ့ကျွန်တော့်အကြောင်း မေးချင်နေတာမို့လား.."

"မမေးတော့ပါဘူး..သားကြီးကြီးပြောပြထားလို့ သိသင့်သလောက်သိနေပါတယ်၊ ဒါပေမယ့်.."

ပြောနေရင်း သူနာပြုဆရာမလေးနဲ့ စကားပြောနေသည့် ဒေါ်မေလင်းနဲ့ ဝခြုပ်တို့ကို မသိမသာငဲ့ကြည့်၍.. ။

"သားကိုပခြုပ်နဲ့ လက်ထပ်ပေးဖို့ လူကြီးချင်းက.."

"အိမ်ကိုတောင်မေမေခေါ်လာတာပဲ..ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ကုမ္ပဏီမှာပြဿနာတွေ ရှိနေတယ်မေမေ.."

"အဲ့ဒါတွေကလည်း ချူနဲ့ပဲပတ်သက်နေမှန်း မေမေသိတယ်..မိုးဆက်လေနဲ့ချူနဲ့ တစ်ခုခုပတ်သက်နေတယ်ဆိုတာလည်း သားရဲ့ကြီးကြီးပြော



www.burmeseclassic.com

www.burmeseclassic.com



ပြတာ ပဲ၊ ဒါပေမယ့် ပြဿနာတွေရှင်းရင်း ဒေါသတွေပဋိပက္ခတွေရှင်းရင်းနဲ့ပဲ ချူနဲ့သား နီးစပ်နေတာကို မေမေစိုးရိမ်တယ်.."

အကဲခတ်နေသည့် မေမေ့မျက်လုံးတွေကို ရှောင်လွဲမိစဉ် မလုံမလဲဖြစ်နေမိတာ ဘာကြောင့်မှန်းမသိ.. ၊

"အကယ်၍သားက မေတ္တာရှိနေပြီဆိုရင်တောင်မှ.."

"ဆောင်းမျက်နှာဟုတ်ပါတယ်နော်.."

အခန်းဝကနေ လှမ်းပြောလိုက်သည့်အသံကြောင့် ဒေါ်ထားထားမြတ်လည်း လှည့်ကြည့်လိုက်မိသည်။ မေမေကသိမှာ မဟုတ်ပေမယ့် ဒီအချိုးသမီးကို သူသိသည်။ သူမက အခန်းထဲမှာရှိသမျှ လူတွေကို လှည့်ပတ်ကြည့်သေးသည်။ ပြီးမှ အထဲကိုဝင်လာပြီး လူနာခုတင်ခြေရင်းမှာ ရပ်၍..

"တိုက်ဆိုင်လိုက်တာ..ငါ့ညီမ သားဦးလေးမွေးတုန်းကလည်း မင်းဆေးရုံလိုက်ပို့တာ၊ အခု ဒုတိယသမီးလေးမွေးတော့လည်း ဆေးရုံမှာပဲ ထပ်တွေ့ရပြန်ပြီ.."

"ညီမဟုတ်လား.."

"အင်းလေ.."

ခုကျမှ 'အင်းလေ'တဲ့.. ၊

ဟိုတစ်ချိန်တုန်းကတော့ ဘေးကနေကူညီတာလိုလို အဒေါ်လိုလို ဆွေမျိုးလိုလို ဘာမှန်းမသိလိုက်ရဘဲ သူကိုယ်တိုင်ကလေးအဖေ ဖြစ်ခဲ့ရတဲ့အထိ ဘာတစ်ခုမှအမှန်မပြောဘဲ လုပ်သွားခဲ့သည်။

"သားက သူနဲ့သိခဲ့တာလား.."

ဒေါ်ထားထားမြတ်က အံ့ဩနေမိ၏။ အသိမိတ်ဆွေချင်း လာဆုံတွေ့ဆက်ကြတာ မဆန်းပေမယ့် ကိုယ့်သားမျက်နှာက ရာသီဥတုကို ထော်ကြည့်ရခြင်းအရ မိတ်ဆွေလည်းမဖြစ်နိုင်.. ၊

"ဟုတ်ကဲ့အန်တီ..မိတ်ဆွေမဟုတ်ပေမယ့် တရင်းတနှီးခင်ခဲ့ကြတာပါ.."

သူမကပဲဖြေပြီး ဆောင်းမျက်နှာကို ပြုံးပြကာ.. ၊

"အခု အစ်မတို့အခြေအနေက လုံးဝပြောင်းလဲသွားပါပြီ..ဒီလိုဆေးရုံမှာ ဖိမ်ကျကျလာမွေးနိုင်တယ်လေ၊ ကလေးရဲ့အဖေကတော့.."

ပြောပြီး စကားနည်းနည်းထစ်သွားသည်။ ပြီးမှ.. ၊

"ကွန်စရပ်ရှင်လုပ်ငန်း မန်နေဂျာဦးရဲကျော်တဲ့..ဆောင်းနှင်း.."



www.burmeseclassic.com

www.burmeseclassic.com


သူမကပွင့်လင်းစွာ ရယ်နေပေမယ့် ဆောင်းမျက်နှာကခပ်ချဉ်ချဉ်မဲ့ ထား.. ။

"နောက်တစ်ယောက်မွေးရင်လည်း ဒီနာမည်ပဲဖြစ်ပါစေလို့ဆုတောင်း ပါတယ်..ခင်ဗျားသွားပါတော့.."

ဟင်.. ။

ဒေါ်ထားထားမြတ်သိလိုက်သည်။ သို့သော် သူမကခေါင်းလေးငုံ့ပြီး ထက်ဖဝါးနှစ်ဖက်ကိုလည်း ဆုပ်ထားကာ.. ။

"ဆောရီးပါမောင်လေးရယ်..အဲ့ဒီတုန်းကအဖြစ်အတွက်.."

"သိပြီသားတွေ ပြန်ပြောမနေပါနဲ့ဗျာ..အဲ့တုန်းကရှင်းပြပြီးပြီမို့လို့ အခု မိတ်ဆွေလိုလာနှုတ်ဆက်တာဆိုလည်း စိတ်တော့မကောင်းဘူး..ခင်ဗျား ခုထွက်သွားပေးပါ.."

ရှိုင်းသွားသလားတော့မသိ။ ဒါပေမယ့် ပြဿနာရှိနေတုန်း ပြဿနာ ဟောင်းကို ထပ်ဆွသလိုဖြစ်လာတာက သည်းခံနိုင်စွမ်းကိုကုန်စေ၏။ လွန်ခဲ့ သော သုံးနှစ်ကျော်က ကြွင်းကျန်ရစ်ခဲ့သမျှ ခြေရာတိုင်းဟာ ဆောင်းနှင်းပန်း ချီကားတစ်ချပ်လို မှုန်ဝါးလုပနေတာလည်း မဟုတ်.. ။

နွေဦးကာလမှာ ကြွင်းကျန်ရစ်သည့် ဆောင်းရဲ့ခြေရာမြေပက်ကြား တွေလိုလည်း လွမ်းမောဖွယ်မမြင်။ အတိတ်ကိုခဏတဖြုတ်လေးလည်း သတိ မရချင်။ အိမ်မက်ထဲမှာ ပါလာတိုင်းလည်း ဒေါသထွက်ရ စိတ်ပျက်ရ.. ။

ပင့်သက်ရှိုက်ရင်း မျက်နှာမော့လိုက်မိပြန်ကာ ဆေးရုံကဆင်းဖို့ပြင် ဆင်နေကြသူတွေအနားမှာပဲ ဆောင်းမျက်နှာတစ်ရေးအိပ်ပျော်ခြင်းသို့ ရောက် လေသည်။

ထိုအခါသူရဲ့စိတ်တို့သည် ပစ္စုပ္ပန်မှ အတိတ်လွင်ပြင်သို့ မနားမနေ ခရီးနှင်ပြန်လျက်.. ။

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃၀)

စိတ်ကလေသနေမိကာ ခြေလှမ်းတွေကိုလည်း တက်နိုင်သမျှမြန်အောင် လှမ်းထားရင်း ငြိမ်း City Mart ထဲကထွက်သည်။ ပိုက်ဆံရှင်းတာတောင် Casherတွေတုံ့နှေးနှေး လုပ်ကိုင်နေတာကိုပြန်တွေးလေ ဒေါသထွက်နေမိ လေ.. ။

နာရီကြည့်လိုက်တော့ ချိန်းထားသည့်အချိန်က နီးနေပြီဖြစ်၏။ ထိုစဉ် ဖုန်းဝင်လာလျှင်.. ။

"ဟလို.."

"......... ......."

"ဟုတ်ကဲ့ဆရာ..သမီးသွားလိုက်ပါ့မယ်၊ နောက်နာရီဝက်လောက်ဆို ရောက်သွားမှာပါ..အဲ့ဒါလည်း..အဲ့.."

"ဘုတ်..ဒုတ်.."

လူတစ်ယောက်နှင့် ပခုံးတစ်ခြမ်းချင်း တိုက်မိသွားကာ ပြောနေသည့် ဖုန်းလည်း လွတ်ကျသွားလျက် ဆွဲလာသည့်အိတ်တွေလည်း ပြုတ်ကျ ဖိတ်စင်ကုန်လေသည်။

"ဆောရီး.."

"ဒီလောက်ပဲ နမော်နမဲ့ရှင်.."

"မင်းလည်း ပျာတိပျာယာဖြစ်လာတာပဲလေ.."

ဟင်.. ။

အသံကြောင့် ကိုယ့်အိတ်တွေကိုင့်ကောက်နေရာမှ မော့ကြည့်လိုက်မိ၏။ အဖြူရောင်တီရှပ်နှင့် ဘောင်းဘီရှည်အဖြူဝတ်ထားသော မိုးဆက် လေ.. ပါးပြင်တွေကပါ ပန်းနုရောင်သမ်းနေကာ နှုတ်ခမ်းသားတို့က နီနေ လို အညိုရောင်သမ်းနေသလိုလို.. ။

မျက်နှာတစ်ပြင်လုံး ဝင်းမွှန်နေသည်။ ထို့ပြင် လည်ပင်းမှာခြေ ကောင်လို ရစ်ပတ်နေသော ပလက်တီနမ်ကြိုးလုံးက မှောင်လဲ့ထွ ငြိမ်း မျက်နှာလေး တည်သွားသည်။ ဒီလူကိုမြင်လိုက်ရတိုင်း လည်ပင်း ကြိုးတိုကြိုးရှည်တွေ ပြီးတော့လက်မှာစုထပ်ညပ်နေသည့် လက်ပတ်


www.burmeseclassic.com

www.burmeseclassic.com


ချိန်းတွေ..၊

ယောက်ျားမတ်မယ့် လက်ဝတ်လက်စားတွေ ဒီလိုမက်မက်စက်စက် ဝတ်တတ်တာ သူမကတော့ အထင်မကြီးပါ.. ၊

"ရှင်တမင်ဝင်တိုက်ချတာတော့ မဟုတ်ပါဘူးနော်.."

"အဲ့လို ဘာလို့ထင်လိုက်တာလဲ..မင်းပဲအရင်ဖြေပါ.."

သူ့ဆီကမေးခွန်းပြန်ထွက်လာမှ သူမမေးလိုက်မိတာမှားပြီလို့ တွက် မိသည်။ ဆောင်းမျက်နှာနဲ့စကားပြောတိုင်းလည်း ကိုယ်ကမေးတိုင်း သူပြန် မေး လိုက်တာတွေကြောင့် ပြောဖို့အစီကစကားရပ်တွေက ဟိုရောက်ဒီ ရောက်.. ၊

မိုးဆက်လေဆိုရင် ပိုဆိုးမည်သာ။ ဒီလူ့ကို ဟိုတစ်ခါဆောင်းမျက်နှာ KTV မှာရှိနေကြောင်း သူမသိအောင် တမင်လုပ်ပြလိုက်တည်းက ယုံကြည်မှု မရှိတော့တာ ဖြစ်သည်။ တကယ်တမ်းဆောင်းမျက်နှာက ပွေရှုပ်နေတာ ဆိုရင်တောင် ချစ်ရတဲ့သူကတော့ ခွင့်လွှတ်ဖို့သာ ရှာဖွေစဉ်းစားမှာဖြစ်သည်။

သူမ ဆောင်းမျက်နှာကိုချစ်နေမိသည်။ သူမေးလာရင် ခေါင်းညိတ် ပေးဖို့လည်း ပြင်ဆင်ပြီးသားပါ၊ ထိုပြင်ဒီအရွယ်နဲ့ အောင်မြင်နေတဲ့စီးပွား ရေး လုပ်ငန်းရှင်လူရွယ်တစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ရဲ့ စိတ် ကူးထဲက မင်းသားလေးလို သန့်စင်ကောင်းမွန်မနေနိုင်ဘူးဆိုတာလည်း သူမနားလည်သည်။

ထိုထိုသောအကြောင်းများကြောင့် ဆောင်းမျက်နှာနဲ့သူမကြားမှာ ပဋိ ပက္ခတွေဖန်တီးပေးခဲ့သည့် မိုးဆက်လေဆိုသူကို သူမမယုံကြည်နိုင်တော့ ပေ..၊

"ရော့.."

မိုးဆက်လေနဲ့ဆက်လက်မပြောတော့ဖို့ ကိုယ့်ပစ္စည်းတွေကို ပြန် ကောက်ပြီး ထထွက်ခဲ့လျှင် ရှေ့မှာဖျတ်ခနဲ ပိတ်ရပ်ထားလိုက်ပြီး မျက်နှာရှေ့ ထိုး ကမ်းပေးလာတာသူမဖုန်း.. ၊

မျက်လုံးချင်းဆုံလိုက်တော့ မိုးဆက်လေက မတည်မပြုံးကြည့်လျက်၊

"မင်းကို ကန်းနေတယ်လို့ ဘယ်သူမှမထင်ပါဘူး..ဖုန်းကခပ်လှမ်း လှမ်းထိ လွင့်သွားတာ.."

"ရှင်ရိုင်းလှချေလား မိုးဆက်လေ.."

ဖုန်းကို ဖျတ်ခနဲဆွဲယူကာ ဒေါသဖြစ်မိတာ တက်ခေါက်မိမတတ်..၊


www.burmeseclassic.com

www.burmeseclassic.com


"ရှင့်လိုလူကို သခင်တစ်ပါးလိုကပ်တွယ် ကိုးကွယ်နေတဲ့ဆောင်းချ
နှာကို ကျွန်မငြင်းလိုက်မိတာ နောင်တမရတော့ဘူး..သူတော်ချင်းချင်း
သတင်း လွှေလွှေ့တဲ့.."

"ဒါဆို စေ့စပ်ပွဲကိုမင်းကိုယ်တိုင် ဖျက်လိုက်တာသေချာတယ်ပေါ့.."

"သိပ်ဟုတ်တာပေါ့..ရှင့်လိုလူနဲ့ ချိန်ခွင်တစ်ဖက်စီ အလေးတင်ပြီး
ရွေးချယ်မခံချင်လို့လေ.."

"ဘယ်လို.."

မျက်မှောင်ကုတ်သွားတော့ ငြိမ်းကမဲ့လိုက်ကာ.. ၊

"ရှင်တွေးကြည့်ပေါ့.."

"ခဏ.."

မိုးဆက်က သူမလွယ်ထားသည့် အိတ်ကိုဖမ်းဆွဲထားလိုက်သဖြင့်
ဒေါသက ထောင်းခနဲဖြစ်သွားကာ.. ၊

"ရှင် ဘာလုပ်နေတာလဲ.."

"ငါကတွေးကြည့်တာတွေ ဝါသနာမပါဘူး..မင်းဆီက တစ်ခုပဲသိချင်
တယ်၊ ကာလာက မင်းကိုမပြတ်ဘူး.."

"ကျွန်မကပြတ်တယ်..မပြတ်လည်း ပြတ်တယ်၊ အဲ့ဒါရှင့်ကြောင့်ပဲ
ဘာမရှင်းတာ ရှိသေးလဲ.."

မိုးဆက်မျက်နှာ တင်းသွားသည်။ ပြီးတော့ တစ်ချက်မဲ့၏။

"မင်းသတ္တိကိုတော့ ချီးကျူးတယ်ငြိမ်း..ဂွတ်ဒ်လပ်ခ်.."

ပြောပြီး သူပဲအရင်ထွက်လာခဲ့သည်။ ကိုယ့်ရှေ့ကထွက်သွားတာကို
ငြိမ်းခဏတော့ ရပ်ကြည့်နေလိုက်သည်။ ပြီးမှအထွက်ပေါက်ကနေ
နာရီကြည့် ရင်း ခပ်သုတ်သုတ် ထွက်လာခဲ့လျှင်.. ၊

"တီ..တီ.."

"ဟော့.."

အချက်ပေးသံ ထမြည်သွားတာ ကိုယ့်ကိုယ်ကိုသတိမထားမိလိုက်ခင်
လုံခြုံရေးနှစ်ယောက် သူမနောက်ပြေးလိုက်လာမှ.. ၊

"ဟိတ်..ခဏလောက်.."

"ရှင်.."

"အစ်မအိတ်ထဲမှာ ပိုက်ဆံမရှင်းရသေးတဲ့ ပစ္စည်းတစ်ခုပါသွား
တယ်.."


www.burmeseclassic.com

www.burmeseclassic.com


"အို..မဟုတ်တာရှင်.."

ရှက်စိတ်မွှန်ကာ ကိုယ့်အိတ်တွေကို လက်လွှဲရှောင်လိုက်ပြီးမှ ကမန်းကတန်း ပြန်ထိုးပေးရင်း.. ၊

"အဲ့ထဲမှာဘောင်ချာတွေ ပါပါတယ်..စစ်ကြည့်.."

စစ်ကြည့်လိုက်တာနှင့် လုံခြုံရေးလက်ထဲမှာ eye linerဘူးလေးတစ်ဘူး ပါလာ၏။

ဒါ..ဒါဘာလဲ၊ သူမဒီဘူးကို ဘာဘူးမှန်းတောင် မသိပေ.. ၊

"မင်း ပြန်လိုက်ခဲ့ပါ.."

"အဲ့ဒါ ကျွန်မထည့်ခဲ့တာ မဟုတ်ဘူး.."

သူမငြင်းလိုက်ရင်း မျက်လုံးကတစ်နေရာ ရောက်သွားလျှင် ပါကင်မှာ ကားကိုခပ်နွဲ့နွဲ့လက်ပိုက်မှီရပ်ရင်း အေးဆေးရပ်ကြည့်နေသည့် မိုးဆက်ကို မြင်လိုက်ရ၏။ သူမမြင်သွားတာ သေချာမှ မိုးဆက်ကခပ်ထေ့ထေ့ပြုံးကာ လက်ညှိုးနဲ့လက်မကို သူမဆီသေချာချိန်၍ သေနတ်ပစ်သလို လုပ်ပြသည်။

ပြီးမှရယ်ရင်း ကားထဲဝင်သွားသည်။ငြိမ်း အသားဆတ်ဆတ်တုန်လေသည်။

လူယုတ်မာ.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃၁)

"ဟက်ချိုး..'

"နာတွေချေလုချေလား..မင်းဖျားနေတာလား.."

"မင်းကရော.."

ပြန်မေးတော့ လည်ချောင်းထဲက ယားကျိကျိကြောင့် တံတွေးမျို ပြုံးလိုက်မိသည်။ တစ်ခုခုပြောမယ် ပြင်ကာမှ.. ၊

"အဟွတ်..အဟွတ်.."

"တွေ့လားကာလာ..မင်းတစ်ယောက်တည်း ကျန်ခဲ့ကာမှ ဖျားနေ လား..ကြည့်လုပ်ဦး.."

အရေးကြီးအလုပ်ကိစ္စရှိနေသဖြင့် ညဆယ်နာရီထိုးနေကာမှ ဖုန်း မိကြရင်း နှစ်ယောက်စလုံးမှာ နှာစေးချောင်းဆိုးတွေ ဖြစ်နေကြပြီး ကောင်းကောင်းပြောလို့မရ.. ၊

"ဟက်ချိုး..အား အဟမ်း ကာလာမင်းရဲ့လား..ငါလာခဲ့ရမလား"

"ဟက်ချိုး အားလို့အော်နေရတဲ့လူက မင်းရဲ့လားတဲ့..ရယ်ရ ကွာ..ဟား ဟား အဟွတ် အဟွတ်.."

"ဟား..ဟား ဟက်ချိုး.."

တစ်ယောက်ကိုတစ်ယောက် လှောင်ဖို့ကြိုးစားရင်း ချောင်းဆိုး သံတွေနှင့် ရယ်သံတွေလုံးထွေးနေခဲ့သည်။

"ခွေးကောင်မေးလိုက်ရင် ပြန်ပြန်မေးတယ်..ငါကတစ်ယောက်တည်း နေလာတာ ဟိုကမ္ဘာဦးအစတည်းက..မင်းက.."

"တော်စမ်းပါမိုးဆက်ရာ..ငါးဖယ်က ငါးပတ်ကိုအရိုးများတယ် နေသလိုပဲ၊ အလုပ်ပင်ပန်းသွားတိုင်း ခရီးဝေးတစ်ခါထွက်ပြီးတိုင်း ဖျား ဘယ်သူလဲ.."

ဆောင်းမျက်နှာက ပြောပြီးရယ်ကာ.. ၊

"ငါ့ချောင်းက မနက်တည်းကဘာဖြစ်မှန်း မသိဘဲ အော်ဆိုး ဆိုးနေတာ.."

"ငါလည်း အော်တိုမစ်တစ် ချေနေတာကွ.."


www.burmeseclassic.com

www.burmeseclassic.com


"ဟား ဟား ဟား.."

"ဟော့ကောင်..အဲ့ဒီအသံကြီးနဲ့ ရယ်မနေစမ်းနဲ့၊ အိမ်ချင်းသိပ်မဝေးဘူး နော်.."

"အဲ့ဒီတော့ ဘာဖြစ်လဲ.."

"မင်းမျက်နှာကြီးကို ကိုယ်တိုင်ကိုယ်ကျ ပြေးထိုးချင်စိတ်ပေါက်လာ နိုင်တာပေါ့ကွ.."

"မလာပါနဲ့..မင်းလုပ်စရာရှိတာတွေလည်း ဝိုင်းကူမပေးနိုင်ဘူး၊ ငါက အခု အိပ်တော့မှာ.."

"ငါလည်း မလုပ်ဘူးအိပ်မှာ.."

"မရဘူးဟော့ကောင်..မင်းအဲ့ဒီပရော့ဂျက်ဖိုင်ကို ဒီညအပြီးစစ်ပြီးမှ.."

"မလိုဘူး..ကိုယ်လုပ်ချင်တာ ကိုယ့်အခွင့်အရေးပဲ.."

မိုးဆက်က ပြောပြီးတာနှင့် ဖုန်းချသွားသည်။ ဝရန်တာမှာ ရပ်နေရင်း ဖုန်းကိုပြန်ကြည့်ပြီး ရယ်လိုက်မိသည်။ ပြီးတော့ တစ်နေကုန်ကောင်း ကင်းကောင်းရက်နဲ့ ညရောက်မှပိန်းပိတ်အောင် မှောင်နေသည့်မိုးကောင်းကင် ကြီးကို မော့ကြည့်ကာ အိမ်ထဲပြန်ဝင်မလိုပြင်ကာမှ ဖုန်းဝင်လာ၏။

ဘယ်သူ့ဆီကလဲ.. ။

နာမည်မပါသောနံပါတ်ကို ပြန်ကြည့်မိသေးသည်။ ဖုန်းကျခါနီးမှ ကိုင်လိုက်မိကာ.. ။

"ဟလို.."

"ငြိမ်းဆီက ဖုန်းဖြစ်မှာစိုးလို့ တော်တော်စဉ်းစားနေရတာလားကို ဆောင်း.."

"ငြိမ်း.."

"ဟုတ်တယ်..ငြိမ်းအဲ့ဖုန်းကို မုန်းလွန်းလို့ထုချေပစ်လိုက်တာ ဆင်း ကဒ်ပါပါသွားလို့.."

သူမအသံက ပြောနေရင်းတုန်ခါအက်ရှလာသဖြင့် ဆောင်းမျက်နှာ အံ့ သြနေမိသည်။

"မင်းဘာကိုပြောချင်တာမှန်း ကိုယ်မသိဘူး..ဒါပေမယ့် မင်းဆီကဖုန်း ကို မကိုင်ချင်ရလောက်အောင် ကိုယ့်ဘက်မှာဘာမှမရှိဘူးနော်ငြိမ်း၊ ကိုယ်မင်း ကို ဖုန်းဆက်တယ်..မကိုင်တာကမင်းပဲ.."

"ဟုတ်တယ်..အဲ့လိုလုပ်လိုက်တာ ငြိမ်းလွန်သွားသလား၊ ကိုယ်နဲ့


www.burmeseclassic.com

www.burmeseclassic.com


လက်ထပ်မယ့်ယောကျ်ားက သူများယောကျ်ားဖြစ်နေတာကို သိလိုက်ရ
မိန်းမတစ်ယောက်က ဘယ်လိုဥပေက္ခာတရားနဲ့ ပြုံးနေနိုင်မှာလဲ..”

“ဟုတ်တယ်..ဒါပေမယ့် ကိုယ့်ဘက်ကရှင်းပြတာကိုတော့ မင်း
ထောင်ပေးသင့်တယ်လေ၊ မင်းနဲ့ကိုယ်စေ့စပ်ဖို့ အခြေအနေမှာပဲ ဒီလို
အဆင်မပြေဖြစ်ရတာ နှစ်ခါရှိပြီ..ကိုယ်တို့ချင်း ဒီလောက်ထိယုံကြည်မှု
ကြရင်..”

“ဒါကြောင့် ရှင်ကငြိမ်းကိုအပြစ်ပေးခိုင်းလိုက်တာပေါ့..”

“ဘာပြောတာလဲ..”

“ကိုယ့်ခွေးကကိုက်တတ်မှန်း သိရက်နဲ့ ရှူးတိုက်တာတော့ မကောင်း
ပါဘူးကိုဆောင်းရယ်..ရှင်တို့က ယောကျ်ားတွေဖြစ်ပြီး မိန်းမတစ်ယောက်
ပေါ် ဒီလောက်ထိအငြိုးထားပြီး တုံ့ပြန်တာအရမ်းအောက်တန်းကျ လွန်း
တယ်..”

“မင်းဘာတွေပြောနေတာလဲငြိမ်း..ကိုယ်ဘာပြောလဲဆိုတာ နည်းနည်း
တော့ မင်းသတိထားသင့်တယ်ထင်တယ်..”

“သြော်..သြော်..”

“အောက်တန်းကျတဲ့လူက ကျရဲရင်တောင် အောက်တန်းကျပါတယ်
လို့ စွပ်စွဲတဲ့လူမှာ ပိုပြီးတာဝန်ကြီးတယ်..”

ဆောင်းမျက်နှာအသံက မာကြောပြတ်သားလာခဲ့လျက်.. ၊

“အဲ့ဒီအပြစ်ကိုပြောချင်ရင် မင်းဘက်ကအကြောင်းအကျိုးနှစ်ရပ်စလုံး
ကို ပြနိုင်ဖို့လိုတယ်..အခုမင်းကို မေးမယ်၊ ကိုယ်မင်းကိုအောက်တန်းကျ
ဘာကျူးလွန်ခဲ့လဲ..”

“ရှင့်မိုးဆက်လေက ရှင့်အရိပ်ပဲလေ..ကျောသားရင်ခြားခွဲခြားလို့
တဲ့ ရှင်တို့နှစ်ယောက်အတူတူပဲ..”

“ဒါဖြင့် မင်းကကိုယ်တို့နှစ်ယောက်စလုံးနဲ့ စေ့စပ်မှာလား..”

“ရှင့်..”

“မိုးဆက်ကမိုးဆက်..ဆောင်းမျက်နှာကဆောင်းမျက်နှာပဲ၊ မင်းသူ့
ကြောင်း ဘာဖြစ်ဖြစ်ပြောလို့ရတယ်..သူရဲ့ပြုလုပ်ချက်တိုင်းက ငါပဲလို့
လိုက်တာ အရမ်းများသွားပြီ..”

ငြိမ်းဘက်က အသံခဏတိတ်သွားသည်။ ပြန်ပေါ်လာတော့ ရှိုက်
သံ့သံ့နဲ့အတူဖြစ်လျက်.. ၊


www.burmeseclassic.com

www.burmeseclassic.com


"သူပြောတာပဲ..ရှင့်ကိုပြန်လက်ခံဖို့ သူလာပြောတာ၊ အဲ့ဒါကိုငြိမ်းက ...တ်မခံဘူးပြောလိုက်လို့ city martထဲမှာ.."

မိန်းကလေးတစ်ယောက် ငိုယိုတိုင်တန်းနေသည့် အသံကိုနားထောင် ...ရတာ ကိုယ့်ကိုယ်ကိုတိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်ရတော့မလား သူမဆီကို ...သွားပြီးပဲ ဒူးထောက်တောင်းပန်ရမှာလား.. ၊

မှားတာကတော့ မှားနေခဲ့သည်။ ဒါပေမယ့် ဒီအမှားကိုသူကျူးလွန် ...တာ မဟုတ်.. ၊

"ဆောရီးငြိမ်း...အဲ့ဒီလိုကိုယ်ဖြစ်စေချင်ခဲ့တာ မဟုတ်ဘူးဆိုတာယုံပါ၊ ...င်းနဲ့ငြိမ်းချမ်းရေး ပြန်ရဖို့ ကိုယ်ဖြေရှင်းတာမဟုတ်ဘူး..ကိုယ်အဲ့လိုလူမ ...တ်ဘူးဆိုတာပဲ ပြောချင်တာ.."

ငြိမ်းကို သူထပ်ရှင်းပြခဲ့သလား..သူမဘက်က ဘယ်လိုပြောဆိုကျန် ...ခဲ့သလဲ။ ဘာကိုမှမမြင်တော့ဘဲ မိုးဆက်လေဆီသူ့ချက်ချင်း ထွက်လာခဲ့ ...ည်။ ထိုအချိန်မှာ မိုးစက်တို့တဖြောက်ဖြောက် ကျဆင်းလာခဲ့ကြလေ ...ည်။

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃၂)

ပ

ခြံစောင့်က တအံ့တဩကြီးကြည့်ပြီး နှုတ်ဆက်သည်။ အိမ်ရှေ့ရောက်တော့ ဘဲလ်နှိပ်လိုက်တာနှင့် မိုးဆက်ကတံခါးနားရောက်လာပြီး ရယ်ကျဲကျဲမျက်နှာဖြင့်.. ၊

"လာမယ်ဆိုလည်းကြိုပြော ငါတို့လမ်းက လှုပြတ်တယ်ကွ.."

သိချင်းဆိုပြသလိုလို ရယ်စရာပြောသလိုလိုနှင့် တံခါးဖွင့်ရင်း.. ၊

"ငါမင်းဆီခုပဲ ဖုန်းဆက်တော့မလို့..ငါ့ဦးလေးက ငါနဲ့လာနေမလို့တဲ့ လာလည်းလာဦးမှပဲ ရှယ်ယာတွေထည့်ထားပြီး ငါ့ကိုပစ်ထားတာ ဘာလောက်ကြာပြီလဲ.."

သူဝင်လာခဲ့တော့ မိုးဆက်ကတံခါးပိတ်ရင်း စကားတွေပြောနေပြီးမှနောက်က ဝင်လိုက်လာရင်း.. ၊

"အလုပ်လုပ်ဖို့လာတာ မဟုတ်ဘူးလား..ဘာမှလည်း ပါမလာဘူး.."

"ဟုတ်တယ်..လက်ချည်းပဲလာတာလေ၊ လက်နဲ့ရှင်းရမယ့်ကိစ္စလည်းဖြစ်နိုင်လို့.."

"ဘာ.."

ညှိခန်းဆီလျှောက်သွားနေပြီး ဆိုဖာတွေနားရောက်မှ ရပ်လိုက်ပြီး မိုးဆက်နဲ့မျက်နှာချင်းဆိုင် ပြန်လှည့်လိုက်သည်။ သန်းခေါင်ယံမဟုတ်သေးပေမယ့် ညဉ့်နက်နေပြီဖြစ်ကာ မိုးဆက်ကခြေသလုံး တစ်ဝက်ထိရှည်သော ညအိပ်ဝတ်ရုံဖားဖားကြီးကို ဝတ်ထား၏။

ဆောင်းမျက်နှာက ပုဆိုးနဲ့စွယ်တာလက်ရှည်နဲ့ပဲဖြစ်ကာ.. ၊

"ငြိမ်းကို မင်းဘာလုပ်လိုက်တာလဲ.."

မိုးဆက်ရဲ့ပြုံးယောင်သမ်းနေဆဲ မျက်နှာကွက်ခနဲပျက်သွားသည်။ ခဏလေးပဲဖြစ်ကာ မျက်ဝန်းတို့သည် ဂရုမစိုက်သော မထိတထိအကြည့်များ ဖြစ်လာခဲ့ပြီး.. ၊

"လုပ်လို့ရရင်တော့ ဒီလောက်နဲ့ဘယ်ကျေနပ်မလဲကွ.."

"ငါမေးတာ မင်းသိတယ်ပေါ့.."

"သိတယ်..ခုန ငါနဲ့ဖုန်းပြောပြီးပြီးချင်း သူကိုယ်တိုင်ကြီးချက်ချင်း


www.burmeseclassic.com

www.burmeseclassic.com


ခင်ကြောထူလိုက်ပြီဆိုတာလည်း သိတယ်.."

"သူဘယ်လိုပုံစံနဲ့တိုင်လည်းဆိုတာ အရေးမပါဘူး..ငိုကြီးချက်မဖြစ်သွားတဲ့အထိ မင်းလုပ်လိုက်တာ ဟုတ်သလားလို့ မင်းပါးစပ်ကဖြေတာကြားချင်တယ်.."

"မဟုတ်ဘူးဆိုရင်ရော.."

"မင်းတမင်လုပ်တာ မဟုတ်ဘူးဆိုရင် သူထင်သွားလောက်စရာ ဘယ်လိုတိုက်ဆိုင်ခဲ့တာလဲ မင်းပြောနိုင်ရမှာပေါ့.."

"ပြောတော့ရော မင်းယုံမှာမို့လို့လား..မင်းငါ့ကိုထိုးဖို့ လက်သီးဆုပ်ပြီးရောက်လာခဲ့သေးတာ.."

"ယုံကြည်ဖို့ အဆင်သင့်ပဲမိုးဆက်..နားလည်မှုနဲ့ လက်တွဲခဲ့ကြတဲ့သူငယ်ချင်း ဖြစ်ပျက်တစ်ခုပေါ်မှာ ကောက်ချက်ချပြီး ကျောခိုင်းလိုက်ကြဖို့ထိ မလိုဘူး..ကြောက်စရာကောင်းတဲ့ တိုက်ဆိုင်မှုတွေဖြစ်တတ်တယ်ဆိုတာ ငါနားလည်တယ်.."

မျက်လုံးထဲကို စိုက်ကြည့်ပြီးပြောနေခဲ့ရင်း.. ၊

"ပြီးတော့ ငါ့ဘေးမှာရှိနေတဲ့ ယောကျ်ားတစ်ယောက်က ဒီလိုမိန်းမမျိုးမိန်းမရ ညစ်တီးညစ်ပတ်အကြံညဏ်တွေ သုံးမှာမဟုတ်ဘူးလို့ ငါယုံကြည်တယ်.."

"ဟား ဟား ဟား ဟား.."

ညဦးနက်နက်မှာ ရယ်သံက ဟိန်းထွက်သွားသည်။ တစ်ပြိုင်တည်းမှာခေါက်သံတွေကိုလည်း ကျယ်လောက်စွာကြားလိုက်ရလေသည်။

"ကာလာ..မင်းငါ့ကိုဘယ်လို ကောင်စားပါလို့ပြောဖို့လာတာပဲ၊ လုပ်ပါ..ဝါကျအပိုတွေ မလိုပါဘူး၊ ယောကျ်ားပဲကွ.. ဒဲ့ရှင်းလို့ရပါတယ်.."

ဆောင်းမျက်နှာက သူ့မျက်နှာကိုတည့်တည့်ကြည့်ပြီး ခေါင်းခါ၍..၊

"မဟုတ်ဘူး..အဲ့ဒီလိုစကားပရိယာယ်တွေနဲ့ ပတ်ချိတ်တာတွေ ငါမသုံးဘူး၊ မင်းကိုငါဒီထိလာမေးနေတာ မင်းဆီက တစ်ခုခုဖြေရှင်းမှာကိုသိချင် လို့..မဟုတ်ရင် ဘာလာစရာလိုလို့လဲ.."

မိုးဆက်မျက်နှာက မီးရောင်ဖွေးဖွေးအောက်မှာ တဖြည်းဖြည်းပြင်းရှင်ရင့်လာသည်။ အံကြိတ်ပြီဆို သိသာသွားတတ်သည့် နှုတ်ခမ်းဘို့ကခင်းတင်းစေ့ပိတ်လျက်.. ၊

"စိတ်မကောင်းစရာပဲကာလာ..မင်းလိုချင်တာ ငါမပေးနိုင်ဘူး.."


www.burmeseclassic.com

www.burmeseclassic.com


စကားသံသည် သွားကြားစေ့သံလို တိုးလျှပြတ်သားနေကာ..၊

"ငါတမင်လုပ်လိုက်တာ.."

ဆောင်းမျက်နှာရဲ့မျက်လုံးတွေ စူးစူးရဲရဲဖြစ်သွားသည်။ မိုးဆက်က မျက်နှာလွှဲလိုက်ပြီးမှ ခပ်ရိရိပြုံးကာ..၊

"ဆင်ခြင်ဉာဏ်မဲ့တာကို ငါမုန်းတယ်.."

"မင်းကတော့ ဆင်ခြင်ဉာဏ်တွေ ကြီးမားနေတယ်ပေါ့.."

"ငါ့မှာမရှိတာတွေ သူများမှာမြင်ရရင် မုန်းတယ်.."

"မင်းမှာမရှိတာတွေ သူ့မှာရှိမှာပဲလေ..သူကမိန်းမပဲ၊ မင်းကမိန်းမ ယောက်နဲ့ပြိုင်ပြီး အနိုင်ရဖို့ကြိုးစားနေတာလား.."

သူ့ရှေ့ထပ်တိုးမိကာ..၊

"ပြောစမ်းပါ..မင်းနိုင်တယ်၊ သူအရှက်ကွဲပြီးငိုသွားရတယ်..အဲ့ဒါ ပျော်လား.."

"မင်းမပျော်ဘူးမို့လား ကာလာ..မင်းစိတ်ဆင်းရဲနေရတာရော တ လား၊ မင်းမလုပ်တဲ့ ပြဿနာရပ်အတွက် ဖြေရှင်းခွင့်လည်းမပေးဘဲ ဖက်သက် ဆုံးဖြတ်ချက်တွေချနေတယ်.."

"ဟ..သူကမိန်းကလေးလေ၊ စိတ်ကောက်မယ် သဝန်တိုမယ် မိန်း မို့မိန်းမအလုပ်လုပ်တာ ငါကဘာဖြစ်စရာရှိသလဲ..ဘာမှမဖြစ်လို့လည်း ငါထပ်မကြိုးစားတာ၊ ဒီမှာမိုးဆက် သူထင်သလိုဆုံးဖြတ်လိုက်တယ် ငါ ရှင်းပြခွင့် မရဘဲ ကျန်ခဲ့ရတယ်..သူပျော်နေမယ်လို့ မင်းထင်သလား.."

"မင်းမပျော်ဘူးဆိုတာတော့ ငါမြင်တယ်.."

"အေး..အဲ့ဒါ ငါအသည်းကွဲတာမဟုတ်ဘူးလို့ မင်းကိုပြောပြီးသား သူ့ဆုံးဖြတ်ချက်မှားသွားတယ်ဆိုတာ သူ့ဘာသာသိရင် ငါကလည်း ရှင်းတော့ရင် သူ့အမှားက သူ့ကိုဒဏ်ခတ်မှာ..ငါဘာမှတုံ့ပြန်ဖို့ မလိုဘူး မင်း သူ့နောက်တမင်လိုက်ပြီး.."

"ငါတမင်လိုက်တာ မဟုတ်ဘူး.."

"မရတော့ဘူးမိုးဆက်..မင်းကိုရှင်းစမ်းပါဆိုတုန်းက မင်းမရှင်းခဲ့ဘူး ငါ့ရဲ့ယုံကြည်မှုက အဲ့ဒီလောက်ပဲ ခိုင်ခဲ့တာထင်တယ်..မင်းကိုငါခွင့်မလွှတ် ဘူး.."

"ငြိမ်းမျက်ရည်ကျရတဲ့အတွက် သိပ်ကိုဖောင်းသွားတယ်ပေါ့.."

"မဟုတ်ဘူး.."


www.burmeseclassic.com

www.burmeseclassic.com


စေ့စေ့ကြည့် ခေါင်းခါပုံက တခမ်းတနားရှိလျက်.. ၊

"ငြိမ်းမျက်ရည်ကျရတဲ့အတွက် မဟုတ်ဘူး..မိန်းမတစ်ယောက်မျက်ရည် ကျအောင် လုပ်ခဲ့တဲ့ မင်းရဲ့အကြောင်းအရင်းအတွက်ပဲ၊ ဒီလိုတုံ့ပြန်တတ် တဲ့ အကျင့်ကို ငါလုံးဝမကြိုက်ဘူး.."

ဆောင်းမျက်နှာက အေးစက်သောအကြည့်တို့နှင့် နောက်ဆုတ်ရပ်လိုက်သည်။ ပြီးမှ.. ၊

"အလုပ်ကိစ္စတွေနဲ့ မပတ်သက်ဘူး..ဒါပေမယ့် မင်းဘက်မှာအဆင်မပြေတော့ရင် ကြိုက်သလိုဆုံးဖြတ်လို့ရတယ်.."

ပြောရင်းလှည့်ထွက်လာခဲ့သည်။ နောက်ပြန်မကြည့်ပေမယ့် လက်မြှောက်ပြပြီး စကားတွေဆိုလျက်.. ၊

"မင်းဦးလေးရောက်လာရင်လည်း ပြောပြလိုက်..ငါ့ဘက်က 'အန်းနီးထိုင်းမ်' ပဲ.."

အပြင်ထွက်လာတော့ မိုးတွေသည်းသည်းမည်းမည်းရွာချနေသည်။ ထီးဘာဖွင့်လိုက်ပြီး မောင်းထွက်လာခဲ့သော်လည်း ခြံပြင်မရောက်ခင်ကားက ထိုးရပ်သွားသည်။

ဘယ်လိုနှိုးနှိုးမရတော့လျှင် ကားထဲမှာကြာမြင့်စွာထိုင်နေမိ၏။ သူ့ကားမီးကြောင့် ခြံစောင့်ကလည်း ထီးဆောင်းပြီးတံခါးပြေးဖွင့်ထားပေးသည်။ ခဏတော့ အနားရောက်လာကာ.. ၊

"လူလေး ကားပျက်သွားတာလား.."

သူမဖြေနိုင်သေးဘဲ နောက်ထပ်ပြန်နှိုးလိုက်တော့ စက်ကနှိုးသွား၏။ ထိုအခါကျမှ မှန်ချကာ.. ၊

"ရပြီဦးကျော်..သွားမယ်.."

မှန်ချလိုက်သဖြင့် မိုးစက်တွေစင်လာသောကြောင့် ကမန်းကတန်းမောင်းထွက်လာခဲ့သည်။ သို့သော်.. ၊

"ဒုတ်..ဒုတ်.."

"ဟား..ကျွတ်.."

လမ်းမပေါ်တက်ခါနီးမှ ကုန်းတက်သေးသေးလေးမှာ ထိုးရပ်သွားပြန်သည်။

"တောက်..တစ်ခါမှမပျက်ခဲ့ဘူးဘဲနဲ့.."

ကားတော့ပျက်ဖူးပေမယ့် ဒီကားနဲ့ဒုက္ခများရတာ ဒါပထမဆုံး။


www.burmeseclassic.com

www.burmeseclassic.com


ကြည့်လိုက်တော့ မိုးကသည်းနေလျက် လမ်းမပေါ်မှာလည်း ကား... ကျဲနေ၏။ လမ်းဆင်းလျှောက်သွားရအောင် တက္ကစီကိုဘယ်ထိလို... ရမည် မသိ။ ရမည်မရမည်လည်း မသေချာ..။

ဒီတိုင်းထိုင်နေဖို့လည်း မဖြစ်နိုင်။ သူဘာလုပ်ရမှန်းမသိအောင်... ပျက်နေစဉ် နောက်ကနေကားမီးတန်းထိုးလာတာကို သတိထားမိ... သည်။ ဘာကြောင့်မှန်းမသိဘဲ မိုးဆက်ထွက်လိုက်လာတာလားလို့... လိုက်မိသေးသည်။

ဒါပေမယ့်မဖြစ်နိုင်ခြင်းဖြင့် ထိုအတွေးကိုဖျက်၍ ဝပ်ခ်ရှော့ပ်ဖုန်း... ရှာနေမိ၏။ ကားသည် သူ့ကားဘေးမှာ ထိုးရပ်သွားပြီး မိုးဆက်တ... ဆင်းလာကာ..။

"ကားပျက်နေပြီမို့လား..ငါ့ကားမောင်းသွားလိုက်.."

သူမှန်ချလိုက်သည့်ကြားလေးမှာ မျက်နှာကပ်ပြောလိုက်ပြီး မိုး... ကပြန်လှည့်သွားသည်။ ထီးဆောင်းထားတာမြင်ပေမယ့် ဆောင်းမျ... စိတ်မကောင်းဖြစ်သွားကာ မှန်ကိုထပ်ချပစ်လိုက်ပြီး..။

"မိုးဆက်..ဟော့ကောင်.."

မိုးဆက် ပြန်လှည့်ကြည့်လျှင်..။

"နေဦး..ငါလိုက်ပို့မယ်.."

"မလိုဘူး.."

လေသံအရ သူနဲ့ဘက်ညီသော မာနတွေရင်ထဲမှာ အပြည့်... ရှိနေပုံပင်။ အိမ်နဲ့သိပ်မဝေးသေးဘူးဆိုပေမယ့် ဒီလိုရာသီဥတုမျိုးနဲ့ ... သွားနေရင်တော့ အိမ်ရောက်တာနဲ့အောက်ပိုင်း တစ်ပိုင်းလုံးရွှဲစို... သေချာ၏။

သူလည်း ဒီတိုင်းလှမ်းငေးနေမိသဖြင့် မျက်နှာနဲ့ရင်ဘက်တွေ... ရေတွေ စိုသွားသည်။ နောက်ထပ် စက်နှိုးလျက်ထားခဲ့သော မိုးဆက်... ပေါ် ပြေးတက်လိုက်တော့လည်း မိုးရေသည်သူ့ထက်အဆ... ပို၍လျင်မြန် စွာဖြင့် တစ်ကိုယ်လုံးကိုစိုစွတ်စေပြန်သည်။

သို့သော် ဒက်ရှ်ဘုတ်ပေါ်မှာ ခေါက်လျက်လေးရှိနေသော အ... တဘက်လေးကိုမြင်လိုက်ရလျှင် ဆောင်းမျက်နှာပြောင်ခနဲဖြစ်သွား... အတွက် တမင်ထားပေးခဲ့တာမှန်း သိလိုက်သဖြင့် ခုလေးတင်သူ့ခေါ်... ကြီး စိန်ခေါ်ခဲ့တာကို သတိရကာ ရင်ထဲမှာပူပူလောင်လောင်ကြီး ဖြစ်...


www.burmeseclassic.com

www.burmeseclassic.com


ဘာလဲ.. ။

လက်နက်ချ အညံ့ခံသွားတာလည်း မဟုတ်။ ဓားထမ်းတုတ်ထမ်းပြီး ခြေလိုက်လာတာလည်း မဟုတ်ဘဲ 'မလိုဘူး'လို့ပြောသွားသည့် မာ ကျောကျော လေသံကို ကြားယောင်ကာ အဖြူရောင်တဘက်၏ အရောင်အ ဆင်းသည်.. ။

ပြတ်တောက်မလွယ်သော သံယောဇဉ်ဆိုတာလား.. ။


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃၃)

"သားအခု ဘယ်မှာလဲဟင်.."

"ကုမ္ပဏီက ခုပဲပြန်လာတာ..ဗိုက်ဆာလို့ ရပ်စထရန့်ခဏဝင်မလို့.."

"မိုးဆက်လေရော.."

ကားသော့ဖြုတ်လိုက်ရင်း သူမျက်မှောင်ကုတ်သွားမိကာ..။

"ဘာဖြစ်လို့လဲမေမေ..သူပြန်သွားပြီ.."

တကယ်တော့ မိုးဆက်ရောက်လာပေမယ့် အပေါ်တက်မလာခဲ့ေ... မန္တလေးကနေ မေမေကလှမ်းမြင်နေသလိုလို..။

"သားနဲ့သူအဆင်ပြေနေကြတုန်းပဲလို့ မေမေထင်ပါတယ်..ဒါပေမဲ့ တစ်ခုတော့ သတိပေးချင်တယ်သားရယ်၊ ရှုတ်သိမ်းသွားတယ်ဆိုတာနဲ့ ... ကြီးက ဘယ်သူကမှလည်း အမှန်တရားကို မဖော်နိုင်ကြဘူး..ငြိမ်း... ဘက်ကလည်း စေ့စပ်မှာကို ပြန်ရှုတ်သိမ်းသွားတယ်ဆိုတာ မေမေတို့အ... တွက် အရမ်းကို ထိခိုက်နစ်နာတာနော်.."

"အဲ့ဒါ သူနဲ့ဘာဆိုင်လို့လဲမေမေ..သူမတိုက်တွန်းလည်း မွေးဖွားပေး... အမျိုးသမီးတစ်ယောက် ဒုက္ခရောက်နေရင်ကျွန်တော်ကူညီမိမှာပဲ.."

ဖုန်းပြောရင်း ဆိုင်ထဲဝင်မလိုပြင်ပြီးမှ တခြားဘက်ကိုပြန်လှည့်... လျှောက်လာခဲ့ရင်း..။

"အဲ့ဒီအမျိုးသမီးနှစ်ယောက် တမင်မရိုးမသားကြံစည်ကြတာ သိရ... နဲ့တောင် ကျွန်တော်ကိုယ်တိုင်ဆေးဖိုးတွေ ရှင်းပေးခဲ့သေးတာ.."

"ရိုးသားတဲ့လူတွေကို လူယုတ်မာတွေအမြဲတမ်း အနိုင်ရသွားကြတာ... အဲ့ဒီအကွက်တွေပဲသား..မေမေလည်း ဘာမှမပြောဆိုဘဲနေချင်ပါတယ်... ဒါပေမယ့် သားနဲ့မိုးဆက်ရဲ့အနေအထားက စိတ်ပူစရာဖြစ်လာလို့.."

"ဘယ်လို့.."

"မိုးဆက်ကရည်စားတွေထားတယ်..ထားတာမှ တစ်နေ့တည်း... ယောက်ချိန်းပြီး ကိုယ့်ရှေ့ကတစ်ယောက်ရှေ့မှာပဲ နောက်တစ်ယောက်နဲ့ချိန်း... ထားတာကို ပြောထွက်တဲ့ကောင်လေး.."

မေမေ ဒါတွေထိဘယ်လိုသိသွားတာလဲဆိုတာ သူအံ့ဩနေမိသည်...


www.burmeseclassic.com

www.burmeseclassic.com


ဆက်နဲ့သူတွဲကြတာ ကျောင်းတည်းကနေ အလုပ်အတူတူလုပ်ကြတဲ့အထိ ပါ။ ဒါပေမယ့် မိုးဆက်က အိမ်မှာအဝင်အထွက်နည်းသည်။

ရောက်လာရင်လည်း သူကလွဲပြီး ဘယ်သူ့အပေါ်မှာမှ ဟက်ဟက် ပက်ပက် ရင်းနှီးဖော်ရွေတာမရှိ။ သူများက နှုတ်မဆက်ဘဲ သူကစပြီးပြုံးရယ် နှုတ်ဆက်တယ်ဆိုတာလည်း မရှိခဲ့ပေ.. ။

ထို့ကြောင့် ရုပ်ရည်လေးသန့်ပြန့်ချောမွေ့နေပေမယ့် ချစ်သူခင်သူ တော့ ရှား၏။ မိန်းမချောလေးတွေ ဗုန်းဗုန်းလဲကြွေနေကြသည့်တိုင် အချစ် ဆိုတာ ဘာမှန်းသိဘူးပြောနေတုန်း.. ။

သူနဲ့အချစ်ဆုံးသူငယ်ချင်းဆိုပေမယ့် မေမေတို့နဲ့မရင်းနှီးခဲ့တာ ဒါ ကြောင့်ဖြစ်သည်။ မေမေဆိုရင် မိုးဆက်ကိုသားတစ်ယောက်လို ဆက်ဆံ သည်။ ကြာလာတော့ 'ဒီကောင်လေးက တစ်ခုခုကိုအံ့ဖွဲ့နာကျင်နေသလိုပဲ' လို့ ပြောလာခဲ့သည်။

'မဟုတ်ဘူးကွ..ပြည့်စုံနေတဲ့လူတွေမှာ ဂရုမစိုက်တတ်တဲ့ရောဂါက အလိုလိုဖြစ်လာတာပဲ'လို့ ဖေဖေက ဝေဖန်သည်။ မိုးဆက်သည် သူတို့မိသား တွေထဲမှာတော့ မင်းသားလေးတစ်ပါးပဲ ဖြစ်လေသည်။

"သား စားသောက်တော့မှာလား..မေမေဖုန်းချလိုက်ရမလား.."

"ရပါတယ်..မေမေ ဒီအချိန်မဆက်စဖူး ဘာပြောစရာရှိလို့လဲ.."

"မေမေ့ကို ငြိမ်းဖုန်းဆက်တယ်.."

ဖုန်းနားထောင်ရင်း ဆောင်းမျက်နှာကျွတ်ခနဲ ဖြစ်သွားသည်။

"အဲဒီလိုတွေဖြစ်ကြတဲ့အထိသားက မိုးဆက်ကိုခွင့်လွှတ်နိုင်တယ်ဆို တာ မေမေ့အတွက် နားမလည်နိုင်စရာတွေပဲသား.."

"ဟုတ်တယ်..မိုးဆက်လွန်တယ်ပဲထား၊ အမှားလုပ်မိတဲ့လူက သူလုပ် ဘယ်ဆိုတာ ဝန်ခံတယ်..သူ့ဘက်ကပြီးသွားပြီ၊ ငြိမ်းကအဲ့လို လျှောက်ဖွ နေတာ ဘယ်သူ့ဂုဏ်သိက္ခာအတွက်လဲ မေမေ.."

"သားရယ်..မိန်းကလေးကတော့ ခံစားနေရတာကို.."

"အဲ့ဒါအရမ်းပြောရခက်တယ်မေမေ..တစ်ခါတလေ အကျိုးနဲ့အ ကြောင်းနဲ့ ဖြစ်ပေါ်လာပုံတွေက ဆက်စပ်မှုရှာမရဘူး၊ ချိန်ခွင်တစ်ခုက သာ တူညီမျှမှုကို ပြနိုင်ပေမယ့် ကိုင်တွယ်တဲ့လူရဲ့ လက်ပေါ်မှာပြောင်းလဲသွား တတ်တာပဲ.."

"သားက ဘာကိုပြောချင်တာလဲ..'



www.burmeseclassic.com

www.burmeseclassic.com


"ငြိမ်းရဲ့စိတ်ဓာတ်အယူအဆတွေကို ကျွန်တော်မကြိုက်ဘူး-"

"သားရယ်.."

"ပြီးလည်းပြီးသွားပြီပဲမေမေ..ထားလိုက်ရအောင်ပါ.."

"မဟုတ်ဘူးလေ..ငြိမ်းကငြင်းပယ်လိုက်တဲ့အတွက် သားကိုအထင်မှုတွေ ကြီးမားကုန်တာပဲ..သူနဲ့သားတို့ ပြေလည်သွားကြရင် အားလုံးလည်သွားကြမှာ မဟုတ်ဘူးလား.."

"မိန်းမတစ်ယောက်ရဲ့ ခွင့်လွှတ်မှုရမှ ကျွန်တော့်ဘဝပြောင်းလဲရမယ်ဆိုရင် မလိုဘူးမေမေ.."

"မဟုတ်သေးပါဘူးသားရယ်..ငြိမ်းကလည်း သားအပေါ်မှာ စိတ်ကုန်လို့သာ မေမေ့ကိုလူကြီးမိဘအရာထားပြီး တိုင်ပင်တာပေါ့.."

"အဲ့ဒါတိုင်ပင်တာမှမဟုတ်ဘဲမေမေ..အဲ့ဒီအဖြစ်ကို သွေးပျက်အောင်သိလို့ ဖိအားပေးနေတာ၊ သူ့စိတ်ထဲမှာလည်း ကျွန်တော့်ကသူ့ဘဝအတွက်သင့်တော်တဲ့ ယောကျ်ားတစ်ယောက်ဆိုတာထက် မပိုပါဘူး..ကျွန်တော်လည်း ရှေ့ဆက်ချင်စိတ် မရှိတော့ဘူး၊ ပတ်ဝန်းကျင်မှာဖြစ်ဖြစ် တစ်လောကလုံး ဘယ်လိုပဲဖြစ်နေနေ ဘာကိုဂရုစိုက်ရမှာလဲ.."

မေမေစိတ်မကောင်းဖြစ်နေတာက 'ငါ့သားလေးမှာ မိန်းမရှိတာထင်ကုန်ကြပြီ' ဆိုပြီးတော့ပါ။ ဘာတစ်ခုမှ ခိုင်လုံချေရာတဲ့ အကြောင်းချက် မရှိဘဲ ဒုက္ခရောက်နေလို့ ကူညီခဲ့တဲ့အဖြစ်က ဒီလောကကြီးကျယ်သွားခဲ့သည်။

လီဆယ်ပြောတဲ့လူလည်း အောင်မြင်သည်။ ဒါကိုပုံကြီးချဲ့ပြီး အောဖို့ ဖျက်လိုက်ခြင်းဖြင့် လူသိများအောင်ဖန်တီးခဲ့ကြတာလည်း သူမတားနိုင်။ ရှေ့ဆက်ဘာဖြစ်ဖို့ ရှိသေးလို့လဲ.. ၊

ဖုန်းကို အိတ်ထဲထည့်လိုက်ပြီး ထိုလက်ကိုမထုတ်ဘဲ ဆိုင်ထဲဝင်ခဲ့စဉ်.. ၊

"မေဇော်..ဘာကြည့်နေတာလဲ.."

"မေမေကလည်း..ဘာကြည့်လို့လဲ.."

"အဲ့ဒါ ဒေါ်ထားထားမြတ်ရဲ့သားအငယ်ဆုံးပဲ..ဘယ်သူ့မှာမှ မျက်မကြားဖူးဘူး၊ သူ့ကျမှ လူမသိအောင်မိန်းမယူထားပြီး လူကြီးနောက် တစ်ယောက်ထပ်ယူဖို့ ကြိုးစားတာလေ..သူများသားဖို့သမီးတွေကို ဖျက်လို့ဖျက်ဆီး.."


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လို့လားမမရယ်..ကောင်လေးကြည့်ရတာ ချောချောသန့်သန့်လေးပါ.."

"ချောလို့သန့်လို့ မိန်းမတွေကိုဖြားယောင်းနိုင်တာပေါ့အေ့..တော်စမ်းတော်စမ်း၊ မေခေါ်နောက်ထပ် မျက်စိမရောက်နဲ့နော်..သူများတစ်မျိုးထင်သွားမယ် သိကွာကျတယ်.."

သူများအကြောင်းပြောတာ ပတ်ဝန်းကျင်ကိုပါ အသိပေးပြီးသားဖြစ်အောင် ခပ်ကျယ်ကျယ်။ ပြောလို့အားရမှ ရွံသလိုရှာသလို.. ၊

တစ်ခါမှဒီလို အပြောခံမထိခဲ့ဘူးတာမို့ ဆောင်းမျက်နှာခြေလှမ်းမှားအောင် အတော်ကြီးသတိထားလိုက်ရသည်။ ရှက်သည့်စိတ်က ဆောင်းမျက်နှာတနေ နွေမျက်နှာဖြစ်သွားခဲ့တဲ့အတိုင်း.. ၊

ဘယ်သူ့ကြောင့်မှန်းမသိ..ဘာကြောင့်သတင်းကြီးတစ်ပုဒ်ဖြစ်ခဲ့သည်မသိဘဲ.. ၊

☪



www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃၄)

စည်းဝေးခန်းထဲဝင်လိုက်တာနှင့် လွတ်နေသည့်ခုံနေရာတွေဆီ မျက်လုံးအရင်ဝေ့သည်။ ပြီးမှ စားပွဲထိပ်မှာနေရာယူလိုက်ပြီး ကိုင်လာသည့်ဖုန်းကို ချကာ.. ။

"ခုလိုအစည်းအဝေးခေါ်ရတဲ့အကြောင်းက ကျွန်တော်တို့ကုမ္ပဏီရဲ့ ဝန်ထမ်းနေရာချထားရေး အပြောင်းအလဲကိစ္စရပ်အတွက် အဓိကပါ.."

ပြောလိုက်ပြီး လွတ်နေသည့် HR mannger ခုံကို တစ်ချက်ကြည့်၍..

" HR လည်းရောက်မလာဘူးဆိုတော့.."

နောက်ထပ် PM နေရာကိုလှမ်းကြည့်ကာ.. ။

"ဒီကုမ္ပဏီရဲ့ပရောဂျက်အသစ်နဲ့ ပတ်သက်ပြီးဆွေးနွေးဖို့ ရှိပါတယ် သူလည်း.."

"ဒီလိုပါ HRနဲ့ PMနှစ်ယောက်စလုံး CEO ဆီမှာခွင့်တင်ပြီး ခရီးထွက်ကြတာပါ.."

ဆောင်းမျက်နှာရဲ့မျက်ခုံးတွေ ကုတ်ကျသွားသည်။ ဝင်ရောက်တင်ပြသည့် မန်နေဂျာမျက်နှာမှာ စိုးရိမ်အားနာခြင်းများနှင့်.. ။

"ကျွန်တော်တို့သိထားတာလေးကို ပြောပြတာပါ..အဲ အခုကျွန်တော် တင်ပြဖို့ ရှိတာက.."

သူစိတ်ဝင်စားလို့ မရတော့ပေ။ အစည်းအဝေးပြီးသွားသည့်တိုင် ရောက် မလာခဲ့သည်မို့ မိုးဆက်ကိုပဲ စိတ်တိုကာခြေလှမ်းတွေလည်း မမှန်

"စီအီးအိုဆီမှာ ခွင့်တင်ပြီးမှ ခရီးထွက်သွားကြတာပါ.."

"ကျွန်တော်တို့သိထားတာလေးကို ပြောပြတာပါ.."

နားထဲမှာ ဝင်ရောက်ဖြေကြားလိုက်သည့် စကားသံကိုကြားယောင်ရင်း မိုးဆက်လေဘာယ်မှာလဲဆိုသည့် မေးခွန်းတွေပဲဖြစ်နေခဲ့သည်။ မနက်မိုင်း ခဏ လေးရောက်လာပြီး တစ်နေကုန်မရှိတော့တာ သုံးရက်ရှိပြီ.. ။

သူစက်ဘာပူသွားနေခဲ့တာပဲ ဆယ်ရက်။ သူပြန်ရောက်လာတော့နှင့် မိုးဆက်ကုမ္ပဏီမှာ မထိုင်တော့တာဖြစ်သည်။ အတွင်းရေးမှူးကိုမေးတော့

"ခါတိုင်းအမြဲရှိတယ်.. ကိုဆောင်းပြန်ရောက်လာလို့ နားတာထင်


www.burmeseclassic.com

www.burmeseclassic.com


ဘယ်.."တဲ့.. ၊

ဒါဘယ်လိုပုံစံ ချိုးနေတာလဲ.. ၊

ဖြစ်ခဲ့သည့်ပြဿနာမှာ လုပ်ငန်းကိစ္စနဲ့မဆိုင်ဘူးလို့ သူပြောခဲ့သည်။ ဒါလည်း လက်တွဲပြုတ်သွားမှာ ကြောက်လွန်းလို့မဟုတ်ပေ။ ကိုယ်ရေးကိုယ်တာနဲ့ အလုပ်ကိစ္စကို မရောထွေးသင့်ဘူးထင်လို့ ချန်လုပ်ခဲ့တာဖြစ်သည်။

ကိုယ့်ဘက်က ဒီလိုဖွင့်ပေးခဲ့တာပဲ၊ သူ့ဘက်က အလုပ်လုပ်မယ်ဆို အလုပ်နဲ့တူအောင် လုပ်ရမှာမဟုတ်ဘူးလား.. ၊

နှစ်ယောက်တည်း ဘယ်လိုနေနေ ဘယ်လိုကိစ္စကြောင့်ပဲ ပြဿနာရှိရှိ လုပ်ငန်းခွင်မှာ ကိုယ်ကအထက်လူကြီး.. ၊

"ဒုန်း..."

ဖိုင်တစ်ထပ်ကိုဆွဲယူပြီး စားပွဲအံဆွဲကို ဆောင့်ပိတ်ပစ်လိုက်မိသည်။ ပြီးတော့ စားပွဲမှာမထိုင်ဖြစ်ဘဲ မျက်နှာစာမှန်တွေဆီ လျှောက်သွားမိလိုက် ပြန်လှည့်လာမိလိုက်.. ၊

ကလေးတွေရန်ဖြစ်ထားသလို ဝန်ထမ်းတွေ ဒါရိုက်တာတွေရှေ့မှာ သွားဘွားကြီးပေါ်သွားခဲ့သည့်အဖြစ်က အဆင်ဆိုးလွန်းသည်။ ထိုလူတွေရှေ့မှာ အရှက်ရခဲ့တာခုထိ သူ့မျက်နှာမှာအခိုးအငွေ့တွေ ထွက်နေတုန်းလားထင်ရသည်။

ထိုစဉ် ရုံးခန်းထဲကို ဝင်လာသည့်ဦးထက်ကောင်းကို မြင်လိုက်ရလျှင် သူဒီဘက် ပြန်လျှောက်လာမိကာ.. ၊

"မိုးဆက်မလာတာ သုံးရက်ရှိပြီအန်ကယ်လ်.."

မိုးဆက်ရဲ့ဦးလေးအရင်းမို့ မိုးဆက်နဲ့ပတ်သက်သမျှ သိသင့်ဆုံးလူဖြစ်ရာ.. ၊

"ကုမ္ပဏီမှာ ပြဿနာရှိနေတယ်အန်ကယ်လ်..ကျွန်တော်လည်း စကားသွားနေတာ..သူက.."

"မင်းမရှိတုန်းက သူရှိနေပါတယ်.."

"ကျွန်တော်ရှိနေရင်တော့ သူရှိမနေနိုင်ဘူးလို့ ပြောလိုက်တာလား.."

ဦးထက်ကောင်းက ခေါင်းခါလိုက်ပြီး ကိုင်လာသည့်အိတ်ကို စားပွဲပေါ်တင်လိုက်သည်။ ပြီးမှ သူ့ဘက်လှည့်၍.. ၊

"မင်းတို့ချင်းအဆင်မပြေဖြစ်ကြတဲ့ကိစ္စအားလုံးကိုတော့ အန်ကယ်လ် မသိပါဘူး..ဒါပေမယ့် ခုတလောမှာ သူကတော့အဆင်မပြေမပေါ်တာသေ


www.burmeseclassic.com

www.burmeseclassic.com


ချာတယ်၊အန်ကယ်လ်သဘောလည်း မင်းသိပါတယ်..မြန်မာပြည်မှာ
အန်ကယ်လ် ကျန်ခဲ့တာကိုက သူ့အတွက်အဆင်ပြေဖို့လေ၊ ပြောချင်တာ
မင်းနဲ့ဘာဖြစ် ကြသလဲ အန်ကယ်လ်စိတ်မဝင်စားချင်ဘူး..မိုးဆက်
ယောက်တည်း ငူငေါင်နေတာတွေကြောင့် ဘာဖြစ်နေကြသလဲဆိုတာ
သိချင်တာအမှန်ပဲ.."

မိုးဆက်က ပျော်ပျော်နေတတ်သူပါ။ အစအနောက်သန်သည်၊
ချင်စရာတွေ ပြောသည်။ စကားအနိုင်လုပြောတိုင်း အရှုံးမပေးတတ်
တွေက သူနဲ့ကျမှပါ။ တခြားသူတွေအမြင်မှာဆို စူပွပွခပ်တင်းတင်း
မိဘ အလိုလိုက်ထားသော ကောင်ဆိုးလေးနဲ့လည်း တူ၏။

ခုတလောဆိုတာက သူနဲ့ပြဿနာဖြစ်ပြီးမှ မိုးဆက်ငိုင်နေတာ
ဦးထက်ကောင်းဆီက ကြားရသည့်စကားကြောင့် သူဒေါသတွေ
ထစ် ခုန်ဆင်း၏။

"မိုးဆက် ဒီလိုမဖြစ်တော့တာ ကြာပြီဆောင်းမျက်နှာ..သူကစိတ်
တယ်၊ အစွဲအလမ်းကြီးတယ်..မြှောရရင် မွေးတည်းကစိတ်ပျော့လူ
သူ့ကိုသူ့မိဘကတောင် ဘယ်လိုပြုပြင်ကိုင်တွယ်ရမှန်းမသိလို့ အန်ကယ်
ကိုယ်တိုင် စောင့်ရှောက်ခဲ့ရတာ.."

ဦးထက်ကောင်းကလည်း မထိုင်ပေ။ စားပွဲစွန်းမှာ လက်တစ်
ထောက်၍ သူနဲ့မျက်နှာချင်းဆိုင်ရပ်ကာ.. ၊

"မင်းနဲ့အကြောင်းပေါင်းသင့်ပြီး မြန်မာပြည်မှာပဲ ပျော်ပါတယ်ဆို
သူစိတ်ချမ်းသာရေးအတွက် မိဘတွေကလည်း ရက်ရက်ရောရောထား
တယ်..ငါလည်း ကျေနပ်တယ်၊ အခုဘယ်လိုဖြစ်ကြတာလဲ..ဘာပြဿနာ
တွေမို့လို့ သူငယ်ချင်းချင်း ကွာပြဲကြတဲ့အထိ ဖြစ်ရတာလဲ.."

"ပြဿနာဖြစ်ရတိုင်း ကွာပြဲကြဖို့ချည်းပဲ အန်ကယ်လ်.."

"ပြောပါဦး.."

"ဒါပေမယ့် ကျွန်တော်သူ့ကိုရဲဘော်ရဲဘက်စိတ်နဲ့ လက်တွဲခဲ့တာ"

"မင်းရဲ့ပါစင်နယ်တွေအထိ ဝင်ရှင်းပေးခဲ့တဲ့ မိုးဆက်ကတော့ ရဲဘော်
ရဲဘက်စိတ် မရှိဘူးလား.."

"ဝင်ရှင်းပေးဖို့မလိုဘူးအန်ကယ်လ်..ရှင်းရလောက်အောင် ဖြစ်
တောင် ဒီလိုကိစ္စတွေက သူများဝင်ဖြေရှင်းပေးရမှာ မဟုတ်ဘူးဆိုတာ
အန်ကယ်လ် အားလုံးသိနေတာပဲ.."


www.burmeseclassic.com

www.burmeseclassic.com


"ဆိုပါတော့..."

ဦးထက်ကောင်းက ခေါင်းညိတ်၍.. ၊

"မင်းအခု လိုက်ရှာနေတာ မိုးဆက်ကိုတိုက်ခိုက်ဖို့ပဲလား.."

"အန်ကယ်လ်ပြောတာ ဘာလဲ..ရှော့ခ်ဖြစ်နေတဲ့ ကြိုးစနစ်ခုလို လေဆိုတ်လို့ ငြိမ်လိုက်တိုင်း မီးပွင့်နေဖို့ လိုလို့လား..ကျွန်တော်လိုက်ရှာနေတာ သူ့ကိုအလုပ်ထဲမှာ မတွေ့လို့.."

"မင်းပဲပြီးပြီလို့ ပြောခဲ့တာမဟုတ်ဘူးလား.."

"အဲဒါက.."

သူ့မျက်လုံးတွေမှိတ်လိုက်ရင်း 'ကျွတ်'ခနဲ ဖြစ်၏။ ပြန်ဖွင့်၍ ခေါင်းတစ်ချက်ခါမိလျက်.. ၊

"သူဘယ်မှာလဲ ကျွန်တော့်ကိုပြောပါ..ကျွန်တော်တို့ချင်းပြောမယ်.."

"မလိုဘူးထင်တယ်.."

"ဘာဖြစ်လို့မလိုရမှာလဲ..သူ့ကိုကျွန်တော်ရွေးချယ်ဖို့ ပြောခဲ့တာမှန်တယ်၊ ဒါပေမယ့် သူဆက်လုပ်နေတာပဲလေ..အလုပ်ဆိုရင် အလုပ်နဲ့တူအောင် လုပ်ရမှာပေါ့.."

"သူမလုပ်ချင်တာကို အန်ကယ်လ်လုပ်ဖို့လာခဲ့တာ..မင်းသူ့ကိုခိုင်းချင်တိုင်း ခိုင်းလို့မရဘူး.."

"အန်ကယ်လ်ပြောတာ နည်းနည်းများနေပြီထင်တယ်.."

ဦးထက်ကောင်းက သက်ပြင်းချ၍ တစ်ဖက်လှည့်သွားသည်။ မျက်နှာထက်မှာ ရန်လိုမောက်မာခြင်း အလျှင်းမရှိသော်လည်း အေးစက်တည်ငြိမ်မှုတွေ ဖြစ်နေပုံက ဒီစကားတွေပြောနေကြတာ မဟုတ်သလိုလို.. ၊

"ငါပြောချင်တာက မိုးဆက်ရဲ့အခြေအနေပဲ..မိုးဆက်က စိတ်အရမ်းနုလွန်းတယ်၊ အဲ့လိုပြောလို့လူကြောက်လေးလားလို့ မထင်နဲ့..ခံစားချက်ပြင်းထန်တဲ့လူတွေမှာ ကြောက်စိတ်သိပ်မရှိတတ်ဘူး၊ မိုးဆက်ရဲ့စိတ်ကို အဲ့လိုမဟုတ်တဲ့ဘက်မှာ ပြင်းထန်မသွားစေချင်တာ.."

ပြောရင်း သူ့ဘက်ကိုခပ်ဖြည်းဖြည်းလှည့်လာကာ.. ၊

"မင်းကတော့ ဒီလောက်ရင်းနှီးပေါင်းသင်းလာခဲ့တဲ့ သူငယ်ချင်းတော်တောင် မိန်းကလေးတစ်ယောက်အတွက်နဲ့.."

"အဲ့ဒီခေါင်းစဉ်က မှားနေတယ်အန်ကယ်လ်..ကျွန်တော်သူ့ကိုမေးခဲ့တယ်၊ သူလည်းဝန်ခံတယ်..အဲ့ဒါကမိန်းမတစ်ယောက်ကိုဂရုဖြေမြေဖျက်တဲ့


www.burmeseclassic.com

www.burmeseclassic.com


အပြင် ဂုဏ်သိက္ခာလည်း ကျဆင်းအောင်သူတမင်လုပ်လိုက်တဲ့ ကိစ္စ မို့လို့မဟုတ်ဘူး၊ ဘယ်မိန်းကလေးကိုဖြစ်ဖြစ် ယောကျ်ားတစ်ယော မိန်းမသား တစ်ယောက်အပေါ်မှာ လေးစားမှုရှိသင့်တယ်..ဒါပေမယ့် စားတဲ့အပြင် အရုက်ခွဲစော်ကားခဲ့သေးတယ်၊ ပြီးတော့ အဲ့ဒီယောကျ်ား မိုးဆက်လေဖြစ်နေတယ်.."

"မိုးဆက်လေဖြစ်နေတဲ့ အကြောင်းကရော ဘာမို့လို့လဲဆောင်း နှာ.. မိုးဆက်လေက မင်းကိုထိရင်မချိအောင် နာတတ်တဲ့ကောင်ပဲ၊ မိုး လေဆိုတာ အဲ့ဒီလိုကောင်မျိုးပါ.."

ဆောင်းမျက်နှာက စကားပြောလိုစိတ် ကုန်ခမ်းသွား၏။

"ဆောရီးအန်ကယ်လ်..ကျွန်တော်ပြောချင်တဲ့ လိုရင်းကိုအန်က အထင်လွဲသွားတယ်ဆိုတော့ ကျွန်တော်စကားပြောမကျွမ်းကျင်သေးဘူး ထားလိုက်ပါ.."

"မင်းလည်း အန်ကယ်လ်တို့ရဲ့ စိတ်ရင်းစေတနာကို နားလည် စားစေချင်တယ်..အခြေအနေတစ်ခုဟာ အကောင်းဆုံးအဖြစ် ရှိနေ မရှိ တော့ဘူးဆိုရင်တော့ တစ်ခုခုပြောင်းလဲသွားတာ အကောင်းဆုံး"

"အန်ကယ်လ်က.."

"အန်ကယ်လ်ပြောချင်တာကတော့ မိုးဆက်ကိုမင်းရှာတာ ဒီအ အနေထဲ ပြန်ဆွဲထည့်ဖို့ဆိုရင်တော့ မရှာဖို့ပါ.."

ဦးထက်ကောင်းက အနေအေးသလောက် စကားပြောသည့်နေ လည်း သွေးအေးတည်ငြိမ်နေခဲ့လျက်.. ၊

"မင်းနဲ့သူအရင်အတိုင်း ပြန်မဖြစ်နိုင်တော့ဘူးဆိုရင် အန်ကယ် ချာပြောနိုင်တာက မင်းတို့ပြန်လက်တွဲနေလည်း ဘာတစ်ခုမှ ကောင်း မဟုတ်ဘူး.."

အရင်အတိုင်းပြန်ဖြစ်ဖို့ မဖြစ်ဖို့ဆိုတာ ဘာကိုပြောတာလဲ.. ၊


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၅)

"မင်းဘယ်မှာလဲ.."

"အရက်ဆိုင်မှာ.."

"ဘာ.."

"ဘာဖြစ်တာလဲ.."

ပြန်မေးပုံက ငေါက်ဆတ်ဆတ်..။

သူ့စိတ်တိုသွားပေမယ့် အသက်ဝဝရှူသွင်းလိုက်ပြီး စိတ်ကိုလျော့ထား..။

"မင်းအခု ဘယ်နှစ်ဂါလံလောက် မှိုချထားပြီလဲ.."

"ပြောလေ..ဘယ်နှစ်ဂါလံလောက် မှိုချသင့်လဲ၊ ငါက သောက်ချင်လို့သောက်နေတာဆိုတော့ မသောက်ချင်တော့ရင် ထပြန်ရုံပဲ..ဂါလံလိုက်လောင်း ထည့်တာမျိုးက မင်းလိုအသည်းကွဲသမားတွေပဲ လုပ်တတ်တာ၊ ဒါတော့ မင်း ပြောပြ.."

"မိုးဆက်.."

"ဘာလဲ.."

"မင်းဘယ်ဆိုင်မှာလဲ.."

"ငါမင်းနဲ့ မပြောချင်ဘူး..."

"ဟောကောင်..မပြောချင်လည်းမရဘူး၊ အခုမင်းဘယ်ဆိုင်မှာလဲပြောစမ်း..ကုမ္ပဏီမှာ မင်းလုပ်ထားတာတွေ အားလုံးရှုပ်ကုန်ပြီ.."

"ရှုပ်အောင်လုပ်တာမဟုတ်ဘူး..ရှင်းလိုက်တာ.."

"အေး...အဲ့ဒါ မင်းရူးသွားပြီလို့ ပြောချလိုက်ရုံနဲ့ရတယ်၊ ဒါပေမယ့် ကုမ္ပဏီကို ဒေဝါလီခံတော့မလို မင်းလုပ်လိုက်တာ ငါလက်မခံနိုင်ဘူး..."

"မင်းလက်ခံဖို့မလိုပါဘူး..မင်းဆုံးဖြတ်ခွင့်ရှိသလို ငါလည်းဆုံးဖြတ်ပိုင်ခွင့်ရှိရတယ်၊ ငါတို့ရဲ့မာကဲက်တင်းပိုင်းမှာ အမြဲတမ်းနောက်ယှက်ခံနေရတာ ဦးအပေါ်မှာ ရန်ငြိုးထားခဲ့တဲ့ ဦးဇေယျကျော်ပဲ..နောက်ပြီး နောက်ထပ်သုံးယောက်ရှိသေးတယ်၊ ဒီလူတွေက ငါတို့ကုမ္ပဏီမှာ ရပ်တည်ဖို့ဝင်လာတာ မဟုတ်ဘူး...တိုက်ဖျက်ဖို့.."



www.burmeseclassic.com

www.burmeseclassic.com


"တော်ပြီ..မင်းဘယ်သူတွေကိုပြောနေတာလဲဆိုတာ ငါသိတယ် ဘယ် အရာဖြစ်ဖြစ် တစ်ဖက်တည်းအမြင်နဲ့ မဆုံးဖြတ်ရဘူးကွ..ပြီးတော့ ဒီလူတွေကို ဖြုတ်ထုတ်ဖို့အတွက် မင်းအဲလောက်အကြီးကြီး လုပ်ဖို့မ လိုဘူး.."

"လိုတယ်.."

"ငါလာခဲ့မယ်..မင်းဘယ်မှာလဲဆိုတာ မပြောလည်း မတွေ့မချင်းအ မောင်းပြီး ရှာမယ်ကွာ.."

"ကာလာ..ငါမင်းနဲ့မပြောဘူးလို့ ပြောပြီးပြီနော်.."

"ဟေ့ကောင်..ကလေးကလားကောက်ချိုက်တာတွေ ပြောမနေနဲ့၊ မင်း ကိုကောက်ပွေ့ပြီး နမ်းမလို့မဟုတ်ဘူး..မျက်နှာမြင်ရင် မထိုးမိအောင်မနည်း ထိန်းရဦးမှာ.."

သူတကယ်ပဲ ကားထဲရောက်သွားခဲ့သည်။ မိုးဆက်ထံမှ နောက်ထပ် စကားသံထွက်မလာပေမယ့် သူဖုန်းကိုဖွင့်လျက်သားအတိုင်း ချထားလိုက် သည်။ ထင်သည့်အတိုင်း သိပ်မကြာခင် မက်ဆေ့ချ်တစ်ကြောင်း ဝင်လာ၏။

......ငါကုတ္တိုင်း Fusanမှာ......တဲ့..၊

တော်တော်ရယ်ရတဲ့ကောင်..၊

ထိုမက်ဆေ့ချ်ကို ဖတ်လိုက်ပြီးတည်းက ဆောင်းမျက်နှာရင်ထဲမှာ ဒေါသကကြွက်ပျောက်ငှက်ပျောက်..၊

☪


www.burmeseclassic.com

အခန်း(၃၆)

"ဟော့ကောင် ထကွာ.."

"မင်းက စောစောစီးစီးဘာလာလုပ်တာလဲ.."

"မရှုနိုင်မကယ်နိုင်မျိုချပြီး မနက်မိုးလင်းရင် မင်းဘာဖြစ်နေမယ်ဆိုတာပါ ကြိုသိနေလို့ပေါ့.."

မနေ့တည်းက ဆိုင်ထဲကသွားဆွဲထုတ်ရသည်။ ဘီယာလေးတစ်ဖူးနဲ့ ဆေးမှာဟန်ကြီးပန်ကြီးထောင်ထားသည့် ပုလင်းကလည်းမယုတ်မလျော့ဘဲ လူကတော့ ခေါင်းစိုက်နေသည်။ သူ့မှာဒေါသလည်းဖြစ် ရယ်လည်းရယ်ချင်..၊

"ဘယ်သူလဲ..ကာလာလား၊ ကာလာလားလို့.."

လူကိုပြူးပြဲကြည့်နေပြီး မမြင်သလိုအမေးအမြန်းကထုနေသေးသည်။ စကားပြောဖို့သွားပေမယ့် ဘာမှမပြောခဲ့ရသည့်ပြင် အိမ်တိုင်ရာရောက်ပို့ပေးခဲ့ရ၏။ ဒီမနက် အလုပ်မသွားခင်ဝင်လာခဲ့တော့ ထင်ထားတဲ့အတိုင်း မိုးဆက် မှောက်နေတာ အကျီကကိုယ်မှာမရှိ။ ခါးပတ်ဖြုတ်ထားသည့် ဘောင်းဘီက ခါးမှာဖရိုဖရဲနှင့်..၊

"ကဲ..ထစမ်းပါ၊ ဒီနေ့လုပ်စရာရှိတယ်..ရှစ်နာရီထိုးတော့မယ် ထကွာ.."

"ဘာလုပ်ဖို့လဲ..မင်းနဲ့ငါအတူတူ မရှိချင်ဘူး.."

မိုးဆက်က ဂျစ်ကန်ကန်ခါချနေလျက် မွေ့ရာပေါ်မှာဆောင့်ခနဲထိုင်သည်။ ပြီးတော့ ဆံပင်တွေကိုမျက်နှာမှော့ခါပစ်ရင်း သူ့ကိုကြည့်၏။ ပြီးတော့ နောက်ထပ်ဆုတ်ကာ စောင်ကိုဆွဲယူလျှင်..၊

"ဟော့ကောင်.."

ဆောင်းမျက်နှာက စောင်ကိုပြန်ဆွဲချကာ..၊

"ပြန်အိပ်မလို့လား..မင်းနဲ့ငါမနေ့တည်းက ပြောရမှာတွေဘာမှမပြောရသေးဘူး၊ မရဘူး..ခုထတော့.."

"ကာလာ..မင်းပဲငါ့ကို အဝါကဒ်ပြခဲ့တာနော်.."

"ဟုတ်တယ်..အနီကဒ်မဟုတ်သေးဘူးဆိုတော့ ဖြစ်တယ်၊ ရော့..



www.burmeseclassic.com

www.burmeseclassic.com


အကျီဝတ်.."

"ကာလာ.."

"ဘာလဲ.."

"မင်းကငါ့ကို အမှတ်မထားသလိုလိုနဲ့ 'ပြီးပြီလို့ပြောလိုက်' 'မပြီးသေးဘူးပြန်ဖြစ်လိုက်'နဲ့ ဘာလဲ..ငါ့ကိုသူငယ်နှပ်စားလေးလို ဆက်ဆံနေတာလား.."

ဆောင်းမျက်နှာက ကော်ဖီဖျော်နေရင်း ပြုံးသည်။ ပြီးတော့ သံပုရာသီးညှစ်ထည့်ပြီးမှ သူ့ဆီပြန်လှည့်လာကာ.. ၊

"အဲ့လိုဆက်ဆံတာမကြိုက်ရင် သူငယ်နှပ်စားလေးလို မနေနဲ့ပေါ့ကွ.."

"ဘာ.."

"အပြောင်းအလဲမြန်တာ မကောင်းဘူးကွ..အဲ့ဒါကို မပြည့်ဝတာလို့ခေါ် တယ်.."

"ဘယ်သူက ပြည့်ဝချင်နေလို့လဲ.."

"အဲ့ဒါကြောင့် ကလေးသူငယ်လို ဆက်ဆံတာကျတော့ မင်းကြိုက်လား.."

"အဲ့ဒါ မင်းကြောင့်ပဲလေ..ဘာမဆို မင်းကငါ့ကို မင်းလက်အောက်ငယ်သားလိုပဲ ကြည့်တာ.."

"ငါ့ထက်ငယ်နေလို့ပါ..မင်းငါ့ထက်တစ်နှစ်နီးပါးငယ်တာ မေ့နေလား.."

"ကာလာ.."

"စကားများလိုက်တာကွ..ခေါင်းကိုက်နေတယ်မို့လား၊ ရော့ ဒါသောက်လိုက်ဦး.."

လက်ထဲထည့်ပေးတော့ မျက်နှာတင်းတင်းနှင့် ယူထားသည်။ ဆောင်း မျက်နှာ ဗီရိုဖွင့်ပြီးအကျီချိတ်တွေ ဆွဲဖယ်ရွေးနေတော့ နောက်ကနေကြည့်ကာ..၊

"ငါမလိုက်ဘူး...ဒီနေ့နားမှာ.."

"ဟား.."

ဆောင်းမျက်နှာ ဖျတ်ခနဲလှည့်လာကာ.. ၊

"မိုးဆက်..မင်းကိုငါ အများကြီးလျှော့ထားတာနော်.."


www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဘာဖြစ်လဲ.."

"မင်းငါ့ညီဆိုရင်တောင် ဒီလောက်သည်းခံမှာမဟုတ်ဘူး.."

"မခံနဲ့လေ..ငါကရော မင်းရောက်လာပြီး ဆရာကြီးအထာနဲ့ ပြုံးပြ ထတ်ဆံနေတာကို ဝမ်းသာကျေနပ်နေတယ် ထင်လို့လား.."

"မထင်ပါဘူး..မင်းက ဒီ့ထက်ပိုလိုချင်နေတာ.."

"ဘာကွ.."

"ယောက်ျားလေးဖြစ်ပြီး ချော့ခံရတာလည်း ကြိုက်ပါ့.."

"ကာလာ..မင်း.."

"ဟား ဟား ဟား ဟား.."

ခုတင်ပေါ်ကနေ ခုန်ထလာပြီး သူ့အင်္ကျီရင်ဘက်ကို ဆွဲလိုက်လျှင် ဆောင်းမျက်နှာ တဟားဟားရယ်ကာ.. ၊

"ကိုယ့်ဘောင်းဘီကို ပြန်ကောက်ဦး.."

ဟင်.. ၊

ဆွဲထားသည့်လက်ကို လွှတ်၍မိုးဆက်မျက်နှာရဲတွတ်သွားတော့ ရယ် ဆာ ပိုကျယ်လာလျက်.. ၊

"ဟား ဟား အဲ့ဒါပေါ့ကွ..စိတ်ကထောင်းခနဲ ဘာက ပေါင်းခနဲဆို သား..."

"ဝဲစား.."

ပစ်ပစ်နှစ်နှစ်ဆဲလိုက်ရင်း မိုးဆက်မျက်နှာနီနီကြီးနှင့် ရယ်၏။

နှစ်ယောက်သား ရယ်မောဖြစ်ကြရင်း ဘယ်တုန်းကမှ ဘာမှမဖြစ်ခဲ့ ကြသလို ရင်းနှီးသွားခဲ့လေသည်။ မိုးဆက်လေအပေါ်မှာ သူဘယ်တုန်းကမှ ကြီးမားသည့်အမျက်ဒေါသ မထွက်ခဲ့ဘူးပေ.. ။

တကယ်ရှိခဲ့ဖူးရင်တောင် ဖျောက်ဖျက်မရလောက်အောင် တင်ကျန် ခဲ့တယ်ဆိုတာမရှိ။ ယုတ်စွအဆုံး ကိုယ်သဘောကျနှစ်သက်ခဲ့သည့် မိန်းမ တစ်ယောက်နဲ့ ယှဉ်လာရင်တောင် သူငယ်ချင်းကိုမစွန့်လွှတ်နိုင်ခဲ့တဲ့အထိ ယောခင်ကြီးမားခဲ့၏။

ဒါပေမယ့် လူတိုင်းမှာ မိမိသည်းခံနိုင်တဲ့ အတိုင်းအတာဆိုတာ ရှိ ကြသည်။ သူလည်း လူထဲကလူပဲဖြစ်၏။ ကိုယ့်ဘက်က အကြိမ်ကြိမ်နား သည် သည်းခံခဲ့ပေါင်းများစွာဟာ နားလည်မပေးနိုင်ခဲ့သည့်အဖြစ်တစ် ကြောင့် ကမ္ဘာမကျေမှန်းတီးခံရသည်ဆိုတာ တရားသလား.. ၊



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စနှင့် သက်ဆိုင်ခြင်းမရှိခဲ့သော ကာလများမှာ သူဘာမှားခဲ့
လဲ..ထိုကိစ္စကြောင့် သူဆုံးဖြတ်ခဲ့တာမှာရော ဘယ်နေရာမှာမှားယွင်းခဲ့ပါ
လဲ.. ။

လူတစ်ယောက်နဲ့တစ်ယောက်ကြားမှာ ခွင့်မလွှတ်နိုင်ခြင်းနှင့် ဝေ
သက်၍ သူနဲ့မိုးဆက်ရဲ့သံယောဇဉ်မည်သော နှောင်တည်းမှုသည်.. ။

☪



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၇)

"အန်တီ.."

ကိုယ့်ကိုခေါ်တာလားဆိုပြီး ဒေါ်မေလင်းလှည့်ကြည့်လိုက်သည်။ မီးခိုးရောင်ကားလေးနားကနေ မိန်းကလေးတစ်ယောက် သူမကိုကြည့်၍ ပြုံးပြနေသည်။ ပြီးတော့ အနားရောက်လာကာ.. ၊

"သမီးက ငြိမ်းပါ.."

"ဟင်..ဩော်၊ အန်တီမှတ်မိပြီ.."

ဒေါက်တာငြိမ်းဆိုတာ ဓာတ်ပုံလည်းမြင်ဖူးသည်။ ထားတို့မပြန်ခင်ကလည်း စကားပြောကြရင်း တစ်ခါမြင်ဖူးလိုက်သေးသည်။ ကိုယ့်တူနဲ့စေ့စပ်ဖို့ထိ သေချာခဲ့ဖူးသည့် မိန်းကလေးကို မမှတ်မိသည့်အဖြစ်အတွက် အားနာသွားမိကာ.. ၊

"ဆောရီးပါသမီးရယ်..အန်တီကရောက်လာတည်း အပြင်သိပ်မထွက်ရတော့လေ.."

ဒေါ်ထားထားမြတ်တို့ မန္တလေးပြောင်းပြီဆိုမှ ဆောင်းမျက်နှာအတွက် ဒေါ်မေလင်းက ဒီမှာလာနေခဲ့တာဖြစ်သည်။ ထို့ကြောင့် ရန်ကုန်နဲ့မန္တလေးကြားမှာ လူပြောင်းလူလွှဲတွေဖြစ်ရရင်း ဒေါ်မေလင်းဘယ်သူ့ကိုမှ တရင်းတနှီးမသိခဲ့ခြင်း ဖြစ်သည်။

ငြိမ်းက ဆံပင်လေးတစ်ဖက်သိမ်းတင်ထားကာ မြန်မာဝတ်စုံလေးနဲ့ ယဉ်စစလေးလှနေကာ ဆောင်းမျက်နှာနဲ့လည်း ဘာပြဿနာမှမရှိခဲ့ဘူးသည့်အတိုင်း ဖော်ရွေစွာဖြင့်.. ၊

"အန်တီတစ်ယောက်တည်းလားဟင်..သမီးက ကားကိုပဲသိတာ၊ ပြီးတော့ အန်တီထားက ပြောထားဖူးလို့ အန်တီမေပဲဆိုပြီး.."

"ဟုတ်ပါတယ်သမီးရယ်..ဆောင်းမျက်နှာရဲ့ကြီးကြီးပါ၊ သားလိုက်ပို့တာလေ..ကြေးစည်ထုတဲ့မောင်းတံလေး ဝယ်ဖို့ကျန်ခဲ့လို့ ပြန်တက်သွားတယ်.."

ရွှေတိဂုံစေတီတော်ကြီးခြေတော်ရင်းမှာ ဆုံမိကြတာဖြစ်ကာ ငြိမ်းကို မြင်လိုက်တည်းက ထားပြောဖူးတာကို သတိရသွားမိသည်။ ငြိမ်းက သား



www.burmeseclassic.com

www.burmeseclassic.com


ငယ်ကို စိတ်မပြတ်ဘူး'တဲ့၊ 'မမမေတို့ကိုလည်း အကဲခတ်မရပါဘူး-နေ နေသလိုလို မဟုတ်ဘူးလိုလိုနဲ့' ဆိုတာလည်း ပါသည်။

တကယ်ဆို ပြဿနာတက်ခဲ့ကြတာကို ဆောင်းမျက်နှာက ခဲ့တာ မဟုတ်ပေ။ သူတို့လည်း ဒါကိုမကျေနပ်လို့ စေ့စပ်ပွဲလုပ်ဖို့ကို ဖျက် ပြီ။ ဘာဆက်စရာရှိလို့လဲ..။

"အန်တီရောက်တာလည်း မကြာသေးဘူး-အိမ်မှာတစ်ယောက် ဖျင်းစရာကြီး သမီးတို့အိမ်ကို လာလည်လို့ရပါတယ်.."

"ဩော်..ကျေးဇူးပါသမီးရယ်၊ နောက်တော့ လာလည်မယ်နော်"

"ကိုဆောင်းနဲ့ကိစ္စကို စိတ်ထဲမထားပါနဲ့..မေမေတို့ကလည်း ဒီ ဖြစ်ပေမယ့် အန်တီတို့ကို ခင်မင်မပျက်ပါဘူး၊ အန်တီမရောက်နေ ု ကြီးတည်းက 'သမီးအလည်လေးဘာလေး လာဖို့သွားခေါ်ပါလား' ဆို ေ ဘင် ပြောနေသေးတယ်.."

"ဟုတ်လား..ဒီမှာနေမှာဆိုတော့ နောက်ဆိုလာဖြစ်မှာပါ၊ သမီး လာလ သ်လေ..အန်တီကရောဂါကြီးကြီးမားမား မရှိပေမယ့် ချူချာတ အိမ်မှာ ; ာရာဝန်တစ်ယောက်ဝင်ထွက်နေတော့ အားရှိတာပေါ့.."

ကို ပ်ကလည်း လမ်းဖွင့်ပေးရသည်။ သူမလေးဆောင်းမျက်နှာ မှာ မျှော်လင့် နေခဲ့ဆိုတာ နားလည်လိုက်တာမို့ ကရုဏာလည်း ဖြစ်မိ

"အန်ဝ ဒီတို့နဲ့ ခင်မင်သပျက်သလို သမီးနဲ့သားငယ်တို့လည်း-"

"အဲ့ဒါ ေ ာ့ ဖြစ်မှာမဟုတ်ဘူးအန်တီ.."

"ဟင်..ဘ ာဖြစ်လို့လဲ.."

ငြိမ်းက ပြေ ာရခက်နေသလို ကားသော့ကိုပဲ အခိပ္ပါယ်မဲ့ ငုံ့ကြည့် ကာ ပြီးမှပြန်မော့ရ ာပြီး..။

"ကိုဆောင်းက ု သူ့သူငယ်ချင်းကလွဲပြီး ဘာကိုမှအရေးထား ဟုတ်ဘူး..."

"သမီးရယ်..လုပ်ု ်ငန်းအတူလုပ်နေကြတော့လည်း အဆင်ပြေ နေကြတဲ့သဘောပါ၊ သ ားကစီးပွားရေးကို ဝါသနာကြီးတဲ့သူဆို မိုးဆက် လောက်ကို ဦးစား ပေးရသလို ဖြစ်တာလည်းပါမယ်..နောက် သမီးတို့ ချင်း နားလည်လာမှာပါ.."

"သမီးကတော့ အဲ့လိုမထင်ဘူးအန်တီ.."

ဒီအကြောင်းပြောမိကာမှ ဒါတွေပြောချင်လို့ သူမရောက်လာတာ


www.burmeseclassic.com

www.burmeseclassic.com


ဒီသာစွာ ငြိမ်းမျက်နှာလေးက ညှိုးနွမ်းနေခဲ့လျက်.. ၊

"အဲ့ဒီလူ သိပ်အောက်တန်းကျတာပဲ..အန်တီသိပြီးနေမှာပါ၊ မိန်းကလေး တစ်ယောက်ကို ဘယ်လောက်တောင် အောက်တန်းကျကျယုတ်မာခဲ့သလဲဆိုတော့.."

"အဲ့ဒါတွေထားခဲ့ဖို့ သင့်ပြီမဟုတ်ဘူးလားငြိမ်း.."

နောက်မှာဆောင်းမျက်နှာရောက်လာတော့ ငြိမ်းလှည့်ကြည့်ပြီး မျက်နှာလေးရဲသွားသည်။ နောက်ကျမှ ဣန္ဒြေဆယ်လိုက်ပြီး ခပ်တည်တည်လေး ပြန်ကြည့်၍.. ၊

"မပြောချင်ပါဘူး..ဒါပေမယ့် စပ်မိတော့လည်း ပြောချင်မိတယ်.."

"မစပ်မိအောင် မပြောဘဲနေလိုက်ရင်ရတာပဲ..ကိုယ်ပြောချင်တာက ပြန်ပြောဖြစ်တိုင်း မင်းလည်းဒေါသထွက်ရတယ်၊ ဟိုဘက်မှာလည်း ခဏခဏ လူယုတ်မာဖြစ်နေရတာ.."

"ဩော်.."

ငြိမ်းက မျက်ဝန်းလေးတွေ တလက်လက်စူးရဲသွားသည်။

"ကဲပါကွယ်..စကားပြောချင်ရင် သမီးကကားထဲဝင်ပါလားနော်၊ အန်တီတို့ကားက ကျယ်ပါတယ်..ဒါမှမဟုတ် ဆိုင်တစ်ဆိုင်မှာဖြစ်ဖြစ်ပေါ့၊ ဘုရား ခြေတော်ရင်းမှာ လူတွေလည်းအများကြီးပဲ စကားပြောလို့မကောင်းပါဘူး.."

"ဟင့်အင်း.."

ငြိမ်းက မျက်ဝန်းလေးတွေပါ နီလာပြီးခေါင်းခါသည်။ ဆောင်းမျက်နှာက သူမကိုမကြည့်ဘဲ ဝယ်လာသည့်ပစ္စည်းကို ကားတံခါးဖွင့်၍ လှမ်းထည့်နေ၏။

"ကိုဆောင်းက သူလုပ်သမျှမသိကျိုးနွံပြုနိုင်ပေမယ့် ငြိမ်းကတော့မပြုနိုင်ဘူး.."

ပြောလိုက်ပြီး ဆောင်းမျက်နှာနဲ့နီးအောင် တိုးရပ်လိုက်ကာ.. ၊

"တကယ်ဆိုစေ့စပ်ဖို့ ပျက်ရလောက်အောင် ဖြစ်စရာမရှိဘူး..ငြိမ်းအဲ့လိုပြောတော့ မိန်းကလေးတန်မယ့် ငြိမ်းကပြန်စချင်နေတာလို့ ဘေးလူတွေထင်မယ်၊ ဒါပေမယ့် ဒီပွဲပျက်တဲ့အတွက်.."

"ကိုယ့်မှာပဲ ထိခိုက်သွားတာလို့ ပြောရင်ရော ယောကျ်ားတန်မယ့် ဆန်ကြမ်းကစေးနေတယ်လို့ ဘေးလူတွေထင်ကြမလား.."


www.burmeseclassic.com

www.burmeseclassic.com


သူကောက်မေးလိုက်တော့ ငြိမ်းရှတ်တရက်ဆွံ့အသွားသည်။

"စေ့စပ်ပွဲလည်း မဖြစ်သေးဘူး...ဒါပေမယ့် ကိုယ့်ကိုလူရှုပ်လူပွေဆိုတဲ့ ပုဒ်မနဲ့ မင်းတို့ပဲငြင်းခဲ့တာပါ..."

ငြိမ်းဘာမှ မပြောနိုင်ဘဲဖြစ်နေကာ..။

"အဲ့...အဲ့ဒါကလည်း ကိုဆောင်းဖြေရှင်းလာမှာကို..."

"ကိုယ်ဖြေရှင်းဖို့ကြိုးစားတုန်းက မင်းလက်မခံခဲ့ဘူးလေ..မင်းထင်တဲ့ အတိုင်း ဆုံးဖြတ်ပြီးတာကို ကိုယ့်ကိုဘယ်လိုဖြေရှင်းချက် ပေးစေချင်သေးတာ လဲ.."

"ဟုတ်ပါပြီ..ကိုဆောင်းဘက်မှာလည်း နစ်နာပါတယ်၊ ဒါပေမယ့် ငြိမ်းကို မိုးဆက်လေဆိုတဲ့လူ စီးတီးမတ်တ်ထဲမှာ လုပ်ခဲ့တဲ့ကိစ္စကြီးကိုရော-"

"သူမှားတာကို ကိုယ်ထောက်ပြခဲ့တယ်...ကိုယ့်ဘက်ကလုပ်ခွင့်ရှိတာ ဒါပဲ.."

သူမသိချင်တာက ကိုယ့်ကိုဒုက္ခပေးခဲ့တဲ့အတွက် မိုးဆက်လေအပေါ် မှာ ဆောင်းမျက်နှာတစ်ချက်လေးတောင် စိတ်မပျက်ခဲ့ဘူးလား..ဒါမှမဟုတ် မငြိုငြင်ခဲ့ဘူးလား..ခုဘာဖြစ်လို့ လုံးထွေးနေဆဲဖြစ်ရတာလဲ..။

သူမဘက်က ပြန်လည်အဆင်ပြေနိုးမျှော်ကိုးနေခြင်းဟာ မိုးဆက်လေ နဲ့သူ လက်တွဲမပြုတ်ရှိနေခြင်းကြောင့် ရေစုန်မျှောရပြီဆိုတာ..။

"ကြီးကြီးနဲ့ငြိမ်း ဒီမှာအမှတ်တမဲ့ဆုံမိကြတာလား..မင်းဘုရားကိုလာ တာလား၊ ပြန်မှာလား.."

ဒေါ်မေလင်းကို မေးသလိုနှင့် သူမဘက်ကိုလှည့်မေးသည်။ အမိပွါး က ပြောပြီးရင်ပြန်တော့..။

ဆောင်းမျက်နှာရဲ့စကားအမိပွါးယ်ကိုဖော်၍ ငြိမ်းခပ်ယဲ့ယဲ့လေး ပြုံး မိသည်။ ပြီးမှ..။

"ဟုတ်တယ်...ဘုရားကိုလာတာပါ၊ ဒါပေမယ့် ပြောစရာရှိတာတွေ ပေါ်လာတော့လည်း မပြောဘဲမနေနိုင်လို့လေ.."

သူမက ဆောင်းမျက်နှာကို မျက်မှောင်လေးကုတ်ကြည့်ရင်း..။

"ခုလည်း ကိုဆောင်းနားထောင်ချင်မှာ မဟုတ်ပေမယ့် ပြောဖို့ကျန် နေသေးတယ်.."

"အင်းပြောလေ..မိုးဆက်နဲ့ ပတ်သက်နေတာပဲလား.."

မေးပုံက မိုးဆက်အကြောင်းဆိုရင်တော့ နားမထောင်ချင်ဘူးဆို


www.burmeseclassic.com

www.burmeseclassic.com


ခဲ့လိုက်တဲ့အတိုင်း.. ၊

"ဟုတ်တယ်..ငြိမ်းတကူးတကစုံစမ်းနေတာတော့ မဟုတ်ဘူး..ဒါပေမဲ့ ဒီသတင်းကအမှန်ပဲလို့ ယုံကြည်တယ်၊ ဘာလို့လဲဆိုတော့ လူကိုမကြည့်နဲ့ မှုကိုကြည့်တဲ့..ကိုဆောင်းကို ကိုယ်ဝန်ဆောင်မိန်းမငတ်တုတ်ရှိတဲ့ ယောကျ်ားတစ်ယောက်ဖြစ်အောင် မိုးဆက်လေဆိုတဲ့လူက လုပ်ကြံတီးခဲ့တယ်ဆိုတာ မယုံနိုင်စရာမှ မရှိဘဲ..ဟုတ်တယ်မလား.."

ဟင်.. ၊

ပေါ့ပါးနေသည့်ဆောင်းမျက်နှာရဲ့ အမူအရာလှုပ်ရှားမှုအားလုံး ပြတ်ကနဲ ပြောင်းလဲသွား၏။ သူမနှုတ်ဆက်သွားလား မသွားလားလည်း မြင်လိုက်ဘဲ တူဝရီးနှစ်ယောက်ကားပေါ် ပြန်ရောက်လာခဲ့ပြီး.. ၊

"သား.."

"ကြီးကြီးပြောချင်တာ ကျွန်တော်သိပါတယ်.."

"သိနေရုံနဲ့မပြီးဘူးလူလေး..နောက်ကျောကထိုးတဲ့ ဓားကရှောင်ရခက်တယ်သား၊ အဲ့ဒီကောင်လေးက အနိုင်ယူချင်တယ်..မိန်းမရှုပ်တယ်၊ ဘယ်မိန်းမကိုမှလည်း အတည်မတွဲဘူးလို့ ပြောကြတယ်..ဒါပေမယ့် သူ့အောင်မြင်မှုတွေက သားနဲ့ယှဉ်လိုက်ရင် ဘာမှမဟုတ်ဘူးဖြစ်နေတာလည်း သူသိတယ်.."

ဒေါ်မေလင်း ဒီစကားတွေကို ပြောချင်နေတာကြာပါပြီ။ ညီမဖြစ်သူကတိုင် 'မမတူကို အဲ့ဒီကောင်လေးအကြောင်း သိပ်မပြောနဲ့..ဘယ်သူဘာပြောပြော လုံးဝအထိမခံဘူး' လို့ ကပ်မှာသွားခဲ့တာမို့ မျိုသိပ်နေခဲ့ရတာဖြစ်သည်။

"ခေတ်လူငယ်ပုံစံ ဖြူဖြူချောချောလေးမို့ သူ့ကိုမိန်းကလေးတွေ သဘောကျရင် ကျလိမ့်မယ်..တကယ့်မိကောင်းဖခင်သမီး အသိဉာဏ်ရှိတဲ့မိန်းမလေးဆိုရင်တော့.."

"ကြီးကြီးရာ.."

"ကြီးကြီးမရာနဲ့သား..ယောကျ်ားကောင်းဆိုတာ တကယ်အားကိုးရတဲ့ စိတ်ဓာတ်အရည်အချင်းနဲ့ ကြံ့ခိုင်မှုရှိရတယ်၊ ဘဝလက်တွဲဖော်အဖြစ် ယောကျ်ားကောင်းရွေးမယ်ဆိုရင် သူကျန်ခဲ့မှာပဲလေ..သားအပေါ်မှာ ငြိုးတဲ့ သဝန်တိုနေတာ မဖြစ်နိုင်ဘူးလို့မထင်နဲ့.."

ဒါတွေကို လက်မခံနိုင်ပေမယ့် လူကြီးတစ်ယောက်ရဲ့ အမြင်မှုကိုတော့


www.burmeseclassic.com

www.burmeseclassic.com


နားလည်ပေးရမှာမို့ သက်ပြင်းသာချနေမိ၏။

"သူဘယ်လိုမိန်းကလေးတွေနဲ့ တွဲနေသလဲ..သားကိုဘယ်လိုမိန်း လေးတွေက သဘောကျကြသလဲအဲ့ဒါပဲ တွေးကြည့်ဦး၊ ဒေါက်တာ အပြင် စေ့စပ်ဖို့တစ်ယောက် ထပ်သေချာခဲ့တာလည်း အဏ္ဍဝါသိပ္ပံ ညွှန်မှူး..."

"ဖြစ်နိုင်ဖွယ်တွေပဲ တွေးကြည့်ရင် အားလုံးကဖြစ်နိုင်တဲ့ဘက် ကုန်မှာပဲကြီးကြီး..ကျွန်တော့်စိတ်က ခံစားမိနေတာကို ကျွန်တော်ယုံ တယ်၊ အဲဒါကမိုးဆက် ကျွန်တော့်ကို ဘယ်တော့မှ ဒုက္ခရောက်အောင် ဘူးဆိုတာပဲ..."

"လုပ်ခဲ့ပေါင်းများပြီသားရယ်.."

သူ့ကားမောင်းရင်း ရယ်မိကာ.. ၊

"ရေကူးတတ်တဲ့သူကို ရေထဲတွန်းချတာ ဘာဖြစ်သွားနိုင်လို့လဲ ကူးတတ်နေမှန်းသိလို့ တွန်းချတာလည်း ကျွန်တော်သိနေတာပဲ.."

"ဘယ်လို.."

"သူဒုက္ခပေးနေတယ်လို့ ကြီးကြီးတို့ထင်ခဲ့တာတွေက ကျွန်တော် တွက် ဒုက္ခမဟုတ်ဘူးဆိုတာ ပြောပြတာပါ.."

"ထားပါတော့လေ..အခု လူလေးကိုမိန်းမ ငုတ်တုတ်ရှိနေရက်နဲ့ များသမီးပျိုလေးကို လိမ်ညာစေ့စပ်ဖို့ ကြိုးစားတဲ့ယောကျ်ားဖြစ်အောင် ကယ်လုပ်ခဲ့တယ် ဆိုရင်ရော.."

"ကျွန်တော်မယုံဘူး.."

"ဖြစ်ရလေ.."

"အဟွန်း..တကယ်ဆိုရင်လည်း အဲ့ဒီတကယ်ကို ကျွန်တော်ကိုယ် ယုံကြည်ချင်တာကို ပြောတာပါ.."

ကြီးကြီးမျက်နှာမှာ သူ့ကိုကြည့်နေရင်း 'ကုရာနတ္ထိဆေးမရှိ'ဆို စိတ်ညစ်သွားခြင်းတွေ အထင်းသားပေါ်လာခဲ့သည်။ ဒါပေမယ့် မတတ်နိုင်

ဘယ်သူသိသိ မသိသိမိုးဆက်ရဲ့စိတ်ကို သူသိသည်။ ဒါဘယ်တော့ တမင်ရည်ရွယ်ခဲ့တာ မဖြစ်နိုင်.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃၈)

"ဟလို.."

"မင်းကိုလည်း လိုက်ဖမ်းနေရတယ်မိုးဆက်ရာ.."

"ဟော့ကောင်..ငါကုမ္ပဏီက ကဲန်တင်းမှာပဲရှိတယ်၊ လျှောက်ပြောမနေနဲ့.."

"အဲ့ဒါ ငါဖုန်းဆက်တာနှစ်ခါတောင် ခုမှကိုင်ရလား.."

မိုးဆက်က ပြုံးလိုက်ပြီး မယ်လွန်းဘုံကို လှည့်ကြည့်၍ မျက်စိတစ်ဖက်မှိတ်ပြသည်။ ပြီးမှ.. ၊

"ငါဖုန်းမကိုင်နိုင်အောင် အလုပ်ရှုပ်နေရင် ဘာကြောင့်ဆိုတာ မင်းမသိဘူးလား.."

"ကျွတ်.."

"အေးပါ..နောက်ဆယ့်ငါးမိနစ်ပဲ၊ ဆယ့်လေးမိနစ်နဲ့ ငါးဆယ့်ကိုးဒသမကိုးစက္ကန့်ဆို ငါမင်းရှေ့ကိုရောက်ပြီ.."

"သေလိုက်..အဲ့ဒီမှာ.."

"ဟား ဟား ဟား.."

သူဖုန်းချလိုက်တော့ မယ်လွန်းဘုံက စူပုတ်ပုတ်မျက်နှာလေးနှင့်ဆော်ဖို့သောက်နေရင်း.. ၊

"ကိုဆက်က သူ့ကိုဆိုမနာနိုင်ဘူးနော်.."

"နာရအောင်သူက တို့ကိုနေ့စဉ် ကျောက်ခွဲအောင်ရိုက်နက်နေတာမှမဟုတ်ဘဲ.."

"မဟုတ်ဘူးလေ..ကိုဆက်ကိုသူပဲ ကုမ္ပဏီကမောင်းထုတ်ခဲ့တာမဟုတ်ဘူးလား.."

"အဟွန်း.."

ပြုံးလိုက်ရင်း နာရီကြည့်သည်။ ပြီးတော့ ကော်ပြန့်စိမ်းကို တစ်စွန်းဆစ်စားပြီး ဘေးတွန်းထားလိုက်ကာ.. ၊

"ပြီးရင်သွားရအောင်.."

"တွေ့လား.."


www.burmeseclassic.com

www.burmeseclassic.com

"လုပ်ပါ..တို့ကပြောတဲ့အတိုင်း လုပ်တတ်တဲ့ကောင်.."

မယ်လွန်းဘုံက ပေါင်ပေါ်တင်ထားသည့် ဆလင်းဘက်ခ်အိတ်ကို ပခုံးမှာချိတ်လိုက်ပြီး ထရပ်၏။ ဒါပေမယ့် နှုတ်ခမ်းလေးစူနေလျက်..

"ကိုဆက်ကိုတော့ ဘုံမကျေနပ်တော့ဘူးသိလား.."

"ဆောရီးပါကွာ..ဒီနေ့ကိုယ်တို့ ခရီးသွားဖို့ရှိတယ်၊ အဲ့ဒါကြောင့်ပါ.."

"ဒါဆိုလည်း ဘုံကိုကြို့ချိန်းပါလားလို့.."

"မင်းပဲချိန်းတာလေ.."

"ဟုတ်တယ်လေ..ဘုံကအားလားလို့မေးတာကို.."

"အားလို့အခု တွေ့ကြတာလေ.."

ပြောပြီး ကဲန်တင်းကအတူထွက်ခဲ့၏။ ပြီးတော့ ရှေ့ကျမှဘုံ့ပါးအား ကို ချစ်စနိုးလိမ်ဆွဲလိုက်ပြီး.. ၊

"နောက်မှအေးဆေးတွေ့ရအောင်.."

"ကိုဆက်.."

"ဟင်.."

"ကိုဆက် ဘရဏီနဲ့ငြိနေသေးတာတော့ မဟုတ်ပါဘူးနော်.."

"နိုး.."

"ဒါပေမယ့် ကိုဆက်နဲ့ဘရဏီကို ဟိုတယ်လ်ထဲက ထွက်လာတာမြင် တဲ့လူရှိတယ်.."

"နိုင်ငံခြားဧည့်သည်တွေက ဟိုတယ်လ်မှာတစ်ယောက်မဟုတ် တစ် ယောက်တော့ ရှိနေကြတာပဲလေ..ကိုယ့်အလုပ်ကိစ္စအတွက်လာတဲ့ ဧည့်သည် တွေကို ကိုယ်တို့သွားတွေ့တာ ဘာဆန်းလို့လဲ.."

"ဒါဆို ဘရဏီနဲ့တွဲနေတာတော့ ဝန်ခံတယ်ပေါ့.."

"မတွဲပါဘူး..သွားရင်းလာရင်းတွေ့လို့.."

"ဟိုတယ်လ်ထဲထိ ပါသွားတာလား.."

"တိုက်ဆိုင်တာတစ်ခုခု နေမှာပေါ့ဘုံရာ..မင်းပြောနေတာ တို့တော့ မမှတ်မိတော့ဘူး၊ ဟုတ်ချင်ရင်ဟုတ်မယ်.."

"ဘာကိုလဲဟင်.."

"အမှတ်တမဲ့တွေ့တာလား..သူတကယ်လိုက်လာတာကို တို့ခေါ်သွား ခဲ့တာလား၊ ဒါပေမယ့် ဟိုလိုဒီလိုတွေ ဘာမှမဟုတ်ဘူး.."

အတူတွဲလာကြရင်း သူ့အပေါ်တက်မလိုပြင်တော့ ဘုံကရှိနေသေး


www.burmeseclassic.com

www.burmeseclassic.com


နာရီကိုတစ်ချက်ပင့်ကြည့်ပြီး..၊

"တို့လိုက်မပို့တော့ဘူးနော်.."

"နာရီတကြည့်ကြည့်နဲ့ကွာ.."

ဘုံက သူ့လက်နဲ့နာရီကို ရောပြီးဆုပ်ကိုင်ထားလိုက်ကာ ထိုလက်ကို ဆားတွန်းပစ်လိုက်၏။

"ကိုဆက်နဲ့အဲ့ဒီဆောင်းမျက်နှာရဲ့ အနေအထားကို ဘုံ့ထက်ဘယ်သူမှ ပိုမသိပါဘူး.."

"အဲ့ဒီတော့.."

"ဆောင်းမျက်နှာချမ်းသာတယ်ဆိုတာ ကိုဆက်အောက်အများကြီးနိမ့်ပါသေးတယ်."

"အဲ့ဒါကြောင့် မင်းငါ့ကို လက်လွှတ်မခံတာများလား.."

"သိသားပဲ..ကိုဆက်ဒီတိုင်းပြောမှာပဲဆိုတာ.."

"ပြောစရာဖြစ်လာလို့ ပြောတာမဟုတ်ဘူးဘုံ..ပြောသင့်နေတာ ကြာပြီ၊ ဒါပေမယ့် ကာလာနဲ့မင်းအဆင်ပြေမယ့်ကြားထဲဝင်ပြီး ပုတ်ချခဲ့တာက ကိုယ်.."

"ဒါဖြင့် ကိုဆက်လည်းဝန်ခံလိုက်တာပေါ့.."

"ဟုတ်တယ်..ကိုယ်ကချစ်သူမထားသေးဘဲ သူကအတွဲနဲ့ဖြစ်နေရင် သူကကိုယ့်ထက် အရာရာသာနေတာမျိုး မီးမောင်းထိုးပြလိုက်သလို ဖြစ်သွားမှာပေါ့.."

"ဟုတ်မှလည်းပြောပါကိုဆက်ရယ်..ကိုဆက်က ဖြူဖြူချောချော သူ အထောင်ထောင်မတ်မတ်၊ ခုခေတ်မှာကိုဆက်လို ချောတဲ့ယောကျ်ားတွေပဲ ရှားပါ ဖြစ်နေတာပါ..နောက်ပြီး ကိုဆက်ကပိုချမ်းသာတာလည်း အသိုင်းအဝိုင်းတွေ သိကြပါတယ်.."

တကယ်တော့ ဒါလူတိုင်းသိနိုင်တဲ့ကိစ္စမဟုတ်ပါ။ လူတွေအမြင်မှာ သူက ဆောင်းမျက်နှာအပေါ် နိုင်စားလွန်းသလိုဖြစ်နေလို့သာ ဒီလောက်ထိ ဆောင်းမျက်နှာ သည်းခံနေနိုင်တာဘာကြောင့်လဲဆိုသည့် မေးခွန်းတွေကနေ ဒီအဖြေထွက်လာတာ ဖြစ်သည်။

ဒါပေမယ့် ဘုံကတော့ သူများတွေလိုမဟုတ်ဘဲ ဆောင်းမျက်နှာက ကိုဆက်အပေါ် အမိန့်တွေပေးခိုင်းစေနေသည်ဟု အထင်ရောက်နေခဲ့ပျက်..၊

"ကိုဆက်ဘယ်ရောက်နေနေ ဘာတွေလုပ်နေနေ သူ့ဖုန်းရောက်လာ


www.burmeseclassic.com

www.burmeseclassic.com


တာနဲ့ တန်းပြန်ပြေးရတယ်..."

"ဟုတ်တယ်..ခုလည်း တို့ခြောက်မိနစ်ပဲအချိန်ရှိတော့မယ်၊ မင်းကျ ခဲ့မလား..ကိုယ်ကျန်ခဲ့ရမလား..."

"တော်ပါ..ဘုံ့ကိုထားပြီး ပြေးတက်တော့မယ့်ဟာများ..."

သူကရယ်လိုက်ပြီး ဘုံ့ပခုံးလေးကို တင်းခနဲဆွဲဖက်လိုက်သည်။ ပြီး တော့ ငုံ့နမ်းလိုက်လျှင် ဘုံကမျက်နှာလေး တိမ်းလိုက်ပြီး သူ့ကိုယ်ကို တွန်း ပစ်လိုက်ပြီး.. ၊

"အဲ့ဒီကာလာဆိုတဲ့လူကို..."

"ဟော့ ဟော့..အဲဒါတော့မလုပ်နဲ့နော်၊ ကာလာဆိုတာ တို့ကိုပဲခေါ်ခွင့် ပြု ထားတဲ့ နစ်ခ်နိမ်းမ်..."

"နစ်ခ်နိမ်းမ်ဆိုတော့ ပိုပြီးခေါ်ခွင့်ရှိတာပဲ..ကိုဆက်ကို သူလွှမ်းမိုးချုပ် ကိုင်နေတာ ကြာလေနားမလည်နိုင်လေပဲ၊ သူပဲအလုပ်ထုတ် သူပဲပြန်ခေါ်...ခဲ့ ဒါ့ကို ကိုဆက်ဝမ်းသာအားရကြီး ပြန်လိုက်သွားတာ တကယ်ဆိုးတယ်ဘ လား..."

"မလိုက်ရင် တို့ဘာလုပ်ရမလဲ..."

"ကိုဆက်လည်း လုပ်ငန်းတစ်ခုခုကို ဦးဆောင်နိုင်တာပဲလေ..."

"တော်ပြီလားဘုံ..."

ပြုံးရယ်နေသည့်မျက်နှာက အေးစက်စက်ပြောင်းလဲသွားခြင်းကို မြင် လိုက်မှ ဘုံကြောင်အမ်းအမ်းဖြစ်သွားသည်။

"တို့တွဲခဲ့တဲ့မိန်းကလေးတွေထဲမှာ မင်းကိုတို့နည်းနည်းတော့ ပိုခဲ့တာ ထင်တယ်..."

"ဘာကိုလဲ..."

"တွဲခဲ့တဲ့အချိန်..ပြီးတော့ တို့ဂရုစိုက်ခဲ့တာတွေ..."

"ဟုတ်လား..ဘုံကပိုရတာပေါ့၊ ဒါဖြစ်နိုင်ပါတယ်..ဘုံက ဘယ်မိန်း ကလေးနဲ့မှ မတူအောင်လှတယ်လေ..."

လှလည်းလှတဲ့ဘုံပါ။ ပြီးတော့ ရင်ဘက်လေးပင့်ပြီး ပြောပုံကလည်း ရဲရင့်၏။

"အဟွန်း..."

သူရယ်လိုက်ပြီး ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်လိုက်ရင်...

"ဟုတ်ချင်ဟုတ်လိမ့်မယ်..ဒါပေမယ့် မင်းမသိသေးတာက ယောကျ်ား


www.burmeseclassic.com

www.burmeseclassic.com



လေးတွေက သူငယ်ချင်းကိုသူတို့ချစ်သူထက် ပိုခင်တွယ်တယ်ဆိုတာပဲ၊ အဲ့ဒါကြောင့် တစ်ခါတည်းပြောလိုက်မယ်..နောက်တစ်ခါ ကာလာ့အကြောင်း မင်းထင်သလို စွတ်တင်းမပြောမိပါစေနဲ့.."

"ကာလာက ကိုဆက်ကို ချုပ်ကိုင်နေလို့ပြောမိတာပါ..ကာလာက ဘုံ့ချစ်သူမဟုတ်ပါဘူး..ဘုံ့ချစ်သူက ကိုဆက်.."

"အိုခေ..ခုကစပြီး မဟုတ်တော့ဘူးမှတ်လိုက်.."

"ဘာ..ဘယ်လို.."

မိုးဆက်မျက်နှာက နီရဲတင်းမာနေကာ.. ၊

"မင်းနောက်ထပ် ကာလာလို့ထပ်မခေါ်မိခင် ဒီကသွားလိုက်တာကောင်းမယ်ထင်တယ်.."

"ရှင်က.."

"အိုခေ..ဂွတ်ဒ်ဘိုင်.."

သူလှည့်ထွက်လာခဲ့ရင်း လက်နောက်ပြန်ခါသည်။ 'မင်းမသွားရင်ငါသွားမယ်'ဆိုတဲ့ သဘောလုပ်သွားတာလား.. ကာလာလို့ခေါ်တာ ဘာဖြစ်သွားနိုင်လို့လဲ.. ၊

မိုးဆက်ရဲ့စီးကြောမှုကို ခံရခက်စွာကျန်ခဲ့ရရင်း.. ၊

"တောက်.."

ကျန်ခဲ့ရပြန်ပြီ ဒုတိယအကြိမ်.. ၊

လူကိုကပ်တွယ်နေခဲ့ပြီး ဆောင်းမျက်နှာနဲ့ပြဿနာတက်တော့ ချစ်သူမဟုတ်ပါဘူးဆိုပြီး မိုးဆက်နောက်ပြန်ဆုတ်သွားသည်။ ဘာမှမဟုတ်ကြတော့သလို ဖြစ်သွားခဲ့ပြီးမှ ပါတီတစ်ခုမှာပြန်ဆုံခဲ့ကြရင်း နီးစပ်ခဲ့ကြ၏။

ဆောင်းမျက်နှာနဲ့ တွဲမလိုဖြစ်ခဲ့တုန်းက သူ့ကိုသဘောကျရဲ့.. ၊

ရှင့်ကိုတော့ ဘုံတကယ် ရင်ခုန်ခဲ့တာမိုးဆက်..ဒါပေမယ့် ဒီတစ်ခါတော့ မရတော့ဘူး၊ နောက်ထပ်လမ်းမှာဆုံမိရင်တောင် ကျွန်မအသက်မရှူမိအောင် နေမယ်..

ရှင့်အငွေ့အသက်ကိုတောင် မရှူရှိုက်ချင်အောင် မုန်းလို့.. ၊

☪



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

"ဒီနေ့ရော ချိန်းထားသေးလား.."

"နိုး.."

"ဘာဖြစ်လို့ ငေါင်နေတာလဲ.."

"ဘာမှမဖြစ်ဘူး.."

"ညကလည်း မင်းငါ့ဖုန်းကို မက်ဆေ့ချ်ပို့ထားတာ နှစ်နာရီကျော်နေပြီ.."

"မင်းပဲ အလုပ်ပြီးရင်မက်ဆေ့ချ်ပို့ဆို.."

ကားမောင်းနေရင်း ဆောင်းမျက်နှာက လှည့်ကြည့်သည်။ အလုပ်ကိစ္စနှင့် မြို့ကိုသွားရသည့်လမ်းမှာ တခြားဝင်စရာတွေလည်း ရှိသေးတာကြောင့် ကားနဲ့ပဲ ထွက်ခဲ့ကြတာဖြစ်သည်။

နှစ်ယောက်တည်းလာခဲ့တာမို့ ကားကိုလည်းတစ်လဲစီမောင်းရမှာဖြစ်သည်။ ခုတော့ ခရီးသွားရပါမည်ဆိုမှ မျက်နှာချောင်ကျနေပုံက တစ်ညလုံး အိပ်ဘဲ ငုတ်တုတ်ထိုင်နေခဲ့တဲ့အတိုင်း..၊

"မင်းကို အလုပ်တွေဖိသိပ်ပေးလိုက်မိလို့လား.."

"ဖိဖိမဖိဖိ ငါလုပ်ချင်မှလုပ်မှာပေါ့ကွ.."

"အဲ့ဒါနှစ်နာရီထိုးခါနီးမှ ထလုပ်တာလား.."

"ဝါရီတွေများလိုက်တာ ကာလာရာ..အခုမင်းမောင်းနေတာမို့လား ပါးစပ်ပိတ်မောင်း..ငါအေးဆေးမှိန်းလိုက်မယ်.."

"ငါပြောချင်တာက မင်းအသည်းကွဲနေသလားလို့.."

"ငါ့ဘာသာကွဲကွဲပြဲပြဲ.."

"ကျွတ်.."

သူကားမောင်းရင်း ကျွတ်ခနဲဖြစ်မိ၏။ သူကိုက မိုးဆက်အပေါ် ညှာတာချင်သည့် စိတ်အခံရှိနေခဲ့တာဖြစ်သည်။ ဒီနေ့ခရီးသွားကြဖို့ ဆုံတော့ ထွက်လာသည့်မျက်နှာက မျက်ကွင်းလေးတွေချောင်နေကာ မေးတော့လည်း ဖြေချင်မှဖြေသည်။

ဘာစားခဲ့လဲဆိုတော့လည်း 'ကိစ္စမရှိဘူး'လို့ ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com


ဒီကောင် ဘာတွေဖြစ်နေသလဲ.. ၊

ဟိုတစ်နေ့က ရုံးကကန်တင်းမှာ ဘုံနဲ့မိုးဆက်ပြဿနာဖြစ်ကြတယ်ဆိုတာ မြင်သည့်ဝန်ထမ်းတချို့ဆီက သူကြားခဲ့ပြီးဖြစ်သည်။ ထို့ပြင် သူဖုန်းဆက်ခေါ်သည့် ပြဿနာဖြစ်နိုင်ကြောင်း အချင်းများကြသည့်စကားတချို့ကိုလည်း ကြားတဲ့သူက ကြား၏။

မိုးဆက် သေချာပေါက် အသဲကွဲနေပါပြီ.. ၊

"ငါပြောရင် မင်းမကြိုက်ဘူး..အဲ့ဒီမေလွန်းဘုံကို မင်းကြိုက်နေရင်အစတည်းက.."

"ငါ့ရည်းစားဖြစ်နေပြီလို့ ပြောခဲ့သားပဲ..အခု ဘာဖြစ်လို့လဲပြော.."

"ဘာဖြစ်ရမလဲကွ..မင်းမတွဲဘူးလိုလို တွဲနေသလိုလို ငါ့ကိုအသိမပေးတော့ ငါကလည်း ဘာမသိညာမသိ စွတ်ခေါ်.."

"နေပါဦး..တစ်နေ့တုန်းကကိစ္စကို မင်းကသိလိုက်တာလား.."

"သိတယ်.."

"ဒါကျ အင်တာနက်ထက်တောင် မြန်နေပါလား.."

ကူရှင်ကို ခုတင်လို့ဖြန့်ခင်းချလိုက်တာ ညင်ညင်သာသာမရှိ။ ပြီးတော့ ဒိုင်းခနဲ လှဲချလိုက်သေးသည်။ လှဲပြီးတော့ ဟိုဘက်စောင်းမလိုဒီဘက် စောင်းမလိုအထာမကျ ဖြစ်နေရင်း လှုပ်လှုပ်ရွရွဖြစ်နေတာ စိတ်တိုတာကို တမင်ပြနေတဲ့အတိုင်း။ ထို့ပြင်.. ၊

"ကိုယ့်ရင်ဘက်ကြီးလည်း ငုံ့မေးပါဦး.."တဲ့.. ၊

"ဘာလဲ.."

"မယ်လွန်းဘုံကို စွန့်လွှတ်လိုက်ရတာ အနာကျက်သေးရဲ့လားလို့..'

"ကျက်တော့ ခွာစားချင်လို့လား.."

"ကောင်းမလားလို့ပါ.."

သူ့ဟာသူပြောပြီး ရယ်သည်။

"မင်းအသဲမကွဲတာ သေချာလား.."

"ဘာလုပ်မလို့လဲ.."

"ဟာ..ဘယ်နှယ့်ပြန်ပြန်မေးနေတာလဲ.."

"မင်းလည်း တော်တော်အားနေတာလေ..တောက်လျှောက် ငါ့ရည်းစားအလုကိုပဲ ကြည့်လာတာ.."

"မလုမပရွံ့တွနေတော့လည်း ငါ့ကြောင့်အသဲကွဲရော့တာလားဆို


www.burmeseclassic.com

www.burmeseclassic.com


ပြီး..."

"ပူမနေနဲ့..ငါလည်းမင်းလိုပဲ၊ မိန်းမတစ်ယောက်နဲ့လမ်းခွဲတာလော
က နှာစေးချောင်းဆိုးလောက်ပဲ.."

"ငါနဲ့တူချင်လွန်းလို့ နှာစေးချောင်းဆိုးလောက်ပဲ လုပ်ပြနေပေမ
မင်းမျက်နှာအရ ကင်ဆာရင့်နေပြီ.."

"ဟား ဟား ဟား .."

နှစ်ယောက်သားရယ်လိုက်မိကာ မိုးဆက်လှဲနေရာက ချက်ချင်းပြ
ကျုံးထ၏။ ပြီးတော့.. ၊

"မင်းရော..ငြိမ်းနဲ့ဘယ်လိုလဲ.."

"ဘာလဲ..ဘုံနဲ့ကွဲသွားလို့ ငြိမ်းဘက်လှည့်လာတာလား.."

"မင်းရဲ့ငြိမ်း ကြက်သွန်ဖြူထက်ဆိုးတာကြီးကို ငါ့ကိုအလကား
ပရိုမိုးရှင်းချပေးမယ်ဆိုရင်တောင် မယူဘူး.."

"ဘယ်ယူရဲမလဲ..မင်းဖွဲ့ထားတာ ဟိုကခုထိဇွေ့ဇွေ့ခုန်နေတုန်း.."

"ဟုတ်လား..မင်းမျက်စိနောက်ရင် ခြေထောက်မှာခဲ(ဂဲ)ဆွဲပေးလိုက်
လေ..ငြိမ်သွားလိမ့်မယ်.."

"ဘာမှလုပ်စရာမလိုတော့ဘူး..ပြီးပြီ.."

"ဟိုကလား..မင်းကလား.."

"စပ်စုလိုက်တာကွာ..မင်းမကြိုက်ဘူးဆို တိတ်တိတ်နေလိုက်၊ စိတ်
ဝင်စားမနေနဲ့.."

"ဘာဖြစ်လို့ငါကြိုက်သလားပဲ ထည့်ပြောနေတာလဲ..မင်းကစီးတီး
မတ်တ်က ကိစ္စကို အစာမကြေသေးတာလား.."

"မတည့်အောင်စမလာနဲ့..ဘာမှမဆိုင်ဘူး.."

"ပြောတာပဲ.."

မိုးဆက်က မဲ့လိုက်ရင်း ကိုယ်ပေါ်ကစပို့ရှပ်လက်ရှည်ကို ခါးစပ်က
ဆွဲလှန်းချွတ်လိုက်၏။ အတွင်းမှာ စွတ်ကျယ်အဖြူလေးနှင့် ကိုယ်လုံးထိးပြ
သွားလျှင်.. ၊

"ဘာလုပ်တာလဲ အဲ့ဒါ..ခုပြန်ဝတ်၊ အဲရ်ကွန်းမအေးရင် အရှိန်တင်
ရတယ်.."

"နေပေ့စေ..ချွတ်ချင်လို့ချွတ်တာ.."

"မိုးဆက်.."



www.burmeseclassic.com

www.burmeseclassic.com

စိတ်တိုသံနှင့်ပြောပြီး အဲရ်ကွန်းကို အရှိန်တင်လိုက်၏။

"မတင်နဲ့တော့ပေါ့ကောင်..မင်းအဖျားမပြတ်သေးတာ ငါသိတယ်.."

ဆောင်းမျက်နှာက အံ့သြသလို လှည့်ကြည့်ကာ.. ၊

"ဆေးသောက်နေတာမြင်လို့ ပြောတာလား..ငါခဏခဏလည်ချောင်းနာတတ်တာ မင်းမသိဘူးလား၊ အအေးပတ်ရင် နည်းနည်းပတ်ပတ် များများတော်ပတ် ဖြစ်တာပဲ.."

"အဲ့ဒါကိုပြောတာပဲ..အဲ့ဒီအရှိန်ကိုမရင် ငါကလည်း အကျီပြန်ကောက်စွတ်မယ် မထင်နဲ့.."

"မိုးဆက်.."

"မခေါ်နဲ့တော့..လုံးဝမဝတ်ဘူး.."

နောက်ဆုံးသူပဲ အဲရ်ကွန်းအရှိန်ပြန်ချလိုက်ရကာ အဲရ်ကွန်းမအေးလျှင် မနေနိုင်သောမိုးဆက်ကိုပဲ မသက်မသာလှည့်ကြည့်မိ၏။ သူလည်းဘာ ကယ်ဖျားခဲ့တာမို့ ညောင်နာနာအသံက မပျောက်တော့မတတ်နိုင်.. ၊

မိုးဆက်ဆိုတဲ့ကောင် ကြည့်တော့ဘာသိဘာသာနေသလိုလိုနဲ့ သူ့အတွက်ဆို ဘာဖြစ်ဖြစ်ကြိုတွက်ထားပြီး ဖြစ်နေတတ်၏။ ထို့ပြင် တစ်ခါတစ်ခါ သူ့ဝေယျာဝစ္စတွေကို လုပ်ပေးနေလျှင် အစ်မတစ်ယောက်က စီမံခန့်ခွဲနေသလို ထောင့်ကိုစေ့လို့ပါ.. ၊

"ရှေ့မှာ ဆိုင်တွေ့ပြီ..တစ်ခုခုစားမယ်၊ ပြီးမှအိပ်..အကျီပြန်ဝတ်.."

"မစားချင်ဘူးကွာ..ဆက်မောင်းစမ်းပါ၊ လောလောဆယ် ငါဆက်သွားနေချင်တယ်.."

"အေး..သွား သွား..လိုအပ်ရင်ကန်တော့ပွဲလေးပါ ပြင်ထားပေးမယ်၊ အခြေအနေဆိုးမယ်အထင်ရှိရင် လိုက်တောင်းပေးဖို့.."

ပက်လက်ကြီးလက်ပိုက်ထား၍ စံနေတော်မူရင်း ရှေ့ကိုယ်တော်က ပြုံးပါလေသည်။

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄၀)

"ပြည်ရောက်ရင် ဦးကျော်ရှိန်အစ်မဆိုတဲ့ ဘယ်သူလဲ..ခပ်ချော ချော အန်တီ.."

"ဒေါ်သီရိနွေ.."

ပြည်ရောက်မှ စားသောက်ဆိုင်ဝင်ဖြစ်ကြကာ ကားထဲကထွက်လာ တည်းက မိုးဆက်ကသူ့အစီအစဉ်ကို ပြော၏။

"အေး..ငါသူ့ကိုသွားရှာမယ်.."

"အဲ့ဒီလမ်းကြောင်းက ဘယ်လိုပါလာတာလဲ..ငါတို့လာတာ ပဒေ ဂျက်မန်နေဂျာဟောင်းနဲ့ တွေ့ဖို့ပဲ.."

"ငါကတော့ ဦးကျော်ရှိန်ကို ထရှိန်းနေတယ်ဆိုတဲ့ ဒေါ်သီရိနွေနဲ့ တွေ့ ဖို့ပဲ.."

"မင်းကလည်း မျိုးအောင်တို့သားအဖ ပြောတာတွေကို ခေါင်းထဲ ထည့်နေပြန်ပြီ..ဦးကျော်ရှိန်က လူအေးပါ၊ နောက်ပြီး တစ်ယောက်ယောက် သွေးထိုးစကားနဲ့ ချက်ချင်းပြောင်းလဲသွားလောက်အောင် အသိဉာဏ်မနည်း ပါဘူး.. အထူးသဖြင့် လူတစ်ယောက်ကို.."

"ငါကတော့ လူကဲခတ်ရင်း စောင့်ကြည့်နေရတာတွေကို စိတ်မဝင် စားဘူး.. ဦးကျော်ရှိန်ကိုလည်း မင်းမြင်သလိုမမြင်ဘူး.."

မိုးဆက်က ထင်ပြီဆိုဖွတ်.. ၊

"လူအေးဆိုတာ မရှိဘူး..လောဘကြီးတော့ ပူလောင်တယ်၊ လောဘ နည်းတော့ မတိုးတက်ဘူး..ဒါပေမယ့် ဘယ်လိုလူပဲဖြစ်ဖြစ် 'ခင်ဗျားအေးချမ်း သွားအောင် အိုးတစ်လုံးဖျာတစ်ချပ်နဲ့ နေမလား' မေးကြည့်ပါလား.."

"ဟုတ်တယ်လေ..ဒါပေမယ့်.."

"မဟုတ်ဘူး..ဦးကျော်ရှိန်တမင်ရှောင်ထွက်သွားတာ.."

"ကုမ္ပဏီကိစ္စနဲ့ခိုင်းလိုက်တယ်ဆိုတာတော့ မင်းမငြင်းနိုင်ဘူးလေ.. ကြန့်ကြာနေတာကိုတော့.."

"ကြန့်ကြာခွင့် ထည့်မပေးလိုက်ဘူးကာလာ..ကုမ္ပဏီကပွဲတော်လိုက် ရင် သူ့အတွက်စရိတ်စကထဲမှာ အချိန်လည်းပါတယ်၊ ပြန်ရောက်မလာတဲ့


www.burmeseclassic.com

www.burmeseclassic.com


အတွက် အပြစ်ရှိတယ်..လိုရင်းကဒါပဲ.."

"မဟုတ်ဘူး.."

"ဟုတ်တယ်..ဒေါ်.."

"ဒေါ်သီရိနွေ.."

စကားပြောလောကြီးတာလား သူများစကားထောက်ပေးတာကို လိုချင်တာလားမသိ။ မိုးဆက်စကားပြောပြီဆို ဝါကျဆုံးအောင် ပြောသွားတာ ခပ်ရှားရှား။ သူ့စကားကို ဆောင်းမျက်နှာပဲ အဆုံးသတ်ပေးရတာများသလို ခုလို မေ့တော့တော့တွေကို ဖြည့်စွက်ပေးရတာမျိုး.. ၊

"ဒေါ်သီရိနွေက မလေးကနေဒီထိရောက်လာပြီး ငါတို့ကုမ္ပဏီကိစ္စတွေကို.."

"သူဝင်ပါနေတယ်ဆိုတာရော ဘာနဲ့သေချာနေတာလဲမိုးဆက်..ငါတို့ကို ဒီကိစ္စဘယ်သူဘယ်လောက်ပြောနေနေ စီအီးအိုဖြစ်နေတဲ့မင်းက စုံထောက် တစ်ယောက်လို ခုန်ဆင်းပြီး စုံစမ်းနေတာသင့်တော်မလား.. မသင့်တော်လို့ မသိအောင်စုံစမ်းဖို့ဆိုတာရော ဖြစ်နိုင်လို့လား၊ ထားလိုက်ကွာ.. ဦးကျော်ရှိန် ကုမ္ပဏီမှာ ကျန်တော့လည်း လုပ်သက်ရင့်ဝန်ထမ်းကောင်း တစ်ယောက်ကျန်တယ်ပဲ သဘောထားလိုက်.."

"နိုးပဲ..ငါလုံးဝလက်မခံဘူး.."

ဆိုင်တစ်ဆိုင်ထဲ ဝင်ထိုင်လိုက်တော့ စားပွဲတွေခပ်ကျဲကျဲနှင့် အတော်ကျယ်သည်။ ဒါပေမယ့် စားပွဲတိုင်းမှာလူရှိနေကာ လူဝင်လူထွက်တွေ ရှုပ်နေ၏။ စကားလက်စပြတ်တောက်သွားပြီး မိုးဆက်ကမျက်လုံးဝေ့လိုက်တော့ ဆောင်းမျက်နှာ နားလည်သည်။

"ခရီးသွားတာဟော့ကောင်..ရုံးထဲကကန်တင်းမှာလို မင်းထိုင်မယ့်ခုံဖုန်ခါပြီးသုတ်ပေးမယ့်သူ ရှိမှာမဟုတ်ဘူး၊ စားပွဲခုံတွေကိုလည်း မကြည့်နဲ့..လောလောဆယ် ဗိုက်ပြည့်ဖို့ပဲတွေး.."

"ဒါဆိုလည်း ဗိုက်ဖြည့်ဖို့အဓိကပဲ..လမ်းဟိုဘက်မှာရောင်းတဲ့ သနပ်ခါးတုံးတွေ ခုတ်ထစ်ပြီးမျိုချမယ်လေ..ပြန်မယ့်အချိန်ထိ အစာချေနေလိမ့်မယ်၊ မကောင်းဘူးလား.."

"အဟွန်း.."

ဆောင်းမျက်နှာကရယ်ရင်း မိုးဆက်ထိုင်လိုက်သည့်ရှေ့က စားပွဲမျက်နှာပြင်ကို တစ်ရှူးစတွေဆွဲထုတ်ပြီး သူကိုယ်တိုင်ပွတ်တိုက် သုတ်ရှင်းပေးလိုက်


www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရပြီလား..မင်းရဲ့ပွစိပွစိကို နားငြီးမခံနိုင်လို့.."

မိုးဆက်က နှာခေါင်းပွတ်လိုက်ပြီး ပြုံးစိစိ..။

ဘောစားပွဲကနေ လူနှစ်ယောက်က သူတို့ကိုသေချာလှမ်းကြည့်နေ ဆောင်းမျက်နှာရဲ့ ဂိုက်ဆိုက်ဟန်ပန်အရ ကိုယ်ရုံတော်နဲ့တော့ မတူ အလွန်ချစ်သော ညီငယ်တစ်ယောက်ကို ဂရုစိုက်လုပ်ကိုင်ပေးနေသည် အစ်ကိုကြီး တစ်ယောက်လိုသာ ထင်ကြဖို့ရှိကာ..။

"တော်ပြီကွာလာ..တော်ကြာ မင်းကိုငါ့အလုပ်သမား ထင်နေဦးမယ်"

ပြောသည့်စပ်ဖြဲဖြဲမျက်နှာကို ဆောင်းမျက်နှာကလှည့်ကြည့်ကာ..

"ဒါငါ့ကို အလုပ်သမားထင်သွားမှာစိုးတဲ့မျက်နှာလား..နှစ်ချ လောက်ပစ်ကျွေးလိုက်ရင် သေရာပါဒဏ်ရာဖြစ်သွားဦးမယ်..ခွေးကောင်"

"ဟား ဟား ဟား.."

မိုးဆက် အကျယ်ကြီးထရယ်၏။ တစ်လမ်းလုံးညောင်နာနာ ရုပ် လေးနဲ့ ပါလာသဖြင့် အားပါးတရရယ်လိုက်တော့ ဆောင်းမျက်နှာစိတ် အားဘဲ ကျေနပ်သွားမိသည်။ ပြီးတော့ သူပါလိုက်ရယ်ရင်း..။

"အခု ဦးကျော်ရှိန်ကိစ္စကို ထားလိုက်လို့ရပြီလား.."

"မိုးဆက်.."

"မင်းကိုငါမနှောက်ယှက်ဘူးကွာ..ဒေါ်သီရိနွေနဲ့တော့ တွေ့မှဖြစ်မ ငါတို့ကုမ္ပဏီက လျှို့ဝှက်ကိစ္စတွေကို ဒီလူကြီးသိသွားတယ်ဆိုတဲ့စကား တော်တော်များနေတာ.."

ဒါကတော့ ဟုတ်သည်။ ဒါပေမယ့် မဟုတ်တာက သူများပြောတဲ့ ကားသံတွေ ဖြစ်နေသည်။

"အတွင်းစကား အပြင်ပေါက်သွားရင် ဒီပြဿနာဘယ်လောက်ကြီး သွားမလဲ မင်းစဉ်းစားကြည့်..ဒေါ်သီရိနွေဘယ်လိုမိန်းမမျိုးလဲဆိုတာ တွေ့ တွေ့မှဖြစ်မှာ၊ ဦးကျော်ရှိန်ပျောက်နေတာနဲ့ကိုင်ပြီး ဒီသတင်းမပေါက်အောင် ပြန်ဖာထေးရမှာ.."

"ဒါဖြင့် မင်းကငါ့ခင်းတဲ့ပလန်နဲ့ လိုက်ခဲ့တာမဟုတ်ဘူးပဲ.."

"ဟုတ်တယ်လေ..မင်းခင်းတာလည်း ကုမ္ပဏီအတွက်ပဲ၊ ငါ တာလည်းဒါပဲ..မင်းနဲ့ရော ငါနဲ့ရောဆိုင်တယ်.."

စားစရာတွေမှာကြတော့လည်း မိန္နးကိုလှန်လှောရှာ ပြီး ပြန်ဝိ



www.burmeseclassic.com

www.burmeseclassic.com


ထိုက်သည်။ ပြီးတော့.. ၊

"ကုတ်တစ်ဘူးနဲ့ရေသန့်.."တဲ့.. ၊

"မိုးဆက် ဗိုက်ထဲမှာဘာမှမရှိဘဲနဲ့ ကုတ်ကဘာလုပ်တာလဲ..မရဘူး.."

ဆောင်းမျက်နှာက ထမင်းပေါင်းနှစ်ပွဲနှင့် မိုးဆက်အတွက်ကက်ပချီ ရှယ် သူ့အတွက် ဘလက်ခ်ကော်ဖီရှယ် မှာလိုက်၏။ ထိုစဉ် ဆိုင်ထဲဝင်လာ ကြသည့် အမျိုးသမီးနှစ်ယောက်အနက် ခပ်ငယ်ငယ်တစ်ယောက်သည်..

"အယ်..ကိုမိုးဆက်လေနော်.."

မျက်နှာချင်းဆိုင်ဖြစ်နေသည့် ဆောင်းမျက်နှာကို နှုတ်မဆက်ဘဲ အားစောင်းမကျတကျထိုင်နေသည့် မိုးဆက်ကိုတအံ့တဩ.. ၊

"ချက်ချင်းကြီးဒီမှာတွေ့လိုက်လို့ အံ့ဩသွားတာ.."

ဟုပြောပြီးမှ သူ့ကိုကြည့်၍.. ၊

"သူဌေးလည်းပါတာကိုး..အဟွန်း၊ ဟိုလေ ကျွန်မက.."

"ခင်ဗျားလည်း တော်တော်မျက်နှာပြောင်တာပဲ.."

မိုးဆက်ကပြောလိုက်တာ ပက်ခနဲ.. ၊

သူမ စတင်နှုတ်ဆက်လိုက်တည်းက မိုးဆက်မျက်နှာရဲတွတ်သွားတာ ဆောင်းမျက်နှာ သတိထားမိသည်။ ဒါပေမယ့် ကိုယ်နဲ့ငြိမိတဲ့သူတိုင်းကို မိုး ဆက် မကြည်မလင်ဆက်ဆံတတ်မှန်း သိနေသဖြင့် အမှတ်တမဲ့.. ၊

"အဲ့..ဒီလိုပါ ကျွန်မတို့ဆေးရုံပေါ်မှာတုန်းက ဘယ်လိုမှမဖြစ်သာ ဘဲ.."

"ဒီမှာ.."

"မိုးဆက်.."

မိုးဆက်ကို မပြောဖို့တားဆီးလိုက်ပေမယ့် တားလိုက်ကာမှ သူမဘက် ကို မိုးဆက်သေချာလှည့်၍.. ၊

"ရှက်တတ်ရင် လဲသေဖို့ကောင်းတဲ့ကိစ္စနော်..အခု ခင်ဗျားရှက်သင့် တာကို ပြောနေတာ.."

"ခဏနေဦးမိုးဆက်..အဲ့ဒီကိစ္စကို ဆေးရုံမှာတည်းက ပြီးပြီထားလိုက် ပါ၊ အခုခင်ဗျား ဘာကိုစချင်တာလဲ.."

"စချင်တာမဟုတ်ပါဘူး..ကျွန်မက.."

အမျိုးသမီးက မိုးဆက်ဆီမျက်လုံးရောက်သွား၏။ ပြီးတော့ ကမန်း ကတန်း မျက်လုံးပြန်လွှဲကာ.. ၊



www.burmeseclassic.com

www.burmeseclassic.com


"အဲ..ကျွန်မက အပြစ်ရှိခဲ့တဲ့သူပါ၊ ကုမ္ပဏီမှာ ဝန်ထမ်းဖြစ်နေသ
နဲ့ စည်းဖောက်ပြီး.."

"ခင်ဗျားသွားသင့်ပြီလို့ မထင်ဘူးလား.."

"ဟုတ်..ဟုတ်ကဲ့ပါ.."

အမျိုးသမီးက ခပ်လှမ်းလှမ်းက ရပ်စောင့်နေသည့် မိန်းမကြီး
လှည့်ထွက်သွားသည်။ မသွားခင် မိုးဆက်ကိုကြည့်သွားပုံက မကျေနပ်
လား..တစ်ခုခုထပ် ရှင်းပြချင်သေးတာလားမသိ.. ၊

တခြားထောင့်စားပွဲမှာ အလှမ်းကွာကွာနေရာယူလိုက်တဲ့အ
ဆောင်းမျက်နှာ လိုက်ကြည့်နေမိသည်။ ပြီးတော့ တွေးမိနေ၏။ တကယ်
ဆေးရုံမှာ ကလေးအဖေပါလို့ ပက်ပက်စက်စက်စွပ်စွဲခံလိုက်ရတာ
ဆက်လေမဟုတ်.. ၊

ကိုယ့်ကိုလက်ညှိုးထိုးပြီး 'ရှင်ဒီလောက်တောင် ရက်စက်ရလား
လူဘုံအလယ်မှာ အငိုက်ဖမ်းအရှက်ခွဲသွားခဲ့တာလည်း သူမကိုယ်တိုင်
သည်။ မိုးဆက်ကတော့ ဘေးကနေကူညီပေးလိုက်ပါလို့ တိုက်တွန်း
ခဲ့ရုံ..၊

"ကာလာ.."

"ဟင်.."

"ဘာလုပ်နေတာလဲ..စားလေ.."

ရောက်လာသည့် ထမင်းပေါင်းက အစိမ်းကြော်လေးပုံထားသလို
စိမ်းစိုစို စားချင်စဖွယ်လေးပါ။ ကြည့်လိုက်တော့ မိုးဆက်ကစားသော
သဖြင့် သူ့အံ့သြသွားသည်။ တွေးလက်စအားလုံး ပြတ်တောက်သွားခဲ့
"ပြောတော့ ဘာမှမစားချင်ဘူးဆို.."

"ခုစားချင်သွားလို့ပေါ့..ရော့ ဒါတွေငါမကြိုက်ဘူး.."

ပါလာသမျှအသားလုံးတွေကို သူ့ပန်းကန်ထဲ စုပြုံရွှေးထည့်
လျက်.. ၊

"ကလီစာနဲ့ မင်းမှာထားလို့လား.."

"အေးလေ..မင်းလည်း ကြိုက်တာပဲဟာ.."

မိုးဆက်က ခေါင်းခါ၍.. ၊

"အသည်းတော့ မကြိုက်ဘူး.."

"အေးပေါ့..ကောင်မလေးတွေ အသည်းမှမဟုတ်တာ.."


www.burmeseclassic.com

www.burmeseclassic.com


မိုးဆက်က ပြုံးလိုက်ရင်း.. ၊

"ကောင်မလေးတွေအသည်း ဘယ်လိုနေလဲ..မင်းမသိဘဲနဲ့ကွာ.."

"ဘာလို့မသိရမှာလဲ..မင်းလိုမဟုတ်ပေမယ့် သိတယ်.."

"ကာလာရာ..မင်းမချစ်တတ်သေးပါဘူး.."

"ဘာနဲ့တိုင်းကြည့်လိုက်တာလဲ.."

"ငါနဲ့တိုင်းကြည့်လိုက်တာလေ.."

"ဘယ်လို.."

မိုးဆက်က မကုန်နိုင်သည့် အသားဖက်အသည်းဖက်တွေကို ပန်းကန်ထဲမှာ ပေါ်လာတိုင်း သူ့ပန်းကန်ထဲ လှမ်းထည့်ပေးနေကာ.. ၊

"မင်းသိပ်ချစ်တတ်နေရင် ငါနဲ့မင်းဒီနေ့ မျက်နှာချင်းဆိုင် ပြုံးရယ်နေတဲ့ အခြေအနေမျိုး ရှိမနေနိုင်ပါဘူး.."

"ဟုတ်တယ်..ဂျစ်တိဂျစ်ကန်ကောင်နဲ့ လက်တွဲနေရတော့လည်း သဘောထားကြီးနိုင်အောင် ကြိုးစားနေရတာလေ၊ မင်းကိုရိုက်သတ်ပစ်ချင်စိတ်ပေါက်ပေါက်သွားတာ ဘယ်နှစ်ခါလဲ.."

"ဘယ်သိမလဲ..ငါကမင်းလို မျိုသိပ်ဖုံးဖိနေတတ်တဲ့ကောင်မှ မဟုတ်တာ.."

"မသိရင်မပြောနဲ့..စားစရာရှိတာ အေးဆေးစား.."

"မင်းလည်းနောက်ထပ် ဓေ့စပ်မယ့်မိန်းမ ထပ်ရှိလာရင် ငါ့ဆီမှာအရင်ခွန်မ်တင်.."

"ဘာအတွက်လဲ.."

"ငါကျေနပ်မှ မင်းအဆင်ပြေမှာလေ..ငါနေတတ်သလိုနေပေမယ့် မင်းကောင်မလေးတွေက ဟိုကြောင့်ဒီကြောင့်နဲ့ အဲ့တော့ငါက ဓါသဖြစ်သလို တုံ့ပြန်..သူတို့ကပေါက်ကွဲ ကြားထဲကမင်းက မိန်းမမရ.."

ဆောင်းမျက်နှာက နှုတ်ခမ်းပိတ်၍ ထမင်းဝါးနေရင်း မိုးဆက်ကိုစိုက်ကြည့်၏။ ပြီးမှ.. ၊

"ဒါဆို မင်းမကျေနပ်လို့ လိုက်ပုတ်ချနေတာတွေကို ဝန်ခံတယ်ပေါ့.."

မိုးဆက် မျက်နှာကွက်ခနဲပျက်၏။ သို့သော် ပခုံးတွန့်မဲ့လိုက်ပြီး..

"ဘုံနဲ့ချစ်မိတာ တစ်ခုပဲနော်..မစွပ်စွဲနဲ့.."

"မစွပ်စွဲပါဘူး..သိနေပြီပဲဟာ.."

"ဟော့ကောင်နော်.."


www.burmeseclassic.com

www.burmeseclassic.com


ထမင်းစားရင်း သူပြုံးနေလိုက်တာ မိုးဆက်နေမထိထိုင်မသာ ဖြ
ကျန်ရစ်၏။ ပြီးတော့ မကျေမနပ်နှင့်.. ၊

"အဲ့လိုပြုံးထားသလား..မင်းလိုပဲ ငါလည်းလက်သီးယားနေပြီ-"

"ဟား ဟား ဟား ဟား.."

ထမင်းလက်စသတ်ရင်း ရယ်လိုက်မိသည်။ တစ်လမ်းလုံးလည်း
စကားအနိုင်လုလိုက်ကြ ရယ်လိုက်ကြနှင့် မိုးဆက်နဲ့သူလက်တွဲခဲ့တဲ့ ထ
လျှောက်မှာ ကြီးမားသည့် အဆင်မပြေမှုဆိုတာ မရှိခဲ့ကြပေ.. ၊

ဒါပေမယ့် ဘဝရဲ့လေငြိမ်ရပ်ဝန်းတွေဟာ ဘယ်လောက်ထိအန္တရာယ်
ကြီးမှန်း သတိမမူမိခဲ့ခြင်းနှင့် ပတ်သက်၍.. ၊


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄၁)

"ဪ..ဒီကောင်ကတော့.."

မိုးဆက်ကို ဝင်ပို့ပြီးထွက်လာကာမှ ဖုန်းကျန်ခဲ့တာကို မြင်သည်။ ဖုန်းသုံးလုံးလောက် ကိုင်တတ်မှန်းသိပေမယ့် ဘယ်ဖုန်းကအရေးကြီးသုံးတဲ့ ဖုန်းမှန်းမသိသောကြောင့် ကားကိုပြန်ခေါက်လာခဲ့သည်။

ခရီးပန်းလာတာမို့ အိပ်ရာထဲတန်းဝင်နေပြီလားလို့ တွေးမိကာ ကား ကိုဖြည်းဖြည်းလိုမ့်လာရင်း ကြည့်လိုက်တော့ အိမ်ရှေ့တံခါးတောင်မပိတ် သေး၊ ဒါဆို ဒီကောင်မအိပ်သေးတာ သေချာပြီ။ မနက်မိုးသောက်အလင်းက လောကတစ်ခွင်ကို လင်းလင်းချင်းချင်းမြင်သာအောင် ဖွင့်လှစ်ပေးခဲ့ပြီဖြစ် သည်။

တိုက်ကြီးထဲမှာတော့ မီးရောင်နဲ့သာ ဖွေးထိန်နေခဲ့လျက်.. ၊

"အေး..ငါပဲ.."

အထဲရောက်လာသည့် ဆောင်းမျက်နှာရဲ့ခြေလှမ်းတွေ မိုးဆက်ရဲ့ စကားသံကြောင့် တုံ့ဆိုင်းသွားခဲ့၏။ ဒီအချိန်ကြီးဖုန်းပြောနေသလားလို့ တွေးမိပြီး ထူးဆန်းနေဆဲ.. ၊

"အလုပ်လုပ်တာ ဒီလောက်ပေါ့ဆရလားထူးအောင်..မြန်မာနိုင်ငံက ဘယ်လောက်ကျယ်လို့ အမေ့တလျှော့နေရတာလဲ.."

"......... ........."

"ဟုတ်တယ်..အခု ပြည်မှာတွေ့ခဲ့တယ်၊ အဲ့ဒီမိန်းမနည်းနည်းမှ စည်း မစောင့်တာ ကံကောင်းလို့ ကျိုင်မတက်တာ.."

"......... ........."

"မင်းကို ရေဖြည့်ပေးထားတာ နည်းနည်းလေးမဟုတ်ဘူးနော်..ပေး စရာရှိတာပေးဖို့၊ ချေစရာရှိတာ ချေဖို့..မင်းဘာတွေလုပ်ပစ်သလဲ ငါပေးတာ တွေကို၊ အဲ့ဒီမိန်းမတွေ ပါးစပ်ပေါက်ကို မပိတ်နိုင်ဘူးဆိုရင် ငါမင်းပါးစပ်ကို လာပိတ်မယ်.."

"........ ............."

"သတ်ပစ်ပစ်ချက်စားစား အဲ့ဒါမင်းအပိုင်း..ငါလိုချင်တာ အဲ့ဒီမိန်းမ


www.burmeseclassic.com

www.burmeseclassic.com


ငါ့ ရှေ့ရောက်မလာဖို့ပဲ၊ နောက်ထပ်ရောက်လာရင် မင်းမလွယ်ဘူးထူး အောင်.. ငါကဗိုက်ကြီးသည်လိုရင် ရှာနိုင်သလို ကြေးစားလူသတ်သမား ငှားဖို့လည်း မခဲယဉ်းဘူး..အလုပ်ကိုအလုပ်နဲ့တူအောင် မင်းမလုပ်နိုင်ရင် နောက်ထပ်သတိပေးနေမှာ မဟုတ်ဘူး၊ ခုဖုန်းချပြီးတာနဲ့ မင်းချက်ချင်း လှုပ်ရှား.."

ပြောနေရင်း ဒေါသကြောင့်အသံက ဟိန်းနေသည်။ ပြောပြီးတော့ လည်း တက်ခေါက်သေးသည်။ ပြီးတော့ ဒီဘက်လှည့်လိုက်လျှင် .. ၊

မင်း.. ၊

အသံမထွက်နိုင်တဲ့အထိ နှုတ်ခမ်းလှုပ်ရုံ အံ့ဩသွားခဲ့လျက်.. ၊

"မင်း.."

နောက်ထပ်လည်း စကားသံတွေထစ်ငေါ့နေဆဲရှိလျှင် ဆောင်းမျက် နှာက ကျိခနဲအံကြိတ်သည်။ ပြီးတော့ ရှေ့ကိုတစ်လှမ်းချင်း တိုးတက်လာ ၏။ မိုးဆက် မသိမသာနောက်ဆုတ်မိရင်း.. ၊

"ငါ.."

"တော်တော်ညစ်ပတ်တဲ့ကောင်..မင်း.."

သွားကြားစေ့သံက အက်ရှနေကာ ဆောင်းမျက်နှာရဲ့ဒေါသကို သူ ခန့်မှန်းလိုက်မိသည်။ တစ်ခါမှမဖြစ်ပေါ်ခဲ့ဘူးသော စိုးထိတ်သိမ့်ငယ်မှုဖြင့် မျက်နှာခပ်လွှဲလွှဲ မျက်တောင်ဖျားတို့ စင်းချထားခဲ့လျက်.. ၊

"ငါဝန်ခံပါတယ်.."

"ဟွန်း.."

"လုပ်ခဲ့တုန်းက ဒီလောက်ဖြစ်သွားမယ်မှန်း မသိလို့ပါ..ခုမှတော့ ဘာ မှမတတ်နိုင်တော့ဘူး.."

"သြော်..သြော်.."

မိုးဆက်က ငုံ့နေရာကနေ ဖျတ်ခနဲမော့လာပြီး.. ၊

"မင်းငါ့အကြောင်းသိပါတယ်.."

"မသိပါဘူး..ခုမှသိတာ၊ ဒါတောင် ငါမသိတာတွေ ဘယ်လောက်ရှိ ဦးမယ် မသိဘူး.."

"ကာလာ..ငါအဲ့လိုပဲ စိတ်လိုက်မာန်ပါလုပ်တတ်တာ၊ ဒါပေမယ့်.."

"စိတ်လိုက်မာန်ပါ ဟုတ်လား..ငါ့အချစ်ရေးကို စိတ်လိုက်မာန်ပါဖြစ် သွားတယ်ပေါ့၊ ပြောစမ်းပါဦး..ဘယ်လိုရည်ရွယ်ချက်နဲ့လဲ..ပြီးက မင်းပြော


www.burmeseclassic.com

www.burmeseclassic.com


နေကျ ပုတ်စပ်တဲ့မိန်းမ နံစော်တဲ့ကြက်သွန်ဖြူဆိုရင် ငါနဲ့လည်းမင်းရန်ကြွေး ရန်စမရှိဘူး..ငြိမ်းနဲ့ငါ စေ့စပ်ပွဲကို မင်းဖျက်တာဘာရည်ရွယ်ချက်နဲ့လဲ.."

"ငါ.."

မိုးဆက်မျက်နှာမှာ ဒီလိုခြောက်ချားမှုမျိုး တစ်ခါမှမမြင်ခဲ့ဘူးပေ။ ဒါပေမယ့် သူ့ရှေ့မှာ မိုးဆက်ထိတ်လန့်နေသည်။ မျက်လုံးချင်းဆိုင်ကြည့်ဖို့ ကြိုးစားနေပေမယ့် မျက်တောင်ဖျားတို့က ကြိမ်ဖန်များစွာ ပင့်တက်လာပြီး လမ်းတစ်ဝက်မှာပဲ ပြန်လည်ငိုက်ဆင်းကြ၏။

ပြီးတော့ နှုတ်ခမ်းကိုက်လိုက် ပြောမလိုပြင်ပြီးမှ ပြန်ဖိပိတ်သွား လိုက်..

"ပြောစရာမရှိတော့ဘူးလား.."

"ငါဝန်ခံပြီးပြီပဲကာလာ..ငြိမ်းကို ငါမကြိုက်ပါဘူး၊ ဒါပေမယ့် ဒါ ပေမယ့် မင်းနဲ့ရသွားရင်တော့ မင်းရဲ့ရွေးခြယ်မှုက ငါ့ထက်သာသွားမှာပဲ.. နောက်ပြီး.."

"တော်ပြီ..ပုံပြင်နားထောင်တာတွေ ငါမလုပ်တော့ဘူး၊ မင်းလိုကောင် ကို ခင်တွယ်မိလို့ ငါ့ဝါဒငါ့အယူအဆတွေကို နေရာတကာတစ်ထစ်လျှော့ ထားခဲ့တယ်..မင်းလုပ်သမျှ ငါယုံကြည်ခဲ့တယ်၊ ဘယ်သူတွေက မင်းကိုဘာ ကောင်လို့ ပြောနေနေ ငါအမြဲတမ်း မင်းဘက်ကရှိခဲ့တယ်.."

"ကာလာ..ငါကရော ဘယ်လိုကောင်မို့လို့လဲ၊ ဒါတစ်ချက်နဲ့တော့ မင်းငါ့ကို.."

"သေခန်းပြတ်စွန့်လွှတ်ဖို့ လုံလောက်နေပြီမိုးဆက်.."

မာကျောပြတ်တောက်နေသည့် ဆောင်းမျက်နှာရဲ့လေသံဟန်ပန် ကြောင့် မိုးဆက်မျက်ဝန်းထဲမှာ ခြောက်ချားမှုတွေပို၍ ရင့်သန်နေခဲ့လျက်..၊

"ငါရှင်းပြတာ ဆုံးအောင်နားထောင်ဦး.."

"မလိုပါဘူး..ငါဆိုတဲ့ငါက ကိုယ်တိုင်လက်မခံနိုင်ဘဲ ဘယ်သူ့စကား ကိုမှ အလွယ်တကူလက်မခံတတ်ဘူး၊ ဟင် ဆိုရင်လည်း ငါ့ဆီကိုဖြစ်ဖြစ် ငါကဖြစ်ဖြစ် ရီတန်းနံဆိုတာ မရှိဘူး.."

"ကာလာ..ဟေ့ကောင်.."

ဆောင်းမျက်နှာ လှည့်ထွက်လာတော့ မိုးဆက်အတင်းလိုက်လာကာ လက်ကိုဆွဲ၏။ ဆောင်းမျက်နှာက ဆောင့်ရုန်းလိုက်ပြီး မျက်နှာချင်းဆိုင် လှည့် ကြည့်ကာ.. ၊


www.burmeseclassic.com

www.burmeseclassic.com


"မင်းပြောခဲ့တဲ့စကားနဲ့ ပြန်ပြောရမလား.."

ပြော၍ မျက်နှာကို စိုက်ကြည့်လိုက်ပြီးမှ.. ၊

"အဲ့လောက်ထိ မင်းမျက်နှာမပြောင်းသင့်ဘူး.."

"မျက်နှာပြောင်းတာမဟုတ်ဘူး..မင်းကမှန်နေတာ၊ ပြီးလည်းပြီးသွား ပြီ..ပြီးသွားတဲ့ကိစ္စကိုမိန်းမတစ်ယောက်အတွက်နဲ့မင်းဒီလောက်ဖြစ်စရာလား.."

"ဟောကောင်.."

ဒေါသကို ဘယ်လိုမှထိန်းမရတော့ဘဲ မိုးဆက်ရဲ့အင်္ကျီရင်ဘတ်စကို ရုတ်စနဲ့ ဆောင့်ဆွဲယူကာ.. ၊

"ယောကျ်ားမဆန်စွာ ကြွားပြောရရင် ငြိမ်းကိုငါအချိန်မရွေး ပြန်ယူ ရတယ်..မင်းနားလည်လား.."

ပြောရင်း ကျိုးစနဲ့အံကြိတ်မိလျက်.. ၊

"မင်းနဲ့ မပြေမလည်တွေဖြစ်ခဲ့တဲ့ မိန်းမတစ်ယောက်နဲ့ လက်တွဲပြီး မင်းရှေ့မှာ မရယ်ရက်လို့ငါလက်လျှော့ခဲ့တာ..ယောကျ်ားမဆန်စွာ ရန်ငြိုးနဲ့ တတ်တဲ့မင်းကို ငါ့ညီလေးလို သဘောထားပြီး မင်းကိုပဲအမှန်ခြစ်ခဲ့တာ အဲ့ဒါ တွေက ငါငတုံးမို့လို့ မဟုတ်ဘူး..မင်းရဲ့မပြည့်ဝတဲ့ အရာရာအတွက် သည်းခံ ခွင့်လွှတ်ပေးခဲ့တယ်ဆိုတာ မင်းနားလည်.."

"အဲ့ဒါတွေကို မင်းအခုသံပုရာတစ်ခြမ်းနဲ့ ချေနေတာပဲ.."

"သံပုရာတစ်ခြမ်း..ဟုတ်လား.."

မျက်နှာချင်းထိမတတ် ဆွဲကပ်ပြီး အံတကျိကျိကြိတ်သည်၊ ပြီး ဆောင့်တွန်းလွှတ်လိုက်ကာ.. ၊

"တစ်စုံတစ်ရာကို အရောင်ဆိုးဖို့အတွက် အများကြီးလိုပေမယ့် အနှမ်း အထင်းဖြစ်ဖို့ဆိုရင် ဆေးတစ်စက်ပဲ.."

မျက်လုံးချင်းဆုံကြည့်မိတော့ ဆောင်းမျက်နှာရဲ့မျက်ဝန်းတွေက မီး လျှံတွေ ထွက်နေသကဲ့သို့ရှိလျက်.. ၊

"မင်းကြောင့် ငါ့ဂုဏ်သိက္ခာ ငါ့အနာဂတ်တွေ ဘယ်လောက်ပျက်စီး ခဲ့လဲသိလား..ပတ်ဝန်းကျင်မှာ ငါ့ကိုဘယ်လိုရှုံ့ချ ကဲ့ရယ်နေကြသလဲ ငါ သွား လေရာ အပုတ်နံ့ထွက်နေသလို ငါဘယ်လောက်သိမ်ငယ်ခဲ့ရလဲ အဲ့ဒါ တွေကို ဘာမှမဖြစ်ခဲ့သလို ငါနေခဲ့တယ်၊ ဒီပြဿနာ မင်းနဲ့သက်ဆိုင် တယ်လို့ ပြောတဲ့လူရှိတာတောင် ငါလက်မခံခဲ့ဘူး..အားလုံးက အပြစ် တွေပဲ မိုးဆက်.."


www.burmeseclassic.com

www.burmeseclassic.com


သူပြောနေသမျှ မိုးဆက်ငေးကြည့်နေခဲ့၏။ ဆောင်းမျက်နှာ လက်သီးဆုပ်လိုက် ပွတ်ချေနေမိလိုက်နှင့် အံကြိတ်၍.. ၊

"ဒီနေ့ အဲ့ဒီအဖြူရောင်ပေါ်မှာ စွန်းထင်းသွားပြီ..မင်းနဲ့ငါဘယ်တုန်းကမှ မသိခဲ့မမြင်ဖူးခဲ့ကြဘူး...အိုခေ.."

သူနောက်ကို ခြေလှမ်းဆုတ်လိုက်ပြီး ကိုင်ထားသည့်ဖုန်းကို ပစ်ပေးလိုက်သည်။ မိုးဆက်က အလိုအလျောက်လှုပ်ရှားသည့် သက်မဲ့အရုပ်တစ်ရုပ်လို ဖမ်းယူလိုက်၏။ ပြီးတော့ မျက်လုံးချင်းပြန်ဆုံသွားကြပြီး.. ၊

"မင်းငါနဲ့ အရာရာနိုင်းယှဉ်ခွင့်ရနေတာတွေက ငါကပေးနေလို့ပါ..ဒါပေမယ့် ဒီနေ့ကစပြီး မင်းဘာမှမရတော့ဘူး...ငြိမ်းထက်လုပြီး ငြိမ်းထက်အားလုံးသာတဲ့မိန်းမနဲ့ ငါလက်ထပ်မယ်..တစ်ပတ်အတွင်း..."

ပြောပြီးတာနှင့် ခပ်ချဉ်ချဉ်မဲ့ကာ နေရာမှလှည့်ထွက်လာခဲ့သည်။ ကားနားရောက်သည်နှင့် တံခါးပေါ်လက်ရောက်ရှိသေးသည်။

"ဟား ဟား ဟား ဟား.."

မိုးဆက်လေရဲ့ ဟားတိုက်ရယ်သံကြီး ဟိန်းထွက်လာ၏။ သူလှည့်မကြည့်ဘဲ အံကြိတ်လိုက်သည်။

ငါသိတယ်..မင်းအရှုံးတိုက်ဦးမှာပဲ..အလကား သူခိုးဂျပိုး ညဏ်နီညဏ်နက်တွေနဲ့.. ၊ဒေါသဖြစ်ဖြစ်နှင့် ကားထဲဆောင့်ခနဲ ဝင်ထိုင်ကာ.. ၊

"ဂျိမ်း.."

ဒီတံခါးတစ်ချပ်သာမဟုတ်။မိုးဆက်လေနဲ့သူ့ကြားမှာ ထာဝရပိတ်ကွယ်ပစ်လိုက်ပြီဖြစ်သော သံယောဇဉ်တံခါးသည်လည်း.. ၊


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄၂)

"သားဘာတွေလုပ်နေတာလဲ သားရယ်.."

ဖုန်းကိုလည်ပင်းကြားထဲ ညှပ်လိုက်ပြီး နာရီပတ်လိုက်သည်။ ပြီး ဒီတိုင်းစွတ်ထားရုံရှိသေးသည့် ရှပ်အင်္ကျီကို ကြယ်သီးတပ်ရင်း..။

"ဒီတစ်ခါတော့ ကျွန်တော်ဘာတွေလုပ်လုပ် နားလည်ပေးဖို့ ကြိုး ပါမေမေရာ..မှားသွားပြီဆိုရင်လည်း အမှားကြီးဖြစ်ဖြစ် အမှားလေးဖြစ် ကျွန်တော်နောင်တရမှာ မဟုတ်ဘူး.."

"ဟုတ်ပါပြီ..သားလည်းကလေးမှ မဟုတ်တော့တာ၊ မေမေက သား ရဲ့ဆုံးဖြတ်ချက်ကို ယုံပါတယ်..ဒါပေမယ့် မေမေတို့ကိုနည်းနည်း အသိ မပေးဘဲနဲ့သားရယ်.."

"ခုပေးနေတာပဲမေမေ..ကြိုအသိပေးရအောင် သားလည်းအချိန် စဉ်းစားခဲ့တာ မဟုတ်ဘူး.."

"မိန်းကလေးက သားနဲ့ရည်ငံဖူးလို့လား..သူငယ်ချင်းအဖြစ် ကိုယ့် အခက်အခဲ ပြေလည်ရုံနးလည်မှု ယူကြတာဆိုရင်တော့ အိမ်ထောင် ရေးဆိုတာ နားလည်မှုရှိကြရုံနဲ့ တည်ဆောက်သင့်တဲ့အရာ မဟုတ် သား.."

"နားလည်မှုရှိလို့လည်း ခုမှကြိုးစားရမှာ.."

"ဘယ်လို.."

သူရဲ့ဝတ်စားဆင်ယင်မှု အားလုံးပြီးဆုံးသည်နှင့် ကတ္တီပါဖိနပ် စီး၍ ကားဆီထွက်ခဲ့ရင်း..။

"ဘယ်သူလဲသား..သားနဲ့မရင်းနှီးဘဲ လက်ထပ်ဖို့သဘောတူခဲ့ လား..ဘယ်ကလဲ.."

"လှုကုံထံအသိုင်းအဝိုင်းထဲကပါမေမေ..မေမေတို့စိတ်ပူဖို့ မလို ဆင့်အတန်းမျိုးပါ၊ ပြီးတော့ ဦးဇော်ာက်နဲ့အာရုံကြော ခွဲစိတ်အထူး ဝန်.."

"ဒါပေမယ့်.."


www.burmeseclassic.com

www.burmeseclassic.com


"မိဘတွေကလည်း ပညာတတ်လူရည်မွန်တွေပါ..ကျောက်မျက်ရတနာဆိုင်ခွဲတွေ မြို့ကြီးတိုင်းလိုလိုမှာရှိတယ်၊ ဒါပေမယ့် မမကကျွန်တော့်ထက် လေးနှစ်ပိုကြီးတယ်.."

"အမလေးကွယ်..လေးနှစ်ဆိုတာ နည်းတဲ့အသက်လား၊ မမလို့ခေါ်တာည်းက.."

"သူ့နာမည်ကိုက 'မမ'နှစ်လုံးတည်းမေမေ..ကျွန်တော်တို့ချင်း ဟိုအခင်တည်းက ဆုံဖူးကြတာပါ၊ ချစ်ကြိုက်တဲ့အခြေအနေ မဟုတ်ပေမယ့် တော်တော်ရင်းနှီးပါတယ်.."

"ဒါနဲ့ပဲ လက်ထပ်ဖို့ခေါင်းညိတ်လိုက်တယ်ပေါ့.."

သူကားထဲမှာ သေချာထိုင်ပြီးမှ သက်ပြင်းရှည်ကြီးချမိကာ.. ၊

"လောလောဆယ် အကူအညီတောင်းရတဲ့သဘောပါပဲ..ဒါပေမယ့် ကျွန်တော်တို့ ရိုးမြေကျပေါင်းဖို့ ဆုံးဖြတ်ပြီးမှ ဒီနေ့လက်ထပ်ဖို့ စီစဉ်ခဲ့တာပါ၊ ကျွန်တော်ကလက်ထပ်ပွဲ ဖြစ်သွားချင်တယ်..သူကလည်း ပွင့်လင်းတယ်၊ နောင်တစ်ချိန်မှာ အိမ်ထောင့်ဝတ္တရားကိုယ်စီ ကျေပွန်ကြဖို့လည်း ဆွေးနွေးထားတယ်.."

"အိမ်ထောင်ရေးဝတ္တရားဆိုပေမယ့် အဲ့ဒီဝတ္တရားမှာ နူးညံ့သိမ်မွေ့တဲ့ အရာတွေ အများကြီးပေါင်းစပ် ပါဝင်နေသေးတယ်သား..သားကို မေမေယုံကြည်ပေမယ့် အိမ်ထောင်ရေးအတွက် ဆုံးဖြတ်လိုက်တာ သားအရမ်းမြန်လွန်းတယ်..နောက်နှစ်ရက်လောက်.."

"မရတော့ဘူးမေမေ..အခု ရုံးမှာလက်မှတ်ထိုးဖို့ ကျွန်တော်ကားပေါ်ရောက်နေပြီ၊ မမကိုဝင်ခေါ်ပြီး တရားရုံးသွားမှာ.."

"သူ့မိဘတွေကရော.."

"ပါကြမှာပေါ့မေမေ.."

ခုလောက်ဆို မမတို့ဘက်ကို 'ဘယ်လိုမိသားစုတွေလဲ'လို့ မေမေတွေးနေလောက်ပါပြီ။ ဟိုဘက်မှာလည်း မမကသူမရဲ့တစ်ဖွတ်ထိုး ဆုံးဖြတ်ချက်အတွက် မိဘတွေမတားဆီးနိုင်အောင် မပါဘဲနေလို့လည်းမရအောင် ကိုယ့်လိုစည်းရုံးထားရတာဖြစ်သည်။

ဒီအိမ်ထောင်ရေးဟာ ဘယ်လိုပုံစံပဲဖြစ်လာပါစေ မျက်မမြင်တစ်ဆိတ်သော ပန်းပုရုပ်ထုလောက်တောင် လှပသက်ဝင်လာဖွယ် မရှိမှာသည်း သိသော်ငြား ဒီတိုင်းပဲရှေ့ဆက်ပါမည်။ သူ့ရင်ထဲမှာ တင်းကျပ်နာကျင်နေ


www.burmeseclassic.com

www.burmeseclassic.com


သည်က မိုးဆက်လေ လုပ်ရက်လေခြင်းဆိုသည့် အတွေးပဲဖြစ်သည်။

သူ့ဘက်က အရာရာနားလည်ပေးခဲ့သည်။ သည်းခံပေးခဲ့သမျှတိုင်း ဟာ မနိုင်လို့အံကြိတ်မျိုသိပ်ပေးခဲ့တာ တစ်ခုမှမပါ။ မိုးဆက်ကို သူရင်နဲ့ရင်း၍ ခင်တွယ်ခဲ့သည်။ ဘာလုပ်နေနေ အပြစ်မမြင်ရက်အောင် သံယောဇဉ် ဖြစ်ခဲ့၏။ ဒီအတွက် ကိုယ်ပေးတဲ့အတိုင်း ပြန်ရဖို့လည်း မမျှော်လင့်ခဲ့ပါ။

သံယောဇဉ်ချစ်ခြင်းမေတ္တာဆိုတာ ပြန်ရနိုင်ချေရှိမရှိ တွက်ချက်အနိုင်ချလို့ ရကောင်းတဲ့အရာလည်း မဟုတ်။ ထို့ကြောင့် သူခံလိုက်ရတာ ပက်စက်စက်။ မေတ္တာမှာ သချ်ာမပါပေမယ့် ကိုယ့်မှာဆုံးရှုံးလိုက်ရပြီဆိုရင်တော့ တစ်နဲ့တစ်ပေါင်းရင် နှစ်ရရမှာလို့တွေးမိကြတာပါပဲ.. ၊

သူ့ကျမှ အပေါင်းလက္ခဏာနဲ့ ချထားပြီးအနုတ်နဲ့ အဖြေထွက်ခဲ့၏။ ထပ်ပြီးစော်ကားခံလိုက်ရတာက မိုးနပ်စ်ဓိုးရိုးဖြစ်နေခဲ့ခြင်း။ စိတ်က လွင့်ချင်ရာလွင့်နေပြီး ဖုန်းမြည်သံကြားလိုက်မှ ဖျတ်ခနဲလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ကြည့်လိုက်တော့ မိုးဆက်.. ၊

ရှေ့ကိုပြန်ကြည့်လိုက်ရင်း အံကြိတ်မိသည်။ သူလက်ထပ်ဖို့သွားနေပြီဆိုတာ သိနေပြီပေါ့။ လုပ်စမ်းပါ..မင်းဘာယ်လိုဖျက်ချင်သလဲ.. ၊

နာရီလည်းကြည့်ပြီး လီဗာကိုထပ်ဖိပစ်လိုက်သည်။ ကားက ဟူးဟူးရားရားပြေးခြင်းသို့ ရောက်၏။ နောက်ထပ်ဖုန်းသံမြည်သည်။ ငုံ့မကြည့်ဘဲ ဒီတိုင်း နင်းထားလျက် အရှိန်ကိုလွှတ်တင်ထားလိုက်၏။ ဖုန်းသည် သုံးကြိမ်မြောက်မြည်လာပြီး နားထဲမှာလည်း မုန်းတီဖွယ်ဆူညံနေရာ.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄၃)

ဖုန်းမြည်သံဆူညံနေသည့်အဖြစ်က ခုတ်မောင်းနေသည့် ရထားတွဲကြီးတွေကြားထဲ သူ့ပဲပေကပ်ကပ်ရပ်နေမိသလိုလို။ ဖုန်းသံဆိုတာ အသိစိတ်က လက်ခံမိလိုက်တာနှင့် မျက်လုံးတွေပွင့်သွားလျှင်.. ။

"ဆောရီးသားရယ်..သားအတွက်အမေ ငါးသံပုရာပေါင်း သွားလုပ်နေတာနဲ့.."

ဒေါ်ထားထားမြတ်ကလည်း ကမန်းကတန်းပြေးလာကိုင်ခြင်းနှင့်တိုက်ဆိုင်နေလျက်.. ။

"ရတယ်မေမေ..ကျွန်တော့်ကိုပေးပါ.."

လှဲနေရာကနေ ထထိုင်လိုက်သည်။ ဖုန်းကကျသွား၏။

"သား သက်သာရဲ့လား.."

"သက်သာတယ်..အမှတ်တမဲ့ခေါင်းလှည့်မိရင် မူးမူးသွားတာနည်းနည်းပဲ.."

"အဲ့ဒါကြောင့် သားရဲ့ကြီးကြီးက စိုးရိမ်နေတာ...ဒဏ်ရာသိပ်မပြင်းပေမယ့် ခေါင်းမှာဘယ်လောက်ထိခိုက်သွားလဲဆိုတာ မသိရသေးဘူးတဲ့.."

"ရပါတယ်...အားလုံးကောင်းနေပါပြီ.."

သူဖုန်းကိုင်ပြီး အိပ်ရာထဲက ထထွက်ခဲ့သည်။ အမြန်ဆုံးလှုပ်ရှားရမည့် ကိစ္စတွေရှိသေးသည်။ ဒါက တိုက်ပွဲဆိုလည်းမမှား။ ဟိုတစ်ချိန်တုန်းကလည်း ရှုံးပွဲနဲ့ကိုယ်ပဲ နှုတ်ထွက်ခဲ့ရသည်။ ခုထပ်ပြီး လည်စမ်းမပေးနိုင်တော့ပေ။ သူပိုဂရုစိုက်ရမှာက ဒီကုမ္ပဏီကြီးရဲ့လုပ်ငန်းတစ်ခုလုံးကို မီးဆက်မသိတာမရှိ.. ။

သူဟာ ကိုယ့်အရိပ်နဲ့ကိုယ်ပြန်တိုက်ရတော့မည့်အဖြစ်နှင့် အနိုင်ရဖို့ ခေသေချာသောပွဲမှာ အရှုံးတော့မပေးနိုင်တာကြောင့်.. ။

"ပြောပါ..အားလုံးပြော၊ ကျွန်တော်ကောင်းနေပြီ.."

"......... ....."

"ဘာဖြစ်လို့တဲ့လဲ..သူမအားရင် ကျွန်တော်သွားလို့ရတာပဲ၊ ဦးကိုတတ်


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ကို အဲ့ဒီကိုယ်စားလှယ်နဲ့ တွေ့ဖို့စီစဉ်ပေးပါ.."

"........... ......."

"ရတယ်လေ..ပြော.."

သူ S penထုတ်၍ ဖုန်းစာရင်းနံမှာ နာပါတ်တစ်ခုချရေးမှတ်လိုက်ချိ

သူ့ရှေ့ကို ဘွားခနဲပေါ်လာသည့်အရိပ်သည်.. ၊

"အ.."

"ဟာ.."

"ဒေါက်.."

ဆောင်းမျက်နှာလက်ထဲက ဖုန်းသည်ချူကိုင်ထားရင်း စားလာသည့်

ခေါက်ဆွဲဘူးထဲကျ၏။ ပြီးတော့ ဘူးရောဖုန်းပါကြမ်းပြင်ပေါ် ခုန်ဆင်းသေ

ရာ..၊

"နှင်းဆီချူ.."

"ရှင့်ကိုတမင်လုပ်တယ်ထင်နေလား.."

သူမကလည်း သူမမက်မက်စက်စက်စားနေသည့် အရာပြုတ်ကျသွား

ခဲ့ခြင်းအတွက် ဒေါသဖြစ်နေပုံရှိကာ.. ၊

"ဒီအကွယ်မှာ ရှင်ရပ်နေတာ ချူကမြင်ရလို့လား.."

"ဆင်ခြင်မပေးနဲ့..မင်းရှပ်ရှင်ရိုက်နေတာတွေ ငါဘာမှမယုံဘူး

တောက်.."

"မယုံရင်သေပေါ့..ယောက်ျားဖြစ်ပြီး မလိုလားစရာတစ်ချက်နဲ့ ဘာ

ဖြစ်ဖြစ် ဒါပဲစွဲပြီး လျှောက်မဲနေတာ.."

"ဘာပြောတယ်.."

"ကြားတဲ့အတိုင်းပဲ.."

ချူက ခြေဖမိုးပေါ်ထိပုံကျနေသည့် ဂါဝန်စလေးကို လက်နှစ်ဖက်နဲ့

စုံကိုင်မပြီး ခေါက်ဆွဲဖက်တွေကို ခါချနေ၏။ ပြီးတော့ ခြေထောက်ကိုပါ

ဖနောင့်ပေါက်ဆောင့်ခါပစ်နေလျှင်.. ၊

"ဟိတ်..အဲ့ဒါဖုန်း၊ မင်းကန်းနေလား.."

ဖုန်းကိုဒေါက်ချွန်နဲ့ ဖိကြိတ်မိလျှင် ဆောင်းမျက်နှာကမန်းကတမ်း

ဆောင့်ဆွဲပစ်လိုက်၏။

"အား.."

သူမကိုယ်လေးဘေးမှာ အံ့ခနဲလဲကျသွားသည်။ သို့သော်


www.burmeseclassic.com

www.burmeseclassic.com


ကွဲအက်သွား ပြီဖြစ်တဲ့ ဖုန်းကိုတော့.. ၊

"တောက်..မင်း.."

ဖုန်းကိုင့်ကောက်လိုက်ရင်း ချူ့မျက်နှာကို လက်ပြန်ရိုက်ပစ်မိမလို လက်က အရှိန်နဲ့မြောက်တက်သွား၏။

"သား..မလုပ်နဲ့လေ.."

ဒေါ်မေလင်း တားဆီးသံနှင့်အတူ နောက်ကဒေါ်ထားထားမြတ်နဲ့ပခြုပ်ပါ ပါလာပြီး.. ၊

"ဘာတွေဖြစ်ကြတာလဲ.."

"ဟင်..ကိုလေးဖုန်းကွဲသွားပြီ.."

ဗြုန်းခနဲ မလှမ်းမကမ်းမှာ ရပ်တန့်ကုန်ကြကာ လဲနေသူနဲ့ဖိတ်စင်ပေပွနေသည်များကို တအံ့တသြဖြစ်ကုန်ကြ၏။ ပြီးမှ ဖုန်းကိုသတိထားမိကြသည်။ သို့သော် ပခြုပ်က ဖုန်းကိုမြင်ပြီးမှ လဲနေသည့် ချူ့ကို လှမ်းကြည့်မိကာ..

"မမချူ.."

ချူ့မျက်နှာလေးတင်းနေပေမယ့် ထဖို့ကြိုးစားရင်း မရနိုင်ဘဲ ဒူနာ များနေတာကို ကမန်းကတန်းပြေးတွဲသည်။

"မလိုဘူး..ဖယ်.."

ချူက အကိုင်မခံဘဲ ပခြုပ်လက်ကိုပုတ်ထုတ်ပစ်၏။ ပခြုပ်ကစိတ်ဆိုးရမှန်းလည်း မသိ.. ၊

"မမချူ ဒေါက်မြင့်ဖိနပ်ကြီးနဲ့ ပြန်လဲသွားမှာစိုးလို့ပါ..ထူပေးမယ်နော်.."

"ဟော့..ထားလိုက်.."

ဒေါ်သက အဲ့ဒီမိန်းကလေးဆီ ဆက်ကူးသွားသည်။ မလိုပါဘူးပြောနေတာကို ဘယ့်နှယ်.. ၊

"မင်းကို သူဘာပြောနေလဲ.."

"ပခြုပ်..နောက်ဆုတ်နေသမီး.."

ဒေါ်မေလင်းက ပခြုပ်ကိုပြောပြီး အထဲလှမ်းကြည့်ကာ.. ၊

"စုဘူးမလာစမ်း..အမှိုက်ဂေါ်နဲ့ ကြမ်းခင်းသန့်ရှင်းဖို့ အကုန်ယူလာခဲ့.."

"လာ..သမီး.."


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ထားထားမြတ်ကတော့ ပခြုပ်လက်လေးကို လှမ်းဆွဲ၍ အနားမှ ကပ်နေစေကာ.. ။

"သားကိုမေမေပြောတယ်နော်..ပြဿနာရှိတိုင်း လက်မပါရဘူး.."

ဒါပဲပြောပြီး လှည့်ထွက်သွား၏။ ဒေါ်မေလင်းကလည်း စုဘူးခေါ် ကြမ်းပေါ်က ပေကျံနေတာတွေ မေးဆတ်ပြပြီး အနားကနေထွက်သွား၏။ ချူမတ်တပ်ရပ်နိုင်သည်နှင့် ဂါဝန်ကိုပြေပြစ်အောင် ဆွဲဆန့်ချရင်း နေရာမှ ဖို့ပြင်လျှင်.. ။

"မင်း တမင်လုပ်တာမို့လား..ငါဘာတွေလှုပ်ရှားနေမှန်းသိလို့ တမင် နှောက်ယှက်တာ.."

"ဟုတ်တယ်..ဟုတ်တယ်ဆိုတော့ ရှင်ဘာလုပ်မလဲ.."

"မင်းကငါ့ကို အနားမှာနေပြီး အဲ့လိုပြောင်တိုက်ခိုက်လာပြီဆိုရင် ငါ ကလည်း လုပ်သင့်တာကိုလုပ်ရတာပေါ့..မင်းစောင့်ကြည့်နေလိုက် တစ်နေ့ တော့ ရှိတယ်၊ ထွက်ပြေးဖို့ ကြိုးစားတာနဲ့ မင်းမထင်မှတ်တဲ့အခြေအနေဆိုး တစ်ခု မင်းဆီရောက်လာမယ် ဆိုတာပဲ.."

ပြောပြီးတာနှင့် သူထွက်သွားသည်။ ချူ ဒီတိုင်းလေးရပ်ကြည့်နေရင်း ပေကျံနေသည့် ကိုယ့်ခြေထောက်နဲ့ဂါဝန်အဖျားစကို ပြန်ငုံ့ကြည့်မိသည်။ ပြီး တော့ နှုတ်ခမ်းလေးမဲ့သွားလျက်.. ။

"ရှင်ပဲကန်းနေတာ..ရှင့်ရှေ့မှာရှိနေတာ နှင်းဆီချူ၊ ဘယ်တော့မှ ထွက်မပြေးဘူးဆိုတာ မှတ်ထား.."

☪



www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄၄)

"အိုခေဗျာ..ကျွန်တော့်ဘက်ကနေ လုံးဝမပျက်ကွက်စေရဘူး..ခင်ဗျားနဲ့ ကိုယ်စားလှယ်ကမ်းလှမ်းတဲ့အတိုင်းပဲ အားလုံးဖြစ်စေရမယ့်အပြင် နောက်ထပ် နှစ်ရာခိုင်နှုန်းထိ တိုးပေးမယ်ဆိုတာပါ စာချုပ်ထဲမှာထည့်သွင်းပေးပါမယ်.."

"သန့်ခ်ယူပါ..ဒါဆို ကျုပ်တို့ပြန်လုပ်လို့ရပြီပေါ့.."

"ဟုတ်ကဲ့ပါ..ကျွန်တော့်ဘက်ကလည်း ခုလိုအဆင်ပြေသွားတဲ့အတွက် ဝမ်းသာပါတယ်.."

လက်ဆွဲနှုတ်ဆက်ကြရင်း ဒင်နာက အဆင်ပြေမှုများနဲ့ ပြီးဆုံးခဲ့၏။

"ကွန်ဂရက်ကျူလေးရှင့်ပါ.."

"သန့်ခ်ယူ.."

တခြားအကျိုးတူ စီးပွားဘက်တွေကိုးစားလှယ်တွေကအစ လိုက်လံ့စွာ နှုတ်ဆက်၏။

"ခင်ဗျားစိတ်ခိုင်ပါတယ်..တော်ရုံလူဆိုရင် ဒီလိုတိုက်ခိုက်မှုတွေကို ခံထုတ်ဖို့မလွယ်ဘူး၊ ဒီလောက်ထိစီးပွားရေး အကျပ်ဖြစ်သွားရင် သွားမပျက်ဘဲ နေနိုင်မှာလည်းမဟုတ်ဘူး.."

"ဟုတ်တယ်ကိုဆောင်း..ခင်ဗျားနာမည်ကြီးသလောက် တကယ်တော်ပါတယ်.."

"ကျွန်တော်မတတ်သာလို့ ဆုံးဖြတ်ခဲ့ရတာအတွက် တောင်းပန်တယ်ဗျာ..'မိုးဆက်နှင်းဆီ'ကို ခင်ဗျားနဲ့ဖက်စပ်ပဲ ထင်ခဲ့တာ.."

"ဟုတ်တယ်..ကျုပ်တို့သူဌေးကိုယ်တိုင်က မောင်မိုးဆက်ကိုအစ ကတည်းက ယုံကြည်ခဲ့တော့ သူပဲဆိုတာနဲ့တစ်ခါတည်း လှည့်ချိတ်ပေးလိုက်တာ၊ မင်းတို့နှစ်ယောက် သပ်သဗ်စီဖြစ်သွားတယ်ဆိုတာ မိုးဆက်နှင်းဆီကလည်း မပြောဘူး..တို့လည်း တကယ်ကိုမသိခဲ့တာပါ.."

"ရပါတယ်..ဒါနဲ့မိုးဆက်နှင်းဆီမှာ ဥက္ကဋ္ဌဘယ်သူလဲ မသိဘူး.."

"ဥက္ကဋ္ဌကျန်းမာရေး မကောင်းလို့တဲ့..စီအီးအိုနဲ့ပဲ ဆုံးဖြတ်ခဲ့ရတာပါ၊ မိုးဆက်ကောင်းလေ.."


www.burmeseclassic.com

www.burmeseclassic.com

ပြတ်တောက်ကုန်သည့် အဆက်အသွယ်တွေ ပြန်ရခဲ့သည်။ ကုမ္ပဏီမှာ အတွင်းလိုက်ချစားမှုတွေ ရှိသမျှကိုလည်း ဖော်ထုတ်နိုင်ခဲ့၏။ ဒါပေမယ့် မကျေနပ်နိုင်။ မိုးဆက်လေ ဘာလို့ထွက်မလာတာလဲ..ဘယ်လောက်ထိ နောက် ကွယ်မှာ နေနေမှာလဲ.. ၊

သူ့ခြေလှမ်းကျဲတို့နှင့် ပြန်ထွက်လာရင်း ကိုယ့်ကားဆီရောက်တော့ ဖုန်းခေါ်လိုက်သည်။

"ချူ..မင်းဘယ်မှာလဲ.."

"...... ........."

"ဘာ.."

ဖုန်းကိုင်သည့်လက်နဲ့ ကားကိုခပ်ဖိဖိထုလိုက်မိကာ၊ တံခါးဆွဲဖွင့်ပြီး ချက်ချင်းမောင်းထွက်လာခဲ့၏။ ဒင်နာလုပ်နေသည့် အချိန်လေးမှာ ကုဏ္ဍိုင်း ထိရောက်အောင် သွားခဲ့သည်။

ပြီးတော့ FUSAN တဲ့။ စိတ်ညစ်ပြီဆို မိုးဆက်ကို သူလိုက်ခေါ် ရတာ FUSAN။ ခုလည်း သူမက FUSANမှာ.. ၊

ကားကိုအရှိန်မြင့်၍ မြန်မြန်ရောက်နိုင်သည့် လမ်းတွေကနေ ကွေ့ပြီး မောင်းခဲ့သည်။ FUSANမှာ မိုးဆက်ရှိနေသလား.. ၊

မိုးဆက်ရှိနေလျှင် ချူကသူ့ကိုနေရာ ပြောပြမှာမဟုတ်ပေ။ ဒါပေမယ့် မဖြစ်နိုင်တာကပဲ စိတ်ကိုဆွဲဆောင်နေလျက် သူကကုဏ္ဍိုင်းဘုံကျောင်းဆီ ရောက်သွားတာ ခွေရစ်ပစ်တဲ့အတိုင်း.. ၊

သူမဘယ်မှာလဲ.. ၊

ကားကိုပါကင်မှာထိုးပြီး လိုက်ရှာတော့ စားသောက်ခန်းတွေမှာ ဒင်နာ လုပ်နေကြတာ တွေ့သည်။ ညမို့ဘုံကျောင်းဝင်းထဲ တစ်နေရာမှတစ်ယောက် တည်း သွားထိုင်နေတာတော့ မဖြစ်နိုင်.. ၊

ထိုစဉ် သူ့နားကို အဖြူအနက်ဝတ်စုံနှင့် ဝိတ်တာကောင်လေးတစ် ယောက်ရောက်လာကာ.. ၊

"မွေးနေ့နဲ့ဒင်နာအတွက် စားသောက်ခန်းတွေအော်ဒါရှိလို့ပါ ‒ အခန်း ဆိုင်ကိုလာတာဆိုရင် ဟိုအဆောင်မှာ ထိုင်လို့ရပါတယ်.."

ကောင်လေးပြောနေတုန်း သူ့မျက်လုံးက ချူ့ကိုမြင်လိုက်ပြီဖြစ်သည်။ ဝိတ်တာပြောသည့် ဝင်ဝင်ချင်းဘယ်ဘက် အဆောင်ထဲမှာပဲ ချူတစ် ယောက်တည်း ထိုင်နေ၏။


www.burmeseclassic.com

www.burmeseclassic.com



မီးရောင်က ဖွေးထိန်မနေပေမယ့် အားလုံးကိုရှင်းလင်းစွာမြင်နေရသည်။ ထိုပြင်အနီရဲရဲလက်ပြတ်ကိုယ်ကျပ်လေးနဲ့ ချူ့တစ်ကိုယ်လုံးက ဖွေးနှင်းထိန်နေသည့် လက်မောင်းသားလေးတွေကြောင့် ပို၍ထင်းနေလေသည်။

ကောင်လေးကို လက်ကာပြခဲ့ပြီး ချူ့ဆီသူတန်းသွားသည်။ အနားရောက်တော့ စိတ်တိုသွား၏။ စားပွဲပေါ်မှာ ဘီယာတစ်ဝက်နဲ့ဖန်ခွက်ရယ်ငြည်းစရာ အကြော်အလှော်တွေနဲ့.. ।

"ရှင်ရောက်လာပြီလား.."

"နှင်းဆီချူ.."

"မခေါ်စမ်းပါနဲ့..မသာယာလိုက်တာ.."

မျက်နှာလေးမဲ့၍ လက်ပါခါပစ်သေးသည်။ ပြီးတော့ ရှေ့ဆံပင်တွေဆဲ လက်ထည့်ဖွရင်း ရဲတွတ်နေသည့်မျက်နှာလေးက ခပ်စိုက်စိုက်.. ।

"ကောင်းတော့ကောင်းတယ်..ဒီပုံစံနဲ့ဆို ဘယ်လိုပြန်ရမှန်းမသိ..ဘူနဲ့.."

လက်လေးနှစ်ဖက်ခါပြပြီး ပခုံးတွန့်ရယ်သည်။ မျက်တောင်ဖျားတွေကို စိုက်ဆင်းနေကာ အတော်မူးနေမှန်းသိသာလျက်.. ।

"ရှင်သောက်ဦးမှာလား..အေ့ မရတော့ဘူးနော်၊ ဒီမှာခေါင်းနေပြီ.."

"ကဲ..ထ.."

ဘေလ်ရှင်းပေးလိုက်ပြီး သူမလက်မောင်းလေးကို ဆွဲထူလိုက်သည်။ တတ်တပ်ရပ်နိုင်ပေမယ့် တစ်ကိုယ်လုံးယိမ်းယိုင်နေကာ သူ့ရင်ခွင်ထဲကို ပြိုကျသာ၏။ ပြီးတော့ သူ့ခါးကိုဖက်ထားလိုက်တာ အိပ်ရာထဲအကျအနဝင်လှဲပြီးကိုယ်လုံးဖက်ထားတဲ့အတိုင်း.. ।

"ဟော့ တော်ရုံလုပ်လေ..ကျွတ်.."

"ဟင်..ဘာလဲ.."

"လမ်းလျှောက်လို့တောင် မရတော့ဘူး..ဒီလက်ကိုလွှတ်.."

"အင်း..ရှင် လွှတ်မချလိုက်နဲ့နော်.."

"ကိုင်ပေါက်ပစ်ချင်နေတာ မင်းကို.."

ကားထဲတွန်းထည့်လိုက်ပြီး တံခါးကိုသေချာပိတ်သည်။ ပြီးမှ ဆိုင်ကောင်းထွက်လာခဲ့ရင်း.. ।

"မင်းဒီမှာ ဘယ်သူနဲ့လာတွေ့တာလဲ.."

"...... ......"



www.burmeseclassic.com

www.burmeseclassic.com


"ချူ.."

"ဟင်..ကျွတ် ကျွတ်.."

"သောက်ရဲလို့သောက်ပြီး ညည်းမနေပါနဲ့၊ မင်းကိုငါကားထဲ စောင့်ဖို့ပြောခဲ့တယ်..မစောင့်နိုင်ရင်လည်း အနီးအနားမှာ စီးတီးမတ် ရှိတယ်၊ ရပ်စထရန့်တွေ ရှိတယ်.."

"ဘာတွေပြောနေတာလဲ..ချူက ရှင်သွားခိုင်းတိုင်းသွားရမှာလား.."

"ဟိတ်..ဒီမှာကြည့်စမ်း.."

စိတ်မရှည်ဖြစ်လာပြီး ကားကိုလမ်းဘေးချရပ်ထားလိုက်သည်။ ပြီး တော့ ချူ့လက်မောင်းတစ်ဖက်ကို ဆွဲ၍ သူ့ဘက်ပါအောင်လှည့်ပစ်လိုက် ကာ..။

"မင်းသိပ်မူးနေရင် မင်းမျက်နှာကိုငါ ရေပက်ပေးလိုက်မယ်..ငါပြော တာကိုဖြေ.."

"ကျွတ်.."

သူမကပဲ စိတ်မရှည်သလို..။

"ပြော..ဘာလဲ.."

"မိုးဆက် ဒီလာသွားသေးလား."

"မိုးဆက်..ဟုတ်လား၊ ဟွန်း..မိုးဆက်က ဘယ်မှာမို့လို့လဲ.."

"နင်းဆီချူ..ငါသိပ်စိတ်မရှည်ဘူးနော်.."

"ရှည်ပါတယ်..ရှင် ဟွန်း..ဒီကမသိတာကျလို့.."

"ဟော့.."

မူးမူးနဲ့ ဘာတွေလျှောက်ပြောနေတာလဲ..။

မူးနေတဲ့လူက ဘာမှန်းမသိပြောနေပေမယ့် သူ့မှာမျက်နှာတွေ ပူလာ မိကာ..။

"အမူးပြေသွားအောင် နားရင်းတစ်ချက်လောက် အုပ်ထည့်လိုက်ရ သေဦးမယ်.."

ဘာမှမေးလို့မရတော့မှာကိုသိကာ သူပဲလက်လျှော့လိုက်ရသည်။ အိမ်ပြန်ရောက်တော့ ညကိုးနာရီခွဲနေပြီဖြစ်၏။

"သား.."

"ဘယ်လိုဖြစ်လာတာလဲ.."

အရေးကြီးပုဂ္ဂိုလ်တွေနဲ့ အလုပ်ကိစ္စဆွေးနွေးဖို့ ဒင်နာရှိတယ်ပြော


www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာ နှစ်ယောက်စလုံး စမတ်ကျကျလှပချော့မွေ့လို့ပါ။ ဆောင်းမျက်နှာက ရုပ်အင်္ကျီအနီရဲရဲပေါ်မှာ ကုတ်အင်္ကျီအနက်နဲ့ဖြစ်ကာ ချူကလည်း အနီ ရဲရဲကိုယ်ကျပ်အင်္ကျီ ရှူးဒေါက်မြင့်အနီလေးနှင့်.. ။

တစ်ယောက်တစ်နေရာစီက ထွက်လာပြီး နှစ်ယောက်ဆုံကြမှ အင်္ကျီအရောင်တူဝတ်ထားမိတာကို သူတို့ကိုယ်တိုင်အံ့သြနေကြတာလည်း မြင်သည်။တိုက်ဆိုင်တာပဲဆိုတာ ဒေါ်မေလင်းတို့သိပေမယ့် ပခြုပ်ကတော့ အံ့သြဟန်လေးနဲ့ ငေးကျန်ခဲ့ရှာသည်။

ခုလည်း ညည့်ခန်းမှာလူစုံနေကာမှ ပြန်လာကြတဲ့ပုံစံက ချူ့ကို ဆောင်းမျက်နှာက တွဲပွေ့ထားရကာ ချူက မူးနေမှန်းသိသာနေသော မျက်နှာနီနီလေးနဲ့။

ပခြုပ်မျက်ဝန်းလေးတွေကို စာနာမိကာ ဒေါ်ထားထားမြတ်မျက်နှာ မထားတတ်အောင် ဖြစ်သွားမိ၏။ စေ့စပ်လက်ထပ်ဖို့ ရောက်လာခဲ့သည့်မိန်းမတစ်ယောက်အနေဖြင့် ဘေးလူတစ်ယောက်လို ထိုင်ကြည့်နေရသည့်အဖြစ်သည်.. ။

"သူဘာဖြစ်လာတာလဲသား.."

"မူးလာတာမြင်သားနဲ့ထားရယ်..မေးမနေပါနဲ့တော့၊ ဟဲ့ စုဘူးမ..လာစမ်းဒီကို.."

"လာပါပြီမေမေကြီး.."

"ချူ့ကို သူ့အခန်းထဲခေါ်သွားပြီး လိုအပ်တာလုပ်ပေးလိုက်စမ်း.."

"ဟုတ်.."

ချူက အားလုံးကို လေးလံသောမျက်တောင်ဖျားတို့ ခပ်စင်းစင်းနှင့် လိုက်ကြည့်သည်။ ပြီးတော့ ဆောင်းမျက်နှာရဲ့ပခုံးပေါ် ခေါင်းလေးမှီကျသွားပြီး.. ။

"အိပ်ချင်တယ်..အိပ်ရအောင်လေ နော်..ဆောင်း ဆောင်းမျက်နှာအိပ်မယ်လို့.."

"အောင်မလေးနော်..ဟဲ့ မြန်မြန်ခေါ်သွားစမ်းပါ.."

"ဟုတ်..လာမမချူ ကျွန်မကိုမှီ.."

"ဟမ်..ဟာ သေးသေးလေးကို ဘယ်လို..ဘယ်လိုလုပ်မှီရမှာလဲ.."

"ရပါတယ်မမ..အ အား..."

"ဒုန်း..."



www.burmeseclassic.com

www.burmeseclassic.com



စဘူးမကိုယ်ပေါ် မှီချလိုက်တာနှင့် ချူကအရပ်မြင့်နေသဖြင့် ဟိုထိုး ဒီယိုင်နှစ်ချက်လောက်ဖြစ်ပြီး လဲကျတော့မလိုအဖြစ်ဆိုးသွားလေသည်။ အို သော် ဆောင်းမျက်နှာကဖမ်းဆွဲထားလိုက်သဖြင့် လဲကျသွားသူက စဘူး ဖြစ်ကာ.. ၊

"သေပါပြီ..အား.."

"သူမနိုင်ဘူးမေမေ.."

ပခြုပ်ကိုအားနာပေမယ့် မတတ်နိုင်။ ချူ့ကိုယ်လေးကို ခါး သိမ်းဖက်လိုက်ပြီး သူမအခန်းဆီတွဲခေါ်ခဲ့ရသည်။ နောက်က စဘူးမကို ပြီး ဒေါ်ထားထားမြတ်က ကပ်ပါလာကာ.. ၊

"သွား..အိပ်ရာထဲမှာ နေရာကျအောင် လုပ်ပေးလိုက်.."

ဆောင်းမျက်နှာရဲ့လက်ကို ဆွဲ၍ အခန်းထောင့်ထိခေါ်လာခဲ့၏။ ပြီး တော့.. ၊

"ဒီလိုအခြေအနေတွေ ဖြစ်လာတာ မေမေတော့မကြိုက်ဘူးသား ဖြစ်လည်းမဖြစ်သင့်ဘူးလို့ ထင်တယ်.."

"ကျွန်တော်လည်း ကြိုက်လွန်းလို့မဟုတ်ဘူး..ဒါပေမယ့်.."

"သူကမိုးဆက်လေနဲ့ ပတ်သက်နေတဲ့လူဆိုရင် သားပိုပြီးကင်း ပြတ်ပြတ်နေသင့်တာလေ..ဘယ်နှယ့် ကိုယ့်ရန်သူကိုမှ မြွေပွေးခါးပိုက် ပိုက်ထားသလို လုပ်ရတာလဲ.."

"အဲ့ဒါကဉပမာပဲမေမေ..နှင်းဆီချူက မြွေပွေးမဟုတ်ဘူး၊ နောက်ပြီး မိုးဆက်နဲ့ကျွန်တော့်ကြားမှာ ဘယ်သူမှမသိနိုင်တဲ့ ပတ်သက်မှုတွေရှိတယ် အဲ့ဒါတွေကို ကျွန်တော်သူနဲ့ ရှင်းရမှဖြစ်မယ်.."

"အဲ့ဒါနှင်းဆီချူနဲ့ ဆိုင်နေတာလား.."

"သူ့ကိုခုထိဆုပ်ဖမ်း မရသေးဘူးလေ..အဲ့ဒါကြောင့် သူကြိုးကိုင်ထား တဲ့လူကို ကျွန်တော်လွှတ်မပေးနိုင်ဘူး.."

ဒေါ်ထားထားမြတ် မွေ့ရာပေါ်မှာ ပက်လက်လေးအိပ်ပျော်နေသည့် နှင်းဆီချူကို လှမ်းကြည့်သည်။ စဘူးမက သူမရဲ့ဖိနပ်ကို ချွတ်ပေးနေသည်။

"ပခြုပ်နဲ့သူ့မိဘတွေကို မေမေဘယ်လိုမျက်နှာပြရမှန်း မသိတော့ ..တကယ်ဆို သားကလည်းမလိုလားဘဲနဲ့ မေမေကအဆင်ပြေမယ်ထင်ပြီး လာ ခဲ့မိတာ မေမေမှားပြီထင်ပါတယ်.."

"မေမေ့အမှားမဟုတ်ပါဘူး..ဒါပေမယ့် ကျွန်တော်လည်း မိုးဆက်



www.burmeseclassic.com

www.burmeseclassic.com


ထွက်မလာမချင်း ကုမ္ပဏီကိစ္စတွေနဲ့ သူ့ပြဿနာကြားမှာ စိတ်မအား လူမအား ဖြစ်နေမှာပဲ မေမေ.."

"သား.."

ဒေါ်ထားထားမြတ်အသံ တိုးလျသွားသည့်အကြောင်းရင်းကို မပြော ခင်တည်းက ဘာပြောတော့မယ်ဆိုတာ သူသိလိုက်သည်။

"မေမေ့ကို ပွင့်ပွင့်လင်းလင်းဖြေပါလားသား.."

ဆောင်းမျက်နှာ ချက်ချင်းမျက်နှာလွှဲသွားသည်။ ဒေါ်ထားထားမြတ် ကလည်း မရမကလိုက်ကြည့်ကာ.. ၊

"သား ချူ့ကိုချစ်နေတာလားဟင်.."

"အခု ကျွန်တော်ဖြေဖို့ ခက်နေပြီမေမေ.."

ဘုရား.. ၊

သံသယဝင်နေပေမယ့် အဖြေဤသို့ရှိလာလိမ့်မည်လို့ မထင်ခဲ့တာ အမှန်.. ၊

မျက်လုံးတွေက ချူ့ထံ နောက်ထပ်ရောက်ရှိပြန်ကာ.. ၊.....

ဒီလောက်လှတဲ့ မိန်းကလေးနဲ့ဘာလို့ နီးစပ်စေခဲ့မိပါလိမ့်.. ၊

☾


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၅)

ဖုန်းပြောနေရင်း ဆိုဖာပေါ်မှာ ခြေချင်းချိတ်ထိုင်နေသည့် ချူ့ကိုလည်း မကြာခဏလှမ်းကြည့်မိသည်။ ခုတလော သူမရဲ့ပုံစံတစ်မျိုးပြောင်းနေတာ လို့။ ဝှက်မှုကိုစိန်ခေါ်ပြီးကာမှ ပျာယာစိုးထိတ်နေတာမျိုးလည်း မဖြစ်...။

ရောက်ကာစကလို ဆတ်ဆတ်ထိမခံ ဇတ်ဇတ်ကျဲသွက်လက်မှုတွေ လည်း ပျောက်ဆုံးနေခဲ့၏။ ဒါပေမယ့် စကားပြောဖြစ်တိုင်း မျက်လုံးကတော့ တလက်လက်တောက်နေတတ်ပြီး.. ။

"ဘာ..ထွက်သွားပြီဟုတ်လား.."

"..................."

"မီအောင်လိုက်..ဘယ်နှစ်နာရီရှိပြီလဲ.."

"..................."

"တော်ကာ..မင်းတို့ဒီလောက်တောင် မျက်ခြေပြတ်သွားရသလား။ ခု လောက်ဆို မန္တလေးဝင်ခါနီးလောက်ရှိပြီ..ရန်ကုန်ကနေ တောက်လျှောက်တိုး ဂိတ်ရှိသမျှ စုံစမ်း၊ ဒီကောင်မြစ်ကြီးနားကို ဝင်ကိုဝင်မှာ.."

"...... ..........."

"ရတယ်..ဘုတ်အဖွဲ့ဆွေးနွေးပွဲမတိုင်ခင် ငါရအောင်ဖမ်းမှာ.."

ဖုန်းပြောပြီးတာနှင့် ချူကလှမ်းကြည့်တော့ မျက်လုံးချင်းဆုံကာ...

"မင်းလူ ထူးအောင်လစ်ပြေးပြီ.."

"ပြေးတော့.."

"မင်းက ငါ့နားမှာသူလျှိုလုပ်နေတော့ ဘယ်လိုသတင်းဖြစ်ဖြစ် ပေါက်မှုရှိမှာပဲလေ.."

"ချူ့ကို ရှင်ကြောက်လာပြီလား.."

"မင်းကိုဘယ်တော့မှ မောင်းထုတ်မှာမဟုတ်ဘူးနှင်းဆီချူ..ဆုတောင်း မနေနဲ့၊ ပြောချင်တာက မင်းကိုငါကြောက်သည်ဖြစ်စေ မကြောက်သည်ဖြစ် စေ မင်းဒီကနေထွက်သွားလို့ မရဘူးဆိုတာပဲ.."

ခပ်ကြိတ်ကြိတ်ပြောရင်း ဖုန်းကိုစားပွဲပေါ်ပစ်ချကာ နောက်ပြန်ထိုင် ထိုင်သည်။ ပြီးတော့ ဝင်လာသည့်ဖုန်းကို ပြောလိုက်သေးသည်။ ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုဝိုင်းကူပါလား..ဒီနေ့ အပြင်ထွက်တာများနေလို့ အလုပ်တွေပိနေတယ်.."

"မကူနိုင်ဘူး.."

"မင်းဒီတိုင်း ငုတ်တုတ်ထိုင်နေတာ တစ်နာရီကျော်ပြီ.."

"ဘယ်နှစ်နာရီဖြစ်ဖြစ် ချူကရှင်ခိုင်းတာ လုပ်ပေးဖို့ လိုက်လာတာမှ မဟုတ်တာ.."

"ငါခိုင်းတာမလုပ်ဘဲ အခန့်သားထိုင်နေရင် မင်းကဘာလဲ.."

ချူက ရှက်ရွံ့တုန်လှုပ်သွားပုံမပြဘဲ ခပ်မဲ့မဲ့ပြုး၍ ပီကေကိုလုလုပပလေး ဖိကြိတ်ဝါးသည်။ ပြီးတော့ မျက်နှာလွှဲပစ်၏။ သူမနေထိုင်ပုံတို့သည် မျက်တောင်ဖျားတို့ ပင့်တက်သွားတာ မျက်တောင်ခတ်၍ မျက်လုံးလွှဲတာလေးတွေကအစ ဆွဲဆောင်မှုအပြည့်ရှိနေလျက်.. ၊

"နှင်းဆီချူ..မင်းသတ္တိမနည်းဘူးဆိုရင် ငါမေးတာကိုဖြေစမ်းပါ၊ မင်းကို မိုးဆက်အတည်တွဲတာ မဖြစ်နိုင်မှန်းမင်းသိတယ်..ဘာဖြစ်လို့ သူ့အတွက်လုပ်ပေးနေတာလဲ.."

"တည်တာမတည်တာက သူ့ဘက်ကခံစားချက်ပဲ.."

"မင်းကချစ်နေတယ်ပေါ့.."

"ဟုတ်တယ်.."

"ဘယ်လောက်ထိလဲ.."

ချူက မျက်နှာတည့်တည့်လှည့်တာမဟုတ်ဘဲ မျက်တောင်ဖျားလေးတွေ စိုက်ချ၍ ငုံ့ကြည့်သည်။

"ဘယ်အချိန်ထိ ချစ်နေမှာလဲ.."

"ကြည့်ရတာ ရှင်သူများချစ်သူ့ကို ပြစ်မှားချင်နေတဲ့ပုံပဲ.."

"ဟွန်း.."

ဆောင်းမျက်နှာနေရာမှ ထလာပြီး သူမထိုင်နေသည့် ရှေ့မှာရပ်လိုက်သည်။ ပြီးမှ သူမရဲ့နောက်က ကျောမှီမှာ လက်တစ်ဖက်ထောက်၍ လက်တင်မှာ တစ်ဖက်ထောက်ကာ.. ၊

"မင်းက ပြစ်မှားချင်လောက်အောင်လှနေတော့ ပြစ်မှားချင်တဲ့သူများဖြစ်ရှိလား.."

ငုံ့မိုးကျရောက်နေသည့် ဆောင်းမျက်နှာရဲ့မျက်နှာက သူမရဲ့မျက်နှာအထက်မှာ နီးကပ်စွာရှိနေလျက် အကြည့်ချင်းဆုံဖို့ မော့လိုက်တာနှင့်တစ်



www.burmeseclassic.com

www.burmeseclassic.com


ယောက် ရဲ့ထွက်သက်လေကို တစ်ယောက်ကခံစားမိတော့မှာ ဖြစ်၏။ ချူ မော့လာ ပြီးမှ ပြန်လွှဲပစ်ကာ.. ။

"တစ်ယောက်ယောက်ဝင်လာလိမ့်မယ်နော်..ရှင်ကိုယ့်သိက္ခာနဲ့ ထိုင်နေပါ.."

"မင်း ငါ့ဆီရောက်လာတည်းက အိမ်မှာမနေခဲ့ချင်ဘူးဆိုပြီး လိုက်လာ တာလေ..အဲ့မှာတည်းက မင်းနဲ့ငါ့သိက္ခာက အတူတူပဲ.."

ပြောလိုက်ရင်း ချူ့ဘေးမှာနီးကပ်စွာ ထိုင်ချလိုက်ပြီး.. ။

"ဦးထက်ကောင်းခင်းထားတဲ့လမ်းကို ငါအစအဆုံးမြင်ပြီးပြီ..ငါ့ချူ ငန်းကမောက်ကမဖြစ်အောင် နိုင်ငံခြားနဲ့အိပ်စ်ပို့အင်ပို့လမ်းကြောင်းလျှော လျှောက်ဖွထားသမျှလည်း မကြာခင်ပုံမှန်ပြန်ဖြစ်တော့မှာ..အဲ့ဒီတော့ မင်း ဘာလုပ်ဖို့ ရှိသေးလဲ.."

"ရှင်သိပ်တော်နေရင်လည်း ဘာလို့မေးနေတာလဲဆောင်းမျက်နှာ မသိတာကျန်သေးရင် ဆက်လိုက်၊ သိနေရင် လုပ်စရာရှိတာလုပ်ပေါ့.."

"လုပ်စရာရှိတာတွေကို လုပ်ဖို့ခိုင်းထားပြီးသားပါ..ပြောချင်တာ မိုးဆက်လေ တွင်းအောင်းနေတာ ဘယ်တော့ထွက်လာမလဲဆိုတာ.."

ချူကမဖြေ.. ။

"သူနဲ့ငါမုန်းတီးနာကျည်းလောက်စရာ ဘာမှမရှိဘူး..ဒါပေမဲ့ ပလန် အကြီးကြီးနဲ့ မင်းရောက်လာတယ်၊ ဆင်ဖမ်းမယ် ကျားဖမ်းမယ် တကယ် လုပ်တော့ အရှုံးကွက်တွေပါလား.."

ပြောပြီးလှောင်ရယ်သံနှင့် မဲ့လိုက်မိသည်။ ချူ့မျက်နှာလေးကတော့ ခံပြင်းသွားသလို ပို၍တင်းမာနေခဲ့၏။ သူ သူမဘက်ကိုတိမ်း၍ ပခုံးချင်း တိုက်လိုက်ရင်း.. ။

"ခဏတဖြုတ် ငါပျာသွားတာကို ကျေနပ်သွားတာတော့ မဟုတ်ဘူး ထင်တယ်.."

"သူပေးချင်တဲ့မက်ဆေ့ချ်က ဒါမဟုတ်သေးလို့ဖြစ်မှာပေါ့..ဒါပေမဲ့ ကိုယ်ပြချင်တာကို တဖက်လူတန်းသိသွားအောင် မပြနိုင်သေးဘူးဆိုတော့ ရှင် လေလုံးထွားခွင့် ရသွားတာပေါ့.."

"ဘယ်တော့မှ ပြခွင့်မရှိတော့ဘူးဆိုတာလည်း သူနားလည်နေမှာပါ စစ်မြေပြင်မထွက်ခင်တည်းက ကွင်းပြင်ထွက်ပြီးဖျူပှာခင်းနေတာ ထောင် ကွက်တွေပဲ၊ မိုးဆက်လေရဲ့ဦးနှောက်က ဒါမျိုးပဲရမှာပေါ့.."



www.burmeseclassic.com

www.burmeseclassic.com


"ရှင်သူ့ကိုဂရုမစိုက်လည်း နှင်းဆီချူကျန်သေးတယ်ဆိုတာ မေ့မနေ ဲလေ..မိန်းမဉာဏ်ဘယ်လောက် ထိရောက်တယ်ဆိုတာ ရှင်သိပါတယ်..ဒါ ဲမယ့် ရှင်ကလည်းဂရုစိုက်မယ့်လူ မဟုတ်တော့ ကျွန်မကမိန်းမဉာဏ်မသုံး ူး.."

"စိတ်ဝင်စားစရာပဲ.."

ဆောင်းမျက်နှာက ရယ်လိုက်ပြီး ချူ့ကျောနောက်မှာ လက်ဆန့်တင် ိုက်သည်။ ပြီးမှ သူမမျက်နှာကိုကြည့်ကာ.. ၊

"အဲ့ဒီတော့ ဆက်ပြောပြလို့ရမလား..လုပ်ပါ.."

"ရှင်ပြောခိုင်းတိုင်း ပြောဖို့တော့ဆန္ဒမရှိဘူးဆောင်းမျက်နှာ..နောက်ပြီး ါရှင်နဲ့ မိုးဆက်ရဲ့တိုက်ပွဲ.."

"တိုက်ပွဲမဟုတ်ဘူး..ချောင်းမြောင်းလုပ်ကြံခြင်းပါ၊ ဒါလည်းကိုယ် ရုမစိုက်ဘူးဆိုတာ မင်းသိတယ်..ခုလည်း သူပစ်သမျှမြားတွေ ကိုယ့်ဒိုင်း အောက်မှာ မြေခကုန်ပြီ၊ နောက်ထပ် တစ်ခုခုကြံစည်နေတယ်ဆိုလည်း အလစ်ငိုက်ဆိုတာ တစ်ခါပဲရတယ်.."

ထိုစဉ် ဖုန်းသံမြည်လာ၏။ သူဖုန်းမကိုင်ဘဲ အတွင်းရေးမှူးကို လှမ်း ေါ်လိုက်ကာ.. ၊

"ကြည့်ဖြေထားလိုက်.."

"ဟုတ်ကဲ့.."

ချူ့လက်လေးကို ဆွဲ၍နားနေခန်းထဲ ဝင်လာခဲ့သည်။ အတွင်းရေးမှူး ာ တမင်အထဲမဝင်ဘဲနေတာမှန်း သိပေမယ့် အလုပ်ကိစ္စတွေကလည်း ဲစ်ထားလို့မရ။ ထို့ကြောင့် ဝင်လာခိုင်းလိုက်ပြီး ချူ့ကိုခေါ်၍ နောက်ခန်း ထဲဝင်ခဲ့တာဖြစ်သည်။ ချူက သူ့ကိုဖယ်ချပစ်ကာ.. ၊

"ရှင် သူများကဘာလိုလိုထင်အောင် လျှောက်လုပ်နေတာလား.."

"ဟုတ်တယ်ဆိုရင်လည်း အဲ့ဒါလျှောက်လုပ်တာမဟုတ်ဘူး..တမင် ျည်ရွယ်ပြီးလုပ်တာ၊ မင်းလည်း ဒီတိုင်းဖြစ်စေချင်တာမို့လား.."

"ကျွန်မဖြစ်စေချင်တာက မိုးဆက်ရဲ့ဆန္ဒပြည့်ဝဖို့ပဲ..ရှင့်ရဲ့ဘာလိုလို ဖြစ်ဖို့ မဟုတ်ဘူး.."

"ဘာလိုလိုတွေတွဲပြီး ပတ်ရှုပ်နေဖို့လည်း ငါ့မှာအချိန်မရှိဘူးချူ..အခု ိုးဆက်နဲ့ငါ့ရဲ့ တိုက်ပွဲကပြီးပြီ.."

"ဘယ်သူပြောတာလဲ.."


www.burmeseclassic.com

www.burmeseclassic.com


"ငါပြောတာ.."

ရဲရင့်သည့် မျက်ဝန်းတို့ဆုံမိသွားကြပြီး ဘယ်သူကမှမလွှဲ။ ဆောင်း

မျက်နှာက ချူ့မျက်လုံးတွေကို စိုက်ကြည့်နေရင်း ရှေ့ကိုထပ်တိုးလာကာ..

"မင်းမျက်လုံးတွေကို ငါရင်းနှီးနေတယ်.."

"ဟုတ်မှာပေါ့..ချူက မိုးဆက်လေရဲ့အရိပ်ပဲ၊ ရှင့်ကိုမိုးဆက်မုန်းတဲ့အ

မုန်းတွေ ကျွန်မမျက်လုံးထဲမှာ ပါလာတာလေ.."

"ဟွန့်.."

သူက မဲ့လိုက်ကာ ဘောင်းဘီအိတ်ထဲမှာ လက်တွေထည့်ထားလိုက်

ပြီး.. ၊

"ပြောပါ..ငါ့ကို ဘယ်လောက်တောင်မုန်းနေသတဲ့လဲ.."

"ဘာ့ဖြစ်လို့ သိချင်နေတာလဲ.."

"မင်းပြောလို့လေ..ပြီးတော့ သူငါ့ကို ဒုက္ခပေးလိုက်တာ ငါ့ဘဝတစ်

ခုလုံး မြောင်းထဲရောက်သွားနိုင်တယ်.."

"အဲ့လိုတကယ်မလုပ်ချင်လို့ ရှင်မြောင်းထဲမရောက်တာလို့ရော မတွေး

မိဘူးလား..ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးလွန်းရင် အကျနာတတ်တယ်.."

"အတိတ်ပေးတော့ ကောင်းပေမယ့် မင်းထင်တာမှားနေပြီချူ..ချူ

ငါ့ရဲ့စာမျက်နှာတိုင်းမှာ ပုဆ္ဆာတွေကို ဖြေသွားတဲ့သူက မိုးဆက်လေဖြစ်

မယ့် အမှားအမှန်ခြစ်ပေးခဲ့တာ ဆောင်းမျက်နှာပဲ.."

"မိန်းမတစ်ယောက်ရှေ့မှာ ကိုယ့်ကိုယ်ကိုဖော်ညွှန်းလုပ်နေတာလည်း

ယောကျ်ားပီသတဲ့ အလုပ်မဟုတ်ဘူးထင်တယ်.."

"မိန်းမတစ်ယောက်က မင်းဖြစ်နေလို့ပြောနေတာ..အဲ့ဒီမိန်းမက မိုး

ဆက်လွှတ်လိုက်တဲ့ နှင်းဆီချူမို့လို့ပဲ၊ အခု ဒီစကားကိုပြန်ရောက်လာပြီ

တော့ မေးစရာရှိတာ ဆက်မေးချင်တယ်..မင်းသူ့ကိုဘယ်အချိန်ထိ ဘယ်

လောက်ထိ ပေးဆပ်ပြီးချစ်နေနိုင်မလဲ.."

"ဘယ်အချိန်ထိဆိုတာ မရှိဘူး..ဘယ်လောက်ထိဆိုတာက ရှင်အ

မှာ ကျွန်မဘယ်လိုဘဝပျက်သွားနိုင်သလဲဆိုတာ မသိနိုင်ဘဲလာနေခဲ့

သက် သေပေါ့.."

"မိုးဆက်နဲ့ငါ့ရဲ့ အတုံ့အလှည့်တွေ နောက်ထပ်ကျန်နေသေးရင်တော့

ငါဂရုမစိုက်ဘူး..ပြီးသွားပြီဆိုရင်လည်း ဟုတ်တယ်၊ ကျန်နေတာက မင်း

ငါ့အပိုင်းပဲ..အဲ့ဒီတော့ မင်းကငါ့ကိုမာယာတွေနဲ့ လှည့်စားဖို့ကြိုးစားမယ်


www.burmeseclassic.com

www.burmeseclassic.com


"မကြိုးစားပါဘူး..ရှင်ကိုက ကျွန်မခြေရင်းမှာ ခြေခေါက်လဲချင်လာတာ.."

သူက မေးဖျားလှုပ်ရှုံ့ပြုံးသည်။ ပြီးတော့ အသံထွက်ရယ်၏။ ပြီးမှ..

"အခု လဲနေပြီဆိုပါတော့.."

"ရှင်ပြုံးနေသေးတယ်ဆိုတော့ မလဲသေးပါဘူး.."

သူပြောနေသလောက် ချူကလည်း ပြောရဲသည်။

"ဒီတော့ မင်းကဆက်ကြိုးစားမယ်ဆိုပါတော့ ထားလိုက်ပါ၊ ဘယ်အခြေအနေထိ ဖြစ်စေချင်တာလဲ.."

"ကိုယ်ချစ်ခင်မြတ်နိုးနေတဲ့သူကို ဆုံးရှုံးလိုက်ရရင် ဘယ်လောက်ထိ နာကျင်ရတယ်ဆိုတာ ရှင်စာနာလာတဲ့အထိ.."

မျက်နှာချင်းဆိုင်ရပ်နေတာမို့ မျက်ဝန်းတို့က အဓိပ္ပာယ်ကိုယ်စီနှင့် စူးရဲနေကြသည်။ ဆောင်းမျက်နှာတစ်ခုခုကို ပြောလိုက်ချင်သည့် နှုတ်ခမ်းတို့ကို စေ့ပိတ်ပြီးမဲ့သည်။ ပြီးတော့ အံကြိတ်လိုက်ပြီး မျက်နှာလွှဲမလို လှည့်သွားသည်။ ဒါပေမယ့် ဆတ်ခနဲပြန်ကြည့်ကာ.. ၊

"မင်းကိုငါ ပြောခဲ့တယ်ထင်တယ်..ကိုယ်မချစ်ခဲ့ဖူးသေးဘူးဆိုတာ.."

"ရှင်အဲ့လောက်သစ္စာမမဲ့ဘူးလို့ သူရောကျွန်မရော ယုံခဲ့တာ..တစ်ယောက်နဲ့တစ်ယောက် ပဋိပက္ခရှိလာတိုင်း သစ္စာမပျက်ကြေးဆိုရင်.."

"ဘာကိုသစ္စာပျက်တာလဲပြောပါဦး..သူသိပ်ချစ်နေတဲ့မိန်းမကို ငါလုယူမိတာလား၊ ငါလုယူလိုက်တဲ့အတွက် ရင်ကွဲပက်လက်မျက်ရည်ချောင်းစီးပြီး ကျန်ခဲ့နိုင်သလား.."

ချူမျက်နှာပျက်လေသည်။ သို့သော် မျက်ဝန်းလေးတွေက စိတ်လှုပ်ရှားမှုကြောင့် မငြိမ်မသက်ဖြစ်လာခဲ့လျက်.. ၊

"သူ့ကိုကျွန်မချစ်တယ်.."

"သူက မင်းကိုလုံးဝမချစ်ဘူး.."

"ရှင်..အဲ့လို.."

"ပြောနိုင်လို့ပြောနေတာ..အဲ့ဒီတော့ မင်းချစ်ချစ်မချစ်ချစ် ငါ့ဘက်က မင်းကိုသိမ်းပိုက်ခွင့်ရှိတယ်.."

"လုပ်လိုက်လေ..ကျွန်မကမိုးဆက်အတွက် ရှင့်ကိုနောက်ကျောဓားနဲ့ထိုးဖို့ အချိန်ပြည့်ချောင်းနေမှာပဲ..အဲ့လိုမိန်းမကို အုံ့စက်ရာအတူနေပြီး သေတပန်သက်တစ်ဆုံးပေါင်းဖို့ ရှင်စိတ်ကူးလိုက်ပေါ့.."


www.burmeseclassic.com

www.burmeseclassic.com


"ဟား ဟား ဟား.."

ဆောင်းမျက်နှာက မျက်နှာမော့ရယ်သည်။ သူ့အနေနဲ့ သူများရဲ့စ ကားကိုလှောင်ရယ်လိုက်တာ ဖြစ်နိုင်ပေမယ့် ရယ်သံသည် သာယာနာပျော် ဖွယ်ရှိလျက် ပွင့်ဟထားသည့်နှုတ်ခမ်းသားတို့က ကြည့်ကောင်းနေ၏။

သူ့မျက်နှာကို သူမစိတ်တိုလို့ ကြည့်နေမိတာလား..ငေးနေခဲ့တာလား ဆိုတာ ကိုယ့်ကိုယ်ကို သတိမထားမိခဲ့။ ဆောင်းမျက်နှာရဲ့ မျက်လုံးတွေကိုထိ ဆိ ပြန်ရောက်လာမှ မျက်ဝန်းတို့ကိုတိမ်းဖယ်လိုက်မိသော်လည်း.. ၊

"ကိုယ်ကားအက်ဆီးဒင့်ဖြစ်တုန်းက အနားကိုချက်ချင်းရောက်လာ တာ ဘယ်သူလဲ.."

မေးခွန်းတစ်ခုထွက်လာသည်။ ပြီးတော့.. ၊

"ဆေးရုံကို အချိန်မီရောက်ဖို့ ပို့ပေးခဲ့တာကရော.."

"အဲ့ဒါ ရှင့်ခြေရိပ်ကို လိုက်ကြည့်နေမိတော့ မျက်စိအောက်မှာ ဖြစ်နေ တာ အမြင်မတော်လို့လေ.."

"မဟုတ်ဘူးချူ.."

သူဘာပြောမလို့မှန်း မသိဘဲ ချူ့ရှေ့ကိုနီးကပ်စွာရောက်လာသည်။ သူမ နောက်ဆုတ်ရပ်လိုက်တော့ လက်မောင်းသားလေးနှစ်ဖက်ကို ဖျတ်ခနဲ ဖမ်းကိုင်ထားပြီး ပြန်ဆွဲယူလိုက်ကာ.. ၊

"မင်းရဲ့ငိုသံကိုကိုယ်ကြားနေရတယ်.."

"ရှင်မဟုတ်တာတွေ လျှောက်မပြောနဲ့.."

"သိပ်ဟုတ်တာပေါ့..မင်းကိုယ့်နားရောက်လာတာတွေ ဆေးရုံမှာပြေး လွှားအကူအညီတောင်းပြီး ယောက်ယက်ခတ်နေတာတွေ အဲ့ဒါတွေကို ကိုယ် သိနေတယ်..စိတ်က ကိုယ့်ကိုယ်မှာကပ်တွယ်မနေဘဲနဲ့ မိန်းမတစ်ယောက်ငို နေတာကို သိနေတာ၊ မင်းပြောနေတာတွေကို ကြားနေတာ..အဲ့ဒီမိန်းမအသံ ကြောင့် ကိုယ့်စိတ်တွေ ကိုယ့်နားမှာပဲရှိနေခဲ့တာပဲ.."

ဖြေရှင်းဖို့ကြိုးစားနေရင်း ချူဆွံ့အနေခဲ့၏။ ထိုနှုတ်ခမ်းလေးတွေ သူ့ ကိုတိုက်ခိုက်ဖို့ ကြိုးစားရင်းကျုံ့နေတာကို ဆောင်းမျက်နှာကစိုက်ကြည့်၍-

"ကိုယ်သတိရလာတဲ့အချိန်မှာ ကိုယ့်ကိုဆေးရုံတင်ခဲ့တာ မင်းပဲဆိုတာ သိလိုက်ရတာနဲ့.."

"မဟုတ်ဘူး...အဲ့ဒါ လုံးဝမဟုတ်ဘူး၊ ရှင်နဲ့ချူအဲ့လောက်ငြိစရာ ဘာ အကြောင်းရှိခဲ့လို့လဲ..တွေ့ကြတာဘယ်လောက်ကြာသေးလို့လဲ၊ နောက်


www.burmeseclassic.com

www.burmeseclassic.com


နောက် ပြီး ဒီလောက်ထိမတည့်ခဲ့ကြတာ.."

"ဖြည်းဖြည်းငြင်းပါ..လျှာခလုတ်တိုက်နေပြီ.."

သူခပ်ရိရိပြောလိုက်တော့ ချူ့မျက်နှာလေးပျက်သွားကာ ကိုင်ထားသည့် လက်တွေကို အတင်းဖယ်ချ၏။ ဆောင်းမျက်နှာက မလွှတ်ဘဲအတင်းဖိချုပ်ထားကာ.. ၊

"ညာနေတာ မင်းမျက်လုံးထဲမှာ ငါမြင်နေရတယ်.."

"ရှင်လွှတ်နော်.."

"အချစ်အတွက် နီးစပ်နေဖို့မလိုဘူး..ချိုသာတဲ့အပြုံးတွေနဲ့ စတင်ကြဖို့လည်း မလိုပါဘူး၊ ငါသိတာက မင်းကိုငါမြင်တည်းက ရင်းနှီးနေခဲ့တယ်ဆိုတာပဲ..မင်းမျက်လုံးတွေက ငါ့ကိုမုန်းတီးနေတာ ငါခံစားမိတယ်၊ အဲ့ဒီအမုန်းတွေကြောင့် ငါတို့ချင်းအများကြီးပတ်သက်ခဲ့ဖူးတဲ့ ခံစားမှုမျိုးရင်ထဲရောက်လာတယ်..အဲ နောက်ထပ်ဖြစ်လာခဲ့တာကတော့ အချစ်ပဲ.."

"ဟင့်အင်း..လွှတ်.."

"မင်း ငါ့ဆီကဘယ်တော့မှ ထွက်သွားလို့မရတော့ဘူးချူ..အဲ့ဒါအမုန်းငြိုးတွေနဲ့ မဆိုင်တဲ့ အချစ်နဲ့သိမ်းပိုက်ခြင်းပဲ.."

ချူ့တစ်ကိုယ်လုံးကို တင်းကျပ်စွာပွေ့ပိုက်ထားလိုက်ပြီး အနမ်းတို့က နွေးသိမ့်စွာ ဖြာဆင်းလာခဲ့၏။ ရင်ခွင်နှစ်ထိစပ်သွားချိန်မှာ ဘယ်ရင်ခွင်မှာ အမုန်းဆိုတာ မသိသလို၊ အချစ်ကဘယ်ရင်ခွင်မှာ ရှိနေသည်မသိ.. ၊

ကြာရှည်သော အနမ်းတို့နှင့်အတူ စည်းချက်မညီသော ရင်ခုန်သံတို့သည်.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄၆)

"မဖြစ်ဘူး..မင်းအဲ့လိုလုပ်လို့ မရဘူး၊ ပြန်ခွင့်မရှိရအောင် သူကဘာ မို့လို့လဲ.."

"ဘာမှမဟုတ်ပါဘူး..ဒါပေမယ့် ချူ့ရည်ရွယ်ချက် မပြီးသေးဘူးအန် ကယ်လ်.."

"ဘာ.."

ဦးထက်ကောင်းရဲ့ မျက်လုံးတွေက ချူ့ကိုယ်ပေါ်မှာစူးရဲစွာ ကျရောက် လာခဲ့လျက်..။

"မင်းအဲ့လောက်ပြောင်းလဲသွားတယ်နော်..ငါလုံးဝမထင်ခဲ့ဘူး.."

မိတ်ကပ်ရောင် ALPHARD ပေါ်မှာမှန်နက်တွေကာထားသဖြင့် အ ပြင်လူမမြင်နိုင်။ ဦးထက်ကောင်းနဲ့ချူတို့က နောက်ခန်းမှာဖြစ်ကာ ကားမောင်း သူက တုတ်တုတ်မလှုပ်ဘဲ ရှိနေ၏။

"ပြောတုန်းကတော့ မိုးဆက်လေခံခဲ့ရသမျှ မင်းအားလုံးပြန်ယူမယ်.. ဆောင်းမျက်နှာ ဘဝပျက်ပြီးလမ်းဘေးရောက်သွားရမယ်၊ အသည်းကွဲပြီး အ ရက်သမားဖြစ်ရမယ်..ဘာလဲ ခေတ်စကားနဲ့ပြန်မေးဦးမယ်၊ ပုံပြင်တွေ ပြောသွား တာလား.."

ချူက အပြစ်ရှိသူလို မျက်နှာမျိုးနဲ့တော့မဟုတ်။ ဒါပေမယ့် မျက်နှာ ခပ်ငုံ့ငုံ့နှင့် တင်းနေသောနှုတ်ခမ်းတွေက တစ်ခွန်းတစ်ပါဒမျှ ခွန်းတုံ့မပြန်ချေ။

"နောက်ကနေကားနဲ့လိုက်တိုက်ဖို့ အပိုင်စီစဉ်ထားတယ်..မင်းကတား တယ်၊ ကုမ္ပဏီကို ဖြိုပစ်ဖို့ငါတို့လူတွေနဲ့ လွဲပြောင်းပိတ်ဆို့ထားခဲ့တယ်..ဒါ ပေမယ့် မင်းရဲ့တွေဝေမှုကြောင့် အချိန်တွေကြာပြီး ဘူးပေါ်သလိုပေါ်ကုန် တယ်၊ နေပါဦး..အဲဒါတွေကရော အားလုံးပေါ်ကုန်အောင် မင်းတမင်အ ကွက်ရွှေ့နေတာများလား.."

"မဟုတ်ပါဘူး.."

"မဟုတ်ဘူးဆိုတာတွေကို အစကငါယုံခဲ့တယ်..ဒီနေ့ယုံဖို့ခက်နေပြီ.."

"ချူ့ဘက်က.."

သူမစကားမစရသေးမီ ရုတ်တရက်..။


www.burmeseclassic.com

www.burmeseclassic.com



"ဂျိး.."

"ဟာ.."

"ဒုန်း.."

ကားတစ်စီးလုံး သိမ့်သိမ့်ခါသွားသည်။ ပွတ်တိုက်သံကြီး ဟိန်းထွက်လာလျက်.. ၊

"ဘယ်ကောင်လဲကွ.."

ဒရိုင်ဘာ လှမ်းအော်ရင်း ဒေါသတကြီးဆင်းသွားလျှင် ဦးထက်ကောင်း လိုက်ဆင်းဖို့ တံခါးလှည့်ဖွင့်လိုက်သည်။

"အဲ့ဒါ ဆောင်းမျက်နှာ.."

ချူ့စကားကြောင့် ဦးထက်ကောင်း လက်ပြန်တွန့်သွား၏။ ထိုစဉ်..၊

"ဒုန်း.."

"ဟာ..ကြည့်စမ်း.."

လူကြီးပေမယ့် ဒေါသကငယ်ထိပ်ဆောင့်၏။ ဖြစ်ချင်ရာဖြစ် ကားထဲက ဆင်းထွက်လိုက်သည်။ လမ်းကလူရှင်းကားရှင်းသော လမ်းမကျယ်မှာဖြစ်သည်။ ချူ့ကိုတမင်ချိန်းပြီး ဒီနေရာကိုခေါ်ထုတ်လာခဲ့တာဖြစ်၏။ ဆောင်းမျက်နှာ အရေးကြီးညှိသည်တွေနဲ့ နေ့လည်စာစားဖို့ထွက်သွားတာ သချာမှ ထွက်ခဲ့တာမို့ ဒီကားနောက်ချက်ချင်းရောက်လာမည်လို့ မထင်ခဲ့ပေ.. ၊

ဦးထက်ကောင်းကားပေါ်က ဆင်းလိုက်မှ ဆောင်းမျက်ရဲ့ကားတံခါးပွင့်သွားသည်။ ရင်ဘက်တစ်ခြမ်းမှာ နဂါးပုံပါသောရှပ်လက်ရှည်အဖြူကိုဝတ် ထားကာ ဘောင်းဘီရှည်နဲ့ဖြစ်သည်။ မျက်နှာနက်တပ်ထားသဖြင့် ဆင်းနေသောနှာတံနှင့် အထူအပါးညီသောနှုတ်ခမ်းတို့ကို ဦးစားပေးမြင်နေရ၏ ။

ချူပစ်ခတ်ကြွေဆင်းသွားမယ်ဆိုလည်း ကြွေလောက်ပါ၏။ အရပ်မြင့်၍ အဆီပိုမတင်သောကိုယ်ဟန်သည် ယောကျ်ားပီသသောတင့်တယ်ခြင်းကို ပြနေခဲ့လျက် လေးထောင့်မကျတကျမျက်နှာကြောင့် ပြည့်စုံသွားသလိုပင်.. ၊

သူ့ရှေ့ရောက်မှ ဆောင်းမျက်နှာက မျက်မှန်ကိုအသာလေးဆွဲချွတ်သည်။ သူ့လျှိုတစ်ယောက်ကို ပိုင်နိုင်စွာဖမ်းမိလိုက်သည့် စစ်သူကြီး၏ အကြည့်မျိုးဖြင့်.. ၊



www.burmeseclassic.com

www.burmeseclassic.com


"ပြန်ဆုံကြပြီပေါ့..."

"ပြန်ဆုံတာမဟုတ်ပါဘူး..ငါလမ်းရွေးမှားသွားလို့ ခလုတ်တိုက်မိတာ.."

"ဟွန်း..."

ဆောင်းမျက်နှာက ဘောင်းဘီအိတ်တစ်ဖက်ထဲမှာ လက်ထည့်ပြီးရင်ကားထဲကို တစ်ချက်ကြည့်သည်။ ပြီးမှ.. ၊

"မိုးဆက်လေ အထဲမှာရှိသလား.."

"မရှိဘူး.."

"သူဘာလို့ ပုန်းနေတာလဲဆိုတာ နားမလည်နိုင်ဘူး..."

"မင်းဘယ်တော့မှ နားလည်မှာမဟုတ်ဘူးဆောင်းမျက်နှာ..ဒါပေမယ့်မင်းကိုတော့ ငါနားလည်နေပြီထင်တယ်.."

ဦးထက်ကောင်းက သူ့တစ်ကိုယ်လုံးကို သိသာအောင်ကြည့်လိုက်ပြီး..၊

"မင်းလည်း အရင်ကဆောင်းမျက်နှာမဟုတ်တော့ဘူး..မိန်းမတစ်ယောက်အတွက်နဲ့ သူငယ်ချင်းကိုသည်းကြီးမည်းကြီး ရှာထုတ်ပြီး စစ်ခင်းဖို့ကြိုးစားနေတဲ့သူ.."

"အဲ့ဒီမိန်းမကို ကျွန်တော့်ဆီလွှတ်ပြီး ကျွန်တော့်တစ်ဘဝလုံး အစရှာမရအောင် လုပ်ဖို့ကြံစည်ခဲ့တာ သူငယ်ချင်းလား..."

"ဒါကတော့ မင်းရှောင်လေ..မိန်းမတစ်ယောက်ကြောင့် ဒီလောက်အလွယ်တကူ မင်းကျရှုံးသွားမယ်လို့ သူမပြောနဲ့..ငါတောင်မထင်ခဲ့ဘူး၊ သူမင်းကို တိုက်ခိုက်ဖို့ပြင်ဆင်လာတာတွေကလည်း မင်းပေးခဲ့တဲ့အတိုင်း ပြန်ချေလုပ်တာတွေပါ..."

"ဪ..ဪ.."

ခေါင်းညိတ်လိုက်ပြီး ဆောင်းမျက်နှာမျက်နှာ မော့ရယ်သည်။ သူ့လိုရယ်တိုင်း မော့လိုက်တာ နှုတ်ခမ်းပွင့်တာတွေအဆုံး ရယ်သံကိုတောင်အလွတ်မပေးနိုင်အောင် ကားထဲကနေ ချူငေးကြည့်နေခဲ့သည်။ မှန်အလုံပိတ်ထားပေမယ့် သူ့နှုတ်ခမ်းတွေကို ကြည့်နေရင်း သူ့ရယ်သံကိုမှန်းဆ နားစိုက်နေမိ၏။

ဒီလိုလူက ခုချိန်ထိ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးဘူးဆိုတာ မိန်းမသားတစ်ယောက်အတွက်တော့ ရင်ခုန်စရာပါ။ ဒါပေမယ့် သူမှာရည်းစား


www.burmeseclassic.com

www.burmeseclassic.com


ခွင့်မရှိ..။

"ဟော့..ဆင်းခဲ့.."

ငေးနေတုန်း မှန်နားကိုဖျတ်ခနဲကပ်လာပြီး လက်သီးဆုပ်နဲ့ထုလိုက်သဖြင့် ချူထိတ်ခနဲဖြစ်သွားသည်။

"နှင်းဆီချူ..မင်းကိုခေါ်နေတာနော်.."

"ဆောင်းမျက်နှာ..နှင်းဆီချူကို မင်းဆက်ဆံတဲ့ပုံစံ လွဲနေတယ်နော်.."

ဦးထက်ကောင်းကို ဆောင်းမျက်နှာက လှည့်ကြည့်ကာ..။

"လွဲနေတာက သူရောက်လာတည်းကပဲ..တည့်မတ်သင့်တယ်ထင်ရင် ဒီဝလန်ချလိုက်တဲ့သူ လာပါစေ၊ မဆိုင်တဲ့လူတွေနဲ့ မပြောချင်ဘူး.."

ချူကားထဲက ထွက်လာသည်နှင့် ဆောင်းမျက်နှာက သူ့မလက်ကောက်ဝတ်လေးတစ်ဖက်ကို ဆွဲယူလိုက်ကာ..။

"နှင်းဆီချူဘာယ်လို ဧယားခင်းလွှတ်လိုက်တယ်ဆိုတာ မိုးဆက်လေ ငါးစပ်က ပြောတာပဲကြားချင်တယ်..နောက်နှစ်ရက်အတွင်း ဆက်သွက်ပါ ဆို့ ပြောလိုက်ပါ.."

"ဟား ဟား ဟား.."

ဒေါ်သင္ဘေတို့နှင့် ဦးထက်ကောင်းရယ်သည်။ ပြီးမှ..။

"မိုးဆက်ရဲ့ကစားပွဲမှာ အနိုင်ရတယ်ထင်ပြီး တော်တော်မာန်တက်သွားတဲ့ပုံပဲ.."

"ဘာကြောင့်ဖြစ်ဖြစ် ခင်ဗျားတို့ရှုံးတယ်..ကျွန်တော်နိုင်တယ်၊ ဒါတော့ ဆက်ခံတယ်မို့လား.."

ရယ်သံတိခနဲ ပြတ်တောက်သွားသည်။

"နှစ်ရက်အတွင်း သူရောက်မလာဘူးဆိုရင် အခုသူလှုပ်ရှားခဲ့သမျှ ကောင်းကြံစည်မှုတွေ သူ့ကြောင့်ထိခိုက်ကုန်တဲ့ ပါတနာတွေနဲ့အကျိုးစီးပွား ဆွ အဲ့ဒါတွေကိုသတင်းမီဒီယာပေါ် တင်ပစ်မယ်လို့.."

"မင်းအဲ့လို တကယ်လုပ်မယ်လို့ ငါတော့မထင်ဘူး.."

ဆောင်းမျက်နှာ မျက်စိမျက်နှာပျက်နှင့် ဆတ်ခနဲလှဲ့ပစ်သည်။ ပြီး တော့မှ တင်းခနဲအံကြိတ်လိုက်ပြီး လှည့်လာကာ..။

"အဲ့ဒီအတိုင်းပြောလိုက်ပါအန်ကယ်လ်..ကျွန်တော်နဲ့သူ့ကိစ္စမှာ ကြား ဆုံးဖြေရှင်းလို့လည်း မရဘူး၊ လိုဘူးမလိုဘူး..လိုတာက သူကျွန်တော့်ဆီ လာဖို့ပဲ.."



www.burmeseclassic.com

www.burmeseclassic.com


ပြောပြီးတာနှင့် ချူ့လက်ကိုဆွဲ၍ ကားဆီပြန်လှည့်သည်။

"မင်းလုပ်ပုံကရော မိန်းကလေးတစ်ယောက်ကို စားစာခံလုပ်နေတာ မတူဘူးလား..သူနဲ့မဆိုင်ပါဘူး၊ မိုးဆက်နဲ့ပဲရှင်းရမယ်ဆိုတာသိရင် သူ့ လွှတ်လိုက်ပါ.."

"ဟွန့်.."

ချူကလည်း ဆောင့်ရုန်းသည်။ သူက လက်ကိုဖိကိုင်ထားပြီး ပြန်လှည့်ကြည့်ကာ.. ၊

"မိုးဆက်ထွက်လာတာနဲ့ အားလုံးရှင်းသွားမှာပါ.."

ချူ့ကို တံခါးဖွင့်ပြီး တွန်းထည့်လိုက်သည်။ ဂျိမ်းခနဲ တံခါးပိတ်လိုက် သံအဆုံး.. ၊

"မိုးဆက်ဘာလုပ်နေတာလဲဆိုတာ..ငါပြောနိုင်တာတစ်ခုရှိတယ်.."

ဦးထက်ကောင်းရဲ့ စကားသံထွက်ပေါ်လာကာ ရှေ့ကိုတစ်လှမ်းချင်း တိုးလာ၏။ ဆောင်းမျက်နှာနဲ့ လက်တစ်ကမ်းလောက်အကွာမှာ ရပ်လိုက် ပြီး.. ၊

"မင်းနဲ့သူညှိလို့မရတဲ့ ပြဿနာအတွက် မင်းဘက်ကလျှော့ပေးလိုက် ရင်.."

"ဘာလဲ..သူဘာကိုပြောတာလဲ၊ အဲ့ဒီပြဿနာဘာဆိုတာ အဲ ကယ်လ့်ကို သူပြောခဲ့သလား.."

ဦးထက်ကောင်းက စိုက်ကြည့်နေရင်း ခေါင်းခါသည်။ ပြီးမှ-

"မပြောပါဘူး...ဒါပေမယ့် အဲ့ဒီအဆင်မပြေမှုကလွဲရင် သူကတော့ ကို အရင်ကအတိုင်း.."

"အရင်ကအတိုင်း ဘယ်တော့မှပြန်မဖြစ်တော့ဘူးဆိုတာ သူကိုယ် တိုင်ပြောခဲ့တာပဲ..အဆင်မပြေမှုဆိုတာ နေရာတကာမှာရှိနိုင်ပေမယ့် အခြေ ပြေဖြစ်လာတိုင်း ညှိနှိုင်းလို့မရတဲ့ကိစ္စတွေရှိတယ်.."

"ဒါဆို မင်းသူ့ကိုထွက်လာစေချင်တာ ဘာကြောင့်လဲ..ငြိမ်းချမ်းစွာ တိုက်ကြဖို့လား.."

"ကိုယ့်တိုင်းပြည်ကိုယ်ပြန်အုပ်ချုပ်ဖို့ တိုက်ယူတယ်ဆိုတာ နယ်ချဲ့ ဘုရင်တွေရဲ့အလုပ်..ကိုယ့်ဓနိးသူများနောက် ပါသွားရင်လည်း ပြန်ရချင် ပြန်တိုက်ယူလို့ ရသေးတယ်၊ အချစ်ကမရဘူး..ဂုဏ်သိက္ခာရှိတဲ့ ဓနိး တယ်..သူရပ်တည်မယ့်ရင်ဘက်ကို သူ့ဘာသာရွေးတယ်၊ အဲ့ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com


လုံးက သူ့နေရာနဲ့သူ အစီအစဉ်တကျပြီးသွားပြီ..သူ့ကိုသိစေချင်တာအဲ့ဒါ.."

ကားထဲမှာ ဆောင့်ခနဲဝင်ထိုင်လိုက်သည်။ ရင်ဘက်တစ်ခုလုံးက တဒိုင်းဒိုင်းဆောင့်ခါနေ၏။ လှုပ်ခါနေသော နှလုံးသွေးဟာ အသက်ရှုဖို့ခုန်နေတာ မဟုတ်ဘဲ မီးဖိုကြီးပေါ်မှာ တဗွမ်းဗွမ်းဆူနေတဲ့ ရေနွေးအိုးကြီးနဲ့ တူနေသည်။

ခန္ဓာကိုယ်ကို ဖြန့်ကျက်ပို့လွှတ်နေတာ သွေးတွေမဟုတ်ဘဲ ဆူနေတဲ့ ရေပူတွေလို ဖြစ်နေသည်။

"ဘုတ်..ဘုတ်.."

ဒေါသလား၊ စိတ်လှုပ်ရှားလွန်းနေတာလားမသိဘဲ မျက်လုံးတွေပါ မှိတ်ထားမိစဉ် ဘေးမှန်းကို လာပုတ်တော့လှည့်ကြည့်လိုက်မိ၏။ ဦးထက်ကောင်းက လက်နှစ်ဖက်နောက်ပစ်လိုက်ပြီး သူ့မှန်ချတာကို အေးဆေးရပ်စောင့်သည်။ ပြီးမှ မျက်နှာကို စူးစိုက်ငုံ့မိုးကြည့်နေလျက်..၊

"မိုးဆက်လေကို မင်းဘယ်တော့မှ ထပ်တွေ့ရမှာမဟုတ်ဘူးဆောင်းမျက်နှာ.."

"ရှင်.."

မိုက်ရိုင်းလိုက်တာလို့ ပြောကျန်ရစ်ခဲ့မလား...၊

မတတ်နိုင်။ သူဆက်ပြီး နားမထောင်ချင်တော့ဘဲ ဒီတိုင်းပဲလီဗာဖိနင်းပစ်လိုက် သည်။ စက်နှိုးထားသည့်ကားသည် ဦးထက်ကောင်း၏ စကားဆုံးသည်နှင့် ပြေးထွက်သွားခဲ့၏။ ကားသည် လမ်းမပေါ်မှာအရှိန်မကျဘဲ ဆက်လက်ပြေးလွှားနေခဲ့ပြီး ကားတွေလူတွေကြားမှာ အသည်းယားဖွယ် ပွတ်ကပ်ကျော်ဖြစ်နေလျှင်..၊

"ရှင်..ဖြည်းဖြည်းမောင်းလို့ မရဘူးလားဆောင်းမျက်နှာ.."

"ဘာ.."

သူ့ဒေါသသံနှင့်အတူ ကားကနိမ့်ခနဲ ခေါင်းခါသွားလျက်..၊

"မင်းငါ့ကို ကာလာလို့ခေါ်လိုက်တာလား.."

"မခေါ်ပါဘူး.."

ချူကာ မျက်ခုံးတန်းလေးတွေ တွန့်ကုတ်သွားလျက် ဆောင်းမျက်နှာရဲ့ မျက်ဝန်းတွေကို အံ့ဩသလို စိုက်ကြည့်၏။

"ရှင်ဘာဖြစ်နေတာလဲ..ဘာတွေကြားပြီး ကယောင်ချောက်ခြားဖြစ်နေတာလဲ.."

www.burmeseclassic.com


ဆောင်းမျက်နှာ ရှေ့ပြန်လှည့်သွားပြီး သူ့ကိုယ်သူ နားမလည်ခြင်းများနှင့် အံကြိတ်၏။

"စိတ်လှုပ်ရှားလွန်းနေရင်လည်း လမ်းဘေးခဏရပ်လိုက်ပါလား..ရှင်ကားမောင်းနေတာ အန္တရာယ်များလွန်းတယ်.."

သူ့မျက်နှာ ဖျတ်ခနဲလှည့်လာပြန်သည်။ ပြီးတော့ သူမကိုစိုက်ကြည့်၏။ နောက်တော့ဘာမှမပြောဘဲ ကားသည် လမ်းဘေးကကုက္ကိုပင်အောက်သို့ ထိုးဆင်းသွားကာ မညင်သာစွာရပ်လေသည်။

"ကျွတ်.."

သူ့မျက်နှာမှောက်လှန်ပြီး မျက်လုံးတွေကိုမှိတ်ထားလိုက်သည်။ မျက်နှာကို ဖိပွတ်ရင်း လက်တွေက ဆံပင်တွေထဲရောက်သွားလျက် ကိုယ့်ခေါင်းကိုဖိကိုင်ထားသည့်ပုံနှင့် အကြာကြီးငြိမ်သက်နေ၏။ သူ့အမူအရာ လှုပ်ရှားမှုတွေကို ချူကာ ထိုင်ကြည့်နေခဲ့လျက်.. ၊

"မိုးဆက်လေက ရှင့်စိတ်ထဲမှာ အဲ့လောက်ထိရှိနေခဲ့တယ်ဆိုတာ မထင်နိုင်စရာပဲ.."

သူ့မျက်လုံးတွေလည်း မပွင့်။ ဘာမှလည်း ပြန်မပြောပေ.. ၊

"သူကလည်း ရှင့်ကိုမုန်းနေတာတော့ ဟုတ်ပုံမရပါဘူး..ဒါပေမယ့်.."

"သူမင်းကို ဘာမှပြောမပြခဲ့ဘူးလား.."

မျက်လုံးမဖွင့်ဘဲမေးလိုက်တာမို့ ပိတ်ယှက်နေသည့် သူ့မျက်တောင်များတွေကို ချူကာကြည့်နေရင်း.. ၊

"ရှင့်ကိုမုန်းတယ်လို့ ပြောတယ်လေ..ဒုက္ခရောက်အောင် လုပ်မယ်လို့ ကြိမ်းဝါးတယ်.."

"ဒါနဲ့တောင် မင်းဘာတွေထင်နေတာလဲ.."

"ဒါပေမယ့် ချစ်တဲ့မုန်းတဲ့ခံစားချက်ကိုသိလှောင်တာ မျက်လုံးတွေပဲ.."

ဆောင်းမျက်နှာက ဒီတိုင်းတုတ်တုတ်မလှုပ် တည်ငြိမ်နေဆဲ.. ၊

"ရှင် သူ့ကိုဘာကြောင့် ဒေါသအမျက်တွေဖြစ်နေသလဲဆိုတာ ကိုယ့်ကိုယ်ကို မေးကြည့်ဖူးလား.."

"အဲ့ဒါမှားပြီးမှ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်တဲ့လူတွေ လုပ်ကြတာ.."

"ရှင်ကတော့ မမှားခဲ့ဘူးပေါ့..ဒါဆိုအခု ရှင့်မျက်ဝန်းထောင့်မှာ စီးတက်လာတဲ့ မျက်ရည်တွေက ဘာလို့လဲ.."

သူ့မျက်လုံးတွေပွင့်လာသည်။ ပြီးတော့ ကိုယ့်ကိုမတ်မတ်ပြင်ထိုင်၏။


www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ ဖိပွတ်ပစ်လိုက်၏။ ကားပြန်မောင်းဖို့ စတီယာရင်မှာ လက်တင်လိုက်ပေမယ့် ဒီတိုင်းဆက်ထိုင်နေမိကာ..။

"ငါသူ့ကို ညီလေးအရင်းတစ်ယောက်လို သဘောထားခဲ့တယ်..အဓိကအခံဖြစ်ဖို့ ရှိလာတိုင်း ငါပဲအလျှော့ပေးခဲ့တယ်.."

"သူကချည်း ဆိုးနေခဲ့တယ်ပေါ့.."

"ဆိုးချင်သလိုဆိုး..ယောကျ်ားချင်း ဒီလောက်အလျှော့ပေးနေရလားလို့ ဘေးလူတွေအံ့ဩလောက်အောင် ငါသည်းခံနိုင်တယ်..ဒါပေမယ့် ငါသည်းမခံနိုင်ဆုံးအရာကို သူကျူးလွန်ခဲ့တာ.."

"ရည်းစားလုကြတာလား.."

"ဟွန်း.."

နှုတ်ခမ်းတွေ စေ့ပိတ်ထားရင်း မဲ့လိုက်တော့ တော်တော်နာကျင်နေသည့် ပုံပေါက်သွားခဲ့လျက်..။

"ဘာကြောင့်ဆိုတာမပြောတာပဲ ကောင်းပါတယ်..တစ်ယောက်ယောက်ကို ပြောပြဖို့လည်း စိတ်ကူးမရှိဘူး.."

ပြောနေရင်း သူမကိုပြန်ငဲ့ကြည့်ကာ..။

"မင်းကို ငါလက်ထပ်ယူတော့မယ်ဆိုတာ ကြားလိုက်ရင်တော့ သူထွက်လာမှာပဲ.."

ချူက လက်ပိုက်ရင်း ကူရှင်မှာမှီလိုက်ကာ..။

"ရှင်က အဲ့လောက်ထိ စိတ်ကူးနေတာလား..ရှင်လုပ်နိုင်မှာပဲလို့ ယုံကြည်နေတဲ့ပုံပဲ.."

"လုပ်နိုင်တာ မလုပ်နိုင်တာကို ဖြစ်လာတာဖြစ်မလာတာက စကားပြောသွားမှာပါ.."

"ဖြစ်မလာသေးခင်ပဲ ကျွန်မကပြောနိုင်တယ်..မိုးဆက်အပေါ်မှာ ရှင့်ဘက်က ဘယ်လိုနိုင်ကွက်တွေရှိနေနေ မိုးဆက်ကနိုင်သွားနိုင်တယ်ပဲထား..ရှင်လက်ထပ်ရမှာက နှင်းဆီချူပဲ၊ ရှင့်ကိုကျွန်မလက်မခံနိုင်ကလည်း မိုးဆက်နဲ့ ရှင်ဘာတွေဖြစ်ခဲ့သလဲဆိုတာပဲ ဆိုင်တယ်..အဲ့ဒါကို မသိရသရွေ့ ကျွန်မကိုရှင့် ရဲ့ အမိကရန်သူလို့ သတ်မှတ်ထားရင်အန္တရာယ်ကင်းမှာမယ်.."

"မင်းမကလို့ မိုးဆက်လေးရော ဦးထက်ကောင်းရော သုံးယောက်စလုံး အတူရှိနေရင်တောင် ငါဂရုမစိုက်ဘူး..ကွယ်ရာမှာပုန်းနေတဲ့ကောင်ကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com


ထုတ်နေရတာထက် ရင်ဆိုင်ကြတာက ပိုရှင်းတယ်၊ အဲ့ဒီတော့ မင်းအားကိုး လို့ရအောင် မိုးဆက်ထွက်လာဖို့ပဲ ကြိုးစား.."

ကားကို ဝူးခနဲဆောင့်ထွက်လိုက်သဖြင့် ချူလက်ပိုက်လေးပြုတ်သွား ကာ တစ်ကိုယ်လုံးရှေ့တိုးနောက်ငင်တွေ ဖြစ်သွား၏။ တမင်လုပ်လိုက်တာ မဟုတ်ပေမယ့် ဆောင်းမျက်နှာရဲ့စိတ်တွေက ကားပေါ်မှာလမ်းပေါ်မှာ ဆိုတာ ·တောင် သတိရတစ်ချက် မရတစ်ချက်.. ၊

"မိုးဆက်လေနဲ့ရှင် ဘာတွေဖြစ်ခဲ့သလဲဆိုတာ မသိရသေး.."

"ရည်းစားလုကြတာလား.."

"ရှင်ကတော့ မမှားခဲ့ဘူးပေါ့.."

"မျက်ဝန်းထောင့်မှာ စိုနေတဲ့မျက်ရည်တွေက ဘာလို့လဲ.."

ပြောခဲ့မိသမျှ ကြားခဲ့သမျှ အားလုံးအာရုံထဲမှာ ပွဲတင်ထပ်ပေါ်နေ၏။ ပြီးတော့ မိုးဆက်ရဲ့မျက်နှာ၊ နောက်ဆုံးဖြစ်ခဲ့သောနေ့က စကားသံတွေ။ အားလုံးတို့သည် ကိုယ့်အရိပ်နဲ့ကိုယ်ရန်ဖြစ်ခဲ့ရသလို မိုးဆက်လေဆိုတာက ပျောက်ကွယ်နေခဲ့၏။

သူဘယ်သူနဲ့ဖြစ်ခဲ့သည်၊ ဘယ်လိုပြဿနာ ဘာကြောင့်ဆိုတာလည်း ဖွင့်မပြနိုင်ခဲ့ဘဲ.. ၊

☪


www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၇)

“ဒါတော့ လူကြီးတွေကို မင်းစော်ကားလိုက်တာပဲသား..”

“ဘယ်လိုပြောလိုက်တာလဲသားရယ်..ဘာမှမလွန်မကျူးရသေးဘူး ဆို တာ ဘာကိုပြောတာလဲ၊ မိန်းကလေးရော သူ့မိဘတွေရော ကိုယ်ရှိတဲ့နေရာကို ဆောင် ရောက်နေကြပြီလေ..”

အဒေါ်ဖြစ်သူနဲ့ အမေကခါးခါးသီးထဖြစ်ကုန်သည်။ သူလည်း ထက် ပိုမပြောနိုင်တော့ပေ။ ဒါပေမယ့် ဒီဆုံးဖြတ်ချက်ကို ပြင်ဆင်တော့မှာ ဟုတ်တာလည်း သေချာသည်။ ချူ့ကိုလက်ထပ်မည်။ လောလောဆယ် ဆက်ထပ်တော့မည်လို့ ကြေညာဖို့အတွက် လူကြီးတွေကို အရင်သတိပေး လိုက်တာဖြစ်သည်။ နောက်ထပ်သိစေမှာက မိုးဆက်လေ.. ၊

ကုမ္ပဏီမှာ ခြေထိုးခံပြီး ရှုံးထိုးမှောက်ခုံဖြစ်အောင် ဖန်တီးခဲ့တဲ့လုပ် ကြံမှုတွေကိုလည်း သူရှင်းနိုင်သည်။ ချူ့ကိုလက်ထပ်မယ့် ကိစ္စကလည်း ကယ်ချစ်မြတ်နိုးလို့ လက်ထပ်မှာဖြစ်ကြောင်း ကျေညာရဲသည်။ မိုး ဆက်လေ ထွက်လာပြီဆိုရင်တောင်.. ၊

“သားနဲ့မိုးဆက်လေရဲ့ ရှုပ်ထွေးမှုကဘယ်လောက်တောင် ကြီးမားပြင်း ထန်ခဲ့လို့ ဒီအချိန်ထိ မပြီးဆုံးနိုင်ရတာလဲ..သူ့ကြောင့်ပဲ သားကချိန်လိုက်တိုင်း ချက်တယ်၊ မိဘကစေ့စပ်ပေးတော့လည်း လွဲတယ်..သူ့ကြောင့် အတင်း ဆောက်ကပ်လက်ထပ်ဖို့ ကြိုးစားတော့သေမလို ရှင်မလိုတွေဖြစ်ရတယ်..”

“တန်းစီပြီးချပြနေလို့ပါမေမေ..တကယ်တော့ မစရသေးဘဲ အဆုံး သတ်ခဲ့တာတွေပါ..”

“ဒါဖြင့် မမတို့မိသားစုအိမ်ပြောင်းပြေးရတဲ့အထိ အရှက်ရခဲ့ကြတာ လာ..”

ဆောင်းမျက်နှာ မျက်နှာလွှဲသွားသည်။ ပြီးမှ.. ၊

“မမတို့နဲ့ ပတ်သက်ပြီး သူ့မိဘတွေအထိ ကျွန်တော်တောင်းပန်ခဲ့ပြီး ပြီ..”

“ကျေနပ်ပေးကြတယ်ဆိုပေမယ့် ဒါကတောင်းပန်လို့ကောင်းတဲ့ စိစ္စမျိုး မဟုတ်ဘူးသား..”



www.burmeseclassic.com

www.burmeseclassic.com



"ချူ့ကိုလက်ထပ်မယ့်ကိစ္စကတော့ သားမလုပ်သင့်ဘူးလို့ ကြီးကြီး ထင်တယ်နော်..မိန်းကလေးကလည်း ကိုယ့်ကိုနှစ်သက်တာမဟုတ်ဘူး ဘယ်ကမှန်းမသိ ဘာဖြစ်ချင်လို့ရောက်လာမှန်းမသိ..ကိုယ့်ကိုသတ်ချင် ဖြတ် ချင်နေတာလားလို့ ထင်ရလောက်တဲ့ ရန်ငြိုးမျိုးနဲ့သူရောက်လာတာကို သား မေ့နေတာလား.."

"အဲဒါတွေက မိုးဆက်နဲ့ပဲ ပတ်သက်တာပါ..သူနဲ့ပတ်သက်ပြီး သား လုပ်သင့်တယ်ဆိုတာ ကျွန်တော်သိတယ်.."

"သားမသိပါဘူး..မိုးဆက်ကို သားဘယ်တုန်းကမှ နားမလည်ခဲ့ဘူး ဒါကြောင့် သားပဲလိုက်လျှောသည်းခံနေခဲ့ရတာ..အဆုံးသတ်မှာလည်း ပြေး ဦး၊ သားဖြေရှင်းလိုက်ရတဲ့ လုပ်ငန်းကိစ္စတွေ ကုန်ခမ်းဆုံးရှုံးသွားတဲ့ အထ ဂျက်တွေ အဲဒါတွေက.."

"မေမေ.."

စကားမဆုံးခင် ဖြတ်ခေါ်လိုက်မိကာ..၊

"ကျွန်တော်တောင်းပန်ပါတယ်..ချူ့ကိုလက်ထပ်ခွင့်ပြုပါ၊ ထင်မထား ပါနဲ့တော့..မိုးဆက်နဲ့ကျွန်တော်ပြဿနာတွေ ရှိခဲ့တယ်ခုထိ ရှင်းနေရတာ အဲဒါတွေမှန်ပါတယ်..ဒါပေမယ့် ခုပြီးသွားပြီမေမေ.."

"ပြီးသွားပြီဆိုရင် ချူ့ကိုလက်ထပ်ဖို့က ဘာကြောင့်ဖြစ်လာရတာလဲ"

"ချူ့ကိုကျွန်တော်ချစ်တယ်.."

"ဘာ.."

ဒီလိုဖြစ်လာနိုင်တာ သိနေသည်။ လက်ထပ်တော့မည်လို့ ပြော တည်းက သားအရင်ကခွင့်တောင်းခဲ့ပုံတွေနဲ့ မတူဘူးဆိုတာလည်း အသိ မိသည်။ ဒါပေမယ့် ခုလိုကိုယ်တိုင်ပြောပြဝန်ခံလာဖို့ထိတော့ မဖြစ်နိုင် ဘူးပဲ ထင်ခဲ့တာပါ..၊

"မိုးဆက်နဲ့တွေမှဖြစ်မယ်ဆိုတာ ချူ့ကိုလက်ထပ်ပြီးရင် ကျွန် အေးအေးချမ်းချမ်းနေချင်တယ်..အဲ့အတွက်ရှင်းကြမှ ဖြစ်မှာမို့ပါ.."

"နေပါဦးသား..မိုးဆက်ရဲ့ချစ်သူက မိုးဆက်ဘက်ကနာကျင် မင်းကိုလက်တုံ့ပြန်ဖို့ ရောက်လာတာလေ၊ အဲဒါကိုမင်းက လက် မယ်ဟုတ်လား..ဘာလုပ်မလို့လဲ မိုးဆက်ကိုတွေ့ပြီး မုန့်တစ်ခု ဖွဲ့လောက်ပေးပါ တောင်းချင်တာလား..ကစားစရာအရုပ်လို မှား ခြေကန်လုကြမှာလား.."



www.burmeseclassic.com

www.burmeseclassic.com


သူ ခေါင်းခါနေပေမယ့် ဒေါ်ထားထားမြတ်စိတ်တွေတိုကာ ဆောင်း ချက်နှာကို ပြောခွင့်မပေးဘဲ.. ၊

"အကယ်၍ နှင်းဆီချူကသားကို မေတ္တာရှိနေပြီဆိုရင်လည်း မိုးဆက် သနဲ့ တွေ့ဆုံဖြေရှင်းနေဖို့မလိုဘူး..လူငယ်စကားနဲ့ပြောရရင် အချစ်နဲ့စစ်မှာ တရားတာမရှိဘူးတဲ့၊ မေမေပြောချင်တာက သားအတွက် အရေးကြီးဆုံးက င်းဆီချူရဲ့မေတ္တာကိုရဖို့ပဲ..ဒါကိုမဖြစ်နိုင်ဘူးဆိုရင်တော့ ရှေ့ရှေ့ကလို ဖြစ် တွေ့ထပ်ကြုံရဦးမှာပဲ၊ အားလုံး အခက်တွေ့ရအောင် မလုပ်ပါနဲ့သား ယ်.."

"ပြောပါဦး..လူလေးကို နှင်းဆီချူက ပြန်ချစ်မယ့်အရိပ်အယောင်များ ြနေလို့လား.."

သူငိုင်နေရင်း ခေါင်းခါလိုက်မိသည်။

"ဒါကြောင့် အဆင်မပြေတာကြီးကို ရှေ့ဆက်မတိုးချင်ပါနဲ့သားရယ်.. ခြေထောက်ကလည်း နွံနစ်နေတယ်..ဆက်တိုးရမှာလည်း လမ်းမရှိတဲ့သစ်ပင် ျွယ်တွေနဲ့၊ သားဘာကိုမျှော်လင့်နေတာလဲ..ဘယ်သူ့မှာမှ ကောင်းဖို့မရှိတာ ို လူလေးရယ်.."

"မဟုတ်ဘူး..ကျွန်တော်လုံးဝ နောက်မဆုတ်ဘူး.."

သူဖွတ်တရွတ် ခေါင်းခါနေမိလျက်.. ၊

"မိုးဆက်ကို သူကချစ်နေတာဖြစ်ရင်ဖြစ်မယ်..မိုးဆက်က.."

ရှေ့ဆက်လာမည့်စကားကို ဒေါ်ထားထားမြတ်တို့ နားစွင့်နေခဲ့ကြ ည်။ ဒါပေမယ့် ကြားရတော့ဒီစကားမဟုတ်တော့ဘဲ.. ၊

"သူရယ် ချူရယ် ကျွန်တော်ရယ်ရှင်းမှဖြစ်မယ်..မိုးဆက်ကိုယ်တိုင် ပြာတဲ့စကားတစ်ခွန်းကို သူ့နားနဲ့ကြားစေချင်တယ်၊ အဲ့ဒါက တခြားဘယ် ူ ပြောလို့မှ မရနိုင်တဲ့စကားပဲ..အစက ဘယ်လိုခံစားချက်တွေ ရှိခဲ့ပါစေ၊ တစ်ခါ မိုးဆက်နဲ့တွေ့ပြီးရင် တိကျတဲ့ဆုံးဖြတ်ချက်ကို သူချနိုင်လိမ့်မယ်.."

"မေမေတို့ သဘောမတူဘူးလို့ ပြောနေတဲ့ကြားက သားကရှေ့ဆက် ်ပေါ့.."

"သဘောတူပေးဖို့တော့ မပြောလိုပါဘူး..ဒါပေမယ့် ကျွန်တော်ချစ်တဲ့ ူကိုပဲ လက်ထပ်ချင်တယ်.."

ဒေါ်ထားထားမြတ် စိတ်ဆင်းရဲကြီးစွာ ဖြစ်သွားခဲ့လျက်.. ၊

"ကိုယ့်ရန်သူလည်းဖြစ်သေးတယ်..တွေ့ကြတာလည်း မကြာသေးဘူး၊


www.burmeseclassic.com

www.burmeseclassic.com


သားဆုံးဖြတ်လိုက်တာက.."

"ပခြုပ်ကိုလည်း မေမေခေါ်လာမှ ကျွန်တော်မြင်ဖူးတာပါ..တွေ့ကြ တာကြာခြင်းမကြာခြင်းက အချစ်တစ်ခုကို မွေးဖွားခြင်းနဲ့မပတ်သက်ပါဘူး ချူ့ကိုအဲ့ဒီလိုအချိန်ကာလတွေနဲ့ ပတ်သက်ခဲ့တဲ့အတိုင်း မြင်မြင်ချင်းရင်း တာ.."

"သူ့ဘက်ကရင်းနှီးမနှီး သားထည့်တွေးဖို့ပြောနေတာ.."

"ရင်းနှီးဖို့မလိုပါဘူးမေမေ..ပြန်ချစ်ဖို့ပဲလိုတာပါ၊ အဲဒါတွေက ဆက်လေဆီက ဥပေက္ခာကို သူခံစားမိရင်ပြီးပြီ.."

"သား.."

ကလေးလေးတစ်ယောက်က သဲပြင်ပေါ်ပဲ့ကျသွားသည့် မုန့်ကိုငေး ကောက်ပြီး ဆက်ခိုင်းနေသလို ဘယ်လိုပြောပြော ကိုယ်လိုချင်တာပဲ တင်းခံနေတော့ ဒေါ်ထားထားမြတ်ဒေါသထွက်လာမိသည်။ ထို့ကြောင့် နေရာမှ ဆတ်ခနဲ ထရပ်လိုက်ရင်း.. ၊

"မင်းအဲ့ဒီမိုးဆက်လေနဲ့ ပတ်သက်နေသမျှ မင်းရဲ့ဆုံးဖြတ်ချက်တွေ ဘယ်လောက်ကောင်းနေနေ မေမေနားလည်မပေးနိုင်တော့ဘူး..နောက်တစ် က ရန်သူလိုရောက်လာတဲ့မိန်းကလေး၊ မိုးဆက်လေရဲ့ချစ်သူဖြစ်နေတဲ့ ဆီချူ့ကိုမှ လက်ထပ်ချင်နေတာကို ခွင့်မပြုနိုင်ဘူး..သူငယ်ချင်းရဲ့ချစ်သူ ပြန် လုယူချင်နေတဲ့အထိ မေမေ့သားရဲ့ကာရိုက်တာ ပျက်စီးကျိုးပဲ့နေတာ လည်း မေမေအရမ်းအံ့သြတယ်..မင်းကကြီးမိုက်ပဲကာလာ.."

ငယ်ငယ်တည်းက အိမ်မှာနာမည်တွင်ခဲ့တဲ့ကာလာ.. ၊

နောက်ပိုင်းမှာ ဆောင်းမျက်နှာက ခေါ်တာမကြိုက်သောကြောင့် မခေါ်ဖြစ်ကြတော့ပါ။ ဒါပေမယ့် ဒီလိုခေါ်သံကြားရပြီဆို မေမေတို့စိတ် နေလို့သာ.. ၊

"မေမေ.."

"မပြောနဲ့တော့သား..မေမေတို့ပြောနေတဲ့စကားတွေက အခြေ အရာ တစ်ခုတည်းမှာပဲ ပတ်ရှုပ်နေတာ၊ ရှင်းရှင်းပြောရရင် သူများချစ်သူ ကြားမှာ ကြားဝင်ဖျက်ဆီးတာ လုယူတာတွေ မေမေခွင့်မပြုနိုင်ဘူး.."

"မေမေ့.."

ဒေါ်ထားထားမြတ်ခြေလှမ်းတုံ့သွားသည်။ ဆောင်းမျက်နှာ ရှေ့ကနေ ကာဆီးထားပြီး လက်ကိုဆွဲကိုင်လိုက်ရင်း.. ၊


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်မပြောချင်တော့လို့ မပြောဖြစ်ခဲ့တဲ့အကြောင်းတွေ မေမေ့ကို အခုပြောပြချင်တယ်.."

ဒေါ်ထားထားမြတ်က သူ့မျက်နှာကိုကြည့်နေရင်း စိတ်ဝင်စားသွားသည့် ပျော့ပြောင်းခြင်းတွေဖြစ်လာလျက် သက်ပြင်းချလိုက်သည်။ ပြီးမှ-

"မင်းပြောမယ့်အကြောင်းက မေမေ့ဆုံးဖြတ်ချက်ကို ပြန်ပြင်နိုင်လောက်တဲ့ အကြောင်းအချက် ရှိနေလို့လား.."

"သူများရဲ့ချစ်ခြင်းကို ကြားဝင်တယ်ဆိုတာ ချစ်နေကြတဲ့သူတွေကြားကို ဆိုလိုတာပါ..သူငယ်ချင်းရဲ့ချစ်သူကို လုယူရာမြောက်သွားရင်လည်း သူငယ်ချင်းက သူ့ကောင်မလေးကိုချစ်နေမှပါ၊ မိုးဆက်က သူ့ကိုမချစ်ပါဘူး.."

"ဘာ.."

ပြောလာတာလည်း ဒီစကားပဲမို့ ဒေါ်ထားထားမြတ်က သူကိုင်ထားသည့်လက်ကို ခါချပစ်၏။ ဆောင်းမျက်နှာကလည်း မရမကပြန်ဆွဲကိုင်ပြီး အနားထပ်တိုးကာ.. ၊

"မေမေရယ်..ကျွန်တော်က.."

"မိုးဆက်လေးရင်ထဲကို မင်းကဘာဖြစ်လို့ အပိုင်ပြောနေတာလဲ..သားပြောလာမှာ ဒီစကားတွေမဟုတ်တဲ့တစ်ခုခုလို့ မေမေထင်ခဲ့တာ.."

"မဟုတ်ပါဘူး..ကျွန်တော့်စကားကို ဆုံးအောင်နားထောင်ပါဦး၊ မိုးဆက်နဲ့ကျွန်တော်.."

သူ့စကားရပ်တန့်သွားပြန်သည်။ ဒေါ်မေလင်းလည်း အနားရောက်လာ၏။ သုံးယောက်သားတြိဂံပုံ ရင်ဆိုင်ရပ်မိကြလျှင်.. ၊

"ကျွန်တော် မမနဲ့ရုံးတက်လက်မှတ်ထိုးဖို့ ထွက်သွားတဲ့မနက်က မေမေနဲ့ဖုန်းပြောပြီးတာနဲ့ သူ့ဖုန်းဝင်လာတယ်.."

လူကြီးနှစ်ယောက် စိတ်ဝင်တစားနားစွင့်နေခဲ့ကြ၏။ ထိုအချိန်လေးမှာပဲ ညည့်ခန်းအကွယ်တစ်နေရာကို ရောက်နေခဲ့သည့် ချူ့ရင်ခုန်သံတွေက တိတ် ဆိတ်စွာ ကြမ်းတမ်းလာခဲ့၏။ နံရံမှာ ကျောပြင်လေးကပ်ထားရင်း နောက်ထပ် ထွက်လာမည့် စကားသံတွေကို နားစိုက်ထောင်နေမိသည်။

"သူ့ကိုဒေါသထွက်နေတော့ သုံးခါမြောက်ကျမှ ကျွန်တော်နားထောင်လိုက်တယ်.."

ဒေါ်ထားထားမြတ်လက်ကို လွှတ်လိုက်ပြီး သူ့မျက်နှာသူပွတ်သပ်နေ


www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ပြီးတော့ ဆံပင်တွေဖွရင်း တစ်ဖက်လှည့်သွားသည်။ အတော်ကြီးပြော ရခက်သည့် စကားကို ပြောဖို့အားယူနေရသလိုရှိကာ.. ၊

"သူပြောတာ.."

ဒီဘက်လှည့်မလာဘဲ တုံ့ဆိုင်းဆိုင်းဆက်ပြောနေရင်း.. ၊

"မမကို သူဖမ်းထားတယ်တဲ့.."

ဘုရားရေ.. ၊

☪



www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄၈)

ဖုန်းသံကြောင့် စိတ်ကအကြီးအကျယ် အနှောက်အယှက်ဖြစ်လာရ ကာ ဒေါသကပိုသည်ထက် ပိုလာ၏။ ပွတ်ကာသီကာကပ်ရှောင် ကျန်ရစ်ခဲ့သော ကားများဆီမှာ ဟွန်းသံ အော်ဟစ်ကြိမ်းမောင်းသံတွေကလည်း ကား ထဲထိ စိမ့်ဝင်ရိုက်ခတ်နေရာ.. ၊

"တောက်.."

ဖုန်းကို ကောက်ယူလိုက်ကာ.. ၊

"ပြော..ဘာတွေပြောဖို့ရှိနေလို့လဲ၊ ဒီတစ်ခါမရဘူး..ငါမင်းထက်သာ သွားပြီဆိုတာ သိရတာနဲ့ တိုင်နဲ့ခေါင်းနဲ့ပြေးဆောင့်ချင်စိတ်တွေ ဖြစ်လာမှာ ဆိုတော့ ငါ့ကိုအကန်တွေပြောပြီး ဒုက္ခပေးဖို့မစဉ်းစားဘဲ တိုင်လုံးကြီးကြီးခိုင် ခိုင်ခံ့ခံ့ရှိမယ့် နေရာရှာထားလိုက်..တစ်ချက်တည်းအသက်ထွက်သွားရင် ခံရ သက်သာတာပေါ့.."

စိတ်တိုတိုပြောလိုက်မိကာ ဖုန်းကိုပြန်ပစ်ချဖို့ ခွာလိုက်လျှင်.. ၊

"ဖုန်းမချနဲ့နော်..ဒီတစ်ခါတော့ ဖုန်းနာပါတ်မကြည့်မိဘဲ မှန်သွားပုံရ တယ်၊ ငါကတော့ ဖုန်းနံပါတ်ပြောင်းလိုက်မှ ကိုင်ဖော်ရတယ်လို့ တွေးနေ တာ."

ဟင်.. ၊

မိုးဆက်ပြောမှ နံပါတ်ကိုပြန်ကြည့်လိုက်မိသည်။

ဒါ..မမရဲ့ဖုန်း.. ၊

"ဟေး.."

"တီ.."

ရုတ်တရက်မျက်လုံးရှေ့မှာ ကားတစ်စီးခေါင်းတိုးဝင်လာ၏။ ထိတ် ခနဲဖြစ်သွားကာ ကမန်းကတန်းစတီယာရင် ဆွဲပစ်လိုက်တော့ လွတ်ရုံလေး ကပ် ချော်သွား၏ ။

"မင်းပြောချင်တာတွေ ဒေါသတွေမျိုသိပ်ပြီး အခုကားကိုအရှိန်လျှော့ လိုက်ဦးကာလာ..ပြီးမှပြန်ခေါ်မယ်၊ မင်းဒီတိုင်းပြန်ခေါ်လည်း ငါကိုင်မှာ မဟုတ်ဘူး.."


www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင်.."

ခွေးကောင် မိုးဆက်.. ၊

ဒေါသထွက်ပြီး ဖုန်းကိုမှန်ချ၍ လွှင့်ပစ်လိုက်ချင်စိတ်တွေပါ ဖြစ်သွားခဲ့၏။ သို့သော် သူမတတ်နိုင်။ ကားကိုလမ်းဘေးမှာ ချရပ်လိုက်ရသည်။ စိတ်လှုပ်ရှားပြီး ကားမောင်းတိုင်းတစ်ခုမဟုတ် တစ်ခုမဟုတ်ဖြစ်တတ်သည့် အကျင့်ကို မိုးဆက်ပဲမမေ့မလျော့ သတိပေးနေကျ.. ၊

အလကား စေတနာမရှိဘဲ အပိုတွေ.. ၊

တွေးမိရင်း နှုတ်ခမ်းရောနှာခေါင်းတွေပါ တွန့်မဲ့သွားခဲ့၏။ မိန်းမတွေကဲ့ရယ်ရှုံ့ရှာဖွယ်ဖြစ်အောင် ညစ်ညစ်ပတ်ပတ်ကြံစည်ခဲ့တဲ့သူ။ တစ်ဘဝလုံး အမည်းစက်အစွန်းအထင်းနဲ့ သူ့အောက်မှာပဲ ရှိနေဖို့အတွက်နဲ့ သူငယ်ချင်းချင်း နောက်ကျောက ဓားနဲ့ထိုးခဲ့သူ.. ၊

ဒါနဲ့များတောင် တွဲခဲ့ကြတဲ့ တောက်လျှောက်မှာ ကိုယ့်ဘက်ကအမြဲ တမ်းရပ်တည်သလိုလို ကိုယ့်အပေါ်မှာ ရဲဘော်ရဲဘက်စိတ်နဲ့ ပေါင်းနေသလို လို.. ၊

"မိုးဆက်..မမရဲ့ဖုန်း မင်းဆီဘာလို့ရောက်နေတာလဲ.."

ဖုန်းကိုင်လိုက်မှန်းသိတာနှင့် ချက်ချင်းမေးလိုက်မိသည်။ မိုးဆက်ရယ်သံသဲ့သဲ့နှင့်.. ၊

"ခဏငှားကိုင်တယ်လို့ ထင်စရာရှိလို့လား.."

"ဟော့ကောင် မြန်မြန်ပြော.."

"သိချင်ရင် မင်းငါ့ဆီလာမှရမယ်.."

"မသိရလည်း နေပေ့စေမိုးဆက်..ဆောင်းမျက်နှာဆိုတဲ့ငါက ခြေရာပြန်လှည့်ကြည့်တာ ဝါသနာမပါဘူး.."

"လှည့်မကြည့်ချင်ရင် လမ်းနောက်ပြန်လျှောက်လိုက်ကွာ..မင်းအ ကိုမင်းခြေရာတွေ ရောက်လာလိမ့်မယ်၊ ဘဝက ငါတို့ခြေထောက်တွေကို နှစ် ချောင်းခွဲပေးထားတာ တိုးဖို့ဆုတ်ဖို့ပါ..ခြေစုံပစ်ပြီး တစ်ဇွေနှစ်ဇွေခုန်သွား နေကြတာမှ မဟုတ်တာ.."

"စကားတတ်တိုင်း လျှောက်ပြောမနေနဲ့..ငါအခု မမနဲ့လက်ထပ် သွားနေတာ.."

"ဘယ်ကိုလဲ.."

"ဟော့ကောင်.."


www.burmeseclassic.com

www.burmeseclassic.com



"မင်းသွားတာ လမ်းကြောင်းမှားနေမှာစိုးလို့.."

သူ့အသံတိတ်သွားတော့ မိုးဆက်ရယ်သံခပ်သဲ့သဲ့ထွက်လာ၏။

"ရုံးတက်လက်မှတ်ထိုးမှာပေမယ့် ရုံးမှာမမ မရှိရင် ဘယ်သူနဲ့ထိုးမှာလဲ.."

"မိုးဆက်လေ..မင်း.."

သူ့ဒေါသက စကားပြောရခက်လောက်အောင် ပြင်းထန်ဆိုးရွားလာခဲ့လျက်.. ၊

"မင်း မမကိုဘာလုပ်လိုက်သလဲ.."

"ခေါ်ထားရုံပါပဲ..ငါလက်ဖျားနဲ့မထိရသေးဘူး၊ အဲ မင်းမယုံရင်တော့.."

"တောက်..ငါလာပြီ.."

"ဟား ဟား ဟား .."

သူ့ရယ်သံတွေ အဆုံးသတ်သွားသလား မသွားဘူးလားမသိ။ ကောင်း မျက်နှာနားထဲမှာ ရယ်သံတွေက ပျောက်ကွယ်မသွားခဲ့ဘဲ မိုးဆက်ရဲ့ အိမ်ရှေ့ ရောက်သွားတာ ကားနဲ့မဟုတ်ဘဲ ရယ်သံတွေနဲ့ရောပါသွားတဲ့အတိုင်း.. ၊

ခြံတံခါးသည် ကားနှစ်စီးတစ်ခါတည်းယှဉ်ပြီးဝင်သာလောက်တဲ့အထိ အသားကုန်ဖွင့်နေခဲ့လျက် ပေါ်တီကိုအောက်ရောက်တော့လည်း တံခါးနှစ်ထပ်စလုံး အသင့်ဖွင့်ထားလျက်သား.. ၊

"မိုးဆက်လေ..ဟေ့ ဘယ်မှာလဲ.."

မိုးဆက်ရဲ့အခန်းကို သူတန်းဝင်သွားခဲ့သည်။ တံခါးကစေ့ထားပေမယ့် အထဲမှာလူမရှိ။ ဦးထက်ကောင်းက ညမှညတာလာအိပ်တဲ့အခါ ရှိသည်။ နေ့ရောညပါမလာဘဲလည်း နေတတ်၏။

တစ်ဖက်မှာဟိုတယ်လ်လုပ်ငန်းလည်း ရှယ်ယာရှိနေတာမို့ ဦးထက်ကောင်းရဲ့အာရုံစိုက်မှုအားလုံးက နိုင်ငံခြားခရီးသွားလာခြင်းနဲ့ စီးပွားရေးလုပ်ငန်းတွေမှာပဲ ရှိနေတတ်၏။ ထို့ကြောင့် သူရှာနေတာ မိုးဆက်နဲ့မမကိုသာ.. ၊

ဒီကောင် မမကိုတမင်ဒုက္ခပေးတာ။ မမကို လက်ထပ်ဖို့ကြိုးစားခဲ့တာသူပဲ။ ရှင်းစရာရှိရင် ကိုယ်နဲ့သာရှင်းဖို့ရှိသည်။ မိန်းမသားတစ်ယောက်ကို ဘာလို့အသုံးချတာလဲ.. ၊



www.burmeseclassic.com

www.burmeseclassic.com


သိုးယောင်ဆောင်သော ဝံပုလွေတစ်ကောင်ကြောင့် သိုးအုပ်ကြီး ကြေပျက်စီးခဲ့ရသည်။ သူမှာတော့ အနာဂတ်မဲ့မိတ်ဆွေလို့ထင်ရသည့် ကြောင့်ရမည့် အနာဂတ်မဲ့ရမည့် အခြေအနေထိဖြစ်လာခဲ့၏။ ခုထ မိန်း မသားတစ်ယောက်ကို မစာမနာအသုံးချဖို့ ကြံပြန်ပြီ.. ၊

"မိုးဆက်..မင်းဘယ်မှာလဲ၊ ငါမင်းနဲ့တွေ့ချင်လွန်းလို့ လာတာ ဘူး..မမဘယ်မှာလဲ မမကိုဘာလုပ်ထားသလဲ.."

အပေါ်ထပ်ကနေ နောက်ထပ်ပြန်ဆင်းလာတဲ့အထိ မတွေ့ရ သဖြင့် အော်ဟစ်သောင်းကျန်းနေမိကာ.. ၊

"တောက်..ဟော့ကောင် မိုးဆက်လေ.."

"ငါဒီမှာ.."

လေသံက အေးဆေး.. ၊

လှည့်ကြည့်လိုက်တော့ မိုးဆက်သည်အိမ်ကြီးရဲ့ ဘေးတံခါး တက်လာတာဖြစ်ကာ လူပုံကိုမြင်လိုက်ရသည့်ခဏမှာ ဆောင်းမျက်နှာ တရုတ် ဆွံ့အသွားခဲ့၏။

သူလုံးဝ မတွေ့မမြင်အောင် နေခဲ့သည့်တစ်ပတ်အတွင်းမှာ မိုး ၏ရုပ်သွင်က မယုံနိုင်အောင် ညှိုးခြောက်ကျုံရှိသွားခဲ့လျက် မျက်ကွင်း မည်းနေပုံက မညာတမ်းပြောရပါလျှင် ဆေးသမားပုံစံပေါက်နေခဲ့၏။

သို့မဟုတ် တစ်ယောက်တည်းတိုက်ပိတ်ခံထားရသဖြင့် တောင်တောင် စိတ္တဇဆန်သော မျက်ဝန်းတို့နှင့်.. ၊

"မင်း ဘာဖြစ်နေတာလဲ.."

မိုးဆက် သူ့အပေါ်မှာ ဘယ်လောက်ထိသံယောဇဉ်ကြီးသည် လက်တွေ့ခံစားမိလိုက်သည့် ခဏအတွင်းရင်ထဲမှာ အုံဖွဲ့နေခဲ့သည့် စိတ် ခြင်းတွေ တဖြုတ်ဖြုတ်ကြွေကျကုန်ကြ၏။

ဒါမဟုတ်ဘူး...ငါနဲ့မသက်ဆိုင်ပါဘူး..ဥပေက္ခာထားလိုက်

ရပ်ငေးနေမိရင်း ကိုယ့်စိတ်ကိုမရမက သံပတ်တင်းနေပေမယ့် ရှေ့ကိုတစ်လှမ်းချင်းတိုးလာသည့် မိုးဆက်ဆီသို့ ခြေလှမ်းတွေ တိုးသွား နေခဲ့သည်။ မနက်ခင်းပေမယ့် အုံ့ပျက်ပျက်မိုးရိပ်တွေ တိုက်ကြီးထဲက တချို့နေရာတွေမှာ မှောင်ရိပ်ဖြစ်နေသည်။

မိုးဆက်သည် မီးခိုးရောင်ရှပ်အင်္ကျီလက်တိုကို ဝတ်ထား ဘက်အောက်ထိ ကြယ်သီးတွေဖြုတ်ထား၏။ အတွင်းခံအင်္ကျီမပါ


www.burmeseclassic.com

www.burmeseclassic.com

ကိုယ် ဗလာမှာ ခါးပတ်ချိတ်ထားပေမယ့် လျှော့ရိလျော့ရဲဖြစ်နေသောကြောင့် ဆောင်း ဘီရှည်အနက်နှင့် တစ်ကိုယ်လုံးကဗရိုဖရဲ.. ၊

မှောင်ရိပ်ကျနေသည့် လှေကားကြီးအောက်ကနေ လျှောက်ထွက်လာ ကြ လူနဲ့မတူဘဲ ဝိညာဉ်တစ်စလွင့်မျောလာတာနှင့်သာ တူလေသည်။

"မိုးဆက်.."

တစ်ယောက်နဲ့တစ်ယောက် နီးကပ်လာလေ သူ့ရင်ထဲမှာအုံ့ဩခြင်း င့်အတူ နင့်သီးခြင်းက ပိုပိုလာလေ။ ပြီးတော့ လက်တစ်ကမ်းအကွာမှာ ချက် နှာချင်းဆိုင် ရပ်လိုက်ကြရင်း.. ၊

"မင်းဘယ်လိုဖြစ်တာလဲလို့ ငါမေးနေတယ်.."

"မင်းငါ့ကို ထားခဲ့တော့မယ်လို့ တကယ်ဆုံးဖြတ်လိုက်ပြီပေါ့.."

"ဟာ.."

အလုပ်မဟုတ်တာတွေ လာမေးနေသဖြင့် စိတ်တိုသွားတာ ကရုဏာ ဒေါသတွေဖြစ်သည်။

"ဘာလာဖြစ်နေတာလဲ..ဒေါသထွက်တယ် ရန်ဖြစ်ပါတယ်ဆိုမှ ငါ မင်းကို ပွေ့ဖက်နမ်းရှုံ့နေရဦးမှာလား..ဘာလဲ၊ ဒီရုပ်က ငါနဲ့စကားများရန် ဖြစ်လိုက်ရလို့ ဖြစ်သွားတဲ့ရုပ်လား.."

"ငါမေးတာပဲဖြေစမ်းပါ..မင်းငါ့ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားတာ ား၊ ဒေါက်တာမမကို လက်ထပ်ပြီး ငါ့ဆီကထာဝရ ထွက်သွားမှာလား.."

"ကျွတ်..ရှုပ်နေတာပဲ၊ ဘယ်မှာလဲပြော..မမကို မင်းဘာလုပ်ထားလဲ.."

"ငါမေးတာပဲဖြေပါ..ဘာလို့မေးတာကိုမဖြေဘဲ ပြန်မေးနေတာလဲ.."

မိုးဆက်ထအော်လိုက်တာ သွေးရှူးသွေးတန်းနိုင်လျက် ချက်ချင်းမ ပြုလျှင် တစ်ခုခုထလုပ်တော့မှာမျိုး.. ၊

"ငါဘာလုပ်မိသလဲ..မင်းရည်းစားထားတာတွေ ငါဖျက်ခဲ့တယ်၊ စေ့ ်လက်ထပ်ဖို့တွေ စီစဉ်တိုင်းငါပဲဖျက်ခဲ့တယ်..မင်းဘာမှမဖြစ်ခဲ့ပါဘူး၊ မင်း ယ်သူ့ကိုမှလည်း မချစ်ခဲ့သေးပါဘူး.."

"အဲ့ဒီတော့.."

"ခုကျမှ ငါ့ရဲ့အမှတ်တမဲ့အငိုက်မှာ ငါလုံးဝသတိမထားမိခဲ့တဲ့ မိန်း ကို ဆွဲထုတ်လာပြီး ကောက်ကပ်လက်ထပ်တယ်.."

"ကောက်ကပ်လက်ထပ်မှာ မဟုတ်ဘူးမိုးဆက်..ငါနဲ့ပတ်သက်ခဲ့ဖူး မိန်းမတွေထဲမှာ မမလောက် ပါဖက်ဖြစ်နေတဲ့မိန်းမမျိုး မရှိဘူး၊ မင်းထင်


www.burmeseclassic.com

www.burmeseclassic.com


ထားတဲ့ အဆင့်အတန်းမျိုးထက် သာတယ်..မင်းဘယ်လိုအမြန်နှုန်းနဲ့မှ လိုက်မမှီနိုင်တဲ့ ကြင်သူသက်ထားဇနီးမယားမျိုး.."

"မင်း.."

"နောက်ထပ်ပြည့်စုံအောင် ပြောရရင်..ငါ့သူ့ကိုချစ်နိုင်အောင် ကြိုးစားမှာ၊ မြတ်မြတ်နိုးနိုးကြင်ကြင်နာနာနဲ့ ဦးဆွေးဆံမြည့်တဲ့အထိ ပေါင်းမှာ.."

"မင်း..တော်တော့.."

"ခွပ်.."

အော်ဟစ်တားဆီးသံနှင့်အတူ လက်သီးချက်ပါလာမည်မထင်။ ဆောင်းမျက်နှာ မျက်လုံးထဲမှာ မီးပွားတွေစင်ထွက်သွားသလိုပင်။ သူ့ကိုထိုးချလိုက်သည့်လက်သီးနဲ့အတူ မိုးဆက်လည်း သူ့ခြေရင်းမှာခွေခနဲလဲ၏။

"မင်းမယူရဘူး..ဘယ်မိန်းမနဲ့မှ လက်မထပ်ရဘူး.."

"ဟား ဟား ဟား.."

ခေါင်းတွေမူးသွားအောင် ပါးတစ်ခြမ်းလုံးနာကျင်သွားပေမယ့် 'ငါ နိုင်ပြီ'ဆိုသည့်အတွေးနှင့် ဆောင်းမျက်နှာရယ်ပစ်လိုက်သည်။

"မင်းကိုငါပြောသားပဲမိုးဆက်..စောတည်းက ခိုင်ခဲ့တဲ့တိုင်လုံးကြီးတစ်လုံးလောက် ကြိုရှာထားလိုက်ရင် ခုဆိုတိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်သိုးနေပြီ.."

"ကာလာ.."

သူ့လက်ကို ဖမ်းဆုပ်ဆွဲကာ မိုးဆက်ကအားယူထလိုက်သည်။ အစလက်ခတ် လဲကျသွားတာမို့ ထရပ်လိုက်တော့ လူကသာခွေယိုင်၊ ဆောင်းမျက်နှာကိုယ့်နှုတ်ခမ်းထောင့်က သွေးကိုမသုတ်နိုင်ဘဲ ပြုံးလဲမလိုဖြစ်သွားသည့် မိုးဆက်ရဲ့လက်ကို ပြန်ဆွဲထားလိုက်ရကာ.. ၊

"ခွေးကောင်..ငါကအထိုးခံပြီး ပြန်တွဲနေရတယ်ဟုတ်လား.."

"ကာလာ..မင်းငါ့ကိုချစ်တယ်မို့လား၊ ငါ့ကိုမထားခဲ့ဘူးမို့လား..ခံစမ်းပါ၊ ငါမင်းကို ဘယ်သူနဲ့ပါသွားတာမှ လက်မခံနိုင်ဘူး.."

လက်ကိုလွှတ်ပေးလိုက်ပေမယ့် မိုးဆက်ကသူ့လက်ကို ပြန်ဆွဲ၏။ ပြီးတော့ တတွတ်တွတ်မေးသည်။ မေးနေရင်း ဆောင်းမျက်နှာအင်္ကျီဘက်စတွေကို ဆုပ်ဆွဲပစ်လိုက်ပြီး.. ၊

"မင်းငါ့ကို တကယ်ထားခဲ့မှာလား..အဲ့ဒီမိန်းမနဲ့ တကယ်ခင်မလို့လား၊ မင်းမလုပ်ပါဘူး..မင်းငါ့ကိုအဲ့လို မရက်စက်ဘူးဆိုတာ သိ


www.burmeseclassic.com

www.burmeseclassic.com


တယ်."

"ရုပ်ကြမ်းကြီးနဲ့နွဲ့နေပြန်ပြီကွာ..ဘာတွေဖြစ်သွားတာလဲ၊ အခန်းအောင်းစိတ်ကောက်ပြီး ဖောက်ပြန်သွားတာလား..မသိရင် မင်းကိုခြောက်သွားပြီ ပြောကြလိမ့်မယ်.."

"ကာလာ.."

အားမလို အားမရ သူ့အင်္ကျီရင်ဘက်စကို လက်နှစ်ဖက်နဲ့ဆောင့်ဆွဲပစ်လိုက်ပြီး.. ၊

"ငါ မင်းကိုချစ်ကယ်..မင်းကိုဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူး.."

"မိုးဆက်.."

ဆောင်းမျက်နှာ၏ အံ့ဩခြင်းစတင်လာခဲ့၏။ မိုးဆက်ဘယ်လိုပုံစံပြောင်းသွားတာလဲ..ဘယ်တုန်းကမှ အောက်ကျမခံခဲ့သလို ဘယ်တော့မဆို အနိုင်မခံ အရှုံးမပေးငြင်းခုံ ရန်ဖြစ်နေခဲ့ကြတာ.. ၊

"ငါ..ငါနောက်ထပ် မျိုသိပ်နေဖို့ အချိန်မရှိတော့ဘူးကာလာ၊ ငါမပြောနိုင်ဘဲ ကျန်ခဲ့ရရင် ဒီတစ်ခါ ငါမင်းကိုဆုံးရှုံးရတော့မှာ..မင်းကိုငါအရမ်းချစ်တယ်.."

"နေဦး..မင်းစကားတွေမပြတ်သေးဘူး၊ အဲ့ဒါ မင်း.."

မိုးဆက်ရဲ့လက်တွေကို ရင်ဘက်ကနေဖြည်ချလိုက်ပြီး နောက်ဆုပ်ရပ်လိုက်သည်။ ပြီးတော့ မယုံနိုင်ခြင်းဖြင့် လှုပ်ရှားနေသည့်စိတ်ကို ထိန်းချုပ်ရင်း.. ၊

"ပြန်ပြော..မင်းဘာအကြောင်းပြောနေတာလဲ၊ ဘယ်သူနဲ့ဘယ်သူ့အကြောင်းလဲ.."

"မင်းကိုငါဘယ်လောက်ချစ်ခဲ့တဲ့အကြောင်းတွေပဲ ပြောနေတာ.."

"နိုး..နိုး.."

ဆောင်းမျက်နှာ မျက်လုံးတွေမှိတ်၍ ခေါင်းခါပစ်သည်။ ပြီးတော့ နောက်ထပ်ဆုပ်လိုက်ရင်း.. ၊

"မင်းစကားတွေ ဘယ်လိုအဓိပ္ပာယ်တွေ ဖြစ်ကုန်လဲ..မင်းသိရဲ့လား.."

"သိတယ်..ငါက မင်းကိုချစ်တဲ့စိတ်နဲ့ တစ်ချိန်လုံးသဝန်တိုနေခဲ့တာ၊ မင်းနဲ့ချစ်လာမယ့် မိန်းကလေးတွေကို ငါ့ဘက်ယိုင်လာအောင် ဖြားယောင်းခဲ့တာ..အဲ့ဒါ ဘယ်မိန်းမကိုမှ ချစ်လို့မဟုတ်ဘူး.."

ကြည့်စမ်း.. ၊


www.burmeseclassic.com

www.burmeseclassic.com


"မင်းကို ဘယ်သူနဲ့မှ လက်ထပ်လို့မရအောင် ငါပဲဖျက်ဆီးနေတာ– ငါ့ကိုငါ ရည်းစားများတဲ့ကောင် သူငယ်ချင်းချင်း သစ္စာမထားတဲ့ကောင်ဖြစ်ခဲ့ ပြီး မင်းအားကနေ ငါသူတို့ကို တိုက်ထုတ်နေခဲ့တာ..တကယ်တော့ ငါမင်း ကို ချစ်နေခဲ့တာ ကာလာ၊ မိန်းကလေးတွေ ထည်လဲတွဲနေတာလည်း မင်းကို ချစ်လို့ပဲ.."

"မိုးဆက်..မင်း.."

လက်ညိုးထိုးရေရွတ်ရင်း ဆောင်းမျက်နှာနောက်ကို တစ်လှမ်းချင်း ဆုတ်သွားခဲ့၏။ ဘယ်လိုမှ မယုံနိုင်သောမျက်ဝန်းတို့က သရဲတစ္ဆေကို မြင် လိုက်ရပြီး ကြောက်လန့်အသံဝင်သွားသလို စူးရဲပြူးပြဲနေလျက် အသံမ ထွက်..

"ကာလာ.."

"ဟောကောင်..ရှေ့တိုးမလာနဲ့.."

"ဘာဖြစ်လို့လဲ..ငါအများကြီးမမျှော်လင့်ပါဘူး၊ မင်းနဲ့နှစ်ယောက် တည်း မခွဲမခွာနေချင်ရုံပါ..မင်းငါ့ကိုချစ်သလို ကြင်နာဖို့လည်း မဟုတ်ဘူး ဒါပေမယ့် ငါ့ကိုချစ်နေပေးပါ.."

"တောက်.."

"ဒုန်း..ဝုန်း.."

ဒေါသတို့သည့် တာတမံကျိုးသကဲ့သို့ရှိကာ လေ့ခါးရင်းမှာ ကြီးစား ခန့်ညားစွာရှိနေသည့် အလှပန်းပင်ကြီးကို အမြစ်အိုးပါသွားအောင်တအား လွှဲ ကန်ပစ်လိုက်၏။

"မင်း..မင်းက အဲ့လိုကောင်လား.."

"ကာလာ.."

"တောက်..ရွံဖို့ကောင်းလိုက်တာ..မင်း.."

"ဘာကိုရွံတာလဲ..ချစ်တဲ့စိတ်က ရင်ဘက်တိုင်းနဲ့ ထိုက်တန်တယ် ကွ.."

"တော်တော့..ဟောကောင်.."

"ကာလာ..နေဦး.."

"မင်းငါ့ကို မထိနဲ့မိုးဆက်လေ..အရှုး၊ မင်းရူးတိုင်းငါက လိုက်ရူး မဟုတ်ဘူး..အခု မမဘယ်မှာလဲ.."

"မရှိဘူး.."


www.burmeseclassic.com

www.burmeseclassic.com


"ဘာ.."

စိတ္တဇဆေနိသည့် မျက်ဝန်းတွေကိုကြည့်၍ ဆောင်းမျက်နှာမမအတွက် စိုးရိမ်သွားမိ၏။

"မိုးဆက်လေ.."

စိတ်လိုက်မာန်ပါရှေ့တိုး၍ မိုးဆက်ကိုရင်ဘက်ဆောင့်ဆွဲလိုက်လျှင်..၊

"ဒေါသတွေထွက်မနေနဲ့ကာလာ..မင်းဒီရောက်လာအောင်ခေါ်ဖို့ ငါညာ လိုက်တာ၊ သူဒီမှာမရှိဘူး.."

"ဒါဆို..ခုနဖုန်းက.."

ဖြူခြောက်ခြောက်မျက်ကွင်းညိုနေသည့် မိုးဆက်ရဲ့မထိတထိအပြုံးတွေကလည်း ဟိုအရင်ကလောက်မလှပတော့ဘဲ.. ၊

"သူ့ဆီကဖုန်း ငါ့လက်ထဲရောက်အောင်လုပ်ဖို့ ဘာခက်လို့လဲ.."

"တတ်လည်းတတ်နိုင်တဲ့ကောင်..တောက်.."

"ကာလာ..နေဦး.."

လှမ်းခေါ်ရင်း နောက်ကနေကပ်ပါလာကာ ဆောင်းမျက်နှာကတစ်ချက်မှ မရပ်တန့်ဘဲ ဆက်ထွက်သွားနေသဖြင့်.. ၊

"ငါလောဘမကြီးပါဘူး..မင်းပျော်သလိုနေပါ၊ ထင်ရာလုပ်ပါ..ဒီနေ့ကစပြီး မင်းရဲ့စိတ်နဲ့ငါ့ကိုယ်လို နေပါ့မယ်၊ တစ်ခုပဲငါ့ကိုပြန်ပေး..မင်းမိန်းမ မယူရဘူး.."

ကျောခိုင်းလျက် ခြေစုံရပ်နေသည့် ဆောင်းမျက်နှာကကျိုခနဲ အံကြိတ်သည်။ ပြီးတော့ ဘောင်းဘီအိတ်တွေထဲ ထည့်ထားသည့်လက်တို့ကိုဖိဆုပ်လိုက်မိရင်း မျက်နှာချင်းဆိုင်ပြန်လှည့်၍.. ၊

"ဘာတွေတောင်းဆိုနေတာလဲ..ဘယ်သူကမင်းနဲ့အပေးအယူ လုပ်မှာမို့လဲ၊ ငါ့မှာမိုးဆက်လေအတွက် သံယောဇဉ်လက်ကျန်ရှိခဲ့ရင်တောင် အခုငါ့ရှေ့မှာ ရပ်နေတဲ့ဟိုမရောက် ဒီမရောက်ကောင်အတွက် မရှိဘူး.."

"မင်း..မင်းငါ့ကို အဲ့လိုမပြောနဲ့.."

မိုးဆက်က သူ့ရှေ့ရောက်လာကာ မျက်နှာကိုစေ့စေ့ကြည့်ပြီး အကျီရင်ဘက်ကို ခပ်ရှရှဆွဲဆုပ်လိုက်ရင်း.. ၊

"ငါကမိုးဆက်လေပဲ..အရင်ကရော ခုရောမင်းရဲ့ မိုးဆက်လေပဲ ကာလာ၊ ငါက မပြောင်းလဲချင်ပေမယ့် မင်းကပြောင်းလဲတော့မှာမို့ပို့ မင်းသိအောင်ပြောလိုက်ရတာ.."



www.burmeseclassic.com

www.burmeseclassic.com


"ကျေးဇူးကြီးပါပေတယ်..မင်းမှမပြောရင် ငါကဘာယ်လိုမှရိပ်မိသိရှိဖွယ် မရှိတဲ့ငတုံးလေ၊ ပြောပြပေးတဲ့အတွက် ကျေးဇူးပဲ..ဒီမှာ မိုးဆက်လေငါမင်းကို သည်းခံခဲ့တာအလိုလိုက် အလျှော့ပေးခဲ့တာတွေက ငါ့ညီလေးလို့ပဲ.."

"ငါကလည်း မင်းကို.."

"တော်ပြီ..နှလုံးနာစရာတွေ ထပ်မပြောနဲ့၊ မြင့်မြတ်တဲ့ကိုယ့်ရဲ့ယောကျ်ားဘဝကို မင်းဘာသာကြိုက်သလို ခွဲခြမ်းစိပ်ဖြာတာ..အဲဒါမင်းအခွင့်အရေး၊ ဒါပေမယ့် လူတိုင်းကိုမင်းနဲ့စိတ်ချင်းထပ်တူကျဖို့ မကြိုးစားနဲ့.."

"လူတိုင်းကိုမဟုတ်ဘူး..ငါလိုချင်တာ မင်းတစ်ယောက်တည်းပဲ၊ ငါ့ကိုမင်း မမုန်းပါဘူး..မင်းဒေါသဘာယ်လောက်ထွက်နေနေ ငါ့ကိုဘာယ်တော့မှ.."

"ဟော့ကောင်..လွှတ်စမ်း.."

အကျီကနေ လက်မောင်းကိုဖက်လိုက်သဖြင့် နောက်ဆုပ်ပစ်ရင်း ဗုတ်ချလိုက်မိကာ.. ၊

"မင်းကိုခုန ငါပြောပြီးပြီ..ခုထပ်ပြောမယ်၊ မင်းက မိုးဆက်လေဟုတ်တော့သလို မိုးဆက်လေဖြစ်နေရင်လည်း ဘာမှမထူးဘူး..အခုဘာဝပြောင်းသွားတဲ့အတွက် ဖီလင်ကိုပြောရရင် ငါမင်းကိုရွံတယ်.."

"ဘာလို့လဲ..အချစ်ကိုလူတိုင်း ခံစားလို့ရတယ်၊ ယောကျ်ားကဖြစ်စေမိန်းမကဖြစ်စေ..ယောကျ်ားကယောကျ်ားတစ်ယောက်ကိုဖြစ်စေ မိန်းမသားချင်းဖြစ်စေ ဘာယ်ရင်ဘက်ထဲမှာရှိရှိ အချစ်ရဲ့ဂုဏ်သတ္တိက ပြောင်းလဲသွားပါဘူး.."

"ဟုတ်မှာပေါ့..မင်းပြောတာမှန်တယ်၊ ယောကျ်ားကယောကျ်ားတစ်ယောက်ကို ချစ်လို့ရတယ်..ဒါပေမယ့် အဲ့ဒီယောကျ်ားက အဲ့ဒီကောင်ကိုပြန်ချစ်ရမယ်လို့ ဘာယ်ဂုဏ်သတ္တိက ခိုင်းနိုင်သလဲ.."

မိုးဆက်မျက်ခုံးတွေ တွန့်ကော့သွားသည်။

"အချစ်ရဲ့ဂုဏ်သတ္တိကြီးမှာ 'အချစ်ရှိရာ အချစ်လာ'ဆိုတဲ့ မက်သဒ်ရှိနေရင် ငါ့မျက်စိရှေ့မှာတင် ဘဝပြောင်းသွားတဲ့ မင်းလိုကောင်ကို ငါ့ဘာယ်ဆောရီးပဲ.."

"ကာလာ.."

"မိုးဆက်လေ..ဒီတစ်ခါ မင်းငါ့ကိုဆွဲလားကိုင်လားနဲ့ ရှုစရာတွေ


www.burmeseclassic.com

www.burmeseclassic.com

ပြောရင် ငါ့လက်က မင်းဘဝပြောင်းနေပေမယ့် ညှာမှာမဟုတ်ဘူး..”
“လုပ်ပါ..မင်းထိုးစမ်းပါ၊ ငါကတော့မင်းကို..”
“ခွပ်..”
အတင်း လှမ်းဆွဲလိုက်တာနှင့် မိုးဆက်မျက်နှာတစ်ခုလုံး လည်ထွက်သွားသည်။ ထိုအချိန်တွင် ညော့ခန်းဘက်မှာပ်နေသည့် ဦးထက်ကောင်းပြေးထွက်လာတော့မလို ဖြစ်သွားခဲ့၏။ သို့သော်..၊
အဆိုးရွားဆုံးအခြေအနေဟာ အမြင့်ဆုံးရေဆူမှတ်နှင့် ပေါက်ကွဲနေခဲ့သောကြောင့်..၊
“ရတယ်ကာလာ..ထိုးစမ်းပါ၊ မင်း ငါ့ဆီကနေ ဒီတိုင်းထွက်သွားဖို့တော့ မစဉ်းစားနဲ့..”
“လာသေးတယ်..ဟော့ကောင် ဖယ်..”
“ခွပ်..”
အတင်းအကျပ် ဆွဲချုပ်ထားသလိုဖက်လာသဖြင့် ဆွဲလွှဲဖြုတ်ချရင်းနောက်တစ်ချက်ထိုးပစ်လိုက်သည်။ မိုးဆက်နံရံမှာ အင့်ခနဲပစ်ကျသွားမှ..
“မင်းဒီမှာတစ်ခါတည်း လဲသေသွားရင်တောင် ပြန်လှည့်ကြည့်မယ်ထင်နဲ့..”
တကယ်ပဲတစ်ချက်မှ သူပြန်မကြည့်ခဲ့ပေ။ ဒါပေမယ့် ကားနားရောက်တော့ တံခါးကိုကိုင်ရင်း အသက်ပြင်းပြင်းရှူနေရသည်။ မျက်လုံးထဲမှာတော့ တစ်ချက် ဖြူတစ်လှည့်နှင့် စက်ဝိုင်းတွေတစ်ရစ်ပြီးတစ်ရစ် ပေါ်လာနေ၏။
ကိုယ့်ကိုယ်ကိုဒေါသတွေလည်း ဖြစ်နေခဲ့လျက် ရှက်လည်းရှက်မိပါ၏။ ဒီလောက်လက်ပွန်းတတီးကြီး ရှိနေခဲ့တဲ့လူတစ်ယောက် ဘယ်လိုဘပြောင်းနေသလဲဆိုတာ သူနည်းနည်းလေးတောင်မရိပ်မိခဲ့..၊
“တောက်..”
ကားအမိုးကို ထုပစ်လိုက်ရင်း တက်ခေါက်မိပြန်သည်။ မိုးဆက်ဘာသို့ ဒီလိုဖြစ်သွားတာလဲ..ဒီလိုဖြစ်နေတယ်ဆိုရင် သူဘယ်လိုမှမရိပ်မိခဲ့တာကောင်အရမ်းဖုံးဖိကောင်းနေလို့လား..သူကတုံးမို့လို့လား..၊
“ငါမင်းကို အရမ်းချစ်တယ်..”တဲ့..၊
ရှက်ဖို့ကောင်းလိုက်တဲ့ စကားတွေ..၊
သူသိခဲ့တဲ့ မိုးဆက်လေဘယ်ရောက်သွားပြီလဲ..၊

www.burmeseclassic.com

www.burmeseclassic.com


"ဂျိမ်း.."

ကားထဲဝင်ပြီး တံခါးကိုအကြမ်းပရမ်း ဆွဲပိတ်ပစ်လိုက်သည်။ ပြီးတော့ ဝေါခနဲမောင်းထွက်ခဲ့၏။ သို့သော်.. ။

"ဟင်.."

ဘရိတ်..သွားပြီ.. ။

မသေးကွေးသောအရှိန်နှင့်ကားက ထွက်ကာစပေမယ့် ပြန်ထိန်း မရတော့ပေ.. ။

မိုးဆက်လေ.. ။

လုပ်ကြံခံလိုက်ရတာလားလို့ တွေးမိလိုက်သည်နှင့် မိုးဆက်ရဲ့မျက် ကိုမြင်မိ၏။ ထိုစဉ်မှာပဲ ခြံဝကိုပတ်ကွေ့လိုက်သည်နှင့် သူ့ကားရှေ့မှာ မိုး ဆက်က ဘွားခနဲပေါ်လာလျှင်.. ။

"ဟော့ကောင်..မိုးဆက်၊ ဖယ်စမ်း..ဖယ် သွား.."

သူအသံပြာအောင် အော်ပေမယ့် နီးနီးကပ်ကပ်ကြီးပေါ်လာသည် မိုးဆက်ကို ဘယ်လိုမှလွတ်အောင်မရှောင်လိုက်နိုင်ဘဲ.. ။

"အား..."

"ဒုန်း ဒုန်း ဒုန်း.."

"အား.."

ကားသည် လူတစ်ယောက်ကို ပစ်စလက်ခတ်တိုက်ပစ်ခဲ့ပြီး ခြံ နွယ်စင်တွေကြားထဲ ဝေါခနဲတိုးဝင်သွား၏။ ပြီးတော့ ခရေပင်ကြီးကို ဆောင့် ဦးတိုက်ပြီး.. ။

☪


www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၉)

"မိုးဆက်..မိုးဆက် ဖယ်ပေး..ဟော့ကောင်.."

"လူလေးရေ..သား.."

သူအတင်းအော်ပစ်လိုက်မှန်း နားထဲမှာပဲ့တင်ကျန်ရစ်သော ကိုယ့်အသံကို ပြန်ကြားလိုက်ရသဖြင့် သိလိုက်သည်။ ထို့ပြင် လည်ချောင်းထဲမှာ ခြကျင်ကျန်ရစ်ခဲ့ခြင်း... ၊

"သား...သားသတိရလာပြီ.."

"ကြီးကြီး.."

"ဟင်..သားလှဲနေဦးလေ၊ သားရဲ့ခြေထောက်တစ်ဖက် ညပ်ထားတယ်.. ချက်ချင်းမလှုပ်ရှားနဲ့ဦးလို့ သမားတော်ကြီးတွေ ပြောထားတယ်သား.."

သူလှည့်ပတ်မော့ကြည့်တော့ အထူးကုဆေးရုံကြီးထဲ ရောက်နေတာဖြစ်၏။ သူ့ဘေးမှာ ကုမ္ပဏီကမိတ်ဆွေတစ်ချို့နဲ့ မမကိုပါတွေ့လိုက်ရကာ၊ အထဲအတွင်းမှာပဲ ဆရာဝန်ကြီးနဲ့နာ့စ်လေးတွေ ရောက်လာကြ၏။

သူ့ကိုယ်ခန္ဓာမှာ ဘာဖြစ်သွားသည် ဘာတွေဖြစ်လာနိုင်သည်ကို စိတ်ဝင်စားနိုင်ဘဲ သူသိချင်နေတာ မိုးဆက်ဘာဖြစ်သွားလဲဆိုတာပဲ။ အေးဆေးငြိမ်းသပ်ခံမနေဘဲ ယောက်ယက်ခတ်လှုပ်ရှားနေသည့် ဆောင်းမျက်နှာရဲ့ချက်လုံးတွေကို ဒေါ်မေလင်းကသိသည်။

အနားမှာလက်ထပ်အံ့ဆဲဆဲ သတို့သမီးလောင်းကိုထားပြီး သွေးဖျတ်ရောက်ချားနေဆဲ သူ့ဘေးကိုအသာကပ်လာပြီး... ၊

"မိုးဆက်နဲ့သားကို.."

"မိုးဆက်ဘာဖြစ်သွားပြီလဲပဲ ပြောပါ..ကျွန်တော်သူ့ကိုတမင် တိုက်ပစ်လိုက်တာမဟုတ်ဘူး၊ ဒါပေမယ့် သူလွင့်ကျန်ခဲ့တယ်..သူ့အခြေအနေကို ကျွန်တော်သိပါရစေ.."

"အခြေအနေကတော့ ငါးဆယ်ငါးဆယ်ပဲထင်တယ်.."

"ဟင်.."

"ဒီမှာကွယ်..လူနာကိုအံ့ဒါတွေ.."



www.burmeseclassic.com

www.burmeseclassic.com


"ရတယ်..ရပါတယ်ပြောပါ၊ ငါ့ကိုဆက်ပြောစမ်းပါ.."

ဒေါ်မေလင်းကလည်း တားသည်။ ဆရာဝန်ကြီးကလည်း လူနာ စကားများများ မပြောစေချင်။ ဒါပေမယ့် ဆောင်းမျက်နှာက သူ့အတွင်းရေး မှူးရဲ့လက်ကို မလွှတ်တမ်းဆွဲကိုင်ထားကာ.. ၊

"ပြော..မိုးဆက်သေနိုင်သလား၊ သူဘာဖြစ်သွားနိုင်သလဲ.."

"အဲ့ဒီထိ တကယ်မသိပါဘူး..စီအီးအိုကို ဘယ်သူမှလည်း မမြင်လိုက် ရဘူး.."

"ဟုတ်တယ်သား..ဖုန်းရတာနဲ့ ဆေးရုံကိုကြီးကြီးတို့ တန်းလိုက်လာ ကြတာ၊ ထားတို့လည်း မနက်ဖြန်အစောဆုံး ဖလိုက်တ်နဲ့ ပါလာကြလိမ့် မယ်.."

ဘယ်သူ့အကြောင်းပြောပြော ဆောင်းမျက်နှာမေးနေတာ မိုးဆက် ပဲဖြစ်နေခဲ့လျှက်.. ၊

"ဒီဆေးရုံမှာ မိုးဆက်မရှိဘူးလား..အန်ကယ်လ်ခေါ်သွားတာလား.."

"ဟုတ်တယ်.."

ဒေါ်မေလင်းက မပြောပြလို့မရတော့မှန်း နားလည်နေကာ.. ၊

"အခြေအနေမကောင်းလို့ သူ့မိဘတွေဆီ အသက်မီအောင်ပြေးသ လို နိုင်ငံခြားမှာပဲ သွားကုတော့မလိုလို.."

"ဒီလောက်ဖြစ်ထားတာကို နိုင်ငံခြားကိုဘယ်လိုသယ်မှာလဲကြီးကြီး.."

"လူလေးစိတ်အေးအေးထားပြီး ကိုယ့်ကိုယ်ကို အရင်သက်သာအောင် နေပါ..ကိုယ်ခန္ဓာအောက်ပိုင်းကိုလည်း စစ်ဆေးမှုလုပ်ရဦးမှာ၊ မက်ဒီကယ် ချက်ခ်အပ်ထွက်လာမှ အခြေအနေအတိအကျကို သိရမှာဆိုတော့.."

"ကျေးဇူးပါဒေါက်တာ..ကျွန်တော်ဘာမှမဖြစ်ပါဘူး.."

သက်သာစေလို၍ နားချနှစ်သိမ့်သည့် သမားတော်ကြီးကိုလည်း မ ရှည်ခဲ့။ မျက်လုံးထဲမှာ ပက်ခနဲလွင့်ထွက်သွားသည့် မိုးဆက်ရဲ့အ စွဲနေသည်။ အော်သံကို နားထဲကမထွက်.. ၊

ပက်ပက်စက်စက် လွင့်ထွက်လွင့်စင်သွားတာ ဘယ်လိုမှ ရှင်နိုင် မမြင်ပေ။ ကိုယ့်စိတ်ကိုထိန်းနေရင်း လက်တွေတုန်လာသည်။ မိုး ရဲ့ပုံရိပ်ကို ဖျောက်လို့မရ.. ၊

မဟုတ်ဘူး..သူ့ကြောင့် မင်းအခက်အခဲတွေ အများကြီးကြုံခဲ့ရ တစ်လျှောက်လုံး မင်းကိုသူလိမ်ညာနေခဲ့တာ။ ဒီလိုသူငယ်ချင်းက မင်း


www.burmeseclassic.com

www.burmeseclassic.com



မြွေပွေးတစ်ကောင်ပဲ၊ နောက်ပြီး ကားဘရိတ်ရုတ်တရက်ကြီး ထဖောက်တာ ဘယ်လိုမှ သွေးရိုးသားရိုးမဖြစ်နိုင်.. ၊

"သား သက်သာရဲ့လားဟင်.."

နောက်နေ့တွေမှာ သူလုံးဝစကားမပြောဘဲနေတော့ ဒေါ်ထားထားမြတ် တို့ဇနီးမောင်နှံနဲ့ နေအရိပ်တို့ညီအစ်ကိုတွေပါ မျက်စိမျက်နှာပျက်လာကြ၏။

"အာရုံကြောတွေဘာတွေများ ထိခိုက်ကုန်တာလား.."လို့ ကိုယ့်ဘေးမှာပဲ တီးတိုးမေးမြန်းသံကြားမှ.. ၊

"ကျွန်တော်ဘာမှမဖြစ်ဘူးဖေဖေ..ကိုကြီးနဲ့ဖေဖေတို့ ဒီထိဘာလို့ပြန်လာကြတာလဲ.."

သူ့အသံကြားမှ စိတ်သက်သာရာရကြ၏။ ပြီးတော့ နှစ်သိမ့်အားပေးသံတွေကြားတွင်.. ၊

"ညီလေး..မင်းကားကိုဘရိတ်ဖျက်ထားတာကွ၊ အနင်းခံတဲ့တဲလေးလုပ်ထားခဲ့တာ.."

သူ့နားထဲကို အစ်ကိုအကြီးဆုံး နေအရိပ်ကသတင်းပေးလာခဲ့၏။

"သားတို့ ဘာပြဿနာတွေ ဖြစ်ကြတာလဲဟင်.."

"အေးလေကွာ..တစ်ယောက်နဲ့တစ်ယောက် သေစေသတ်စေချင်တဲ့အထိ ဘာတွေလဲ၊ မသေကောင်းမပျောက်ကောင်း.."

"ကျွန်တော်ပြောသားပဲဖေဖေ..မိုးဆက်က လူပုံကလည်း ဖြူဖြူနွဲ့နွဲ့ မော်ဒယ်လ်ဘွိုင်းပုံလေး၊ စိတ်ကလည်း ရင့်ကျက်ပုံမပေါ်ပါဘူးဆိုတာ ဖေဖေတို့လက်မှမခံတာ..ခုတော့ ညီကံကောင်းလို့.."

"စီးပွားရေးလောကမှာ သူဘာတွေတော်အောင် လုပ်ပြခဲ့သလဲတော့ မသိဘူး..သူ့ပုံစံက မော်ဒယ်လ်လုပ်ဖို့ပဲ အဆင်ပြေမယ့်ပုံမျိုးပါ၊ အလကားကောင်..ညီရည်းစားတွေ လိုက်လုပြီး တစ်ယောက်တည်းပထမရနေတာ.."

သားအလတ်ဖြစ်သည့် လပြည့်သာကတစ်မျိုးဝင်ပြောပြီး တက်တခေါက်ခေါက်.. ၊

သူတို့အားလုံးရောက်သည့်အရပ်ကနေ စိုးရိမ်တကြီးအမြန်ပြေးလာကြရတာဖြစ်သည်။ ကိုယ့်ညီမျက်နှာလေးမြင်လိုက်ရမှ သက်ပြင်းချနိုင်ကြပေမယ့် ကားကိုဘရိတ်ဖြတ်ထားသည် ထပ်ကြားလိုက်ရသဖြင့် မျက်လုံးပြူးရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမျက်နှာကတော့ နှောင်တများစွာနှင့်သာ။ ကိုယ့်ကိုသေအောင် သတ်ခဲ့သူကိုမှ သူစိတ်ပူနေခဲ့မိသည်။ မကောင်းမှုကြံစည်လို့ မကောင်းတဲ့ ဒဏ်ခံသွားရတာ သူ့အပြစ်နဲ့သူ.. ၊

ဆေးရုံက မဆင်းခင်တည်းက နှာကျည်းသည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ခိုင်မာစွာချခဲ့သည်။

မိုးဆက်လေ သေသည်ဖြစ်စေ ရှင်သည်ဖြစ်စေ သူ့ဘဝမှာမိုးဆက်လေဆိုတာ ဘယ်တုန်းကမှ မရှိခဲ့..မသိခဲ့.. ၊

☪



www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၅၀)

အားလုံးမှင်တက်မိနေပြီကြက်တာ တစ်ခန်းလုံးတိတ်ဆိတ်နေခြင်းက သက်သေပဲဖြစ်သည်။ နောက်ထပ် စကားသံတွေကို ကြားလာရစဉ် ချူးနေရာကနေ တစ်လှမ်းချင်းပြန်ဆုတ်လာခဲ့သည်။ နားထဲမှာလည်း ဆောင်းမျက်နှာရဲ့ စကားသံတွေကို ကြားယောင်နေဆဲနှင့်.. ၊

"ကျွန်တော်က မမကိုလက်ထပ်ဖို့ ရွှေ့ဆိုင်းတာက ကျွန်တော့်ခြေထောက်တွေက အချိန်ယူကုရမှာမို့ပါ..အဲ့ဒီအချိန်မှာပဲ သူ့မိဘတွေက ဘယ်လိုနားချပြီး ပြောင်းရွှေ့သွားကြတယ်မသိဘူး.."

"ဘာပဲဖြစ်ဖြစ်..အဲ့ဒီအချိန်ထိ သားရဲ့အမိက မိုးဆက်လေပဲလေ၊ သူ့ကိုစိုးရိမ်တာဖြစ်ဖြစ် နာကျည်းသွားတဲ့အပိုင်းကိုပဲ ရောက်ရောက်..မင်းအတွက် မိုးဆက်လေသာအမိက၊ မင်းရဲ့အချိန်တိုင်း မိုးဆက်လေကစိုးမိုးနေခဲ့တာ..မမက အသုံးချခံသက်သက်နဲ့ ဖယ်ပေးသွားရတာပဲ.."

"မဟုတ်ဘူးကြီးကြီး.."

"အဲ့ဒီတော့ သားကဘာကိုပြောချင်တာလဲ..မိုးဆက်လေနဲ့သားရဲ့ လိုချစ်မှုကို အကုန်ဖွင့်ချပြလိုက်တာ ချူ့ကိုလက်ထပ်ရဖို့အတွက်လား.."

"ဟုတ်တယ်မေမေ..မိုးဆက်က အဲ့ဒီလိုယောက်ျားပါလို့ ကျွန်တော်ပြောမထွက်ဘူး၊ မိုးဆက်ကိုယ်တိုင်ပဲ ပြောရမယ်..သူ့ကိုကျွန်တော်က အသည်းခွဲခဲ့တယ်လို့ ခံစားပြီး ချူ့အလှအပတွေနဲ့ ကျွန်တော့်ကိုဂလဲ့စားချေဖို့လွှတ် လိုက်တာ.."

"ဒါလည်း အောင်မြင်သွားတာပဲလေ..'

"ချူ့ကိုကျွန်တော် တကယ်ချစ်သွားတာနဲ့တော့ ရှုံးတယ်မခေါ်ပါဘူးမေမေ..သူ့အတွက်ခံစားပြီး လက်တုံ့ပြန်ဖို့ပြင်ဆင်နေတဲ့ ချူ့ကိုယ်တိုင်အမှန်အတိုင်း သိသွားဖို့ပဲလိုတာပါ၊ 'သိအောင်လည်း ကျွန်တော်ကြိုးစားမယ်..မိုးဆက်လေထွက်လာဖို့က ချူ့ကိုကျွန်တော်လက်ထပ်လိုက်ဖို့ပဲ.."

"အဲ့ဒါက သိမ်းပိုက်တာပဲလူလေးရဲ့..နှင်းဆီချူက သူ့ချစ်သူလို့ ချစ်နေတာလေ၊ မိုးဆက်လေ ဘာဖြစ်နေသလဲမသိရသေးဘဲ လူလေးကအတင်းသိမ်းပိုက်မှာလား..ကိုယ့်အရိပ်အောက်မှာ ခိုလှုံနေတဲ့မိန်းကလေးကို


www.burmeseclassic.com

www.burmeseclassic.com


အနိုင်ကျင့် စောက်ကားရာလည်း ရောက်တယ်နော်.."

"ဒါတင်ဘယ်ကမလဲမမမေရယ်..ကိုယ်က ဒါတွေကိုဘယ်သူမှမေး သေးဘူးထင်ပေမယ့် နှင်းဆီချူလည်းသိနေနိုင်တာပဲ၊ အချစ်စိတ်ဆိုတာ ဆန်းကြယ်တယ်..ခံစားချက်အမျိုးမျိုးနဲ့ ကျေနပ်ပေးဆပ်နိုင်ကြတာတွေ အများကြီးပဲ၊ သားရယ်..နှင်းဆီချူကို လက်ထပ်ဖို့တော့.."

"ခုထိတားနေတုန်းလားမေမေ..ကျွန်တော်ချစ်တဲ့သူကို လက်ထပ်ပါရ စေ၊ ပထမဆုံးနဲ့နောက်ဆုံးအနေနဲ့ ခွင့်ပြုပေးဖို့တောင်းဆိုတာပါ..တစ်ဆက် တည်း ပြောချင်တာက ဘယ်သူမှခွင့်မပြုလည်း ကျွန်တော်ချူ့ကိုလက်ထပ် မယ်.."

"သမီးအတွက် ထည့်စဉ်းစားနေတာဆိုရင် ရပါတယ်အန်တီရယ်-" ဟင်.. ၊

"ပခြုပ်.."

"သမီး...သမီးက.."

ပခြုပ်က ပုဇွန်ဆီရောင်ဂါဝန်ပျော့လေးနှင့် ဖြည်းလေးစွာတိုးလျှောက် လာရင်း.. ၊

"ပခြုပ်ရှိုင်းသွားရင် ခွင့်လွှတ်ပါ..မမချူမျက်နှာမှာ မျက်ရည်တွေနဲ့ ထွက်သွားတာမြင်လိုက်လို့ ကွယ်ရာကနေနားထောင်နေမိတာပါ.."

ချူကြားသွားတာလား.. ၊ဆောင်းမျက်နှာ စိတ်လှုပ်ရှားသွားသည်။ ချူဒီနားကို ရောက်နေခဲ့တာလား.. ဘယ်လိုအကြောင်းအရာတွေထိ ကြား သွားခဲ့သလဲ.. ၊

"ကိုလေး.."

ပခြုပ်က သူ့ကိုခေါ်တာတော့မဟုတ်ပေမယ့် လူကြီးတွေအနီးမှာရပ် လိုက်ပြီးမှ သူ့ဘက်လှည့်ကြည့်ကာ.. ၊

"ကိုလေးကိုလည်း ပခြုပ်နားလည်ပါတယ်..သူချစ်တဲ့သူကို လက်ထပ် ပါစေလို့နော်..ဟိုလေ အန်တီတို့စိတ်မကောင်းမဖြစ်ဘူးဆိုရင် ပခြုပ် နောက် နေ့ကစပြီး တီလေးတို့အိမ်မှာ သွားနေပါရစေလို့.."

"မ..မဟုတ်သေးပါဘူး၊ ဒီလိုရှိပါတယ်သမီးရယ်..အန်တီတို့မှာ-"

ပခြုပ်ကို နှစ်သိမ့်တောင်းပန်ဖို့ပေမယ့် အိမ်ထဲကိုအလျင်စလို ခြေ လှမ်းများနဲ့ လိုက်ဝင်သွားသည့်ဆောင်းမျက်နှာကြောင့် ဒေါ်ထားထားမြင့် စ ကားမဆက်နိုင်ဘဲ အာရုံပြောင်းသွားခဲ့လျက်.. ၊



www.burmeseclassic.com

www.burmeseclassic.com


အခန်း(၅၁)

ခုနကပဲဆိုရင် ချူဘယ်ရောက်သွားတာလဲ.. ၊

ခြေလှမ်းကျဲတို့ကနေ ပြေးမိခြင်းဖြစ်လျက် ခြံထဲထိပြေးဆင်းလာခဲ့သည်။ ပြီးတော့ ဘယ်ညာရှေ့နောက်လူတစ်ပတ်လည်အောင် ရှာလိုက်မိ၏။ သူမ ဘယ်ရောက်နေတာလဲ.. ၊

"ရှင် ကျွန်မကိုရှာနေတာလား.."

နောက်ကို ဘယ်လိုရောက်လာမှန်းမသိလိုက်။ ဒါပေမယ့် သူမခြံထဲဆင်းသွားခဲ့တာပဲဖြစ်၏။ ရင်ဘက်မှာ ရွှေအိုရောင်ဇာအထူတွေပါသော မိတ်ကပ်ရောင်ဖျော့အပါးသား အင်္ကျီလက်ရှည်ခါးရှည်လေးနဲ့ ဖြစ်သည်။ ပြီးတော့..

ကော်ဖီရောင်စတော့ကင်ကျပ်ကျပ်လေးနှင့် အဖြူရောင်ရှူးဖိနပ်ပါးလေးကို စီးထားသည်။ သူသတိထားမိလာသည့် သူမရဲ့အလှအပတစ်မျိုးသည် ဝတ်ထားသည့် ဝတ်စုံအရောင်နဲ့လိုက်ဖက်သော နှုတ်ခမ်းနီနှင့်အိုင်းရှဲဒိုးအရောင်လေးပဲ ဖြစ်၏။

မိတ်ကပ်ရောင်နုနု ဝတ်ထားသည့် သူမနှုတ်ခမ်းမှာ ရွှေအိုရောင်လက်နေသည့် နှုတ်ခမ်းနီကိုဆိုးထားသည်။ မျက်ခွံပြေပြေ၏ နောက်အစပ်လေးတွေ မှာလည်း ဒီတိုင်းပြောင်အိနေခဲ့ပြီး.. ၊

"မင်းအရမ်းလှတာပဲ.."လို့ စိတ်ထဲက ရေရွတ်မိသော်ငြား.. ၊

"ကိုယ်ပြောတာတွေ မင်းကြားတယ်ထင်တယ်.."

ချူက မျက်ဝန်းတွေလေးတွေ တခြားကိုတိမ်းဖယ်သွားလျက်.. ၊

"ဘာပဲဖြစ်ဖြစ် ကျွန်မဘက်က ဘာမှပြောင်းလဲသွားမှာမဟုတ်ဘူး.."

"အဲ့ဒီတော့ မင်းသူ့ကိုပဲချစ်တယ်လို့ ပြောလိုက်တာလား.."

"ဟုတ်တယ်.."

ပြန်လှည့်ပြောသည့် မျက်ဝန်းလေးတွေက စူးရဲနေခဲ့ပြီး.. ၊

"အခု ရှင်ကျွန်မကို ချစ်နေပြီ..'

"ဟုတ်တယ်.."

"ကျွန်မက လုံးဝမချစ်နိုင်ဘူး.."


www.burmeseclassic.com

www.burmeseclassic.com


"ဟွန်း.."

"ဆိုတော့ ကျွန်မတို့ပွဲပြီးပြီ.."

"ကိုယ့်ဘာသာအနိုင်သတ်မှတ်ပြီး နှုတ်ထွက်လို့ဘယ်ရမလဲ..ငါ မင်းကိုချစ်မိသွားပေမယ့် အရှုံးပေးခဲ့တာမှ မဟုတ်တာ.."

"ရှင်အနိုင်ယူချင်နေတာ ရှင့်အိမ်မှာနေနေတဲ့ မိန်းမတစ်ယောက် ဆောင်းမျက်နှာ.."

"ခုန မေမေပြောသွားတဲ့စကားထင်တယ်.."

"ဘာဖြစ်ဖြစ် ရှင်ယောကျ်ားကောင်းပီသရင်.."

"ယောကျ်ားကောင်းပီသလို့ ငါမင်းကိုချစ်မိတာပေါ့..ဒီအိမ်မှာ မင်း တာလည်း ခိုကိုးရာမဲ့လို့ အရိပ်ခိုနေတာမှ မဟုတ်ဘဲ၊ သူများထည့် လိုက်တဲ့ လက်နက်ပုန်းကိုင်ပြီး ငါ့ကိုအရှင်လတ်လတ် ရင်ခွဲသတ်ဖို့ နေတာ..ဟုတ်တယ်မို့လား.."

"ရှင်ဘာလို့အပိုတွေပြောနေတာလဲ ဆောင်းမျက်နှာ..ရှင်သူ့ကို တယ်၊ သူကလည်း နာကျည်းခဲ့စတယ်၊ သူဂလဲ့စားချေဖို့ ပြန်လှည့်လာ ရှင်ကလည်း တုံ့ပြန်တိုက်ခိုက်ခဲ့တာပဲ..အခု ဘယ်သူ့မှာမှ ထိချက် လဲပြိုခဲ့တာ မရှိဘူး၊ ဘယ်သူက ဘယ်သူ့ကိုနိုင်သလဲ.."

"အနိုင်မယူချင်ပေမယ့် ငါအရှုံးမပေးနိုင်ဘူး..ကုမ္ပဏီဖျက်သိမ်းခဲ့ က ရှိခဲ့တဲ့လို့ ဇွက်ချက် တစ်ချို့တလေကလည်း သူရေးတဲ့ပရိုဂရမ် မိုးဆက်လေ ပြန်လှည့်လာတာသိရက်နဲ့ ငါကဘာလို့ထပ်ပြီး မျိုသိပ် လဲ.. အဲ့ဒီတော့ ငါ့ဘက်ကလို့ ဇွက်ချက် မရှိဘူး၊ အားနည်းချက် လည်း မရှိဘူး..သူထပ်တိုးလာရင်လည်း ငါလုပ်စရာရှိတာလုပ်မယ် ဆုပ်သွားမယ်ဆိုလည်း ဒါသူ့သဘော.."

"ရှင်ကရော.."

"မင်းသိချင်တာလား.."

ချူက ထပ်မံပြောတော့ဘဲ မျက်နှာလွှဲလိုက်လျှင် သူမပခုံး ဖက်ကိုကိုင်ပြီး မျက်နှာချင်းဆိုင်ဖြစ်သွားအောင် ဆွဲကပ်လိုက်တာ

"မင်းကို ငါရအောင်ယူမှာ..အဲ့ဒါကသူနဲ့မသက်ဆိုင်သလို မစိုက်ဘူးဆိုတာ ပြသခြင်းလည်းမည်တယ်.."

"ရှင့်ကိုဘယ်သူက လက်ခံပါ့မယ် ပြောနေလို့လဲ.."

"ငါကရော ဘယ်သူ့ကိုသွားမေးနေတာမို့လို့လဲ.."



www.burmeseclassic.com

www.burmeseclassic.com


"ဖယ်..လွှတ်.."

ချူက လက်ကိုဖယ်ချဖို့ ကြိုးစားရင်းရုန်းနေသည်။ ဆောင်းမျက်နှာက မဲ့လိုက်ပြီး အတင်းဖိချုပ်ထားရင်း.. ၊

"ချစ်သူထားဖို့တွေ ဖြစ်ခဲ့ဖူးတယ်..စေ့စပ်ဖို့လက်ထပ်ဖို့တွေလည်း ဖြစ်ခဲ့သေးတယ်၊ အဲ့ဒါတွေကို မိုးဆက်က မျက်လှည့်ပြသွားတယ်..ဒါပေမယ့်အပြုံး မပျက်ခဲ့ပါဘူး၊ သူ့ကိုတွယ်တာခဲ့တဲ့ သံယောဇဉ်ကပိုခိုင်နေတာလား.. ချစ်တဲ့ စိတ်က ကိုယ့်ရင်ထဲမှာ တကယ်မရှိသေးတာလား..အဲ့ဒီတုန်းကမသိခဲ့ဘူး.."

ဘာပြောတော့မယ်ဆိုတာ သိလိုက်တာမို့ ချူထွက်ပြေးဖို့ရုန်းသည်။ ရုန်းကာမှ သူမတစ်ကိုယ်လုံး ဆောင်းမျက်နှာရင်ခွင်ထဲရောက်သွားခဲ့ပြီး..

"ခု ကိုယ်သိပြီ..သူဖျက်ဆီးနိုင်ခဲ့တာ ကိုယ်ကဖျက်ဆီးခွင့်ပေးထားလို့ပဲ၊ အခု မရတော့ဘူး.."

"ဆောင်းမျက်နှာ.."

သူဖက်ထားသည့်ရင်ခွင်ထဲကနေ မော့ကြည့်လိုက်တော့ ကိုယ့်နဖူးထက်မှာ သူ့နှုတ်ခမ်းက မထိတထိ.. ၊

"ရှင့်ကို ချူတစ်ခုပြောချင်တယ်.."

"အင်း..ပြောကြည့်လေ.."

ဆွဲဖက်ထားသည့် လက်တွေကိုဖြေချလိုက်ပြီး ဆောင်းမျက်နှာက ခေါင်းညိတ်သည်။ ချူကလည်း ပင့်သက်လေးရှိုက်ရင်း နောက်ဆုပ်ရပ်လိုက်တာ.. ၊

"သူကအဲ့လိုယောကျ်ားဖြစ်နေရင်တောင် သူဖွင့်ပြောလို့ရှင်သိတာပါ.."

"အဲ့ဒီတော့.."

"သူဒီလိုဖြစ်နေတာနဲ့ပဲ.."

"နှင်းဆီချူ.."

ပြုံးနေသည့်မျက်နှာက ချက်ချင်းဒေါသရိပ် သန်းလာခဲ့လျက်.. ၊

"အချစ်က အရာရာကိုသည်းခံနိုင်စွမ်းရှိတယ်ဆိုတာ ဘာကိုပြောတာလဲ ကိုယ်မသိဘူး..ဒါပေမယ့် မင်း သူ့အကြောင်းဆက်ပြောလာရင်တော့ ကိုယ် သည်းခံမှာမဟုတ်ဘူး..အဲ့ဒါသေချာတယ်.."

"သေချာတာပေါ့..'သူ့မယားလိုချင် သူ့လင်လုံ့နဲ့ထိုး'လို့ ဆိုထားတာပဲ၊ မိန်းကျွန်မကို လိုချင်နေမှတော့ သူ့နာမည်တောင် မကြားချင်တာ ဘာဆန်း


www.burmeseclassic.com

www.burmeseclassic.com


လို့လဲ..”

“မိုးဆက်လေနဲ့ပတ်သက်ပြီး ရောက်လာခဲ့တာတစ်ခုနဲ့ မင်းဒါကို လက် ကိုင်ထားနေတာ..ဒါပေမယ့် မင်းမျက်လုံးတွေမှာ မြင်နေရတဲ့ရင်နာ မှုက မင်းရဲ့ခံစားချက်တိုင်း ငါနဲ့ပဲပတ်သက်ဘာယ်လို့ ဖော်ပြနေတယ်..”

ချူ့ မျက်နှာလေးကွက်ခနဲ ပျက်သွားသည်။ မျက်လွှာချပစ်ရင်း ထမင်း ဖက်လှည့်မိခြင်းသို့ ရောက်လျှင် ဆောင်းမျက်နှာက စိုက်ကြည့်၍..။

“ကိုယ်လိုရာဆွဲတွေးတာဖြစ်ဖြစ် မင်းကဖုံးဖိကောင်းနေတာဖြစ်ဖြစ် ငါယုံကြည်တယ်..မင်းကိုမချစ်တဲ့ယောကျ်ားအတွက် မင်းဘက်က သူ့ကိုမင်း လောက်အောင် ချစ်ဖို့မရှိဘူး..”

“ကျွန်မ..”

“အစတည်းက သိနေခဲ့တယ်ဆိုပိုသေချာတာပေါ့..ဒီလိုလူကို မင်းချစ် နေတယ်ဆိုတာ လုံးဝအဓိပ္ပာယ်မရှိဘူး..”

“ကျွန်မချစ်တယ်..သူ့ကိုအရမ်းချစ်ခဲ့တယ်၊ အဲ့ဒါကြောင့် သူ့အချစ်ကို ကျွန်မမရပေမယ့် သူချစ်နေတဲ့သူက သူ့ကိုနည်းနည်းလောက် ဂရုစိုက်စေ တယ်ဆိုတာ သူသိစေချင်တာ..ရှင်သူ့ကို သူငယ်ချင်းတုန်းကလို ရင်နဲ့ ခွင့်ပြုန်ပေးနိုင်မလား၊ ကျွန်မသိချင်တာကလေ ရှင့်ရင်ထဲမှာ သူရှိနေသေး တယ်ဆိုတဲ့အဖြစ်လေးပါ..သူအရမ်းမျှော်လင့်နေတာလေးကို ရှင့်ဘက်က စ ကားလေး တစ်ခွန်းလောက်ပဲ..”

“စကားလေးတစ်ခွန်း ဟုတ်လား..အဲ့ဒါကိုစကားလေးတစ်ခွန်းလို့ မင်းပြောလိုက်တာလား၊ ဒါကျတော့ မင်းနဲ့မိုးဆက်လေ တစ်လေသံတည်း လားနှင်းဆီချူ..မသိရင် တစ်ယောက်တည်းနှစ်ကိုယ်ခွဲ ပြောနေသလိုပဲ..”

ပြောနေရင်း ချူ့မျက်ဝန်းက မျက်ရည်ကြည်တွေဝေ့နေတာကို စိုက် ကြည့်၍..။

“အဲဒါဘာယ်သူ့အတွက် မျက်ရည်တွေလဲ..သူ့အတွက် မျက်ရည်ခံနေ တာလား၊ မင်းဖိလင်နဲ့သူ့ကို သေလောက်အောင်သနားနေတာလား..”

“ဘာကြောင့်ဖြစ်ဖြစ် ဒီမျက်ရည်ကို ရှင်ချုပ်ကိုင်ချင်လို့ မရဘူး..”

“ဟုတ်လား..ငါတို့ဖြစ်ခဲ့တဲ့အချစ်အမုန်းတွေကို မင်းလာပြီးအသေး လျှော့လုပ်ဖို့ ကြိုးစားတာကရော..”

“ရှင့်ရင်ထဲမှာ သူ့အတွက်ဘာမှမရှိတော့ဘူးဆိုတာ သူမယုံဘူး..အချိန် အခုကြားခဲ့ရတဲ့ ရှင့်စကားတွေထဲမှာလည်း သူနဲ့ခွဲခဲ့တဲ့နောက်ဆုံးအချိန်


www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ပူပန်စိတ်တွေနဲ့ ရှင်နိုးထခဲ့တာပါ..အဲဒါတွေကြောင့် မျှော်လင့်ပြီး ရှင့်ကိုပြောခဲ့မိတာ အတိုးအလျှော့လုပ်တာမဟုတ်ဘူး၊ ချုပ်ကိုင်ချင်တာလည်း မပါဘူး..ကျွန်မကိုယ်တိုင် သိချင်တာလည်းအဲ့ဒါပဲမို့ပါ၊ ရှင် သူ့အပေါ်မှာ နည်းနည်းဖြစ်ဖြစ်.."

"တစ်စိုးတစ်စိမှ မကျန်တော့ဘူး..သံယောဇဉ် ခွင့်လွှတ်ခြင်း နားလည်ခြင်း နောက်ဆုံးသုစိမ်းတစ်ယောက်အပေါ် စာနာပေးတာမျိုးတောင် သူ့အတွက်ဆို ငါ့မှာမရှိဘူး.."

"ဒါဆို ရှင်သူ့ကို ကောင်းခဲ့ပါတယ်ဆိုတာတွေ သည်းခံခွင့်လွှတ်ခဲ့တယ်ဆိုတာတွေ အဲ့ဒါတွေက ဘယ်မှာလဲ..ရှင်လည်း မုသားသစ္စာတွေ ပေးနေခဲ့တာပဲ.."

"အဲ့လိုဖြစ်ကုန်တာလား.."

ဆောင်းမျက်နှာက ပခုံးတွန့်လိုက်ပြီး မဲ့သည်။

"မတတ်နိုင်ဘူး..အခု ငါသူ့ကိုမလိုအပ်ဘူး၊ မင်းတောင်းဆိုတာကို လည်း မလိုက်လျောနိုင်ဘူး..ငါ့ဘဝမှာ ဘယ်တုန်းကမှသူများရဲ့ သနားညှာ တာမှုကိုရဖို့ မကြိုးစားခဲ့သလို အဲ့ဒါမျိုးအတွက် ဝမ်းသာဂုဏ်ယူစိတ်လည်း မဖြစ်ခဲ့ဖူးဘူး..ဒီတော့ ငါ့ကိုအလဲအလှယ်တွေ လာမလုပ်နဲ့တော့..အမိုပဲ.."

"ဆောင်းမျက်နှာ.."

ကိုယ်ကဆွဲနေတော့ တွန်းလားကန်လား..၊

ထားခဲ့ပြန်တော့လည်း ပြန်ဆွဲထားပြန်၏။

"သံယောဇဉ်ချစ်ခြင်းတရားဆိုတာ မီးဝေးတဲ့ချိတ်လို ဝေးနေတဲ့အခါ ငုတ်လျှိုးပျောက်ကွယ်နေတတ်ပါတယ်..ရှင်သူ့အပေါ်ပြေးတွေပြီး ကြင်နာဖို့ မဟုတ်ပါဘူး..ဟိုအရင်က တွယ်တာမှုမျိုး ရှိနေသေးတယ်ဆိုတဲ့ စကားလက် ဆောင်လေးဖြစ်ဖြစ် ကျွန်မကိုပြောပေးပါ.."

"ငါပြောတာ မင်းမရှင်းဘူးထင်တယ်..ဒီမှာနှင်းဆီချူ.."

သူ ချူ့လက်မောင်းလေးတစ်ဖက်ကို ကိုင်လိုက်ပြီး ရှေ့ကိုအသာလေး ဆွဲယူလိုက်ကာ.. ၊

"ထပ်ပြောမယ်..မင်းကိုရဖို့အတွက် ငါတစ်ခုခုပေးမှပြန်လာမယ့်မင်း ဆီက အလဲအလှယ်နဲ့ ပေးအပ်တာမျိုး ငါမလိုဘူး.."

"ဘာပဲဖြစ်ဖြစ် ကျွန်မကြည်ဖြူဘဲ အနိုင်ကျင့်ရင် ရှင်ဘယ်လိုလုဖြစ် သွားမလဲ.."



www.burmeseclassic.com

www.burmeseclassic.com


"အနိုင်မကျင့်ပါဘူး.."

သူ ချူ့ပခုံးလေးနှစ်ဖက်စလုံးကို ကိုင်ထားလိုက်ပြီး မျက်နှာငုံ့လိုက်သည်။ ပြီးတော့ နဖူးချင်းထိအောင် ကပ်၍.. ।

"မင်း ငါ့ကိုချစ်နေတာ ငါခံစားမိတယ်.."

ချူ့ဖျတ်ခနဲမော့လိုက်တော့ နှာခေါင်းဖျားချင်း ထိခတ်သွား၏။ နှုတ်ခမ်းချင်းကပ်မိမလို ဖြစ်သွားပေမယ့် ဆောင်းမျက်နှာက ခပ်ဟဟရယ်လိုက်ပြီး မျက်နှာ အနည်းငယ်ခွာလိုက်ရင်း.. ।

"ငြင်းမလို့လား..မင်းဘာပြောပြော မင်းရဲ့မျက်လုံးတွေ ရင်ခုန်သံတွေကိုတော့ ညာပြောခိုင်းလို့ မရပါဘူး.."

ဆောင်းမျက်နှာရဲ့မျက်ဝန်းတွေက ရီဝေညှို့ငင်နေခဲ့လျက်.. ।

"မင်းကိုနမ်းခဲ့တဲ့အချိန်မှာ မင်းရဲ့ရင်ခုန်သံတွေကို ငါကြားတယ်.. မင်းနဲ့ငါ အချစ်အချိုးအချစ်ပဲ.."

ပြောချင်ရာပြောပြီး သူလှည့်ထွက်လာခဲ့သည်။ သူမဆီက အချစ်ကို ရယူဖို့ မလွယ်ကူမှန်းသိပေမယ့် ကိုယ့်ကိုချစ်နေသည်မှန်း သေချာသိနေသည်။

သူ ရယ်..မိုးဆက်လေရယ်..နှင်းဆီချူ့ရယ်.. ।

ဘယ်လိုပတ်သက်ငြိတွယ်လာခဲ့မှန်း မသိကြပေမယ့် ဖြေရှင်းဖို့နည်းလမ်းက ရှုပ်ထွေးနေခဲ့၏။ မိုးဆက်လေကို ရှာဖွေဆွဲထုတ်ရမလား..မလိုပါဘူးဆိုပြီး ဒီတိုင်းနေလိုက်ရမလား..ချူ့က ဘယ်လိုဆုံးဖြတ်မှာလဲ.. ।

နှလုံးသားချင်းခံစားမိနေပါသည်ဆိုသည့် သူ့ရဲ့သေချာမှုက လွဲမှားနေခဲ့ရင် သူမရင်ထဲက အစစ်အမှန်က ဘယ်လိုရှိတာလဲ.. ।

သူမရှေ့မှာ ပြောထွက်ခဲ့သော ယုံကြည်ခိုင်မာမှုများက ရင်ထဲမှာအကယ်ပါလာတော့ ပေါ့ပါးတာဘာမှမရှိခဲ့ဘဲ.. ।

☪


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၅၂)

"နှင်းဆီချူ.."

မိုးရိပ်တွေဆင်နေသော ကောင်းကင်ညိုကြီးကို မော့ငေးနေစဉ် နောက်မှာ ဒေါ်ထားထားမြတ်ရောက်လာခဲ့၏။ သူမ ညနေတိုင်းခြံထဲက မြတ်ခင်းစိမ်း စိမ်းလေးတွေမှာ လာရပ်ငေးသည်။ ညောင်းလာကာမှ ခန်းပေါ်မှာသွားထိုင်တတ်၏။

ဒီနေ့တော့ ဒီနေရာမှာရပ်မိတာ သိပ်မကြာခင် ဒေါ်ထားထားမြတ်က သူမကိုကျော်၍ မျက်နှာချင်းဆိုင်နေရာမှာ ရပ်ကာ..၊

"မင်းကိုကြည့်ရတာလည်း ပျော်ပုံမရပါဘူး.."

ချူက ဘာမှပြန်မပြော။ ပြောမည့်ပုံလည်း မရှိဘဲ ခံစားချက်မဲ့နေသည့် မျက်ဝန်းလေးတွေက မလှုပ်မရှားစူးစိုက်ကြည့်နေခဲ့၏။

"တို့တွေတစ်အိမ်တည်းနေပြီး တစ်ခါမှစကားလက်ဆုံ မကျခဲ့ဖူးဘူး နော်..အဲ့ဒါဘာလို့လဲလို့ တွေးကြည့်ရင် မပြောမဆိုဖြစ်ကြတာ ပြောစရာအကြောင်းမရှိလို့ပဲ၊ ပြောချင်စိတ်မရှိကြတာလည်း ဖြစ်နိုင်တာပဲ..အန်တီတို့က အိမ်ရှင်မို့ ဧည့်ဝတ်မကျေသလို ဖြစ်မှာစိုးတာတော့ရှိတယ်..ဒါပေမယ့် မင်းက အန်တီတို့ဆီ လာတဲ့သူမဟုတ်ဘူး၊ နောက်တစ်ခုက ဧည့်ကောင်းစောင်ကောင်းအဖြစ် လာတာမဟုတ်တော့.."

စကားတွေ မနားတမ်းပြောချသွားပြီးမှ သူမအသံရော လှုရောတုတ်တုတ်မလှုပ်ဘဲနေတာကို သတိထားကြည့်မိသည်။ သို့သော် မျက်ဝန်းတွေထဲမှာ ကိုယ့်မျက်လုံးကစာကို လိုက်ဖတ်နေသည်မှန်း ရှာဖွေတွေ့ရှိလိုက်သည်မို့..၊

"ဆိုတော့ အန်တီတို့လည်း နေတတ်အောင်နေခဲ့လိုက်တယ်..မင်းလည်း ခဏနေပြန်မှာလို့ ထင်တာကိုး.."

"အခု ချူ့ကိုပြန်ဖို့ ပြောတာလား.."

"မပြောခင်တည်းက ကိုယ်လုပ်သင့်တာကို ရွေးချယ်ပြီးဖြစ်နေသင့်တာ..သားပြောပြလို့ မင်းတို့သုံးယောက်ရဲ့ ရှုပ်ထွေးမှုတွေကို သိပြီးပြီ၊ အဲ့ဒါတွေလည်း သားကရှင်းပစ်လိုက်ပြီလေ..မိုးဆက်လေဆိုတာ မူကိုယ်တိုင်ခံား


www.burmeseclassic.com

www.burmeseclassic.com

ဆွဲထွက်လာမလား သေနတ်ကိုင်ထွက်လာမလား..သူကိုယ်တိုင်ထွက်ရင်ဆိုင်ဖို့ တစ်ခုပဲရှိတယ်.."

"သူက လက်နက်ဆွဲတိုက်ဖို့ ဆောင်းမျက်နှာကို စိန်ခေါ်ခဲ့တာမဟုတ်ဘူး.."

"ဖြစ်ရလေကွယ်..ငါ့သားကိုသေအောင် သတ်ဖို့ကြံခဲ့တယ်၊ ခုပြန်ခေါ်လာပြီး ဘဝပျက်အောင်လုပ်သေးတယ်..ဂုဏ်သိက္ခာကို အသက်ထက်တန်ဖိုးထားတဲ့ အတ္တမျိုးသာ သားမှာရှိရင် ကိုယ့်နားထင်ကိုယ်သေနတ်နဲ့ပစ်ပြီးသေ သွားနိုင်တာ မင်းသိရဲ့လား.."

"သိပါတယ်.."

"ဟွန်း..မင်းရဲ့သတ္တိကလည်း သေးသေးမဟုတ်ဘူးပဲ.."

မေးမေး မမေးမေး အေးစက်တည်ငြိမ်စွာ ခွန်းတုံ့ပြန်ဖြေနေသည့် မျက်နှာကို အသည်းယားစွာကြည့်မိသည်။ အနီရဲရဲ ရှပ်အင်္ကျီလက်ရှည်နှင့် နှုတ်ခမ်းနီရဲရဲဆိုးထားသည့် မျက်နှာလေးက မျက်ခွံအစပ်တွေမှာလည်း ဖန်သွေးရင့်လေးတွေ တင်ထားသေးသည်။

အင်မတန်မှ လှပါပေသည်လို့ မြင်တဲ့သူတိုင်း ပြောသွားမှာပေမယ့် ဒေါ်ထားထားမြတ်မြင်နေတာကတော့ မျက်လုံးတွေတလက်လက် တဝင်းဝင်း အစွယ်တဖြီးဖြီးနှင့် ဘီလူးရုပ်သွင်ကဲ့သို့.. ၊

"မင်းသတ္တိကောင်းတာကို သိပ်တော့မအံ့သြတော့ပါဘူး..ဒါပေမယ့် မကြောက်တာကို သတ္တိလို့ခေါ်တာမဟုတ်ဘူး၊ ကြောက်နေတာကို ရင်ဆိုင်ရဲ တာကမှ သတ္တိ.."

သူမလေးရဲ့မျက်နှာကို စေ့စေ့ကြည့်ရင်း တစ်ကိုယ်လုံးကို မျက်ချေး တစ်ချက်ဝေ့၏။ ပြီးမှ.. ၊

"မကြောက်တာဖြစ်ဖြစ် သတ္တိကောင်းနေတာဖြစ်ဖြစ် မိန်းကလေးဆော် ယောက်ဖြစ်နေတဲ့ မင်းအတွက် ဂုဏ်ယူစရာမဟုတ်ဘူးလို့ အန်တီထင် တယ်.."

"ချူ့ဘက်ကဂုဏ်ယူနေတာ မယူတာလည်း အန်တီစိတ်မဝင်စားဘူး လိုရင်းကို တည့်တည့်ပြောလိုက်ပါလားအန်တီ.."

"ကောင်းပြီ.."

ဒေါ်ထားထားမြတ်မျက်နှာမှာ ရက်သွားသည့်အမူအရာ ဖျောက်ခဲ့ပြီး လာပြီးမှ တင်းမာသယောင်ဖြစ်သွား၏။


www.burmeseclassic.com

www.burmeseclassic.com



"မင်းဒီမှာဆက်ရှိမနေသင့်တော့ဘူးလို့ပဲ ပြောချင်တာ..အားလုံးပြီးသွားပြီ၊ ပြီးသွားတဲ့အပြင် သားကမင်းကိုမရမက လက်ထပ်ယူဖို့ကြိုးစားနေတယ်..ဒါလည်း မိုးဆက်လေနဲ့ဖြစ်တဲ့ ပြဿနာကြောင့်လား၊ တကယ်ပဲမင်း ဆင်ခဲ့တဲ့အကွက်ဆိုက်သွားတာလား ဆိုတာမသိဘူး.."

ချူုက ဒေါ်ထားထားမြတ်စကားတွေအပေါ်မှာ ဘယ်လိုမှမတုန်လှုပ်မခံစားရသလို ငြိမ်သက်နေခဲ့၏။ ထိုအချိန်မှာ တိမ်ညိုတို့က ပိုပိုပြီးအရောင်ရင့်လာခဲ့လျက် တဖြူးဖြူးတိုးဝှေ့နေသည့် လေပြည်ညှင်းကလည်း လိပ်ပြာတောင်ပံခတ်သကဲ့သို့..။

"ဆိုတော့ မင်းဒီမှာဆက်ရှိနေတာ လုံးဝမဖြစ်သင့်တော့တဲ့ အခြေအနေပဲလို့ အန်တီထင်တယ်.."

သူမက ငြိမ်နေဆဲ..။

"မင်းလည်း မိုးဆက်လေကို ချစ်နေတာမို့လား..အကယ်၍ သားကသာ ဇွတ်တရွတ်ဆန်လိုက်ရင် ဒါကိုမင်းသဘောကျနိုင်မလား.."

"ဘယ်ကျမလဲ.."

သူမ ဖြေပုံကသွေးအေးလွန်းနေကာ..။

"ဒါပေမယ့် အဲ့လိုဖြစ်လာဖို့အတွက် ဖြစ်သင့်တာတွေကို စတေးခဲ့ရတာ..အခု အန်တီဖြစ်စေချင်တာတွေကို လာပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အဲ့ဒီကျေးဇူးကြောင့် ချူ့ဆန္ဒကို ဖွင့်ပြောပြမယ်..ဆောင်းမျက်နှာဘက်က ဖြစ်စေချင်တာ ဖြစ်ချင်နေတာမှန်သမျှ ဘာမှဖြစ်ခွင့်မရှိအောင် ဖျက်ဆီးဖို့ချူ လာခဲ့တာ.."

"အဲ့လိုမင်းလုပ်နိုင်မယ်လို့ ထင်နေတာလား.."

ချူုက တစ်ချက်မှမျက်လုံးမလွှဲဘဲ စိုက်ကြည့်နေလျက်..။

"အန်တီအခု စိတ်ချမ်းသာပျော်ရွှင်နေတာ မဟုတ်ဘူးဆိုရင် ချူအောင်မြင်ပါတယ်.."

ဟင်..။

ဒေါ်ထားထားမြတ် မျက်နှာရဲခနဲဖြစ်သွားသည်။ လူသေကောင်လို အေးစက်စက် ခံစားချက်မဲ့သောအကြည့်တွေနှင့် ချူ့ကိုအံ့ဩစိတ်ပျက်ခြင်းများ နှင့် ကြည့်မိ၏။

"ဆောင်းမျက်နှာ ချူ့ကိုမရသေးသရွေ့ မရှုံးဘူး.."

"ဟုတ်လိမ့်မယ်..ဒါပေမယ့် ဆောင်းမျက်နှာဟာမိဘပေါင်းဖခင် သား



www.burmeseclassic.com

www.burmeseclassic.com


သမီးဖြစ်နေတဲ့အတွက် ငါတို့ကလည်း တစ်ဖက်သားမိန်းကလေးကို မ
နာ နိမ့်ချဆက်ဆံဖို့မောင်းထုတ်ဖို့ထိ မရိုင်းကြတဲ့အတွက် အဲ့ဒီအခြေအ
နေတွေမှာ မင်းကောင်းကောင်းရပ်တည်နေနိုင်ခဲ့လိမ့်မယ်..ဒါကို အောင်မြင်
တယ်လို့.."

"အောင်မြင်တာလို့ပဲ သတ်မှတ်ရမှာပါ..ဘာလို့လဲဆိုတော့ ဆောင်
မျက်နှာ မိကောင်းဖခင်သားသမီးပီသမသ ချူလာကြည့်တာမဟုတ်ဘူး..
လည်း မဝင်စားဘူး.."

ဒေါ်ထားထားမြတ် နှုတ်ခမ်းအစုံ တင်းကပ်သွားခဲ့ပြီး ကျိုခနဲအံကြိတ်
၏။ စကားသံတို့ ခဏတဖြုတ် ပြတ်တောက်သွားချိန်မှာ ရုတ်ခနဲငြိမ်သက်
သွားသည့် လေပြည်က အခြေအနေကိုပို၍ အေးခဲသွားစေသလိုရှိကာ..။

"အန်တီတို့အတွက် အဆင်မပြေမှုတွေက ချူ့အတွက်အောင်ပွဲပဲ..
မဖြစ်ပြီး အရှုက်အကြောက် မရှိလှချေလားပဲပြောပြော ချူလုပ်စရာရှိတာ
မပြီးပြတ်သေးဘဲ မပြန်ဘူး.."

"ဘာ..မင်းဘယ်လိုပြောလိုက်တယ်၊ ဘာတွေလုပ်ဖို့ရှိနေသေးတာလဲ
ငါ့သားကို ဒုက္ခပေးချင်နေတာက မင်းလား..မိုးဆက်လေလား.."

"ကျွန်မနဲ့မိုးဆက်လေ.."

"ဘာ.."

"ထားရေ..မိုးရွာတော့မယ်.."

ဒေါ်မေလင်းအသံနှင့်အတူ သိပ်မကြာခင် အနားရောက်လာသည်။
ထိုအချိန်မှာ မိုးသက်လေလေး ဖြူးလာခဲ့လျက် အေးစိမ့်စိမ့်..၊

"စကားပြောနေကြတာလား.."

အနားရောက်မှ ချူ့ကိုမြင်ကာ အို့တို့အမ်းတမ်းဖြစ်သွားသည်။ ဒါ
မယ့် နှစ်ယောက်စလုံး၏ အခြေအနေကို အကဲခတ်ကြည့်ရင်း..၊

"လာ..ထား..လူကြီးဆိုတာ နှာစေးချောင်းဆိုးဖြစ်ရုံနဲ့ ပြီးတတ်တာ
ဟုတ်ဘူး၊ မိုးမိလိမ့်မယ်.."

ဟုပြောရင်း တစ်ဆက်တည်းခပ်လှမ်းလှမ်းမှာ အလုပ်လုပ်နေ
မာလီဘက်လှည့်ကာ..၊

"ဟဲ့..အဲ့ဒါထားလိုက်၊ ဟိုဘက်မှာ သစ်ခွအိုးလေးတွေ
သိမ်းလေ..အပင်ပေါက်ပဲရှိသေးတာ မိုးမိရင်သေကုန်မှာပေါ့..အဲ့ဒါ
လူသစ်တွေပြောင်းရင် စိတ်ပျက်တာ၊ နေရာတကာ ပြောနေရတာ..


www.burmeseclassic.com

www.burmeseclassic.com



မကြည်မလင်ဖြစ်သွားသည့် စိတ်ကချူ့ကို မြင်လိုက်လို့ပါ။ ဒါဆေးယဉ့် နိုင်ရာကိုလှမ်းမဲလိုက်မိရင်း ဒေါ်မေလင်း ညီမဖြစ်သူကို လက်ဆွဲခေါ်သွား၏။ အနားမှာ ဘယ်သူမှမရှိတော့သည်နှင့် ငေးကြောင်ငြိမ်သက်နေခဲ့သော ချူ့မျက်ဝန်းထဲမှာ မျက်ရည်တို့သည် တစ်ရစ်ပြီးတစ်ရစ် ပြည့်တက်လာခဲ့လျက် ဖုန်းသံမြည်လာတော့လည်း စက်ရုပ်တစ်ရုပ်လို လှုပ်ရှားမှုများနှင့်.. ၊

"အန်ကယ်လ်.."

"ဟုတ်တယ်..ငါပဲ၊ အခု မင်းကိုအဲ့ဒီမိန်းမ ဘာတွေပြောသွားသလဲ.."

ဖုန်းနားထောင်ရင်း ချူ့မျက်ဝန်းလေးတွေ ဟိုကြည့်ဒီကြည့်တွေ့ခဲ့ရာ၏။ သူမနဲ့အလှမ်းမဝေးသောနေရာမှာ အလုပ်လုပ်နေသည့် အသက်သုံးဆယ့်ငါး လေးဆယ်အရွယ် မာလီကိုကြည့်လိုက်မိမှ.. ၊

"အဲ့ဒီမာလီကို သွင်းလိုက်တာချူ့ကိုဘာလို့ မပြောတာလဲအန်ကယ်လ်..."

"နောက်ထပ်မပြောတာတွေ ရှိသေးတယ်ချူ့..ပြောလိုက်တာနဲ့ ငါတို့အစီအစဉ်တွေကို မင်းကဖျက်မှာပဲလေ.."

"အန်ကယ်လ်.."

"မပြောနဲ့တော့ ငါသိတယ်..ခုန ဟိုမိန်းမ မင်းကိုထွက်သွားဖို့ပြောတာဟုတ်လား..မဟုတ်ဘူးလား.."

"မသွားနိုင်ဘူးလို့ ပြောလိုက်တယ်.."

"ပြော..ဘာကြောင့် မသွားနိုင်ရတာလဲ၊ မင်းဘာဖြစ်ချင်သေးတာလဲ..ငါတို့စီစဉ်ခဲ့တာ အလံဖြူပြပြီး ဒူးထောက်ဖို့လည်း မဟုတ်ဘူး၊ ခေါင်းငိုက်စိုက်ချပြီး လှည့်ပြန်ဖို့လည်း မဟုတ်ဘူး..မင်းဘက်က ပျော့ညံ့လာပြီဆိုတာ ငါတည်းက ငါမင်းနဲ့တိုင်ပင်ကိုက်ဖို့ မကြိုးစားတော့တာ.."

"မရဘူးအန်ကယ်လ်..ချူမသိဘဲ ဘာမှမလုပ်ပါနဲ့.."

"မလုပ်လို့မရဘူးနှင်းဆီချူ..မင်းလည်း ဆက်နေဖို့မစဉ်းစားနဲ့၊ အဲ့ဒီဒေတ္တာဝါလေးက နှင်းဆီချူကိုပဲချစ်တာ..မိုးဆက်လေကို ဘယ်လိုမှလက်ခံမှာဟုတ်ဘူး.."

"မဟုတ်ဘူး..မိုးဆက်လေကို သူချစ်နေသေးတယ်၊ အဲ့ဒါ ဒီနေ့ခဲ့ကြားရတာ..သူလက်မခံနိုင်တဲ့ ပြဿနာသာမရှိခဲ့ဘူးဆိုရင် မိုးဆက်လေကိုသူသံသာစဉ် ရှိနေဆဲပဲဆိုတာ သူ့ပါးစပ်ကပြောတာ ကြားချင်တယ်.."



www.burmeseclassic.com

www.burmeseclassic.com


"ကြားရတော့.."

"......... ......"

"ပော့..ပြောလေ.."

"သူက ချူ့ကိုလက်ထပ်ချင်နေတာ..တကယ်စွဲလန်းနေတာ.."

"မင်းဖြစ်ချင်တာ ဒါပဲလေ..အခု သူ့အသည်းခွဲပြီး လှည့်ပြန်ခဲ့ရုံပဲ ဟုတ်ဘူးလား.."

"သူ အဲ့လိုဖြစ်ကျန်ခဲ့မှာကို ချူမမြင်ချင်ဘူး.."

"ဘာ.."

ဖုန်းကိုင်ရင်း သူမခြေလှမ်းတွေ တရွေ့ရွေ့လျှောက်လှမ်းနေခဲ့သည်။ ဘယ်ကိုဆိုတာ မသိ.. ၊

"ချူဖြစ်စေချင်သလို ဖြစ်ခဲ့ပေမယ့် ချူကလှည့်စားခဲ့တာမို့လို့ ဒါကိုမပျော်ဘူးဖြစ်နေတယ်..နောက်ပြီး နောက်ပြီးသူ့ကို ချူအရမ်းချစ်တယ်အန်ကယ်လ်.."

"ချစ်လို့မရဘူး..သူ့ကိုချစ်နေတာက မိုးဆက် သူကချစ်နေတာနှင်းဆီချူ၊ မင်းက နှင်းဆီချူမဟုတ်ဘူးဆိုတာ ကိုယ့်ကိုယ်ကို မေ့နေသလား ဟော့ ငါမပြောချင်ဘူးနော်..ကျွတ်.."

"အန်ကယ်လ်ပဲ နှင်းဆီချူဖြစ်အောင် ပုံသွင်းပေးခဲ့တာပါ..ချူလိုချင်တဲ့ဘဝမျိုး ရရစေမယ်ဆိုပြီး ချူ့ဘဝချူ့အလှကို မော်ဆရာတစ်ယောက်နဲ့ ထုဆစ် ပြောင်းလဲပေးခဲ့တာ.."

"ဟုတ်တယ်..အဲဒါ မင်းနောက်ထပ်တစ်ကြိမ် အဲ့ဒီကောင်ရှေ့မှာ ပြောင်းလဲဖို့မဟုတ်ဘူး၊ လူတစ်ယောက်က ဘဝနှစ်ခုနဲ့ရှင်သန်လာဖို့ မခဲယဉ်းဘူးလား ရင်တောင် အဲ့ဒီဘဝတစ်ခုစီဟာ လူတစ်ယောက်စီပါလို့ လူတိုင်းလက်ခံနိုင် လွယ်သလား.."

ချူ ဒီတိုင်းငြိမ်နေခဲ့မိ၏ ။

"ငါ့ကိုမင်း ကျေးဇူးမတင်နဲ့ ချူ..မင်းရဲ့ဘဝကြီးတစ်ခုလုံးကို အသက်ဝက်ခြမ်းပြီး နှင်းဆီချူဖြစ်အောင် ကြိုးပမ်းခဲ့ရတာလွယ်သလား၊ မင်းအသက် ခဲ့ရတာတွေ မင်းပြန်ပြီးရယူချင်တာတွေ..အဲဒါတွေကို မင်းသူ့မျက်နှာ လိုက်တာနဲ့ အားလုံးချခင်းပေးချင်နေတာ ဘယ်လိုငရဲလဲ မင်းအတွက် တွေးကြည့်စမ်းပါ.."

သူမတိတ်ဆိတ်နေမိဆဲ.. ၊


www.burmeseclassic.com

www.burmeseclassic.com



"ခုတစ်ခါတည်း ငါကြိုပြောလိုက်မယ်..မင်းကိုမိုးဆက်လေမှန်းသိလိုက်တာနဲ့ ဆောင်းမျက်နှာဆိုတဲ့ကောင် ဘယ်လိုပြောင်းလဲသွားမလဲသိချင်ရင် လုပ်ကြည့်လိုက်..အေး မင်းကိုယ်မင်း 'ငါဘယ်လိုဖြစ်သွားနိုင်လဲ'ဆိုတာပါ ထည့်စဉ်းစားထားဖို့လည်း မမေ့နဲ့.."

တကယ်မေ့နေခဲ့တာလား..ဆောင်းမျက်နှာကို မြင်လိုက်တာနဲ့သူမနာကျင်ခံစားခဲ့ရသမျှ ဘာမှမရှိတော့ဘူးလား.. ।

ကိုယ့်ခြေလှမ်းတွေ အထိန်းချုပ်မဲ့ လွှတ်ထားခဲ့မိလျက် မျက်လုံးထဲမှာ မြင်မြင်သမျှဟာ ဆောင်းမျက်နှာပဲဖြစ်နေခဲ့သည်။ သွားစွယ်တွေပေါ်အောင် ရယ်နေတိုင်း ကြည့်ကောင်းသည်။ စိတ်တိုနေတဲ့အခါ မျက်ခုံးတန်းတို့ ကုတ်ချီ နေတတ်ပေမယ့် ရုပ်ဆိုးသွားတယ်လို့လည်း မရှိတတ်.. ।

သူမမျက်လုံးထဲမှာ ဆောင်းမျက်နှာဟာ ပြည့်စုံသာလွန်သည့် ကဗျာတစ်ပုဒ်အဖြစ် အမြဲရှိနေတတ်ကာ သူနဲ့ထိတွေ့လိုက်တိုင်း ဆောင်းတွင်းမီးပုံလို နွေးနေခဲ့၏။ သူနဲ့အတူရှိနေချိန်တွေဟာ နွေလယ်ယံတွင် နေပြောက်မထိုးသော သစ်ပင်ရိပ်မှာ နားခိုလိုက်ရသလို အေးမြသည်။ လုံခြုံသည်။

မိုးဆက်လေဆိုတာ ဆောင်းမျက်နှာအပေါ် ဟိုအရင်တည်းက ရင်ခုန်မက်မောမှုများနှင့် တိတ်တခိုးချစ်နေခဲ့ရသော သူငယ်ချင်းကောင်လေးတစ်ယောက်ဆိုတာ ဘယ်သူမှမရိပ်မိ မသိရှိခဲ့ခြင်းနှင့်ပတ်သက်၍.. ।

☪



www.burmeseclassic.com

www.burmeseclassic.com


အခန်း(၅၃)

"ကာလာ..ကာလား.."

အသံသည် စူးစူးဝါးဝါးထွက်ပေါ်လာလျက် ကာလာသံက ကာလား ဖြစ်ရင်း ဆေးရုံထဲမှာ ပဲ့တင်ထပ်သွားခဲ့သည်။

"မိုးဆက်..ကောင်လေး ဒီမှာအန်ကယ်လ်ကိုကြည့်စမ်း.."

"သူသတိရတာမဟုတ်ဘူးဦးထက်ကောင်း..ကယောင်ကတမ်း အော်တာ.."

"ခဏလေးအန်ကယ်လ်.."

သေးမှာ ကျွမ်းကျင်သည့်ခွဲစိပ်သမားတော်ကြီးတွေ ဝိုင်းဝိုင်းလည်နေသည်။ ဆေးရုံရောက်လာတည်းက ငါးရက်ပြည့်တဲ့အထိ တစ်ချက်တစ်ချက် ထအော်သည်မှလွဲ၍ မျက်လုံးတစ်ချက်မှမပွင့်.. ၊

"မျက်နှာမှာထိမိတဲ့ ဒဏ်ရာတွေနဲ့ ခါးကျော့ရိုးမကိုထိခိုက်မိတာဟာ သူ့မျက်နှာကို အလှပျက်စေမယ့်အပြင် အာရုံကြောထိခိုက်မိတာမျိုးလည်း ဖြစ်နိုင်သေးတယ်..လောလောဆယ်တော့ အသက်အန္တရာယ်က လွတ်မြောက်လာတာပဲ ကံကောင်းလှပြီလို့ မှတ်ပါ၊ ကျွန်တော်တို့လည်း တတ်နိုင်သမျှ အကောင်းဆုံးလုပ်ပေးသွားပါ့မယ်.."

ဆရာဝန်ကြီးက ဦးထက်ကောင်းလက်ကိုဆွဲ၍ အခြေအနေပြောရင်း နှစ်သိမ့်သွားခဲ့သည်။ မိုးဆက်သတိရလာသည့်အချိန်မှာ ဗိုးလ်ချုံနဲ့သွားရသည်။ မျက်နှာမှာ မျက်လုံးနှစ်ပေါက်မှလွဲလျှင် ပတ်တီးတွေချည်းဖြစ်တာ..

"ကျွန်တော့်မျက်နှာ ဘာဖြစ်သွားတာလဲအန်ကယ်လ်.."

မျက်လုံးအကြောင်သားနှင့် စကားတစ်ခွန်းမှမပြောခဲ့ဘဲ ဦးဆုံးပြောလာတာက ဒီစကား.. ၊

"မင်းကားနဲ့ ချိတ်မိပြီးလွင့်သွားတယ်..ပန်းရုံရှင်းထားတဲ့ အမြစ်ငုတ်တိုတွေပေါ် မျက်နှာအပ်ကျတယ်..မျက်လုံးတွေထိခိုက်မကုန်တာပဲ ကံကောင်းတယ်လို့မှတ်ရမှာပဲ၊ ယောက်ျားပဲကွာ ဖြစ်လာသမျှကို.."

"ကျွန်တော်ယောကျာ်းမဖြစ်ချင်ဘူး.."


www.burmeseclassic.com

www.burmeseclassic.com


"ဘာ.."

"ကာလာနဲ့ဝေးခဲ့ရတာ ကျွန်တော်ယောကျ်ားဖြစ်နေလို့ပဲ..ကျွန်တော့်ကို ရှုံတယ်လို့ပြောထည့်လိုက်တာလည်း ယောကျ်ားမို့လို့ပဲ.."

"မိုးဆက်ရာ..မင်းအဲ့ဒါ.."

"ကျွန်တော်ရှုံးသွားပြီလို့ အန်ကယ်လ်ထင်လား.."

"ရှုံးသွားရင် သနားစရာပေါ့ကွ..မင်းကမရှုံးဘဲ အရှုံးကွက်နင်းနေတာမျိုး၊ မင်းဘာတွေဖြစ်နေတာလဲ ပြောစမ်း..ဆောင်းမျက်နှာနဲ့အတူတူ ရှိနေချိန်တွေကလွဲရင် မင်းအခန်းအောင်းနေတယ်၊ သူ့ပုံတွေပဲဆွဲတယ်..ကဗျာတွေရေးတယ်.."

ဟိုအရင်ကဆို 'အန်ကယ်လ် ကျွန်တော့်အခန်းထဲ ဝင်ကြည့်တယ်ပေါ့' ဆိုတဲ့ မေးခွန်းနဲ့အကြီးအကျယ် ပြဿနာဖြစ်ဖွယ်ရှိပေမယ့် ခုချိန်မှာ ဘာပြောပြော မိုးဆက်မျက်နှာက အပြောင်းအလဲကိုလည်း မမြင်ရ။ မြင်နေရသည့် မျက်ဝန်းတွေမှာလည်း လှုပ်ရှားခံစားမှုတို့ မရှိသလိုဖြစ်နေခဲ့ပြီး.. ၊

"ကျွန်တော်အစက မျိုသိပ်နေနိုင်ပေမယ့် သူမုန်းသွားပြီဆိုတော့ မရတော့ဘူး.."

"မိုးဆက်..မင်းကိုသူ ကားနဲ့တိုက်သတ်ခဲ့တာနော်၊ မင်းရပ်နေတာ သိသိနဲ့ ကားမရပ်ဘဲတိုက်ပစ်တာ.."

ဦးထက်ကောင်း အသားတုန်မတတ်ဒေါသတွေဖြစ်နေသည်။ တစ်ချိန်လုံး သူရှိနေခဲ့ပါလျက် ဖြစ်ပျက်နေကြတာကိုလည်း ကြားနေမြင်နေရသော်ငြား သူစိုးရိမ်ခဲ့တဲ့အတိုင်း မိုးဆက်တကယ်ပြောင်းလဲသွားပြီဆိုတာ သိလိုက် ရသည့်အချိန်မှာ အံ့သြကြေကွဲခြင်းက အရာရာကိုတုံ့ဆိုင်းတွေဝေစေခဲ့၏။

ထို့ကြောင့် မိုးဆက်နဲ့ဆောင်းမျက်နှာ ခြံထဲရောက်သွားသည့်ခဏလေးကို မမီလိုက်နိုင်ခဲ့ဘဲ ဖြစ်သွားခဲ့သည်။ အခြေအနေအစအဆုံး မြင်လိုက်ပေမယ့် တားဆီးချိန်လည်းမရ ကယ်တင်ချိန်လည်းမရလိုက်ဘဲ.. ၊

"အနားမှာငါသာရှိမနေရင်..မင်းရင်ဘက်ကို စူးထားတဲ့ကြွေပြားအကွဲအလည်း ရှေ့နည်းနည်းနက်ပြီး နှလုံးကိုထိခဲ့ရင်.."

"ထုတ်ချင်းပေါက်စူးပြီး တစ်ခါတည်းသေသွားဖို့စိတ်ခဲ့တာ.."

"ဘယ်လို.."

"သူမရှောင်ရင် ကျွန်တော်သေသွားမှာပဲ..ရှောင်လိုက်တဲ့အတွက်သူ


www.burmeseclassic.com

www.burmeseclassic.com

လည်း အထိနာသွားတယ်၊ ကျွန်တော်လည်း ကံဆိုးတယ်.."

"ရှောင်တာမဟုတ်ဘူးမိုးဆက်..သူ့တမင်လွှတ်တင်ပြီး ဝင်ဆောင့်တာ၊ တိုက်မိကာနီးမှ သတ္တိကြောင်ပြီး အသေအလဲရှောင်တာ.."

ပတ်တီးတွေကြားက မျက်လုံးနှစ်လုံး ဦးထက်ကောင်းဆီ ရွေ့လျားလာသည်။ ဘာပြောမလို့လဲဆိုသည့် အကြည့်နှင့် ဦးထက်ကောင်းကလည်း ဆက်မပြောဘဲ နားစွင့်နေ၏။

"သူကျွန်တော့်ကို ထိခိုက်အောင်ဘယ်တော့မှမလုပ်ဘူး..အသေသတ်ဖို့ဆိုတာ အဝေးကြီးပဲ၊ အန်ကယ်လ်ဘာကိုမယုံတာလဲ.."

"ယုံရအောင်ငါက ပုံပြောတိုင်းမော့ငေးနေတတ်တဲ့ အရွယ်မှမဟုတ်ဘဲ ကွ..မင်းကိုထိုးကြိတ်တာ ကားနဲ့တိုက်ဖို့လုပ်တာတွေ ငါ့မျက်စိရှေ့မှာတင်"

မိုးဆက်က ရှေ့ပြန်လှည့်သွားပြီး လမ်းပေါ်ကကားတွေကို အပေါ်ထပ်ကနေ ငုံ့မိုးနေရင်း.. ၊

"အဲ့ဒီလိုဖြစ်လာရင်သေချင်လို့ ကျွန်တော်တမင်လုပ်ထားတာ"

"ဟင်..ဘာ.."

"သူ့ရောက်လာတည်းက ကျွန်တော်ဘာရိတ်ဖြတ်ပစ်လိုက်တာ"

"မိုက်လှချေလားမိုးဆက်..မင်းဒီလောက်တောင်ရူးရလား.."

"သူ့ကိုဒီနေ့ဖွင့်ပြောတော့မယ်လို့ ဆုံးဖြတ်လိုက်တည်းက မဖြစ်နိုင်ဘူးဆိုတာ သိနေတယ်..ဒါပေမယ့် မျှော်လင့်ခဲ့တယ်၊ မရမကတောင်းယူဖို့ ဆုံးဖြတ်ခဲ့တယ်..ဘယ်လိုပဲ အောက်ကျခယပေ့စေ၊ ဒူးထောက်ပြီးပဲဖြစ်ဖြစ် သူဥပေက္ခာမထားနိုင်တော့အောင် တောင်းပန်မလို့.."

"အဲ့ဒီတော့ အထိုးခံရရော.."

မိုးဆက်က ငေးနေကာ.. ၊

"သူလက်ခံမှာမဟုတ်မှန်း ကျွန်တော်သိတယ်..ဒါပေမယ့် သူလက်ခံနိုင်တာတွေ ဂရုမစိုက်တတ်တာတွေ အဲ့ဒါတွေကပဲ သူ့ကိုစွဲလမ်းစေခဲ့တာ အဲ့ဒီစိတ်ကြောင့်ပဲ ကျွန်တော်ပြောင်းလဲခဲ့တာထင်တယ်.."

နားထောင်ချင်ဖွယ် မရှိပေမယ့် ပြောနေသမျှဒေါသထွက်ဖွယ် သည်းယားဖွယ်တွေချည်း ဖြစ်နေသော်ငြား နက်ရှိုင်းစွာ စူးနစ်ခံစားနေ မိုးဆက်ရဲ့မျက်ဝန်းတွေကြောင့် ဦးထက်ကောင်းဒီတိုင်းပဲ ငြိမ်နေ

"သူကလွဲရင် တခြားမိန်းမ ယောကျ်ားဘယ်သတ္တဝါမှ ... ကာလာ့ကို ကျွန်တော်လိုချင်တယ်၊ သူနဲ့ပဲ မခွဲမခွာနေချင်တယ်"


www.burmeseclassic.com

www.burmeseclassic.com



ဆွေးဆွေးစွာပြောနေသည့် မျက်ဝန်းတို့က အေးစက်စက်ဖြစ်လာခဲ့လျက်.. ၊

"အဲ့ဒါကြောင့် ချစ်ကြဖို့မှပြောလို့မရရင် ချစ်ခွင့်မရတဲ့ဘဝမှာ မနေချင်လို့ သူ့ကိုတခြားဘယ်မိန်းမမှ ပိုင်ဆိုင်တာလည်း မခံနိုင်လို့..ဖွင့်ပြောပြီးလို့ မုန်းကြရပြီဆိုရင် သူနဲ့အတူကားပေါ်လိုက်မယ်ဆိုပြီး.."

ကြံစည်ခဲ့တာက ဆောင်းမျက်နှာကို လုပ်ကြံဖို့မဟုတ်ပေ။ နှစ် ယောက်အတူ သေပွဲဝင်ပြီး အချစ်အမုန်းအားလုံးကို အဆုံးသတ်ဖို့။ ဒါပေမယ့်ဆောင်းမျက်နှာရဲ့ လက်သီးချက်မှာသူ့ရဲ့ အားအင်အားလုံးဆုတ် ခမ်းသွားခဲ့သည်။

အသားနာတာထက် အသည်းနာခြင်းက ကိုယ့်ခြေထောက်ပေါ်ကိုတောင် ခိုင်ခိုင်မရပ်နိုင်တော့သည်အထိ.. ၊

"မိုးဆက်..မင်းငိုနေတာလား၊ ဒဏ်ရာတွေက ရေလုံးဝထိလို့ မရဘူးနော်.."

"သေတော့ဘာဖြစ်လဲ..ကျွန်တော့်ကိုဆေးရုံအမြန်ပို့ခဲ့လို့ အန်ကယ်လ်တို ကျေးဇူးတင်နေမယ် ထင်လို့လား.."

"မထင်ပါဘူး..ဒါပေမယ့် အရာရာမှာ အမှားအမှန်နှစ်ဖက်ပဲရှိတယ်လေ၊ မင်းမမှားရင် သူမှားတာပဲ..သူမမှားဘူးလို့ မင်းပြောနေပြီဆိုတော့မှားနေတာက မင်းပဲ.."

မိုးဆက်က မလှုပ်မယှက်ငြိမ်နေ၏။

"ဘာပဲဖြစ်ဖြစ် ဒီတစ်ရက်နှစ်ရက်အတွင်း မင်းမိဘတွေရောက်လာတော့မယ်..သူတို့ပြောတာအရရော ငါ့ဆန္ဒအရပြောရရင် ကိုယ့်မိဘနဲ့အတူ ကိုပဲ လိုက်သွားတော့မိုးဆက်.."

"မလိုက်ဘူး.."

"ကောင်လေး..မင်းကွာ၊ မင်းကစိတ်ကူးတွေ ဘာမှမဖြစ်နိုင်ဘူးဆိုတာ နေရက်နဲ့ ဒီမှာဘာလုပ်ချင်သေးလို့လဲ.."

"ကျွန်တော် သူ့ကိုမကျေနပ်ဘူး.."

ဖြစ်ရပြန်ပြီ။ ရှုံးအောင်ချစ်ပါသည် ဆိုတာလည်းသူ.. ၊

"သူ့စကားတွေ သူ့ရဲ့ဥပေက္ခာတွေကို ကျွန်တော်မမေ့နိုင်ဘူး..သူ့လို ..ားတွေ သူ့ကိုပြန်ပြောရမှဖြစ်မယ်၊ သူကျွန်တော့်ကို ဟိုအရင်ကထက် ..ချစ် လာရမယ်.."



www.burmeseclassic.com

www.burmeseclassic.com


"မိုးဆက်ရာ..မင်း ငါပြောရရင် လူမမာဘဝကနေ နလံမထနိုင်ဘဲ တစ်ခါတည်း ဟပ်ထိုးလဲသွားဦးမယ်၊ လူချောလူလှဘဝနဲ့တောင် မင်းကို ဘယ်လို ဆက်ဆံခဲ့သလဲ..အခု မင်းမျက်နှာက.."

မိုးဆက်ရဲ့မျက်နှာ သူ့ဘက်ဖျတ်ခနဲလှည့်လာတော့ ပြောလက်စ ဒီမှာတင်ရပ်၏။

"ဟို..ငါပြောချင်တာက မင်းမျက်နှာအတော်ပျက်စီးခဲ့တာကိုပါ ဒေါက်တာပြောတာတော့ ဒီဒဏ်ရာတွေကို မျက်နှာပုံမပျက်အောင် ဘယ်လို ခွဲစိတ်ပြုပြင်ဖို့ မလွယ်ဘူးတဲ့..မင်းအရင် မိုးဆက်လေပြန်မဖြစ်တော့ သေ ချာနေပြီကောင်လေး.."

မိုးဆက်ရဲ့မျက်ဝန်းထောင့်တွေ နီရဲလာကာ မျက်ဝန်းအိမ်ထဲက ကြောတွေပါ မြင်လာရတဲ့အထိ အံကြိတ်ထားခဲ့လျက်.. ၊

"ရုပ်ဆိုးတော့ဘာဖြစ်လဲ..အဲဒါသူ့အပြစ်ပဲလေ၊ ကျွန်တော့်ကို အောင် တိုက်သတ်ပစ်ခဲ့ရင်ပြီးပြီ..ကျွန်တော်မသေတဲ့အတွက် သူ့ကိုပြန် မယ်၊ သူ့ဘဝ သူ့နှလုံးသားကိုမှ ဒီတစ်ခါထပ်တောင်းလို့မရရင် သတ် တော့မယ်.."

"မိုးဆက်.."

"တုံးခုလို့မှမရရင် သေနတ်နဲ့ပစ်ချမယ်..သစ်ပင်ရင်းကနေ မယ်.."

"လူနာကို အယ်ထရာဆောင်းရိုက်ဖို့ ရှိပါတယ်ရှင့်.."

စကားပြောနေတုန်း အပြာရောင်ဝတ်ထားသည့်နာ့စ်တစ်ယောက် ရောက်လာသည်။ သူမကိုယ်တိုင်ဝှီးလ်ချဲကို တွန်းယူသွားဖို့ကိုင်လိုက်လျှင်

"ဘာလာလုပ်တာလဲ..စကားပြောနေတာ မမြင်ဘူးလား.."

"အမလေး.."

သူနာပြုရဲ့လက်ကို ပုတ်ချပစ်ပြီးအော်ကာ.. ၊

"ဘယ်သူမှမလာနဲ့သွား..သွားကြ.."

"မိုးဆက်.."

"သွားပါဆိုဗျာ.."

ချက်ချင်းကြီး ဝုန်းဒိုင်းထဖြစ်၏။ ပြီးတော့ အသက်ရှူတော့ ကာ မျက်နှာကဒဏ်ရာတွေကနေ စိမ့်ထွက်လာသည့်သွေးတွေ ဖြူတွေမှာ သိသာအောင်စွန်းထင်းလာကြ၏။ ဦးထက်ဆောင်းဆရာ


www.burmeseclassic.com

www.burmeseclassic.com



ပြေးခေါ် ဖုန်းပြေးဆက်နှင့် ဒေါင်ချာစိုင်းသွားခဲ့သည်။

ထို့နောက်မှာ မိုးဆက်လေအိပ်ပျော်သွားတာနှင့် မကြာမကြာဟစ် အော်သောင်းကျန်းတတ်ကာ အိပ်ရာနိုးတော့လည်း ငေးငိုင်ပြုံးကြောင်လျက် ရှတ်တရက် ဟိုဟာမမှတ်မ ဒီဟာမမှတ်မိ..။

မိဘတွေရောက်လာကြပြီး စကားကောင်းကောင်းပြောလို့ရသည့် အချိန်ကို စောင့်ကြရသည်။ ပြောလို့ရတော့လည်း မိုးဆက်ပါးစပ်ထဲမှာ က လာဆိုတာပဲရှိကာ သူထင်ရာပြောနေရင် ကောင်းသည်။ သူ့စကားကို တစ်ခု ခု နားချဝေဖန်လိုက်တာနှင့် ဝုန်းဒိုင်းထကြတတ်၏။

"ငါတို့ဘယ်လိုလုပ်ကြမလဲကောင်း..သားကမှတ်ဉာဏ်တွေ ချို့ယွင်း တဲ့အထိ ဖြစ်နေပြီ.."

ဦးထက်ကောင်း ဘာလုပ်သင့်သည်ကို တွေးမိလိုက်သည့်အချိန်မှာ မိုးဆက်၏ရောဂါ အရှိန်ကလည်း ခေါင်းစဉ်တပ်ဖို့ခက်ခဲနေဆဲ ရှိကာ..။

"မိုးဆက်..မင်းအန်ကယ်လ်ပြောတာကို စိတ်အေးအေးနားထောင်ပါ လား၊ မင်းနဲ့ကာလာအတွက် အကောင်းဆုံးနည်းလမ်းပြောပြမလို့ပါ.."

မိုးဆက်အခြေအနေက အဖေ အမေရယ် ကာလာဆိုတဲ့နာမည်ရယ်မှ လွဲရင် တခြားဘာပြောပြော သူစိမ်းပြင်ပြင်ကြည့်သည်။ မသိသလိုနေ၏။ တစ်ခါတလေ သူနားထောင်နေသည်ထင်ပြီး ဒီဘက်ကစကားတွေပြောနေ ပေမယ့် သူမေးချင်ရာထမေး သူပြောချင်တာ ပြောနေတတ်တာလည်းရှိကာ..

"မင်းမျက်နှာကို ခွဲစိပ်ရတော့မယ်..ငါတို့က ငွေကုန်ခံနိုင်တယ်၊ မင်း မျက်နှာကို နဂိုအတိုင်းပြန်ရအောင်လည်း ပြင်ဆင်ပေးနိုင်တယ်..ဒါပေမယ့် မိုးဆက်လေပြန်ဖြစ်သွားရင်ရော မင်းပျော်နိုင်မလား.."

ပျောက်ဆုံးနေခဲ့သော သက်ဝင်လှုပ်ရှားမှုများ မိုးဆက်လေမျက်နှာ မှာ ပြန်ပေါ်လာသည်။ သူပြောမည့်စကားကို ရှေ့ဆက်လို့ရပြီမှန်း ဦးထက် ကောင်းနားလည်သွားကာ..။

"မင်းသတိပြန်ကောင်းလာတုန်းက ငါ့ကိုပြောခဲ့တယ်..ကျွန်တော် ယောက်ျားမဖြစ်ချင်တော့ဘူးတဲ့.."

မိုးဆက် သူ့ဘက်ကိုမျက်နှာ အပြည့်လှည့်လာသည်။ လက်တင်ပေါ် မှာ ဒီတိုင်းတင်ထားသည့် လက်နှစ်ဖက်ကတင်းကျပ်စွာ ဖိဆုပ်ထားခြင်းကို ဖြစ်စေကာ..။

"ကျွန်တော်..ကျွန်မ ကျွန်မ..ကျွန်တော်..ကျွန်မ.."



www.burmeseclassic.com

www.burmeseclassic.com


နှုတ်ခမ်းလှုပ်ရုံ ရေရွတ်နေ၏။ ဦးထက်ကောင်းကတော့ သေချာကြား နေရသဖြင့် ရင်နင့်သွားခဲ့သည်။ ပြီးတော့ မပြောချင်သည့်အကြောင်းအရာကို ပဲ ပြောဖို့ရှေ့တိုး၍.. ၊

"မင်းပြောခဲ့တာကို သတိရလား.."

"ဘာလဲ.."

"ကာလာက မိုးဆက်လေကို မုန်းသွားပြီမို့လို့ မင်းလည်းမိုးဆက်လေ ကို ပျောက်ကွယ်သွားစေချင်တယ်..အဲ့ဒါကြောင့်ယောက်ျားမဖြစ်ချင်တော့ဘူး ဆိုတာ.."

"ဟုတ်တယ်..ယောက်ျားမလုပ်ချင်ပါဘူး၊ ကာလာက ယောက်ျားချင်း ဘယ်လိုလုပ်ကြိုက်မှာလဲ.."

"အဲ့ဒါဆို မင်းဘာလုပ်မလဲ.."

မိုးဆက်က ရန်လိုစွာကြည့်သည်။ ပြီးတော့ သူ့လက်ကို ဖျတ်ခနဲဆွဲ ကိုင်ကာ.. ၊

"ဘာလာပြောနေတာလဲ..မိုးဆက်အကြောင်း ကာလာရှေ့မှာပြော ကြည့်စမ်း.."

"ငါမပြောပါဘူး..အခု မင်းနဲ့ပြောချင်တာက.."

"ရှင်..တော်တော့.."

ဟင်.. ၊

ဒါကိုပြောမလို့ပေမယ့် ဦးထက်ကောင်းနားနဲ့ ဆတ်ဆတ်ကြားလိုက် ရတော့ ငေးကြောင်သွားခဲ့သည်။ ထိုပြင် အခန်းထဲဝင်လာကြသော မိုးဆက် ရဲ့မိဘနှစ်ပါး ရောက်သည့်နေရာမှတင် ခြေလှမ်းတွေရပ်တန့်ကုန်ကြသည်။

"ဘုရား..ဘုရား.."

"သား.."

မိခင်ထက် ဖခင်ဖြစ်သူက မိုးပြိုသလို မျက်နှာကြီးဖြစ်သွားခဲ့ပြီ..

"ကြည့်စမ်း..မင့်သား မင့်သားပြောနေတာကြားလား.."

သူတို့တွေ ချောက်ချားကုန်သည့်အချိန်မှာပဲ မိုးဆက်၏မှုမှုန်သော မျက်နှာသည်.. ၊

"ရှင်တို့တွေ ဘာကြည့်နေတာလဲ..သွားကြပါတော့.."

ကံကြမ္မာသည် သက်ဆိုင်သူတို့ကို စိမ်ခွင့်မပေးခဲ့ဘဲ ပဥ္စက်ဆင်အား ကကြိုးတို့ဖြင့်.. ၊


www.burmeseclassic.com

www.burmeseclassic.com



"ကာလသ္ဘကိုခေါ်ပေးပါ..ကျွန်မ သူနဲ့တွေ့ပါရစေ၊ အဟင့်..ဟင့်.."

"ဟာ..မငိုရဘူး.."

ဦးထက်ကောင်းကမန်းကတန်း တားဆီးသည်။

"သား.."

မိုးဆက်ရဲ့မိခင် မျက်ရည်တွေတွေကျကာ သားဆီပြေးလာပေမယ့်..၊

"လူနာနားပါစေနော်..ခဏထွက်ပေးကြပါ.."

"ကျွန်မသားလေ..သား.."

မိခင်၏ ငိုကြွေးသံကိုလည်း မိုးဆက်မသိတော့ပေ။ ဆရာဝန်နဲ့သူနာပြုတို့ ဝင်လာကြသည့်ကြားကနေ ငိုနေသည့်သူမအသံတွေ စိတ်ပျက်သလို လှမ်းကြည့်နေ၏။

ထို့နောက်မှာ မိုးဆက်နှုတ်မှပြောဆိုလာသံမျှ ကျွန်မဖြစ်လိုက် ကျွန်တော်ဖြစ်သွားလိုက်.. ၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၄)

ဆောင်းမျက်နှာရဲ့ ဓာတ်ပုံတွေကို ဗီနိုင်းထုတ်ပြီး နံရံတွေမှာကပ်ပေးထားရသည်။ ဆောင်းမျက်နှာရဲ့ပုံနှင့် ရုပ်တုထုဆစ်ကာ တစ်ခန်းတည်းမှာ ထားပေးခဲ့သည်။ ထို့ပြင် မိန်းကလေးတွေနဲ့ပေးတွေ့ပေါင်းသင်းစေခဲ့၏။

မိန်းမချင်း စကားပြောသလို ပြုပြင်ပြောင်းလဲခဲ့ရတာတောင် သိပ်မခဲယဉ်းခဲ့ပေ။ အသားအရည်နူးညံ့လာအောင် တစ်ကိုယ်လုံးကို ပြုပြင်ခြယ်မှုန်းခဲ့ရတာလည်း နှစ်နဲ့ချီ၏။

မိုးဆက်ရဲ့ကယောင်ကယက်စိတ်တွေဟာ သူ့ကိုယ်သူမိန်းမတစ်ယောက်ဆိုသည့် အသိမှာပဲ ပြန်လည်တည်ငြိမ်စပြုလာခဲ့၏။ ပြီးတော့ ယောကျ်ားတစ်ပိုင်းရှိနေသော စိတ်အခံကြောင့် ဘာဖြစ်ဖြစ်မာကျောသည်။ ဆုံးဖြတ်ရဲသည်။ လုပ်ရဲသည်။

ထိုအခါ နှင်းဆီချူအဖြစ် ပုံပေါ်လုပလာခဲ့သည့် မိန်းမတစ်ယောက်က ခပ်ကြောကြောအကြည့်တွေ အပြောတွေကြောင့် ထူးခြားသည့်ဆွဲဆောင်မှု အပြည့်နှင့်.. ။

"ကာလာ..ချူလေ ချူရှင့်ကိုအရမ်းချစ်တယ်..ချစ်တယ်ကာလာ.."

တစ်ယောက်တည်း အခန်းထဲမှာရှူးသွပ်မိတိုင်း မျက်နှာပုံတူကပ်ထားသည့် ရုပ်တုကိုတယုတယဖက်တွယ်ထားနေလျက်.. ၊

"အချစ်ဆိုတာ အဆိပ်အတောက်တွေနဲ့ စုစည်းထားတဲ့လက်နက်တစ်ခုပဲကာလာရဲ့..ရှင့်ကိုချစ်မိတဲ့အတွက် ချူအဆိပ်မိခဲ့တယ်..အဆိပ်ကြောင့်သေ စေနိုင်ပေမယ့် ချူကတော့ ရှင့်ဆီကိုပြန်လာဖို့ ခုထိအသက်ရှင်နေခဲ့တာ.."

"ဟား ဟား ဟား..ရှင်ပေးခဲ့သမျှ ချူယူခဲ့ရတာလေ၊ အခု ရှင့်ကို[illegible]မယ်..ချူကပေးသမျှ ရှင်ယူရမယ်၊ ရှင့်ဆီကို မကြာခင်လာခဲ့မယ်ကာလာ.."

"သတ်ပစ်မယ်..ချူ့ကိုရှင်မချစ်ရင် သတ်ပစ်မှာ၊ ကာလာဆိုတဲ့လူ[illegible]ကျွန်မသိပ်မုန်းတယ်..အရမ်းမုန်းတယ်.."

မိုးဆက်ရဲ့အခြေအနေသည် ချစ်ခြင်းနဲ့မုန်းခြင်းကြားမှာ [illegible]နေခဲ့လျက်.. ၊



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုယ်သူ မိုးဆက်လေဆိုတာကို မေ့သွားလို့တော့ မဖြစ်ဘူးအန်ကယ်လ်..ဒါပေမယ့် ကာလာဆိုတဲ့ နာမည်ကိုတော့ သူမေ့မှဖြစ်မယ်.."

"ဟုတ်တယ်..သူ့ကိုကာလာဆိုတဲ့ လူဆီလွှတ်လို့မဖြစ်သေးဘူး၊ Body Treatment နဲ့ပတ်သက်တာတွေ အားလုံးလုပ်ပေးထားတယ်..ခုထိဆို အကြိမ်ရေတောင် မနည်းရှိနေပြီ၊ ဒါပေမယ့် မိန်းမသားတစ်ယောက်ရဲ့ အသား အရည်ဖြစ်ဖို့က ဒီလောက်နဲ့တော့မရသေးဘူး.."

သူ့ကို အပ်နှံထားသည့် ဆရာဝန်ကြီးတွေက နှင်းဆီချူအဖြစ်ပြောင်းလဲရေးအတွက် အကုန်လုံးကအားကြိုးမာန်တက် ကြိုးပမ်းခဲ့ကြသည်။ အဖြစ်အပျက်အရရော လူနာရဲ့ပြောင်းလဲနေသည့် ခံစားချက်တွေကအစ ထူးခြားဖြစ်စဉ်အဖြစ် ဆေးပညာပိုင်းအတွက် အထူးစိတ်ဝင်စားဖွယ်ဖြစ်နေရကာ..

"သူသိနေပါတယ်..သူ့ကိုယ်ခန္ဓာအားလုံး ပြောင်းလဲသွားပြီဆိုတာ သူသိတယ်၊ သူ့ကိုယ်သူ နှင်းဆီချူလို့လည်း သတ်မှတ်နိုင်တယ်..ဒါပေမယ့်ကာ လာဆိုသူအပေါ်မှာ မိုးဆက်လေထားခဲ့တဲ့ ချစ်ခြင်းအတိုင်းရှိနေတာက စိုးရိမ်စရာဖြစ်နေတယ်.."

"ဟုတ်တယ် ဦးထက်ကောင်း..ကျွန်မတို့ကတော့ ခွဲစိတ်မှုအားလုံး အကောင်းဆုံးဖြစ်လာတဲ့အတွက် ကိုယ်တာဝန်ယူခဲ့တဲ့အပိုင်းကို ကျေပြွန်တယ်၊ ဒါပေမယ့် ပေးဆပ်ရင်းနီးထားရတဲ့ ကာယကံရှင်နဲ့ ဦးထက်ကောင်းတို့အတွက် နှစ်နာမှုထပ်ရှိလာနိုင်လို့ သတိပေးတာပါ.."

"သူ့စိတ်တည်ငြိမ်နေတုန်းမှာ သေချာဆုပ်ဖမ်းပြီး ခင်ဗျားစည်းရုံးနိုင်ဖို့ လိုတယ်..ကျွန်တော့်စိတ်ကူးကိုပြောရရင် သူ့ကိုစိတ်ကျန်းမာရေး ဆရာဝန်နဲ့.."

"စိတ်ကျန်းမာရေးဆရာဝန်နဲ့ပြရအောင် နှင်းဆီချူက ရူးနေတာမှ မဟုတ်ဘဲ.."

မိတ်ကပ်ဆရာမရဲ့ ကနွဲ့ကလျအသံနှင့်အတူ လူရိပ်နှစ်ရိပ်ပေါ်လာသည်။ မိတ်ကပ်ဆရာမမေကျော်ရဲ့ နောက်မှာ ချူကအဖြူရောင်တီရှပ်လက်ပြတ်လေးနှင့် အဖြူရောင်ဂျင်းသရီးကွာတားကို ဝတ်ထားသည်။

သုံးနှစ်တာကာလမှာ ရှည်လာသည့်ဆံပင်ကို ကျောလယ်မရောက်တရောက်နှင့် ခပ်တွန့်တွန့်လေး ခွေထား၏။ နားနှစ်ဖက်မှာအဖြူရောင် စိဝယ်ပွင့်ပုံ နားကပ်လေးတွေက ပါးပြင်ညက်ညက်လေးနဲ့ ဝင်းနေလေသည်၊

သူမကိုပဲ အားလုံးဝိုင်းငေးနေကြတော့ မေကျော်ကတွန့်တွန့်ခါခါ



www.burmeseclassic.com

www.burmeseclassic.com


လျှောက်လာရင်း ပြုံးလိုက်ကာ ။

"အဲ့ဒါ မျှားပြင်ပေးထားတာ မဟုတ်ဘူးနော်..သူ့စိတ်ကြိုက်ခြယ်မှုန်းထားတာ..ဟွန်း ဟွန်း.."

"လှလိုက်တာ.."

ခွဲစိတ်ပါရဂူ ဒေါက်တာဝင်းဝင်းသန့်က ပြုံးလိုက်ရင်းခေါင်းညိတ်လို့မပြီးနိုင်။ ဒေါက်တာ ဦးရဲနိုင်က အံ့သြလောက်အောင်ပြောင်းလဲသွားတာကိုပဲ အံ့သြမဆုံးဖြစ်နေခဲ့လျက်.. ။

"ဒေါက်တာစိုးရိမ်နေတာမျိုး သိပ်တောင်မဖြစ်နိုင်လောက်ဘူး ထင်တယ်နော်.."

ဒေါက်တာ ဝင်းဝင်းသန့်က ထောက်ခံခေါင်းညိတ်ရင်း.. ။

"ဟုတ်တယ်..ပုံကြမ်းအဆင့်မှာပဲ ကျွန်မတို့တွေ စိုးရိမ်ပိုနေကြတာ အခုခု မိုးဆက်လေဆိုတာမရှိ.."

"မိုးဆက်လေနာမည်ကို လုံးဝမပြောရဘူးလို့ ချူပြောထားပြီးပြီထင်တယ်.."

ချူ့မျက်နှာလေးက တင်းနေသည်။ ပါရဂူတွေကို ကိုယ့်ရဲ့ကျေးဇူးရှင်တွေလို့ မမြင်ဘဲ လက်အောက်ငယ်သားအလုပ်သမားတွေလို ဆက်ဆံသည့် အကြည့်တို့ဖြင့်.. ။

"အန်ကယ်လ်ကိုချူ့က ကိုယ့်ဦးလေးဆိုပြီး တစ်ဦးတည်းသောဆုံကြည်ထိုက်သူအနေနဲ့ ထားတာ..ချူ့အကြောင်းတခြားသူတွေနဲ့ ခုလိုဝိုင်းပြီး ပြောနေကြတာ ချူမကြိုက်ဘူး.."

"မိုး..အဲ ချူ..ဒီဒေါက်တာတွေက မင်းလိုအပ်တဲ့ခွဲစိတ်မှုတွေအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြတဲ့ သမားတော်ကြီးတွေပါ၊ သူကခွဲစိတ်အထူးကုဆရာဝန် ဒေါ်ဝင်းဝင်းသန့်တဲ့..သူက နား နှာခေါင်း လည်ချောင်းခွဲစိတ်အထူးကုဆရာဝန်ကြီးပဲ..မင်းရဲ့အသံအိုး ခွဲစိတ်.."

"ချူအားလုံးသိပါတယ်.."

စကားမဆုံးခင် ဖြတ်ပြော၍ အနားလျှောက်လာကာ.. ။

"မိုးဆက်လေဖြစ်ခဲ့တာကိုလည်း မှတ်မိတယ်..ဘာဖြစ်လို့ နှင်းဆီဖြစ်လာခဲ့လဲဆိုတာလည်း သိတယ်၊ ချူ့ကိုအရှုးလို့ထင်ပြီး သူတို့နဲ့တိုင်ပင်ဖို့ မလိုဘူး.."

"မဟုတ်ဘူး..မဟုတ်ဘူး အဲ့ဒါက.."


www.burmeseclassic.com

www.burmeseclassic.com


"တကယ်ဆို..မိုးဆက်လေ ခွဲစိပ်ရတဲ့ကော့စ်က တော့ပ်စီးကရက်တ်ပဲ၊ တစ်ယောက်ပိုသိရင် တစ်ယောက်အန္တရာယ်ပေးနိုင်တယ်..ရှေးခေတ်က ဘုရင် တွေဆိုရင် လျှို့ဝှက်ဥမင်ဖောက်ပြီးတာနဲ့ လုပ်သားတွေကိုတစ်ယောက် ခကျန်သတ်ပစ်တာ.."

"ဟင်.."

"မိုးဆက်.."

"ချူလည်း ဦးထက်ကောင်းလို့ ခေါ်လို့ရတယ်နော်.."

ချူ့ဒေါသက မိုးဆက်လေဆိုသည့် နာမည်ကြားလိုက်တိုင်း လေဇော့ သွားသည့် အောက်ကမီးခဲကဲ့သို့.. ၊

"ချူ့ကိုနောက်ထပ် မိုးဆက်လို့ခေါ်ရင် ဘယ်သူဖြစ်ဖြစ်ညှာမှာမဟုတ် ဘူး.."

"မင်းလည်းကိုယ့်ကိုယ်ကို နှင်းဆီချူလို့သတ်မှတ်ရင် လှပချောမွေ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့လေသံဟန်ပန်တွေနဲ့ နေတတ်ဖို့လိုသေးတယ်.. ခင်းသားခေါင်းဆောင်းထားပြီး ဘီလူးကကနေတာ မင်းကိုယ်မင်းမှန်ပြေး ကြည့်ဦး.."

ကြောက်မက်ဖွယ်ကြိမ်းဝါးမှုများနှင့် ချူ့စကားတွေကြောင့် သမား တော်ကြီးတွေ အထိတ်တလန့် ဖြစ်ကုန်ကြတာ နှုတ်တောင်မဆက်ကြဘဲ အလျှိုအလျှိုထွက်သွားကြ၏။ ဦးထက်ကောင်းကိုယ်တိုင် လူအများရှေ့မှာစော် ကားခံလိုက်ရသဖြင့် ရှုတ်တရုပ်မထိန်းနိုင်.. ၊

"ငါမင်းရဲ့ ဦးလေးအရင်းကြီးနော်..စကားကိုတရားလက်လွတ်မပြောနဲ့၊ ပြီးတော့ ဒါမြန်မာနိုင်ငံမဟုတ်ဘူး.."

"အန်ကယ်လ်လည်း ခေါ်တာဆင်ခြင်ပါ..ကျွန်တော့်ဘဝတစ်ခြမ်းကို ကျွန်တော်လှီးထုတ်ပစ်ခဲ့တာလေ၊ စွန့်လွှတ်ခဲ့ရတာနဲ့တော့ တန်မှဖြစ်မယ်.."

"ဘဝတစ်ခြမ်းပဲဖြစ်ဖြစ် တစ်ဘဝလုံးပဲဖြစ်ဖြစ် ဘယ်အရာမှ ကိုယ် ဆုံးသလောက် ပြန်မရဘူးနှင်းဆီချူ..မင်းရဲ့ခြေလှမ်းမစခင် မင်းပထမဆုံး ခုတ်ထားရမှာအဲ့ဒါပဲ၊ နှင်းဆီချူဆိုတဲ့ဘဝကို မင်းအတွက်အကောင်းဆုံး ဖြစ်မယ် ထင်လို့ ငါကိုယ်တိုင်ရွေးချယ်ပေးခဲ့တာ..မင်းက အသက်ဝင်လာပြီး ခန်းပုဆရာ ကို ပြန်စားတဲ့ဘီလူးရုပ်လို ချိုးတာလား.."

ငေးငိုင်တရားကျနေသလို ရှိနေပြီးမှ ချူကမဲ့လိုက်ကာ..

"အဲ့ဒီပန်းပုဆရာက သူဘာရုပ်တုထုနေလဲဆိုတာကို မမဲ့နေလို့ဖြစ်မှာ


www.burmeseclassic.com

www.burmeseclassic.com



ပေါ့..."

ကြည့်စမ်း...။

ဦးထက်ကောင်း အရေးကြီးစဉ်းစားဖွယ်အဖြစ် ဒါကိုသတိရလာသည်။ အာရုံဇာကာချို့ယွင်းမှုနှင့်စခဲ့သော ခွဲစိတ်ပြောင်းလဲခြင်းကို မိုးဆက်ထော ထိန်းချုပ်နိုင်ပေ။ အချစ်နဲ့အမုန်းကြားမှာ အချစ်ကအားကြီးလာသည့်အခါ ငိုကြွေးမည်။ တမ်းတမည်။ အမုန်းစိတ် ထကြွလာတော့ သတ်ချင်ဖြတ်ချင် သည့်စိတ်တွေနှင့် ကြမ်းတမ်းသည့်ပုံပေါ်လာသည်။

ထို့ကြောင့် သူဆုံးဖြတ်လိုက်သည်က မိုးဆက်ရဲ့စိတ်ရောဂါ နှင့် ဆီချူအဖြစ် နူးညံ့ပျော့ပျောင်းလာဖို့ရာ အပူကိုအပူနဲ့ပြန်တိုက်ဖို့အပြင် တခြား မရှိတော့ပေ။

သားရဲ့အဖြစ်ကို ပြုပြင်ကယ်တင်ဖို့မလွယ်ကူတော့မှန်း သိလိုက် တည်းက မိခင်ခများသောကကြီးလျက် ဗုန်းဗုန်းလဲရှာ၏။ နောက်ဆုံး တစ် ယောက်ကိုတစ်ယောက် တွဲထူရင်း ဒီသားကိုမောင်ဖြစ်သူလက်ထဲ အပ်သွား ခဲ့ကြသည်။

မိုးဆက်လေရဲ့တစ်ဘဝလုံးဟာ သူ့လက်ထဲမှာပါ။ သူ့ရဲ့အတွေး စိတ်ကူးမှန်သမျှဟာ ဒီတူလေးအတွက်ချည်း ဖြစ်ခဲ့တာမို့ ဒီစေတနာစေတ တွေကို လက်သည်းဆိတ်လေးတောင် မခံနိုင်ပေ..။

"ကောင်းပြီ.."

သူခပ်မဲ့မဲ့ပြုံး၍ စိန်ခေါ်လိုက်သည်။ ပြီးတော့ သူမရဲ့ဘေးက မိတ် ကပ်ဆရာမကို တစ်ချက်ကြည့်လိုက်ပြီး..။

"တော့ပ်စီးကရက်တ်ဆိုတော့ ဘယ်သူမှသိလို့ မဖြစ်ဘူးပေါ့.."

"အယ်..သူများက လူယုံပါနော်.."

မိတ်ကပ်ဆရာမက ကပြားဖြစ်ကာ အောင်မယ်လေး အာလေးအာ ဘာသာစုံအောင်ပြောနေတော့သည်။ ဦးထက်ကောင်းက ချူ့ကိုပဲကြည့် ကာ..။

"ဒါကို ငါကစခဲ့တာဆိုတော့ မင်းပုံစံကလည်း ခေါင်းကိုလုံအောင် ခြုံရင် ဖင်ကပေါ်မယ်ဖြစ်နေပြီ..အဲဒီတော့ အရင်လုပ်သင့်တာက မင်း နှင်းဆီချူ လုံးလုံးလျားလျားဖြစ်သွားဖို့ပဲ.."

"အန်ကယ်လ်ဘာကိုပြောတာလဲ.."

"ငါဘာပြောလဲသိချင်ရင် ခဏတော့စောင့်ကြည့်ဦး.."



www.burmeseclassic.com

www.burmeseclassic.com



ဦးထက်ကောင်းပြင်ဆင်သည်က ချူနဲ့မိတ်ကပ်ဆရာမကို တိုက်ပိတ်ထားလိုက်ဖို့ပင်.. ။

"သူကြောက်တတ်လာမှ ဖြစ်မယ်..မိန်းမလုံးလုံးဖြစ်နေရမယ်၊ အဲ့ဒါကိုခင်းတာဝန်ယူမှဖြစ်မှာ.."

ချူ့ရဲ့မိတ်ကပ်ဆရာမနဲ့ လက်ဝါးရိုက်ထားလိုက်သည်။ သူမကိုယ့်ကိုယ်ကို အန္တရာယ်ပြုနိုင်ဖွယ် ပစ္စည်းအခန်းထဲမှာဘာမှ မထားဘဲ ဘယ်လိုနည်းနဲ့မှ ပြေးပေါက်မရှိသည့် အခန်းလည်းဖြစ်နေရန်.. ။

မိတ်ကပ်ဆရာမ ဘယ်လိုမှခေါင်းမခါနိုင်တော့အောင် ငွေကိုပစ်စသက်ခတ် ပုံချပေး၍ နှစ်ယောက်စလုံးကို ထည့်ပိတ်ထားလိုက်သည်။

"ဘာလုပ်တာလဲ..အန်ကယ်လ် တံခါးဖွင့်နော်.."

"ဦးထက်ကောင်း..ရှင့်ကို ကျွန်မသတ်မှာ.."

"လုပ်ပါဦး..တို့လည်း ပြန်လို့မရတော့ဘူး.."

မိတ်ကပ်ဆရာမက ချူးပွဲချငိုသည်။ ချူကဒေါသတွေထွက်၍ အခန်းထဲမှာ ဝုန်းဒိုင်းကျဲ၏။ သူမကိုယ့်ကိုယ်ကို အန္တရာယ်ပြုတော့မယ်ဆို မကျော်ဘ ဆွဲထားကာ.. ။

"ကာလာ့ကို ဒီတိုင်းထားခဲ့တော့မလို့လား..နင်သူ့အတွက် အများကြီးသုပ်ထားခဲ့တာကို ဒီလိုလုပ်လိုက်ရင် သွားပြီပေါ့၊ မလုပ်ပါနဲ့ဟယ်..ငါသင်ဆးထားတဲ့ မိတ်ကပ်ပညာတွေ ဒီဇိုင်နာအတတ်တွေကို အားပါးတရအသုံးချပြစမ်းပါ.."

ကာလာလို့ပြောလိုက်တိုင်း ချူ့ရဲ့ကြမ်းတမ်းမှုအားလုံး ရပ်တန့်သွားတတ်ကာ တဖြည်းဖြည်းငိုတတ်လာသည်။ တမ်းတငိုကြွေးသည့်အခါ ရှိုက်သံတွေက နင့်သည်းလာ၏။

"နင်အိပ်ပျော်သွားတုန်းက အန်ကယ်လ်ဒီရှေ့ရောက်လာတယ်သိအား..ငါက အထဲမှာစားစရာတွေကုန်နေပြီလို့ လှမ်းပြောတော့လေ စားစရာတွေ ကုန်တာကိုထပ်ယူမလား..ကာလာမိန်းမရသွားတာကို ဒီတိုင်းထားလိုက်မှာလား..တဲ့.."

"ဘာပြောတယ်.."

"ဟုတ်တယ်..ငါတို့ဒီထဲထည့်ပိတ်ခံရတာ တစ်လကျော်သွားပြီ၊ ကာလာဆိုတဲ့လူက မိန်းမယူတော့မယ့်ပုံပဲ.."

"မရဘူး..ငါသတ်ပစ်မှာ၊ အန်ကယ်လ် တံခါးဖွင့်ပေးပါ..ဖွင့်ပေး ဖွင့်



www.burmeseclassic.com

www.burmeseclassic.com


ပေးနော်.."

ကြိမ်းဝါးအော်ဟစ်နေရင်းကနေ တောင်းတောင်းပန်ပန်ငိုကြွေးလာလျက်.. ၊

"ဖွင့်ပေးပါ..ရှိခိုးပါတယ်၊ ဒူးထောက်ပါ့မယ်..ချူ ကာလာဆီသွားခါရစေ.."

"ချူလေ..နောက်ဆို အန်ကယ်လ်ပြောတဲ့စကားနားထောင်ပါ့မယ် ဘယ်တော့မှ မဆိုက်ရိုင်းတော့ပါဘူး.."

တောင်းပန်သံတွေမှာ အော်ဟစ်ကြိမ်းမောင်းသံ တစ်စိုးတစ်စိမျှ မကြားရလေမှ ဦးထက်ကောင်းက အပြင်ထွက်ခွင့်ပေးလာခဲ့၏။ ထိုအခါနှင်း ဆီချူသည် နဂိုရှိရင်းစွဲထက်ပို၍ သေးကျုံ့သော၊ ဆောင်းမျက်နှာကြီးသူများ လုယူသွားမှာစိုးသော စိုးရိမ်သဝန်တိုစိတ်များနှင့် မိန်းမလှလေးတစ်ယောက် အဖြစ်ရှိနေပြီဖြစ်လျက်.. ၊

"မင်းစိတ်တည်ငြိမ်မှ ဘယ်လောက်ယုံကြည်ရမလဲ ငါစမ်းသပ်ဦးမှာချူ..စိတ်မချရဘဲ မင်းလုံးဝသွားခွင့် မရှိဘူး၊ အခု မင်းကာလာ့ကိုတွေ့ချင်နေတာ ဘာအတွက်လဲ.."

"သူ့ကိုချစ်ပေမယ့် မုန်းတယ်.."

"ပြီးတော့ရော.."

"ချစ်တဲ့သူကို ဆုံးရှုံးရတဲ့ ဝေဒနာဘယ်လောက် ပြင်းထန်သလဲသူ့ကိုသိစေချင်တယ်..အသည်းကွဲလို့တော့ မသေနိုင်ဘူးဆိုရင် ချူကိုယ်တိုင်အေအောင် သတ်ပစ်မယ်.."

"သူ့ကိုရယူဖို့ရော မကြိုးစားတော့ဘူးလား..မင်းလိုမိန်းကလေးနဲ့အနီးကပ်နေရရင် စိတ်မဝင်စားတဲ့ ယောကျ်ားမရှိနိုင်ပါဘူး.."

မေးခွန်းတွေနဲ့လှည့်ပတ် စမ်းသပ်နေစဉ် သူမတစ်ချက်တော့ ငိုင်သွားသည်။ ထိုစဉ်က ဦးထက်ကောင်းကိုယ်တိုင် သူမချက်ချင်းမဖြေတာကိုအားမလို အားမရဖြစ်မိရင်း ဖြေတာကိုလည်း မစောင့်နိုင်.. ၊

"မင်းမဝေခွဲနိုင်ဖြစ်နေတဲ့အချိန် ဒီကောင်ငါ့လက်နဲ့သေရင် သေနိုင်တယ်..ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူကျူးလွန်ခဲ့တဲ့ အပြစ်ကဘယ်ရှိုးအဆပဲရှိနေနေ မင်းဒီလိုဖြစ်ရတဲ့အတွက် သူ့ကိုငါခွင့်မလွှတ်ဘူး သူမင်းအတွက် မဟုတ်ရင် သေကိုသေရမှာပဲ.."

"ချူ့လက်နဲ့သတ်မှာပါ..အန်ကယ်လ်ဝင်မပါပါနဲ့.."



www.burmeseclassic.com

www.burmeseclassic.com



အက်ဆီးဒန့်ဖြစ်ပြီးနောက်ပိုင်းမှာ ဒီနေ့သည်မိုးဆက်လေရဲ့ ဘဝတစ်ခုလုံး ပျောက်ကွယ်သွားခဲ့ပြီး နှင်းဆီချူအဖြစ် ပြန်လည်ပေါ်ထွက်လာသလို အမှန်တကယ်ဖြစ်လာခဲ့၏။

ဦးထက်ကောင်း စိတ်မကောင်းကြီးစွာဖြစ်ရသော်လည်း မိုးဆက်လေဘဝနှင့် ကြာရှည်ရပ်တည်နိုင်ဖို့ မလွယ်ကူမှန်းသိနေသောကြောင့် ကာယကံရှင်၏ ဖော်မပြနိုင်ဖြစ်နေသည့်ဆန္ဒကို ထုတ်ဖော်ပေးလိုက်ခြင်းဖြစ်သည်။

အချစ်သည် ဘယ်လိုအရာကို ဘယ်လောက်ထိပြောင်းလဲစေနိုင်သည် မသိပေမယ့် မိုးဆက်လေကတော့ အက်ဆီးဒန့်ကနေ ပြန်ရခဲ့သည့်မကောင်းကျိုးတွေ ဆင့်ခံလျက် အသိစိတ်တွေလည်း ကျိုးကြေပျက်ပြားခဲ့သည်။ ပြန်လည် စုစည်းမိခဲ့သည့်အချိန်မှာ မိုးဆက်လေပျောက်ကွယ်သွားခဲ့လျက် နှင်းဆီ ချူအဖြစ်သာ ရှိခဲ့လေသည်။

ထိုဖြစ်စဉ်အတွက် အမှန်းခံအရှုံးခံပြီး ပေးဆပ်ရင်းနှီးခဲ့သူက ဦးထက်ကောင်းသာ။စိတ်ကစဉ်ကလျားနှင့် မိုးဆက်လေရဲ့ဘဝတစ်လျှောက်လုံး တမ်းတ ကြေကွဲရင်း အဆုံးသတ်ရမည့်အစား ဖြစ်ချင်တဲ့အတိုင်းဖြစ်ခွင့်ပေးခဲ့သည်။ သူလုပ်ချင်ရာလုပ်ပါစေလို့ ဆုံးဖြတ်လမ်းဖွင့်ပေးခဲ့သည်။

အရာရာဟာအကောင်းတိုင်းဖြစ်လာခြင်း မလာခြင်းနှင့် ပတ်သက်သည်ကတော့.. ၊

☾*



www.burmeseclassic.com

www.burmeseclassic.com


အခန်း(၅၅)

မိုးတွေဘယ်လောက်သည်းနေလဲဆိုတာ မျက်နှာပေါ်ကို ဖြတ်ဆင်းနေသည့်ရေကြောင့် အသက်ရှူရခက်လာတော့မှ သတိထားမိသည်။ ဒါပေမယ့် သူမခြေလှမ်းတွေကို မရပ်တန့်နိုင်.. ၊

အဆုံးမဲ့နေသည့် ခရီးတစ်ခုကို သူမအလိုရှိနေသည်။ မိုးဆက်လေရဲ့ဘဝခရီး အဆုံးသတ်သွားခဲ့ပြီးမှ သူမပြန်ဆက်ဖို့ကြိုးစားခဲ့သည်။ ဒီခရီးနီးသလား ဝေးသလား ဘာညာမစဉ်းစားနိုင်ဘဲ မိုက်မဲစွာလျှောက်လှမ်းခဲ့၏။

ခုတော့ သူမလမ်းဆုံးမှာ ရပ်နေပြီး လမ်းပျောက်နေခဲ့ရပြီ။ ကာလာ့ကို သူမချစ်ခဲ့သည်။ ကာလာလို့ခေါ်ခွင့် မရခဲ့သည့်အလျှောက် နားလည်လာခဲ့တာက ကာလာ့ကိုသူချစ်ခဲ့မိသည့် အချစ်တွေက နှလုံးသားရင်ပြင်မှာ မှတ် ကျောက်တင်ထိုက်နေပြီ ဖြစ်လင့်ကစား ကာလာနှစ်သက်လက်ခံခဲ့တာက မိုးဆက်လေရဲ့ အချစ်တွေကိုမဟုတ်.. ၊

ကာလာ့ဆီက သူမလိုချင်ခဲ့သည်။ ဒါက နှင်းဆီချူအတွက် လိုအပ်နေသည့် အချစ်မဟုတ်။ ကာလာ့ကို မိုးဆက်လေက ခိုင်မြဲစွာချစ်နေခဲ့သည်။ ဒါကို ကာလာသိစေချင်သည်။ ရင်ထဲထည့်ကြည့်စေချင်သည်။

အချစ်ကိုသက်ရှိသတ္တဝါတိုင်း ခံစားတတ်ကြသည်။ ယောက်ျားချင်းမို့ မချစ်ရဘူးဆိုတာ ရှိသလား..ယောက်ျားဖြစ်နေပေမယ့် ယောက်ျားတစ်ယောက်အပေါ်မှာ ကိုယ်ခံစားမိတဲ့အတိုင်း ချစ်ခွင့်မရှိတော့ဘူးလား.. ၊

ကာလာ့ဆီက သူလိုချင်ဆုံးက မိုးဆက်လေရဲ့အချစ်ကို နားလည်သွားဖို့ပင်.. ၊

"ငါ့အချစ်ကို မင်းရင်ထဲနည်းနည်းလေးပဲ ထည့်ကြည့်ပေးပါ..ငါမင်းဆီက ပူလောင်ပြင်းရှာတာတွေ မတောင်းဆိုပါဘူး.."

သူဒီတိုင်းတောင်းပန်ခဲ့သည်။ ခယ တောင်းဆိုခဲ့၏။ ကာလာကတော့ နည်းနည်းလေးမှ အလျှော့အတင်းမရှိဘဲ ရက်စက်ခဲ့သည်။ ရာသီတွေပြောင်းသွားတာနဲ့အမျှ မိုးဆက်လေကိုလည်း သူကတော့ မေ့မှာပေါ့။

မမေ့နိုင်သည့် ရင်ဘက်ကြီးနဲ့ပြန်ရောက်လာခဲ့တာ မိုးဆက်လေဆိုရင် မင်းဘယ်လိုနေမလဲကာလာ။ ငါဟာ မိုးဆက်လေပါပဲ..ရှင်ချစ်နေတဲ့ နှင်း


www.burmeseclassic.com

www.burmeseclassic.com



ဆီချူဆိုတာ ရှင်မှန်းခဲ့တဲ့ မိုးဆက်လေပါ.. ။

"တိ.."

ကားပွန်းသံက ကိုယ့်ကိုရည်ရွယ်တာမှန်းသိသည်။ ဒါပေမယ့် သူမ လှည့်မကြည့်ဖြစ်ခဲ့။ ကားမီးရောင်က မိုးစက်တွေထဲ သိပ်မရောက်ပေမယ့် ရှပ် အင်္ကျီအနီရဲရဲ ဘောင်းဘီရှည်အနက်နှင့် သူမရဲ့နောက်ကျောကို လှမ်းမြင်လိုက် သည့် ပခြုပ်ကတော့ နှင်းဆီချူဆိုတာ သိလိုက်ကာ.. ။

"ခဏ..ခဏလေးကားရပ်ပေးပါ.."

"ဘာလုပ်မလို့လဲသမီး.."

"ဟိုမှာ..မိုးရေထဲမှာသွားနေတာ မမချူ.."

"ဘာ.."

"ဟဲ့..နေဦး.."

ပခြုပ်က ထီးယူပြီး ချက်ချင်းတံခါးလှည့်ဖွင့်သည်။

"ပခြုပ်နေဦးလေ..ကားရပ်မှဆင်း၊ စိန်သောင်း ကားရပ်လိုက်စမ်း.."

ဒေါ်ရွှေစင်ဦးက ပခြုပ်ကိုကမန်းကတန်း ဆွဲထားကာ ဒေါ်သူဇာတင် က ကိုယ့်ဒရိုင်ဘာကို လှည့်အော်ရင်း.. ။

"ဘာဖြစ်လို့လဲသမီး..နှင်းဆီချူဖြစ်တော့ ဟဲ့.."

"ကျွတ်..ဒီကောင်မလေးကတော့.."

လူကြီးတွေဘာမှ ဆက်မပြောနိုင်ခင် ပခြုပ်တံခါးဖွင့်ဆင်းလိုက်သည်။ ဆင်းရဖို့ အမိကကြိုးစားလိုက်တာမို့ ထီးဖွင့်ပြီးသည့်အချိန်မှာ ပခြုပ်တစ် ကိုယ်လုံး မိုးရေတွေစိုရွှဲသွားပြီဖြစ်၏။

ချူက လမ်းမဘေးမှာ ဒီတိုင်းလျှောက်နေတာ ခေါင်းလည်းမငုံ၊ ပခုံး လည်း မကျုံ့သော်လည်း.. ။

"မမချူ..မမနှင်းဆီချူ.."

သူမနောက်ပြေးလိုက်ပြီး ကိုယ့်ထက်အရပ်မြင့်နေသည့် သူမခေါင်း ပေါ် ထီးမိုးပေးရင်း.. ။

"မမချူ..ဘာယ်သွားမလို့လဲ၊ ဒီအချိန်ကြီး ကားတွေတောင်ကျဲနေပြီ.. မိုးတွေလည်း တအားသည်းနေတာ.."

ချူ့မျက်ဝန်းတွေ သူမဘက်ကိုရောက်လာသည်။ မိုးရေတွေ ဒီလောက် ရွှဲနေတာတောင် ကော့နက်သည့်မျက်တောင်ရှည်တွေနဲ့ နှုတ်ခမ်းလွှာလေးတွေ က ရေစက်လက်အောက်ကနေ လှချင်တိုင်းလှနေသည်။



www.burmeseclassic.com

www.burmeseclassic.com


အစက သူမအရမ်းပြင်ဆင်ခြယ်သတတ်ပါလားလို့ ထင်ခဲ့မိသည်။ မိုးရေတွေထဲမှာ အနီးကပ်မြင်လိုက်ရမှ သူမရဲ့အလှစစ်တွေက နဂိုအတိုင်း ဘယ်ပန်းချီရေးမမီနိုင်အောင် ပါရမီထူးနေတာကို တအံ့တဩလက်ခံခဲ့မိ၏။

ဖျတ်ခနဲ နားလည်လိုက်တာက 'ကိုလေးကသူ့ကိုရွေးမယ်ဆိုလည်း ရွေးလောက်တာပဲ..လှလိုက်တာ'လို့ စိတ်ထဲမှာဖြစ်မိရင်း.. ।

"မမချူလာလေ..ပခြုပ်နဲ့လိုက်ခဲ့ပါ.."

"မလိုပါဘူး.."

သူမရဲ့တုံ့ပြန်သံက နူးညံ့ချိုသာခြင်း အလျှင်းမရှိ။ ဒါပေမယ့် မှုန်ဝါးဝါး မီးတိုင်ခပ်ကျဲကျဲနှင့် မှောင်မိုက်သောမိုးသည်းညရဲ့ လမ်းမကြီးပေါ်ကို ပခြုပ်မျှော်ကြည့်မိကာ.. ।

"မမချူ.."

တစ်ချက်မှ ခြေလှမ်းမရပ်သည့် သူမလက်မောင်းကို ဆွဲကိုင်လိုက်မိရင်း.. ।

"လာပါမမချူရယ်..ပခြုပ်တို့လည်း ပြန်မှာပဲ၊ အတူတူပြန်.."

"ဖယ်စမ်းပါ.."

ချူခြေလှမ်းတစ်ချက်တုံ့ကာ ပခြုပ်ရဲ့လက်ကလေးကို ဖြုတ်ချပစ်လိုက်သည်။ အခြေအနေကို မျက်ခြည်မပြတ်ကြည့်နေခဲ့ကြသည့် ဒေါ်ရွှေစင်ဦးတို့ မကြာခင်အနားရောက်လာကြကာ.. ।

"မလိုက်ချင်ဘူးတဲ့မို့လား..ဘာလို့အပိုတွေ လုပ်နေတာလဲ..လာခဲ့.."

"အဲ့ဒါကြောင့်ပြောသားပဲ..စေတနာထားချင်ရင်လည်း လူကြည့်ထားပါလို့.."

ပြောသွားကြတာတွေကို ချူကြားသည်။ ဒေါသဖြစ်ဖို့လည်း သတိမရ။ သူတို့တင်မက ဘာကိုမှလည်း တုံ့ပြန်ဖြေကြားချင်စိတ် မဖြစ်ခဲ့။ သူမရှာကိုင်ထားသည့် ဖုန်းတစ်လုံးမှလွဲ၍ ဘာမှမပါစေ။

ဒါပေမယ့် ကိုယ့်ကိုယ်တိုင် ဘာလုပ်ချင်တယ် ဘယ်သွားမလို့ဆိုတာ မရှိခဲ့တာမို့ ကြောက်လည်းမကြောက်။ ကြောက်လန့်စရာ ကြုံလာရင်လည်း ကြောက်မိချင်မှ ကြောက်မိလိမ့်မည်။ ဘယ်ကိုကြည့်ကြည့် မြင်နေတာ မိုး ဆက်လေရယ် ဆောင်းမျက်နှာရယ်..ပြီးတော့ ရယ်ပွဲ ငိုပွဲတွေရယ်..

ဖုန်းသံမြည်လာတော့ လက်ကိုမြှောက်ကြည့်လိုက်သည်။ ဦးကောင်းရဲ့ဖုန်းမှန်း သိကာမှ အတန်ကြာငေးကြည့်နေမိ၏။ ပြီးတော့ လက်ကို


www.burmeseclassic.com

www.burmeseclassic.com



ပြန်ချလိုက်ပြီး ဒီတိုင်းဆက်လျှောက်ခဲ့သည်။ နောက်ထပ် ပြန်ခေါ်သည်။ နောက်ထပ် ငါးကြိမ်မြောက်ကျမှ.. ၊

"ဟလို.."

"မင်းဘယ်မှာလဲ.."

"မသိဘူး.."

"နင်းဆိချူ.."

နောက်ထပ်ခေါ်သံသည် သူမရဲ့လက်ဖဝါးကိုသာ အသံအားဖြင့် တိုးဆောင့်နေမှာဖြစ်ကာ သူမဒီတိုင်းဆက်လျှောက်နေရင်း.. ၊

☪



www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၅၆)

မိုးသည်းထန်စွာ ရွာနေခြင်းကို သူပြတင်းပေါက်ကနေ ရပ်ကြည့်နေခဲ့သည်။ ပြီးတော့ စိတ်ကတစ်ခုခုကို သတိရလိုက်ကာ ပြတင်းနားကပ်ပြီး ခြံထဲကို ငုံ့ကြည့်လိုက်မိ၏။ ညနေခင်းရဲ့ မိုးစက်မှုန်မွှားတွေကြားမှာ မိုးဆက်ကို သူလှမ်းမြင်လိုက်၏။

မိုးဆက် ဘာလာလုပ်တာလဲ..။

မိုးဆက်ရဲ့ခြေလှမ်းတွေက အိမ်ကိုဦးတည်လာရင်းကနေ ခြံထဲကို လှည့်ဝင်သွား၏။ ဒါချုံ့ကို လာခေါ်တာ..။

"ဟော့ကောင်..မရဘူး ဟေ့.."

ဆတ်ခနဲဖြစ်သွားပြီး သူ့မျက်လုံးတွေပွင့်သွား၏။ အချိန်က ညရှစ်နာရီကျော်နေပြီ။ ကမန်းကတန်းထဲပြီး ဖုန်းယူကာ စာကြည့်ခန်းထဲကို ထွက်ခဲ့မိသည်။ အပြင်မှာလည်း မိုးတွေရွာနေတာ သည်းသည်းမည်းမည်း။ သူ အောက်ထပ်ကို ဆင်းလာခဲ့လျက်..။

"သား.."

"လူလေးရေ..နှင်းဆီချုံကို မတွေ့လို့ခုပဲ.."

"ဘာလို့မတွေ့တာလဲ.."

ဒေါ်မေလင်းရဲ့ စကားမဆုံးခင် ဆောင်းမျက်နှာရဲ့ခြေလှမ်းတွေ ဧကားထစ်တွေကို ကျော်လွှားဆင်းခဲ့ပြီး..။

"သူမရှိတာ မေမေတို့ဘယ်လိုလုပ်သိတာလဲ..မတွေ့ဘူးဆိုတာ ဘာကိုပြောတာလဲ.."

ဆက်တိုက်မေးရင်း ခြေလှမ်းတွေက ဟိုပြေးမလို ဒီပြေးမလိုဖြစ်လျက် အပေါ်ထပ်ကို ပြန်လှည့်ပြေး၏။ ပြီးတော့ ပြန်ဆင်းလာကာ..။

"အပေါ်မှာ လုံးဝမရှိဘူး.."

"နေဦးလေ..တစ်အိမ်လုံးတော့ မရှာရသေးပါဘူး၊ မိုးတွေသည်းနေတာ သားကဘယ်ကိုလဲ.."

"ကြီးကြီးတို့က ညနေတုန်းက သူ့ကိုခြံထဲမှာ တွေ့ခဲ့လို့ပြန်တက်ခေါ်တာလည်း မတွေ့လို့.."


www.burmeseclassic.com

www.burmeseclassic.com


"အဲ့ဒါကြောင့် အထဲမှာမရှိဖို့ ပိုသေချာနေတာ.."

မျောက်မီးခဲကိုင်မိသလို ဧွေ့ဧွေ့ခုန်မတတ်ဖြစ်နေသည့် ဆောင်းမျက်နှာကို လူကြီးနှစ်ယောက်တအံ့တသြ ဖြစ်နေခဲ့ကြ၏။ ထိုစဉ် လက်ထဲကဖုန်းထမြည်လာသဖြင့် နားထောင်လိုက်လျှင်.. ၊

"ကိုလေးလားဟင်.."

"အင်း..ပခြုပ်လား၊ ဘာဖြစ်လို့လဲ.."

ပခြုပ်မှန်းသိလျှင် ဒေါ်ထားထားမြတ်က အနားကပ်လာကာ.. ၊

"သူ့အဒေါ်အိမ်မှာပဲ နေတော့မယ်လို့ပြောသွားပြီးပြီသား..သူပြန်လာမှာမဟုတ်ဘူး.."

အဝတ်အစားတွေပါ ပြန်သယ်သွားပြီဆိုတာတော့ မပြောဖြစ်လိုက်၊ ဆောင်းမျက်နှာက ဒေါ်ထားထားမြတ်ပြောတာကို နားထောင်ပြီးမှ.. ၊

"ပြောလေပခြုပ်..အခုဘယ်မှာလဲ၊ ဘာဖြစ်လို့လဲ.."

"ပခြုပ်ဘာမှမဖြစ်ပါဘူး..မမချူကိုလေ.."

"သား..သားပခြုပ်ကဘာတဲ့လဲ.."

ပခြုပ်ဘာပြောလိုက်သည်မသိဘဲ ဆောင်းမျက်နှာ မျက်စိမျက်နှာပျက်သွားသဖြင့် လူကြီးတွေက မေးကြ၏။ သူဖုန်းကိုအိတ်ထဲထည့်လိုက်ပြီးမှ.. ၊

"ချူ့ကိုမိုးရေထဲမှာ လျှောက်သွားနေတာတွေ့လို့ ပခြုပ်ဖုန်းဆက်တာ.."

ဒေါ်ထားထားမြတ်နဲ့ဒေါ်မေလင်းတို့ မျက်လုံးချင်းဆုံသွားသည်။ သို့သော် ဆောင်းမျက်နှာကို လှမ်းတားလိုက်မိရင်း.. ၊

"သူ့ဟာသူထွက်သွားပြီဆိုတာ သေချာရင်လည်း သွားပါစေပေါ့ကွယ်.."

"အေးလေ..သူမှမရှိးသားတာ၊ သားကိုသူပြန်သဘောကျနေတယ်လို့ သားထင်သလို ဟုတ်ခဲ့ရင်တောင် သားနဲ့သူမဖြစ်နိုင်တဲ့အကြောင်းတစ်ခုခုရှိနေတာ သူ့ဟာသူနားလည်လို့ နေမှာပေါ့..မျက်နှာချင်းဆိုင်ပြောမထွက်ခဲ့ပေမယ့် ပြောစရာမလိုဘဲ ထွက်သွားတာကောင်းပါတယ်.."

"ကျွန်တော့်အတွက် မကောင်းဘူးကြီးကြီး..သူ့ကိုကျွန်တော် ပုံးရှုံးမခံနိုင်ဘူး.."

ကားသော့ကိုင်ပြီး ဂိုဒေါင်ဆီပြေးထွက်ခဲ့၏။ ချူ့ကို အိမ်မှာလက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တာ မေမေတို့ဘက်က လိုက်လှဲပျူငှာခဲ့မဟုတ်ပေ။ ဒီလောက်ထိ အတူရှိခဲ့ကြပေမယ့် ဘယ်တုန်းက ဂရုစိုက်ကြည့်ခဲ့တာရှိလို့လဲ.. ၊

ဒီနေ့ကျမှ သူအိပ်မက်မက်ခဲ့သည်။ မေမေတို့က ချူမရှိတော့ဘူးပြော သည်။ ဒါတိုက်ဆိုင်မှုလား..မိုးဆက်တကယ်ပဲ ချူ့ကိုပြန်ခေါ်လိုက်တာ လား..၊

မရဘူးမိုးဆက်.. ၊

မင်းဒီတစ်ခါ လုံးဝဖျက်ဆီးလို့ မရစေရဘူး..မင်းကိုကြောက်လို့ဖြစ်စေ မင်းကိုပဲ ချစ်နေလို့ဖြစ်စေ။ နှင်းဆီချူက ငါ့ကိုလုံးဝမချစ်ခဲ့ပါဘူးဆိုရင်တောင် မင်းဖြစ်စေချင်တဲ့အတိုင်း ငါဒီတစ်ခါအသည်းကွဲကျန်ရစ်မှာ မဟုတ်ဘူး ဆိုတာ မင်းသိရမယ်.. ၊

"ဟလို..ဦးမျိုးတင့်လား.."

ကားကိုမြန်မြန်မောင်းလို့ မရပေမယ့် အရဲစွန့်မောင်းရင်း ဆုံးဖြတ်ချက် တွေလည်း ချမိကာ.. ၊

"မနက်ဖြန်ပဲလုပ်ပေးပါ.."

"......... ........."

"ဟုတ်တယ်..အစကတော့ ခြောက်ရက်နေ့မှာ လက်မှတ်ထိုးပြီးတာနဲ့ အဲ့ဒီနေ့ပဲ သတင်းစာကြော်ငြာနယ်တွေမှာ ပလူပျံအောင် ထွက်လာစေချင်တာ..ဒါ ပေမယ့် နောက်နှစ်ရက်လောက်ကို အချိန်ထပ်မရတော့ဘူး.."

"....... ............"

"ဆွေးနွေးပွဲစောစောလုပ်ဖို့ ရက်ရွှေ့တယ်ဆိုပြီး အကြောင်းကြားထား တာလေ.."

"......... ......"

"ဟုတ်တယ်..'မိုးဆက်နှင်းဆီ'ကလွဲရင် သူ့ပတ်ဝန်းကျင်က လုပ်ငန်း ပါတနာတွေပေါ့.."

"......... ........."

"ပြောတဲ့အတိုင်း သေချာစီစဉ်ပေးထားပါ..လက်မှတ်ထိုးရုံပေမယ့် တခမ်းတနားရှိချင်တယ်၊ အကောင်းဆုံးဖြစ်ချင်တယ်.."

"...... ........."

"အိုခေ..သဲနဲ့စ်.."

ပြောဆိုမှာကြားဖွယ်တွေ ရှိသေးပေမယ့် မျက်လုံးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထင်လိုက်သည့် အရိပ်တစ်ရိပ်ကြောင့် ကားကိုအရှိန်ချ၍ ဘက်ခ်ပြန်ဆုတ်လိုက်သည်။ မိုးစက် တွေက အားကောင်းနေဆဲဖြစ်ကာ ခုနကားအဖြတ်မှာ မြင်လိုက်ပေမယ့် ပြန်ဆုပ်လာပြီးကြည့်တော့ လမ်းကမိုးသည်းသည်းနဲ့ မှုန်ဝါးဝါး.. ၊

ပခြုပ်ပြောသည့်နေရာနဲ့ သိပ်မကွာပေမယ့် သူမတောက်လျှောက်ဆက် သွားတာမဟုတ်ဘူးဆိုရင်တော့ ဒီနားမှာရှိနေသေးတာလည်းဖြစ်နိုင်တာမို့ ကားပြန်ဆုတ်ပြီး ထိုလမ်းထဲကိုကွေ့ဝင်လာခဲ့၏။

ဒါပေမယ့် ဟိုအဝေးက တက်လာသည့်ကားမီးရောင်ကြောင့် ရှေ့ကမြင်ကွင်းကို လှမ်းမြင်ရကာ လမ်းမပေါ်မှာ နှင်းဆီချူမရှိ.. ၊

☪



www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၅၇)

"ပြန်လိုက်ခဲ့နှင်းဆီချူ.."

"ချူမလိုက်ဘူး.."

"မလိုက်တော့ မင်းဘယ်သွားမှာလဲ..မင်းဘယ်သူမှန်းမသိ ဘာအကြောင်းနဲ့နေမှန်းမသိ၊ ခုပဲမင်းကို နှင်ထုတ်နေကြပြီ..ကိုယ့်ကိုယ်ကို နှင်းဆီချူပဲလို့ သတ်မှတ်ရင်လည်း နှင်းဆီချူဆိုတဲ့မိန်းကလေးရဲ့ ဂုဏ်သိက္ခာကို မင်း ထည့်တွေးပေးဖို့ စဉ်းစားမှပေါ့.."

မိုးစက်တွေ ခပ်ကျဲကျဲဖြစ်သွားသည်။ နာရီများစွာ ရေစိုခံနေခဲ့သည့် ချူ့ရဲ့ဆံပင်တွေက ပြာနှမ်းနှမ်းဖြူဖက်ဖက် မျက်နှာပေါ်မှာ ဖရိုဖရဲကျနေကြ၏။ ရှပ်အကျီအနီရဲရဲက အပေါ်ကြယ်သီးပြုတ်နေလျက် ကိုယ်ခန္ဓာပေါ်မှာ တွန့်လိပ်တွယ်ကပ်နေသည်။

ဦးထက်ကောင်း ချူ့ကိုဆွဲခေါ်ရင်း ခေါင်းထိစွပ်ထားသည့်မိုးကာ အကျီစကို အားမလိုအားမရ ဆွဲဖယ်လိုက်ပြီး.. ၊

"မင်းလုပ်နေတာတွေက မင်းကိုယ်တိုင်လည်း ရည်ရွယ်ချက်ပျက်နေပြီ သူများအမြင်မှာလည်း ဂလဲ့စားချေဖို့ အကြောင်းပြချက်နဲ့ ကြိုက်လို့တွယ်ကပ် 'နေသလိုကြီး.."

"ဂလဲ့စားချေဖို့ဖြစ်ဖြစ် မုန်းလွန်းလို့ဖြစ်ဖြစ် အဲ့ဒါချစ်လွန်းလို့ပဲ.."

"ဟုတ်ပြီ..မင်းအခု ဘာလုပ်မလဲပြော၊ တစ်ခုခုပြော.."

မိုးပြန်သည်းလာတော့ စကားသံတိုးပေါက်အောင် အော်ပြောနေရသည်။ လမ်းဘေးမှာမြင်လိုက်လို့ ကားပေါ်ကဆင်းလိုက်ခဲ့ရတာ ကားနဲ့လည်းအလှမ်း ဝေးခဲ့ပြီဖြစ်၏။

သူမကတော့ တစ်ချက်ကလေးမှခြေလှမ်းမရပ်၊ မျက်နှာသာမက တစ်ကိုယ်လုံးအသားတွေလည်း ပြာနှမ်းနေပြီ။ နှုတ်ခမ်းသားတွေမှာလည်း သွေးရောင်မရှိတော့ပေ.. ၊

သွားနေသည့်ခြေထောက်တွေက ပုံမှန်သွားနေသည့် ခြေလှမ်းတွေ ထက်တောင် စည်းချက်မှန်နေသည်ဆိုလျှင် ဒါကပုံမှန်မဟုတ်တော့တာ သိသာနေကာ.. ၊


www.burmeseclassic.com

www.burmeseclassic.com



"နေဦး..မင်းကိုငါကားပေါ်အတင်းဆွဲမတင်ဘူး၊ ငါမေးတာပဲဖြေ.."

"ချူ လွတ်လွတ်လပ်လပ်နေချင်တယ်.."

"အေး..အခုလွတ်လပ်လွန်းလို့ မင်းလမ်းဘေးမှာခွေးသေသေတော့မယ်ကွ.."

ကရုဏာဒေါသနှင့် စွတ်အော်ပစ်မိသည်။ အနားမှာတပည့်တစ်ယောက် ရှိသည်။ ခပ်လှမ်းလှမ်းကနေ စောင့်နေတာမို့ မကြားနိုင်ပေမယ့် ကိုယ့်ဘာသာ အံကြိတ်အသံတိုးရင်း.. ၊

"နှင်းဆီချူ..မင်းသူ့ဆီပြန်သွားဖို့ စဉ်းစားနေတုန်းပဲလား၊ ဟင် ငါ့ကိုပြောစမ်း..မင်းကို လုပ်ချင်တာလုပ်ခွင့်ရအောင် ငါကြိုးစားပေးခဲ့တာ လမ်းဘေးမှာ ခွေးသေကောင်လိုလိုက်ကောက်ဖို့ မဟုတ်ဘူး၊ ဆောင်းမျက်နှာဆိုတဲ့ သတ္တဝါလေးရှေ့မှာ နောက်တစ်ကြိမ်လည်စင်းပေးဖို့လည်း မပါဘူး..မင်းတော်သင့်ပါပြီ.."

"ချူလမ်းပျောက်နေပြီအန်ကယ်လ်.."

"ဘာလို့ပျောက်ရမှာလဲ..မင်းရပ်ရည် မင်းဘဝနဲ့ထိုက်တန်တဲ့ ချစ်သူကြင်သူဆိုတာ ပေါ်လာမှာပဲ၊ မင်းလိုချင်သလိုကိုယ်ဟာ သူ့ဘဝဖြစ်နေပြီ..သူနဲ့ပတ်သက်တာတွေကို ရပ်လိုက်ပါတော့.."

"သူကချူ့ဘဝပဲ.."

"ကျွတ်..မင်းကွာ.."

"တစ်လောကလုံးမှာ ချူအမုန်းဆုံးသူက သူပဲ..ချူအရမ်းချစ်ရတာလည်း သူပဲ၊ မုန်းနေနေ ချစ်နေနေ ချူသူ့နားကနေ ဘယ်မှ.."

"မသွားရင် မင်းသူနဲ့ညားသွားမှာပေါ့..မင်းပြောတော့ မိုးဆက်လေကိုချစ်တာပဲ လိုချင်တာဆို.."

ချူ့မျက်နှာလေး တင်းမာသွားသည်။ အကြည့်တစ်ချက်ရောက်လာပေမယ့် ခြေလှမ်းကိုတော့ မရပ်ခဲ့ဘဲ.. ၊

"အန်ကယ်လ်စကားပြောတာ ဆင်ခြင်ပါ.."

"မင်းအကြိုက်တွေပဲ လိုက်ပြောပေးနေတော့ မင်းငါ့စကားနားထောင်လို့လား.."

"ချူ သူ့ကိုလက်မထပ်ဘူး..ဒါပေမယ့်.."

"မင်းလက်မခံလည်း သူကသိမ်းပိုက်လိုက်လို့ ရတယ်လေ..အဲ့ဒါကို မင်း ဘယ်လိုငြင်းမှာလဲ၊ မင်းကိုရသွားကာမှ မိုးဆက်လေအတွက် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com


ဘယ်လိုအသည်းခွဲမှာလဲ..”

သူမခြေလှမ်းတွေ နှေးကွေးလာသည်။ ဒါက ဦးထက်ကောင်းရဲ့စကားတွေအပေါ်မှာ တွေဝေလာခဲ့တာလား..မိုးရေထဲမှာ ကြာမြင့်စွာသွားလာနေခဲ့သည့် ခြေထောက်တွေက ထုံခဲလာတာလားဆိုတာ မသိ.. ၊

“ဒီမှာ နှင်းဆီချူ..မင်းကို ငါဒါတွေပြောနေခဲ့တာလည်း အပ်ကြောင်းထပ်နေပါပြီ၊ ဒီကောင်လေး အခုနှင်းဆီချူကို သေလောက်အောင်ချစ်နေလည်း အဲ့ဒီနှင်းဆီချူက ဘယ်သူဆိုတာသိခဲ့ရင် ဆက်ချစ်နေဦးမယ်မင်းထင်သလား..”

မိုးစက်တွေခပ်ပျော့ပျော့ ကျဲပါးသွားခဲ့စဉ် ဖုန်းဝင်လာ၏။ ဦးထက်ကောင်းက ချူ့ကိုမီအောင်လိုက်လျှောက်ရင်း ဖုန်းထုတ်ကိုင်လိုက်၏။

“အေး..ပြော..”

“......... .........”

“ဘာ..”

“...... .........”

“ငါထင်သားပဲ..အေး လာပေ့စေ၊ ဆောင်းမျက်နှာဆိုတဲ့ကောင် ဒီနားရောက်လာတာနဲ့ သွေးမျက်နှာဖြစ်သွားစေရမယ်..”

ချူ့ရဲ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။ ခံစားချက်ကင်းမဲ့နေခဲ့သော မျက်ဝန်းလေးတွေက လှုပ်ရှားမှုများဖြင့် ဒီဘက်ရောက်လာပြီး.. ၊

“သူလိုက်လာတာလား..”

ဦးထက်ကောင်းက လှည့်တောင့်ကြည့်ပေမယ့်မဖြေဘဲ စောင့်နေသူကို မျက်ရိပ်ပြခေါ်လိုက်ပြီး.. ၊

“ပြောတဲ့အတိုင်းလုပ်..ကားကိုအားလုံး အသင့်ပြင်ပြီးရပ်ထား..”

“အန်ကယ်လ်..”

“မင်းပြန်လိုက်တော့မလား..”

“မလိုက်ဘူး..သူ့ကိုအန်ကယ်လ် ဘာမှမလုပ်ရဘူးဆိုတာ သတိပေးလို့..”

“အဲ့ဒါကို ငါပဲဆုံးဖြတ်မယ်နှင်းဆီချူ..ငါစောင့်နေခဲ့တဲ့ ကာလကကုန်ပြီ၊ မင်းက ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ တကယ်ဖမ်းတော့ ခရုတွေပဲ..”

“အန်ကယ်လ်..”


www.burmeseclassic.com

www.burmeseclassic.com


ချူက ဦးထက်ကောင်းရဲ့အင်္ကျီရင်ဘက်စကို အလောတကြီးဆုပ်ဆွဲထားလိုက်ကာ.. ။

"ဒီကိစ္စတွေကို လိုချင်ခဲ့တာချူပါ.."

"ဟုတ်တယ်.."

"ချူ့ကို မိန်းမတစ်ယောက်ဖြစ်အောင် ဖန်တီးပေးလိုက်ရုံနဲ့ ဆောင်းမျက်နှာရဲ့ဘဝကိုပါ အန်ကယ်လ်ကသေစေရှင်စေ လုပ်ချင်တာလား.."

"အဲ့ဒီလိုလုပ်ဖို့တွေ ဖြစ်လာတာလည်း မင်းကြောင့်ပဲချူ.."

"မလိုပါဘူး..အခုအန်ကယ်လ့်နောက်လိုက်ခွေးတွေကို ပြန်ပြောလိုက်ပါ.."

မျက်လုံးတွေက စူးစူးရဲရဲဖြစ်လာခဲ့လျက် ကော့နက်ထူခဲသော မျက်တောင်လေးတွေ ပင့်ကပ်ပြူးဝိုင်းနေလျှင် ထိုမျက်ဝန်းလေးကိုကြည့်နေရင်း ဦးထက်ကောင်းကလည်း ခေါင်းညိတ်သည်။ နားလည်လိုက်လျော့ဖို့တော့ မဟုတ်.. ။

"မင်းရှေ့မှာပဲ သတ်ပြမယ်လို့တော့ စိတ်ကူးမရှိခဲ့ပါဘူး..အခု မင်းမေးနေလို့ပြောပြလိုက်မယ်၊ ငါတို့ကိစ္စတွေကို ဒီကောင်စောစောစီးစီး ဖော်ထုတ်လိုက်တည်းက သူ့အတွက်သေမိန့်ပေးပြီးသား.."

"ဘယ်သူပေးတာလဲ.."

"ငါ.."

"အန်ကယ်လ့်မှာ လုပ်ခွင့်မရှိဘူး.."

"လုပ်ခွင့်ရှိလားလို့လည်း ငါတစ်ခါမှမတွေးခဲ့ဘူး..ငါတွေးတာက မင်းမရနိုင်တော့ဘူးဆိုရင် အဲဒါကသက်ရှိပဲဖြစ်ဖြစ် သက်မဲ့ဖြစ်ဖြစ် တန်ဖိုးကြီးနေနေ တန်ဖိုးမဲ့နေနေ အဲ့ဒါကိုမင်းမျက်စိအောက်က ပျောက်သွားအောင်လုပ်ပစ်မှာပဲ..ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်.."

ပြောနေရင်း ဆုပ်ကိုင်ထားဆဲ ချူ့လက်လေးတွေကို ဖြည်ချပေးလိုက်ကာ.. ။

"ငါလုပ်နေတာ မင်းအတွက်ပါ သမီးရယ်..မင်းခံစားရမှာစိုးလို့ပါ.."

"မဟုတ်ဘူး..အဲ့ဒါ အန်ကယ်လ်ညာနေတာ.."

ပြောနေစဉ်အဝေးက ကားမီးရောင်ကို မြင်လိုက်သဖြင့် အထိတ်တလန့်ဖြစ်သွားခဲ့လျက်.. ။

"အန်ကယ်လ်အတွက် အန်ကယ်လ်လုပ်နေတာပါ..ဒါတွေကိုစခဲ့ပြီးမှ


www.burmeseclassic.com

www.burmeseclassic.com


မှားသွားခဲ့ရင် မေမေတို့အပြစ်တင်မှာ စိုးလို့လေ၊ ကုမ္ပဏီကို အပြုတ်ဖြုတ်ဖို့ လုပ်ကြံတဲ့ကိစ္စတွေ ပေါ်သွားတော့လည်း ဆောင်းမျက်နှာကလက်ဦးမှာ နိုးတယ်..ဒါပေမယ့် အန်ကယ်လ်မသိတာက မိုးဆက်နဲ့ပတ်သက်ရင် ဘယ်လို အပြစ်တွေဖြစ်နေနေ ကာလာကဘာယ်တော့မှ လက်တုံ့ပြန်လာမှာမဟုတ် ဘူး.."

ထိုစဉ် ဖုန်းမြည်လာတော့ ဦးထက်ကောင်းကိုင်မယ်ပြင်လိုက်တာနှင့် ချူက ဆွဲယူပစ်လိုက်ကာ..။

"မိုးဆက်လေကလည်း သူ့ကြောင့်ဘယ်နှစ်ဘဝပဲ ပြောင်းသွားပါစေ သူ့ ကို ထိခိုက်နာကျင်အောင် ဘယ်တော့မှလုပ်မှာ မဟုတ်ဘူး.."

"ဒါဆိုရင် မင်းကခရုတွေ လိပ်တွေပဲကောက်တော့မယ်လို့ ဝန်ခံလိုက် တာပေါ့.."

"ဟုတ်တယ်.."

သူမရဲ့စူးရှသည့် မျက်ဝန်းတွေက မျက်တောင်ဖျားပေါ်မှာ စိုလက် နေဆဲ မိုးရေစက်လေးတွေနဲ့ အပြိုင်လက်နေကြကာ..။

"ရုပ်ရှင်ဆန်ဆန်တွေ မလုပ်ပါနဲ့အန်ကယ်လ်..ချူတို့အားလုံးရှု နေကြပေမယ့် ရုပ်ရှင်ထက်တော့ အများကြီးလေးနက်ပါတယ်.."

ချူက ဖုန်းကိုမကြည့်ဘဲ တစ်ခုတခြားစီ ခွာပစ်လိုက်ပြီးမှ ဦးထက် ကောင်းလက်ထဲ ပြန်ထည့်လိုက်ကာ..။

"ချူဘာတွေလုပ်နေနေ ဖြစ်နေနေ အန်ကယ်လ်ကြည့်နေလိုက်ပါ.."

"ဒါတော့..ချူ.."

ချူ လမ်းပေါ်လှည့်ထွက်သွားလျှင် လှမ်းဆွဲလိုက်ဖို့ လက်ကပါသွား သေးသည်။ သို့သော် ကားမီးရောင်ကနီးစပ်စွာ ကျလာသဖြင့် နေရာမှာတင် ရပ်လိုက်ရသည်။ ထိုစဉ် ကျန်ခဲ့သည့်သူ့ကား လမ်းပေါ်ပြန်တက်လာတာကို မြင်လိုက်ကာ..။

"တောက်.."

ဖုန်းကို ပြန်ငုံ့ကြည့်ပြီး တက်ခေါက်လိုက်သည်။ ပြီးတော့ လမ်းအ အတိုင်း ပြေးသွားရင်း လက်ပြအချက်ပေးရင်းဖြင့် အစီအစဉ်တွေပြောင်းဖို့ အကြောင်း အသိပေးရင်း..။

☾


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၈)

ဟိုဝင်ဒီထွက်နှင့် ပတ်ရှာနေရင်းမိုးတိတ်သွားမှ လမ်းမပေါ်ကမြင်ကွင်းတွေက ပီပြင်လာသည်။ ထိုအခါ ရုပ်အင်္ကျီအနီရဲရဲနှင့် ဆံပင်တွေဖြန့်ချထားသည့် ချူ့ကိုသူလှမ်းမြင်လိုက်ရတာ တိုက်တိုက်ဆိုင်ဆိုင်ပင်။ ထို့ပြင်…၊

ဦးထက်ကောင်း…၊

တစ်ခုခုကို အတင်းပြောနေကြမှန်းသိလိုက်ကာ ဒေါသကဒိုင်းခနဲထဖြစ်၏။ ကားကို လီဗာဖိနင်းပစ်လိုက်စဉ် ချူကလည်းဒီဘက် လှည့်ထွက်လာတာ မြင်လိုက်ရပြီး…၊

"ကျွဲ…ဝေါ…"

ချူ့ဘေးမှာ ကားကိုဆောင့်ရပ်ပစ်လိုက်၏။ ကားနောက်ပိုင်းသည်ဘေး တိုက်အနည်းငယ် ရွေ့သွားခဲ့လျက် လမ်းပေါ်ကမိုးရေတွေက ကျောက်ဆောင်ကို ပြေးတိုက်လာသည့် ဒီလှိုင်းများကဲ့သို့ ထောင်တက်စင်ထွက်သွားခဲ့ပြီး…၊

"ချူ…"

"ရှင် ကျွန်မနောက်ကို လိုက်လာတာလား…"

"ဟုတ်တယ်…"

လိုက်ရှာရလို့ စိတ်မောတာထက် သူမတစ်ကိုယ်လုံးစိုရွှဲပြာနှမ်းနေတာကို မြင်လိုက်တော့ ကရုဏာဒေါသက ပိုကဲနေကာ…၊

"ဘာလဲ…မိုးရေထဲမှာ လမ်းလျှောက်တမ်းဆော့နေတာလား…"

"ဂျိမ်း…"

ဦးထက်ကောင်း ကားထဲဝင်သွားသည့် တံခါးပိတ်သံကြောင့် လှမ်းကြည့်လိုက်မိသည်။ ပြီးတော့ သူမလက်လေးကိုဆွဲ၍ ကားတံခါးလှည့်ဖွင့်သည်။

"မလိုက်ချင်ဘူး…"

"မလိုက်ချင်လို့ မရဘူး…"

"ဒီမှာ ဆောင်းမျက်နှာ…"

ချူက လက်ကိုပြန်ဆွဲရုန်းလိုက်ပြီး နာနာကျည်းကျည်းမော့ကြည့်၍…၊



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုဘယ်လိုနည်းနဲ့ တိုက်ခိုက်အနိုင်ယူမလဲဆိုတာ ဒီမှာချိန်းပြီး တိုင်ပင်နေကြတာ..ခုန ရှင်မမြင်ဘူးလား.."

"မြင်တယ်လေ..အဲ့ဒီတော့ ငါကဖျာလိပ်ထဲဝင်ပုန်းရမလား၊ ဓားဆွဲပြီး ပြေးခုတ်ရမလား.."

သူမမျက်ဝန်းမှာ မျက်ရည်စက်တွေလား၊ မိုးရေတွေလား မသိနိုင်သော တစ်စုံတစ်ရာတို့ ဝေ့သီခိုတွဲနေခဲ့ပြီး.. ၊

"ရှင့်ကိုသတ်ချင်လာတဲ့နေ့ကျရင် ဖျာလိပ်ထဲဝင်နေလည်း မလွတ်ဘူး- ဓားချင်းပြေးခုတ်လည်း ရှင်မနိုင်ပါဘူး၊ အဲ့ဒါ ရှင့်ကို.."

"ချူ.."

သူမအံကြိတ်ပြောနေရင်း မျက်ဝန်းလေးတွေ မိုတ်ကျသွားသည်။ ပြီး တော့ ခွေခနဲပြိုကျသွားလျှင် ဆောင်းမျက်နှာစိုးရိမ်တကြီး ပွေ့ယူထားလိုက် ရင်း.. ၊

"ချူ..ဟေ့.."

သူမတစ်ကိုယ်လုံး အေးစက်နေခဲ့လျက် သူ့ရင်ခွင်ထဲမှာသတိလစ်မေ့ ခွေနေပုံလေးက သနားဖွယ်။ စိုးရိမ်စိတ်တွေ ဖိစီးကာ အိမ်မကိုအမြန်ဆုံး ရောက်အောင် မောင်းခဲ့မိ၏။

ဒေါ်ထားထားမြတ်တို့လည်း မိုးထဲရေထဲမှာ ထွက်သွားသည့်သားကို စိတ်တွေပူကာ ဖုန်းတွေဆက်နေလျက်.. ၊

"ဟင်..သား ဘာ ဘာဖြစ်လာတာလဲ..ဒါက.."

ကားပေါ်ကနေ ပွေ့ခေါ်လာသည့် ချူ့ကိုမြင်လျှင် ထိတ်ထိတ်ပျာပျာ တွေ ဖြစ်ကုန်ကြ၏။ ဆောင်းမျက်နှာ ဘာမှရှင်းမပြနိုင်တော့ဘဲ ဆရာ ဝန်ကိုဖုန်းဆက်ထားသည့်အတိုင်း ချူ့ကိုအဝတ်လဲပေးဖို့ နွေးနွေးထွေး ထွေးထားဖို့ စုဘူးမကိုပဲ အမြန်ခိုင်းရသည်။

သိပ်မကြာခင် ဆရာဝန်ရောက်လာခဲ့လျက်.. ၊

"ညဥ့်နက်လို့အဖျားကြီးလာရင် ဒီဆေးတိုက်ပြီး ကျွန်တော်ပြောသလို ပြုစုပေးပါ..စိုးရိမ်စရာ မရှိပါဘူး.."

စုဘူးမက ချူ့ဆံပင်တွေကို ဒရိုင်ယာမှုတ်ပေးနေရင်း ငိုက်နေ၏။

"စုဘူး.."

"ရှင်..ရှန်အစ်ကိုလေး.."

ခေါ်လိုက်မှ ပြူးတူးပြူတဲထထူး၏။



www.burmeseclassic.com

www.burmeseclassic.com



"ပေးစမ်း..ပေးစမ်း သွားတော့..ဖယ်.."

"ရ..ရပါတယ်အစ်ကိုလေး၊ ကျွန်မလုပ်ပါ့မယ်.."

ကိုယ့်သားကိုယ်တိုင် ဝင်လုပ်တာကျတော့ ဒေါ်ထားထားမြတ်မကြည့်ချင်ဘဲရှိကာ.. ၊

"ပေးလိုက်ပါသားရယ်..သူ့ကိုနိုးထုတ်လာစမို့ပါ၊ သားကို မေမေပြောစရာရှိတယ်.."

ဒရိုင်ယာကိုပြောင်းယူလိုက်ပြီးမှ စဘူးမလက်ထဲ ပြန်ထည့်လိုက်ရကာ..၊

"လေပူတွေကို မျက်နှာနားကပ်မထိုးမိစေနဲ့.."

"ဟုတ်ကဲ့ပါ.."

"သတိရလာရင် ငါ့ကိုလာခေါ်.."

"ဟုတ်.."

ဒေါ်ထားထားမြတ် သက်ပြင်းရှည်ကြီးချရင်း ခေါင်းခါသည်။ တကယ်ဆို ညနေကသူမလေးကို ပြောလိုက်မိတာကိုယ်ပဲဖြစ်သည်။ ဒါကို ပြောပြဝန်ခံမိရင်း.. ၊

"မေမေက ခုလိုထွက်သွားတာကိုတော့ မကြိုက်ပါဘူး..ဒါပေမယ့် သူက မိုးဆက်လေရဲ့လူဆိုတာကိုပဲ စိတ်ထဲစွဲနေတယ်၊ ဒီလိုမိန်းကလေးကို သားက မေတ္တာရှိနေတာ မိုးဆက်ဘက်ကကျေနပ်အားရဖို့ လမ်းကြောင်းပေးနေတာနဲ့ မတူဘူးလား..ချူကလည်း မချစ်ဘူးဆိုရင် အတူတူရှိနေကြတာ စိတ်ချမ်းသာဖို့မှ မရှိဘဲ.."

"မေမေတို့ဘက်ကကြည့်ရင် ဟုတ်လိမ့်မယ်..ဒါပေမယ့် ဒါကိုလူငယ်တွေ ကိစ္စလို့ပဲ ထားလိုက်ပါ၊ ကျွန်တော်ကတော့ လုပ်သလိုမဖြစ်လည်း ဖြစ်သလို လုပ်မယ်လို့ ဆုံးဖြတ်ပြီးသား..မိုးဆက်လေနဲ့ကျွန်တော် ရင်ဆိုင်မယ်၊ ချူ့စိတ် ဘယ်သူ့ဘက်ကိုယိုင်နေနေ ကျွန်တော်ရအောင် လက်ထပ်ယူမယ်.."

"မိုးဆက်က ယောက်ျားစိတ်မရှိမှန်းသိလို့ သားကပြောနေပေမယ့် ခု ခေတ်မှာ စိတ်ကိုမမြင်ဘဲ လူပုံကိုကြည့်ပြီး ချစ်ကြိုက်နေမိကြတာတွေ အများကြီးပဲသား..မေမေပြောပြီးပါပြီ၊ ချစ်တဲ့စိတ်က ထူးဆန်းတယ်..ချူကမိုးဆက်ကို.."

"တော်ပါတော့မေမေ..ကျွန်တော်တောင်းပန်ပါတယ်၊ ဘယ်သူဖျက်

www.burmeseclassic.com


ဖျက် ချူ့ကိုပဲ ကျွန်တော်လက်ထပ်မှာမို့လို့ မေမေ့ဆီက ဖြစ်သင့်တာတွေ ထပ်မပြောပါနဲ့တော့..နောက်ထပ်ကျွန်တော် မသိဘဲ ချူ့ကိုအိမ်က ထွက်သွားဖို့ပြောတာတွေလည်း မလုပ်ပါနဲ့.."

မိဘကတော့ 'အေးပါသားရယ်'လို့ ပြောရုံအပြင် ဘာမှမတတ်နိုင်..၊

☪


www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅၉)

"ကောင်းသွားပါပြီ.."

"...... .........."

"ဘယ်ကိုလဲ.."

"ဘယ်မှမသွားရဘူး.."

ဟင်.. ၊

ဆောင်းမျက်နှာ ဘယ်လိုရောက်လာမှန်းမသိလိုက်ဘဲ ပြောနေသည့် ဖုန်းကို ဆွဲယူသွား၏။ ချူက ဟိုအရင်လူကြိုက်များခဲ့သည့် ထရိုင်စာအနွေး ထည်လေးနှင့် လည်ကပ်ဆွယ်တာလက်တိုအဖြူလေးကို ဝတ်ထားသည်။

ဖုန်းနောက်လှည့်ကြည့်လိုက်သည့် မျက်နှာလေးသည် ဆံနွယ်တွေ လွှင့်ခနဲခါသွားပြီး ဒေါသရိပ်လေးတွေတက်လျက်.. ၊

"ရှင်ဘာလို့ရိုင်းရတာလဲ..ပြန်ပေး.."

ဆောင်းမျက်နှာက သူမလက်ကိုတစ်ဖက်နဲ့ ဖယ်ထုတ်လိုက်ပြီးမှ ဖုန်းနဲ့ကပ်ကာ.. ၊

"ဘယ်သူလဲ..မိုးဆက်လား ဦးထက်ကောင်းလား.."

"ကိုယ့်အိမ်မှာနေနေတဲ့ မိန်းကလေးတစ်ယောက်ပဲဆိုပြီး မင်းအာဏာ ပါဝါတွေ ပြနေတာမရှက်ဘူးလားဆောင်းမျက်နှာ.."

"ရှက်နေရင် သူများကြံစည်ခံရလို့ ဆောင်းမျက်နှာမြောင်းထဲ ရောက် နေမှာပေါ့..ဒီမှာဦးထက်ကောင်း မိုးဆက်လေနဲ့ကျွန်တော်ရှင်းရမယ့်ကိစ္စမှာ ခင်ဗျားအသံပဲ ကြားနေရတာ တော်တော်စိတ်တိုဖို့တော့ ကောင်းနေပြီ.."

"မင်းရှင်းချင်တာက သူ့ကောင်မလေးကို လိုချင်နေတာပဲ.."

"သူလည်း ဒီတိုင်းဖြစ်စေချင်တာပဲ..အခုနှင်းဆီချူကို ကျွန်တော်က အသည်းပေါက်မတတ် ချစ်နေပြီ၊ သူ့ကိုပဲလက်ထပ်ဖို့လည်း စီစဉ်ပြီးနေပြီ.. စီစဉ်ဆို သူနေမကောင်းလို့ ပြန်ရွှေ့လိုက်ရတာ၊ မဟုတ်ရင် ပြီးခဲ့တဲ့သုံးရက် တည်းက သူနဲ့ကျွန်တော် ညားနေပြီ.."

"ဆောင်းမျက်နှာ.."

"ဟော့.."



www.burmeseclassic.com

www.burmeseclassic.com


"ဒေါက်.."

ချူကု ဖုန်းကိုအတင်းဝင်လုသည်။ လက်ကလွတ်ပြီး စားပွဲပေါ်ကျသွားတော့ ဆောင်းမျက်နှာပြန်ကောက်လိုက်၏။

"ရှင်မပြောနဲ့တော့..မယူနဲ့.."

ချူကု ဖုန်းကိုသူမယူနိုင်အောင် သူ့ကိုယ်ကြီးကိုအတင်းတွန်းပစ်၏။ ယောကျ်ားအားကို မိန်းမအားနဲ့ပစ်တိုက်တော့ သူယိုင်သွားတာနှင့် သူမပါလဲပြိုသွားခဲ့ပြီး.. ၊

"အား.."

"ကျွတ်..မင်းဘယ်လိုလုပ်လိုက်တာလဲ.."

"ရှင်..အား.."

သူ့ကိုယ်ကြီးအောက်မှာ လက်ပိနေကာ ချူ့မျက်နှာလေးရှုံ့မဲ့နေ၏။ ဆောင်းမျက်နှာ သူမကိုညှာပြီး ကိုယ်နဲ့ပစ်ကျပေးလိုက်တာပါ။ မွေ့ရာပေါ်ပြန်ကျတာမို့ သိပ်တော့အထိမနာပေမယ့် သူမကတော့လက်နာသွားမှာပဲဖြစ်ကာ..၊

"အတင်းဆွဲနှုတ်မနေနဲ့..ကိုယ်ကြွပေးမယ်.."

ကြွပေးမယ်ဆိုပြီး သူမခါးလေးကို ဖက်ထားမိသဖြင့် ဒီတိုင်းနဲ့ပဲ တစ်ဖက်ကို လှိမ့်ပစ်လိုက်လျှင်.. ၊

"အား.."

အမှတ်တမဲ့မို့ သူ့ကိုပဲပြန်ဖက်ထားလိုက်မိကာ ခုနကကိုယ်ကသူ့ရင်ဘက်ပေါ်မှာ ခုကျမှ သူရင်ခွင်အောက်မှာ ပက်လက်လေးဖြစ်သွားခဲ့ရလျှက် ရင်တွေ အဆမတန်ဆောင့်ခုန်လာကြသည်။ ဆောင်းမျက်နှာက ဖက်ထားတာ မဟုတ်ဘဲ အိပ်ရာပေါ်မှာ တံတောင်နဲ့ထောက်ထားတာမို့ ထပ်ကပ်မနေသော်လည်း.. ၊

"ရှင် ဖယ်လေ.."

ချူ့အသံတွေတုန်နေကာ မျက်ဝန်းလေးတွေက ထိတ်လန့်နေတာ သိသာနေခဲ့၏။ ထိုမျက်ဝန်းလေးတွေကိုကြည့်ရင်း ဆောင်းမျက်နှာစ လွန့်လွန့်ပြုံးမိကာ.. ၊

"အစတုန်းက ရည်ရွယ်ချက်မရှိပေမယ့် အခြေအနေအချိန်အခါ ပေးလာတော့.."

"ရှင်နော်.."


www.burmeseclassic.com

www.burmeseclassic.com


ချူ သူ့ရင်ဘက်ကိုတွန်းဖယ်ရုန်းထွက်ဖို့ ကြိုးစားလျှင် ဆောင်းမျက်နှာက သူမလက်လေးတွေကို ထပ်ကိုင်ထားလိုက်ပြီး ရယ်၏။ ပြီးတော့.. ။

"ကိုယ်မင်းကို ဘာမှမလုပ်ဘူး..ဒါပေမယ့် ပြောစရာရှိတယ်.."

"ပြောစရာရှိတာ ဒီပုံစံကြီးနဲ့ပြောဖို့ မလိုပါဘူး..နေရာတကာ အသားမယူပါနဲ့.."

"မင်းတစ်ကိုယ်လုံးကို ကိုယ်ယူလို့ရတယ်..ဘာလဲ မေ့နေတာလား၊ မင်းကို လက်မထပ်ရသေးလို့ အလုကြည့်နေတာ..နောက်ပြီး ကိုယ်မင်းကို တန်ဖိုးထားတယ်ဆိုတာ သိစေချင်လို့.."

ချူ့ရင်ထဲမှာနင့်သွားသည်။ ဒီလိုကြင်နာသာယာဖွယ် အပြုံးတွေ ရင်ခုန် စရာစကားတွေကို မိုးဆက်လေကတော့ ဘာလို့ကြားခွင့်မရှိရတာလဲ.. ကိုယ်ကတော့ သူနဲ့အတူနေလာခဲ့ရင်း သဘာဝတွေပဓာနတွေကို ချိုးဖျက်ဆောင်ကျော်၍ ရင်ခုန်ခဲ့မိသည်။ သူကတော့ မိုးဆက်လေကို ရှုပါသည်တဲ့..

ဖြစ်သင့်လို့လား.. ၊

သူမကြည်နူးသာယာချင်ခဲ့တာက မိုးဆက်လေရယ် ဆောင်းမျက်နှာရယ် နှစ်ယောက်တည်း သူငယ်ချင်းလို ညီအစ်ကိုလို ပြီးတော့ ရဲဘော်ရဲဘက်လို အေးအတူပူအမျှ ဘဝကြင်ဖော်တွေလို.. ၊

"ချူ.."

"ဟင်.."

ချူမျက်ဝန်းထဲမှာ မျက်ရည်တွေဝေ့တက်လာတာကို ငုံ့မိုးကြည့်ရင်း ဆောင်းမျက်နှာ မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ သူမမေးဖျားလေးကို ကိုင်၍.. ၊

"မင်းကို ကိုယ်အတင်းအဓမ္မ ဘာမှမလုပ်ဘူးချူ..ပြောချင်တာက.."

"ဟင့်အင်း.."

"ဘာကိုငြင်းနေတာလဲ.."

"ဘာမှမပြောနဲ့..ရှင်ဖယ်ပေး.."

နှင်းဆီချူကိုချစ်တာတွေ သူမမကြားချင်ပေ။ နှင်းဆီချူအဖြစ် သူ့ဘာတွေ ပေးပေးမလိုချင်။ သူ့အတွက်လည်း သူမဘာမှမပေးနိုင်။ မိန်းမ...စ်ယောက်၏ တပ်မက်ဖွယ်အလှတရားများကြောင့် နှစ်သက်ရင်ခုန်လ...ဘာမျိုးထက် သူ့အပေါ်လေးစားမြတ်နိုးခဲ့သည့် မိုးဆက်လေရဲ့ ခံစားချ...အပေါ်မှာပဲ တုံ့ပြန်ချစ်ခင်လာတာကို အလိုရှိခဲ့သည်မို့.. ၊


www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုချူ မချစ်နိုင်ဘူးလို့ပြောပြီးသား.."

"ကိုယ်မယုံဘူး.."

ဆောင်းမျက်နှာရဲ့အကြည့်တွေ သူမနှုတ်ခမ်းလွှာလေးတွေဆီ ရောက်လာလျှင် ချူမျက်နှာလေးတစ်ဖက်လွှဲထားမိရင်း.. ।

"ဟုတ်တယ်..ရှင်ကျေနပ်သွားအောင် ပြောပေးမယ်၊ ရှင်ကချောတယ် အောင်မြင်မှုတွေ ဝေဝေဆာဆာနဲ့မက်စရာ ယောကျာ်းမျိုးပဲ.."

"ကိုယ် အဲ့ဒါတွေမေးနေတာမဟုတ်ဘူး.."

"မမေးပေမယ့် ရှင့်ကိုချူကချစ်နေတယ်လို့ ယုံကြည်နေတာက ရှင့်ရဲ့ ကောင်းမြတ်ပြည့်စုံတဲ့ အရည်အချင်းတွေပေါ်မှာ အများကြီးထင်ထား လို့ပဲလေ.. ရှင့်ကိုကျွန်မက ချစ်နေတယ်ဆိုရင်လည်း ကျွန်မအချစ်ကို ရှင် ဘယ်တော့မှ ရမှာမဟုတ်ဘူး..ဖွတ်သိမ်းပိုက်မယ်ဆိုလည်း ရှင့်တစ်ဘဝလုံး ငရဲကျပြီလို့ မှတ်ထားလိုက်.."

"အဟွန်း.."

သူကရယ်လိုက်ပြီး ချူနားသယ်စပ်လေးက ဆံစလေးတွေကိုအသာ သိမ်းဖယ်ရင်း.. ।

"ကိုယ်သိတာပေါ့..မင်းက မိုးဆက်လေအတွက် ကိုယ်တာဝန်ကျေဖို့ ဦးတည်နေတာ၊ အဲ့ဒါ မိုးဆက်ထွက်မလာမချင်း မင်းနဲ့ကိုယ်နဲ့ရှင်းဖို့ရှိနေတဲ့ ကြွေးပဲ..တစ်နည်းပြောရရင် တစ်ယောက်ယောက်ကဖြည်မချဘဲ ပြေကျသွား မှာ မဟုတ်တဲ့ဆက်ယုံး.."

"အဲဒီတော့ အခုရှင်ဖယ်လို့ရပြီလား.."

"မရသေးဘူး.."

"ရှင်ဘယ်လိုလူလဲဆောင်းမျက်နှာ..လွှတ် ဖယ်ပေးလို့ပြောနေတယ် နော်.."

"မင်းကို ကိုယ်ပြောစရာရှိတယ်..အဲ့ဒါဘာလဲဆိုတာ.."

"သိပြီးသားတွေအပိုလုပ် ပြောမနေပါနဲ့..ကျွန်မတို့က ရန်သူတွေ အချစ်ဆိုတာကို ထည့်ပြောလာရင် ပြောတဲ့ဘက်ကလိမ်ညာလှည့်ဖြား တာပဲ..အဲ့ဒါ လုံးဝ အဓိပ္ပာယ်မရှိတဲ့စကား.."

"အခု မင်းပြောတာတွေကမှ အဓိပ္ပာယ်မဲ့နေတာ..အပိုလုပ်ပြောတယ်ဆို တဲ့စကားမျိုး မင်းနောက်ထပ်မပြောမိစေနဲ့၊ ငါ့ရင်ထဲက မပါတဲ့စကားတွေကို ဘယ်တုန်းကမှ ဟန်ဆောင်မပြောခဲ့ဖူးဘူး.."



www.burmeseclassic.com

www.burmeseclassic.com



..သိပ်သိတာပေါ့ကာလာ၊ ရှင်အဲ့ဒီစကားပြောရင်မကြိုက်မှန်း.. ဒါကြောင့် တမင်ပြောတာ၊ ရှင်ဒေါသထွက်ပြီး နှင်းဆီချုံအပေါ်မှာ ဖောက်ပြန်ချင်နေတဲ့ ရင်ခုန်သံတွေပါ ပျောက်သွားအောင်လို့.. ၊

"ငါမင်းကိုချစ်တယ်..အဲ့ဒါဘယ်သူနဲ့မှ မပတ်သက်ဘူး၊ ဘယ်အတိုက်အခိုက်ရန်ငြိုး ရန်စမှုလည်းမပါဘူး..ပိုသေချာတာက အစတည်းက ငါ့ဘက်က ဘယ်သူ့ကိုမှ အငြိုးမထားခဲ့တာပဲ.."

"ဘယ်ထားမလဲ..ရှင်နိုင်တာကိုး.."

"ဘာကိုနိုင်တာလဲ..ကိုယ်ဘယ်သူ့ကိုအနိုင်ကျင့် စော်ကားခဲ့သလဲ၊ ပေးနိုင်သလောက် ပေးခဲ့တယ်..မပေးနိုင်လို့ မပေးဘူး၊ အဲ့ဒါကြောင့် လူသတ်ချင်လောက်အောင် ငြိုးသွားတယ်ဆိုရင် လွန်းစရာမရှိပါဘူး.."

ပြောနေရင်း ဘေးမှာကျနေသည့်ဖုန်းကို ကောက်ယူလိုက်ပြီး သူမဘေးမှာ လဲချလိုက်သည်။ ပြီးတော့ ချုံ့လက်ကိုဆွဲယူ၍ ဖုန်းထည့်ပေးလိုက်ကာ..၊

"မိုးဆက်ကိုခေါ်လိုက်.."

"ဘာလုပ်မလို့လဲ.."

"ခေါ်ဆိုရင်ခေါ်လိုက်နှင်းဆီချုံ..သူဘယ်လောက်ထိ ငြိုးနေသလဲသိရမှဖြစ်မယ်၊ ပြီးရင် ငါဘာလုပ်မှာလဲဆိုတာ ပြောမယ်..သူချည်းပဲအကွက်ရွှေ့နေတာ ဒီတစ်ခါငါ့အလှည့်ပဲ.."

"ချုံ သူနဲ့တိုက်ရိုက်ဆက်သွယ်တာ မဟုတ်ဘူး.."

ကမန်းကတန်းထထိုင်လိုက်ရင်း ချောက်ချားစွာပြောမိကာ စကားတွေမှားယွင်းသွားခဲ့လျှင်.. ၊

"ဘာပြောလိုက်တယ်.."

ဆောင်းမျက်နှာက ချက်ချင်းထထိုင်လိုက်ကာ သူမပခုံးလေးပေါ်မှာ မေးဖျားထိလာတဲ့အထိ နောက်ကနေကပ်ထိုင်လိုက်ပြီး.. ၊

"ပြန်ပြောလေ..ဘာပြောလိုက်တာလဲ.."

"ရှင်ကြားသားနဲ့.."

"နေပါဦး.."

"ရှင်နော်.."

ချုံက မွေ့ရာပေါ်ကနေ ဆင်းဖို့ကြိုးစားပေမယ့် ဆောင်းမျက်နှာကသူ့ခါးလေးကို ပွေ့ပိုက်သိမ်းဖက်ထားလိုက်ရင်း.. ၊

"မင်းကို ဖုန်းဆက်ဖို့ပြောနေတာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း.."

"လုပ်ပြန်ပြီ..ဘာကိုဟင့်အင်းတာလဲ.."

"ရှင်အဲ့လိုဖက်ထားတာကြီးကို.."

"မင်းမကြိုက်ပေမယ့် ကိုယ်ကြိုက်တယ်..မပေးချင်ရင် ပိုလိုချင်တယ်.."

ဆောင်းမျက်နှာက ဖုန်းကိုသူမလက်ထဲထည့်ကိုင်စေကာ ပြန်လွှတ်ချ လို့မရအောင် ထိုလက်လေးကိုဖိဆုပ်ထားလိုက်ပြီး.. ။

"မင်းအတွက် ကိုယ်ရင်ဆိုင်မှဖြစ်မယ်..အဲ့ဒါကြောင့် ဒီနေ့သူနဲ့ပြောရမှ ဖြစ်မှာ.."

သူနှုတ်ဖျားက လေငွေ့နွေးတို့လည်တိုင်မှာ ထိခတ်ကျီစယ်နေကြ သည်။ ရင်ခုန်ကြည်နူးရမည့်အစား သူမကြောက်လန့်နေခဲ့၏။ စည်းတစ် ခုကို ကျော်လိုက်တာနှင့် ဒီနေရာမှာသူမရဲ့ ရည်ရွယ်ချက်ဆုံးဖြတ်ချက်တွေ အားလုံးရေစုန် မျောရတော့မည်။

"မင်းကိုကိုယ်ချစ်တယ်..မင်းကို ဆုံးရှုံးမခံနိုင်ဘူး.."

"သူကလည်း ရှင့်ကိုဆုံးရှုံးမခံနိုင်ဘူးပဲပြောနေခဲ့တာ.."

"ကျွတ်.."

သူ့ထံက စိတ်ပျက်ခြင်းသည် ထိုအသံလေးကြောင့် ချူ့ရင်တစ်ခုလုံး ဆတ်ဆတ်ခါ နာကျင်သွားခဲ့လျက်.. ။

"ရှင်တို့ရဲ့မေတ္တာတွေ ဘာကြောင့်ကွဲပြားခြားနားနေကြတာလဲဟင်..အ ချစ်ပေးတိုင်း အချစ်ပြန်မရတတ်ပေမယ့် မေတ္တာတရားကိုတော့.."

"မင်း ဘာသိလို့လျှောက်ပြောနေတာလဲ..သူနဲ့ကိုယ်မေတ္တာနယ်[illegible] ကြတာ မဟုတ်ဘူး.."

"ဒါပေမယ့် သူပြောခဲ့တာက ရှင့်ဆီကသူမျှော်လင့်တာ လောဘတစ်[illegible] ဘာမှ မပါဘူး..ယောကျ်ားမဆန်လောက်အောင် သူချစ်ခဲ့မိတယ်၊ သူ[illegible] ချင်းထက် ပိုချင်တယ်..အဲဒါ.."

"တော်တော့.."

"မတော်နိုင်ဘူး..ရှင် ချူ့ကိုလိုချင်ရင် မရမကသိမ်းပိုက်နိုင်ခဲ့ရင်[illegible] နေ့စဉ် ဒါတွေပဲကြားနေရမှာ၊ ရှင့်ကို ယောကျ်ားပီသလို့ သဘော[illegible] တောင် မိုးဆက်လေကို သနားတဲ့စိတ်က အမြဲတမ်းရှိနေမှာ..အဲ့[illegible] အမြဲတမ်း ဒါတွေပဲပြောနေမိမှာပဲ၊ ချူ့ဆီက ရှင်ပြန်ရမှာကရော ဆိုတာ[illegible] ထားလိုက်တော့.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ငရဲလဲ..ကိုယ်က ဘာမကောင်းတာလုပ်ခဲ့လို့ ငရဲရမှာလဲ၊ မင်းကိုယ့်ကို ချစ်သားနဲ့ ဒီကိစ္စတိုက်ခိုက်ဖို့အတွက် မဖျောက်ဖျက်နိုင်ဘူး..အဲ့ဒါကို ကိုယ်ရအောင်ဖျက်မယ်၊ မင်းကြည့်.."

"အား.."

ချူ့ကိုယ်လေးကို မွေ့ရာပေါ်ဆွဲလှဲပစ်လိုက်ပြီး လက်လေးနှစ်ဖက်ကိုပါ မရုန်းနိုင်အောင် ဖိကပ်ထားလိုက်ကာ.. ၊

"မင်းနဲ့ကိုယ် အခုအကြင်လင်မယား အရာမြောက်မယ်.."

"ဘာပြောတယ်.."

ချူ့တစ်ကိုယ်လုံး တုန်ယင်သွားသည်။ ရုန်းနေရင်း သူ့မျက်နှာက ကိုယ့် မျက်နှာထက်မှာ မထိတထိ စီးမိုးလာခဲ့ပြီး.. ၊

"အဲ့ဒါကိုဖြစ်ခံမလား..မင်းအခု မိုးဆက်လေကိုခေါ်မလား.."

သူမအကြောက်ဆုံးအရာက စတင်ခဲ့ပြီဖြစ်၏။ မျက်ရည်တို့သည် မျက် ဝန်းထဲမှာ ပြည့်တက်လာကာ မျက်ဝန်းထောင့်များကနေ ဆံစများထဲသို့ မြန် မြန်ဆန်ဆန် ဖြတ်ဆင်းသွားကြသည်။

နှင်းဆီချူဆိုတဲ့ဘဝ ဒီနေ့သူ့ရင်ခွင်ထဲမှာ စတင်ရမှာလား၊ အဆုံးသတ် မှာလား.. ၊

ကိုယ့်လက်နဲ့ရော၍ ဖိဆုပ်ထည့်ပေးထားသည့်ဖုန်းက ချိန်ကိုက်ဗုံးတစ် လုံးလို အဆုံးအဖြတ်တစ်ခုမှာ ဣန္ဒြေကြီးစွာ စောင့်ကြိုနေခဲ့လျက်.. ၊

"ထပ်ပြောမယ်..မင်းသူ့ကိုမခေါ်ဘူးဆိုရင် အဲ့ဒီဖုန်းကိုချလိုက်လို့ရ တယ်၊ ကိုယ်တို့ ပေါင်းခဲ့ကြပြီဆိုတာ သိရင်တော့ သူဘယ်လိုမှပုန်းနေ တော့မှာ မဟုတ်ဘူး.."

"ရှင်က အဲ့ဒီလိုလူ မဟုတ်ဘူးလို့သူထင်ခဲ့လို့.."

"တော်ပါကွာ..မင်းမသိတာတွေကို မှန်းရမ်းပြောမနေပါနဲ့.."

အံကြိတ်ထားရင်း စကားပြောတော့ ဆောင်းမျက်နှာရဲ့လေသံတွေက သွားကြားစေ့သံလို အေးစက်စက်ခက်ထန်ခြင်းတို့ ပါနေခဲ့လျက်.. ၊

"သူကရောဘယ်လိုလူမို့လို့လဲ..ငါခင်ခဲ့တဲ့မိုးဆက်လေဆိုတာ မရှိခဲ့ဘူး၊ ရှိတဲ့ကောင်က တစ်ချိန်လုံးငါ့ကိုညာနေခဲ့တဲ့ကောင်..မိုးဆက်ဆိုတာ ဘယ်တုန်းကမှကို မရှိခဲ့တာ.."

"ရှိတယ်..သိပ်ရှိတာပေါ့၊ ရှင်သူ့ကို ပုတ်ခတ်ပြောနေတာတွေ ရှိသမျှ ရှင်နဲ့ကျွန်မလည်း.."



www.burmeseclassic.com

www.burmeseclassic.com


"ပြောမှာ..အမြဲတမ်းဒီတိုင်းခံစားနေရတဲ့အတွက် ပြောဖြစ်တိုင်းဒီတိုင်း ပြောမှာပဲ၊ မင်းငါ့ကို မုန်းလို့မရဘူး.."

"အမြဲတမ်းခံစားနေရတယ်ဆိုတော့ ရှင့်ရင်ထဲမှာ သူအမြဲရှိနေတာ ပေါ့.."

"တော်တော့နှင်းဆီချူ..အဲဒါကို သူသေအောင်ကြားချင်လည်း ငါပြော မှာ မဟုတ်ဘူး..မင်းကိုချစ်မိတဲ့အချိန်ကစပြီး ငါသူ့ကိုစိန်ခေါ်ရတော့ မယ်ဆိုတာလည်း တွက်ထားပြီးသား အဲ့ဒီတော့ သူငါ့ရင်ထဲမှာရှိနေခဲ့တယ်ဆို ရင်လည်း အဲ့ဒါအချစ်တွေ သံယောဇဉ်တွေနဲ့ မသက်ဆိုင်ဘူး.."

"ဒါဆိုလည်း ချူနဲ့ဘာဆိုင်လို့လဲ..ရှင်သူ့ကိုစိန်ခေါ်တာက.."

"မင်းအတွက်ပဲချူ..ပြီးတော့ ကိုယ့်အတွက်.."

"ဟင့်အင်း..မလုပ်နဲ့.."

"မရဘူး..ကိုယ်တစ်ခုခု မပြတ်သားသရွေ့ မင်းဆုံးဖြတ်ချက်တွေဘယ် တော့မှ ကွဲပြားမှာမဟုတ်ဘူး.."

"မဟုတ်ဘူး..အဲ့လိုမဟုတ်ဘူး၊ ချူကရှင်တို့နှစ်ယောက်စလုံး ရင်ထဲက မကွဲပြားတဲ့ တစ်စုံတစ်ရာကို ဆွဲထုတ်ပြချင်တာ..ရှင်အဲ့လိုလုပ်ဖို့ မလိုဘူး.."

"ငါဘက်ကမကွဲပြားတာ မရှိဘူး..သူငယ်ချင်းကသူငယ်ချင်း ချစ်သူက ချစ်သူပဲ၊ မင်းလည်း သူ့ကိုခွဲခြားဆက်ဆံနိုင်ဖို့ လိုတယ်.."

"ဟင့်အင်း..မလုပ်နဲ့၊ မလုပ်နဲ့နော်..ကာလား.."

ဟင်.. ၊

ပွေ့ပိုက်နမ်းရှိုက်နေသော တမ်းတသည့်အနမ်းတွေ ရုတ်ချည်းပျောက် ကွယ်သွားကြသည်။ ဆောင်းမျက်နှာ ဆတ်ခနဲကိုယ်ကိုမတ်လိုက်ရင်း မျက် လုံးပြူးလေးနှင့် ငေးနေသောချူ့မျက်နှာလေးကို မယုံနိုင်သလိုကြည့်သည်။

"မင်းငါ့ကို ဘာယ်လိုခေါ်လိုက်တယ်.."

ကာလာလို့ခေါ်ခဲ့တာ မိုးဆက်လေပဲရှိသည်။ ဒါကိုသူမ ရုတ်တရက် ယောင်အော်ပြီး ထွက်သွားဖို့မရှိ.. ၊

"ကျွန်မ.."

ချူ့ကိတ်လန့်ကာ နှုတ်ခမ်းသားလေးတွေပါ တုန်ယင်နေ၏။ ပြီးတော့ သူ့ရင်ခွင့်ထဲက ရုန်းထွက်လိုက်ပြီး.. ၊

"ရှင် ခုသိပြီလား.."

"ဘာကိုလဲ..မင်းဘာတွေပြောနေတာလဲ၊ ငါမေးနေတာ မင်းခုန


www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို..”

“ကာလာလို့ခေါ်လိုက်တာ..”

သူမက ပြတ်သားစွာပြောရင်း မွေ့ရာပေါ်က လျှောဆင်း၏။ မတ်တတ်ထရပ်လိုက်ကာမှ ဆောင်းမျက်နှာက လက်ကိုပြန်ဆွဲချလိုက်သဖြင့် နောက်ပြန် အိစခနဲပြန်ထိုင်ကျသွားခဲ့ပြီး.. ၊

“ရှင်နောက်ထပ် ချူ့ကိုထိဖို့ မကြိုးစားနဲ့တော့..နှင်းဆီချူဆိုတာ မိုးဆက်လေပဲ၊ မိုးဆက်လေဆိုတာ သေသွားပြီ..ဒါပေမယ့် ကျွန်မကမိုးဆက်လေ..”

မိုးဆက်လေ.. ၊

နှင်းဆီချူက မိုးဆက်လေ.. ၊

ဘယ်လိုမှမယုံနိုင်။ သူမရဲ့ဘေးကနေ မြန်မြန်ဆန်ဆန် ထရပ်လိုက်ပြီး မျက်နှာရှေ့တည့်တည့်က ပြန်ကြည့်မိလျက်.. ၊

“ရှိခဲ့တာတွေ ရှိပြီးတာတွေမပါဘဲ တစ်ခွန်းပဲပြော..မင်းကဘယ်သူလဲ..”

“နှင်းဆီချူ..”

ချူက နေရာမှဆတ်ခနဲ ထရပ်လိုက်ရင်း.. ၊

“ကျွန်မမခံစားနိုင်တော့ဘူး..ဘယ်လိုမှလည်း မျိုသိပ်မထားနိုင်တော့ဘူး၊ ရှင့်ကိုနာကျည်းလွန်းလို့ ရှင်ဥပေက္ခာထားခဲ့တဲ့ မိုးဆက်လေဘဝမှာ ရပ်တည် မနေနိုင်တော့လို့ ချူ..ချူအားလုံးကို စွန့်လွှတ်ပြီး..”

“နှင်းဆီချူ..ဟေ့..”

ဆောင်းမျက်နှာ အသက်ရှူပြင်းနေခဲ့လျက် ခေါင်းခါသည်။ ပြီးတော့ လက်ကာတားရင်း နောက်ဆုတ်လိုက်ကာ.. ၊

“ငါလုံးဝလက်မခံဘူး..သဘာဝမဟုတ်တဲ့ ပြောင်းလဲခြင်းတွေကို ဒီလောက်ထိမလုပ်နိုင်ဘူး၊ မင်းငါ့ကိုငြင်းချင်ရင် တခြားနည်းနဲ့ငြင်းလို့ရတယ်..မဟုတ်တာတွေ ပြောပြီး..”

“မိုးဆက်လေကို ရှင်ကားနဲ့တိုက်ခဲ့တယ်..သေသွားခဲ့ရင် ပြီးသွားမှာပါ၊ ဒါပေမယ့် သူမသေခဲ့ဘူး..မျက်နှာတစ်ခုလုံး ပျက်စီးသွားတယ်၊ အာရုံကြောတွေ ချို့ယွင်းကုန်တယ်..”

ချူကပြောနေရင်း ပြည့်သိပ်တက်လာသည့် မျက်ရည်တွေကို ပြိုမကျအောင် တားဆီးဖို့ကြိုးစားနေခဲ့သည်။ ပြောဖို့မရည်ရွယ်ခဲ့ပါဘဲ အလွယ်လေး



www.burmeseclassic.com

www.burmeseclassic.com


ပြောချလိုက်မိပေမယ့် နှင်းသီးသောဝေဒနာက အနည်ကျကျောက်ကဲ့သို့ ထုထည်အစိုင်အခဲနှင့် ခိုင်ခံ့စွာရှိနေခဲ့လျက်.. ၊

"ကျွန်မရူးနေခဲ့တယ်..အသိစိတ်တွေမမှန်ဘဲ အားလုံးကိုမေ့ခဲ့တယ်၊ ဒါ ပေမယ့် ဒါပေမယ့် ရှင့်ကိုမမေ့ခဲ့ဘူးကာလာ.."

"တော်တော့.."

"ဘာကိုလဲ..ရှင်ခုထိတောင် မိုးဆက်လေကိုခါးသီးနေတုန်းပဲလား၊ ရှင့်ကို ချစ်လွန်းလို့ ရှင်မုန်းခဲ့တဲ့ဘဝတစ်ခြမ်းကို ဖြုတ်ထုတ်စွန့်ပစ်ခဲ့တာပါ..ရှင့်ကိုချစ်တဲ့စိတ် တစ်ခုတည်းနဲ့ နှင်းဆီချူဖြစ်လာခဲ့တာ.."

"မဆိုင်ဘူး..အဲ့ဒါကို အချစ်လို့ခေါင်းစဉ်မတပ်နဲ့.."

"အဲ့ဒါအချစ်ပဲ..ရှင်လုံးဝခံစား နားလည်မပေးနိုင်တဲ့အချစ်.."

"ဟေ့..မင်း.."

ချူ ရှေ့တိုးလိုက်တာနှင့် သူနောက်ဆုတ်သည်။ လက်မောင်းအကျီစကို လှမ်းကိုင်လိုက်တော့ ထိုလက်ကိုမြောက်ထားလိုက်ပြီး.. ၊

"မဟုတ်ဘူး..ဒါမဟုတ်သေးဘူး တောက်.."

လက်မြှောက်ထားလျက်နှင့် မျက်လုံးတွေကိုမှိတ်ပစ်သည်၊ အိပ်မက်မက်နေတာလား..နားကြားမှားတာလား.. ၊

ဒါပေမယ့် မျက်လုံးပြန်ဖွင့်လိုက်တော့လည်း မျက်ရည်တွေပြည့်အိုင်နေသည့် မျက်ဝန်းတို့က သူ့ရှေ့မှာသူ့ကိုငေးနေဆဲနှင့်.. ၊

"ရှင့်ကိုချစ်လွန်းလို့ နာကျည်းခဲ့မိတယ်..ဂလဲ့စားချေချင်ခဲ့တယ်၊ ရှင့်ရဲ့ အမုန်းကို မခံနိုင်တဲ့စိတ်နဲ့ ရှင်ချစ်လာအောင် ဘဝတစ်ခြမ်း ဖဲ့ထုတ်ခဲ့တယ်– ဒါပေမယ့် အဲ့ဒါတွေအားလုံးက ချူရှင်နဲ့ပဲနေချင်လို့ပါ.."

"မရဲဘူး..မရဲဘူး၊ အခု ငါကြားနေတာတွေ မြင်နေတာတွေက အမှန်တကယ်ပဲဆိုရင်တောင် ငါလုံးဝလက်မခံဘူး.."

"ရှင်ခုထိပဲလားကာလာ..ဟင်.."

ပါးပြင်ပေါ်သို့ မျက်ရည်မြစ်တို့လျှံလေသည်။ သူ့ကိုအသိမပေးဘဲ လာမည်။ အနိုင်ရပြီဆိုမှ လှလှပပကြီးရယ်မည်။ ပြီးရင်တော့ အနိုင်နဲ့ပိုင်းပြီး လှည့် ပြန်ခဲ့ဖို့။ ဒါပေမယ့် ဖွင့်ပြောမိခဲ့ပြီးမှ အချစ်သည်ကျရှုံးခြင်း Sign နှင့်သာ လည်စင်းငုံ့လျှိုးလျက် ရှိနေခဲ့ရာ.. ၊

"ဆောင်းမျက်နှာ.."

ချူ သူ့ရှေ့ကိုထပ်တိုးသွားခဲ့မိလျက်.. ၊


www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကဆောင်းမျက်နှာ..ကျွန်မကနှင်းဆီချူပါပဲ၊ ဒါပေမယ့်.."

သူမတစ်ချက်ရှိုက်ရင်း နှုတ်ခမ်းလေးကိုက်သည်။ ပြီးမှ..။

"လွန်လေပြီးသောအချိန်က ရှင့်ရဲ့ချစ်ခင်ရင်းနှီးမှုတွေနဲ့ ပြန်စပြီး မနက်ဖြန်တွေကို ရှေ့ဆက်ဖို့လေ.."

"ဘာ.."

"ကာလာလို့ ကျွန်မမခေါ်တော့ဘူးဆိုရင်တောင် ရှင်ကကာလာပါပဲ..ရှင့်ကို နှင်းဆီချူအဖြစ်နဲ့ ကျွန်မမချစ်နိုင်ဘူး၊ ဒါပေမယ့် နှင်းဆီချူဆိုတာ မိုးဆက်လေပါ.."

ချူက စိုက်ကြည့်နေခဲ့သည့် ဆောင်းမျက်နှာရဲ့မျက်ဝန်းတိုကို တပ်မက်မြတ်နိုးစွာ ငေးကြည့်နေရင်း..။

"မိုးဆက်လေကိုဖြစ်ဖြစ် ချူ့ကိုဖြစ်ဖြစ် ရှင်ချစ်ပါ..ဒါပေမယ့် ညာပြီးတော့ဖြစ်ဖြစ် အားနာလို့ပဲဖြစ်ဖြစ် မိုးဆက်လေကိုလည်း ချစ်ခဲ့ပါတယ်လို့.."

"မပြောနိုင်ဘူး.."

ဆောင်းမျက်နှာက ယတိပြတ်ပိတ်ပစ်သည်။

"အဲ့ဒီအချိန်က မင်းဘာပြောခဲ့သေးလဲ..အခုသတိရရင် ထပ်ပြောကြည့်စမ်းပါ၊ အချစ်ကိုဘာတဲ့လဲ.."

ချူက မျှော်လင့်ချက်မဲ့သွားသလိုလေး စိုက်ကြည့်နေရင်း..။

"အချစ်က ရင်ဘက်တိုင်းနဲ့ထိုက်တန်တယ်.."

ဟု တစ်လုံးချင်းပြန်ပြောလျက် မျက်ရည်ကျ၏။ ဆောင်းမျက်နှာက မဲ့လိုက်ပြီး မျက်နှာလွှဲပစ်ကာ..။

"*ငါက ငါလုံးဝလက်မခံနိုင်တာအဲ့ဒါ..ဒါပေမယ့် အခုမင်း ငါ့ရှေ့ထပ်ရောက်လာတယ်၊ ဟား ဟား ဟား ဟား..*"

ရယ်ချလိုက်ပေမယ့် ရင်ထဲကနာကျင်မှုကြောင့် ရယ်သံကခြောက်ကပ်ကပ် ကျယ်လောင်နေခဲ့လျက်..။

"မိုးဆက်လေဆိုတဲ့ကောင် ဘာလဲဆိုတာ သူကိုယ်တိုင်ကပြောမှ သိခဲ့ရတယ်..နှင်းဆီချူ ငါ့ရှေ့ရောက်လာတာကိုလည်း ဒီမိန်းမဘာကြောင့်ရောက်လာသလဲ၊ ဘာလဲဆိုတာ ငါမသိခဲ့ဘူး..ဟား ဟား ဟား ဟား ကျလည်းကျတဲ့ကောင်ကွာ..ဟား ဟား ဟား ဟား.."

နောက်ထပ် အတော်မသတ်နိုင်အောင် ရယ်နေခြင်းက ရှုံးသွပ်သွားသည့် နှယ်။ သို့သော် ရယ်လက်စမသတ်ဘဲ ရယ်သံက တိခနဲ



www.burmeseclassic.com

www.burmeseclassic.com


ပြတ်တောက်သွားခဲ့ ပြီး.. ၊

"အချစ်က ရင်ဘက်တိုင်းနဲ့ထိုက်တန်နေလည်း ရင်ဘက်ချင်းငြိဖို့ လွယ် လို့လားနှင်းဆီချူ..ငါသူ့ကိုလက်မခံနိုင်တာ အချစ်နဲ့မသက်ဆိုင်ဘူး၊ ထိုက်တန်မတန် တိုင်းတာကြည့်ခဲ့တာလည်း မဟုတ်ဘူး..တစ်ယောက်က တစ်ယောက်ကို အပြန်အလှန် ချစ်ကြတယ်ဆိုရင် အဲဒါတိုက်တန်ခြင်းပဲ၊ အချစ်ရဲ့တန်ဖိုးကိုက တိုင်းတာ သတ်မှတ်လို့မရနိုင်ခြင်း.."

"ရှင်ပဲ အချစ်ကျမ်းကျေနေတာ မဟုတ်ပါဘူး.."

"ဒါပေမယ့် မင်းသိတဲ့အချစ်က ဆူးခြံကြားက ဘောလုံးတစ်လုံးပဲ.."

သူ့စကားကြောင့် ချူ့ရင်ထဲမှာနင့်သွားသည်။

"ငါသိထားတဲ့အချစ်ဆိုတာ ဆောင်းနှင်းမီးပုံ ဒါမှမဟုတ်သေးရင် ဖန် ပြာခွက်နဲ့ကျောက်စက်ရေ.."

ဘယ်တော့မှ ထပ်တူညီမှာမဟုတ်သော မျက်ဝန်းတို့ဆုံးဆည်းနေခဲ့ လျက်.. ၊

"အဲ့ဒီတော့ တစ်ခါတည်းပြောမယ်နှင်းဆီချူ..မိုးဆက်လေအဖြစ်နဲ့ ချစ် ကြပါစို့လို့ မင်းငါ့ကို ဘယ်တော့မှထပ် မစည်းရုံးနဲ့၊ နှင်းဆီချူဆိုတဲ့ မိန်းမကို ချစ်ခဲ့မိသမျှ နှစ်ခါအညာခံလိုက်ရတဲ့ ငါ့ရဲ့တုံးတစ်မှုနဲ့တင် လဲသေ လို့ရနေပြီ.."

"ဆောင်းမျက်နှာ..အဲ့ဒါကိုချူပြောပါရစေဦး.."

"နီး..မင်းနဲ့ငါ ဒီအကြောင်းတွေ နောက်ထပ်ဆွေးနွေးဖို့ မလိုတော့ဘူး ကျေးဇူးတင်တယ်.."

"နေပါဦး..ချူက.."

"နှစ်ကြိမ်မြောက်မှာလည်း စိတ်ရှည်လက်ရှည်ဖွင့်ပြောပြပေးတယ် ပြောပြမှသိတဲ့ငတုံးက ကျေးဇူးအထူးတင်ပါတယ်၊ ဘယ်တော့မှ မမေ့နိုင် အောင်ကို တင်နေမှာ.."

"ကာလာ.."

"ဂျိမ်း.."

ချူပြောလိုက်ပေမယ့် တံခါးနားရောက်မှ သူဆွဲပိတ်ခဲ့သည့်အခါ ကြောင့် ဆောင်းမျက်နှာနဲ့သူမ နံရံတစ်ဖက်စီခြားသွားခဲ့၏။

"ကာလာရယ်..ရှင် ရှင်အဲ့လောက်တောင် ရက်စက်တယ်၊ ရှင်လုပ်ပါ ချူ့ကိုတစ်ခါတည်း သတ်ပစ်ခဲ့ပါ.."


www.burmeseclassic.com

www.burmeseclassic.com



တံခါးနားမှာ တအိအိပြိုလဲသွားခဲ့ရင်း ချူ့မျက်ရည်တွေတာတမံကျိုးသလို ပြိုလေသည်။ ဆံပင်တွေကို မျက်နှာမှောက်ထိုးသိပ်တင်မိရင်း ပခုံးလေးတွေ လှုပ်ခါနေအောင် ငိုမိသည်။

ရှုသွပ်ခြင်းသည် ပူလောင်ပြင်းရှလာခဲ့သည့်ရင်ထဲမှာ ဟိုအရင်အချိန်က ခြေရာတွေအတိုင်း တစ်ထပ်တည်းနင်း၏။ ဆောင်းမျက်နှာကို သူမချစ်ခဲ့သည်။ ရှုံးခဲ့သည်။ ကြိုးပြတ်သွားသည့်ပုလဲကုံးတွေလို ဖြစ်ခဲ့သည့်နှလုံးသားကျိုးကြေခန်းကို တစ်လုံးစီ တစ်ဖြုတ်စီမရမက ပြန်ဆက်ပြုပြင်ပြီး အစကနေပြန်စချင်ခဲ့သည်။

သူကတော့ စိမ်းကားရက်စက်စွာ..၊

"နှစ်ခါအညာခံလိုက်ရတဲ့ငါ.."

"မင်းသိတဲ့အချစ်က ဆူးကြားကဘောလုံးတစ်လုံးပဲ."တဲ့..၊

သူ့စကားတွေကို ပြန်ကြားနေခဲ့မိသည်။ ဒါဆိုသူမက ဒီဘောလုံးကိုအကောင်းတိုင်း နှုတ်ထုတ်ရယူဖို့ မဖြစ်နိုင်တော့ဘူးလား..၊

ငိုနေရင်း မျက်ရည်တို့ဖြင့် ရွှေရင်မို့မို့မှာ စိုစွတ်လာခဲ့စဉ် ဖုန်းသံမြည်လာခဲ့၏။ နေရာမှလေးတွဲစွာ ထရပ်ရင်း ဖုန်းဆီသွားနေရင်းနှင့်ကိုင်လိုက်တော့ ဖုန်းခေါ်ဆိုခြင်းက လေးကြိမ်မြောက်..၊

"ဟလို.."

"မျက်ရည်တွေနဲ့မျောနေပြီလား ချူ.."

"အန်ကယ်လ်.."

ချူ့ငိုသံလေး တုန်လှိုက်နေတာကိုကြားသွားကာ တစ်ဖက်က ဦးထက်ကောင်းအသံ တိတ်ကျသွားသည်။

"အန်ကယ်လ်..ချူ ချူပြောလိုက်မိပြီ.."

"ဘာ.."

"သူလေ..သူက.."

ချူ ဆက်မပြောနိုင်တော့ဘဲ ငိုချလိုက်မိသည်။ သူမရဲ့ရှိုက်သံတွေကို ဦးထက်ကောင်း နားထောင်နေတာလား..ဘာကိုစဉ်းစားနေသလဲဆိုတာ မသိ။

သို့သော် သူမရဲ့ရှိုက်သံတွေ လျှော့ပါသွားခဲ့လျှင်..၊

"ထွက်သွားတည်းက ငါ့ဆီသတင်းရောက်လာတာပါ..တောက် တော်တော် မာန်တက်နေတဲ့ကောင်၊ သူ့မာန်မာနတွေကို ငါရှိုက်ချိုးပြမယ်ကြည့်.."



www.burmeseclassic.com

www.burmeseclassic.com



ဦးထက်ကောင်းရဲ့ ကြိမ်းဝါးသံကြောင့် ငိုနေရင်း ထိတ်ခနဲဖြစ်သွားသည်။

"သူ့ဘယ်ကိုဘယ်ခြေလှမ်း လှမ်းတာကအစ ငါသိတယ်..သူ့ကိုချမ်းသာ ပေးထားခဲ့တာ ဘာကြောင့်လဲ၊ ဘယ်သူ့ကြောင့်မို့လို့လဲ..ဒီနေ့ကစပြီး ဆောင်းမျက်နှာအတွက် မနက်ဖြန်ဆိုတာ မရှိစေရဘူး.."

"အန်ကယ်လ်.."

"ငါ့ကိုဘာမှတားဆီးဖို့ မကြိုးစားနဲ့..အခု သူ့'ရွှေဟသာ'ကော်ဖီဆိုင်မှာ ကိုယ့်စရိတ်နဲ့ကိုယ် ကြိုက်တဲ့လမ်းကို ရွေးစမ်းပါစေ.."

"အန်ကယ်လ်..မလုပ်နဲ့၊ ကာလာ့ကို မထိနဲ့နော်.."

"........ ........."

ကယောင်ချောက်ချားပြောရင်း ခွေကျထိုင်ငိုနေသည့် အခြေအနေ ကနေ ဆတ်ခနဲ ထရပ်လိုက်သည်။ ဦးထက်ကောင်းကလည်း ဒီတစ်ခါအ လျှော့မပေးဘဲ သူ့ဘာလုပ်ဖို့ ဆုံးဖြတ်ထားသည်ကို ပြောနေခဲ့လျက်..၊

"နောက်တောင်ကျနေသေးတယ်..ဒီကောင်မျိုးအတွက် စောတည်းက အစီအစဉ်ရှိထားတဲ့အတိုင်း လုပ်ခဲ့ရမှာ.."

ဟင့်အင်း..၊

ဒီအစီအစဉ်ကို ချူဘယ်လိုမှလက်မခံနိုင်..၊

တားဆီးဖို့ အသည်းအသန်ပြန်ခေါ်ပေမယ့် ဦးထက်ကောင်းက ဖုန်းချ သွားပြီးဖြစ်လျှင်..၊

"အဲ့လိုမလုပ်ရဘူး..ကာလာ့ကိုဘယ်သူမှ ထိလို့မရဘူး.."

ချူ မျက်ရည်တွေဘယ်ပြန်ညာပြန်သုတ်ပစ်ရင်း အခန်းထဲကနေပြေး ထွက်ခဲ့သည်။ သို့သော် လှေကားထိပ်ရောက်မှ တုံ့ခနဲဖြစ်သွား၏။ ဆောင်း မျက်နှာ စားသောက်ဆိုင် တစ်ဆိုင်ကိုဝင်လိမ့်မည်။ စားသောက်စရာမှာလိမ့် မည်။

ထိုအစားထဲမှာ အဆိပ်ခတ်လုပ်ကြံမည်တဲ့။ သူမဘယ်လိုတားဆီးရမ လဲ..အန်ကယ်လ်ကလည်း ဒီတစ်ခါနောက်ဆုတ်တော့မှာမဟုတ်။ လှေကား ထစ်တွေကို နင်းဖြတ်ဆင်းခဲ့သည်။

မြှော်လင့်ချက်မဲ့သည့်အရပ်ကို ဦးတည်ခဲ့ပေမယ့် ခြေလှမ်းတို့သည် သူ့ အတွက် ရဲရင့်နေခဲ့လျက်..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆၀)

"မင်းဘာလိုက်လုပ်တာလဲ.."

သူ့ရှေ့ရောက်သွားတာနှင့် စီးကရက်ခိုးတို့ နောက်ကဆောင်းမျက်နှာရဲ့အကြည့်တွေက တစိမ်းပြင်ပြင်ရှိကာ မေးခွန်းကရင့်သီးစွာ နှုတ်ဆက်၏။

"ရှင် တစ်ခုခုစားလိုက်သေးလားဟင်.."

ဆောင်းမျက်နှာကမဖြေ.. ။

ချူ သူ့ရှေ့မှာထိုင်လိုက်မိကာ ရေသန့်ဘူးကိုကြည့်သည်။ ဘူးထဲမှာလျော့နေသည့်ရေက သူ့ရှေ့ကဖန်ခွက်လေးထဲမှာ ရှိနေလျက် သောက်ထားသည့်ပုံမရှိ။ ထိုစဉ် ဘလက်ခ်ကော်ဖီနှင့် ပေါင်မုန့်ကြက်ဥလိပ် ရောက်လာ၏။ ချူ့ မျက်လုံးတွေ ဆိုင်ထဲကိုဝေ့သည်။ ပြီးတော့ ဖုန်းကို ဖိဆုပ်ထားမိ၏။

ပြီးတော့ ပြန်ကြည့်မိလျှင် အန်ကယ်လ်ဘာမှ အကြောင်းမပြန်ခဲ့.. ।

"နှစ်ရက်ပဲအချိန်ပေးပါ..ချူပဲ သူ့ကိုလက်စားချေချင်တယ်"လို့ သူမ မက်ဆေ့ချ်ပို့ခဲ့သည်။ ပြီးတော့ reply စောင့်နေမည်လို့လည်း ထပ်ပို့ခဲ့၏။ ထပ်ကြည့်မိတော့လည်း မက်ဆေ့ချ်ပြန်မလာ.. ।

သူမမျက်လုံးတွေ ဂနာမငြိမ်ဖြစ်နေတာကို ဆောင်းမျက်နှာကမျက်မှောင်ကုတ်ကြည့်နေ၏။ ပြီးတော့ မီးညှိပြီးစစီးကရက်ကို စားပွဲစွန်းနဲ့ဖိချေနေရင်း ကြည့်ကာ.. ।

"မင်းကိုငါမေးနေတယ်.."

"ဟင့်အင်း..ရှင့်နောက်ကိုပဲလိုက်လာကာ"

"ငါ့နောက်ကိုဖြစ်ဖြစ် အိမ်ကိုဖြစ်ဖြစ် မင်းလိုက်ဖို့မလိုတော့ဘူး–"

"ဟင်.."

ဦးထက်ကောင်းတို့ကိုပဲ အရိပ်တကြည့်ကြည့်နေမိသည့် ချူ့မျက်နှာလေး ပျက်သွားသည်။ အကြီးအကျယ်ငိုထားခဲ့သဖြင့် နီရဲနေဆဲမျက်စပ်လေးတွေက သွေးခြည်ဥသလို အရောင်ရင့်သွားခဲ့ပြီး မျက်ရည်ရောင်တွေနဲ့ လင်းလက်လာ၏။

"ဘယ်လိုပြောလိုက်တာလဲ ဆောင်းမျက်နှာ.."

ဆောင်းမျက်နှာက မျက်နှာခပ်လွှဲလွှဲနှင့် အံကြိတ်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရေနဲ့ ဖန်ခွက်ကို ကောက်ကိုင်လျှင်.. ၊

"ချူ့ကို နှင်လွှတ်တာလားဟင်.."

သူကိုင်လိုက်သည့်ဖန်ခွက်ကို ထပ်အုပ်ကိုင်လိုက်တော့ အသားချင်းထိတာကို မသတိသလို ဆောင်းမျက်နှာက လက်ကိုချက်ချင်းပြန်ရုတ်၏။ သူ လက်ရုတ်သွားမှ ချူကဖန်ခွက်ကို ကိုယ့်ရှေ့ယူထားလိုက်၏။

ထိုအဖြစ်ကိုလည်း သူမလိုလားစွာကြည့်လေသည်။ နှင်းဆီချူဟာ မိုးဆက်လေပဲလို့ သိလိုက်ရသည်နှင့် သူမရဲ့တပ်မက်ဖွယ်အလှအပ အားလုံးဟာ.. ၊

"မင်းနဲ့ငါ ဘာမှမရှိခဲ့ဘူး..ဘာမှမရှိတော့ဘူး၊ ငါပြောချင်တာ အဲ့ဒါပဲ.."

"အများကြီးရှိခဲ့တာပါကာလာ..ရွေးချယ်စရာ နည်းလမ်းတွေလည်း ရှိပါတယ်၊ ချူရှင့်ကို ဘယ်လိုနည်းနဲ့ချစ်ပေးပါလို့ မတောင်းဆိုတော့ပါဘူး.. ရှင်မေ့ချင်တာကို မေ့ပါ၊ ချစ်ချင်တာကိုပဲ ချစ်ပါ..ကျွန်မတို့ရဲ့ မနက်ဖြန်တွေကိုပဲ အကောင်းဆုံးဖြစ်အောင်.."

"ဖြစ်လာစရာ ဘာမှမရှိဘူး..မိုးဆက်လို့ခေါ်ရမလား ချူလို့ခေါ်ရမလား ဘာမှသတ်မှတ်လို့ မရတဲ့မင်းကို ငါ့ဘက်ကအချစ်အမုန်း ဘာမှပုံအပ်ဖို့မရှိဘူး.."

"ရှင်အဲ့လောက် မရက်စက်နဲ့ကာလာ..ရှင့်အတွက်နဲ့.."

"ဆောရီးတောင်းပန်ဖို့တောင် ငါ့ဘက်ကအင်အားမဲ့နေတယ်နှင်းဆီချူ.. ဘာလို့လဲဆိုတော့ မင်းမျှော်လင့်တဲ့အရာရာကို ငါဘာမှမပေးနိုင်ဘူး၊ အဲ့အတွက်လည်း ငါမမှားဘူးလို့ သတ်မှတ်တယ်.."

ချူက ကော်ဖီပန်းကန်မှာ ငေးစိုက်နေရင်း တိတ်ဆိတ်စွာနားထောင်နေ၏။ အသံတိတ်ကျနေခဲ့သော မျက်ရည်စက်တို့ကို ဆောင်းမျက်နှာ မမြင်လိုက် မတွေ့လိုက်သလို အကြည့်တို့နှင့် ရှောင်လွှဲရင်း.. ၊

"မင်းပြောခဲ့တဲ့ လွန်လေပြီးသောချစ်ခင်မှုတွေဆိုတာ မရှိတော့ဘူး..အဲ့ဒါကြောင့် မနက်ဖြန်တွေလှပဖို့လည်း မင်းမမျှော်လင့်နဲ့တော့၊ မိုးဆက်လေကို ငါပြန်ခွင့်ပြုချင်လာရင်တောင် နှင်းဆီချူအဖြစ်ပြန်ရောက်လာခဲ့တဲ့အတွက် မင်း နဲ့ငါကြားက ကွေကွင်းခြင်းက အဆုံးအစမဲ့ပဲ.."

အံကြိတ်မဲ့ရင်း ကော်ဖီပန်းကန်ကိုကိုင်လိုက်သည်။ ထိုအခါ ချူကသူ့ ထက်ဦးအောင် လှမ်းကိုင်ထားလိုက်ကာ.. ၊



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်နှုတ်ခမ်းနဲ့မထိရသေးပေမယ့် ရှင်ကြိုက်တဲ့ဘလက်ခ်ကော်ဖီကို ချူ သောက်ပါရစေ.."

မျက်ရည်တွေနဲ့ မျက်ဝန်းတို့ကို ဆောင်းမျက်နှာစိုက်ခနဲကြည့်၏။ ပြီးတော့ မျက်နှာလွှဲသည်။ ပြီးတော့ နေရာမှထဖို့ ပြင်လိုက်လျှင်.. ၊

"ကာလာ.."

ချူ ဆို့နင်နေသည့် အကြည့်တို့ဖြင့် ကမန်းကတန်းခေါ်ရင်း.. ၊

"ကာလာ.."

သူလက်တစ်ဖက်ကို လှမ်းကိုင်ပြီး ခပ်ဖိဖိဆုပ်ကိုင်မိကာ.. ၊

"ရှင့်ကို ချူအရမ်းချစ်တယ်..မိုးဆက်ကိုဖြစ်ဖြစ် ချူ့ကိုဖြစ်ဖြစ် ရှင်လုံးဝ ပြန်မစဉ်းစားတော့ဘူးဆိုရင်.."

"တော်သင့်ပြီ နှင်းဆီချူ.."

ပြတ်တောက်စွာပြော၍ သူကချူ့လက်ကို ခါချသည်။ ချူက ခေါင်းခါရင်း အတင်းအကျပ်ဖိဆွဲထားကာ.. ၊

"ရှင်နဲ့ချူ ပြန်လိုက်ခွင့်လည်း မရှိတော့ဘူးဆိုရင်.."

ဆောင်းမျက်နှာ ပြန်လှည့်ကြည့်လိုက်မိသည်။ ချူက ဆိုင်ထဲမှာဟိုလူ ဒီလူမြင်မှာလည်း စိုးရွံ့ပုံမရှိသည့်အပြင် မျက်ရည်စက်တို့ ကြွေဆင်းနေခဲ့ လျက်.. ၊

"ရှင် အခုထွက်သွားတာနဲ့ ချူကရင်ကွဲနာကျပြီး သေသွားနိုင်တယ်ရှင် သိရဲ့လား.."

"မင်းအကောင်းကြီးပါ..ကားနဲ့တိုက်မိခဲ့တာတောင် ငါ့ရှေ့ကိုပြန်လာ နိုင်ခဲ့တာ..ဟွန်း.."

"မျှော်လင့်ချက်တစ်ခုဟာ ဘဝရှည်ကြီးတစ်ခုလုံးရဲ့ အသက်ပါ..အခု ချူက မျှော်လင့်ချက်မဲ့စွာ ကျန်ခဲ့ပြီဆိုရင် အသက်ရှက်လျက်တော့ မကျန်ခဲ့ ချင်ဘူး..ရှင်ထားခဲ့ရင် သေရမှာပါလို့ တောင်းပန်နေရင်တောင် ထားခဲ့မှာပဲ လားဟင်.."

နောက်တစ်ခါ သူပြန်ကြည့်တော့ မျက်ဝန်းတို့သည့်တွေဝေခြင်းမဲ့ ရယ်နှင့် ချူ့မျက်နှာလေးထက်မှာ ခဏတဖြုတ်ငေး၏။ ပြီးတော့ ထရပ်လိုက် ရင်း လက်ကိုပါ ဖြုတ်ချလိုက်သည်။

"ကာလာ.."

ချူအတင်းပြန်ဆွဲပေမယ့် သူ့လက်ကိုမမိဘဲ လက်ကိုသာဖမ်းမိကာ..၊



www.burmeseclassic.com

www.burmeseclassic.com


"ကာလာ.."

သူလိုပဲ ကမန်းကတန်းလိုက်ထမိရင်း လျှာခလုတ်တိုက်မတတ် ခေါ်မိ၏။

"ရှင်နဲ့အတူတူနေခွင့်လေးပဲပေးပါ..ရှင်မချစ်ရင်လည်းလေ.."

"ဆောရီးပဲချူ..မင်းပြောင်းလဲခဲ့ရတာတွေကို ငါအသိအမှတ်မပြုနိုင်ဘူး၊ ငါမပြောင်းလဲနိုင်တဲ့အတွက်လည်း မင်းနားလည်ပေးဖို့မလိုဘူး..ဒီနေရာမှာ ငါ့လက်နဲ့မှန်တစ်ချပ်ကို ထုချေပစ်ခဲ့မိတယ်ဆိုရင် အဲဒါပြန်ဆက်ခွင့်မရှိတော့တဲ့ မင်းနဲ့ငါရဲ့အနာဂတ်ပဲ.."

"ကာလာ..နေပါဦး.."

သူမတားဆီးပေမယ့် ပြန်လှည့်မကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ သို့သော်.. ၊

"ကျေးဇူးတင်ပါတယ်..မိုးဆက်လေကလည်း ရှင်မုန်းတဲ့ဘဝတိုင်းကို စွန့်လွှတ်နေဦးမှာပဲ.."

သူ ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။

"နောက်ဘဝတစ်ခုနဲ့ ရှင့်ရှေ့ကိုထပ်ရောက်လာခွင့် ရှိနေသရွေ့ ရှင့်အချစ်ကို မရနိုင်မချင်းပေါ့.."

သူခဏရပ်နေမိပေမယ့် လှည့်မကြည့်ခဲ့။ သူမဘာပြောလိုက်တာလဲ-လူတစ်ယောက်ဟာ အချစ်အတွက် အသက်အသေခံဖို့ထိ ဆုံးဖြတ်တာဖြစ်သင့်သလား.. ၊မိုးဆက်ဟာ အကင်းပါးသလောက် ထက်မြတ်တဲ့သူပါ။ ဘာဖြစ်လို့ နှင်းဆီချူဆိုတဲ့ဘဝကို ရောက်ခဲ့ရတာလဲ.. ၊

ကားထဲဝင်ထိုင်ပြီးမှ ကူရှင်မှာမှီရင်း သူ့စိတ်တွေယောက်ယက်ခတ်နေခဲ့၏။ ဘက်ခ်မှန်ထဲကနေ ဆိုင်ထဲမှာကျန်ခဲ့သည့် ချူ့ကိုလှမ်းမြင်နေရသည်။ ဒါပေမယ့် မျက်လုံးတွေကို ထိုဆီမရောက်အောင် လွှဲထားခဲ့ရင်း မငြိမ်မသက်ဖြစ်နေသည့် စိတ်ကိုထိန်းချုပ်ဖို့ ကြိုးစားနေရသည်။

"မိုးဆက်လေကို မင်းဘယ်တော့မှတွေ့မှာ မဟုတ်ဘူးဆောင်းမျက်နှာ.."တဲ့.. ၊

ဦးထက်ကောင်းပြောခဲ့တုန်းက ဘယ်လိုအဓိပ္ပာယ်မှန်း မသိခဲ့ပေ။ မိုးဆက်လေထွက်လာဖို့ပဲ သူအမျိုးမျိုးကြိုးပမ်းခေါ်ထုတ်နေသမျှ နှင်းဆီချူဖြစ်ပြီးနေခဲ့သည်။ ခေါ်မပေးလို့မရတော့အောင် ချောင်ပိတ်ခိုင်းတော့မှ အဖြစ်မှန်တွေ ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့စုရိုန်ထိ အံ့သြခြင်းတွေ နာကျင်မှုတွေကို ခွဲခြားဖြေရှင်းနိုင်ခြင်းမရှိသေးပေ။ မိုးဆက်လေနဲ့နှင်းဆီချူဆိုသည့် ဘဝနှစ်ခုကို အတူတူပဲလို့ နှိုင်းယှဉ်ကြည့်ဖို့လည်း အသိစိတ်ကခါးသီးနေခဲ့၏။

ဒါတွေဟာ တကယ့်အဖြစ်အပျက်ဆိုလျှင် မိုးဆက်သူ့အပေါ်မှာ စွဲလမ်း နေခဲ့တာကို နားလည်ပေးလိုက်ဖို့ သင့်နေပြီလား..နားလည်ပေးလိုက်ခြင်းကို ချစ်ကြသည်လို့ ခေါ်နိုင်သလား..။

"ရှင်နဲ့အတူတူ နေခွင့်လေးပဲပေးပါ..ရှင်မချစ်ရင်လည်းလေ.."

"ရှင်နဲ့အတူတူနေခွင့်လေးပါပဲ.."

"ကျွတ်.."

မျက်လုံးတွေမှိတ်၍ ခေါင်းခါမိရင်း ကိုယ့်နဖူးကိုဖိပွတ်ပစ်လိုက်သည်။ ပြီးတော့ ဆုံးဖြတ်ခြင်းတစ်ရပ်နှင့်အတူ ကိုယ်ကိုမတ်မတ်ပြင်လိုက်ကာ ကားစက်နှိုးမလို့ပြင်လိုက်စဉ် ရုတ်တရက်..။

"ကာလား.."

တအားကျုံးအော်ခေါ်လိုက်သည့် ချူ့အသံကိုကြားလိုက်ရပြီး..။

"ဂျောက်.."

စက်နှိုးမလို့ကားသော့က လွတ်ကျသွား၏။ သူ့ဖျတ်ခနဲလှမ်းကြည့်လိုက်မိလျှင် ချူထိုင်နေသည့် စားပွဲနားမှာလူနှစ်ယောက်ရပ်နေတာ မြင်လိုက်ရ၏။ ပြီးတော့ ချူကစားပွဲပေါ်မှာ မှောက်လျက်သား..။

"ချူ.."

သူတံခါးဖွင့်၍ ကမန်းကတန်းပြန်ဆင်းသည်။ ချူတစ်ခုခုဖြစ်တာလား..။

"မိုးဆက်လေကလည်း ရှင်မုန်းတဲ့ဘဝတိုင်းကို စွန့်လွှတ်နေဦးမှာပဲ.."

"နောက်ထပ်ဘဝတစ်ခုနဲ့.."

"အဓိပ္ပာယ်မရှိတာ.."

အရူးလိုပြောလိုက်မိရင်း သူတအားပြေးခြင်းသို့ရောက်ကာ..။

"ချူ.."

"အစ်ကို..ဒီအစ်မ ဖုဒ်ပွိုင်စင်ဖြစ်သလားပဲ.."

ချူ့ကိုမြင်လိုက်တာနှင့် ရပ်နေသည့်ကားထဲက ဝိတ်တာကောင်လေးက ဆီးကြိုပြော၏။ နောက်ထပ်ရောက်လာသည့် အမျိုးသမီးကလည်း တစ်ခြမ်းစောင်းလေး မှောက်နေသည့်ချူ့မျက်နှာလေးကို ငုံ့ကြည့်လိုက်ပြီး..။



www.burmeseclassic.com

www.burmeseclassic.com



"ဖုဒ်ပွိုင်စင်မဟုတ်ဘူး..ဆေးမိထားတာ.."

"ဖယ်ပေးပါဗျာ.."

ရှေ့ကခံနေသည့်လူကို တွန်းဖယ်လိုက်ရင်း ဆောင်းမျက်နှာ ချူ့ပခုံးလေးကို ဆွဲထူလိုက်သည်။

"ချူ..မင်းဘာဖြစ်တာလဲ၊ ဘာလုပ်လိုက်တာလဲ.."

အသံတွေတုန်ယင်နေခဲ့လျက် ရှုတ်တရက်ဘာလုပ်ရမှန်းမသိ.. ၊

"ချူပြောလေ..မင်းဘာတွေစားလိုက်တာလဲ၊ ဘာလုပ်တာလဲ.."

ဆိုင်ထဲမှာရှိသမျှ လူတွေတစစ အနားရောက်လာကြ၏။ ချူကစောင်းကျနေသည့် နှုတ်ခမ်းထောင့်မှာ စီးကျနေသော အဖြူမြှုပ်တို့ပေနေခဲ့လျက်..၊

"ကာ..လာ.."

"ဟုတ်တယ်..မင်း မင်းဘာဖြစ်တာလဲ၊ ငါ့ကိုပြောစမ်းပါ..ဘာလုပ်လိုက်တာလဲ.."

ချူက လေးပင့်နေသည့်မျက်လွှာတို့ကို အားယူပင့်၍ ကြည့်ကာ၊ ဆားလူတွေဆီ ခပ်ယဲ့ယဲ့ဝေ့၏။ ပြီးတော့.. ၊

"ချူ့ဘာသာ သေချင်လို့သောက်တာ.."

"ဘာပြောလိုက်တယ်.."

"မင်းကို ငါပြောပါတယ်..ငါ့ ငါ့ကိုမင်းထားခဲ့ရင် အသက်မရှင်..ချင်.."

"မရဘူး.. အဲ့လိုလုပ်လို့မရဘူး.."

သူ ချူ့ကိုမရမကပွေ့ယူလိုက်သည်။ ချူက ကွေးကွေးလေးပါလာခဲ့လျက် သူ့အင်္ကျီရင်ဘက်ကို ဆုပ်ကိုင်ထားလိုက်ပြီး.. ၊

"ငါ့ကို ကာလာ..ငါ့ကို ချစ်တယ်လို့.."

သူ့ဆိုင်ထဲက အပြေးတပိုင်းထွက်လာခဲ့စဉ် ရင်ဘက်မှာဆုပ်ကိုင်ထားသော ချူ့လက်လေးလျှော့ခနဲ ပြုတ်ကျသွား၏။

"ချူ..ဟေ့ မိုးဆက် မိုးဆက်..အဲ့ဒါမင်းမရဘူးနော်၊ အဓိပ္ပာယ်မရှိဘူး..မင်း.."

ဆောင်းမျက်နှာ ငိုသံတွေပါလာသည်။ ကားထဲမှာ ချူကိုသေချာနေရာချပေးလိုက်ပေမယ့် ချူ့မျက်နှာလေး ဘေးကိုလှည့်ကျသွား၏။ ပြီးတော့..

"မိုးဆက်.."

ဆောင်းမျက်နှာ ချူ့ကိုယ်လေးကို ရင်ခွင်ထဲပြန်ဆွဲယူကာ ချောက်ချားစွာကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုးဆက်..ဟော့ကောင်၊ မင်း ဒါနောက်စရာမဟုတ်ဘူး..မင်းအရူးလို လျှောက်လုပ်လို့ မရဘူးကွ၊ ဟော့ကောင်.."

သူဘာယ်လိုငိုရမလဲ..နှင်းဆီချူကို ခေါ်ပြီးတော့လား..မိုးဆက်လေ ကိုတမ်းတပြီးလား.. ၊

ချူ့ကိုယ်လေးကိုသိမ်းကျုံးဖက်ထားလိုက်ရင်း ယောကျ်ားမတန်မယ့် မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလေသည်။

မင်းပြောခဲ့တဲ့ လွန်လေပြီးသောအချိန်တွေ မင်းတမ်းတတဲ့မနက်ဖြန် တွေ ငါ့ကိုပြန်ပေးပါ..ငါပြန်တွေးခွင့်ပေးပါဦး၊ မင်းထွက်မသွားပါနဲ့.. တောင်းပန် ပါတယ်.. ငါ့ဆီမှာဖြစ်ဖြစ် မနက်ဖြန်တွေကို လာယူလှည့်ပါ..၊

*အချစ်သည် ခရေစေ့တွင်းကျ ထုတ်နှုတ်တင်ပြခြင်းကို*
*ဥပေက္ခာပြုတတ်သည့် တစ်စုံတစ်ရာလား..*
*သို့ဆိုပါလျှင် သူထုတ်နှုတ်တင်ပြဖို့ ကြိုးစားခဲ့သော*
*ခရေစေ့တွင်းကျကို ဥပေက္ခာထားခဲ့မိသော ကျွန်တော်သည်..*

လရောင်ကျူးရင့်



www.burmeseclassic.com